# ကယား (ကရင်နီ) ပြည်နယ်တွင်း
# စစ်ပွဲမှသည် ငြိမ်းချမ်းရေးဆီသို့

(လမ်းဆုံလမ်းခွရောက်နေသည့် မြန်မာနိုင်ငံတွင်း နယ်မြေဒေသတစ်ခု)



**ရေးသားပြုစုသူများ –**
တောမ်ခရမ်မား (Tom Kramer)
အိုလီဗာရပ်ဆဲလ် (Oliver Russell)
မာတင်စမစ် (Martin Smith)

**မြန်မာဘာသာပြန် –** သျှဒန်မုန်ဒန်ဇော်၊ နာတာလင်း
**မြန်မာပိုင်းတည်းဖြတ် –** အဲဗားလင်း + ၁

**စာအုပ်ဒီဇိုင်း –**
**အင်္ဂလိပ်ဒီဇိုင်း –** ဂွီဒိုရဲလ်စမာ (Guido Jelsma) – www.guidojelsma.nl
**မြန်မာဒီဇိုင်း –** သျှဒန်ဆိုင်းရော်

**မူရင်းဓာတ်ပုံပိုင်ရှင်များ –**
တောမ်ခရမ်မား (TK)
အိုလီဗာရပ်ဆဲလ် (OR)
မာတင်စမစ် (MS)
Free Burma Rangers (FBR)
Kantarawaddy Times (KT)
ကရင်နီလူမှုဖူလုံမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (KSWDC)
The Border Consortium (TBC)
ရောဝတီ (IR)
Images courtesy of the James Henry Green Charitable Trust/Royal Pavilion & Museums, Brighton & Hove (HG)

**မျက်နှာဖုံးဓာတ်ပုံ –**
ရှားတောမြို့ခံ ကယားအမျိုးသမီး

**ကျေးဇူးတင်လွှာ –**
ဆီဒင်မှ ရန်ပုံငွေအထောက်အပံ့ကြောင့်သာလျှင် ဤပုံနှိပ်မှတ်တမ်း အောင်မြင်ပြီးမြောက်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။ စာအုပ်အတွင်း၌ ဖော်ပြပါရှိသည့် အကြောင်းအရာများအားလုံးအတွက် TNI ၌သာလျှင် လုံးလုံးလျားလျားတာဝန်ရှိသဖြင့် မည်သည့်အခြေအနေတွင်မျှ အလှူရှင်၏ ရပ်တည်ချက်သဘောထားအဖြစ် မှတ်ယူခြင်းမရှိစေရ။

**ပုံနှိပ်မှတ်တမ်းပါ အသေးစိတ်အချက်အလက်များ –**
ငွေကြေးအကျိုးအမြတ်ရယူလိုခြင်းမရှိသည့် ရည်ရွယ်ချက်များအတွက် မူလသတင်းရင်းမြစ်ကို လျော်ကန်သင့်မြတ်စွာ ရည်ညွှန်းဖော်ပြ၍ အစီရင်ခံစာပါ အကြောင်းအရာများကို မိတ္တူမိတ္တူကူးကားခြင်း သို့မဟုတ် ထပ်ဆင့်ထုတ်ဝေခြင်းများ ပြုလုပ်နိုင်ပါသည်။

**TRANSNATIONAL INSTITUTE (TNI)**
De Wittenstraat 25, 1052 AK Amsterdam, The Netherlands
Tel: +31-20-6626608, Fax: +31-20-6757176
E-mail: Burma@tni.org
www.tni.org/en/myanmar-in-focus

အမ်စတာဒမ်၊ ၂၀၁၈ ခုနှစ် ဇူလိုင်လ

# မာတိကာ


မြန်မာနိုင်ငံမြေပုံ ၆

အတိုကောက်စာလုံးများ ၇

ကရင်နီသမိုင်းကြောင်းပြအချိန်ဇယား ၉

မြန်မာဘာသာပြန်မှုမိတ်ဆက် ၁၁

၁။ အဖွင့်နိဒါန်း ၁၂

၂။ တိုင်းရင်းသားပဋိပက္ခနှင့် ပြောင်းလဲဆက်ခံခဲ့သည့် ခေတ်အဆက်ဆက်အစိုးရများ ၁၅

ကရင်နီနယ်မြေနှင့် ကယားပြည်နယ် ၁၅
ကရင်နီလွတ်လပ်ရေးနှင့် ဗြိတိသျှအုပ်ချုပ်ရေး ၁၆
ပြည်ထောင်စုနိုင်ငံရေးနှင့် ကရင်နီပြည်နယ်၏ ထူးကဲခြားနားမှု ၁၈
ကရင်နီအမျိုးသားရေးဝါဒ ကြီးထွားအားကောင်းလာခြင်း (၁၉၄၈–၆၂) ၂၀
"မြန်မာ့နည်း မြန်မာ့ဟန် ဆိုရှယ်လစ်လမ်းစဉ်"၊ CPB နှင့် KNPP အကွဲအပြဲ (၁၉၆၂–၈၈) ၂၃
နာမည်ထဲမှာ ဘာပါနေသလဲ။ ကယားပြည်နယ်လား သို့မဟုတ် ကရင်နီပြည်နယ်လား ၂၅
နဝတ/နအဖ ခေတ် (၁၉၈၈–၂၀၁၁) ၂၆
ဦးသိန်းစိန်အစိုးရနှင့် ပြန်လည်နိုးထလာသည့် NLD ၃၇
ကရင်နီပဋိပက္ခအခြေပြမြေပုံ ၃၉
NLD အာဏာရလာခြင်း ၄၀

၃။ ကရင်နီအပစ်အခတ်ရပ်စဲရေး စေ့စပ်ညှိနှိုင်းမှုများ ၄၂

နဝတ–နအဖခေတ် – မြေပြင်သဘောထားများ ၄၂
မအောင်မြင်ခဲ့သည့် ၁၉၉၅ ခုနှစ် အပစ်အခတ်ရပ်စဲရေး – KNPP အမြင် ၄၅
KNPP ၏ ၂၀၁၂ အပစ်အခတ်ရပ်စဲရေး ၅၁
၂၀၁၂ ခုနှစ် KNPP အပစ်အခတ်ရပ်စဲရေး၏ သက်ရောက်မှု ၅၂
၂၀၁၅ ခုနှစ် တစ်နိုင်ငံလုံးအတိုင်းအတာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ၅၆
စည်းလုံးညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) ၅၈

၄။ ကရင်နီလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများနှင့် ပြည်တွင်းငြိမ်းချမ်းရေး ၆၃

၂၁ ရာစု ပင်လုံညီလာခံ ၆၃
UNFC ၏ "အဆိုပြုချက် (၈) ချက်" ၆၅

ဒုတိယအကြိမ်မြောက် ၂၁ ရာစု ပင်လုံညီလာခံ ၆၉

ဇယား – တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ (၂၀၁၈ ခုနှစ် ဧပြီလ) ၇၂

တစ်ကျော့ပြန်အရေးအခင်းများနှင့် မျက်မှောက်ခေတ်တစ်ဆို့မှု ၇၄

## ၅။ ကရင်နီလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများနှင့် နိုင်ငံရေးကိုယ်စားပြုမှု ၇၈

တစ်ဆို့နေသည့် အခြေအနေ ၇၈

တိုင်းရင်းသားအခြေပြု မြေပြင်အင်အားစုများ ၈၀

လက်နက်နှင့် စီးပွားရေးလဲလှယ်ခြင်း ၈၂

အဖွဲ့အစည်းအချင်းချင်းကြား ပေါင်းစည်းဆောင်ရွက်ရေး အစီအစဉ်များ ၈၄

ကရင်နီ လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများ (၂၀၁၈ ခုနှစ်) ၈၇

လူထုလူတန်းစားများ၊ ကိုယ်စားပြုမှုနှင့် အုပ်ချုပ်ရေး ၉၃

## ၆။ အထွေထွေရွေးကောက်ပွဲများနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု ၉၇

၁၉၉၀ ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့် နိုင်ငံရေးဖိနှိပ်မှု ၉၇

အမျိုးသားညီလာခံနှင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ၉၈

ကရင်နီလူထု၏ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ 'ကန့်ကွက်မဲပေးရေး'လှုပ်ရှားမှု ၁၀၁

၂၀၁၀ ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့် အရပ်သားတစ်ပိုင်းစစ်အစိုးရ ၁၀၃

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ ၁၀၈

နာမည်ကြီးသည့် အထင်ကရကိုယ်စားလှယ်လောင်းများ ၁၁၃

NLD – တပ်မတော်ရောနေသည့် "စပ်ကြား" အစိုးရ ၁၁၅

"လူသန်ကြီးဂေါလိယက်နှင့် လူကလေးဒေးဗစ်" ၁၂၂

၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲများ ၁၂၃

## ၇။ အသွင်ကူးပြောင်းရေးကာလ လူထုလူတန်းစားများ ၁၂၇

သွေးတိုးစမ်းခြင်း ၁၂၈

ပဋိပက္ခ၊ လူ့အခွင့်အရေးနှင့် နေရပ်စွန့်ခွာတိမ်းရှောင်ရမှုများ ၁၂၉

"ဖြတ်လေးဖြတ်" စစ်ဆင်ရေးနှင့် "စုစည်း" ကျေးရွာများ ၁၃၂

မြေယာလုယူမှု ၁၃၆

ဝန်ဆောင်မှုထောက်ပံ့ပေးအပ်ခြင်း ၁၃၉

ကရင်နီ ဓလေ့ထုံးတမ်း မြေယာစနစ်များ ၁၄၀

လူမှုဆက်ဆံရေး ၁၄၄

အရပ်ဖက်လူ့အဖွဲ့အစည်းများ ၁၄၆

အသွင်ကူးပြောင်းရေးကာလ တိုင်းရင်းသားများ၏ စရိုက်လက္ခဏာရပ်များ ၁၅၀

ကရင်နီတိုင်းရင်းသားများ ၁၅၁

ကယန်းဒေသနှင့် အမျိုးသားရေးစရိုက်လက္ခဏာ ၁၆၂

| | | |
|---|---|---|
| ၈။ | **ဖွံ့ဖြိုးရေး ဦးတည်ချက်များနှင့် အကျပ်အတည်းများ** | **၁၆၆** |
| | အပစ်အခတ်ရပ်စဲရေးနှင့် စီးပွားရေးအလှည့်အပြောင်း | ၁၆၆ |
| | ကရင်နီ သယံဇာတအရင်းအမြစ်ပြမြေပုံ | ၁၇၀ |
| | သစ်ထုတ်လုပ်ငန်း | ၁၇၁ |
| | ရေကာတာများ | ၁၇၄ |
| | လောပိတပဟောင်ဦ – ခင်ဗျားတို့ လျှပ်စစ်မီးရဖို့ ကျုပ်တို့ဘဝတွေကို ချနင်းရက်ကြတယ်။ | ၁၇၆ |
| | သတ္တုတူးဖော်ခြင်း | ၁၇၇ |
| | အခြေခံအဆောက်အအုံ | ၁၈၀ |
| | “မော်ချီးဒေသ သတ္တုတူးဖော်ရေး – အပစ်အခတ်ရပ်စဲရေးလောကငယ်” | ၁၈၁ |
| | ဘိန်းစိုက်ပျိုးမှု | ၁၈၆ |
| | ခရီးသွားလုပ်ငန်း | ၁၈၈ |
| | နိုင်ငံတကာဖွံ့ဖြိုးရေးအကူအညီ | ၁၉၂ |
| ၉။ | **နိဂုံးချုပ်သုံးသပ်ချက်များ** | **၁၉၆** |
| | **ပူးတွဲဖိုင် – ကရင်နီလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများကို လွှမ်းခြုံကြည့်ရှုခြင်း** | **၂၀၂** |
| | **အဆုံးသတ်မှတ်စုများ** | **၂၀၆** |

# မြန်မာနိုင်ငံမြေပုံ



INDIA
KACHIN STATE
Putao
Myitkyina
Laiza
Chindwin
YUNNAN
Kunming
SAGAING REGION
Ayeyarwady
Lashio
BANGLA-DESH
Hakha
CHIN STATE
Kaladan
SHAN STATE
Mandalay
MYANMAR
Panghsang
Mekong
Thanlwin
VIETNAM
MANDALAY REGION
Panglong
Kengtung
Taunggyi
RAKHINE STATE
Sittwe
MAGWE REGION
Pekon
Tachilek
LAO
PEOPLE'S DEMOCRATIC REPUBLIC
Mae Sai
Nay Pyi Taw
Loikaw
Chiang Rai
Louangphrabang
Bay of Bengal
Taungoo
KAYAH STATE
Mae Hong Son
BAGO REGION
Chiang Mai
Sittaung
Vientiane
YANGON REGION
Hpa-An
AYEYARWADY REGION
KAYIN STATE
Mae Sod
Yangon
Myawaddy
Gulf of Martaban
THAILAND
MON STATE
Three Pagoda Pass
Chao Praya
Dawei
Bangkok
TANINTHARYI REGION
CAMBODIA
ANDAMAN SEA
Phnom Penh
Gulf of Thailand
T
N
I

## အတိုကောက်စာလုံးများ

AA – ရက္ခိုင့်တပ်မတော်

ABSDF – ဗမာနိုင်ငံလုံးဆိုင်ရာ ဒီမိုကရေစီကျောင်းသားတပ်မတော်

AFPFL – ဖက်ဆစ်တော်လှန်ရေးနှင့် ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ချုပ်

ALD – ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်

ANC – ရခိုင်အမျိုးသားကောင်စီ

ANDP – လူမျိုးပေါင်းစုံ ဒီမိုကရေစီပါတီ

ANUDP – တိုင်းရင်းသားလူမျိုးပေါင်းစုံ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ

ARSA – ရခိုင်ရိုဟင်ဂျာ ကယ်တင်ရေးတပ်မတော်

BERG – မြန်မာတိုင်းရင်းသားများ သုတေသနအဖွဲ့

BEWG – မြန်မာ့သဘာဝပတ်ဝန်းကျင်ဆိုင်ရာအလုပ်အဖွဲ့

BGF – နယ်ခြားစောင့်တပ်ဖွဲ့များ

BIA – ဗမာ့လွတ်လပ်ရေးတပ်မတော်

BRN – မြန်မာနိုင်ငံမြစ်ချောင်းများဆိုင်ရာကွန်ယက်

BSPP – မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ

CBO – ရပ်ရွာအခြေပြုအဖွဲ့အစည်း

CHDN – လူထုကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးကွန်ရက်

CNF – ချင်းအမျိုးသားတပ်ဦး

CNVP – ချင်းအမျိုးသားတပ်ဦးပါတီ

CPB – ဗမာပြည်ကွန်မြူနစ်ပါတီ

CPT – ထိုင်းကွန်မြူနစ်ပါတီ

CRPP – ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ

CSO – အရပ်ဖက်လူမှုအဖွဲ့အစည်း

DAB – မြန်မာပြည်ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ချုပ်

DOKNU – ကယန်းအမျိုးသားများ စည်းလုံးညီညွတ်ရေး ဒီမိုကရေစီအဖွဲ့

EAO – တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်း

FPNCC – ဖက်ဒရယ်နိုင်ငံရေး ညှိနှိုင်းဆွေးနွေးမှုအတိုင်ပင်ခံကော်မတီ

GAD – အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

HCKNU – ကယန်းအမျိုးသားညီညွတ်ရေး ဦးဆောင်ကော်မတီ

IDP – ပြည်တွင်းနေရပ်စွန့်ခွာ စစ်ဘေးတိမ်းရှောင်သူများ

IFC – နိုင်ငံတကာ ငွေကြေးကော်ပိုရေးရှင်း

INGO – အစိုးရမဟုတ်သည့် နိုင်ငံတကာ အရပ်ဖက်လူမှုအဖွဲ့အစည်း

KCSN – ကရင်နီလူမှုအဖွဲ့အစည်းကွန်ရက်

KEAN – ကယားပြည် လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေး လှုပ်ရှားဆောင်ရွက်မှု ကွန်ရက်

KEG – ကရင်နီအမြဲစိမ်းအဖွဲ့

KIO – ကချင်လွတ်လပ်ရေးအဖွဲ့အစည်း

KLPYC – ကယားလီဖူးလူငယ်ကော်မတီ

KMPC – ကယားပြည်နယ် သတ္တုထုတ်လုပ်ရေးကုမ္ပဏီ

KMSS – ကရုဏာလူမှုစည်းလုံးညီညွတ်ရေးအသင်း

KMT – ကူမင်တန်

KNDP – ကရင်နီအမျိုးသားဒီမိုကရက်တစ်ပါတီ

KnED – ကရင်နီပညာရေးဌာန

KNG – ကယန်းအမျိုးသားကာကွယ်ရေးတပ်

KNGY – ကယန်းမျိုးဆက်သစ်လူငယ်

KnHD – ကရင်နီကျန်းမာရေးဝန်ကြီးဌာန

KNLP – ကယန်းပြည်သစ်ပါတီ

KnMHC – ကရင်နီအမျိုးသား နယ်လှည့်ကျန်းမာရေးကော်မတီ

KNO – ကချင်အမျိုးသားအစည်းအရုံး

KNP – ကယန်းအမျိုးသားပါတီ

KNPDP – ကရင်နီအမျိုးသား ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီ

KNPLF – ကရင်နီပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး

KNPP – ကရင်နီအမျိုးသားတိုးတက်ရေးပါတီ

KnRC – ကရင်နီဒုက္ခသည်ကော်မတီ

KnRRRWG – ကရင်နီဒုက္ခသည် နေရာပြန်လည်ချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့

KNSO – ကရင်နီအမျိုးသားစည်းလုံးညီညွတ်ရေးအဖွဲ့

KNU – ကရင်အမျိုးသားအစည်းအရုံး

KNUJC – ကရင်နီအမျိုးသားညီညွတ်ရေး ပူးတွဲကော်မတီ

KNUP – ကရင်အမျိုးသားညွန့်ပေါင်းပါတီ

KNWO – ကရင်နီအမျိုးသမီးအစည်းအရုံး

KPBA – ကယားဖူးနှစ်ခြင်းခရစ်ယာန်အသင်းချုပ်

KSANLD – ကယားပြည်နယ် လူမျိုးပေါင်းစုံ ဒီမိုကရေစီအဖွဲ့ချုပ်

KSCSN – ကရင်နီပြည် လူထုအခြေပြု အရပ်ဘက်လူ့အဖွဲ့အစည်းများကွန်ရက်

KSFU – ကရင်နီပြည် တောင်သူများသမဂ္ဂ

KSJMC – ကယားပြည်နယ် ပူးတွဲစောင့်ကြည့်ရေးကော်မတီ

KSPMN – ကယားပြည်နယ် ငြိမ်းချမ်းရေး လေ့လာစောင့်ကြည့်ရေးကွန်ရက်

KSWDC – ကရင်နီလူမှုဖူလုံရေးနှင့် ဖွံ့ဖြိုးရေးကော်မတီ

KUDP – ကယားလူမျိုးစုဒီမိုကရေစီပါတီ

KySDP – ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ

LDU – လားဟူဒီမိုကရက်တစ်အစည်းအရုံး

LIOH – ဒို့မြေကွန်ရက်

MDF – မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်း

MNDAA – မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်မတော်

MPC – မြန်မာငြိမ်းချမ်းရေးစင်တာ

NBF – ညီနောင်တိုင်းရင်းသားပါတီများ ဖက်ဒရေးရှင်း

NCCT – နိုင်ငံရေးညှိနှိုင်းဆွေးနွေးမှု ကိုယ်စားလှယ်အဖွဲ့

NCGUB – ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ

NCUB – ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ

NDAA – အမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော် (မိုင်းလား)

NDF – အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု

NDUF – ညီညွတ်သောအမျိုးသားဒီမိုကရေစီတပ်ပေါင်းစု

NGO – အစိုးရမဟုတ်သောအရပ်ဖက်အဖွဲ့အစည်း

NLD – အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

NMSP – မွန်ပြည်သစ်ပါတီ

NSCK–K – နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ–ကပ္ပလန်

NUP – တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ

PDP – ပါလီမန်ဒီကိုကရေစီပါတီ

PNO – ပအိုဝ်းအမျိုးသားအဖွဲ့အစည်း

SLORC – နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးကောင်စီ

SNPLO – ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့

SPDC – နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကောင်စီ

SPG – စကွဲဝိုင်းယားပါဝါကုမ္ပဏီအုပ်စု (Square Power Group)

SSA/RCSS – သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ

SSA/SSPP – သျှမ်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးပါတီ

TBC – နယ်စပ်တလျှောက်ကူညီစောင့်ရှောက်ရေးညွန့်ပေါင်းအဖွဲ့

TNLA – တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော်

UKSY – ကရင်နီပြည် လူငယ်များသမဂ္ဂ

UNA – စည်းလုံးညီညွတ်သော တိုင်းရင်းသားလူမျိုးများ မဟာမိတ်

UNDP – ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်

UNFC – စည်းလုံးညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ

UNHCR – ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး

UNLD – ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်

UNODC– ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာရုံး

USDA – ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း

USDP – ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ

UWSA – ဝပြည် သွေးစည်းညီညွတ်ရေးတပ်မတော်

WNO – ဝအမျိုးသားအဖွဲ့အစည်း

# ကရင်နီသမိုင်းနောက်ခံပြ အချိန်ဇယား

| | |
|---|---|
| ၁၈၅၇ | ဗြိတိသျှအစိုးရကိုယ်စားလှယ် Mr. အက်ဒ်ဝပ်အိုရီလေးသည် အနောက်ကရင်နီနယ် အကြီးအကဲ ကေးဖိုးဒူနှင့် မဟာမိတ်စာချုပ် ချုပ်ဆိုခဲ့သည်။ |
| ၁၈၆၃ | ဗြိတိသျှအစိုးရကိုယ်စားလှယ် Mr. အက်ဒ်ဝပ်အိုရီလေးသည် အနောက်ကရင်နီနယ် အကြီးအကဲ ကေးဖိုးဒူနှင့် ဒုတိယအကြိမ် မဟာမိတ်စာချုပ် ချုပ်ဆို၍ ကြေညာချက်ထုတ်ပြန်ခဲ့သည်။ |
| ၁၈၇၅ | မင်းတုန်းမင်းနှင့် သဘောတူလက်မှတ်ရေးထိုးထားသည့် ပဋိညာဉ်အတွင်း လွတ်လပ်သည့် အနောက်ကရင်နီပြည်အဖြစ် မှတ်တမ်းတင်ခဲ့ခြင်း။ |
| ၁၈၈၅ | တတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲ |
| ၁၈၈၉ | ဗြိတိသျှ၏ ကျူးကျော်သိမ်းပိုက်မှုကို ခုခံတွန်းလှန်ခဲ့သည့် စောလဖော်၏ တော်လှန်ရေးပြီးဆုံးခြင်း။ |
| ၁၈၉၁-၉၂ | သံလွင်ကို ဖြတ်ကျော်၍ ထိုင်းဘုရင့်တပ်များ ကရင်နီပြည်ကို ဝင်ရောက်ကျူးကျော်ခြင်း |
| ၁၉၄၁-၄၅ | ဗြိတိသျှအစိုးရကိုယ်စားလှယ် Mr. အက်ဒ်ဝပ်အိုရီလေးသည် အနောက်ကရင်နီနယ် အကြီးအကဲ ကေးဖိုးဒူနှင့် မဟာမိတ်စာချုပ် ချုပ်ဆိုခဲ့သည်။ |
| ၁၉၄၆ | စည်းလုံးညီညွတ်သော ကရင်နီပြည်၏ လွတ်လပ်သော ပြည်နယ်များကောင်စီ ဖွဲ့စည်းကြောင်း ကြေညာခြင်း။ |
| ၁၉၄၇ | ပင်လုံသဘောတူစာချုပ်အရ ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ကရင်နီပြည်ကို ခွဲထွက်ခွင့် အခွင့်အရေးပေးအပ်ခြင်း။ |
| ၁၉၄၈ | ပြည်ထောင်စုမြန်မာနိုင်ငံတော် လွတ်လပ်ရေးရရှိပြီး ဗကပပုန်ကန်အုံကြွမှု စတင်ခြင်း၊ ဂိုဘီတူရီ အသတ်ခံခဲ့ရပြီးနောက် ကရင်နီလက်နက်ကိုင် တော်လှန်ရေးစတင်ခြင်း (ညီညွတ်သော ကရင်နီပြည်လွတ်လပ်ရေး တပ်မတော်ဖွဲ့စည်းခြင်း) |
| ၁၉၄၉ | KNU၊ ပအိုဝ်းနှင့် အခြားတိုင်းရင်းသားများပါ လက်နက်ကိုင်တော်လှန်ရေး၌ ပါဝင်လာခဲ့ခြင်း။ |
| ၁၉၅၁ | ဖဆပလ အစိုးရမှ ကရင်နီပြည်ကို "ကယားပြည်နယ်" ဟု အမည်ပြောင်းလဲခြင်း။ |
| ၁၉၅၂ | ကရင်ပြည်နယ် နယ်နိမိတ်ရေးဆွဲသတ်မှတ်ခြင်း |
| ၁၉၅၃ | စစ်အုပ်ချုပ်ရေးအောက်၌ မိုးဗြဲ (မုန်းပိုင်း) ဒေသကို ကယားပြည်နယ်သို့ ထည့်သွင်းခဲ့ခြင်း။ |
| ၁၉၅၄ | ဂျပန်နှင့် လောပိတ (ဘီလူးချောင်း) ရေအားလျှပ်စစ်စီမံကိန်း စတင်ဖော်ဆောင်ခြင်း။ |
| ၁၉၅၇ | KNPP ကို စတင်ဖွဲ့စည်းတည်ထောင်ခြင်း |
| ၁၉၅၈-၆၀ | ဦးနေဝင်း၏ စစ်တပ်အစောင့်ရှောက်ခံ အိမ်စောင့်အစိုးရတက်လာခြင်း။ |
| ၁၉၅၉ | ကရင်နီစော်ဘွားများမှ ခွဲထွက်ခွင့်အခွင့်အရေးကို လက်မှတ်ထိုးစွန့်လွှတ်ခဲ့ခြင်း၊ NDUF မဟာမိတ်တပ်ပေါင်းစုသို့ KNPP ပူးပေါင်းခြင်း။ |
| ၁၉၆၁ | ရှမ်း၊ ကရင်နီနှင့် အခြားတိုင်းရင်းသားခေါင်းဆောင်များပူးပေါင်း၍ "ဖက်ဒရယ်အဆိုပြုလွှာ" ရေးဆွဲတင်သွင်းခြင်း။ |
| ၁၉၆၂ | နေဝင်းစစ်အာဏာသိမ်းပြီးနောက် စော်ဝဏ္ဏနှင့် ဖက်ဒရယ်ခေါင်းဆောင်များ ဖမ်းဆီးထိန်းသိမ်းခံရခြင်း၊ မြန်မာ့နည်းမြန်မာ့ဟန် ဆိုရှယ်လစ်လမ်းစဉ်ကို စတင်ကျင့်သုံးခြင်း။ |
| ၁၉၆၃ | NDUF နှင့်အတူ တစ်နိုင်လုံးအတိုင်းအတာ "ငြိမ်းချမ်းရေးဆွေးနွေးရန် ကမ်းလှမ်းမှု" အတွင်း ပါဝင်ကိုယ်စားပြုခဲ့သည့် KNPP။ |
| ၁၉၆၄ | ရှမ်းနှင့် ကယားပြည်နယ်နယ်စပ်၌ ကယန်းပြည်သစ်ပါတီ ဖွဲ့စည်းထူထောင်လိုက်ခြင်း။ |
| ၁၉၇၆ | ဗမာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ မိတ်ဆက်ခြင်း။ |

- **၁၉၇၆** — ဖက်ဒရယ်ဖော်ဆောင်မည့် NDF အဖွဲ့ကို ဖွဲ့စည်း ထူထောင်ရာ၌ KNPP ပူးပေါင်းပါဝင်ခြင်း။
- **၁၉၇၈** — ကလလတ KNPP မှ ခွဲထွက်၍ ဗကပမဟာမိတ် တပ်ပေါင်းစုများဖြစ်သည့် ကလလတနှင့် ရလလဖတို့ထံ ပူးပေါင်းခြင်း။
- **၁၉၈၈** — ဒီမိုကရေစီအုံကြွမှုများ၊ မဆလ ပြိုကွဲ၍ နဝတ အစိုးရတက်လာခြင်း၊ KNPP–NDF နယ်မြေသို့ ပြည်ပရောက် ကျောင်းသားများနှင့် ဒီမိုကရေစီ လှုပ်ရှားသူများ ဝင်ရောက်ခိုလှုံလာခြင်း။
- **၁၉၈၉** — ဗကပ ပြိုကွဲပြီးနောက် တိုင်းရင်းသား အပစ်အခတ် ရပ်စဲရေး စတင်လာခြင်း။
- **၁၉၉၀** — အထွေထွေရွေးကောက်ပွဲ၌ NLD ပါတီ အနိုင်ရ ခြင်း၊ ကယားပြည်နယ်၌ KSANLD ကိုယ်စားလှယ် ၂ နေရာရရှိခဲ့၊ ကရင်နှင့် ရှမ်းပြည်နယ် DOKNU ၌ ကိုယ်စားလှယ် ၂ နေရာရရှိခဲ့၊ ဖိနှိပ်ချုပ်ခြယ်မှုများ ဆက်လက်ဖြစ်ပွားလာခြင်း။
- **၁၉၉၂** — အပစ်အခတ်ရပ်စဲရန်အတွက် KNLP မှ KNG စွန့် ခွာသွားခဲ့၊ ဖရူဆိုမြို့နယ်တစ်ဝိုက်၌ တပ်မတော်မှ စုစည်းကျေးရွာစီမံချက် စတင်ဖော်ဆောင်ခြင်း။
- **၁၉၉၃** — ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲပြင်ဆင်ရန် အမျိုးသားညီလာခံ ခေါ်ယူကျင်းပခြင်း၊ USDA စတင်ဖွဲ့စည်းတည်ထောင်ခြင်း။
- **၁၉၉၄** — ကလလတ၊ ကယန်းပြည်သစ်နှင့် ရလလဖတို့ အစိုးရနှင့် အပစ်အခတ်ရပ်စဲခဲ့၊ ကယားပြည်နယ် တွင်း အထူးဒေသ ၁၊ ၂၊ ၃ စတင်သတ်မှတ်ခြင်း။
- **၁၉၉၅** — KNPP နှင့် အစိုးရအကြား ယာယီအပစ်အခတ်ရပ်စဲ ခဲ့၊ ဒီမော့ဆိုမြို့နယ်၌ KNPP ထံမှ KNDP ခွဲထွက် သွားခြင်။
- **၁၉၉၆** — ကယားပြည်နယ်အဝှမ်း တပ်မတော်၏ စုစည်း ကျေးရွာစီမံချက်များ စတင်ဖော်ဆောင်လာခဲ့ခြင်း။
- **၁၉၉၇** — နဝတ အစိုးရမှ နအဖ ဟု အမည်ပြောင်းခြင်း။
- **၁၉၉၉** — ဟိုယာဒေသ၌ KNPP မှ KNPDP ခွဲထွက်သွားခြင်း။
- **၁၉၆၀** — ရှမ်းနှင့် ကယားပြည်နယ်နယ်စပ်၌ ကယန်းပြည်သစ်ပါတီ ဖွဲ့စည်းထူထောင်လိုက်ခြင်း။
- **၁၉၆၂** — ဗမာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေ မိတ်ဆက်ခြင်း။
- **၂၀၀၂** — KNPP မှ KNSO ခွဲထွက်ခဲ့၊ UNA မဟာမိတ်နှင့် KSANLD ပါတီ ပူးပေါင်းသွားခြင်း။
- **၂၀၀၈** — နာဂစ်ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခိုက် ခြင်း၊ ပြည်လုံးကျွတ်လူထုဆန္ဒခံယူပွဲ ကျင်းပခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပြဋ္ဌာန်းအတည်ပြုခြင်း။
- **၂၀၀၉** — အပစ်အခတ်ရပ်စဲထားသည့် အဖွဲ့အစည်းများကို နယ်ခြားစောင့်တပ်အသွင်ပြောင်းရန် ဖိအားပေးလာ သည့်အပေါ် KNPLF လက်ခံသဘောတူခဲ့၊ KNDP, KNDNP, KNLP, KNSO နှင့် KNG တို့သည် ပြည်သူ့စစ်တပ်ဖွဲ့များအဖြစ် အသွင်ပြောင်းသွားခြင်း။
- **၂၀၁၀** — NLD ဖိနှိပ်ချုပ်ချယ်ခံရခြင်း၊ ကရင်နီပြည်အခြေ ပြုပါတီများ ပိတ်ပင်တားဆီးခံရခြင်း၊ အထွေထွေ ရွေးကောက်ပွဲ၌ USDP အနိုင်ရခဲ့ခြင်း၊ ရှမ်းပြည်နယ်၌ KNP ပါတီမှ ကိုယ်စားလှယ် ၂ နေရာအနိုင်ရခဲ့ခြင်း။
- **၂၀၁၁** — UNFC ၌ KNPP ပူးပေါင်းပါဝင်လာခဲ့၊ နအဖ ပြုတ်ကျသွားခဲ့၊ ဦးသိန်းစိန်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်သစ် စတင်အကောင်အထည်ခြင်း။
- **၂၀၁၂** — ကြားဖြတ်ရွေးကောက်ပွဲဖြင့် လွှတ်တော်သို့ NLD ရောက်ရှိလာခဲ့၊ KNPP အပစ်အခတ်ရပ်စဲခြင်း။
- **၂၀၁၅** — NCA စာချုပ်ကို တစ်ဝက်တစ်ပျက်လက်မှတ် ရေးထိုးခဲ့ခြင်း၊ အထွေထွေရွေးကောက်ပွဲ၌ NLD အနိုင်ရခဲ့၊ ကရင်နီပြည်ညီလာခံကျင်းပခြင်း။
- **၂၀၁၆** — ၂၁ ရာစုပင်လုံညီလာခံ၌ UNFC မဟာမိတ်အဖြစ် KNPP တက်ရောက်ပါဝင်ခြင်း။
- **၂၀၁၇** — ကြားဖြတ်ရွေးကောက်ပွဲ၌ ANDP/KySDP ပါတီ တို့အနိုင်ရခဲ့၊ FPNCC စတင်ဖွဲ့စည်းခြင်း၊ UNFC အကွဲအပြဲဖြစ်ခဲ့၊ ဒုတိယအကြိမ် ၂၁ ရာစုပင်လုံ ညီလာခံကျင်းပခြင်း၊ KNPP နှင့် UNFC တက် ရောက်မှုမပြုရန် ဆုံးဖြတ်ခြင်း။
- **၂၀၁၈** — ၂၁ ရာစုပင်လုံနှင့် NCA လုပ်ငန်းစဉ်၌ ပါဝင်ရန် ဆက်လက်စဉ်းစားနေခြင်း။

# မြန်မာဘာသာပြန်မှုမိတ်ဆက်

Transnational Institute သည် စစ်ပွဲမှသည် ငြိမ်းချမ်းရေးဆီသို့ ဦးတည်လာသည့် ကယား (ကရင်နီ) ပြည်နယ်– လမ်းဆုံလမ်းခွရောက်နေသည့် မြန်မာနိုင်ငံတွင်း နယ်မြေဒေသတစ်ခုဟူသည့် ခေါင်းစဉ်ဖြင့် ကယားပြည်နယ်နှင့်ပတ်သက်သည့် သုတေသနပြု လေ့လာဆန်းစစ်ချက် အစီရင်ခံစာတစ်စောင်ကို အင်္ဂလိပ်ဘာသာဖြင့် ၂၀၁၈ ခုနှစ် ဇူလိုင်လ၌ပုံနှိပ်ထုတ်ဝေခဲ့သည်။ အစိုးမရသည့် အကူးအပြောင်းကာလအတွင်း ပြောင်းလဲလာခဲ့သည့် ဒေသတွင်း လူမှု–နိုင်ငံရေးအခင်းအကျင်းကို လေ့လာသုံးသပ်ရန် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။ နောက်ခံသမိုင်းကြောင်းဖြင့်စတင်ကာ စစ်အစိုးရမှသည်အရပ်သားတစ်ပိုင်း စစ်အစိုးရအဖြစ်သို့ ကူးပြောင်းရာ၌ ပေါ်ပေါက်လာသည့် နိုင်ငံရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ယဉ်ကျေးမှုနှင့် လူ့အခွင့်အရေးဆိုင်ရာ အရွေ့များအပါအဝင် အရပ်ဖက်လူ့အဖွဲ့အစည်းများနှင့် လူထုအသိုက်အဝန်းများအကြားကြုံတွေ့လာရသည့် စိန်ခေါ်မှုများကို အထူးတလည်အသားပေး၍ သုံးသပ်တင်ပြထားခြင်းဖြစ်သည်။ ရေမြေချင်းဆက်စပ်လျက်ရှိပြီး ကယန်းလူထုအများအပြား မှီတင်းနေထိုင်လျက်ရှိသည့် ရှမ်းပြည်နယ်တောင်ပိုင်းဒေသ ဖယ်ခုံနှင့် မိုးဗြဲမြို့နယ်များကိုပါ လွှမ်းခြုံ၍ လေ့လာဆန်းစစ်ထားခြင်းဖြစ်သည်။

ယခု ဘာသာပြန်စာတမ်းသစ်သည် အထက်ပါ ၂၀၁၈ ခုနှစ်ပုံနှိပ်စာတမ်းတစ်ခုလုံး ကို ဘာသာပြန်ဆို၍ ပြန်လည်ထုတ်ဝေထားခြင်းဖြစ်ပြီး မည်သည့်အပြောင်းအလဲမျှ ပြုလုပ်ထားခြင်းမရှိပေ။ ပြီးခဲ့သည့် သုံးနှစ်တာကာလအတွင်း ကိုဗစ် ၁၉ ကူးစက်ပျံ့နှံ့လာခြင်း၊ ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲ၊ စစ်တပ်၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ နိုင်ငံတော်အာဏာသိမ်းယူမှုနှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ နှင့်ချုပ်ဆိုထားသည့် အပစ်ခတ်ရပ်စဲရေး ပျက်ပြယ်သွားခြင်းကဲ့သို့သော သမိုင်းတစ်ဆစ်ချိုး အလှည့်အပြောင်းဖြစ်စေမည့် ဖြစ်ရပ်ပေါင်းများစွာပေါ်ပေါက်လာခဲ့သည်။ အထူးသဖြင့် ၂၀၂၁ ခုနှစ်သည် အကြီးကျယ်ဆုံးသော လူထုအုံကြွမှု၊ စိတ်နှလုံးကြေကွဲဖွယ်ရာ သေကျေပျက်စီးမှုများ၊ နိုင်ငံရေးတစ်ပိုင်းသေမှု၊ အရပ်သားများနေရပ်စွန့်ခွာစစ်ဘေးတိမ်းရှောင်ရမှုလှိုင်းလုံးသစ်နှင့် စီးပွားရေးနှင့် အုပ်ချုပ်ရေးယန္တရားများ ပြိုလဲပျက်စီးမှုတို့ကို မျက်ဝါးထင်ထင်မြင်တွေ့ခဲ့ရသည့်နှစ်တစ်နှစ်ဖြစ်နေခဲ့သည်။ ကရင်နီလူထုတစ်ရပ်လုံး အကြီးအကျယ်အထိနာခဲ့ရသည်။ ၂၀၂၂ ခုနှစ်တွင်လည်း နိုင်ငံရေးနှင့် လူသားချင်းစာနာထောက်ထားရေး အကျပ်အတည်းများ ဆက်လက်ဖြစ်ပွားနေဦးမည့်ပုံပေါ်လျက်ရှိသည်။

သို့ဖြစ်၍ ယခုဗမာဘာသာပြန်စာတမ်းသည် အမျိုးသားနိုင်ငံရေးဇာတ်ခုံတွင်း မျှော်လင့်ချက်နှင့် မျှော်လင့်ချက်ကင်းမဲ့မှု နှစ်ခုစလုံးရောပြွမ်းနေသည့် အရေးကြီးအခါသမယမျိုး၌ ကရင်နီလူထုများ ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများ၊ လိုအပ်ချက်များနှင့် စိတ်ကူးမျှော်မှန်းချက်များအတွက် အရေးကြီးသည့် သမိုင်းမှတ်တမ်းတစ်ခုအဖြစ် မှတ်ကျောက်တင်ထားခြင်းဖြစ်သည်။ ကယားပြည်နယ်နှင့် ပတ်သက်သည့် သမိုင်းမှတ်တမ်းမှတ်ရာများ ထုတ်ပြန်ထားရှိမှုနည်းပါးလှသည်မှန်သော်လည်း ဤအစီရင်ခံစာ၌ ပါဝင်ဆွေးနွေးတင်ပြထားကြသူများ၏ အသံများက ပိုမိုကောင်းမွန်သည့်အနာဂတ်တစ်ခုကို မျှော်မှန်းထားကြသည့် ၎င်းတို့၏ စိတ်ကူးအိပ်မက်များကို ကွက်ကွက်ကွင်းကွင်း မီးမောင်းထိုးပြလျက်ရှိသည်။တရားဝင်ဘာသာပြန်စာတမ်းသည်နောင်မျိုးဆက်များလေ့လာသုတေသနပြုရမည့်စာတမ်းတစ်စောင်အဖြစ်အလုပ်အကျွေးပြုရုံမျှမက လူတိုင်းကိုလွှမ်းခြုံအကျိုးပြုမည့် ငြိမ်းချမ်းရေး၊ တရားမျှတရေးနှင့် ပဋိပက္ခဖျန်ဖြေရေးတို့ကို အောင်မြင်ပြီးမြောက်စေမည့် စကြာ်နှင့်တစ်ရပ်ကိုပါ ထောက်ပံ့ပေးနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါသည်။ ၂၀၂၂ ခုနှစ်သာ တိုင်သွားခဲ့သော်လည်း ကရင်နီလူထုလူတန်းစားများသည် ရေရာသေချာမှုအလျဉ်းမရှိသည့် လမ်းဆုံလမ်းခွ၌ တစ်ဆို့နေကြဆဲဖြစ်သည်။



ကယန်းအမျိုးသမီးတစ်ဦး၏ ဓာတ်ပုံဟောင်း(HG)

## ၁။ အဖွင့်နိဒါန်း

ဗမာ/မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ပဋိပက္ခဖျန်ဖြေရေး လိုအပ်နေခဲ့သည်မှာ ကာလအလွန် ကြာမြင့်ခဲ့ပြီဖြစ်သည်။[၁] အထူးသဖြင့် နိုင်ငံ့လူဦးရေ၏ သုံးပုံတစ်ပုံထက်ပိုသော ဗမာမဟုတ်သည့် အခြားတိုင်းရင်းသားမျိုးနွယ်စုများအတွက် ဤလိုအပ်ချက်သည် အရေးတကြီးဖြစ်နေသည့် အပူတပြင်းလိုအပ်ချက်တစ်ခုဖြစ်နေသည်။ ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်လာခဲ့ပြီဖြစ်သည့် လက်နက်ကိုင်ပဋိပက္ခသည် တိုင်းရင်းသားလူနည်းစုများ နေထိုင်ကြသည့် နယ်စပ်ဒေသတစ်လွှား၌ သာအများဆုံး ဖြစ်ပွားလျက်ရှိသဖြင့် အစိုးရ၏ ပျက်ကွက်မှု၊ အမျိုးသားနိုင်ငံရေးဇာတ်ခုံပေါ်မှ ဖယ်ကြဉ်ခံရမှုနှင့် စစ်အုပ်ချုပ်ရေးဒဏ်ကို နယ်ခံလူထုလူတန်းစားများကသာ နှစ်ရှည်လများ ခါးစည်းခံခဲ့ကြရသည်။

သမိုင်းအဆက်ဆက် "ကရင်နီပြည်" ဟု သိခဲ့ကြသည့် ကယားပြည်နယ်သည် ယနေ့မြန်မာနိုင်ငံရှိ တိုင်းရင်းသားမျိုးနွယ်စုများ ကြုံတွေ့နေကြရသည့် ပြုပြင်ပြောင်းလဲရေး အကျပ်အတည်းကို ပွဲတင်ထပ်ထင်ဟပ်လျက်ရှိသည့် အကောင်းဆုံး သာဓကပင်ဖြစ်သည်။ နိုင်ငံ၏အသေးငယ်ဆုံး ပြည်နယ်တစ်ခု ဖြစ်သော်ငြားလည်း မြန်မာနိုင်ငံ တစ်ခုလုံးအတိုင်းအတာ လွှမ်းခြုံဖြေရှင်းရန်လိုအပ်သည့် ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် လူမှုနိုင်ငံရေးအသွင်ကူးပြောင်းမှုအတွင်း ကြုံတွေ့နေကြရသည့် စိန်ခေါ်မှုအများအပြား လာရောက်ထင်ဟပ်လျက်ရှိသည်။ နိုင်ငံရေး သေနေခြင်း၊ ပဋိပက္ခဇာတ်ကောင်မျိုးစုံ စုဝေးတည်ရှိနေခြင်း၊ အလုအယက်ဖြစ်နေသည့် သယံဇာတအရင်းအမြစ်များ၊ မြေလုယူသိမ်းဆည်းခြင်း၊ လူသားချင်းစာနာထောက်ထားရေး အကျပ်အတည်းနှင့် ဆယ်စုနှစ်ပေါင်းခြောက်ခုကျော် ကြာမြင့်လာပြီဖြစ်သည့် ပြည်တွင်းစစ်အလွန် တစ်နေ့သောကာလ၌ နိုင်ငံကိုပြန်လည်ထူထောင်ရန် တစ်ကွဲတစ်ပြားစီဖြစ်နေသည့် လူထုလူတန်းစားများက ကြိုးပမ်းနေကြခြင်းဖြစ်သည်။

ကယားပြည်နယ်သည် ယခုအချိန်ထိ ပြေလည်မှုမရသေးသည့် နိုင်ငံရေးအချုပ်အခြာအာဏာအပေါ် အခြားသူများနှင့် မတူကွဲပြားသည့် တောင်းဆိုပိုင်ခွင့်များကို ပိုင်ဆိုင်ထားလျက်ရှိသည်။ ကိုလိုနီအုပ်ချုပ်ရေး ကာလတစ်လျှောက် မည်သည့်အခါကမျှ ဗြိတိသျှ-ဘားမားအတွင်းသို့

ကရင်နီပြည်ကို တရားဝင်သွတ်သွင်းခဲ့ဖူးခြင်း မရှိသဖြင့် ၁၉၄၈ ခုနှစ် မြန်မာ့လွတ်လပ်ရေးနှင့်အတူ ထွက်ပေါ်လာခဲ့သည့် ပြည်နယ်သစ်၏ သမိုင်းစဉ်လာအဆင့်အတန်းကို အသိအမှတ်ပြုသည့်အနေဖြင့် တရားဝင် ခွဲထွက်ပိုင်ခွင့် အခွင့်အရေးကို အပ်နှင်းပေးခဲ့သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်သစ်၏ လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာခဲ့သည့် အရေးအခင်းကာလများ၌ ပေါ်ပေါက်လာခဲ့သည့် လက်နက်ကိုင်ပဋိပက္ခသည် သမ္မတဦးသိန်းစိန်မှ အရပ်သားတစ်ပိုင်း ဒီမိုကရေစီစနစ်သစ်ကို မိတ်ဆက်ကျင့်သုံးခဲ့သည့်ကာလမတိုင်မီ ၂၀၁၁ ခုနှစ်အထိ ခေတ်အဆက်ဆက် အာဏာရအစိုးရများက ထိထိရောက်ရောက် အရေးယူဆောင်ရွက်မှု မရှိခဲ့သဖြင့် ဆက်လက်သံသရာရှည်နေခဲ့ခြင်းဖြစ်သည်။

ထိုအချိန်မှစ၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဖော်ဆောင်လာခဲ့သည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များနှင့် အမျိုးသားအဆင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များက အသောမသတ်နိုင်သည့် မြန်မာနိုင်ငံ၏ ပဋိပက္ခသံသရာစက်ဝန်းကြီး မကြာမီချုပ်ငြိမ်းတော့မည်ဟူသည့် မျှော်လင့်ချက်များကို ရှင်သန်နိုးကြားလာစေခဲ့သည်။ အားလုံးကိုပေါင်း၍ “ကရင်နီ” ဟု သိထားကြသည့် ကယားပြည်နယ်နေ လူထုလူတန်းစားများအတွက် ဦးသိန်းစိန်အစိုးရနှင့် ကရင်နီဒေသ၏ အင်အားအကြီးဆုံး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းဖြစ်သည့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) အကြား ၂၀၁၂ ခုနှစ်၌ အပစ်အခတ်ရပ်စဲရေး သဘောတူလက်မှတ်ရေးထိုးမှုသည် အလွန်အရေးပါသည့် အချိုးအကွေ့တစ်ရပ်ဖြစ်ခဲ့သည်။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများအပေါ်ထားရှိသည့် မျှော်လင့်ချက်များသည် ၂၀၁၆ ခုနှစ် မတ်လအတွင်း အာဏာရလာခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အစိုးရဖြစ်လာပြီးနောက်ပိုင်း ပို၍အရှိန်အဟုန်ရလာခဲ့သည်။

သို့သော်လည်း လက်ရှိအချိန်ထိ ဦးသိန်းစိန်အစိုးရစတင်ခဲ့သည့် အပစ်အခတ်ရပ်စဲရေး လုပ်ငန်းစဉ်သော်လည်းကောင်း NLD အစိုးရ၏ အရေးယူဆောင်ရွက်မှုများသော်လည်းကောင်း မြန်မာနိုင်ငံ၏ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းသွားစေရန် မစွမ်းဆောင်နိုင်ခဲ့ကြပေ။ အားလုံးပါဝင်မှုရှိသည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုနှင့် ပြည်တွင်းပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တစ်ရပ် စတင်ဖော်ဆောင်ရန် လိုအပ်နေဆဲဖြစ်သည်။ ကုန်လွန်ခဲ့သည့် ၆ နှစ်တာကာလအတွင်းပြုလုပ်ခဲ့သည့် ဖြေလျှော့မှုအသစ်များနှင့် များစွာပွင့်လင်းလာမှုအပေါ် သံသယဖြစ်စရာအကြောင်း မရှိခဲ့ပေ။ သို့သော်လည်း နယ်စပ်ဒေသအများအပြား၌ လက်နက်ကိုင်တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသည့်နည်းတူအောက်ခြေမြေပြင်အထိ ထိရောက်မှုရှိသည့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို မြင်သာထင်သာရှိအောင် မဖော်ဆောင်နိုင်ခဲ့ခြင်းက နယ်ခံလူထုလူတန်းစားများအတွက် စိန်ခေါ်မှုလှိုင်းလုံးသစ်များကို ဆောင်ကျဉ်းလာခဲ့သည်။ ဆယ်စုနှစ်ပေါင်းများစွာ ကြာသည့်တိုင်အောင် နေရပ်စွန့်ခွာစစ်ဘေးတိမ်းရှောင်ခဲ့ရပြီး လူမှုစီးပွားရေးအရ အဖက်ဖက်မှဆုံးရှုံးနစ်နာခဲ့ကြရသည့် လူထုလူတန်းစားများသည် အလွန်ထိခိုက်လွယ်သည့် အခြေအနေဆိုက်လာခဲ့ပြီး ၎င်းတို့၏ အနာဂတ်များသည်လည်း မရေမရာဖြင့် မည်းမှောင်လျက်ရှိသည်။ တိုင်းရင်းသား တန်းတူညီမျှရေးနှင့် နိုင်ငံရေးအရ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်မှသည် စီးပွားရေးလုပ်ပိုင်ခွင့်အာဏာများနှင့် မြေယာအခွင့်အရေးထိ မြန်မာနိုင်ငံလွတ်လပ်ရေး အတူရယူခဲ့ကြစဉ်က ကတိကဝတ်ပြုထားသည့် နိုင်ငံရေးလွတ်လပ်ခွင့်များကို ကတိမပျက်လက်တွေ့ဖော်ဆောင်ပေးမည့်နေ့ကို ကရင်နီပြည်သူများ စောင့်စားနေကြဆဲဖြစ်သည်။ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးနှင့်အတူ ပေါ်ထွန်းလာခဲ့သည့် အစိုးရသစ်၏လက်ထက်၌ တစ်နိုင်ငံလုံးဆူပူအုံကြွမှုများ ထပ်မံပေါ်ပေါက်လာခဲ့ပြီးနောက် တစ်နိုင်ငံလုံးအတိုင်းအတာ နိုင်ငံရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ချောမွေ့စွာဖော်ဆောင်နိုင်လိမ့်မည်ဟူသည့် မျှော်လင့်ချက်များ တစ်စစီပြိုကွဲပျက်စီးခဲ့ရပြန်သည်။

ဤအစီရင်ခံစာသည် စစ်အုပ်ချုပ်ရေးမှအသွင်ကူးပြောင်းစ အလွန်အရေးကြီးသည့်ကာလအတွင်း ကယားပြည်နယ်၌ ရင်ဆိုင်ကြုံတွေ့ရလျက်ရှိသည့် စိန်ခေါ်မှုများကိုဆန်းစစ်သုံးသပ်ထားခြင်းဖြစ်သည်။ ထုံးစံအတိုင်းပင် မတူကွဲပြားသည့် တိုင်းရင်းသားမျိုးနွယ်စုများ၊ ဘာသာတရားများနှင့် နိုင်ငံရေးသဘောထားများကို ထင်ဟပ်လျက်ရှိသည့် မြန်မာနိုင်ငံကဲ့သို့သော နယ်မြေဒေသတစ်ခု၌နယ်ခံလူထုလူတန်းစားများ၏ အမြင်သဘောထားများနှင့်အရှိတရားများကို မျှမျှတတ သိမြင်နားလည်မှုရှိရန် အလွန်အရေးကြီးသည်။ ကယားပြည်နယ်၏ အခင်းအကျင်းကိုကြည့်မည်ဆိုပါက ရှည်ကြာသည့် ပြည်တွင်းစစ်ဒဏ်သင့် ဆယ်စုနှစ်များအတွင်း ပြင်ပကမ္ဘာနှင့် အဆက်အဆံ

မပြုဘဲ သီးခြားရပ်တည်ခဲ့သည့် နယ်မြေတစ်ခုဖြစ်သဖြင့် အခက်အခဲများ ပိုမိုကြီးမားနေခဲ့သည်ဟု ဆိုနိုင်ပါသည်။ ဤကဲ့သို့ လက်လှမ်းမမီနိုင်ဖြစ်ခဲ့ရခြင်းကြောင့် အောက်ခြေမြေပြင်၌ ဆိုးရွားပြင်းထန်လှသည့် ထိခိုက်နစ်နာမှုများကိုဆောင်ကျဉ်းလာခဲ့သည့် နိုင်ငံရေးပဋိပက္ခများအပေါ် သုတေသနပြု၍ အစီရင်ခံတင်ပြမှုများ မရှိသလောက်နည်းပါးခဲ့ရခြင်းဖြစ်သည်။ မြန်မာနိုင်ငံသူနိုင်ငံသားများအတွက် ပိုမိုကောင်းမွန်သည့် အနာဂတ်တစ်ခုကို ထုဆစ်ပုံဖော်မည့် ကြိုးပမ်းအားထုတ်မှုများ အစပျိုးလာခဲ့ကြသော်လည်း ကယားပြည်နယ်အတွင်းရှိ လူထုလူတန်းစားပေါင်းများစွာ ရင်ဆိုင်ကြုံတွေ့နေကြရသည့် ဆင်းရဲနွမ်းပါးမှုနှင့် လူမှုစီးပွားရေး အကျပ်အတည်းများကို နားလည်သိမြင်မှု သို့မဟုတ် အရေးတယူမှတ်တမ်းတင်မှု မရှိသလောက်နည်းပါးနေဆဲဖြစ်သည်။

ဤအစီရင်ခံစာ၌ တိုင်းရင်းသား အမျိုးသားလက္ခဏာရပ်ဆိုင်ရာ ရပိုင်ခွင့်အခွင့်အရေးများနှင့် နိုင်ငံရေးသစ္စာခံခြင်းက ကယားပြည်နယ်၏ နိုင်ငံရေးအခင်းအကျင်းနှင့် လူထုလူတန်းစားများအပေါ် မည်သို့သက်ရောက်ရိုက်ခတ်လျက်ရှိကြောင်း၊ ရေရှည်အမျိုးသားရေးလှုပ်ရှားမှုများ အခွန့်ရှည်တည်တံ့စေရန် ဤကိစ္စရပ်က မည်ကဲ့သို့ ကျားကန်ပေးလျက်ရှိကြောင်းနှင့် ရှေ့တန်းမျက်နှာစာရှိ လူထုအသိုက်အဝန်းအသီးသီးအတွက် မည်ကဲ့သို့ အဓိပ္ပာယ်ဆောင်လျက်ရှိကြောင်း သုံးသပ်တင်ပြခြင်းဖြင့် အစပျိုးထားပါသည်။ ထို့နောက်တွင်မှ ယနေ့ခေတ်လူထုလူတန်းစားများ ရင်ဆိုင်ကြုံတွေ့ရလျက်ရှိသည့် စိန်ခေါ်မှုအမျိုးမျိုးကိုအသေးစိတ် ရှင်းလင်းတင်ပြထားခြင်းဖြစ်သည်။ အဓိကကျသည့် အရေးကိစ္စများ၌ ပဋိပက္ခဖျန်ဖြေရေး၊ နိုင်ငံရေးပြုပြင်ပြောင်းလဲရေး၊ စစ်ပုံသွင်းမှု ပယ်ဖျက်ရေး၊ အပစ်အခတ်ရပ်စဲရေး အသွင်ကူးပြောင်းမှု၊ စစ်ဘေးဒုက္ခသည်များ (Refugees)၊ ပြည်တွင်းနေရပ် စွန့်ခွာစစ်ဘေးတိမ်းရှောင်သူများ (IDPs)၊ စီးပွားရေးလုပ်ပိုင်ခွင့်များ၊ မြေနှင့် သယံဇာတအရင်းအမြစ်ဆိုင်ရာ ရပိုင်ခွင့်အခွင့်အရေးများ၊ လတ်တလော နိုင်ငံအတွင်းသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် အခြားပြင်ပဇာတ်ကောင်များ ခြေချလာသည့်ကိစ္စရပ်များ ပါဝင်လျက်ရှိသည်။

ကရင်နီအရေးအရာ၌ ဆက်စပ်အကျုံးဝင်လျက်ရှိသည့် ကယန်းအမျိုးသားနိုင်ငံရေး အခင်းအကျင်း၏ ဖွံ့ဖြိုးတိုးတက်မှုများကိုပါ အစီရင်ခံစာ၌ ဆက်၍သုံးသပ်တင်ပြထားပါသည်။ ကယားပြည်နယ်အတွင်း၌ သာမကဘဲ နယ်မြေချင်းထိစပ်လျက်ရှိသည့် ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ယခင်မန္တလေးတိုင်းဒေသကြီးအထိ ပြန့်ကျဲနေထိုင်လျက်ရှိသည့် ကယန်းလူထုလူတန်းစားများ၏ ကရင်နီတော်လှန်ရေးမှသည်နိုင်ငံတွင်းတိုင်းရင်းသားအခွင့်အရေးနှင့်ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ဆိုင်ရာလှုပ်ရှားမှုများအထိ ဆက်စပ်ပါဝင်လျက်ရှိသည်။

ကယားပြည်နယ်အပေါ် သက်ရောက်လျက်ရှိသည့် ဖိအားများသည် ထုထည်ကြီးမားစွာဖြင့် တည်ရှိနေဆဲဖြစ်သည်။ ဆယ်စုနှစ်ပေါင်းခြောက်ခုကျော် လက်နက်ကိုင်တော်လှန်လာခဲ့ပြီးနောက် ကရင်နီလူထုလူတန်းစားများသည်မိမိတို့၏ နိုင်ငံရေးနှင့် တိုင်းရင်းသားအခွင့်အရေးတိုက်ပွဲကို အမျိုးသားအဆင့် ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးဆိုင်ရာ တစ်နိုင်ငံလုံးအတိုင်းအတာကြိုးပမ်းအားထုတ်မှုများနှင့် ရင်ဘောင်တန်းလျှောက်လှမ်းကြရန် စိတ်ပိုင်းဖြတ်ခဲ့ကြသည်။ ကရင်နီတို့သည် ယခင်အတိတ်ကာလများ၌ အမြဲတမ်းလိုလို အမေ့လျော့ခံလူထုလူတန်းစားများ ဖြစ်ခဲ့ကြသည်။ သို့သော်လည်း ယနေ့အချိန်၌ နယ်စပ်ဖြတ်ကျော်ဖြစ်ပွားသည့် စိန်ခေါ်မှုများ နက်ရှိုင်းကျယ်ပြန့်လာသည်နှင့်အမျှ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများပင် လက်တွေ့ရုပ်လုံးမပေါ်လာသေးခင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းမှုကို လိုက်စားသွားမည့် နာကျည်းနစ်နာချက်များကို ရင်ဝယ်ပိုက်ထားသည့် မျိုးဆက်သစ်တစ်ခုပေါက်ဖွားလာနိုင်သည့် အန္တရာယ်ကြီးကို ထိပ်တိုက်ရင်ဆိုင်ကြရတော့မည်ဖြစ်သည်။

ကယားပြည်နယ်ကို အာရှဒေသ၏ဝေးလံခေါင်သီလွန်းလှသည့် အစွန်အဖျားဒေသ၌ တည်ရှိနေသည့် ခြင်းချက်သို့မဟုတ်သာမညောင်ညနယ်မြေတစ်ခုအဖြစ်သဘောထားခြင်းထက် ကိုလိုနီခေတ်လွန် မြန်မာနိုင်ငံ၏ ကျရှုံးမှုများကို ကိုယ်စားပြုလျက်ရှိသည့် အတိတ်ကာလ၏ သမိုင်းသင်ခန်းစာကောင်းတစ်ရပ်အဖြစ် ပြန်ပြောင်းကြည့်ရှုသင့်ပါသည်။ ခွဲခြားဘေးဖယ်ခံထားရပြီး ကိုယ်စားပြုမှုမရှိဘဲ သွေးခွဲအုပ်ချုပ်ခံနေကြရသည့် ခေတ်တစ်ခေတ်၏ ပစ်ပယ်ခံပြယုဂ်တစ်ခုထက်စာလျှင် လာမည့်နှစ်ကာလများအတွင်း တိုင်းသိပြည်သိ တိုးတက်ပွင့်လင်းသည့် အပြောင်းအလဲတစ်ရပ်ဆီသို့ ရှေ့ဆောင်လမ်းပြမည့် ကယားပြည်နယ်ဖြစ်လာရန် ပို၍အရေးကြီးပါသည်။



ကရင်နီသူကြီးတစ်ဦး (MS)

## ၂။ တိုင်းရင်းသားပဋိပက္ခနှင့် ပြောင်းလဲဆက်ခံခဲ့သည့် ခေတ်အဆက်ဆက်အစိုးရများ

### ကရင်နီနယ်မြေနှင့် ကယားပြည်နယ်

ရေိယာအားဖြင့် ၁၁၇၃၁ ကီလိုမီတာမျှသာကျယ်ဝန်းသည့် ကယားပြည်နယ်သည် လက်ရှိမြန်မာနိုင်ငံ၏ နိုင်ငံရေးမြေပုံ၌ သတ်မှတ်ထားသည့် 'တိုင်းရင်းသား' ပြည်နယ်ခုနှစ်ခုအနက် အသေးငယ်ဆုံးဖြစ်သည်။ နက်ရှိုင်းသည့် တောင်စဉ်တောင်တန်းများ၊ သစ်တောဖုံးလွှမ်းထားသည့် လျှိုမြောင်တောင်ကြားများနှင့် အလျင်မပြတ်စီးဆင်းလျက်ရှိသည့် မြစ်ချောင်းများဖြင့် ရေခံမြေခံကြွမ်းတမ်းလှသော်လည်း ကယားပြည်နယ်သည် ကရင်၊ ရှမ်း (တိုင်း) နှင့် ဗမာလူမျိုး (ဘားမန်း) များအကြား အချက်အခြာကျသည့် လမ်းဆုံလမ်းခွနေရာ၌ အရေးပါသည့် အခန်းကဏ္ဍမှ အစဉ်အဆက်ပါဝင်နေခဲ့သည်။ ဤနယ်မြေဒေသ၌ နေထိုင်လျက်ရှိသည့် လူဦးရေအများစုသည် ကယား၊ ကယန်း၊ ကယော/ပရဲ့၊ ကော်ယော (မနူး၊ မနော)၊ ဂေဘား၊ ပကူးနှင့် ယင်းတလဲ လူမျိုးများဖြစ်ကြပြီး ကရင်အဆက်အနွယ်များဖြစ်သည်ဟုလည်း သတ်မှတ်ယူဆလေ့ရှိသည်။ သမိုင်းအစဉ်အဆက် ကရင်နီဟု သိလာခဲ့ကြသည့် ဤမျိုးနွယ်စုများသည် ၎င်းတို့အားလုံးကို ကိုယ်စားပြု၍ စုပေါင်းခေါ်ဝေါ်သည့် အဆိုပါအမည်ကို အကြီးဆုံးအုပ်စုဖြစ်သည့် ကယား (အခန်း ၇ ကို ကြည့်ပါ) မျိုးနွယ်စု၏ အနီရောင်ကဲသည့်ဝတ်စားဆင်ယင်မှုကို အခြေခံ၍ သတ်မှတ်ခဲ့ကြခြင်းဖြစ်သည်။ ယနေ့ခေတ်၌ အများစုသည် ခရစ်ယာန်ဘာသာကိုးကွယ်ကြသူများဖြစ်နေပြီး အထူးသဖြင့် နှစ်ခြင်းခရစ်ယာန်နှင့် ကက်သလစ်ဘာသာဝင် အများဆုံးဖြစ်ကြသည်။

ခရိုင်နှစ်ခုနှင့် မြို့နယ် (၇) ခုရှိသည့် ကယားပြည်နယ်တွင်း မှီတင်းနေထိုင်လျက်ရှိသည့် လူဦးရေသည် ခန့်မှန်းခြေအားဖြင့် ၃၀၀၀၀၀ ဝန်းကျင်ခန့်ရှိသည်။[၁] ထို့အပြင် ကယန်းလူဦးရေ ၆၀၀၀၀ ကျော်သည် လက်ရှိအချိန်၌ အိမ်နီးချင်းဖြစ်သည့် အဓိကအားဖြင့် ရှမ်းပြည်နယ်ဖက်ခြမ်းရှိ ထိစပ်နယ်နိမိတ်တစ်လျှောက် နေထိုင်လျက်ရှိသည်။ မကြာခဏဆိုသလို ဤနယ်မြေဒေသမှ လူများသည်

ကရင်နီနှင့် ကယန်းရေးရာ ကိစ္စရပ်များအတွင်း အပြန်အလှန်ပါဝင်ဆောင်ရွက်လာခဲ့ရာ၌ ယခုနောက်ပိုင်း ပိုမိုအားကောင်းလာခဲ့သည်။ ကယားပြည်နယ်အတွင်း ရှမ်းနှင့် ပအိုဝ်း (အခြားကရင်အဆက်အနွယ်များ) အနည်းငယ်ခန့်လည်း နေထိုင်လျက်ရှိရာဝယ် အများစုသည် ဗုဒ္ဓဘာသာများဖြစ်ကြပြီး မြန်မာနိုင်ငံ လွတ်လပ်ရေးရခဲ့သည့် ၁၉၄၈ ခုနှစ်နောက်ပိုင်း တစ်ဖြည်းဖြည်းဝင်ရောက်လာခဲ့ကြသည့် ဗမာတိုင်းရင်းသားဦးရေသည်လည်း တိုးပွားလာလျက်ရှိသည်။

အခြား "တောင်တန်းသားများ" နှင့်အတူ ၁၉ ရာစုအထိကရင်နီမျိုးနွယ်စုများနှင့် ပတ်သက်သည့် မှတ်တမ်းမှတ်ရာများ လွန်စွာနည်းပါးနေခဲ့သည်။ ခေတ်သစ်မနုဿဗေဒ သုတေသနပြုချက်က ကရင်နီမျိုးနွယ်စုခေါင်းဆောင်များ၏ နိုင်ငံရေးလက္ခဏာရပ် နေရာချထားမှုပုံစံသည် ၎င်းတို့ထက် အရေအတွက်အားဖြင့် ပို၍များပြားလျက်ရှိသည့် ပိုးနှင် စကောကရင်ညီနောင်များနှင့် ကွဲပြားလျက်ရှိသည်ဟုပြဆိုလျက်ရှိသည်။ မျိုးနွယ်စု ခေါင်းဆောင်များသည် ၎င်းတို့၏ မြောက်အရပ်ရှိ ရှမ်းပြည်နယ်တွင်း မင်းသားများအုပ်ချုပ်သည့် စော်ဘွား (စောဝ်ဖ) စနစ်ကို လက်ခံကျင့်သုံးသည့်ပုံစံဖြင့် နေရာချထားခဲ့ခြင်းဖြစ်သည်။[၂] ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်လာခဲ့ပြီးနောက်ပိုင်း ကရင်အဆက်အနွယ်များအကြား နိုင်ငံရေးအရ ပေါင်းစည်းဆောင်ရွက်မှုများပိုမိုနက်ရှိုင်းလာခဲ့သော်လည်း "ကရင်တစ်မျိုးသားလုံးပေါင်းစည်းရေး" လှုပ်ရှားမှုအသွင်ရုပ်လုံးပေါ်လာခဲ့ခြင်းမရှိပေ။ ယေဘုယျအားဖြင့် ကရင်အဆက်အနွယ်များအကြား ခေတ်သစ်နိုင်ငံရေးအသွင်ဆောင်သည့် ကရင်၊ ကရင်နီ၊ ကယန်းနှင့် ပအိုဝ်းဟူသည့် တိုင်းရင်းသားအခြေပြု အမျိုးသားရေးလှုပ်ရှားမှုများကိုအသီးသီးကိုယ်စားပြုထားသည့် အမျိုးသားလက္ခဏာရပ်ကြီးလေးခုကို တည်ဆောက်ခဲ့ကြသည်ဟု ဆိုနိုင်ပါသည်။ ဤမျိုးနွယ်စုများအားလုံးသည် လွန်ခဲ့သည့်ရာစုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် တော်လှန်ရေးကာလများ၌ အကြိမ်ပေါင်းများစွာ အပြန်အလှန်ဖေးမကူညီခဲ့ကြသည်။

## ကရင်နီလွတ်လပ်ရေးနှင့် ဗြိတိသျှအုပ်ချုပ်ရေး

ဗြိတိသျှများ ရောက်လာခဲ့သည့် ၁၉ ရာစုနှစ်အတွင်း ကန္တရဝတီ၊ ကြယ်ဖိုးကြီး၊ ဘောလခဲ၊ နောင်ပုလဲနှင့် နန်းမယ်ခုံဟူသည့် ကရင်နီပြည်နယ်ခွဲ (၅) ခုရှိနေခဲ့သည်။ အဆိုပါပြည်နယ်ခွဲငါးခုကို နောက်ပိုင်း၌ ကန္တရဝတီ၊ ကြယ်ဖိုးကြီးနှင့် ဘောလခဲ (တောင်ဘောလခဲနှင့် မြောက်ဘောလခဲ) ဟူသည့် ပြည်နယ်ခွဲသုံးခုအဖြစ် ပြင်ဆင်ပေါင်းစည်းလိုက်ပြီးအုပ်ချုပ်သူ စော်ဘွားနှင့် မြို့စားများကို အိန္ဒိယနိုင်ငံ မဟာရာဂျာများနှင့်တန်းတူ လုပ်ပိုင်ခွင့်အာဏာ အပ်နှင်းပေးခဲ့သည်။[၃] တတိယအကြိမ်မြောက် အင်္ဂလိပ်–မြန်မာစစ်ပွဲ မတိုင်မီကတည်းက ဗမာဘုရင်မင်းတုန်းမင်းနှင့် ချုပ်ဆိုခဲ့သည့် ၁၈၇၅ ခုနှစ် ပဋိညာဉ်စာချုပ်အရ လွတ်လပ်သည့် "အနောက်ကရင်နီပြည်" အဖြစ်ရပ်တည်ခဲ့သည့် သမိုင်းအထောက်အထားကို ဗြိတိသျှတို့ဆက်လက် အသိအမှတ်ပြုခဲ့သည်။[၄] ကရင်နီတို့၏ နိုင်ငံရေးအဆင့်အတန်းကို စုံစမ်းစစ်ဆေးမှု ၁၂ ကြိမ်ပြုလုပ်ခဲ့သော်လည်း မည်သည့်အခါကမျှ ကရင်နီပြည်ကို ဗြိတိသျှ–ဘားမားအတွင်းသို့ တရားဝင်သွတ်သွင်းခဲ့ဖူးခြင်းမရှိပေ။[၅] ၁၉၄၇ ခုနှစ်၌ တောင်တန်းဒေသ စူးစမ်းလေ့လာရေးကော်မတီက "ကရင်နီပြည်နယ်သုံးခုသည် မည်သည့်အခါကမျှ ဗြိတိသျှသရဖူအောက်သို့ သွတ်သွင်းခံခဲ့ရခြင်းမရှိသည့် မြေရှင်ပဒေသရာဇ်စနစ် ကျင့်သုံး၍ အခွန်တော်သာဆက်သခဲ့သည့်ပြည်နယ်များဖြစ်သည်" ဟုအသိအမှတ်ပြုခဲ့သည်။[၆] ၁၈၇၅ ခုနှစ် ပဋိညာဉ်စာချုပ်နှင့် နောက်ဆက်တွဲအသိအမှတ်ပြုမှုသည် အချုပ်အခြာအာဏာနှင့် ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ကို အရေးဆိုတောင်းခံလာကြသည့် ကရင်နီ (နှင့်အချို့သောကရင်) အမျိုးသားရေးဝါဒီများအကြားအလွန်အရေးပါသည့် အကြောင်းပြချက်ကောင်းတစ်ရပ်ဖြစ်လာခဲ့သည်။

သို့သော်လည်း ဗြိတိသျှအုပ်ချုပ်ရေးသည် ကရင်နီနိုင်ငံရေးသမိုင်း၌ ငြိမ်းချမ်း၍ ပျော်ရွှင်ဖွယ်ကောင်းသည့်ကာလတစ်ရပ်ကိုဆောင်ကျဉ်းပေးခဲ့သည်ဟုကွက်၍ယူဆပါက တိကျမှန်ကန်လိမ့်မည်မဟုတ်ပေ။ ၎င်းတို့၏ အိမ်နီးချင်းကရင်များနည်းတူ နယ်ခံလူထုလူတန်းစားများအကြား (နှစ်ခြင်းခရစ်ယာန်နှင့် ကက်သလစ်ကြီးစိုးသော) ခရစ်ယာန်သာသနာ စတင်ပျံ့နှံ့လာသည်နှင့်အမျှ ပညာရေး


ထွန်းကားလာပြီး ပထမဦးဆုံးအကြိမ်အဖြစ် ကရင်–ကရင်နီ မျိုးနွယ်စုဘာသာစကားများကို စတင်ရေးသားလာနိုင်ခဲ့ ကြသည်။ သို့သော်လည်း ကိုလိုနီအုပ်ချုပ်ရေး စနစ်ကို အစောဆုံး တွန်းလှန်ပုန်ကန်မှုသည် ကန္တရဝတီမြို့စား စောလဖော်ကြောင့် ပေါ်ပေါက်လာခဲ့ပြီး ဆက်တိုက်ဆို သလို ကျယ်ပြန့်လာခဲ့ခြင်းဖြစ်သည်။

ထိုနည်းတူပင် ဖွံ့ဖြိုးရေး နယ်ပယ်သည်လည်း ဗြိတိသျှအာဏာပိုင်များ ပြဋ္ဌာန်းကျင့်သုံးလိုက်သည့် ဒိုင် အာခီစနစ်အောက်၌ သိသိသာသာလစ်လျူရှုခံခဲ့ရသည်။

ဤစနစ်က ဗြိတိသျှ–ဘားမားကို ဝန်ကြီးများအုပ် ချုပ်သည့် ဗမာပြည်မနှင့် တောင်တန်းဒေသအုပ်ချုပ်ရေး ဟူ၍ နှစ်ခြမ်းကွဲသွားစေခဲ့သည်။ ဗမာတိုင်းရင်းသား အများ ဆုံးမှီတင်းနေထိုင်လျက်ရှိသည့် ဗမာပြည်မ၌ ပါလီမန် စနစ်ဖြင့် “ကိုယ်ပိုင်အုပ်ချုပ်” သည့်ပုံစံမျိုးကို မိတ်ဆက် ကျင့်သုံးလာခဲ့သည်။ ကချင်၊ ချင်းနှင့် ရှမ်းကဲ့သို့သော တိုင်း ရင်းသားများ မှီတင်းနေထိုင်လျက်ရှိသည့် တောင်တန်း ဒေသအုပ် ချုပ်ရေးနယ်မြေဒေသများရှိ ဒေသန္တရအုပ်ချုပ် ရေးစနစ်သည် ရိုးရာအာဏာပိုင်ခေါင်းဆောင်များ၏ နေ့ တစဉ် အုပ်ချုပ်မှုပုံစံအပေါ် နက်နက်ရှိုင်းရှိုင်း အခြေခံထား ခြင်းဖြစ်သည်။

နိုင်ငံရေးနှင့် တိုင်းရင်းသား သွေးခွဲအုပ်ချုပ်ရေး သည် ဤနေရာ၌သာ ရပ်တန့်နေခဲ့သည် မဟုတ်ပေ။ ဗြိတိသျှ–ဘားမားသည် ၁၉၃၇ ခုနှစ်အထိ ဗြိတိသျှ–အိန္ဒိယ အင်ပါယာ၏ လက်ဝယ်ခံနိုင်ငံအဖြစ်သာ ဆက်ရှိနေခဲ့သည်။ ဤအချက်က နိုင်ငံနယ်နိမိတ်အတွင်းရှိ တိုင်းရင်းသား လူမျိုးပေါင်းစုံ ပါဝင်သည့် လူ့ဘောင်အသိုက်အဝန်းနှင့် နိုင်ငံရေးကို အကွဲကွဲအပြဲပြဲဖြစ်စေခဲ့သကဲ့သို့ပင် “ဗမာ” သို့မဟုတ် “မြန်မာ” အားနိုင်ငံတစ်နိုင်ငံအဖြစ် ပီပီပြင်ပြင် ဖွံ့ဖြိုးတိုးတက်လာနိုင်ခြင်းမရှိရန် အဟန့်အတားဖြစ်စေ ခဲ့ကြောင်း ထင်ရှားလာခဲ့သည်။ နိုင်ငံရေးအရ မည်မျှပင် ဆန့်ကျင်ကန့်ကွက်ခဲ့ကြသော်လည်း ကရင်စကားပြော ကြသူများကိုကရင်နီပြည်နယ်များအပါအဝင်တောင်တန်း ဒေသနှင့် ဗမာပြည်မရှိ ခရိုင်အမြောက်အမြားပါဝင်သည့် ဒေသကြီး (၅) ခုသို့ တစ်ကွဲတစ်ပြားစီ ခွဲခြားနေရာချခံခဲ့ ကြရသည်။[၈] ကိုလိုနီခေတ်ကာလတွင်း ပြုလုပ်ခဲ့သည့် ဤ အရွှေ့ကို အရင်းစစ်လိုက်သည့်အခါ လုံခြုံရေးနှင့် အကျိုး အမြတ်သည်သာလျှင် အဓိကအကြောင်းရင်းခံဖြစ်နေသည် ဟု သုံးသပ်ယူဆနိုင်ပါသည်။ ကရင်နီဖြစ်ရပ်ကိုကြည့်ပါက သစ်၊ ခဲမဖြူနှင့် အခြားသယံဇာတအရင်းအမြစ်ထုတ်ယူ ရေးသည် အဓိကအကျဆုံး မောင်းနှင်အားဖြစ်နေသည်။ ၁၉၃၀ ခုနှစ်အရောက်တွင် ကရင်နီတောင်ပိုင်းဒေသရှိ မော်ချီးသတ္တုတွင်းထွက်ခဲမဖြူနှင့်အဖြိုက်နက်သည်ကမ္ဘာ့ ဈေးကွက်၏ အရေးအကြီးဆုံးသတ္တုသိုက်အဖြစ် နာမည် ကျော်ခဲ့သည်။

နယ်ခံလူထုလူတန်းစားများ၏ရပ်ရေးရွာရေးကိစ္စ ရပ်များအပေါ် ဆိုးရွားပြင်းထန်သည့် နောက်ဆက်တွဲဂယက် ရိုက်ခတ်မှုများလည်း ဖြစ်ပွားလာခဲ့သည်။ တောင်တန်း ဒေသနယ်မြေများ ဖွံ့ဖြိုးတိုးတက်ရေး သို့မဟုတ် ပြင်ပ ကမ္ဘာ့နိုင်ငံရေးနှင့် ဗမာပြည်မဆက်ဆံရေး ခိုင်မာအား ကောင်းလာအောင် တည်ဆောက်ရေးကိစ္စရပ်များနှင့် ပတ် သက်၍ လောက်လောက်လားလား ကြိုးပမ်းအားထုတ်မှု မရှိခဲ့ပေ။ ထင်သာမြင်သာအရှိဆုံး သာဓကတစ်ခုအနေဖြင့် ဗြိတိသျှတို့သည် ဗမာ့တပ်မတော်အတွင်း လူများစုဗမာ




ကရင်နီအမျိုးသားများ၏ ဓာတ်ပုံနှင့် ပို့စကတ်ဟောင်း (TK စုစည်းမှု)

များထက်စာလျှင် ကချင်၊ ကရင်နှင့် ချင်း (တောင်ပေါ်သားများ) ကိုခန့်အပ်တာဝန်ပေးရန်သာ ပိုမိုစိတ်အားထက်သန်ခဲ့ကြသည်။

အဆိုပါခွဲခြားခွာပြဲမှုအတိုင်းအတာသည် ဒုတိယကမ္ဘာစစ်အတွင်း ပို၍ထင်သာမြင်သာ ဖြစ်လာခဲ့သည်။ အစောပိုင်းကာလ ဂျပန်ဖက်သို့ ဗိုလ်ချုပ်အောင်ဆန်း၏ ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA) ဝင်ရောက်သွားခဲ့စဉ်က ကရင်နီလူထုသည် ၎င်းတို့၏ အိမ်နီးချင်းကရင်များနည်းတူ ဗြိတိသျှတို့အပေါ် ဆက်လက်သစ္စာခံခဲ့ကြသည်။ နောက်ပိုင်း၌ ကရင်–ကရင်နီ နယ်စပ်ဒေသများသည် မဟာမိတ်တပ်ဖွဲ့များကို ထောက်ခံအားပေးသည့် ခုခံတွန်း လှန်မှု၏အရေးပါသည့် ဗဟိုချက်မဖြစ်လာခဲ့ပြီး ဂျပန်အပေါ်စော၍အောင်ပွဲဆင်နိုင်စေခဲ့သည်။[၉] စစ်ကြီးပြီးဆုံးသွားသည့်အခါ ဗြိတိသျှအထူးစစ်ဆင်ရေးတပ်ဖွဲ့ ၁၃၆ ၏ နေရပ်ပြန်မည့် စစ်အရာရှိများက "နိုင်လိုမင်းထက် ကျူးကျော်ရန်စမှုကို တွန်းလှန်သည့် တိုက်ပွဲအတွင်း" အသက်ပေးသွားခဲ့ကြသည့် နယ်ခံစေတနာ့ဝန်ထမ်းများကို ဂုဏ်ပြုသည့်မော်ကွန်းကျောက်တိုင်တစ်ခုကိုကရင်နီတောင်တန်းများပေါ်၌ စိုက်ထူသွားခဲ့ကြသည်။[၁၀]

ဗြိတိသျှတို့ ထွက်ခွာမည့်နေ့ရက် ဆိုက်ရောက်လာသည့်အခါ တရားမျှတသည့် နိုင်ငံရေးဖြေရှင်းချက်မျိုးကိုချန်ရစ်ခဲ့လိမ့်မည်ဟု ကရင်နီခေါင်းဆောင်များမျှော်လင့်ခဲ့ကြသည်။ စစ်ကြောင့် ဖွတ်ဖွတ်ကြေနေသည့် အခြေအနေကို ပြန်လည်တည်ဆောက်ရန် ကမ္ဘာတစ်လွှား ကြိုးပမ်းအားထုတ်လာကြသည့်နည်းတူ "အမျိုးသားလွတ်မြောက်ရေး" ခေါ်သံများလည်း ပိုမိုကျယ်လောင်လာခဲ့သည်။ ဗြိတိသျှ–ဘားမားနည်းတူပင် သုံးနှစ်အတွင်း နိုင်ငံခြားတိုင်းပြည်၏ အုပ်ချုပ်မှု အဆုံးသတ်သွားခဲ့သော်လည်း ကရင်နီ၏ မေးခွန်းအတွက် ပေးစရာအဖြေကား မရှိခဲ့လေပြီ။

## ပြည်ထောင်စုနိုင်ငံရေးနှင့် ကရင်နီပြည်နယ်၏ ထူးကဲခြားနားမှု

လွတ်လပ်ရေး ရရှိရန်သာ အပူတပြင်းကြိုးပမ်းလျက်ရှိသဖြင့် ကရင်နီပြည်နယ်၏ တမူထူးသည့် အနေအထားကို ဖြေရှင်းမှုမပြုဘဲ ဘေးဖယ်ထားခဲ့ကြသည်။ သို့သော်လည်း ကရင်နီပြည်နယ်၏ အထူးအဆင့်အတန်းကို အားလုံးက လက်ခံအသိအမှတ်ပြုခဲ့ကြသည်ဟု ဆိုနိုင်ပါသည်။ ၎င်းတို့အနက် အနာဂတ်အစိုးရဖြစ်လာမည့် ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် (၁၉၄၄ ခုနှစ်၌ ဖွဲ့စည်းခဲ့သည့် ဖဆပလ) နှင့် ယင်းအချိန်က တိုင်းရင်းသားများ၏ အသံကို ဦးဆောင်ကိုယ်စားပြုခဲ့သည့် ကရင်အမျိုးသားအစည်းအရုံး (၁၉၄၇ ၌ ဖွဲ့စည်းခဲ့သည့် ကေအဲန်ယူ) တို့လည်း အပါအဝင်ဖြစ်ခဲ့ကြသည်။ ၁၉၄၆ စက်တင်ဘာလအတွင်း ကရင်နီပြည်နယ်များအကြား စည်းလုံးညီညွတ်သော ကရင်နီပြည်၏ လွတ်လပ်သော ပြည်နယ်များကောင်စီကို တစ်ပြိုင်တည်းဖွဲ့စည်း တည်ထောင်ခဲ့ကြသည်။ အချို့သော အမျိုးသားရေးဝါဒီများက ကရင်နီပြည်နယ်များအနေဖြင့် "ပြည်ထောင်စု မြန်မာနိုင်ငံတော်" သစ်၌ လွပ်လပ်ရေး သို့မဟုတ် ဗဟိုနှင့်သီးခြားအာဏာခွဲဝေရေးကို တောင်းဆိုသွားမည့် "တစ်ခုတည်းသော ကရင်ပြည်နယ်"တစ်ခုကိုဖွဲ့စည်းတည်ထောင်ရန်ကရင်၊ကယန်းနှင့် ပအိုဝ်းအများစုနေထိုင်လျက်ရှိသည့် ဒေသများနှင့် ပေါင်းစည်းသင့်သည်ဟု လက်ခံယုံကြည်ခဲ့ကြသည်။ အချို့ကလည်း ယင်းထက်စာလျှင် ကရင်နီပြည်နယ်၏ အချုပ်အခြာအာဏာပိုင်စိုးရေးကို ဦးစွာရှေ့တန်းတင်သင့်သည်ဟုစောဒကတက်ခဲ့ကြသည်။ ဤအမြင်သဘောထားများကိုပေါင်းစပ်ထားသည့် အဆိုကို ကရင်နီ–မုန်းပိုင် (မိုးဗြဲ) ပူးတွဲကိုယ်စားလှယ် အဖွဲ့မှ ၁၉၄၇ ခုနှစ် တောင်တန်းဒေသစူးစမ်းလေ့လာရေးကော်မတီသို့ တင်သွင်းခဲ့သည်။ ၎င်းတို့ကရှမ်းပြည်နယ်ခွဲ မုန်းပိုင် (မိုးဗြဲ) တစ်ခုတည်းကိုသာ လိုချင်ခဲ့သည်မဟုတ်ဘဲ အိမ်နီးချင်းသံလွင်ခရိုင်ထိတောင်းဆို၍ "စစ်တောင်းအရှေ့ဘက်ကမ်း တောင်တန်းများပေါ်မှ ကရင်များအားလုံး တစ်ခုတည်းသောကရင်နီပြည်ထဲသို့ ပေါင်းစည်းကြရန်" လိုလားခဲ့ခြင်းဖြစ်သည်။[၁၁]

ဤအချက်များအားလုံးသည် ဖဆပလခေါင်းဆောင်များပိတ်ပင်တားမြစ်သွားရန်ကြိုတင်ဆုံးဖြတ်ထား



ရှမ်းနှင့် ကရင်နီစော်ဘွားများ

သည့် အဆိုပြုလွှာများ ဖြစ်နေခဲ့သည်။ ရလဒ်အနေဖြင့် ကရင်နီနှင့် အခြားဗမာမဟုတ်သည့် တိုင်းရင်းသားများ၏ အမြင်သဘောထားများကို ဆက်လက်မျက်ကွယ်ပြုဘေး ဖယ်ထားခဲ့ကြသည်။ ထင်သာမြင်သာအရှိဆုံး သာဓက အနေဖြင့် ၎င်းတို့၏ ဝမ်းကွဲကရင်ညီနောင်များနှင့်အတူ ကရင်နီကိုယ်စားလှယ်များအားလုံး အနာဂတ်ပြည်ထောင်စု အတွက်တန်းတူညီမျှရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုင်ရာ အခြေခံမူများကို ရေးဆွဲပြင်ဆင်သည့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလအတွင်း ကျင်းပခဲ့သည့် သမိုင်းတွင်မည့် ပင်လုံညီလာခံ၏ တက်ရောက်သူစာရင်း၌ ပါဝင်ခြင်းမရှိ ဘဲပျောက်ဆုံးနေခဲ့သည့် အထောက်အထားကို ကြည့်ရှုနိုင် ပါသည်။[၁၂] တစ်ချိန်တည်း၌ တိုင်းရင်းသားလူမျိုးများ၏ အဝန်းအဝိုင်းကြား နိုင်ငံရေးရပ်တည်ချက်များ ဝါးအစည်း ပြေသကဲ့သို့ဖြစ်နေပြီး စည်းလုံးရန် ခက်ခဲလာခဲ့သည်။ ကရင်နီပြည်နယ်၌လည်း စော်ဘွားမိသားစုများအကြား၊[၁၃] ကက်သလစ်နှင့် နှစ်ခြင်းခရစ်ယာန်များအကြား၊ ကယား၊ ကယန်းနှင့် အခြားမျိုးနွယ်စုများအကြား မတူကွဲပြားမှု များစွာ ရှိနှင့်နေခဲ့သည်။ ကက်သလစ်ဘာသာ ကိုးကွယ်ကြ သည့် ကယန်းအများစုနေထိုင်လျက်ရှိသည့် ရှမ်းပြည် နယ်ခွဲ မိုးဗြဲဒေသအနေဖြင့် ကရင်နီပြည်နယ်များနှင့် သွား ရောက်ပူးပေါင်းရမည်လော သို့တည်းမဟုတ် ရှမ်းပြည် နယ်၌သာ ဆက်လက်နေထိုင်ကြမည်လောဟူသည့် ကိစ္စ ရပ်သည် အမြဲတမ်းလိုလို စိန်ခေါ်မှုပြင်းထန်နေခဲ့သည်။[၁၄] သမိုင်းအစဉ်အဆက်ဆက်ခံလာခဲ့သည့် မိုးဗြဲစော်ဘွားများ သည်ရှမ်းများဖြစ်ကြသော်လည်းနယ်သူနယ်သားအများစု သည်ကယန်းတိုင်းရင်းသားများ ဖြစ်သည်ဟု အသိအမှတ် ပြုထားသည့် ဒေသတစ်ခုဖြစ်သည်။

နောက်ပိုင်း ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အတွင်း ဤကိစ္စရပ်နှင့်ပတ်သက်၍ အလျှော့အတင်းပြု လုပ်နိုင်မည့် အပေးအယူတစ်ခုကို ပြင်ဆင်ချပြလာခဲ့ သည်။[၁၅] ကရင်နီပြည်နယ်သုံးခု ပေါင်းစည်း၍ ယခင် ဗြိတိသျှ–ဘားမားနယ်မြေဒေသများနှင့်အတူ အသစ်ထွက် ပေါ်လာမည့် ပြည်ထောင်စု၌ ကချင်၊ ရှမ်းနှင့် (ဆက်လက်

ညှိနှိုင်းဆွေးနွေးသွားရန်) ကရင်တို့နည်းတူစတုတ္ထမြောက် တိုင်းရင်းသားပြည်နယ်တစ်ခုအဖြစ် ပေါင်းစည်းသွားရန် ဖြစ်သည် (ပုဒ်မ ၂)။ အသစ်ဖွဲ့စည်းလိုက်သည့် ကရင်နီ ပြည်နယ်၏ လွတ်လပ်သည့် သမိုင်းအစဉ်အလာကို လေးစားအသိအမှတ်ပြုသည့်အနေဖြင့် ရှမ်းပြည်နယ်နှင့်အတူ ၁၀ နှစ်တာ ရှေ့ပြေးကာလအလွန်၌ ခွဲထွက်လိုပါက ခွဲထွက်နိုင်သည်ဟု အထူးအခွင့်အရေးပေးခဲ့သည် (ပုဒ်မ ၂၀၁-၆)။ အကယ်၍ အနာဂတ်ကာလ၌ လူထုများက လိုလားနှစ်ခြိုက်ခဲ့လျှင် ကရင်နှင့် ကရင်နီပြည်နယ်များကို ပေါင်းစည်းသွားနိုင်သကဲ့သို့ မိုးဗြဲပြည်နယ်ခွဲကိုပါ ကရင်နီပြည်နယ်ထဲသို့ သွတ်သွင်းနိုင်သည်ဟု ခွင့်ပြုပေးခဲ့သည်။ နောက်ထပ် ထူးခြားချက်တစ်ရပ်အနေဖြင့် ရှမ်းနှင့် ကရင်နီ စော်ဘွားများ၏ရိုးရာအစဉ်အလာ လုပ်ပိုင်ခွင့်အာဏာများကိုပါအသိအမှတ်ပြုပေးခဲ့ခြင်းဖြစ်သည်။အဆိုပါအသိအမှတ်ပြုချက်အရ ၎င်းတို့သည် အမျိုးသားလွှတ်တော်၏ ကိုယ်စားလှယ်အမတ်များ ဖြစ်လာကြမည်ဖြစ်သဖြင့် ယင်းဆုံးဖြတ်ချက်ကို "မြေရှင်ပဒေသရာဇ်ဆန့်ကျင်ရေး" နှင့် လက်ဝဲယိမ်း နိုင်ငံရေးသမားများက ဆန့်ကျင်ကန့်ကွက်ခဲ့ကြသည်။[၁၆]

ရလဒ်အနေဖြင့် ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ကရင်နီပြည်နယ်၌ဖြစ်စေ ပိုမိုကျယ်ပြန့်သည့် "ပြည်ထောင်စုမြန်မာနိုင်ငံတော်" သစ်၌ပင်ဖြစ်စေ နိုင်ငံသူနိုင်ငံသားအများစု လိုလားခဲ့သည့် သဘောဆန္ဒနှင့် များစွာ အလှမ်းဝေးသွားတော့သည်။ ကရင်နီပြည်နယ်၏ အနေအထားကို ကြည့်မည်ဆိုပါက ၎င်းတို့၏သမိုင်းစဉ်လာအထူးအဆင့်အတန်းကို အသိအမှတ်ပြုခံထားရပြီး ဖြစ်သည်။လူထုလူတန်းစားခေါင်းဆောင်များကလည်း ယင်းအပေါ်အခြေခံ၍ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အနာဂတ်တိုင်းရင်းသားမျိုးနွယ်စုများအကြားစိတ်သဘောထားချင်း ညီညွတ်မျှတစေမည့် အခြေခံအုတ်မြစ်ကို တည်ဆောက်နိုင်လိမ့်မည်ဟု ယုံကြည်ခဲ့ကြသည်။

သို့သော်လည်း ယင်းမျှော်လင့်ချက်များ သက်တမ်းကြာရှည်မခံဘဲ နိဂုံးချုပ်သွားခဲ့ရသည်။ ဗြိတိသျှတို့ထွက်ခွာသွားပြီးနောက် လအနည်းငယ်အကြာ ၁၉၄၈ ခုနှစ် ဇန်နဝါရီလအတွင်း တောကြိုအုံကြားမကျန် တစ်နိုင်ငံလုံးသို့ပျံ့နှံ့သွားခဲ့သည့် နိုင်ငံရေးနှင့် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခ၏ ရှေ့တော်ပြေးဖြစ်သည့် အလွန်အန္တရာယ်ကြီးသည့် သဘောထားကွဲလွဲမှုကြီး ပြည်ထောင်စုသစ်ကို ဝါးမြိုသွားခဲ့သည်။

## ကရင်နီအမျိုးသားရေးဝါဒ ကြီးထွားအားကောင်းလာခြင်း (၁၉၄၈–၆၂)

များစွာစောင့်ဆိုင်းလိုက်ရခြင်းမရှိဘဲ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေကြီး အောင်မြင်ဖြစ်ထွန်းနိုင်ခြေမရှိကြောင်း ထင်ရှားလာခဲ့သည်။ သဘောတရားအရ ဖက်ဒရယ်ဟု ကြွေးကြော်ထားသော်လည်း ပြန်ဋ္ဌာန်းချက်များအတွင်း ဖက်ဒရယ်အနှစ်သာရများ ပျောက်ဆုံးနေခဲ့သည်။[၁၇] ၁၉၄၇ ခုနှစ် နှစ်လယ်ပိုင်း၌ ဂိုဘီတူရီ ဦးဆောင်သည့် အမျိုးသားရေးဝါဒီအုပ်စုက ကရင်နီပြည်နယ်လွတ်လပ်ရေးကို ထုတ်ပြန်ကြေညာခဲ့ကြသည်။ ထိုအချိန်မှစ၍ နိုင်ငံရေးနှင့် တိုင်းရင်းသားပဋိပက္ခကြီး တစ်နိုင်ငံလုံးကို ဝါးမြိုသွားခဲ့ပြီး ဂိုဘီတူရီသည်လည်း ၁၉၄၈ ဩဂုတ်လ၌ ပြည်ထောင်စုစစ်ရဲတပ်ဖွဲ့၏ လက်ဦးမှု ရယူလုပ်ကြံသတ်ဖြတ်ခံခဲ့ရသည်။ တစ်ပြည်နယ်လုံး၏ ဒေါသအိုးကို ပေါက်ကွဲသွားစေခဲ့သည့် အဆိုပါတုန်လှုပ်ခြောက်ခြားဖွယ်ရာလုပ်ရပ်ဖြစ်ပွားပြီးချိန်မှစ၍ ကရင်နီလူထုများအကြား လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ် စတင်မွေးဖွားလာခဲ့ပြီး အာဏာရအစိုးရ အဆက်ဆက်ကို တော်လှန်လာခဲ့သည်မှာ ယနေ့တိုင်ဖြစ်သည်။ နောက်ပိုင်းလများ၌ ကရင်နီရွာသူရွာသား ရာပေါင်းများစွာသည် တပ်ဖွဲ့ ၁၃၆ မှ စစ်ပြန်ဟောင်း (စောဝ်ရွှေဟုလည်းသိကြသည့်) ကြယ်ဖိုးကြီးစော်ဘွားစောရွှေနှင့် လက်တွဲကာ ဖဆပလ အစိုးရကို လက်နက်စွဲကိုင်တော်လှန်ရေး စတင်ဆင်နွှဲခဲ့ကြသည်။ ထိုလှုပ်ရှားမှုများကို အမှတ်ရဂုဏ်ပြုသည့်အနေဖြင့် ဩဂုတ်လ ၉ ရက်နေ့ကို "ကရင်နီအမျိုးသားတော်လှန်ရေးနေ့" နှင့် ဩဂုတ်လ ၁၇ ရက်နေ့ကို "ကရင်နီ တပ်မတော်နေ့" အဖြစ် သတ်မှတ်ကာ နှစ်စဉ်အလေးအမြတ်ထား ဂုဏ်ပြုလာခဲ့ကြခြင်းဖြစ်သည်။

ဗဟိုအုပ်ချုပ်ရေးစနစ် ပြိုလဲသွားခဲ့သော်လည်း ဖဆပလအစိုးရသည် အံ့ဩဖွယ်ရာကောင်းစွာ ဆက်လက်ရှင်သန်ရပ်တည်နိုင်ခဲ့လေသည်။ ဗြိတိသျှတို့ပင် မထွက်ခွာရသေးချိန် ရခိုင်ပြည်နယ်၌ လက်နက်ကိုင်တိုက်ပွဲများ ဖြစ်ပွားလာခဲ့ပြီး ၁၉၄၈ ခုနှစ် မတ်လအရောက်တွင် ဗမာ

ပြည်ကွန်မြူနစ်ပါတီမှ မြန်မာနိုင်ငံအလယ်ပိုင်း၌ လက်နက်ကိုင်တော်လှန်ရေး စတင်လာခဲ့သည်။ နောက်ပိုင်းလများအတွင်း အမျိုးသားစစ်တပ် (တပ်မတော်) သည် တပ်တွင်းပုန်ကန်မှုပေါင်းများစွာဖြင့် ကစဥ့်ကလျားပြိုကွဲသွားခဲ့သည်။ ၁၉၄၉ ခုနှစ် ဇန်နဝါရီလအတွင်း KNU သည် ပအိုဝ်းနှင့် မွန်အပါအဝင် အခြားတိုင်းရင်းသား ခွဲထွက်ရေးတပ်ဖွဲ့များနည်းတူ မတတ်သာသည့်အဆုံး လက်နက်ကိုင်တော်လှန်ရေးလမ်းစဥ်၌ စတင်ပါဝင်လာခဲ့သည်။ လက်နက်ကိုင်ပဋိပက္ခသည် တရုတ်ပြည်တွင်း၌ မော်စီတုန်းကို စစ်ရှုံးသွားခဲ့ကြသည့် တရုတ်ကူမင်တန် (KMT) တပ်အကြွင်းအကျန်များ နှစ်ကုန်ပိုင်း၌ ရှမ်းပြည်နယ်အတွင်းသို့ ထိုးဖောက်ဝင်ရောက်လာပြီးနောက်ပိုင်း အခြေအနေ ပိုမိုဆိုးရွားပြင်းထန်လာခဲ့သည်။[၁၈]

ကရင်နီနယ်မြေဒေသရှိ အင်အားကြီးမျိုးနွယ်စုတစ်ရပ်ဖြစ်သည့် ကယားလူမျိုးကို အစွဲပြု၍ ကရင်နီပြည်နယ်ကို ဖဆပလအစိုးရက "ကယားပြည်နယ်" အဖြစ် အမည်ပြောင်းပစ်ခဲ့သည့် ၁၉၅၁ ခုနှစ်ဝန်းကျင်မှစ၍ ကရင်နီလူထု၏ နာကျည်းချက်များ ပိုမိုနက်ရှိုင်းလာခဲ့သည် ("နာမည်တစ်ခုထဲမှာ ဘာတွေပါနေသလဲ။ ကယားလား ကရင်နီပြည်နယ်လား"ဟူသည့် စာကွက်ကိုကြည့်ပါ)။ ဤအချက်သည် သမိုင်းအစဥ်အဆက် လွတ်လပ်သည့်တိုင်းပြည်တစ်ခုအဖြစ်ရပ်တည်လာခဲ့သည့် ကိုယ်ပိုင်လက္ခဏာရပ်ကို ဖျောက်ဖျက်ပစ်သည့် ကြိုးပမ်းအားထုတ်မှုတစ်ရပ် ဖြစ်ပြီး ကယားမျိုးနွယ်စုနှင့် အခြားကရင်အဆက်အနွယ် အုပ်စုများအကြား အကွဲအပြဲဖြစ်စေမည့် "သွေးခွဲအုပ်ချုပ်ရေး" စနစ်တစ်ရပ်ကိုထူထောင်လိုက်ခြင်းဖြစ်သည်ဟုအကျယ်တဝင့် ဝေဖန်ထောက်ပြခဲ့ကြသည်။[၁၉] နယ်မြေချင်းထိစပ်ဒေသလျက်ရှိသည့်တောင်တန်းများပေါ်၌ သွားလာလှုပ်ရှားလျက်ရှိသည့် KNU တပ်ဖွဲ့များနှင့် ကရင်နီတပ်ဖွဲ့များကို ထိုအချိန်က ခွဲခြား၍မရနိုင်ခဲ့ပေ။[၂၀]

နောက်တစ်နှစ်အကြာတွင် ကရင်ပြည်နယ်အဖြစ်[၂၁] အိမ်နီးချင်းထိုင်းနိုင်ငံနှင့် ထိစပ်လျက်ရှိသည့် နယ်စပ်ဒေသများကို ပိုင်းခြားသတ်မှတ်ပေးခဲ့သည်။ ဒေသအဝှမ်း မှီတင်းနေထိုင်လျက်ရှိသည့် ကရင်လူဦးရေ၏ လေးပုံတစ်ပုံမျှကို သာလွှမ်းခြုံမှုရှိခဲ့သည့် အဆိုပါ ပိုင်းခြားသတ်မှတ်ချက်သည် KNU ၏တောင်းဆိုချက်နှင့် များစွာကွာဟနေခြင်းကြောင့် လက်နက်ကိုင် တော်လှန်ရေးတိုက်ပွဲများ မပြီးနိုင်မစီးနိုင် ဆက်လက်ဖြစ်ပွားလာခဲ့သည်။ KNU နှင့် အနီးကပ်လက်တွဲတော်လှန်ခဲ့သည့် ကရင်နီခေါင်းဆောင် စောရွှေသည် နောက်ပိုင်း၌ ငှက်ဖျားရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိခဲ့ရသည်။ သို့သော်လည်း ၁၉၅၇ ခုနှစ် မေလ ၂ ရက်နေ့၌ ကရင်နီအရေးတော်ပုံကို စုစည်းပေါင်းစပ်သွားမည့် ရည်ရွယ်ချက်ဖြင့် အမျိုးသားရေးဝါဒီများက ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ကို ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။ ထိုအချိန်မှစ၍ KNPP သည် ကရင်နီကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် အခွင့်အရေးကို ထောက်ခံအားပေးသည့် အမာခံအင်အားစုအဖြစ် ရပ်တည်လာခဲ့တော့သည်။ နယ်မြေတည်ငြိမ်အေးချမ်းမှု ကင်းမဲ့လျက်ရှိသည့် အခြေအနေမျိုး၌ "ကယားပြည်နယ်" အဖြစ် အမည်သစ်မှည့်ခေါ်ခြင်းသည်လွတ်လပ်ရေးရပြီးစပါလီမန်ခေတ်အတွင်းမီးလောင်ရာလေပင့်သည့် လုပ်ရပ်တစ်ခုပင်ဖြစ်သည်။ ပြည်နယ်မြို့တော်လွိုင်ကော်နှင့် အရေးပါသည့် မော်ချီးမိုင်းတွင်းတို့ကို ဗဟိုအစိုးရကသာ ဆက်လက်ထိန်းချုပ်ထားခဲ့သည်။ ပြည်နယ်အုပ်ချုပ်ရေးကိုကန္တရဝတီစော်ဘွား၏သားတစ်ဦးဖြစ်သည့်တပ်ဖွဲ့ ၁၃၆ ပြန်ရဲဘော်ဟောင်း စပ်ဝဏ္ဏကဦးဆောင်ခဲ့ခြင်းဖြစ်သည်။ ၁၉၅၀ ခုနှစ်၌ ဝန်ကြီးချုပ်ဦးနု ဦးဆောင်သည့် ဖဆပလအစိုးရနှင့် ဂျပန်အကြားချုပ်ဆိုခဲ့သည့်နှစ်နိုင်ငံစစ်လျော်ကြေး သဘောတူစာချုပ်အောက်၌ လောပိတ (ဘီလူးချောင်း) ရေအားလျှပ်စစ်စီမံကိန်းကို စတင်



ကွယ်လွန်သွားခဲ့ပြီဖြစ်သည့် KNPP ခေါင်းဆောင်စောမောရယ် (၁၉၈၂ – MS)

အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။[၂၂] ၁၉၅၃ ခုနှစ် အရောက်တွင် ကယန်းအများစု မှီတင်းနေထိုင်လျက်ရှိသည့် မုန်းပိုင် (မိုးဗြဲ) ဒေသကိုလည်း စစ်တပ်ဖွဲ့စည်းအုပ်ချုပ်ပုံအရ ကယားပြည်နယ်အတွင်းသို့ ထည့်သွင်းပေါင်းစပ်ခဲ့ကြသည်။[၂၃] ဤဆုံးဖြတ်ချက်ချမှတ်သည့် အချိန်က တပ်ပိုင်းဆိုင်ရာ အရာရှိများသည် နှစ်ဖက်နယ်ခံလူထုလူတန်းစားများအကြား အပြန်အလှန် နီးစပ်လွန်းသည့် ဆက်နွယ်ပတ်သက်မှုများကိုပါ ထည့်သွင်းစဉ်းစားခဲ့ခြင်းဖြစ်သည်။ ကရင်နီနှင့် ကယန်း "မြို့တော်များ" (လွိုင်ကော်နှင့် ဖယ်ခုံ) တို့သည် ၂၅ ကီလိုမီတာသာ ကွာလှမ်းမှုရှိသည်။

ကယားပြည်နယ်အတွင်းရှိ မြို့ပြများနှင့်ဝေးရာ နယ်မြေဒေသအများစုသည် အမျိုးသားရေးဝါဒီတပ်ဖွဲ့များ၏ထိန်းချုပ်မှုအောက်၌ ဆက်လက်ရှိနေခဲ့သည်။ KNPP ကို ဖွဲ့စည်းတည်ထောင်လိုက်သည့် ၁၉၅၇ ခုနှစ်နောက် ပိုင်း ပါတီခေါင်းဆောင်များသည် မိမိတို့၏ နိုင်ငံရေးမဟာဗျူဟာများပိုမိုကျယ်ပြန့်လာစေရန် ကြိုးပမ်းအားထုတ်လာကြပြီး ၁၉၅၉ ခုနှစ်အရောက်တွင် KNPP သည် ညီညွတ်သော အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (NDUF) ၏ တွဲဖက်တည်ထောင်သူအဖြစ် ဗကပ နှင့် ကရင်၊ မွန်နှင့် ချင်းတိုင်းရင်းသား မဟာမိတ်အဖွဲ့များနှင့် ပူးပေါင်းသွားခဲ့သည်။[၂၄] ပါလီမန်ခေတ်အတွင်း လူထုထောက်ခံမှု နည်းပါးလွန်းလှသည့် အစိုးရတစ်ရပ်ဖြစ်နေသော်ငြားလည်း အတိုက်အခံကရင်နီအင်အားစုများအနေဖြင့် ဥပဒေပြုရေးအားဖြင့်သော်လည်းကောင်း လက်နက်ကိုင်တော်လှန်ရေးအားဖြင့်သော်လည်းကောင်း တစ်ကြိမ်တစ်ခါမျှ နိုင်ငံရေးလက်ဦးမှု ရယူနိုင်ခြင်းမရှိခဲ့ပေ။ ယင်းအစား နိုင်ငံရေးခံယူချက်ခြင်း လုံးဝကွဲပြားသည့် တပ်မတော်သည်သာလျှင် အင်အားကြီးလာခဲ့ပြီး တစ်နိုင်ငံလုံးကို ဝါးမြိုသွားခဲ့သည်။

၁၉၅၀ ခုနှစ်နှောင်းပိုင်း စစ်ဦးစီးချုပ်ဖြစ်လာသည့် ဗိုလ်ချုပ်နေဝင်းသည် စစ်အုပ်ချုပ်ရေးအတွက် သတိကြီးကြီးထား၍ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်လာခဲ့သည်။ ၁၉၅၈–၆၀ ခုနှစ်များ၏ စစ်တပ်အစောင့်ရှောက်ခံ "အိမ်စောင့်အစိုးရ" လက်ထက်၌ လုံခြုံရေးအစီအမံများကိုအရှိန်မြှင့်ဖော်ဆောင်လာခဲ့သည်။ ယင်းအချိန်က ၁၀ နှစ်ပေါင်း၍



ပွင့်ဖြူကမ်းနံဘေးမှ KNPP စစ်သားများ (MS)

မကျေနပ်က ခွဲထွက်နိုင်သည်ဟု အာမခံပေးထားသည့် ကာလသက်တမ်းပြည့်သွားပြီဖြစ်သဖြင့် ၁၉၅၉ ခုနှစ် ဧပြီလအတွင်း ကရင်နီနှင့် ရှမ်းစော်ဘွားများအား ၎င်းတို့၏ သမိုင်းပေးအခွင့်အရေးများကို "စွန့်လွှတ်ကြောင်းသဘောတူသည့်စာချုပ်" ၌ လက်မှတ်ရေးထိုးကြရန် စည်းရုံးသိမ်းသွင်းခဲ့ကြသည်။ ၁၉၆၀ ခုနှစ် ဖေဖော်ဝါရီလ၏ အထွေထွေရွေးကောက်ပွဲအပြီး၌ ပါလီမန်အစိုးရသည် ဦးနု၏ ပြည်ထောင်စုပါတီသို့ ပြန်လည်ရောက်ရှိလာခဲ့သလို ဖဆပလ ခွဲထွက်အဖွဲ့ကိုလည်း "သန့်စင်" ဟု ပြောင်းလဲမှည့်ခေါ်ခဲ့ကြသည်။

မည်သို့ပင်ဆိုစေကာမူ ဒီမိုကရေစီ ထုံးနည်းစံကျဖြစ်သည့် အစိုးရတစ်ရပ်ပေါ်ထွန်းလာလိမ့်နိုး မျှော်လင့်ချက်များ အချိန်တိုအတွင်း ရေလယ်၌ တက်ကျိုးသည့် အဖြစ်မျိုးဖြင့် နိဂုံးချုပ်သွားခဲ့ရသည်။ ၁၉၆၂ ခုနှစ် မတ်လအတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်မည့် "ဖက်ဒရယ်အဆိုပြုလွှာ" တစ်ရပ်ကို ဆွေးနွေးအဖြေရှာရန်အတွက် တိုင်းရင်းသားခေါင်းဆောင်များနှင့် ဦးနုတွေ့ဆုံရန် ပြင်ဆင်နေစဉ်အတွင်း ဗိုလ်ချုပ်နေဝင်း စစ်အာဏာသိမ်းသွားခြင်းဖြစ်သည်။[၂၅] နေဝင်းက "ဖက်ဒရယ်ဆိုတာ မဖြစ်နိုင်ဘူး။ ပြည်ထောင်စုပဲ ပြိုကွဲသွားလိမ့်မယ်" ဟု ပြောဆိုခဲ့သည်။[၂၆] နောက်ပိုင်းရက်များအတွင်း ဝန်ကြီးချုပ်ဦးနုနှင့် ၎င်း၏အစိုးရအဖွဲ့ဝင် အများစုသည် အခြားနိုင်ငံရေးနှင့် တိုင်းရင်းသားအစုအဖွဲ့ ခေါင်းဆောင်များနှင့်အတူ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည်။ ၎င်းတို့အများအပြားကို မည်သည့်စီရင်ချက်မျှမချဘဲနှစ်ပေါင်းများစွာဖမ်းဆီးထိန်းသိမ်းထားခဲ့ခြင်းဖြစ်သည်။ ကယားပြည်နယ် ဝန်ကြီးချုပ်ဟောင်းနှင့် ဖဆပလအစိုးရ၏ သက်တမ်းအရှည်ဆုံး ဝန်ကြီးတစ်ပါးဖြစ်သည့် စပ်ဝဏ္ဏသည် ပြည်ထောင်စုမှခွဲထွက်မည့် "မြေရှင်ပဒေသရာဇ် ပူးပေါင်းကြံစည်မှု" ၌ပူးပေါင်းပါဝင်ခဲ့သည်ဟုစွပ်စွဲခံရပြီး ထောင်ဒဏ် (၆) နှစ် ကျခံခဲ့ရသည်။[၂၇] ယင်းအချိန်က ပြည်ထောင်စုသမ္မတဟောင်းနှင့် ပင်လုံညီလာခံဖြစ်မြောက်ရေး ပူးတွဲစီစဉ်ဆောင်ရွက်သူဖြစ်သည့် စပ်ရွှေသိုက်သည် ဖမ်းဆီးထိန်းသိမ်းခံထားရစဉ်၌ ရေရေရာရာအကြောင်းပြချက် တစ်စုံတစ်ရာမရှိဘဲ ပဟေဠိဆန်ဆန် သေဆုံးသွားခဲ့သည်။

မြင့်မားသည့် မျှော်လင့်ချက်များနှင့် စိတ်ကူးအိပ်မက်များဖြင့် အတိပြီးနေသည့် လွတ်လပ်ရေးအလွန် ၁၄ နှစ်တာကာလအပြီး၌ တိုင်းပြည်၏ နိုင်ငံရေးအကျပ်အတည်းသည် နက်သည်ထက်ပို၍သာ နက်ရှိုင်းလာခဲ့တော့သည်။ ပါလီမန်အစိုးရ ဆုံးခန်းတိုင်ခဲ့ပြီးနောက် ၂၆ နှစ်မျှ ဒုက္ခပင်လယ်ဝေတော့မည့် နေဝင်း၏ "မြန်မာ့နည်းမြန်မာ့ဟန် ဆိုရှယ်လစ်လမ်းစဉ်" ကြီးစတင် အသက်ဝင်လာတော့သည်။



စပ်ဝဏ္ဏ (မတ်တပ်ရပ်နေသူ) နှင့် မိသားစုဝင်များ (စပ်ဝဏ္ဏ၏ မိသားစုဓာတ်ပုံများမှ)

## "မြန်မာ့နည်း မြန်မာ့ဟန် ဆိုရှယ်လစ်လမ်းစဉ်"၊ CPB နှင့် KNPP အကွဲအပြဲ (၁၉၆၂–၈၈)

"မြန်မာ့နည်း မြန်မာ့ဟန် ဆိုရှယ်လစ်လမ်းစဉ်" ဖြင့်ပွဲထွက်လာခဲ့သည့် ဗိုလ်ချုပ်နေဝင်း၏ စစ်အုပ်ချုပ်ရေးကာလနှောင်းပိုင်း ကယားပြည်နယ်သည် ဖောက်လွဲဖောက်ပြန်ဖြစ်လာသည့် ခေတ်စနစ်ဆိုးအတွင်း ကုန်းကောက်စရာမရှိအောင် ဆင်းရဲတွင်းနက်သွားတော့သည်။ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေအောက်၌ တိုင်းရင်းသားလူမျိုးအလိုက် အချိုးကျကိုယ်စားပြုသည့်ပုံစံဖြင့် ဗမာအများစု

နေထိုင်သည့် တိုင်း (ယနေ့တိုင်းဒေသကြီး) ၇ တိုင်းနှင့် "ကယား" အပါအဝင် တိုင်းရင်းသားပြည်နယ် ၇ ခုဖြင့် နယ်နိမိတ်များကိုပိုင်းခြားသတ်မှတ်ခဲ့ကြသည်။ သို့သော်လည်း အောက်ခြေမြေပြင်၌ တိုင်းရင်းသားအခွင့်အရေးများ လက်တွေ့အသက်ဝင်မှု နည်းပါးလွန်းနေခဲ့သည်။ အသစ်ပြင်ဆင်ဖွဲ့စည်းခဲ့သည့် နယ်မြေဒေသများသို့ လက်နက်ကိုင်ပဋိပက္ခများ ပျံ့နှံ့လာခဲ့သလို မီဒီယာနှင့် နိုင်ငံ့စီးပွားရေးလောကတစ်ခုလုံးနီးပါး ပြည်သူပိုင် သိမ်းဆည်းခံခဲ့ရပြီး ကျောင်းများ၌ စတုတ္ထတန်းနောက်ပိုင်း ဗမာမဟုတ်သည့် တိုင်းရင်းသားဘာသာစကား သင်ကြားပို့ချမှုများ ရပ်ဆိုင်းသွားတော့သည်။

"မြန်မာ့နည်း မြန်မာ့ဟန် ဆိုရှယ်လစ်လမ်းစဉ်" အကောင်အထည်မဖော်မီ ရန်ကုန်မြို့၌ တစ်နိုင်ငံလုံးအတိုင်းအတာ "ငြိမ်းချမ်းရေးဆွေးနွေးရန် ကမ်းလှမ်းမှု" ပြုလုပ်ခဲ့သည့် ၁၉၆၃-၆၄ ကာလများအတွင်း ဗိုလ်ချုပ်နေဝင်း၏တော်လှန်ရေးကောင်စီသည် ခဏတာမျှရပ်တန့်သွားခဲ့သည်။ တိုက်ပွဲဝင် နှစ်ဖက်တပ်များ ပထမဦးဆုံးအကြိမ် မျက်နှာချင်းဆိုင် တွေ့ဆုံဆွေးနွေးခဲ့သည့် ရှားပါးဖြစ်ရပ်တစ်ခုပင်ဖြစ်သည်။[၂၈] အင်အားကြီး လက်နက်ကိုင်တော်လှန်ရေး အင်အားစုများနှင့် တစ်ဖွဲ့ချင်း လိုက်လံတွေ့ဆုံခဲ့သည့် အစိုးရနှင့် စေ့စပ်ဆွေးနွေးမည့် NDUF ကိုယ်စားလှယ်အဖွဲ့၌ KNPP သည်လည်း အပါအဝင်ဖြစ်ခဲ့သည်။ သို့သော်လည်း အဆိုပါတွေ့ဆုံဆွေးနွေးမှုသည် တော်လှန်ရေးခေါင်းဆောင်များအား အနှစ်သာရအားဖြင့် "မြန်မာ့နည်းမြန်မာ့ဟန် ဆိုရှယ်လစ်လမ်းစဉ်" ကို လိုက်လျောနာခံ၍လက်နက်ချအညံ့ခံရမည်ဟူသည့် တောင်းဆိုမှုအောက်၌အပြီးတိုင်ချုပ်ငြိမ်းသွားတော့သည်။[၃၀]

"ငြိမ်းချမ်းရေးဆွေးနွေးရန် ကမ်းလှမ်းမှု" ပျက်ယွင်းသွားခဲ့ပြီးနောက်ပိုင်း ဗိုလ်ချုပ်နေဝင်းသည် နှစ်ဖက်သွား နည်းဗျူဟာတစ်ရပ်ကို ဆက်လက်ဖော်ဆောင်ခဲ့သည်။ ပထမနည်းလမ်းအဖြစ် ဗမာပြည်ဆိုရှယ်လစ်လမ်းစဉ်ပါတီ (မဆလ) အားဖြင့် ဗဟိုဦးစီးတစ်ပါတီစနစ်ကျင့်သုံးသည့် နိုင်ငံတစ်ခုတည်ဆောက်နိုင်ရန် စတင်ကြိုးပမ်းခဲ့သည်။ ဒုတိယနည်းလမ်းအဖြစ် ကျေးလက်နယ်စပ်ဒေသတစ်လျှောက် လက်နက်ကိုင်၍ တော်လှန်ပုန်ကန်လျက်ရှိသည့် အတိုက်အခံအင်အားစုများအပေါ် အပြင်းအထန်ထိုးစစ်ဆင်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ အငြင်းပွားဖွယ်ရာဖြစ်သည့် "ဖြတ်လေးဖြတ်" စစ်ဆင်ရေးသည် ဤနည်းဗျူဟာများ၏ ဗဟိုချက်ဖြစ်လာခဲ့သည်။ ၁၉၆၀ နှစ်လယ်ပိုင်းမှစ၍ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသများ၌ ဤမဟာဗျူဟာကိုစတင်ကျင့်သုံးခဲ့ပြီး နောက်ပိုင်း၌ တစ်နိုင်ငံလုံးရှိ လက်နက်ကိုင်ပဋိပက္ခဒဏ်သင့် နယ်မြေဒေသများအားလုံးသို့ ပျံ့နှံ့သွားခဲ့သည် (အခန်း ၇ ၏ "ဖြတ်လေးဖြတ်" နှင့် "စုစည်းကျေးရွာများ" စာကွက်ကိုကြည့်ပါ)။[၃၁] ဤနည်းဗျူဟာများကို အသုံးပြု၍ ၁၉၇၀ နှစ်လယ်ပိုင်းဝန်းကျင်၌ မြန်မာနိုင်ငံအလယ်ပိုင်းနှင့် ဗမာအများစုမှီတင်းနေထိုင်သည့် အချက်အခြာဒေသများတွင် အခြေစိုက်လှုပ်ရှားလျက်ရှိသည့် အတိုက်အခံ တော်လှန်ရေးအင်အားစုများကို နယ်မြေရှင်းလင်းသည့် စစ်ဆင်ရေးလုပ်ငန်းများအတိုင်းအတာတစ်ခုအထိ အောင်မြင်မှုရရှိခဲ့သည်။ သို့သော်လည်း အတိုက်အခံအင်အားစုများကို အမြစ်ပြတ်နှိမ်နင်းရန် မစွမ်းဆောင်နိုင်ခဲ့သည့်အပြင် ကချင်၊ မွန်နှင့် ရှမ်းပြည်နယ်တို့အပါအဝင် အခြားနယ်မြေဒေသများသို့ တိုင်လက်နက်ကိုင်တော်လှန်ရေးမီးစ ကူးစက်ပျံ့နှံ့သွားခဲ့သည်။

"မြန်မာ့နည်း မြန်မာ့ဟန်ဆိုရှယ်လစ်လမ်းစဉ်" ကို ပြဋ္ဌာန်းအကောင်အထည်ဖော်ခြင်းသည် အထူးသဖြင့် ရှမ်းနှင့် ကရင်နီနယ်စပ်ဒေသများအပေါ် သိသိသာသာ ရိုက်ခတ်မှု ရှိလာစေခဲ့သည်။ ကယန်းရွာသားများသည် ဗိုလ်ချုပ်နေဝင်း၏ ငွေကြေးဖျက်သိမ်းသည့် ကြေညာချက်ကြောင့် ၁၉၆၄ ခုနှစ် ဇွန်လ၌ ဖယ်ခုံမြို့ရှိ တပ်မတော်၏ တပ်စခန်းတစ်ခုကို ဝင်ရောက်တိုက်ခိုက်ခဲ့ကြသည်။ တိုက်ခိုက်မှုအပြီး မျှားမကြာမီ ကယန်းပြည်သစ်ပါတီ (KNLP) ကိုတည်ထောင်လိုက်ကြပြီး ထိုအချိန်မှစ၍ ဇွန်လ ၄ ရက်နေ့ကို "ကယန်းလက်နက်ကိုင် တော်လှန်ရေးနေ့" အဖြစ် သတ်မှတ်ခဲ့ကြသည်။[၃၂] ယခင်ကလည်း ကယန်းလူထုများအကြား ပုန်ကန်ထကြွမှုများဖြစ်ပွားခဲ့ဖူးသော်လည်း ကယန်းပြည်သစ်ပါတီသည် နိုင်ငံရေးခံယူချက်နှင့် ပတ်သက်၍ ကရင်၊ ကရင်နီ သို့မဟုတ် ရှမ်းတို့နှင့် ကွဲပြားခြားနားစွာဖြင့် ကိုယ်စားပြု နယ်မြေဒေသတောင်းဆိုသည့် ပထမဦးဆုံးသော တိုင်းရင်းသားအခြေပြု အမျိုးသားရေး လှုပ်ရှားမှုတစ်ရပ်ဖြစ်လာခဲ့သည် (အခန်း ၇ ၏ "ကယန်းဒေသနှင့် အမျိုးသားလက္ခဏာရပ်" စာကွက်ကို ကြည့်ပါ)။

ကရင်နီအမျိုးသားနိုင်ငံရေးနှင့်အတူ ခက်ခဲကြမ်းတမ်းသည့် အချိန်ကာလများ လိုက်ပါလာခဲ့သည်။ နောက်

## နာမည်ထဲမှာ ဘာတွေပါနေသလဲ။ ကယားပြည်နယ်လား ကရင်နီပြည်နယ်လား။

“ကရင်နီ” သို့မဟုတ် “ကယား”ဟူသည့် အသုံးအနှုန်းအပေါ် ဆွေးနွေးငြင်းခုံမှုသည် ခေတ်သစ်ပြည်နယ်တွင်းနေထိုင်လျက်ရှိသည့် လူထု၏ သမိုင်းကြောင်းနောက်ခံနှင့် ဆင့်ကဲတိုးတက်ပြောင်းလဲမှုအပေါ် သန္ဓေတည်လျက်ရှိသည်။ ဖဆပလအစိုးရက နာမည်ပြောင်းပစ်ခဲ့သည့် ၁၉၅၁ ခုနှစ်မတိုင်မီအချိန်က နိုင်ငံတကာအရရော ဒေသတွင်း မှီတင်းနေထိုင်ကြသူများအကြား၌ပါ မျိုးနွယ်စုအားလုံးကို စုပေါင်း၍ (“ကရင်နီ”) ဟု ခေါ်ဆိုသည့် အသုံးအနှုန်းကို ကျယ်ကျယ်ပြန့်ပြန့် အသိအမှတ်ပြုလက်ခံထားကြပြီး အများစုသည် ကရင်အဆက်အနွယ် (အခန်း ၇၊ “ကရင်နီလူမျိုး” ဟူသည့် စာကွက်ကိုကြည့်ပါ) များအဖြစ် ခံယူထားကြသူများဖြစ်သည်။ ၁၉၄၇ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကရင်နီပြည်နယ်သည် ပြည်ထောင်စုမှ တရားဝင်ခွဲထွက်ပိုင်ခွင့် အခွင့်အရေးရှိခဲ့သည်။ ဖဆပလအစိုးရ၏ အဓိကရည်ရွယ်ချက်သည် ထိစပ်နယ်မြေဒေသများမှ ၎င်းတို့ထက် အရေအတွက်ပိုမိုများပြားသည့်ညီနောင်ကရင်များ၏ အမျိုးသားရေးလှုပ်ရှားမှုများ ကရင်နီပြည်နယ်သို့ ကူးစက်လာခြင်းမရှိအောင် ဆီးတားလိုခြင်းဖြစ်သည်။[၂၉] “ကရင်နီ” ဟူသည့် စုပေါင်းအမည်ကို ဖျောက်ဖျက်အစားထိုးခြင်းသည် လွတ်လပ်ခဲ့သည့် သမိုင်းအထောက်အထားကိုပါ ပယ်ဖျက်လိုခြင်းဖြစ်သည်။

ပြည်နယ်တစ်ခုလုံးကို ကယားမျိုးနွယ်စုတစ်ခုတည်း၏ အမည်ဖြင့်အစားထိုး ပြောင်းလဲလိုက်ခြင်းသည် ယခုအချိန်ထိ ညှိနှိုင်းအဖြေရှာနိုင်ခြင်းမရှိသေးသည့် ကရင်နီနိုင်ငံရေးနှင့် လူထုလူတန်းစားများအကြား အကွဲအပြဲဖြစ်စေသည့် နောက်ဆက်တွဲဂယက်များကိုပါ ပေါ်ပေါက်လာစေခဲ့သည်။ အချို့သော ကယားလူထုအနည်းအကျဉ်းသည် ပြည်နယ်အတွင်း လူများစုဖြစ်နေသည့် ၎င်းတို့၏ အနေအထားကို ပေါ်လွင်ထင်ရှားစေသည့် အမည်ပြောင်းလဲမှုကို ကြိုဆိုအသိအမှတ်ပြုခဲ့ကြသည်။ သို့သော်လည်း “ကယားပြည်နယ်” ဟူသည့် အမည်နာမကို အခြားမျိုးနွယ်စုများ၊ နိုင်ငံရေးပါတီများနှင့် ရပ်ရွာအခြေပြုအဖွဲ့အစည်းများက မည်သည့်အခါကမျှ ကျယ်ကျယ်ပြန့်ပြန့် လက်ခံအသိအမှတ်ပြုခဲ့ခြင်းမရှိပေ။ နိုင်ငံ၏ အုပ်ချုပ်ရေးယန္တရားအတွက် အစိုးရက “သွေးခွဲအုပ်ချုပ်သည့်” နည်းလမ်းတစ်ရပ်ဖြစ်သည်ဟု ကရင်နီမျိုးနွယ်စုများက သုံးသပ်ယူဆထားကြသည်။ နယ်ခံလူထုလူတန်းစားအများအပြားက ယခင်အမည်ဖြစ်သည့် ကရင်နီကို ပိုမိုလိုလားနေကြဆဲဖြစ်သည်။ ပြည်နယ်၏ သမိုင်းအမွေအနှစ်ကို မျှဝေဆက်ခံထားသည့် ပြည်နယ်တွင်းရှိ မျိုးနွယ်စုများအားလုံးနှင့် မတူကွဲပြားသည့် ရေခံမြေခံအခင်းအကျင်းအမျိုးမျိုးကို လွှမ်းခြုံထင်ဟပ်လျက်ရှိသည့် ကိုယ်စားပြုအမည်တစ်ရပ်ဖြစ်သည်ဟု နားလည်လက်ခံထားကြသည်။

ကယန်းမျိုးနွယ်စုအတွက်လည်း ပြည်နယ်အမည် ရွေးချယ်မှည့်ခေါ်မှုသည် အရေးပါသည့် ကိစ္စရပ်တစ်ခုဖြစ်သည် (အခန်း ၇ ၏ “ကယန်းဒေသနှင့် အမျိုးသားလက္ခဏာရပ်” စာကွက်ကို ကြည့်ပါ)။ ကယန်းမျိုးနွယ်စုခေါင်းဆောင်များကလည်း ကယားပြည်နယ်အုပ်ချုပ်ရေး သို့မဟုတ် အမည်နာမအောက်၌ မျိုးနွယ်စုတစ်ရပ်အဖြစ်ရပ်တည်လျက်ရှိသည့် မိမိတို့၏ အမျိုးသားလက္ခဏာရပ် တိမ်ကောပျောက်ကွယ်သွားမည်ကို စိုးရိမ်ပူပန်ခဲ့ကြသည်။ ကယန်းလူမျိုးများသည်အတူမှီတင်းနေထိုင်လျက်ရှိသည့် ကရင်–ကရင်နီ–ရှမ်း နယ်နိမိတ်တစ်လျှောက်ရှိနယ်မြေဒေသနှင့် သမိုင်းအခင်းအကျင်း၌ အရေးပါသည့် အစိတ်အပိုင်းတစ်ရပ်အဖြစ် ပါဝင်လျက်ရှိသည်ဟု အများသဘောတူ လက်ခံထားလင့်ကစား ယင်းတို့ကို “ကယား” ဟူသည့် အမှတ်သညာအားဖြင့် ဝါးမြိုသွားမည့်အဖြစ်ကို ၎င်းတို့စိုးရိမ်ပူပန်ခဲ့ကြခြင်းဖြစ်သည်။ ယင်းထက်စာလျှင် ကယန်းမျိုးနွယ်စုကို ကယား၊ ကယန်း၊ ကယောနှင့် ကော်ယောအပါအဝင် “ကရင်နီ” နိုင်ငံရေးလမ်းကြောင်းပေါ်၌ စုပေါင်းပါဝင်လျက်ရှိသည့် မျိုးနွယ်စုတစ်ခုအဖြစ်သာ ဆက်လက်ရပ်တည်လိုကြသည်။

ခေတ်သစ်ပြည်နယ်၌ လူမျိုးကွဲချင်း လက်ထပ်ထိမ်းမြားမှုများကလည်း နယ်ခံလူထုလူတန်းစားများအကြားရှိ တိုင်းရင်းသားဖြစ်တည်မှုကို တိတိပပပိုင်းခြားသတ်မှတ်ရန် ခက်ခဲလာစေလျက်ရှိသည်။ ထို့အပြင် လွတ်လပ်ရေးရပြီးနောက်ပိုင်း ဒေသတွင်းသို့ ဗမာတိုင်းရင်းသားနှင့် အခြားလူမျိုးများ ရွှေ့ပြောင်းအခြေချနေထိုင်မှုသည်လည်း သိသိသာသာမြင့်တက်လာခဲ့သည်။ သို့သော်လည်း ကုန်လွန်ခဲ့သည့် နှစ်ပေါင်းခုနှစ်ဆယ်အတွင်း ဖြစ်ပွားခဲ့သည့် ကသောင်းကနင်းဖြစ်မှုများကြောင့် ဒေသတွင်း၌ အမှန်တကယ်နေထိုင်လျက်ရှိသည့် လူဦးရေအတိအကျကို အခိုင်အမာဖော်ပြထားသည့် ကိန်းဂဏန်းအချက်အလက်များ ကင်းမဲ့နေဆဲဖြစ်သည်။

ရာစုနှစ် တစ်စိတ်စာမျှ KNPP သည် နယ်စပ်ဖြတ်ကျော်၍ ထိုင်းနိုင်ငံနှင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ထိန်းချုပ်ရာမှရရှိသည့် မက်မောဖွယ်ရာ အကျိုးအမြတ်များဖြင့် ကိုယ်ပိုင်အသေးစား ပြည်နယ်တစ်ခုအသွင်ဆောင်သည့် "လွတ်မြောက်နယ်မြေများ" ကို ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့သည်။ လွတ်လပ်ရေးရပြီးကတည်းက အရေးပါသည့်တစ်ခုတည်းသော ရင်းနှီးမြှုပ်နှံမှုဖြစ်သည့် လောပိတရေအားလျှပ်စစ်စီမံကိန်းမှ နယ်ခံလူထုလူတန်းစားများအတွက် ဓာတ်အားဖြန့်ဖြူးပေးခြင်းမရှိခဲ့သဖြင့် အမျိုးသားရေးအသွင်ဆောင်သည့် မကျေမချမ်းမှုများ ဆက်လက်ကြီးထွားလာခဲ့သည်။ နယ်ခံများထက်စာလျှင် ထွက်ရှိသမျှ ဓာတ်အားများအားလုံးကို မြန်မာနိုင်ငံအလယ်ပိုင်းဒေသသို့သာ ပို့လွှတ်ဖြန့်ဖြူးပေးခဲ့သည်။ အလားတူပင် မော်ချီးသတ္တုတွင်းသည်လည်း ဒေသခံလူထုလူတန်းစားများအားမဖြစ်စလောက်အကျိုးအမြတ် အနည်းအကျဉ်းသာရရှိစေခဲ့သည် (အခန်း ၈ ကိုကြည့်ပါ)။ BSPP ခေတ်အတွင်း ကယားပြည်နယ်အစိုးရ၏ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးဟောင်းတစ်ဦးဖြစ်သူ ခူးထဲဘူးဖဲ (ထဲဘူးဖဲ) ပိုင်မြစ်ဌာနချုပ်သို့ ရောက်ရှိလာပြီး ပါတီနှင့်ပူးပေါင်းသွားခဲ့သည့်နောက်ပိုင်း KNPP အပေါ် လူထုထောက်ခံမှု တစ်ရှိန်ထိုးမြင့်တက်လာခဲ့သည်။ မျိုးနွယ်စုခေါင်းဆောင် စော်ဘွားမျိုးရိုးမှ ဆင်းသက်လာပြီး ကရင်နီအက္ခရာကို တီထွင်ဖန်တီးခဲ့သည့်[33] ထဲဘူးဖဲသည် နောက်ပိုင်း၌ KNPP ဥက္ကဋ္ဌဖြစ်လာခဲ့သည်။ အေဘယ်တွိဒ်နှင့် ရီမွန်ထူးတို့အပါအဝင် အခြားအထင်ကရ ခေတ်ပညာတတ် အများအပြားလည်း ပါတီသို့ ဝင်ရောက်သွားခဲ့သည်။ ၎င်းတို့အားဖြင့် KNPP သည် အမျိုးသားရေးအရေးတော်ပုံ၏ သမိုင်းမျက်နှာစာသစ်ကို ဦးစီးခေါင်းဆောင်သည့်နေရာသို့ ရောက်ရှိလာခဲ့သည်။

သို့သော်လည်း ၁၉၇၀ ခုနှစ်အရောက်တွင် KNPP သည် ယနေ့ထက်တိုင် အကျိုးဆက်ကျန်ရှိနေဆဲဖြစ်သည့် နိုင်ငံရေးဦးတည်ချက်အပေါ် ဝိဝါဒကွဲပြားမှုဒဏ်ကို အလူးအလဲခံစားခဲ့ရသည်။ နောက်ခံအခင်းအကျင်း ရှုပ်ထွေးနေခဲ့သည်မှန်သော်လည်း KNPP ကို အကွဲအပြဲဖြစ်စေခဲ့သည့် အဓိကအချက်သည် နိုင်ငံ၏သက်တမ်းအရင့်ဆုံး နိုင်ငံရေးပါတီဖြစ်သည့် ဗမာပြည်ကွန်မြူနစ်ပါတီနှင့် နိုင်ငံရေးအရဆက်ဆံရေးတည်ဆောက်မှုပြုရေး မပြုရေးဟူသည့် ကိစ္စရပ်အပေါ် များစွာအခြေခံခဲ့သည်ဟု ဆိုနိုင်ပါသည်။ ယင်းအချိန်က ကွန်မြူနစ်လှုပ်ရှားမှုများသည် တရုတ်နှင့် အိမ်နီးချင်းနိုင်ငံပေါင်းများစွာ၌ အထက်စီးဖြင့် အသာစီးရနေခဲ့သည်။ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသ ခြေကုပ်စခန်းများကို လက်လွှတ်ဆုံးရှုံးခဲ့ရသည် မှန်သော်လည်း ဗကပသည် စစ်အေးကာလ ပြီးဆုံးသွားချိန်ထိ နယ်စပ်တစ်လျှောက်ရှိ နယ်မြေဒေသပေါင်းများစွာ၌ အရေးပါသည့် အင်အားစုတစ်ရပ်အဖြစ် ဆက်လက်ရပ် တည်နေဆဲဖြစ်သည်။

နေဝင်း၏ "မြန်မာ့နည်း မြန်မာ့ဟန် ဆိုရှယ်လစ်လမ်းစဉ်" အောက်၌ နိုင်ငံရေးခံယူချက်ချင်း ဤကဲ့သို့ ဝိရောဓိဖြစ်နေသည့် အကျိုးရလဒ်အနေဖြင့် အမျိုးသားနိုင်ငံရေးဇာတ်ခုံပေါ်၌ မဆလ၊ ဗကပနှင့် တိုင်းရင်းသားအခြေပြုအင်အားစုများဟူ၍ "သုံးပွင့်ဆိုင်" လွန်ဆွဲမှုများပေါ်ပေါက်လာခဲ့သည်။ ၁၉၆၃–၆၄ ခုနှစ်များအတွင်း KNPP သည် ဗကပကိုပါ ထည့်သွင်းထားသည့် NDUF ပူးတွဲကိုယ်စားလှယ်အဖွဲ့အားဖြင့် ရန်ကုန်မြို့၌ စီစဉ်ကျင်းပခဲ့သည့် "ငြိမ်းချမ်းရေးဆွေးနွေးရန် ကမ်းလှမ်းမှု" တွင် ပါဝင်ညှိနှိုင်းခဲ့သည်။ သို့သော်လည်း နောက်ပိုင်းနှစ်များ၌ ယခင်ဗြိတိသျှ အမြောက်တပ်ဖွဲ့ဝင် စစ်မှုထမ်းဟောင်းတစ်ဦးဖြစ်သူစောမောရယ်၏ ခေါင်းဆောင်မှုအောက်၌ KNPP သည် လက်ဝဲယိမ်းမဟာမိတ်အဖွဲ့မှ တဖြည်းဖြည်းနောက်ဆုတ်သွားခဲ့သည်။ KNPP သည် အခြားတော်လှန်ရေး အင်အားစုများနှင့်အတူ ညီညွတ်သောတပ်ပေါင်းစုကို ဆက်လက်ထောက်ခံအားပေးနေဆဲ ဖြစ်သော်လည်း နိုင်ငံရေးရလဒ်ကောင်းများကို ဆောင်ကျဉ်းပေးနိုင်စွမ်းမရှိခဲ့သည့် NDUF ၏ ပျက်ကွက်မှုနောက်ပိုင်း KNPP သည် ဗမာတိုင်းရင်းသားအဖွဲ့ဝင် သို့မဟုတ် ဗမာခေါင်းဆောင်အများစုဖြစ်နေသည့် အဖွဲ့အစည်းများပါဝင်သည့် မဟာမိတ်အဖွဲ့များအပေါ် သတိကြီးကြီးထား၍ ဆက်ဆံလာခဲ့သည်။

နေဝင်းခေတ်၌ အရေးအပါဆုံး တိုင်းရင်းသားမဟာမိတ်အဖွဲ့သည် အဖွဲ့ဝင် (၉) ဖွဲ့ဖြင့် ဖွဲ့စည်းထားသည့် အမျိုးသား ဒီမိုကရေစီတပ်ပေါင်းစု (၁၉၇၆ ၌ ဖွဲ့စည်းတည်ထောင်ခဲ့သည့် NDF) ဖြစ်သည်။ NDF ၌ KNPP နှင့် KNU (အစော ပိုင်း၌ KNLP ပါဝင်ခဲ့) တို့ပါဝင်လျက်ရှိပြီး ဖက်ဒရယ်ပြည်ထောင်စုတစ်ရပ် ထူထောင်ရန် ရည်မှန်းခဲ့ကြသည်။[၃၄] ကရင်နီအမျိုးသားဝါဒီများက "လွတ်လပ်ရေး" ရည်မှန်းချက်ကို မကြာခဏဆိုသလို ထုတ်ဖော်ပြောဆိုနေကြဆဲ ဖြစ်သော်လည်း KNPP သည် ဤအခိုက်

အတန်နောက်ပိုင်း ဖက်ဒရယ်ဟူသည့် နိုင်ငံရေးရည်မှန်း ချက်ပန်းတိုင်ဆီသို့ တဖြည်းဖြည်းဦးတည်လျှောက်လှမ်း လာခဲ့သည်။ ပါတီဌာနချုပ်သည် NDF ဗဟိုညွှန်ကြားရေး အတွက် အဓိကအခြေစိုက်စခန်းအဖြစ် အသုံးတော်ခံခဲ့ သည်။ သံလွင်အရှေ့ခြမ်းရှိ ၎င်းတို့၏အမာခံနယ်မြေမှနေ ၍ကရင်နှင့် ရှမ်းနယ်စပ်တစ်လျှောက် အခြေစိုက်လှုပ်ရှား လျက်ရှိသည့် အခြားတိုင်းရင်းသားအင်အားစုများ အထူး သဖြင့် KNU နှင့် ပအိုဝ်းအမျိုးသားအဖွဲ့အစည်း (PNO) တို့နှင့် ကောင်းစွာပေါင်းကူးဆက်သွယ်နိုင်ခဲ့သည်။

ကယားပြည်နယ်အတွင်း KNPP အဖွဲ့အစည်း တစ်ခုတည်းကသာ ဗဟိုအစိုးရကို အတိုက်အခံပြုတော်လှန် ပုန်ကန်နေသည်မဟုတ်ပါ။ နေဝင်းခေတ်၌ အခြား 'မဆလ' ဆန့်ကျင်ရေးအင်အားစုများမှ လှုပ်ရှားတက်ကြွသူများသည် လည်း KNPP ထိန်းချုပ်နယ်မြေသို့ ရောက်ရှိလာခဲ့ကြ သည်။ စစ်ရေးအရ အဓိကအတိုက်အခံပြုလျက်ရှိသည့် အဖွဲ့အစည်းနှစ်ခုမှာ 'ဗကပ' နှင့် ဖြုတ်ချခံလိုက်ရသည့် ဝန်ကြီးချုပ်ဦးနု၏ ပါလီမန်ဒီမိုကရေစီပါတီ (PDP) တို့ဖြစ် ကြသည်။ နိုင်ငံရေးပေါင်းစည်းမှုအရှေ့၌ မမျှော်လင့်သည့် အပြောင်းအလဲများ ဖြစ်ပေါ်လာခဲ့သည့် ၁၉၆၈ ခုနှစ် နောက်ပိုင်း ထိန်းသိမ်းခံထားရာမှ ပြန်လည်လွတ်မြောက် လာခဲ့သည့် ဦးနုသည် ထိုင်းနယ်စပ်၌ ခြေကုပ်ယူ၍ လက် နက်ကိုင်တော်လှန်ရေးကို စတင်လာခဲ့သည်။ သို့သော် လည်း ၁၉၇၀ နှောင်းပိုင်း၌ PDP အရေးတော်ပုံ အလဲလဲ အကွဲကွဲဖြင့် ဆုံးခန်းတိုင်သွားခဲ့သည်။[၃၅] ဆန့်ကျင်ဖက် အနေဖြင့် 'ဗကပ' သည် နယ်စပ်တိုင်းရင်းသားဒေသများ၌ အထူးသဖြင့် ရှမ်းပြည်နယ်အဝှမ်း အင်အားကြီးမားသည့် တော်လှန်ရေးအင်အားစုအဖြစ် ဆက်လက်ရပ်တည်နေခဲ့ သည်။ ၁၉၆၇ ခုနှစ် တရုတ်ဆန့်ကျင်ရေး အဓိကရုဏ်းဖြစ် ပွားခဲ့ပြီးနောက်ပိုင်း၌ တရုတ်နိုင်ငံသည် "ပြည်သူ့တပ် မတော်" ကို လက်နက်ခဲယမ်းများ ပြောင်ပြောင်တင်းတင်း ထောက်ပံ့၍ကျားကန်ပေးခဲ့သည်။ ဤကဲ့သို့ကျောထောက် နောက်ခံတောင့်တင်းလာသည်နှင့်အမျှ တရုတ်နိုင်ငံ ယူနန် ပြည်နယ်၏ နယ်ခြားတစ်ဖက်ခြမ်း၌ လက်နက်ကိုင်တိုက် ပွဲများ ပိုမိုပြင်းထန်လာခဲ့သည်။

'ဗကပ' သည် ၁၉၇၀ ခုနှစ်အတွင်း ဤခြေကုပ် စခန်းသစ်များမှနေ၍ ရှေ့တန်းတိုက်ပွဲနယ်မြေများကို မြန်မာ



မယ်စဲ့မြို့နယ် ဟိုဆေးရှိ KNPLF ရုံးခန်း၌ ချိတ်ဆွဲထားသည့် ခေါင်းဆောင်များ၏ ဓာတ်ပုံများ (TK)

ပြည်အတွင်းပိုင်းထိ တိုးချဲ့ဖော်ဆောင်၍ ပါတီကိုပြန်လည်တည်ဆောက်ရန် ကြိုးပမ်းလာခဲ့သည်။ ဦးတည်ပစ်မှတ်ထားသည့် နယ်မြေများ၌ ရှမ်းနှင့် ကရင်နီနယ်စပ်ဒေသသည်လည်း တစ်ခုအပါအဝင်ဖြစ်ခဲ့သည်။ 'ဗကပ' ဗျူဟာမှူးများသည် အနောက်သို့ဦးတည်၍ မြန်မာနိုင်ငံအလယ်ပိုင်းရှိ ပဲခူးရိုးမကုန်းမြင့်တောင်တန်းများအထိ ချီတက်နေရင်း တစ်ပြိုင်တည်း ကယားပြည်နယ်ကိုဖြတ်၍ တောင်ပိုင်းသို့ဆက်လက်ထိုးဖောက်ကာ ၎င်းတို့၏ နိုင်ငံတကာမဟာမိတ်ဖြစ်သည့် ထိုင်းကွန်မြူနစ်ပါတီ (CPT) နှင့် ချိတ်ဆက်သွားရန် စိတ်အားထက်သန်ခဲ့ကြသည်။ 'ဗကပ' ရဲဘော်များ၏ ထိုးဖောက်စိမ့်ဝင်ရေးလုပ်ငန်းအတွင်း ရှောင်လွှဲမရသည့် ကိစ္စရပ်တစ်ခုအနေဖြင့် ၎င်းတို့ချီတက်မည့် လမ်းကြောင်းတစ်လျှောက်ရှိ ကရင်၊ ပအိုဝ်းနှင့် ရှမ်းတို့အပါအဝင် အခြားတိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များနှင့် ပွတ်တိုက်မှုများရှိလာခဲ့ပြီး ရံဖန်ရံခါဆိုသလိုထိတွေ့တိုက်ခိုက်ရမှုများ ပေါ်ပေါက်လာခဲ့သည်။

ယနေ့အချိန်ထိ KNPP အကွဲအပြဲဖြစ်ခဲ့ရသည့် အကြောင်းရင်းအပေါ် အငြင်းပွားနေကြဆဲဖြစ်သည်။ ယင်းအချိန်က အမျိုးသားရေးထက် 'ဗကပ' ၏ "ကန့်လန့်ကာနောက်ကွယ်မှ" ကြိုးဆွဲခြေထိုးမှုနှင့်အတူ အယူဝါဒကွဲပြားမှုပိုကဲသည့် အကြောင်းရင်းကြောင့် ခွာပြဲခဲ့ကြခြင်းဖြစ်သည်ဟု သုံးသပ်ယူဆခဲ့ကြသည်။ ၁၉၆၈–၈၈ ခုနှစ်အတွင်း မြန်မာနိုင်ငံရှိ ကချင်၊ ကရင်၊ ကိုးကန့်၊ ပအိုဝ်း၊ ရှမ်းနှင့် 'ဝ' အမျိုးသားရေးလှုပ်ရှားမှုများသည် အနည်းနှင့် အများဆိုသလို အလားတူအကွဲအပြဲများကို ကြုံတွေ့ခံစားခဲ့ကြရသည်။ အထူးသဖြင့် ရှမ်းနှင့် ကယားပြည်နယ်တို့ ကြုံတွေ့ခံစားခဲ့ရသည့် ဂယက်ရိုက်ခတ်မှုသည် အတော်ပြင်းထန်ခဲ့သည်ဟု ဆိုနိုင်ပါသည်။ စစ်ပြန်ဟောင်း KNPP ခေါင်းဆောင်များအနေဖြင့် လုံးဝမျှော်လင့်မထားသည့် ကိစ္စရပ်မျိုးဖြစ်နေခဲ့သည်။

အဖြစ်အပျက်များ အလျင်အမြန် ဖြစ်ပျက်သွားခဲ့သည်။ ကယန်းပြည်သစ်ပါတီသည် အစောပိုင်း၌ KNPP နှင့် အလွန်နီးစပ်သည့် ဆက်ဆံရေးရှိခဲ့သည့် အဖွဲ့အစည်းဖြစ်သည်။ သို့သော်လည်း ၁၉၇၇ ခုနှစ်အရောက်တွင် KNLP သည် NDF မှ နုတ်ထွက်၍ ရှမ်းပြည်နယ်စပ်ဒေသတစ်လျှောက်ကြီးစိုးထားသည့် 'ဗကပ' နှင့်မဟာမိတ်ဖွဲ့ကာ ပအိုဝ်းအမျိုးသားရေးလှုပ်ရှားမှု၏ ခွဲထွက်လက်ဝဲယိမ်းအဖွဲ့နှင့် ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရလလဖ) တို့နှင့် ပူးပေါင်းသွားခဲ့သည်။ နောက်ပိုင်း KNPP အတွင်း သဘောထားကွဲလွဲမှုများ ကြီးထွားလာသည်နှင့်အမျှ ငယ်ရွယ်သည့် လှုပ်ရှားတက်ကြွသူအုပ်စုခွဲထွက်သွားခဲ့ပြီး နောက်ပိုင်း၌ ပြိုင်ဘက်အင်အားစုဖြစ်လာမည့် ကရင်နီပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး (ကလလတ) ကို တည်ထောင်ခဲ့ကြသည်။[၂၆] ဗမာပြည်ကွန်မြူနစ်ပါတီမှ ကျောထောက်နောက်ခံပေးထားသည့် သုံးပါတီမဟာမိတ်အဖွဲ့သစ်သည် ကယား–ကရင်–ရှမ်းနယ်နိမိတ်တစ်လျှောက်ရှိအရေးပါသည့်နယ်မြေဒေသအများအပြားကို ထိန်းချုပ်လာနိုင်ခဲ့သည်။ ၁၉၈၀ နှစ်ဦးပိုင်းအရောက်တွင် ကလလတသည် သံလွင်မြစ်အနောက်ခြမ်းကို ထိုးဖောက်သိမ်းပိုက်နိုင်ခဲ့ပြီး မယ်စဲ့မြို့မှ နေ၍ CPT နှင့် ထိုင်းကို နယ်စပ်ဖြတ်ကျော် ကူးလူးဆက်ဆံမှု ပြုလုပ်နိုင်ခဲ့သည်။

ကလလတ၊ ရလလဖ နှင့် KNLP ခေါင်းဆောင်များက ၎င်းတို့အနေဖြင့် မည်သည့်အခါကမျှ "ကွန်မြူနစ်" မဖြစ်ခဲ့ဟု ငြင်းဆိုခဲ့ကြသည်။ ၁၉၉၀ ခုနှစ်၌ ကလလတ ခေါင်းဆောင် ညာမောင်မဲက ကလလတသည် "ကရင်နီလွတ်မြောက်ရေး" ကို ရှေ့တန်းမတင်ဘဲ "ဖက်ဒရယ်ပြည်ထောင်စု" တစ်ရပ်အသွင်ဖြင့် ကယားပြည်နယ်၌ မှီတင်းနေထိုင်လျက်ရှိကြသည့် လူနည်းစုရှမ်းများအပါအဝင် ပြည်နယ်သူပြည်နယ်သားများ အားလုံးကို ကိုယ်စားပြုနိုင်အောင်ကြိုးပမ်းဆောင်ရွက်သွားမည်ဟု ကြေညာသွားခဲ့သည်။[၂၇] ခြားနားချက်အနေဖြင့် ၎င်းက KNPP သည် "အမျိုးသားရေးအခြေပြု ဒီမိုကရေစီ" အတွက် တိုက်ပွဲဝင်နေခြင်းဖြစ်ပြီးကလလတသည် "လူထုဗဟိုပြုဒီမိုကရေစီ" အတွက် တိုက်ပွဲဝင်နေခြင်းဖြစ်သည်ဟု ထောက်ပြပြောဆိုသွားခဲ့သည်။[၂၈] 'ဗကပ' နှင့် မဟာမိတ်ဖွဲ့ရန် ရွေးချယ်သွားခဲ့သည့် KNLP ခေါင်းဆောင်ဦးရွှေအေးကလည်း မိမိတို့ပါတီအနေဖြင့်နယ်စပ်တိုင်းရင်းသားဒေသများ၏ အခြားတစ်ဖက်ရှိ အစိုးရဆန့်ကျင်ရေး ကွန်ရက်များနှင့်အတူ နိုင်ငံတစ်ဝှမ်းလုံးကို လွှမ်းခြုံလှုပ်ရှားရန် အရေးကြီးသည်ဟု ခံယူထားခဲ့သည်။[၂၉] မည်သည့်အကြောင်းပြချက်ဖြင့် သဘောထားကွဲလွဲခဲ့ကြသည်ဖြစ်စေ KNPP အရေးတော်ပုံတွင်း အကွဲအပြဲသည် ကရင်နီစည်းလုံးညီညွတ်ရေးကို ဆိုးဆိုးရွားရွားထိခိုက်ပျက်စီးစေခဲ့သည်။ KNPP–KNPLF ခွာပြဲမှုသည် ကယားပြည်နယ်၏ နိုင်ငံရေးအခင်းအကျင်းအပေါ် ယနေ့

အချိန်ထိဖိစီးနှိပ်စက်နေဆဲဖြစ်သည့်အကွဲအပြဲကိုမျိုးစေ့ချပေးခဲ့ခြင်းဖြစ်သည်။

အချင်းချင်းသာ လှည့်ပတ်ရန်ဖြစ်နေကြသဖြင့် နေဝင်း၏ အုပ်ချုပ်မှုအောက်၌ စစ်မှန်သည့် အောင်နိုင်သူ တစ်ဦးတစ်ယောက်မျှ ပေါ်ထွက်မလာခဲ့ပေ။ နယ်စပ်တိုင်းရင်းသားဒေသများ၏ အယူဝါဒပိုင်းဆိုင်ရာ အပြောင်းအလဲမှုများသည် အမျိုးသားနိုင်ငံရေးဇာတ်ခုံ၌ မထင်မရှားဇာတ်ရံနေရာမှ ရုံဖန်ရံခါပွဲထွက်လာလေ့ရှိသည်။ နောက်ခံအမျိုးမျိုးရှိသည့် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး ရှေ့မတိုးသာနောက်မဆုတ်သာဖြင့် အတိဒုက္ခရောက်ခဲ့ကြရသည့် အချိန်ဖြစ်ခဲ့သည်။ နိုင်ငံ့စီးပွားရေးသည်လည်း ယင်းကာလတစ်လျှောက်လုံး ဆက်တိုက်ဆိုသလို ကျဆင်းသွားခဲ့သည်။ နောက်ထပ်နှစ်ကြိမ် ငွေကြေးပယ်ဖျက်မှုပြုလုပ်ခဲ့သည့် ၁၉၈၅ နှင့် ၁၉၈၇ ခုနှစ်နောက်ပိုင်း ကမ္ဘာ့အဆင်းရဲဆုံးဆယ်နိုင်ငံစာရင်းဝင် ဖြစ်လာသည့် မြန်မာနိုင်ငံသည် ကုလသမဂ္ဂ၏ ဖွံ့ဖြိုးမှုအနည်းဆုံး စာရင်းဝင်နိုင်ငံအဆင့်အတန်းသို့ ကျဆင်းသွားခဲ့ရသည်။ နောက်ပိုင်းနှစ်အတွင်း တက္ကသိုလ်ကျောင်းသားများ ဦးဆောင်သည့် ဒီမိုကရေစီအရေးတော်ပုံကြီး နိုင်ငံတစ်ဝှမ်းလုံးသို့ ကူးစက်ပျံ့နှံ့သွားခဲ့သည်။ ဤအရေးတော်ပုံကြောင့် နေဝင်းနှုတ်ထွက်ခဲ့ရပြီး မဆလခေတ် အဆုံးသတ်သွားခဲ့ခြင်းဖြစ်သည်။

နောက်ဆုံး၌ ရာစုနှစ်တစ်စိတ်စာမျှ တံခါးပိတ်ဝါဒဖြင့် မတော်မတရားအုပ်ချုပ်ခဲ့သည့် "မြန်မာ့နည်းမြန်မာ့ဟန် ဆိုရှယ်လစ်လမ်းစဉ်" ကြီး ကိစ္စပြတ်ချုပ်ငြိမ်းသွားတော့သည်။ ကရင်နီလူထုတစ်ရပ်လုံး တပ်မတော်ခေါင်းဆောင်များ၏ ခြေလှမ်းအရွေ့ကို သတိကြီးကြီးထား၍ မျက်လုံးဒေါက်ထောက် စောင့်ကြည့်လာခဲ့ကြသည်။

## နဝတ/နအဖခေတ် (၁၉၈၈–၂၀၁၁)

၁၉၈၈ ခုနှစ် နွေရာသီအတွင်း နိုင်ငံ၏ မြို့တိုင်းလိုလို ဒီမိုကရေစီအရေးတော်ပုံကြီး ရိုက်ခတ်ခံလိုက်ရပြီးနောက် မြန်မာနိုင်ငံ၏ အမျိုးသားနိုင်ငံရေးဇာတ်ခုံသည် လွတ်လပ်ရေး ရပြီးနောက်ပိုင်း အလွန်အရေးပါသည့် တတိယမြောက် လမ်းဆုံလမ်းခွသို့ ရောက်ရှိလာခဲ့ပြန်သည်။ လုံးဝအတိမ်းအစောင်းမခံနိုင်သည့် အရေးအခင်းကြီးသုံးခု ဆက်တိုက်ဆိုသလို ဖြစ်ပွားလာခဲ့သည်။ တိုင်းပြည်၏အာဏာကို (၁၉၉၇ ခုနှစ်မှစ၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကောင်စီ (နအဖ) ဖြစ်လာသည့်) နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးကောင်စီ (နဝတ) မှ လက်လွှဲဆက်ခံခဲ့သည်။ ထို့နောက် ၁၉၈၉ ခုနှစ်အရောက်တွင် စစ်သည် ၁၅၀၀၀ ကျော်ဖြင့်အင်အားတောင့်တင်းလှသည့် ယင်း၏ "ပြည်သူ့တပ်မတော်" အောက်ရှိ တိုင်းရင်းသားတပ်ဖွဲ့များ၏ တပ်တွင်းပုန်ကန်မှုများကြောင့် နိုင်ငံ၏ သက်တမ်းအရင့်ဆုံး နိုင်ငံရေးပါတီတစ်ဖြစ်လဲ 'ဗကပ' ပြိုကွဲသွားခဲ့သည်။ အဆုံး၌ ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ဆယ်စုနှစ်သုံးခုအတွင်း ပထမဦးဆုံးအကြိမ် ကျင်းပဖြစ်ခဲ့သည့် အထွေထွေရွေးကောက်ပွဲ၌ သောင်ပြိုကမ်းပြို အနိုင်ရသွားခဲ့သည်။ 'နဝတ' အစိုးရ၏ ရက်ရက်စက်စက် ဖြိုခွဲနှိမ်နှင်းခံလိုက်ရပြီးနောက် ထောင်ပေါင်းများစွာသော ကျောင်းသားများနှင့် လှုပ်ရှားတက်ကြွသူများသည် KNPP၊ KNU နှင့် ၎င်းတို့၏ NDF မဟာမိတ်အဖွဲ့ဝင်များ ထိန်းချုပ်ထားသည့် နယ်စပ် ဒေသများသို့ တိမ်းရှောင်ခိုလှုံသွားခဲ့ကြသည်။

စစ်အုပ်ချုပ်ရေးကာလ ကြာမြင့်လိမ့်မည်မဟုတ်ဟူသည့် မျှော်မှန်းချက်များအားလုံး ပါစင်အောင် လွဲချော်သွားခဲ့သည်။ မြို့ပြများမှ ဒီမိုကရေစီ လိုလားထောက်ခံကြသူများ အလုံးအရင်းရောက်ရှိလာခြင်းက ကရင်နီနှင့် အခြားတိုင်းရင်းသားအင်အားစုများအား ၎င်းတို့ရွေးချယ်ခဲ့သည့် တော်လှန်ရေးလမ်းကြောင်း သံသယမရှိ မှန်ကန်နေသည်ဟု အခိုင်အမာယုံကြည်သွားစေသည့် တွန်းအားတစ်ရပ်ဖြစ်လာခဲ့သည်။ လူများစုဗမာများ၏ အင်အားအကြီးဆုံးပါတီနှစ်ရပ်ဖြစ်သည့်ဆိုရှယ်လစ်လမ်းစဉ်ပါတီနှင့်ဗမာပြည်ကွန်မြူနစ်ပါတီတို့ ပြိုကွဲပျက်စီးသွားခြင်းကလည်း တစ်နိုင်ငံလုံးအတိုင်းအတာ အပြောင်းအလဲအတွက် မျှော်လင့်ချက်များ ပြန်လည်မြင့်မားလာစေခဲ့သည်။ နိုင်ငံအသိအမှတ်ပြုမှုနှင့် လူသားချင်းစာနာထောက်ထားရေး အကူအညီများ မြင့်တက်လာခဲ့သည်သော်လည်း အစိုးရဆန့်ကျင်ရေး အင်အားစုများ၏ စစ်အုပ်ချုပ်ရေးကို အဆုံးသတ်မည့်ရည်မှန်းချက်ကို လုံးဝဖြည့်ဆည်း ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိကြပေ။ နောက်ပိုင်းဆယ်စုနှစ် နှစ်ခုအတွင်း အတိုက်အခံအင်အားစုများ အကြီးအကျယ် ဖိနှိပ်ခံခဲ့ရသည့် နဝတ/နအဖခေတ်သည်လည်း ၎င်းတို့ဆက်ခံခဲ့သည့် မဆလ

အစိုးရနီးပါးကြာမြင့်စွာ တစ်နိုင်ငံလုံးကို စစ်ဖိနပ်အောက် ထား၍ အုပ်ချုပ်သွားခဲ့သည်။

ယင်းနှစ်များအတွင်း KNPP သည် ဒီမိုကရေစီ အရေးတော်ပုံဒုက္ခသည်များနှင့် ပြည်ပရောက်အင်အားစု များကို ကယားပြည်နယ်အတွင်းမှနေ၍ အားပေးကူညီ သည့် အရေးပါသောရင်းမြစ်တစ်ခု ဖြစ်လာခဲ့သည်။ ၁၉၈၈ ခုနှစ်အရေးအခင်း၌ လွိုင်ကော်နှင့် အခြားနယ်မြို့များ အတွင်း ဒီမိုကရေစီလိုလားသည့် ဆန္ဒထုတ်ဖော်ပွဲများလည်း ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားလာခဲ့သည်။ နောက်ပိုင်း၌ မြို့ ပြနေလှုပ်ရှားတက်ကြွသူများ ဦးဆောင်ဖွဲ့စည်းခဲ့သည့် ဗမာနိုင်ငံလုံးဆိုင်ရာ ဒီမိုကရေစီကျောင်းသားတပ်မတော် (ABSDF) ကို KNPP ထိန်းချုပ်နယ်မြေအတွင်း ဌာနစိတ် များထားရှိ အခြေစိုက်နိုင်ရန်လည်း ခွင့်ပြုပေးခဲ့သည်။[၄၀] သို့သော်လည်း KNPP သည် ဗမာအများစုပါဝင်သည့် မဟာ မိတ်တပ်ပေါင်းစုများနှင့် ပူးပေါင်းဆောင်ရွက်မှုပြုရန်အလွန် သတိထားနေဆဲပင်ဖြစ်သည်။ ရလဒ်အနေဖြင့် ပါတီသည် နဝတ/နအဖခေတ်အတွင်း ဖွဲ့စည်းတည်ထောင်ခဲ့သည့် အဓိကတော်လှန်ရေးအင်အားစုနှစ်ရပ်၌ထဲထဲဝင်ဝင်ပါဝင် ဆောင်ရွက်ခဲ့ခြင်းမရှိဘဲ ဘေးထွက်ထိုင်နေခဲ့သည်ဟု ဆို နိုင်ပါသည်။ ယင်းတို့မှာ (၁၉၈၈ ခုနှစ်တွင် တည်ထောင်ခဲ့ သည့်) မြန်မာပြည် ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ချုပ် (DAB) နှင့် (၁၉၉၂ ခုနှစ်တွင် တည်ထောင်ခဲ့သည့်) ပြည် ထောင်စုမြန်မာနိုင်ငံတော် အမျိုးသားကောင်စီ (NCUB)တို့ ဖြစ်ကြသည်။ အဆိုပါမဟာမိတ် အဖွဲ့အစည်းနှစ်ခုစလုံး သည်ကယားပြည်နယ်၏ တောင်ဖက်မြစ်အောက်ပိုင်းရှိ KNU ထိန်းချုပ်နယ်မြေ မာနယ်ပလော၌ ဌာနချုပ်ထား၍ လှုပ်ရှားခဲ့ကြခြင်းဖြစ်သည်။

ဤကဲ့သို့သော နောက်ခံဖြစ်ရပ်များ အကြား၌ ကရင်နီတော်လှန်ရေး အင်အားစုများသည် ယခင်ကမကြုံ ခဲ့ဖူးသည့် စစ်ရေးနှင့် နိုင်ငံရေးဖိအားသစ်များကို ရင်ဆိုင် လာကြရသည်။ “မြန်မာ့နည်းမြန်မာ့ဟန် ဆိုရှယ်လစ်လမ်း စဉ်” ၏ တံခါးပိတ်နေ့ရက်များ လွန်မြောက်သွားခဲ့သည်။ ယင်းနောက် ပထမဦးဆုံးကြုံတွေ့ရသည့် စိန်ခေါ်မှုသည် ၁၉၉၀ ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ ရောက်ရှိ လာခဲ့သည်။ နယ်မြေအများအပြား၌ လက်နက်ကိုင်တိုက် ပွဲများ ဆက်လက်ဖြစ်ပွားနေခဲ့သော်လည်း မဲရုံများဖွင့်၍ ဆန္ဒမဲများ ဆက်လက်ကောက်ခံခဲ့သည့် နဝတအစိုးရသည် ၁၉၆၂ ခုနှစ်နောက်ပိုင်း ပထမဦးဆုံးအကြိမ်အဖြစ် ပါတီ သစ်များကို ဖွဲ့စည်းတည်ထောင်ခွင့်ပြုခဲ့သည်။ ကယား ပြည်နယ်၏ လစ်လပ်ကိုယ်စားလှယ်နေရာ ရှစ်ခုအနက် NLD မှ ၄ နေရာအနိုင်ရခဲ့ပြီး ၂ နေရာကို တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ (NUP–ယခင်က BSPP) နှင့် ကျန် ၂ နေရာကို အသစ်ဖွဲ့စည်းတည်ထောင်လိုက်သည့် ကယားပြည်နယ် လူမျိုးပေါင်းစုံ ဒီမိုကရေစီအဖွဲ့ချုပ် (KSANLD) တို့ အသီးသီးအနိုင်ရခဲ့ကြသည်။ နယ်မြေချင်း ထိစပ်လျက်ရှိသည့် ကရင်နှင့် ရှမ်းပြည်နယ်တို့တွင်လည်း ကယန်းအမျိုးသားများ စည်းလုံးညီညွတ်ရေး ဒီမိုကရေစီ အဖွဲ့ (DOKNU) မှကိုယ်စားလှယ်နေရာ ၂ ခု အနိုင်ရခဲ့ သည်။ အဆိုပါရလဒ်များက တစ်ချိန်လုံးလိုလို မိမိတို့လူမျိုး များ၏ စစ်မှန်သည့် ကိုယ်စားလှယ်ဖြစ်သည်ဟု ကြွေးကြော် နေခဲ့ကြသော်လည်း မိမိတို့၏ အမာခံထိန်းချုပ်နယ်မြေ ပြင်ပ၌ ဖြစ်ပွားခဲ့သည့် နိုင်ငံရေးအရွေ့ကို လက်ပိုက်ကြည့် နေခဲ့ကြရသည့် KNPP၊ KNPLF နှင့် KNLP တို့အတွက် အကြီးအကျယ်စိတ်ပျက်ဖွယ်ရာ ဖြစ်သွားခဲ့သည်။

NLD အနိုင်ရခဲ့သည်မှန်သော်လည်း ဒီမိုကရေစီ အသွင်ကူးပြောင်းရေး စတင်လာပြီဟု မဆိုသာနိုင်ခဲ့ပေ။ နဝတအစိုးရအနေဖြင့် မည်သည့်အခါကမျှ လွှတ်တော် သစ်အားအစိုးရဖွဲ့ခွင့်ပြုရန် ရည်ရွယ်ချက်မရှိခဲ့သဖြင့် NLD၊ KSANLD၊ DOKNU နှင့် အခြားရွေးကောက်ခံပါတီများ အားလုံး စစ်တပ်၏ ဖိနှိပ်ချုပ်ခြယ်မှုဖြင့်သာလျှင် အဆုံး သတ်သွားခဲ့ရသည်။ နောက်ပိုင်းနှစ်များအတွင်း ရွေးကောက် ခံအမတ်များအပါအဝင် ဒီမိုကရေစီအရေး တက်ကြွလှုပ် ရှားသူများသည် မြို့ပြများမှနေ၍ ထိုင်းနယ်စပ်တစ်လျှောက် KNPP ထိန်းချုပ်ထားသည့် လွတ်မြောက်နယ်မြေများသို့ တဖွဲဖွဲရောက်ရှိလာခဲ့သည်။[၄၁] ၂၀၁၀ ခုနှစ် အထွေထွေရွေး ကောက်ပွဲကျမှသာ မြေပေါ်နိုင်ငံရေးပါတီများ ပြန်လည် ရှင်သန်နိုင်သည့် ရေခံမြေခံအခင်းအကျင်းမျိုး ထပ်မံထွက် ပေါ်လာခဲ့သည် (အခန်း ၆ ကိုကြည့်ပါ)။

ဤကဲ့သို့ အကျပ်ရိုက်နေသည့် အခြေအနေ၌ KNPP နှင့် KNPLF သည် ပြည်နယ်တစ်လွှား တဖြည်းဖြည်း ချင်းတပ်အင်အားဖြန့်ကျက်လာသည့် တပ်မတော်ကြောင့် ဒုတိယမြောက်အကြီးမားဆုံး စိန်ခေါ်မှုတစ်ရပ်နှင့် ထပ်မံ ရင်ဆိုင်ခဲ့ရပြန်သည်။[၄၂] ရလဒ်အနေဖြင့် “ဖြတ်လေးဖြတ်” စစ် ဆင်ရေးအပါအဝင် သံလွင်မြစ် အရှေ့ကမ်းနှင့်အနောက်

ကမ်းနှစ်ဖက်စလုံးသို့ တပ်မတော်၏ ထိုးစစ်ဆင်တိုက်ခိုက်မှုများ ရောက်ရှိလာခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် ဖရူဆိုနှင့် ပြည်နယ်၏အရှေ့မြောက်ရှိ အခြားနယ်မြေဒေသများသို့ ဒါဇင်ပေါင်းများစွာသော ကျေးရွာများကို ပထမအကြိမ် အုံလိုက်ကျင်းလိုက် ရွှေ့ပြောင်းနေရာချထားမှုများ ပေါ်ပေါက်လာခဲ့သည် (အခန်း ၇ ကိုကြည့်ပါ)။ အလားတူပင် KNPP ၏ NDF မဟာမိတ်များ၊ KNU နှင့် မွန်ပြည်သစ်ပါတီ (NMSP) တို့ ထိန်းချုပ်ထားသည့် ထိုင်း– မြန်မာနယ်စပ်တစ်လျှောက်ရှိ နယ်မြေဒေသများသည် နဝတခေတ်တစ်လျှောက်လုံး အပြင်းအထန်ထိုးစစ်ဆင် တိုက်ခိုက်ခံခဲ့ရသည်။ စစ်အစိုးရသစ်သည် ဒီမိုကရေစီလိုလားသည့် လမ်းစဉ်ကို ထောက်ခံအားပေးလျက်ရှိသည့် DAB၊ NCUB နှင့် မဟာမိတ်အဖွဲ့အစည်းများအားလုံးကို အမြစ်ပြုတ်တိုက်ခိုက်သွားရန် သံမဏိဌာန်ချထားကြောင်း ပေါ်လွင်ထင်ရှားလာခဲ့သည်။

စစ်ဆင်ရေးလုပ်ငန်းများသည် နဝတအစိုးရလက်ထက်၌ လူထုလူတန်းစားများကို ကစဉ့်ကလျားအခြေပျက်စေခဲ့သည့် တစ်ခုတည်းသော အကြောင်းရင်းမဟုတ်ခဲ့ပေ။ တစ်ချိန်တည်းလိုလို၌ ကယားနှင့် ရှမ်းပြည်နယ်တို့ကို ဆက်သွယ်သွားမည့် လွိုင်ကော်–အောင်ပန်းမီးရထားလမ်း တည်ဆောက်ခဲ့စဉ်က တပ်မတော်၏ အတင်းအဓမ္မလုပ်အားခိုင်းစေမှုကြောင့် အတိုင်းအတာတစ်ခုအထိ နေရပ်စွန့်ခွာတိမ်းရှောင်မှုနှင့် သေကျေပျက်စီးမှုများ ရှိလာခဲ့ကြောင်း အစီရင်ခံစာများပေါ်ထွက်လာခဲ့သည်။နိုင်ငံပိုင်မီဒီယာများ ကယင်းစီမံကိန်း၌ လူပေါင်း ၃၀၀၀၀၀ ကျော် ပါဝင်ခဲ့သည်ဟု ထုတ်ပြန်ဝန်ခံခဲ့သည်။[၆၃] ကရင်နီပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ရသည့် ကိစ္စရပ်နှင့်ပတ်သက်၍ မေးခွန်းထုတ်ခဲ့ရာ၌ တပ်မတော်ဗိုလ်မှူးကြီးတစ်ဦးက “လူတွေနေ့တိုင်းသေနေကြတာမို့ ဒါကဖြစ်ရိုးဖြစ်စဉ် သဘာဝတစ်ခုပါ” ဟု တုန့်ပြန်ဖြေဆိုသွားခဲ့သည်။[၆၄]

၁၉၉၀ နှစ်လယ်ပိုင်း၌ နိုင်ငံအတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ အားလုံးကို အပစ်အခတ်ရပ်စဲရန် နဝတအစိုးရ ဖိတ်ခေါ်ခဲ့ပြီးနောက် တတိယမြောက်အဆုံးစွန် ကွဲပြဲမှုအကျပ်အတည်းကြီးပေါ်ပေါက်လာခဲ့သည်။ ဤဖိတ်ခေါ်ချက်သည် ဗိုလ်ချုပ်နေဝင်း၏ ၁၉၆၃–၆၄ ခုနှစ် “ငြိမ်းချမ်းရေးဆွေးနွေးရန်ကမ်းလှမ်းမှု” နောက်ပိုင်း တိုင်းရင်းသားတော်လှန်ရေးအင်အားစုများနှင့် အစိုးရအကြား အမှန်တကယ်တွေ့ဆုံဖြစ်ခဲ့သည့် ပထမဦးဆုံးသော ဆွေးနွေးပွဲများဖြစ်လာခဲ့သည်။ ပထမဦးဆုံးသော ငြိမ်းချမ်းရေးကမ်းလှမ်းမှုကို ၁၉၈၉ ခုနှစ်၌ ‘ဗကပ’ ကို ပုန်ကန်၍ ခွဲထွက်သွားခဲ့သည့် တိုင်းရင်းသားအင်အားစုများအတွက် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ယင်းတို့၌ အသစ်ပြင်ဆင်ဖွဲ့စည်းလိုက်သည့် (ကိုးကန့်) မြန်မာအမျိုးသားဒီမိုကရက်တစ် မဟာမိတ်တပ်မတော် (MNDAA)၊ ‘ဝ’ ပြည်သွေးစည်းညီညွတ်ရေး တပ်မတော် (UWSA) နှင့် (မိုင်းလား) အမျိုးသားဒီမိုကရေစီမဟာမိတ် တပ်မတော် (NDAA) တို့ပါဝင်ခဲ့သည်။ သို့သော်လည်း ကမ်းလှမ်းမှုကို ဤအဖွဲ့ (၃) ဖွဲ့က လက်ခံခဲ့ပြီးမှသာ နိုင်ငံအနှံ့ရှိ အခြား တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများအားလုံးကို အလားတူကမ်းလှမ်းမှုများ ဆက်လက်ပြုလုပ်သွားခဲ့ခြင်းဖြစ်သည်။

အစောပိုင်း၌ အစိုးရ၏ မူဝါဒအပြောင်းအလဲသည် တိုင်းရင်းသားအင်အားစုများအား ဒီမိုကရေစီလမ်းစဉ်ကို လိုလားထောက်ခံလျက်ရှိသည့် အဖွဲ့အစည်းများနှင့် ဝေးရာသို့ “ခွဲထုတ်သွားသည့်” မဟာဗျူဟာတစ်ရပ်ဖြစ်သည်ဟုအကျယ်တဝင့် ရည်ညွှန်းပြောဆိုခဲ့ကြသည်။ ဗမာအများစုဖြစ်သည့် ABSDF သို့မဟုတ် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ (NCGUB) ကဲ့သို့သော အစုအဖွဲ့များကို ငြိမ်းချမ်းရေးစားပွဲပေါ်သို့ တစ်ကြိမ်တစ်ခါမျှဖိတ်ခေါ်ခဲ့ဖူးခြင်းမရှိပေ။ စစ်အစိုးရသစ်သည်လည်း DAB သို့မဟုတ် NCUB ကဲ့သို့သော မဟာမိတ်တပ်ပေါင်းစုများနှင့်တွေ့ဆုံဆွေးနွေးမှုပြုရန် ငြင်းပယ်ခဲ့သည်။

မည်သို့ဆိုစေ နဝတ၏ “ငြိမ်းချမ်းရေးထိုးစစ်သည်” တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများအကြား တကယ့်ကိုအကျပ်ရိုက်ရသည့် အခြေအနေမျိုးကို ဖြစ်ပေါ်လာစေခဲ့သည်။ နိုင်ငံအနှံ့အပြား၌ NLD နှင့် ဒီမိုကရေစီအရေးတော်ပုံသစ်ကို ထောက်ခံအားပေးသူများ တဖြည်းဖြည်း များပြားလာခဲ့သည်။ တစ်ချိန်တည်း၌ ဆယ်စုနှစ်ပေါင်းများစွာ ရှေ့တန်းစစ်မြေပြင်များအတွင်း မြေစာပင်ဖြစ်ခဲ့ရသည့် လူထုလူတန်းစားများအနေဖြင့် ငြိမ်းချမ်းရေးကို အလွန်တောင့်တနေခဲ့ကြသည်။ ရလဒ်အနေဖြင့် တိုင်းရင်းသားခေါင်းဆောင် အများအပြားသည် ၎င်းတို့အနေဖြင့် လူများစုဗမာအင်အားစု တစ်ရပ်ရပ်နှင့် ငြိမ်းချမ်းရေးဆွေးနွေးရမည်ဆိုပါက NLD သို့မဟုတ် ပြည်ပရောက်

NCGUB အင်အားစုများထက်စာလျှင် အစိုးရကို နှစ်ပေါင်းများစွာ ထိန်းချုပ်ထားခဲ့သည့် တပ်မတော်နှင့်သာ ဆွေးနွေးသင့်သည်ဟု လက်ခံယုံကြည်သွားခဲ့ကြသည်။

အဆိုပါဖိအားများကို ကယားပြည်နယ်၌ အပြင်းအထန်ခံစားခဲ့ရသည်။ အစောပိုင်း၌ ကရင်နီအမျိုးသားနိုင်ငံရေး အကွဲအပြဲကို ကုစားပေးနိုင်တော့မည်ဟု မျှော်လင့်ခဲ့ကြသည်။ 'ဗကပ' ပြိုလဲသွားပြီးနောက်ပိုင်း KNPP၊ KNPLF၊ KNLP၊ KNU၊ PNO နှင့် SNPLO အဖွဲ့ခေါင်းဆောင်များသည် နှစ်ပေါင်းများစွာအတွင်း ပထမဦးဆုံးအကြိမ်အတူတကွ တွေ့ဆုံစည်းဝေးခဲ့ကြသည်။ ဗဟိုအစိုးရအတွင်း အပြောင်းအလဲကြီးနှစ်ရပ် ဖြစ်ပေါ်ခဲ့ပြီးနောက်ပိုင်း အားလုံးလိုလို ကရင်အဆက်အနွယ်ဖြစ်ကြသည့် စစ်ပြန်ဟောင်းအမျိုးသားရေးဝါဒီ ခေါင်းဆောင်များအကြား ၁၉၄၀ ခုနှစ်နှောင်းပိုင်းမှ ၁၉၆၀ ခုနှစ်အစောပိုင်းထိ ဖြစ်ပွားခဲ့သည့်အမျိုးသားနိုင်ငံရေးဇာတ်ခုံ၏ အရေးပါသည့် အချိုးအကွေ့များနှင့်အပြိုင် အပြောင်းအလဲများစွာ ပေါ်ပေါက်လာခဲ့သည်။ အထူးသဖြင့် DAB တပ်ပေါင်းစုနှင့် တွေ့ဆုံဆွေးနွေး၍ ပူးပေါင်းဆောင်ရွက်နိုင်ရန် KNU ၏ ဌာနချုပ်ဖြစ်သည့် မာနယ်ပလောသို့ KNPLF၊ KNLP နှင့် SNPLO ခေါင်းဆောင်များ ထွက်ခွာသွားခဲ့သည့် ၁၉၉၀ ခုနှစ် ဇူလိုင်လအတွင်း မျှော်လင့်ချက်များ မိုးထိမတတ်မြင့်မားနေခဲ့သည်။

သို့သော်လည်း မည်သည့်သဘောတူညီချက်မျှမရရှိခဲ့သဖြင့် ထိုအချိန်မှစ၍ တိုင်းရင်းသားအင်အားစုများအကြား ပေါင်းစည်းညီညွတ်ရေး မျှော်လင့်ချက်များ ဝေဝါးပျောက်ကွယ်သွားတော့သည်။ ၁၉၉၁ ခုနှစ်အရောက်၌ NDF မဟာမိတ်နှင့် KNPP တို့၏ ကာလရှည်မဟာမိတ်ဖြစ်ခဲ့သည့် PNO သည် အစိုးရနှင့် အပစ်အခတ်ရပ်စဲရန် သဘောတူခဲ့သည်။ ထို့နောက် ၁၉၉၂ ခုနှစ်တွင် KNLP အား 'ဗကပ' လိုလားထောက်ခံသည်ဟု စွပ်စွဲကာ ခွဲထွက်သွားခဲ့သည့် တပ်ဖွဲ့ငယ်တစ်ခုဖြစ်သည့် ကယန်းအမျိုးသားကာကွယ်ရေးတပ် (KNG) ကလည်း အပစ်အခတ်ရပ်စဲသွားခဲ့သည်။ နောက် ၂ နှစ်အကြာ၌ 'နဝတ' အစိုးရသည် 'ဗကပ' ပြိုကွဲသွားပြီးနောက်ပိုင်း ဆက်လက်ရပ်တည်ရန် ခဲယဉ်းလာခဲ့သည့် KNPLF၊ KNLP နှင့် SNPLO တို့နှင့် အပစ်အခတ်ရပ်စဲရန် သဘောတူခဲ့သည် (အခန်း ၃ နှင့် ၅ ကိုကြည့်ပါ)။

ဆယ်စုနှစ်ပေါင်းများစွာ အခိုင်အမာရပ်တည်လာခဲ့ပြီးနောက် ထွက်ပေါက်မဲ့တစ်ဆို့နေသည့် ကရင်နီအမျိုး



NDF ခေါင်းဆောင်များဖြစ်ကြသည့် နိုင်နွန်လား (NMSP)၊ စောမောရယ် (KNPP) နှင့် ဘိုမြ (KNU)

သားနိုင်ငံရေး၌ ‘နဝတ’ ၏ အပစ်အခတ်ရပ်စဲရေးသည် ပဋိပက္ခအခင်းအကျင်းကို သိသိသာသာ ပြောင်းလဲသွားစေမည့် အရွေ့များကို ဆောင်ကျဉ်းလာခဲ့သည် (“ကရင်နီ ပဋိပက္ခသမိုင်းပြမြေပုံ” ကိုကြည့်ပါ)။ ထိုအချိန်က လုပ်ရိုးလုပ်စဉ်နှင့် အနည်းငယ်ကွဲလွဲသည့်ပုံစံဖြင့် KNPLF ကို “ကယားပြည်နယ်အထူးဒေသ၂”ဟူ၍သော်လည်းကောင်း KNG နှင့် KNLP တို့ကို “ကယားပြည်နယ် အထူးဒေသ ၁” နှင့် “ကယားပြည်နယ်အထူးဒေသ ၃” ဟူ၍ လည်းကောင်း အသီးသီးသတ်မှတ်ခွင့်ပြုပေးခဲ့သည်။ ဤသတ်မှတ်ခွင့်ပြုချက်သည် တစ်စိတ်တစ်ပိုင်းအားဖြင့် လူမှုစီးပွားရေးရေခံမြေခံနှင့် ရှမ်း–ကရင်နီ နယ်စပ်ဒေသတစ်လျှောက် ကယန်းလူထုများ မှီတင်းနေထိုင်မှုပုံစံတို့ကို ထင်ဟပ်စေခဲ့သည် ဟု ဆိုနိုင်ပါသည်။

ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ကယားပြည်နယ်တို့သည်တောင်ကြီးမြို့၌ ရုံးထိုင်ထားသည့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ အုပ်ချုပ်မှုအောက်တွင်ရှိနေသဖြင့် အဆိုပါ နယ်မြေပိုင်းခြား သတ်မှတ်ချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ် အခြေခံခြင်းထက် တပ်မတော်၏ ဖွဲ့စည်းတည်ဆောက်ပုံအတိုင်း နေရာချထားခြင်းသာဖြစ်သည်။ ၁၉၉၀ ခုနှစ် အစောပိုင်း၌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အောက်ရှိ လွိုင်ကော်မြို့၌ ဒေသအခြေစိုက် စစ်ဆင်ရေးကွပ်ကဲရုံးကိုလည်း တိုးချဲ့ဖွင့်လှစ်ခဲ့သည်။ တပ်မတော်က မည်ကဲ့သို့ပင်အကြောင်းပြစေကာမူ ‘နဝတ’ အစိုးရအောက်ရှိ ဤစစ်ဆင်ရေးကွပ်ကဲရေး လုပ်ငန်းများသည် ကရင်နီ၏ ပိုနေမြဲကျားနေမြဲ အခြေအနေပေါ်များစွာ သက်ရောက်မှုရှိလာခဲ့သည်။

ရုတ်တရက်ဆိုသလို တစ်ဖွဲ့တည်းကျန်ရစ်ခဲ့သည့် KNPP သည်လည်း ၁၉၉၅ ခုနှစ် မတ်လအရောက်တွင် အစိုးရနှင့် လွိုင်ကော်မြို့၌ အပစ်အခတ်ရပ်စဲရေး ဆွေးနွေးသွားရန် သဘောတူခဲ့ရသည်။[၄၅] ဖက်ဒရယ်လိုလားသည့် အင်အားစုများအကြား KNPP တစ်ဖွဲ့တည်းသာ ဤကဲ့သို့သောအရွေ့မျိုးကို ရွေးချယ်ခဲ့ရသည်မဟုတ်ပေ။ တစ်ချိန်တည်းလိုလို၌ ‘နဝတ’ အစိုးရသည် ကချင်လွတ်လပ်ရေးအဖွဲ့အစည်း (KIO)၊ မွန်ပြည်သစ်ပါတီ (NMSP) နှင့် နောက်ပိုင်း KNU အပါအဝင် KNPP ၏ အရင်းနှီးဆုံးဖြစ်သည့် အခြား NDF မဟာမိတ်အဖွဲ့ဝင်များနှင့်လည်း ငြိမ်းချမ်းရေးဆွေးနွေးနေခဲ့ခြင်းဖြစ်သည်။ KIO နှင့် NMSP တို့နှင့် စေ့စပ်ညှိနှိုင်းမှုသည် ၁၉၉၄ ခုနှစ် နှင့် ၁၉၉၅ ခုနှစ် အပစ်အခတ်ရပ်စဲရေးဆီသို့ အသီးသီး ဦးတည်သွားစေခဲ့သည်။ သို့သော်လည်း ကယားပြည်နယ်၌ KNPP နှင့် သဘောတူခဲ့သည့် အပစ်အခတ်ရပ်စဲရေးသည် တရားမဝင်သစ်ခိုးထုတ်မှုနှင့် စစ်ရေးလှုပ်ရှားမှုများ ဆက်လက်လုပ်ဆောင်နေသည်ဟူသည့် စွပ်စွဲချက်များကြောင့် ရက်သတ္တပတ်အနည်းငယ်အတွင်း ပြန်လည်ပျက်ပြယ်သွားခဲ့သည် (အခန်း ၃ ကိုကြည့်ပါ)။[၄၆] အပစ်အခတ်ရပ်စဲရေးသည် KNPP မှနောက်တစ်ကြိမ် အပစ်အခတ်ရပ်စဲရန် သဘောမတူမီအချိန်ထိ ၁၇ နှစ်တာမျှ ကြာမြင့်သွားခဲ့သည်။

ကြားကာလအတွင်း ပဋိပက္ခနှင့် နေရပ်စွန့်ခွာစစ်ဘေးတိမ်းရှောင်ရမှုများ နိုင်ငံအနှံ့ပျံ့နှံ့လာမှုကြောင့် စစ်ဘေးဒုက္ခသည် ကရင်နီပေါင်း ၂၀၀၀၀ ကျော် ထိုင်းနိုင်ငံသို့ခိုလှုံသွားခဲ့ရပြီး ပြည်တွင်းနေရပ်စွန့်ခွာစစ်ဘေးတိမ်းရှောင်ခဲ့ရသည့် လူဦးရေသည် ပြည်ပရောက်စစ်ဘေးဒုက္ခသည်များထက် နှစ်ဆကျော်ခန့် ပို၍များပြားလိမ့်မည်ဟု ခန့်မှန်းရသည် (အခန်း ၇ ကိုကြည့်ပါ)။ တပ်ပြေးတပ်ဖွဲ့ငယ်ပေါင်းများစွာ စစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲ၍ အလင်းဝင်သွားခဲ့ခြင်းကြောင့် ဖြစ်ပေါ်လာသည့် လူထုလူတန်းစားများအကြား စည်းလုံးမှုပြိုကွဲလာခြင်းသည်လည်း ဆတူထိခိုက်မှု ပြင်းထန်ခဲ့သည်။ ကယားပြည်နယ်အတွင်း ၁၉၉၁–၁၉၉၂ ခုနှစ်ဝန်းကျင်၌ KNLP ကို စွန့်ခွာ၍ ပထမဦးဆုံး ခွဲထွက်သွားခဲ့သည့်တော်လှန်ရေးတပ်ဖွဲ့သည် ကယန်းအမျိုးသားကာကွယ်ရေးတပ် (KNG) ဖြစ်လာခဲ့သည်။ ထို့အပြင် KNPP သည် အပစ်အခတ်ရပ်စဲရေး ပျက်ပြယ်သွားခဲ့ပြီးနောက် ၁၉၉၅ ခုနှစ် အရောက်တွင် ကရင်နီအမျိုးသားဒီမိုကရက်တစ်ပါတီ (KNDP)၊ ၁၉၉၉ ခုနှစ်အရောက်တွင် ကရင်နီအမျိုးသား ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီ (KNPDP) နှင့် ၂၀၀၂ ခုနှစ်အရောက်တွင် ကရင်နီအမျိုးသားစည်းလုံးညီညွတ်ရေး အဖွဲ့ (KNSO) (အခန်း ၃ နှင့် ၅ ကိုကြည့်ပါ) တို့၏ ခွဲထွက်မှုကို ထပ်မံကြုံတွေ့ခဲ့ရသည်။

‘နဝတ–နအဖ’ အစိုးရသည် ဤကဲ့သို့သော နောက်ခံအခင်းအကျင်းမျိုးကို အသုံးချ၍ မိမိတို့၏ ပြည်တွင်းပြုပြင်ပြောင်းလဲရေး အစီအစဉ်များကို သတိကြီးကြီးထား၍ ဆက်လက်ဖော်ဆောင်သွားခဲ့သည်။ ယင်းအစီအစဉ်များကိုကြိုးကိုင်လမ်းညွှန်သူသည် ၁၉၉၂ ခုနှစ်၌ အစိုးရမင်း




ထိုင်းနိုင်ငံရှိ ဘန်မဲ့စုရင်း ဒုက္ခသည်စခန်း (TBC)

ဖြစ်နေသည့် ဗိုလ်ချုပ်မှူးကြီးစောမောင်ကို အစားထိုး၍ စစ်ဦးစီးချုပ်အသစ် ဖြစ်လာခဲ့သည့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပင်ဖြစ်သည်။ စနစ်ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာ၌ အဓိကအင်္ဂါရပ်ကြီးနှစ်ခု ပါရှိခဲ့သည်။ ၁၉၉၃ ခုနှစ်၌ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ခု ရေးဆွဲပြင်ဆင်ရန်အတွက် အမျိုးသားညီလာခံကို ခေါ်ယူကျင်းပခဲ့သည်။ ယင်းနှစ်မှာပင်ဖွဲ့စည်းတည်ထောင်လိုက်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း (USDA) သည် တိုင်းပြည်၏ လူမှုရေးနှင့် နိုင်ငံရေးအကူးအပြောင်း၌ တပ်မတော်ကို ထောက်ခံအားပေးသည့် လူထုအစုအဝေးကြီး အသွင်ဆောင်လာခဲ့သည်။

ငင်းတို့၏ အပစ်အခတ်ရပ်စဲမှုကြောင့် KNPLF၊ KNLP နှင့် KNG တို့သည် အခြားအပစ်ရပ် အဖွဲ့အစည်းများနှင့်အတူ အမျိုးသားညီလာခံသို့ တက်ရောက်ရန်ဖိတ်ကြားခံခဲ့ရသည်။ နောက်ပိုင်း၌ အခြားခွဲထွက်အဖွဲ့များဖြစ်သည့် KNDP၊ KNPDP နှင့် KNSO တို့လည်း ပါဝင်လာခဲ့သည်။ သို့သော်လည်း တိုးတက်မှုအလွန်နှေးကွေးခဲ့သဖြင့် အမျိုးသားညီလာခံကို ၂၀၀၈ ခုနှစ်အထိ တရားဝင်နိဂုံးချုပ် အချောသပ်နိုင်ခဲ့ခြင်းမရှိပေ။ ထိုကာလများ၌ USDA သည် နိုင်ငံရေးအရ လည်ပတ်ဆောင်ရွက်ခွင့်ရသည့် တစ်ခုတည်းသော "အရပ်ဖက်"အဖွဲ့အစည်းတစ်ရပ်အဖြစ် ကယားပြည်နယ်တစ်ဝှမ်းလုံးကို လွှမ်းခြုံလာခဲ့သည်။ လူထုလူတန်းစားများအကြား အထူးသဖြင့် ကက်သလစ်နှင့် နှစ်ခြင်းခရစ်ယာန်ကဲ့သို့သော ဘာသာရေးအခြေပြု အဖွဲ့အစည်းများ ဆက်လက်လှုပ်ရှား သက်ဝင်နေကြဆဲဖြစ်သည်။ သို့သော်လည်း မည်သည့်နိုင်ငံရေးလုပ်ငန်းမျိုးကိုမျှ ပါဝင်ဆောင်ရွက်ခွင့်မရှိကြပေ။ ဝန်ကြီးချုပ်နှင့် စစ်ထောက်လှမ်းရေးမှူးချုပ်ဗိုလ်ချုပ်ခင်ညွန့်၏ "စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ထွန်းကားရေး" ကို ဦးတည်ချီတက်မည့် လမ်းပြမြေပုံ ခုနှစ်ဆင့်ကို ထုတ်ပြန်ကြေညာခဲ့သည့် ၂၀၀၃ ခုနှစ်မတိုင်မီအထိ ခွင့်ပြုပေးခဲ့ခြင်းမရှိပေ။[၄၇]

ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံ၏ အသွင်ကူးပြောင်းရေးကို စတင်ရန်အတွက် စစ်ရေးနှင့် နိုင်ငံရေးလမ်းစဉ်နှစ်ရပ်ကို တစ်ပြိုင်တည်းအကောင်အထည်ဖော်ခဲ့သည်။ နိုင်ငံရေးလမ်းစဉ်၏ အဓိကအင်္ဂါရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲပြင်ဆင်ရေးဖြစ်သည်။ ဖွဲ့စည်းပုံအသစ်ကိုလူပေါင်း ၁၃၀၀၀၀ ကျော် သေကျေပျက်စီးခဲ့ရသည့် ဆိုင်ကလုန်းနာဂစ်အပြီး ၂၀၀၈ ခုနှစ်၌ အစိုးရကြိုးကိုင်ခြယ်လှယ်ထားသည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် ဆက်လက်အတည်ပြုခဲ့ကြသည် (အခန်း (၆) ပါ "လူထုဆန္ဒခံယူပွဲဆန့်ကျင်မဲပေးရေး ကရင်နီလှုပ်ရှားမှု" ကို ကြည့်ပါ)။

အသစ်ရေးဆွဲလိုက်သည့် ပဋိညာဉ်မူအသစ်၌ အမျိုးသား နိုင်ငံရေးဇာတ်ခုံကို "ဦးစီးခေါင်းဆောင်သွားမည့်" တပ်မတော်၏ အခန်းကဏ္ဍကို ဆက်လက်အာမခံပေးထားသည်။ နိုင်ငံရေးအရ တစ်ပန်းသာစေရန် လက်ဦးမှုရယူရာ၌ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ ဥပဒေပြုလွှတ်တော်အား လုံး၌ ၂၅% သောကိုယ်စားလှယ်နေရာများကို အလို အလျောက်ရယူထားရုံမျှမက အဓိကကျသည့် ကာကွယ်ရေး၊ ပြည်ထဲရေးနှင့် နယ်စပ်ရေးရာကဲ့သို့သော ဝန်ကြီးဌာနများကိုပါ ထိန်းချုပ်ထားခဲ့ခြင်းဖြစ်သည်။ လွှတ်တော်ကိုယ်စားလှယ် ၇၅% နှင့်အထက်၏ ထောက်ခံမဲဖြင့်သာလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပဋိညာဉ်မူတစ်ရပ်ရပ်ကို ပြင်ဆင်ခွင့် ရှိရမည်ဟုလည်း ဆက်လက်ပြဋ္ဌာန်းထားခဲ့သည်။ ဤပြဋ္ဌာန်းချက်အရ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်မည့် မည်သည့်ကြိုးပမ်းအားထုတ်မှုကိုမဆို ဗီတိုအာဏာသုံး၍ အကြွင်းမဲ့ပယ်ချနိုင်သည့် တပ်မတော်၏ လုပ်ပိုင်ခွင့်ကို ထပ်လောင်းအာမခံပေးခဲ့ပြန်သည်။ ထို့အပြင် တပ်မတော်သည် နိုင်ငံပိုင်လုပ်ငန်းစုပေါင်းများစွာကိုလက်ဝါးကြီးအုပ်ထိန်းချုပ်၍ စီးပွားရေးလုပ်ပိုင်ခွင့်အာဏာကို အခိုင်အမာ ဆုပ်ကိုင်ထားရုံမျှမက နိုင်ငံ၏ အရပ်ဖက်–စစ်ဖက် ညှိနှိုင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ အမြင့်ဆုံးအာဏာရ အဖွဲ့အစည်းတစ်ရပ်ဖြစ်သည့် ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီတွင်း အဆုံးအဖြတ်မဲကိုပါ ချုပ်ကိုင်ထားခြင်းဖြစ်သည်။[၄၈]

ဖွဲ့စည်းပုံအခြေခံဥပဒေအောက်၌ ကယားပြည်နယ်ပိုင်းခြားသတ်မှတ်ရေးအတွက် ပိုင်နက်နယ်မြေဆိုင်ရာအပြောင်းအလဲတစ်ခုမျှ ပြဋ္ဌာန်းပေးထားခြင်းမရှိသဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီး (ယခင်တိုင်း) များ၌ ယခင်အတိုင်း ပြည်နယ်တစ်ခုအဖြစ်သာ ဆက်လက်ပါဝင်နေခဲ့သည်။ အသစ်ပြင်ဆင်ပြဋ္ဌာန်းချက် တစ်ရပ်အနေဖြင့် ရှမ်းပြည်နယ်၌ ဓနု၊ ကိုးကန့်၊ ပအိုဝ်းနှင့် တအောင်းဟူ၍လည်းကောင်း စစ်ကိုင်းတိုင်းဒေသကြီး၌ နာဂဒေသကိုသော်လည်းကောင်း "ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများ" အဖြစ်သတ်မှတ်ပေးခဲ့ပြီး ရှမ်းပြည်နယ်ရှိ 'ဝ' ဒေသကို "ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း" အဖြစ် ပြဋ္ဌာန်းပေးခဲ့သည်။ ထို့အပြင် ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ ပိုမိုသေးငယ်သည့်လူနည်းစု "တိုင်းရင်းသားလူမျိုးများ" အတွက် (တိုင်းရင်းသားရေးရာဝန်ကြီးများ ဖြစ်လာမည့်) ကိုယ်စားလှယ်နေရာ ၂၉ ခုကို သီးသန့်ဖယ်ပေးထားခဲ့သည်။[၄၉] ယင်းတို့၌ ကယားပြည်နယ်နေ လူနည်းစု ဗမာတိုင်းရင်းသားများအတွက် ကိုယ်စားလှယ်နေရာတစ်ခုနှင့် ရှမ်းပြည်နယ်နေ လူနည်းစု ကယန်းလူမျိုးများအတွက် ကိုယ်စားလှယ် နေရာတစ်ခုတို့လည်း အပါအဝင်ဖြစ်သည် (အခန်း ၆ ကိုကြည့်ပါ)။ အဆိုပါနောက်ပိုင်း ပြဋ္ဌာန်းချက်သည် နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံရေးလမ်းပြမြေပုံပေါ်၌ ကယန်းလူမျိုးများကို ပထမဦးဆုံးအကြိမ် နိုင်ငံရေးအရအသိအမှတ်ပြု နေရာပေးခဲ့ခြင်းဖြစ်သည်။

လွန်ခဲ့သည့် ဆယ်စုနှစ် နှစ်ခုကျော်က NLD အနိုင်ရခဲ့ပြီးနောက်ပိုင်း ပထမဦးဆုံးအကြိမ်အဖြစ် ပြည်လုံးကျွတ်လူထုဆန္ဒခံယူပွဲအပြီး ၂၀၁၀ ခုနှစ်အရောက်မှ ပြန်လည်ခေါ်ယူကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲကြီးဖြစ်သည်။ မဲဆန္ဒခံယူပွဲ မတိုင်မီလေးမှာပင် USDA ကို မှတ်ပုံတင်ထားသည့် နိုင်ငံရေးပါတီအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) ဟူ၍ ပြောင်းလဲဖွဲ့စည်းခဲ့သည်။ အတိုက်အခံခေါင်းဆောင် အများအပြားအကျဉ်းစခန်း သို့မဟုတ် အချုပ်ထောင်များ၌ ဆက်လက်ချုပ်နှောင်ခံထားရဆဲဖြစ်သဖြင့် NLD နှင့် ၁၉၉၀ ခုနှစ် အထွေထွေရွေးကောက်ပွဲဝင် တိုင်းရင်းသားမဟာမိတ်အင်အားစုများ ရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမရှိခဲ့ပေ။ ကယားပြည်နယ်၌ ၁၉၉၂ ခုနှစ်ကတည်းက အစိုးရ၏ ပိတ်ပင်ခံခဲ့ရသည့် KSANLD လည်း တစ်ပါတီဖြစ်ခဲ့သည်။

ထို့ကြောင့် ကြိုတင်မဲစနစ်ကို ကြိုးကိုင်ခြယ်လှယ်၍ မဲလိမ်လည်မှုဖြင့် ကျားကန်ပေးထားသည့် ရွေးကောက်ပွဲရလဒ်သည် ကျိန်းသေ USDP ကို အနိုင်ရစေခဲ့သည်။ တပ်မတော်သားဟောင်းများ ဦးဆောင်လျက်ရှိသည့် USDP အနေဖြင့် အစိုးရသစ်ဖွဲ့စည်းရန်အတွက် တပ်မတော်နှင့် မိတ်ဖက်ဆောင်ရွက်လိုက်ရုံသာ ကျန်တော့သည်။ မည်သို့ဆိုစေ ရွေးကောက်ပွဲအတွင်း ပါဝင်ယှဉ်ပြိုင်ရန် တိုင်းရင်းသားအခြေပြု ပါတီအမြောက်အများ ပေါ်ထွက်လာခဲ့ပြီး အတော်များများသည် အတိုင်းအတာတစ်ခုအထိ ရလဒ်ကောင်းများရရှိခဲ့ကြသည်။ ကိုယ်စားလှယ်နေရာ အနိုင်ရခဲ့ကြသည့် ပါတီပေါင်း ၂၂ ခုအနက် ၁၇ ပါတီသည် တိုင်းရင်းသားအခြေပြုပါတီများ ဖြစ်ကြသည်။[၅၀] ဒီမိုကရေစီလိုလားထောက်ခံသည့် အသိုင်းအဝိုင်းများအကြား၌ နိုင်ငံရေးစနစ်သစ်သည် လွတ်လပ်သည့် ရွေးကောက်ပွဲတစ်ခု

မဟုတ်ဘဲ စစ်တပ်လိုရာကြိုးဆွဲထားသည့် စနစ်အဖြစ်သာလူရယ်စရာဖြစ်ခဲ့သည်။ သို့သော်လည်း ရာစုနှစ်ထက်ဝက်မက ငုပ်လျှိုးနေခဲ့သည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားခြင်းနှင့် ပါတီစုံနိုင်ငံရေး အခင်းအကျင်းသည်မြန်မာနိုင်ငံ၏ လွှတ်တော်နိုင်ငံရေးမျက်နှာစာ၌ ပြန်လည်အသက်ဝင်လာခဲ့သည် ဟုဆိုနိုင်ပါသည် (အခန်း ၆ ကိုကြည့်ပါ)။

ဆန့်ကျင်ဖက်အနေဖြင့် ကယားပြည်နယ်၌ တပ်မတော်နှင့် USDP တို့ သောင်ပြိုကမ်းပြိုအပြည့်အဝ ကြီးစိုးခြယ်လှယ်ကာ အနိုင်ရသွားခဲ့သည် (အခန်း ၆ ကိုကြည့်ပါ)။ နယ်မြေချင်းထိစပ်လျက်ရှိသည့် ရှမ်းပြည်နယ်အတွင်း အသစ်ဖွဲ့စည်းတည်ထောင်လိုက်သည့် ကယန်းအမျိုးသားပါတီ (KNP) ၏ ကိုယ်စားလှယ်နေရာနှစ်ခု အနိုင်ရခဲ့ခြင်းသည်သာလျှင် နယ်ခံတက်ကြွလှုပ်ရှားသူများအတွက် ဖြေသိမ့်စရာဖြစ်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်၌ ကယန်းလူထု၏ "ကိုယ်ပိုင်အုပ်ချုပ်ခွင့်" အဆင့်အတန်းကို အသိအမှတ်ပြုခံခဲ့ရခြင်းမရှိသဖြင့် လူထုအကြားမကျေမချမ်းမှုသည် KNP အပေါ် ထောက်ခံအားပေးမှုကို အရှိန်ရသွားစေသည့် လောင်စာဖြစ်ခဲ့သည်။ ဥပဒေပြုရေးကဏ္ဍသို့ KNP ဝင်ရောက်လာခြင်းသည် ကရင်နီ-ရှမ်း နိုင်ငံရေးအခင်းအကျင်းအပေါ် အကြီးအကျယ် ဂယက်ရိုက်ခတ်သွားခဲ့သည်။ ထိုအချိန်မှစ၍ ရှမ်းပြည်နယ်သာမက ကယန်းအများစု မီတင်းနေထိုင်လျက်ရှိသည့် ကယားနှင့် ကရင်ပြည်နယ် နယ်စပ်ဒေသများပါဝင်သည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေဒေသရရှိရေး စည်းရုံးအရေးဆိုမှုများ တစ်ရှိန်ထိုးအားကောင်းလာခဲ့သည် (အခန်း ၇ ပါ "ကယန်းဒေသနှင့် အမျိုးသားရေးစရိုက်လက္ခဏာ" စာကွက်ကို ကြည့်ပါ)။[၅၁]

ဤကဲ့သို့သော နိုင်ငံရေးအခင်းအကျင်းများ ပေါ်ပေါက်လာခဲ့သည့် အချိန်အခါအလိုက် 'နအဖ' ဗိုလ်ချုပ်များသည် ၎င်းတို့၏ စနစ်အပြောင်းအလဲအတွက် ဒုတိယမြောက်အရေးအကြီးဆုံးဖြစ်သည့် တပ်တွင်းပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အာရုံစိုက်ဖော်ဆောင်လာခဲ့သည်။ ၂၁ ရာစု၏ ပထမဆယ်စုနှစ်အတွင်း နိုင်ငံအဝှမ်း အပစ်ရပ်အဖွဲ့များနှင့် အပစ်မရပ်ရသေးသည့် အဖွဲ့အစည်းများသာမက ၎င်းတို့နှင့် အသွင်မတူသည့် ပြည်သူ့စစ်အဖွဲ့အစည်းမျိုးစုံအပါအဝင် သပွတ်အူကဲ့သို့ ရှုပ်ထွေးပွေလီလှသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအမျိုးမျိုးဖြင့် တင်းကျမ်းပြည့်နေခဲ့သည် (အခန်း ၄ ပါ "၂၀၁၈ ခုနှစ် ဧပြီလ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ" စာကွက်ကိုကြည့်ပါ)။

'နအဖ'သည် ပထမခြေလှမ်းအဖြစ် ၂၀၀၉ ခုနှစ်၌ အပစ်အခတ်ရပ်စဲထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံး တပ်မတော်၏ ထိန်းချုပ်မှုအောက်၌ နယ်ခြားစောင့်တပ်များ (BGFs) အဖြစ် အသွင်ပြောင်းရမည်ဟု မည်သူမျှမျှော်လင့်မထားသည့် ကြေညာချက်တစ်ခုကို ထုတ်ပြန်လာခဲ့သည် (အခန်း ၃ ကိုကြည့်ပါ)။ KIO၊ NMSP နှင့် UWSA တို့အပါအဝင် အင်အားတောင့်တင်းသည့် လက်နက်ကိုင်အဖွဲ့အစည်းများက ချက်ခြင်းငြင်းဆန်ခဲ့ကြသော်လည်း ကယားပြည်နယ်၌ အပစ်အခတ်ရပ်စဲထားသည့် အင်အားနည်းအဖွဲ့အစည်းများသည် နယ်ခြားစောင့်တပ်များ သို့မဟုတ် အစိုးရကျောထောက်နောက်ခံပြုထားသည့် "ပြည်သူ့စစ်" (ရပ်ရွာကာကွယ်ရေးတပ်များ) ဟူသည့် လက်ဝယ်ခံအဆင့်အတန်းကို လက်ခံရန် အတင်းအကျပ်ဖိအားပေးခံခဲ့ရသည်။ နယ်ခြားစောင့်တပ်အသွင်ပြောင်းရေး မပြောင်းရေးကိစ္စရပ်နှင့် ပတ်သက်၍ MNDAA ကို နှစ်ခြမ်းကွဲသွားစေခဲ့သည့် တပ်မတော်၏ ၂၀၀၉ ခုနှစ် သြဂုတ်လ ကိုးကန့်ဒေသ အကြီးစားထိုးစစ်ဆင်တိုက်ခိုက်မှုကြောင့် ဆုံးဖြတ်ချက်များ အလျင်အမြန်ချမှတ်ခဲ့ကြရသည်။[၅၂]

ရလဒ်အနေဖြင့် ၂၀၁၁ ခုနှစ် မတ်လမှစ၍ USDP အစိုးရသစ် အာဏာလက်လွှဲယူရန် ပြင်ဆင်မှုနှင့်အတူ သိသိသာသာ သို့မဟုတ် တစ်ဟုန်ထိုးတိုးတက်ပြောင်းလဲလာမည်ဟု မျှော်လင့်ခဲ့ကြသူ အနည်းအကျဉ်းသာရှိခဲ့သည်။ ဗဟိုအစိုးရ အထိုင်မကျနိုင်သေးသည့် အခြေအနေ၌ ကယားပြည်နယ်၏ ပဋိပက္ခစိန်ခေါ်မှုသည် တစ်နိုင်ငံလုံး အတိုင်းအတာ နိုင်ငံရေးအရှုပ်အထွေးနှင့်စာလျှင် အဆွယ်အပွားမျှသာဖြစ်နေခဲ့သည်။

## ဦးသိန်းစိန်အစိုးရနှင့် ပြန်လည်နိုးထလာသည့် NLD

သမ္မတဦးသိန်းစိန် အာဏာရယူခဲ့ချိန်က ပြည်တွင်း၌သာမက ပြည်ပ၌ပါ အသစ်တက်လာသည့် ဦးသိန်းစိန်အစိုးရသည်“အရပ်သားတစ်ပိုင်း”သာဖြစ်သည်ဟုဝေဖန်မှုများတွင်ကျယ်ပျံ့နှံ့ခဲ့သည်။ ရည်ရွယ်ချက်များနှင့် ရည်မှန်းချက်များကို ကြည့်ပါကလည်း မြန်မာနိုင်ငံသည် စစ်တပ်၏ထိန်းချုပ်မှုအောက်တွင်သာ ရှိနေဆဲဖြစ်သည်။ သို့ဖြစ်၍သမ္မတဦးသိန်းစိန်အနေဖြင့် အယုံအကြည်ကင်းမဲ့နေသူများကို ခေတ်သစ်နိုင်ငံရေးစနစ် အမှန်တကယ် အသက်ဝင်လာတော့မည်ဖြစ်ကြောင်း သက်သေပြရန်အတွက် အပေးအယူပြုလုပ်ရန် လိုအပ်လာခဲ့သည်။ ဤကဲ့သို့သောနောက်ခံအခင်းအကျင်းမျိုး ရှိနေလင့်ကစား အာဏာရလာပြီး လအနည်းငယ်အကြာ၌ အစိုးရသစ်သည် လွန်ခဲ့သည့် ရာစုနှစ်ထက်ဝက်နီးပါးခန့်က ဦးနေဝင်း၏ “မြန်မာ့နည်းမြန်မာ့ဟန်ဆိုရှယ်လစ်လမ်းစဉ်” ကတည်းက အပြောင်းအလဲဆိတ်သုဉ်းနေခဲ့သည့် အမျိုးသားနိုင်ငံရေးဇာတ်ခုံတွင်း အရေးအကြီးဆုံး အပြောင်းအလဲများကို ဖော်ဆောင်ရန် တံခါးဖွင့်ပေးခဲ့ခြင်းဖြင့် အတိုက်အခံများကို အံ့သြသင့်စေခဲ့သည်။

မူဝါဒ အပြောင်းအလဲများစွာ ဖြစ်ပေါ်လာခဲ့ပြီး ဦးသိန်းစိန်သည် အရေးပါသည့် အစီအစဉ်နှစ်ရပ်ဖြစ်သည့် နိုင်ငံရေးဖြေလျှော့ပေးခြင်းနှင့် တိုင်းရင်းသားငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့ကိုစတင်မိတ်ဆက်ဖော်ဆောင်လာခဲ့သည်။ ပထမဦးဆုံးခြေလှမ်းတစ်ရပ်အဖြစ် ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သည့် NLD နှင့် ပေါင်းကူးဆက်ဆံရေး တည်ဆောက်နိုင်စေရန် စတင်ကြိုးပမ်းလာခဲ့သည်။ အာဏာရလာပြီး မကြာခင်မှာပင် နိုင်ငံရေးအကျဉ်းသားများစွာကို လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ခြင်း၊ မီဒီယာကန့်သတ်ချက်အမြောက်အများကို ဖယ်ရှားပေးခဲ့ခြင်းနှင့် နိုင်ငံတကာနှင့် တံခါးဖွင့်ဆက်ဆံရေး တည်ဆောက်မှုလုပ်ငန်းများကိုဆောင်ရွက်လာခဲ့သည်။ ရလဒ်အနေဖြင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အမျိုးသားနိုင်ငံရေးဇာတ်ခုံ၌ ဝင်ရောက်ကပြရန် NLD ဖက်မှ သဘောတူလာခဲ့သည်။ အခြား NLD အမတ် ၄၂ နှစ်ဦးနှင့်အတူ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် လွှတ်တော်သို့ မဲအသာစီးဖြင့် ဝင်ရောက်လာခဲ့သည့် ၂၀၁၂ ခုနှစ် ဧပြီလကြားဖြတ်ရွေးကောက်ပွဲက အသွင်ကူးပြောင်းရေးကာလ ပြောင်းလဲမှုရေချိန်၏ အလားအလာကောင်းကိုထင်ဟပ်စေခဲ့သည်။ သို့သော်လည်း အစိုးရတစ်ခုလုံးကို တပ်မတော်ကသာ ဆက်လက်ကြီးစိုးထားဆဲဖြစ်သည်။ မည်သို့ဆိုစေ ဆယ်စုနှစ်ပေါင်းများစွာ လုံခြုံရေးအကြောင်းပြဖိနှိပ်မှုနှင့် ရှေ့မတိုးသာ နောက်မဆုတ်သာ လက်နက်ကိုင်ပဋိပက္ခအလွန် ဥပဒေပြုရေးကဏ္ဍသို့ NLD ရောက်ရှိလာခဲ့ခြင်းက အမျိုးသားနိုင်ငံရေးဇာတ်ခုံ၏ တစ်ဆစ်ချိုးအပြောင်းအလဲအတွက် ရှေ့တော်ပြေးဖြစ်လာခဲ့သည်။

နိုင်ငံရေးအပြောင်းအလဲ အရှိန်ရလာသည်နှင့်အမျှ သမ္မတဦးသိန်းစိန်သည် ဒုတိယမဟာဗျူဟာဖြစ်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သစ်ကို စတင်ဖော်ဆောင်လာခဲ့သည်။ ၂၀၁၁ ခုနှစ် သြဂုတ်လအရောက်တွင် နိုင်ငံအတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများအားလုံးကို လွှမ်းခြုံဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သစ်ကို သမ္မတဦးသိန်းစိန် ထုတ်ပြန်ကြေညာခဲ့သည်။ “ငြိမ်းချမ်းရေးအတွက် ကျနော်တို့ တံခါးဖွင့်ထားပါတယ်” ဟု နိုင်ငံပိုင်ပုံနှိပ်မီဒီယာ၌ ဖော်ပြခဲ့သည့် မိန့်ခွန်းတစ်ခုအတွင်း ထည့်သွင်းပြောဆိုသွားခဲ့ပြီး “အစိုးရမဟုတ်သည့်လက်နက်ကိုင်အဖွဲ့အစည်းများအားလုံး ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားပါက” တွေ့ဆုံဆွေးနွေးမှုပြုကြရန် ဖိတ်ခေါ်သွားခဲ့သည်။[၅၃] သုံးလအကြာ၌ KNPP သည် ယခင်မီးရထားဝန်ကြီးဟောင်းနှင့် ဗိုလ်ချုပ်ဟောင်းတစ်ဦးဖြစ်သည့် ဦးအောင်မင်းဦးဆောင်သည့် ဦးသိန်းစိန်၏ ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့နှင့် ထိုင်းနိုင်ငံအတွင်းတွေ့ဆုံဆွေးနွေးမှုပြုလုပ်ခဲ့သည်။

ဤကဲ့သို့သော ကနဦး တွေ့ဆုံဆွေးနွေးမှုများမှ တစ်ဆင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သစ် ရုပ်လုံးပေါ်လာခဲ့သည်။ လုပ်ငန်းစတင်ချိန်ကတည်းက အစိုးရကိုယ်စားလှယ်များသည် ၎င်းတို့အာဏာဆက်ခံခဲ့သည့် ယခင် ‘နအဖ’ အစိုးရထက်စာလျှင် ရင်ကြားစေ့ရေးနည်းလမ်းကို ပိုမိုအလေးထားသည်ဟု တိုင်းရင်းသားခေါင်းဆောင်များက မှတ်ချက်ပြုခဲ့သည်။ တွေ့ဆုံဆွေးနွေးမှု ရလဒ်များကိုလည်း နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အများပြည်သူသိရှိနိုင်စေရန်ထုတ်ပြန်အစီရင်ခံခဲ့သည်။[၅၄] EAOs များနှင့် တွေ့ဆုံဆွေးနွေးရာ၌လည်း ဦးအောင်မင်းက ယခင်အပစ်အခတ်

ရပ်စဲရေးလုပ်ငန်းများသည် အများပြည်သူကို အမှန်တကယ် အကျိုးပြုခဲ့ခြင်းမရှိသဖြင့် မအောင်မမြင်ဖြစ်ခဲ့ရသည်ဟု အတိအလင်း ပြောဆိုသွားခဲ့သည်။ ထို့အပြင်အစိုးရသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းရန် တောင်းဆိုထားသည့် ညွှန်ကြားချက်ကိုလည်း ပြန်လည်ရုပ်သိမ်းသွားခဲ့သည်။ အစိုးရအနေဖြင့် အပစ်အခတ်ရပ်စဲထားခြင်းမရှိသည့် EAOs များနှင့်လည်းမည်သည့်ကြိုတင်စည်းကမ်းသတ်မှတ်ချက်မျှမထားရှိဘဲ တွေ့ဆုံဆွေးနွေးသွားရန် ဆန္ဒရှိခဲ့သည်။ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် "အမျိုးသားအဆင့်" တွေ့ဆုံဆွေးနွေးမှုများ ရှိလာနိုင်သလို ယနေ့ခေတ် "ပြည်ထောင်စုမြန်မာနိုင်ငံတော်" ကို မွေးဖွားပေးခဲ့သည့် ၁၉၄၇ ပင်လုံညီလာခံကဲ့သို့သော အမျိုးသားညီလာခံသစ်ကိုပါ ခေါ်ယူကျင်းပသွားမည့် အလားအလာရှိခဲ့သည်။[၇၅]


ဤကဲ့သို့သော ပြောဆိုချက်များက နိုင်ငံ၏ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်လာခဲ့သည့် ပြည်တွင်းစစ်ကို နောက်ဆုံး၌ ပြေလည်သွားစေမည့် ဖြေရှင်းချက်မျိုးကို ရှာဖွေနိုင်တော့မည်ဟု တိုင်းရင်းသားခေါင်းဆောင်များယုံကြည်လာစေရန် တိုက်တွန်းအားပေးခဲ့သည့် ကတိကဝတ်များဖြစ်လာခဲ့သည်။ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ၌ "ဒါက အရမ်းကောင်းတဲ့ ပထမခြေလှမ်းတစ်ရပ်ပါပဲ။ ဦးအောင်မင်းက ကျနော်တို့ကို ပွင့်ပွင့်လင်းလင်းပဲ ပြောဆိုဆွေးနွေးသွားခဲ့တယ်။ ကျနော်တို့အနေနဲ့ သူ့ကိုယုံကြည်လို့ရတယ်လို့ ထင်တာပဲ။ နောက်ထပ်တွေ့ဆုံဆွေးနွေးမှုတွေ ထပ်လုပ်နိုင်မယ်လို့လည်း ကျနော်တို့ ယုံကြည်ပါတယ်" ဟု ပြောဆိုသွားခဲ့သည့် KNPP၏ ငြိမ်းချမ်းရေးဦးဆောင်ဆွေးနွေးသူ ခူဦးရယ်၏ အသံသည် အကောင်းမြင်သည့် ယုံကြည်မှုတို့ဖြင့် ပြည့်နှက်နေခဲ့သည်။[၇၆]

တာထွက်စမှတ်အနေဖြင့် ဦးသိန်းစိန်အစိုးရသည် နယ်ခြားစောင့်တပ်ပြောင်းလဲရေး ညွှန်ကြားချက်ကို ငြင်းဆန်ခဲ့ကြသည့် UWSA အပါအဝင် အခြားအပစ်ရပ်အဖွဲ့အစည်းများနှင့် ချုပ်ဆိုထားခဲ့သည့် သဘောတူညီချက်များကိုထပ်လောင်းခိုင်မာစေရန် ဦးစွာအာရုံစိုက်ဆောင်ရွက်ခဲ့သည်ဟုယူဆရသည်။[၇၇]သို့သော်လည်းညွှန်းကိန်းများအရ ဦးသိန်းစိန်၏ ငြိမ်းချမ်းရေးကမ်းလှမ်းချက်သည် တောင်ကြီးမြို့၌ သျှမ်းပြည်တပ်မတော်/သျှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (SSA/RCSS) နှင့် အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးခဲ့သည့် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလအရောက်တွင်မှ တိုးတက်မှုရှိလာခဲ့သည်ဟုဆိုရမည်ဖြစ်သည်။ ထိုင်းနိုင်ငံနှင့် ကယားနယ်နိမိတ်တစ်လျှောက် SSA/RCSS တပ်ဖွဲ့များ၏ တပ်လှုပ်ရှားမှုသည်မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသ၏ လက်နက်ကိုင် ပဋိပက္ခချိန်ခွင်လျှာကို သိသိသာသာပြောင်းလဲသွားစေခဲ့သည်။

KNPP အတွက် အဆုံးအဖြတ်ပေးရမည့် အချိန်အခါသည် နောက်တစ်လအကြာ ၂၀၁၂ ခုနှစ် ဇန်နဝါရီလ၌ လွတ်လပ်ရေးရပြီးစချိန်မှစ၍ KNPP ၏အရှည်ကြာဆုံး မဟာမိတ်ဖြစ်လာခဲ့သည့် KNU၏ အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးမှုနှင့်အတူ ရောက်ရှိလာခဲ့သည်။ ယင်းမတိုင်ခင်က KNU သည် လက်နက်ကိုင်တော်လှန်ရေး စတင်ခဲ့သည့် ၁၉၄၉ ခုနှစ် ဇန်နဝါရီလမှစ၍ မည်သည့်အခါကမျှ မည်သည့်အစိုးရနှင့်မျှ တရားဝင်အပစ်အခတ်ရပ်စဲခဲ့ဖူးခြင်း မရှိပေ။ အောင်ပွဲခံမှုများအကြား၌ KNPP သည်လည်းအပါအဝင်ဖြစ်ခဲ့ပြီး ၂၀၁၂ ခုနှစ် မတ်လ ၇ ရက်နေ့၌ မိမိတို့၏ ဒုဥက္ကဋ္ဌခူဦးရယ်နှင့် စစ်ဦးစီးချုပ် ဘီထူးတို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဖြင့် လွိုင်ကော်မြို့၌ "ပြည်နယ်အဆင့်" အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ ၂၀၁၂ အကုန်၌ နိုင်ငံအတွင်းရှိ တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အများစုသည် အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။ သမ္မတဦးသိန်းစိန်သည် ယုံကြည်မှုလွန်ကဲသည့် အကောင်းမြင်စိတ်ဖြင့် ၂၀၁၃ ခုနှစ် မကုန်မီ "နှစ်ပေါင်းခြောက်ဆယ်ကျော်အတွင်း" မြန်မာနိုင်ငံအတွင်း၌ သေနတ်သံများအားလုံး ပထမဦးဆုံးအကြိမ်အဖြစ် "ချုပ်ငြိမ်းသွားလိမ့်မည်" ဟု နိုင်ငံတကာအသိုက်အဝန်းကိုကြေညာမောင်းခတ်ခဲ့သည်။[၇၈]

ဝေဖန်ထောက်ပြခဲ့ကြသကဲ့သို့ပင် ဤကတိကဝတ်သည် လက်တွေ့ရုပ်လုံးပေါ်လာခြင်းမရှိဘဲ နိဂုံးချုပ်သွားခဲ့သည်။ အစိုးရဖက်မှ မည်မျှပင်အာဘောင်အာရင်းသန်သန်ပြောဆိုနေစေကာမူလက်နက်ကိုင်ပဋိပက္ခသည်မည်သည့်နည်းနှင့်မျှ လွယ်လွယ်အဆုံးသတ်မည့် အရိပ်အယောင်မရှိခဲ့ပေ။ ယင်းအစား နိုင်ငံ၏ အချို့ဒေသများ၌ တိုင်းရင်းသားအခြေပြု နိုင်ငံရေးအုံကြွမှုများသာ ပေါ်ပေါက်လာခဲ့ပြီး လက်

# ကရင်နီပဋိပက္ခအခြေပြမြေပုံ




**ရင်းမြစ်** – ဤမြေပုံသည် KCSN နှင့် TNI ၏ သုတေသနလုပ်ငန်းများမှရရှိသည့် အချက်အလက်များပေါ် အခြေခံထားခြင်းဖြစ်သည်။ ဤမြေပုံသည် ကရင်နီလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ၎င်းတို့ဩဇာလွှမ်းမိုးထားသည့် နယ်မြေဒေသများကို ယေဘုယျအားဖြင့် သိမြင်နားလည်နိုင်စေရန်အတွက်သာ ရေးဆွဲပြင်ဆင်ထားခြင်းဖြစ်သည်။

နက်ကိုင်ပဋိပက္ခနှင့် လူသားချင်း စာနာထောက်ထားမှု အကျပ်အတည်းများ သံသရာတစ်ပတ် ပြန်လည်လာခဲ့သည်။ ပထမဦးဆုံးသော သတိပေးချက်သည် ဦးသိန်းစိန် အာဏာရပြီး မကြာမီမှာပင် တပ်မတော်ဖက်မှ စစ်ဆင်ရေး လုပ်ငန်းများ ပြန်လည်စတင်ခဲ့သဖြင့် ကချင်ပြည်နယ်၌ KIO နှင့်ချုပ်ဆိုထားခဲ့သည့် အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် ပျက်ပြယ်သွားခဲ့သည့် ၂၀၁၁ ခုနှစ် ဇွန်လအတွင်း ပေါ်ထွက်လာခဲ့သည်။[၅၉] ယင်းအချိန်က အလွန်လူသိနည်းခဲ့သည့် အဆိုပါအရေးအခင်းသည် လက်နက်ကိုင်ပဋိပက္ခမီးကို အရှေ့မြောက်ပိုင်းမှသည် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ရှမ်း၊ တအာန်းနှင့် ကိုးကန့်အသိုက်အဝန်းများအထိ တောက်လောင်သွားစေရန် နောက်ပြန်ဆွဲသွားခဲ့သည့် လုပ်ဆောင်ချက်ဖြစ်သွားခဲ့သည်။ နောက်တစ်နှစ်အကြာ ရခိုင်ပြည်နယ်၌ ဗုဒ္ဓဘာသာနှင့် မွတ်စလင်အကြား အကြမ်းဖက်တိုက်ခိုက်မှု ပေါ်ပေါက်လာခဲ့ပြီး နောက်ပိုင်းနှစ်များအထိ ဆက်လက်ကြီးထွားလာပြီး ခေတ်သစ်လူ့ဘောင်သမိုင်း၌ အဆိုးရွားဆုံး ဒုက္ခသည်အရေးအခင်းကြီး ဖြစ်လာခဲ့သည်။[၆၀]


နှစ်များကုန်လွန်လာသည်နှင့်အမျှ မြန်မာနိုင်ငံ နယ်စပ်ဒေသတစ်လွှား တစ်ကျော့ပြန်ဖြစ်ပွားလာခဲ့သည့် လက်နက်ကိုင်ပဋိပက္ခသည် ဦးသိန်းစိန်၏ အုပ်ချုပ်ရေး မှတ်တမ်းကို ဆိုးဆိုးရွားရွား အကျည်းတန်သွားစေခဲ့သည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေးတစ်ဆစ်ချိုးအကွေ့သို့ ရောက်ရှိလာခဲ့ပြီဟုနိုင်ငံတကာအသိုက်အဝန်း၏လက်ခံယူဆချက်ကို ဝိရောဓိဖြစ်စေခဲ့သည့်အပြင် တစ်နိုင်ငံလုံးအတိုင်းအတာ ပြုပြင်ပြောင်းလဲရေးနှင့် ငြိမ်းချမ်းရေးအောင်မြင်မှုရလဒ်များကိုပါ အဖက်ဖက်မှ မှေးမှိန်သွားစေခဲ့သည်။ မည်သို့ဆိုစေ တိုင်းရင်းသားခေါင်းဆောင် အများအပြားသည် အစိုးရအနေဖြင့် စစ်တပ်သည်သာပထမဟူသည့် နည်းဗျူဟာကို မတော်တဆ ပြန်လည်ကျင့်သုံးမိခဲ့သည်ဟူသည့် အကြောင်းပြချက်ကို မည်သည့်အခါကမျှ အယုံအကြည်မရှိခဲ့ကြပေ။ ယင်းထက်စာလျှင် တစ်နိုင်ငံလုံးကို ပိုမိုအုပ်စီးထိန်းချုပ်လိုသည့်တပ်မတော်၏ရေရှည်မဟာဗျူဟာများအတွက်အဓိကကျသည့် အစိတ်အပိုင်းဖြစ်သည်ဟုသာ သုံးသပ်ယူဆခဲ့ကြသည်။ တပ်မတော်ဗိုလ်ချုပ်များအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေး၊ ငြိမ်းချမ်းရေးစကားဝိုင်းများ သို့မဟုတ် စစ်ဆင်ရေးလုပ်ငန်းများကို ထောက်ခံအတည်ပြုသည်ဖြစ်စေ မပြုသည်ဖြစ်စေ ၎င်းတို့အားလုံးသည် တူညီသည့် ဘုံနိုင်ငံရေးနှင့် လုံခြုံရေးပန်းတိုင်များဆီသို့ ဦးတည်လျှောက်လှမ်းနေကြသူများသာဖြစ်သည်။

ဤအကြောင်းပြချက်ကြောင့် KNPP အပါအဝင် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းအများစုသည် ဦးသိန်းစိန်ဖော်ဆောင်ခဲ့သည့် ငြိမ်းချမ်းရေးခြေလှမ်းသစ်၏ ဗဟိုချက်မသော့ချက်ဖြစ်သည်ဟု တင်စားခဲ့ကြသည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ၌ လက်မှတ်ရေးထိုးရန် ငြင်းဆန်ခဲ့ကြခြင်းဖြစ်သည် (အခန်း ၃ ကိုကြည့်ပါ)။ ထို့အပြင် တစ်လအကြာ၌ ကျင်းပခဲ့သည့် နိုဝင်ဘာအထွေထွေရွေးကောက်ပွဲ၌ NLD သောင်ပြိုကမ်းပြိုခြွင်းချက်မရှိ အနိုင်ရခဲ့ခြင်းကလည်း အာဏာရအစိုးရအပေါ် အများယုံကြည်မှု ကင်းမဲ့လျက်ရှိကြောင်း သက်သေပြလျက်ရှိသည် (အခန်း ၆ ကိုကြည့်ပါ)။

ဦးသိန်းစိန်အစိုးရလက်ထက် အထွေထွေဖြေလျှော့ပြောင်းလဲရေးလုပ်ငန်းများအပေါ် မေးခွန်းထုတ်စရာမရှိပေ။ သို့သော်လည်း နိုင်ငံအဝှမ်းရှိ လူထုလူတန်းစားများသည် ၂၀၁၆ မတ်လအတွင်း အာဏာလွှဲပေးရန် ဦးသိန်းစိန် ပြင်ဆင်လာသည့် အချိန်ကျမှသာ လွှတ်တော်နိုင်ငံရေးသော်လည်းကောင်း NCA လုပ်ငန်းစဉ်သည် သော်လည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးကို ဦးတည်ခဲ့ခြင်းမရှိကြောင်းဂရုပြုမိခဲ့ကြသည်။ USDP–တပ်မတော် အစိုးရ သက်တမ်းငါးနှစ် လွန်သွားခဲ့သော်လည်း မြန်မာနိုင်ငံ၏ အနာဂတ် နိုင်ငံရေးလမ်းကြောင်းသည် ရေရာပြတ်သားမှု မရှိဘဲ ဝေဝါးနေဆဲပင်ဖြစ်သည်။

## NLD အာဏာရလာခြင်း

၂၀၁၆ ခုနှစ် မတ်လအကုန်၌ NLD အစိုးရဖြစ်လာခဲ့ပြီးနောက် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုနှင့် တစ်နိုင်ငံလုံးအတိုင်းအတာ ငြိမ်းချမ်းရေးအတွက် အပြုသဘောဆောင်သည့် တွန်းအားတစ်ရပ် ဖြစ်စေလိမ့်မည်ဟု အစောပိုင်း၌ မျှော်လင့်ချက်များ မြင့်မားခဲ့ကြသည်။ အစမ်းမဲဆွယ်စည်းရုံးရေးခရီးစဉ်အတွင်း ဒေါ်အောင်ဆန်းစုကြည်က ၎င်း၏ဖခင်ကိုယ်တိုင်လက်မှတ်ရေးထိုးခဲ့သည့်၁၉၄၇ခုနှစ်ပင်လုံညီလာခံကို ရည်ညွှန်းပြောဆိုထားသည့် “ဒုတိယပင်လုံညီလာခံ” တစ်ရပ် ခေါ်ယူကျင်းပသွားမည်ဟု ပြောဆိုခဲ့ခြင်းဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သစ်အပေါ် မျှော်လင့်ချက်ပိုမိုမြင့်မားလာစေခဲ့သည်။[၆၁] ၂၀၁၆ ဇန်နဝါရီလတွင် ကျ



သံလွင်မြစ်ကမ်းနံဘေးရှိ KNPP တပ်စခန်း (MS)

ရောက်သည့် လွတ်လပ်ရေးနေ့၌ “အစိုးရသစ်အနေနဲ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပထမဦးစားပေးထားပြီး ဆောင်ရွက်သွားမယ်။ ကျမတို့အနေနဲ့ အားလုံးပါဝင်မှုရှိတဲ့ အပစ်အခတ်ရပ်စဲရေးဖြစ်အောင် ကြိုးစားဆောင်ရွက်သွားမယ်” ဟု ကတိကဝတ်ပြုခဲ့သည်။[၆၂] နောက်ဆက်တွဲအနေဖြင့် ဒေါ်အောင်ဆန်းစုကြည်သည် အာဏာလွှဲပေးရမည့် အစိုးရဟောင်း စီစဉ်ကျင်းပခဲ့သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ၌ တက်ရောက်ပါဝင်ခဲ့ပြီး “စစ်မှန်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု” တစ်ရပ်ဝိုင်းဝန်းတည်ဆောက်ကြရန် တိုက်တွန်းပြောဆိုသွားခဲ့သည်။[၆၃] ဦးသိန်းစိန်၏ NCA အပေါ်အများ၏ ဝေဖန်ထောက်ပြမှုကို ဂရုပြုမိသဖြင့် အဆိုပါအခမ်းအနားသည် “ဟန်ပြမျှသာ” ဖြစ်သည်ဟု ခိုင်းနိုင်းပြောဆို၍ “တကယ့်ငြိမ်းချမ်းရေး ညီလာခံကိုတော့ နောက်တက်မယ့်အစိုးရကသာ ဆောင်ရွက်သွားရမှာဖြစ်တယ်” ဟု ကြေညာမောင်းခတ်သွားခဲ့သည်။[၆၄]

ထိုကဲ့သို့သော အပြောအဆိုကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အပြောင်းအလဲပြုလုပ်ရန် လိုအပ်လျက်ရှိကြောင်း NLD ၏ဦးဆောင်မှုအောက်ရှိ အစိုးရသစ်အနေဖြင့် နားလည်သဘောပေါက်သည်ဟု အကောင်းမြင်မှု မြင့်တက်လာခဲ့သည်။ KNPP အရာရှိ ခူညေးရယ်က “အရင်အစိုးရခေတ်တုန်းကတော့ ကျနော်တို့နဲ့ ငြိမ်းချမ်းရေးလုပ်ပြီးပြီလို့သာ သူတို့ပြောနေပေမယ့် ပဋိပက္ခနဲ့ တိုက်ပွဲတွေကဆက်ဖြစ်နေတုန်းပဲ။ ဒါကြောင့် အစိုးရသစ်လက်ထက်ကျရင်တော့ ဒါတွေပြောင်းလဲသွားပြီး ဒီကိစ္စတွေကို ဆွေးနွေးအဖြေရှာဖို့ ပိုပြီးအခွင့်အရေးရလာမယ်လို့ ကျနော်တို့မျှော်လင့်တယ်” ဟု ပြောဆိုသွားခဲ့သည်။[၆၅]

NLD အနေဖြင့် စိန်ခေါ်မှုများစွာကို ရင်ဆိုင်ဖြေရှင်းနေရသည်ကို တိုင်းရင်းသားခေါင်းဆောင်များ ကောင်းစွာ နားလည်သဘောပေါက်ကြသည်။ ဒေါ်အောင်ဆန်းစုကြည် သမ္မတဖြစ်မလာစေရန် ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက် (ဗြိတိသျှနိုင်ငံသားတစ်ဦးကို လက်ထပ်ထိမ်းမြားခြင်းဖြင့် နိုင်ငံရပ်ခြား၌နေထိုင်သည့် ဆွေမျိုးသားချင်းရှိနေသည့်အချက်) ကိုအသုံးပြု၍ တပ်မတော်သားကိုယ်စားလှယ်များ ပိတ်ပင်တားမြစ်ခဲ့ခြင်းက အနာဂတ်တွင်ရင်ဆိုင်ကြုံတွေ့လာရမည့် အခက်အခဲများ၏ ရှေ့တော်ပြေးသတိပေးချက် ဖြစ်လာခဲ့သည်။ မည်သို့ဆိုစေ နိုင်ငံတော်အတိုင်ပင်ခံဟူ၍ ဒေါ်အောင်ဆန်းစုကြည် အသစ်ဖန်တီးလိုက်သည့် ရာထူးသစ်ကြောင့် NLD အနေဖြင့် ကိုယ်ပိုင်နိုင်ငံရေးလမ်းကြောင်းကို ရွေးချယ်လျှောက်လှမ်းသွားလိမ့်မည်ဟူသည့် မျှော်လင့်ချက် ပိုမိုခိုင်မာလာခဲ့သည်။ နှစ်ပေါင်းများစွာ ရုန်းကန်တိုက်ပွဲဝင်လာခဲ့ပြီးနောက် NLD သည် ရာစုနှစ်ထက်ဝက်ကျော်အကြာမှ နိုင်ငံအတွင်း ပထမဦးဆုံးအကြိမ် ဒီမိုကရေစီထုံးနည်းစံကျ ရွေးကောက်တင်မြှောက်ခံခဲ့ရသည့် အစိုးရတစ်ရပ်ကို ကိုယ်စားပြုလာနိုင်ခဲ့သဖြင့် “ပြောင်းလဲချိန်တန်ပြီ” ဟူသည့် ပါတီ၏ ရွေးကောက်ပွဲဆောင်ပုဒ်ကို နိုင်ငံရေးစာမျက်နှာသစ် ဖွင့်လှစ်ပေးမည့်အတိတ်နိမိတ်အဖြစ် ယုံကြည်မျှော်လင့်ခဲ့ကြပြန်သည်။

မည်သို့ဆိုစေ ယခုတစ်ကြိမ်တွင်လည်း မြန်မာ့နိုင်ငံရေးလမ်းကြောင်းသည် အဆင်ပြေချောမွေ့မှုနှင့် အလှမ်းဝေးသွားခဲ့ရပြန်သည်။ ကရင်နီလူထုအတွက်မူ အမျိုးသားနိုင်ငံရေးဇာတ်ခုံတွင်းပေါ်ပေါက်လာမည့်စိန်ခေါ်မှုသံသရာစက်ဝန်းသစ်၏ ပဏာမအစပင်ဖြစ်တော့သည်။ ကယားပြည်နယ်အတွင်း လက်နက်ကိုင်ပဋိပက္ခ စတင်ဖြစ်ပွားခဲ့ပြီးနောက် ဆယ်စုနှစ် (၇) ခုကြာခဲ့သည့်တိုင် တစ်နိုင်ငံလုံးငြိမ်းချမ်းရေးနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုဆီသို့ အရောက်လှမ်းနိုင်ခဲ့ခြင်း မရှိသေးပေ။




လွိုင်ကော်မြို့၏ ငြိမ်းချမ်းရေးအကျိုးတော်ဆောင် ကက်သလစ်ဘုန်းတော်ကြီး ဆိုတေးရိုဖာမို (TK)

## ၃။ ကရင်နီအပစ်အခတ်ရပ်စဲရေး စေ့စပ်ညှိနှိုင်းမှုများ

### ‘နဝတ – နအဖ’ ခေတ် – မြေပြင်သဘောထားများ

၁၉၆၃ ခုနှစ်၌ ကရင်နီအမျိုးသားတိုးတက်ရေး ပါတီသည် ဗိုလ်ချုပ်နေဝင်း၏ တော်လှန်ရေးကောင်စီနှင့် အောင်မြင်မှုမရှိသည့် “ငြိမ်းချမ်းရေး ဆွေးနွေးရန်ကမ်း လှမ်းမှု” အတွင်းပါဝင်ဆောင်ရွက်ခဲ့သည်။ ထူးထူးခြားခြား အနေဖြင့် ၎င်းကိုဆက်ခံခဲ့သည့် နိုင်ငံတော်ငြိမ်ဝပ်ပိပြား ရေးနှင့် တည်ငြိမ်အေးချမ်းရေး ကောင်စီလက်ထက်၌ ခေါ်ယူ ကျင်းပခဲ့သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ မတိုင်မီအထိ ဆယ်စုနှစ်သုံးခုကျော်မျှ အောင်မြင်မှုဆိတ်သုဉ်းနေခဲ့ခြင်း ဖြစ်သည်။ ထိုအချိန်မှစ၍ “အပစ်အခတ်ရပ်စဲရေး” နှင့် “စစ်ပြေငြိမ်းရေး” သည် ကယားပြည်နယ်နှင့် မြန်မာနိုင်ငံ၏ တိုင်းရင်းသားနယ်စပ်ဒေသများ၌ ဖြစ်ပွားလျက်ရှိသည့် လက်နက်ကိုင်ပဋိပက္ခ အခင်းအကျင်း၌ အဓိကကျသည့် အစိတ်အပိုင်းတစ်ရပ် ဖြစ်လာခဲ့သည်။

ယနေ့အချိန်ထိအစိုးရ၏အပစ်အခတ်ရပ်စဲရေးအစီ အစဉ်များသည် ရှုပ်ထွေးနေဆဲပင်ဖြစ်သည်။ ၁၉၈၉ ခုနှစ် ၌ ‘နဝတ’ အစိုးရသည် အရှေ့မြောက်နယ်စပ်ဒေသများရှိ ဗမာပြည်ကွန်မြူနစ်ပါတီမှ ခွဲထွက်လာခဲ့သည့် တိုင်းရင်း သားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ဦးဆုံးအပစ်အခတ် ရပ်စဲခဲ့သည်။ နောက်ဆက်တွဲအနေဖြင့် ၁၉၉၃ ခုနှစ်တွင် ‘နဝတ’ ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အမျိုး သားညီလာခံခေါ်ယူ၍ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ရေးဆွဲ ပြီး ကျန်တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့ အစည်းများကို ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်သွား မည်ဟူသည့် ကြေညာချက်ဖြင့် နိုင်ငံရေးရေချိန်တင်လာခဲ့ သည်။ ပထမဦးဆုံး ကြေညာချက်ကို ၁၉၉၃[၁] ခုနှစ် နိုဝင်ဘာလ ၁၇ ရက်နေ့၌ ကယားပြည်နယ်သို့ ရောက်ရှိ နေသည့် စစ်ထောက်လှမ်းရေးအကြီးအကဲ ဗိုလ်ချုပ်ခင်ညွန့် မှထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး ၎င်း၏ခရီးစဉ် တစ်ဆက်တည်း ဖြစ်သည့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တွင်ပါအလား တူ ကမ်းလှမ်းချက်မျိုး ထပ်မံပြုလုပ်ခဲ့သည်။ ၎င်း၏ ငြိမ်း ချမ်းရေးခရီးစဉ်အတွင်း နိုင်ငံပိုင်ရုပ်မြင်သံကြားအစီအစဉ်

မှထုတ်လွှင့်ခဲ့သည့် မိန့်ခွန်းအတွင်း ဗိုလ်ချုပ်ခင်ညွန့်က –

> “အစိုးရရဲ့ စိတ်ရင်းစေတနာကို ထောက်ထားစဉ်းစားပြီး တောတွင်းကနေ ဥပဒေဘောင်ထဲကို ပြန်ဝင်လာကြဖို့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအားလုံးကို ကျနော်တို့ ဖိတ်ခေါ်ပါတယ်။ ကျနော်တို့ဖက်က တကယ့်စိတ်ရင်းစေတနာကောင်းနဲ့ ယခုလိုကမ်းလှမ်းနေခြင်းဖြစ်ပါတယ်။ ကျနော်တို့ဆီမှာ မလိုမုန်းထားစိတ် စိုးစဉ်းမျှ မရှိပါဘူး။ ဒါကတရားဝင် ကမ်းလှမ်းမှုဖြစ်တဲ့အတွက် အမြန်ဆုံး ပြန်လည်အကြောင်းပြန်ပေးဖို့ မေတ္တာရပ်ခံအပ်ပါတယ်” ဟု ပြောဆိုသွားခဲ့သည်။[၂]


ကရင်ဖျန်ဖြေရေးသမား သိက္ခာတော်ရဆရာတော် မာဂေးကြီးနှင့် KNPLF ဥက္ကဋ္ဌထွန်းကျော်(ညာ) (MS)

အစိုးရ၏ ကမ်းလှမ်းဖိတ်ခေါ်မှုအပေါ် ကရင်နီ–ရှမ်းထိစပ်ဒေသများက အလျင်အမြန် လက်ခံအကြောင်းပြန်ခဲ့ကြသည်။ ကယန်းပြည်သစ်ပါတီမှ ခွဲထွက်သွားခဲ့သည့် အဖွဲ့ငယ်လေးတစ်ခုဖြစ်သည့် ကယန်းအမျိုးသားကာကွယ်ရေးတပ်သည် အလျင်အမြန်ပင် ၁၉၉၂ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့၌ အပစ်အခတ်ရပ်စဲရန် သဘောတူလိုက်သည်။ ဂေဘရယ်ပျံဦးဆောင်သည့် KNG အဖွဲ့သည် တပ်ဖွဲ့ဝင်အင်အား ၈၀ ခန့်ရှိကြောင်း သိရှိခဲ့ရသည်။[၃] ထို့နောက်ဗမာပြည်ကွန်မြူနစ်ပါတီပြိုကွဲသွားခဲ့ပြီးနောက် (အခန်း ၂ ကိုကြည့်ပါ) ပါတီ၏ အထောက်အပံ့ ဆက်လက်မရရှိတော့သဖြင့် စစ်ရေးအရတဖြည်းဖြည်းဖိအားများလာသည့် ကရင်နီပြည်လူမျိုးပေါင်းစုံ လွတ်မြောက်ရေးတပ်ဦးနှင့်ကယန်းပြည်သစ်ပါတီတို့သည် ၁၉၉၄ ခုနှစ် မေလ ၉ ရက်နေ့နှင့် ဇူလိုင်လ ၂၆ ရက်နေ့တို့တွင် အသီးသီးအပစ်အခတ်ရပ်စဲခဲ့ကြသည်။ အစိုးရ၏ ထုတ်ပြန်ချက်အရ KNPLF နှင့် KNLP တို့၏ တပ်အင်အားသည် ၁၆၁၉ ဦးနှင့် ၁၄၉၆ ဦးအသီးသီးရှိခဲ့ကြောင်း သိရှိခဲ့ရသည်။[၄] လွိုင်ကော်မြို့၏ ကက်သလစ်ဘုန်းတော်ကြီး ဆိုတေးရီဖာမောသည် KNPLF၊ KNLP နှင့် တပ်မတော်တို့အကြား ကြားဝင်စေ့စပ်ညှိနှိုင်းပေးခဲ့သူဖြစ်သည်။ EAOs သုံးဖွဲ့အတွက် “ကယားပြည်နယ် အထူးဒေသ ၁၊ ၂ နှင့် ၃” ဟူသည့် နယ်မြေပိုင်းခြားသတ်မှတ်ပေးလိုက်ခြင်းကြောင့် ပဋိပက္ခဒဏ်သင့် နယ်မြေဒေသများ၌ မှီတင်းနေထိုင်လျက်ရှိသည့် လူထုလူတန်းစားများ၏ ထောက်ပံ့မှုရရှိရန် နယ်မြေလုတိုက်ခိုက်မှုများ ခေတ္တမျှငြိမ်သက်သွားခဲ့သည်။ “KNPLF အပစ်အခတ်မရပ်စဲခင်တုန်းကဆိုရင် တိုက်ပွဲတွေက နေရာအနှံ့ကို ဖြစ်နေခဲ့တာပါ” ဟု KNPLF လူငယ်တစ်ဦးဖြစ်သူ ပီတာဂါသူးအီက ပြန်ပြောင်းပြောဆိုခဲ့သည်။[၅] မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်းမှ ခွန်းမြင့်နိုင်ကလည်း “အပစ်အခတ်ရပ်စဲခဲ့ပြီးတဲ့ နောက်ပိုင်းမှာတော့ တိုက်ပွဲတွေက အရှေ့ပိုင်းဒေသတွေဖြစ်တဲ့ သံလွင်အရှေ့ဘက်ခြမ်းက ရှားတောမြို့နယ် တစ်ဝိုက်မှာပဲ အများဆုံးဆက်ဖြစ်ခဲ့တယ်” ဟု ဖြည့်စွက်ပြောဆိုသွားခဲ့သည်။[၆]

KNPLF နှင့် KNLP အပစ်အခတ်ရပ်စဲခဲ့ပြီးနောက် ပိုင်းကယားပြည်နယ်အတွင်း ငြိမ်းချမ်းရေးတည်ဆောက်ရန် လူထုလူတန်းစားများ၏ ဖိအားပေးမှုများ မြင့်တက်လာခဲ့သည်။ တပ်မတော်၏ “ဖြတ်လေးဖြတ်” စစ်ဆင်ရေးလုပ်ငန်းများကြောင့် ၁၉၉၀ ခုနှစ်အစောပိုင်း၌ ဆိုးဆိုးရွားရွားထိခိုက်ပျက်စီးခဲ့ရပြီး နေရပ်စွန့်ခွာစစ်ဘေးတိမ်းရှောင်ခဲ့ကြရသည့် မိသားစုပေါင်းများစွာသည် မိမိတို့၏ ရပ်ရွာဒေသများသို့ နေရပ်ပြန်ရန် ဆန္ဒပြင်းပြလာခဲ့သည် (အခန်း ၇ ပါဇယားကိုကြည့်ပါ)။ ရလဒ်အနေဖြင့် KNPP သည် လွိုင်ကော်မြို့၌ ဘုန်းတော်ကြီးဆိုတေးရီ၏ ကြားဝင်စေ့စပ်ပေးမှုအားဖြင့် ‘နဝတ’ အစိုးရနှင့် နားလည်မှုအရအပစ်အခတ်ရပ်စဲသွားရန် ၁၉၉၅ ခုနှစ် မတ်လ ၂၁ ရက်နေ့တွင် သဘောတူခဲ့ရသည်။ ဒု-ဥက္ကဋ္ဌ ခူထဲဘူးဖဲခေါင်းဆောင်သည့် KNPP ကိုယ်စားလှယ်အဖွဲ့ကထုတ်ဖော်ပြောဆိုခဲ့သည့်တပ်ဖွဲ့ဝင်

အင်အား ၇၇၉၀ ဦး၌ စစ်ပြန်ဟောင်းများနှင့် ကျေးရွာပြည်သူ့စစ်တပ်ဖွဲ့ဝင်များလည်း ပါဝင်ခဲ့သည်။[၇]

ထိုအချိန်ကအိမ်နီးချင်းထိုင်းနိုင်ငံအာဏာပိုင်များကလည်း KNPP၊ ကရင်အမျိုးသားအစည်းအရုံးနှင့် ၎င်းတို့၏ နယ်စပ်အခြေစိုက် မဟာမိတ်အဖွဲ့များအား အပစ်အခတ်ရပ်စဲမှုပြုလုပ်ရန် ဖိအားပေးခဲ့သည်ဟူသည့် ကောလဟာလများ ပေါ်ထွက်လာခဲ့သည်။ ကယားပြည်နယ် နယ်စပ်တစ်လျှောက် လူထုအစိုးရတစ်ရပ်ကဲ့သို့ ဖြစ်နေသည့် KNPP အတွက် ထိုင်းနိုင်ငံနှင့် ဆက်ဆံရေးကောင်းမွန်ရေးသည် အမြဲတမ်းလိုလို အရေးကြီးသည့် ကိစ္စရပ်တစ်ခုဖြစ်သည်။ 'နဝတ' အစိုးရ အာဏာရလာခဲ့ပြီးနောက်ပိုင်း စစ်အစိုးရနှင့် ထိုင်းနိုင်ငံအကြား အကြီးစားသစ်ကုန်သွယ်ရေး သဘောတူညီချက်များ စတင်အသက်ဝင်လာခဲ့ပြီး KNPP သည်လည်း နယ်စပ်တစ်လျှောက်ဖြတ်သန်းသွားလာသည့် ဤကုန်သွယ်မှုမှ အခွန်များ ကောက်ခံရရှိခဲ့သည်။[၈] သို့သော်လည်း KNPP တပ်ရင်းမှူးက ၎င်းတို့၏ ပါတီလုပ်ငန်းများသည် ကရင်နီလူထု၏ တောင်းဆိုမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းသာဖြစ်သည်ဟု ပြောဆိုခဲ့သည်။ ဆက်လက်ဖြစ်ပွားနေသည့် တိုက်ပွဲများနှင့် စပ်လျဉ်း၍ စစ်ဘေးဒုက္ခသည်နှင့် စီးပွားရေးအရ ဆက်စပ်မှုရှိနေသည့် ထိုင်းအာဏာပိုင်များက အပစ်ရပ်ဆုံးဖြတ်ချက်အပေါ် လွှမ်းမိုးမှုရှိနေသည်ဟူသည့် ကိစ္စရပ်ကို ၎င်းက ငြင်းဆိုသွားခဲ့သည်။

> “ကရင်နီလူထုက သူတို့ရဲ့အခြေအနေတွေ အရမ်းဆိုးလာတဲ့အတွက် အစိုးရနဲ့စကားပြောကြည့်ဖို့ KNPP ကို တောင်းဆိုခဲ့တာပါ။ ထိုင်းတွေက ၁၉၉၅ မတိုင်ခင်အထိ ကျနော်တို့ကို ဖိအားပေးတာမျိုးမရှိခဲ့ပါဘူး။ ပြောရမယ်ဆိုရင် အဲဒီအချိန်ကကျနော်တို့ရင်ဆိုင်ခဲ့ရတဲ့ ဖိအားအများစုက ပြည်တွင်းနေ ကရင်နီလူထုဆီက လာတာပါ။ ကျနော်တို့ရဲ့ သက်ကြီးဝါကြီးခေါင်းဆောင်တစ်ချို့ကလည်း စစ်အစိုးရနဲ့ အရင်ဆုံးစကားပြောကြည့်ပြီး ဘယ်လိုအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တွေ ရနိုင်မလဲဆိုတာကို စောင့်ကြည့်သင့်တယ်။ အဆင်မပြေခဲ့ရင် အချိန်မရွေး ပြန်တိုက်လို့ရတယ်လို့ ပြောခဲ့ပါတယ်။”[၉]

မည်သို့ဆိုစေ သစ်ထုတ်လုပ်ငန်းဆိုင်ရာ အငြင်းပွားမှုများနှင့် နယ်ခံလူထုလူတန်းစားများကို တပ်မတော်က နှိပ်စက်ကလူပြုလျက်ရှိသည်ဟူသည့် စွပ်စွဲချက်များ ပေါ်ထွက်လာခဲ့ပြီးနောက် KNPLF နှင့် KNLP တို့၏ အပစ်အခတ်ရပ်စဲရေးကဲ့သို့မဟုတ်ဘဲ KNPP ၏ ငြိမ်းချမ်းရေးသဘောတူညီချက်သည် အလျင်အမြန်ပင် ပြန်လည်ပျက်ပြယ်သွားခဲ့သည်။ “၁၉၉၅ ခုနှစ်မတ်လမှာကျနော်တို့အပစ်အခတ်ရပ်စဲခဲ့ပေမယ့် နောက်ပိုင်းကျတော့ အစိုးရက ဒီသစ်တွေကို ကျနော်တို့ခုတ်ပြီး ထိုင်းကိုရောင်းစားနေတယ်လို့ စွပ်စွဲလာခဲ့တယ်” ဟု ခူးထဲဘူးဖဲ ပြောဆိုသွားခဲ့သည်။ “ဒါပေမယ့်သဘောတူညီချက်ကိုတပ်မတော်ဖက်ကအရင်ချိုးဖောက်ခဲ့တာပါ။ သူတို့အနေနဲ့ ပိုက်ဆံတောင်းတာတွေ ပေါ်တာဆွဲတာတွေ လုပ်လို့မရဘူး။ ၁၉၉၅ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့မှာ သူတို့ဖက်ကစပြီး ပြန်တိုက်လာတဲ့အတွက် အပစ်အခတ်ရပ်စဲရေးက သုံးလပဲခံခဲ့တယ်။”[၁၀]

KNPP နှင့် နယ်ခံကရင်နီလူထုကသာ ၁၉၉၅ ခုနှစ် ငြိမ်းချမ်းရေး ပျက်ပြယ်မှုအတွက် တန်ဖိုးကြီးကြီးပေးဆပ်ခဲ့ရသည်။ တပ်မတော်၏ တစ်ကျော့ပြန် “ဖြတ်လေးဖြတ်” စစ်ဆင်ရေးလုပ်ငန်းများနှင့်အတူ ပြည်တွင်းနေရပ်စွန့်ခွာ စစ်ဘေးတိမ်းရှောင်သူများနှင့် နယ်စပ်ဖြတ်ကျော်စစ်ဘေးဒုက္ခသည် အရေအတွက်သည်လည်း ဆတူမြင့်တက်လာခဲ့သည် (အခန်း ၇ ကိုကြည့်ပါ)။ အစိုးရသည် KNPP နယ်မြေအတွင်းရှိထောင်ပေါင်းများစွာသောအရပ်သားပြည်သူများအား ရွှေ့ပြောင်းနေရာချထားရေး နယ်မြေများသို့ ပြောင်းရွှေ့အခြေချကြရန်နှင့် ငြင်းဆန်သူများကို “ရန်သူအဖြစ်သတ်မှတ်သွားမည်” ဟု အမိန့်ထုတ်ပြန်ခဲ့သည်။[၁၁] ရလဒ်အနေဖြင့် နောက်ပိုင်းနှစ်များ၌ ရှားတောမြို့နယ်ကဲ့သို့သောသံလွင်အရှေ့ခြမ်းဒေသများသည် လုံးဝနီးပါး လူသူကင်းမဲ့သွားတော့သည်။ လက်ရှိအချိန်ထိ မိမိတို့ဆန္ဒနှင့် ဆန့်ကျင်၍ နေရပ်စွန့်ခွာခဲ့ကြရသူ အများအပြားသည် မိမိတို့၏ မူရင်းရပ်ရွာဒေသများသို့ နေရပ်ပြန်နိုင်ခြင်း မရှိသေးပေ။

KNPP အတွက် အရာအားလုံး လက်လွှတ်ဆုံးရှုံးခဲ့ရသည်တော့မဟုတ်ပေ။ အထူးသဖြင့် ကယားပြည်နယ်အရှေ့ပိုင်းနယ်မြေများကို မိမိတို့၏ တပ်ဖွဲ့ဝင်များ ဆက်လက်ထိန်းချုပ်ထားဆဲဖြစ်သည်။ ထို့အပြင် KNPP သည်

## မအောင်မြင်ခဲ့သည့် ၁၉၉၅ ခုနှစ် အပစ်အခတ်ရပ်စဲရေး – KNPP အမြင်

အေဘာယ်တွိဒ်*

“ဗမာတွေကို ကျနော်တို့ တိုက်လာခဲ့တာ ၁၉၄၈ ကတည်းကဆိုတော့ ဆယ်စုနှစ်လေးခုကျော် ကြာသွားခဲ့ပြီ။ တိုက်ပွဲတွေကို ကျနော်တို့ တကယ်စိတ်ကုန်ပြီး ငြိမ်းချမ်းရေးရချင်နေပြီ။ ဖြစ်နိုင်မယ်ဆိုရင်တော့ ပြဿနာတွေကို ငြိမ်းချမ်းတဲ့နည်းလမ်းနဲ့ပဲ ဖြေရှင်းသွားချင်တယ်။ ဒါကြောင့် ‘နဝတ’ ဖက်က အပစ်အခတ်ရပ်စဲဖို့ကမ်းလှမ်းလာတဲ့အခါ ကျနော်တို့ဖက်က သဘောတူခဲ့ပြီး ‘နဝတ’ ကို စည်းကမ်းတစ်ချို့ပဲလိုက်နာဖို့ တောင်းဆိုခဲ့တာပါ။ သူတို့ဖက်ကလည်း ကျနော်တို့ပြောတဲ့ စည်းကမ်းချက်တွေကို လိုလိုချင်ချင်ပဲ လက်ခံသဘောတူပေးခဲ့ကြတာပါ။ ဒါကြောင့်လည်း ကျနော်တို့အတွက်ရော လူထုအတွက်ရော တိုက်ပွဲတွေကို အဆုံးသတ်နိုင်မယ့် အခွင့်အလမ်းကောင်းတစ်ခုဖြစ်လိမ့်မယ်လို့ ကျနော်တို့ ယူဆခဲ့ကြတာပါ။ ကရင်နီလူထုအနေနဲ့ စီးပွားရေးကောင်းမွန်ပြီး ငြိမ်းချမ်းတဲ့ဘဝမျိုးမှာနေထိုင်နိုင်မယ့်အခွင့်အရေးကောင်းတစ်ခုရောက်လာပြီလို့ထင်ခဲ့မိတာပေါ့။ ဒါကြောင့်ပဲကျနော်တို့အပစ်အခတ်ရပ်စဲဖို့ဆန္ဒရှိခဲ့ကြတာပါ။ ‘နဝတ’ ဖက်က သူတို့ရဲ့ကတိတွေကိုစောင့်ထိန်းလိုက်နာဖို့လောက်တော့ ရိုးသားလိမ့်မယ်လို့ ကျနော်တို့မျှော်လင့်ခဲ့ကြပေမယ့် တကယ်တမ်းလက်တွေ့မှာကျတော့ ‘နဝတ’ ဖက်က သူတို့ရဲ့ကတိတွေကို စောင့်ထိန်းမှုမရှိဘဲ ချိုးဖောက်လာခဲ့တယ်။ သူတို့က ပြောတာတစ်ခြား လုပ်တာတစ်ခြားဖြစ်နေတယ်။ ဒါကြောင့်ပဲ ကျနော်တို့ရဲ့ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်က သုံးလပဲခံခဲ့တာပါ။ ‘နဝတ’ ဖက်ကပဲ သဘောတူညီချက်ကို အရင်ချိုးဖောက်လာခဲ့တယ်။

နောက်ဆုံးသဘောတူညီချက် မရခင်မှာ ‘နဝတ’ ဖက်ကို ကျနော်တို့ အချက် (၆) ချက်ပါတဲ့ စည်းကမ်းချက်တွေ တင်သွင်းခဲ့တယ်။ ဥပမာ ‘နဝတ’ ကို အရပ်သားပြည်သူတွေဆီကနေ ပေါ်တာကြေးတွေ မကောက်ဖို့နဲ့ အတင်းပေါ်တာဆွဲတာတွေမလုပ်ဖို့ ကျနော်တို့ တောင်းဆိုခဲ့တယ်။ နောက်စည်းကမ်းချက်အနေနဲ့ ကရင်နီထိန်းချုပ်နယ်မြေထဲကို ‘နဝတ’ တပ်ရင်းတပ်ဖွဲ့တွေ စေလွှတ်တာမျိုးတွေမလုပ်ဖို့နဲ့ အရပ်သားပြည်သူတွေကို သူတို့ရဲ့ စီးပွားရေးလုပ်ငန်းတွေ ဆက်လုပ်ခွင့်ပြုဖို့ဆိုတဲ့ အချက်တွေကို ‘နဝတ’ ဖက်ကလည်း သဘောတူတယ်လို့ပြောခဲ့တဲ့အတွက် နောက်ဆုံးသဘောတူညီချက် ရရှိခဲ့တာပါ။ ဒါပေမယ့် နောက်သုံးလအကြာမှာ ‘နဝတ’ က ပြည်သူတွေဆီကနေ ပေါ်တာကြေးတွေ တိုးကောက်လာသလို ထောင်နဲ့ချီတဲ့ အရပ်သားပြည်သူတွေကိုပေါ်တာထမ်းခိုင်းဖို့ လိုက်ပြီးစုစည်းတာတွေ လုပ်လာခဲ့တယ်။ ကရင်နီထိန်းချုပ်နယ်မြေထဲကိုလည်း တပ်ရင်းတပ်ဖွဲ့တွေ ဖြန့်ချလာခဲ့တယ်။ ဒါတွေက သဘောတူထားတဲ့ အချက်တွေကို ‘နဝတ’ ဖက်က ချိုးဖောက်ရာရောက်သွားပြီ။ ဒါကြောင့်ပဲ တိုက်ပွဲတွေ ပြန်စလာခဲ့တာပါ။

တက်ဒီဘူးရီ**

တနည်းပြောရရင်တော့ ကျနော်တို့အားလုံး စစ်ကိုမုန်းနေကြပြီ။ ဒါကြောင့်လည်း ခင်ဗျားသိထားတဲ့အတိုင်း အပစ်အခတ်ရပ်စဲဖို့ လုပ်လာခဲ့ကြတာပါ။ ကျနော်တို့ဖက်က လက်နက်စွန့်ဖို့ ဆုံးဖြတ်ခဲ့ရမယ်ဆိုရင်လည်း ကိစ္စမရှိဘူး။ ဘာကြောင့်လဲဆိုတော့ ကျနော်တို့လူတွေက ပေးဆပ်ခဲ့ရတာ မတရားကို များလွန်းနေပြီလေ။ ရာနဲ့ချီသေကျေပျက်စီးခဲ့ရပြီး ထောင်ပေါင်းများစွာ ဒုက္ခိတဘဝရောက်ခဲ့ရတယ်။ နိုင်ငံရဲ့ ဆုံးရှုံးမှုတွေကို ငွေကြေးတန်ဖိုးဖြတ်ကြည့်မယ်ဆိုရင် အရမ်းကိုများနေပြီ။ ဒီစစ်ပွဲတွေကြောင့်ပဲ ကရင်နီပြည်ဟာ မဖွံ့ဖြိုး မတိုးတက်နိုင်တော့ဘူး။ ဒါကြောင့် အခုအချိန်ဟာ ငြိမ်းချမ်းရေးရဖို့၊ ကျနော်တို့ဒေသနဲ့ ကျနော်တို့လူတွေ ဖွံ့ဖြိုးတိုးတက်လာအောင်

တည်ဆောက်ဖို့ အချိန်ကျပြီလို့ ကျနော်တို့ထင်တယ်။ ဒါတွေကြောင့် အပစ်အခတ်ရပ်စဲခဲ့ပေမယ့် ဝမ်းနည်းစရာကောင်းတာက ဒီအပစ်အခတ်ရပ်စဲရေးကနေ ကျနော်တို့ မျှော်လင့်ထားတဲ့ရလဒ်တွေ ပေါ်ထွက်မလာခဲ့တာပဲ။

ကရင်နီတွေအနေနဲ့ စစ်ကိုချစ်မြတ်နိုးလို့ သို့မဟုတ် ငြိမ်းငြိမ်းချမ်းချမ်းမနေချင်လို့ လက်နက်ကိုင်တော်လှန်ရေးလုပ်ခဲ့တာမဟုတ်ပါဘူး။ကရင်နီတွေအနေနဲ့ကိုယ့်ရဲ့အမျိုးသားရေးလက္ခဏာကိုကာကွယ်စောင့်ရှောက်ဖို့နဲ့ ကိုယ့်ရဲ့ အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်ဖို့ လက်နက်ကိုင်ခဲ့တာပါ။ ဒါပေမယ့် ခင်ဗျားသိတဲ့အတိုင်းပဲ စစ်ပွဲတွေက ဆယ်စုနှစ် (၅) ခုလောက်သာကြာသွားခဲ့ပေမယ့် အောင်နိုင်သူတစ်ယောက်မှ ထွက်မလာခဲ့ဘူး။ ကရင်နီတွေရော ဗမာတွေရော ဘယ်ဖက်ကမှ အနိုင်မရခဲ့ဘူး။ နှစ်ပေါင်းများစွာ တိုက်လာခဲ့ကြပြီး နှစ်ဖက်စလုံးက ထောင်နဲ့ချီတဲ့ အသက်ပေါင်းများစွာ သေကျေပျက်စီးခဲ့ရပြီးပြီမို့ နောက်ဆုံးမှာတော့ ဒီပြဿနာကို ဖြေရှင်းဖို့ နိုင်ငံရေးနည်းလမ်းနဲ့ တွေ့ဆုံဆွေးနွေးကြဖို့ဆိုတဲ့ နည်းလမ်းတစ်ခုတည်းပဲ ကျန်တော့တယ်လို့ ကရင်နီတွေယုံကြည်ခဲ့ကြတယ်။ ကရင်နီခေါင်းဆောင်တွေအနေနဲ့ နိုင်ငံရေးနည်းလမ်းနဲ့ တွေ့ဆုံဖြေရှင်းဖို့ဆိုရင် အပစ်အခတ် အရင်ရပ်စဲဖို့လိုတယ်လို့ ယုံကြည်ထားကြတယ်။ ဒါကြောင့် အပစ်အခတ်ရပ်စဲပြီးရင် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုတွေ စတင်ဖော်ဆောင်ဖို့ 'နဝတ' ဖက်က စပြီးဆောင်ရွက်လိမ့်မယ်လို့ ကရင်နီခေါင်းဆောင်တွေယုံကြည်ခဲ့ကြတယ်။ ဒါတွေကြောင့်ပဲ ကရင်နီခေါင်းဆောင်တွေ 'နဝတ' နဲ့ အပစ်အခတ်ရပ်စဲဖို့ ရွေးချယ်ဆုံးဖြတ်ခဲ့ကြတာပါ။"

* KNPP နိုင်ငံခြားရေးရာဝန်ကြီး (လက်ရှိ KNPP ဥက္ကဋ္ဌ)
** KNPP နိုင်ငံခြားရေးရာဝန်ကြီး၏ အမြဲတမ်းအတွင်းဝန်ဟောင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အမျိုးသားညွန့်ပေါင်းအစိုးရ (NCGUB) ၏ ဘန်ကောက်ကိုယ်စားလှယ်ဟောင်း

ရင်းမြစ် – Chrissie Gittens – "ကရင်နီပြောတဲ့ သဘောထား – အေဘယ်တွိဒ်နှင့် တက်ဒီဘူးရီတို့နှင့် တွေ့ဆုံမေးမြန်း ခြင်း၊ Burma Debate, Vol.III, No.6, ၁၉၉၆ ခုနှစ် နိုဝင်ဘာလ/ဒီဇင်ဘာလ"

ဒီမိုကရေစီလိုလားသည့် အင်အားစုများအတွက် အထောက်အပံ့များ အခိုင်အမာဆက်လက်ရရှိနေပြီး ၁၅၀၀၀၀ ဝန်းကျင်အထိ (ကရင်အများစုနှင့် ကရင်နီ ၂၀၀၀၀ ခန့်) စံချိန်တင်များပြားလာခဲ့သည့် စစ်ဘေးဒုက္ခသည်များအတွက် နိုင်ငံတကာအကူအညီများကို ထိုင်းနယ်စပ်တစ်လျှောက် ပေါင်းကူးတံတားထိုးပေးလျက်ရှိသည့် KNU ၏ မဟာမိတ်လည်းဖြစ်နေခဲ့သည်။[၃၂] နှစ်ပေါင်းများစွာစစ်ဘေးဒုက္ခသည်စခန်းများ၌ အတူတကွယှဉ်တွဲ နေထိုင်ခဲ့ကြရသည့် အတွေ့အကြုံများက ယခင်ကရပ်ရွာအချင်းချင်း ကူးလူးဆက်ဆံမှုနည်းပါးခဲ့ကြသည့် လူထုလူတန်းစားများအကြား တိုင်းရင်းသားအရေး နိုးကြားတက်ကြွလာစေရန် စည်းရုံးဆော်ဩရာ၌ အရေးပါသည့် မောင်းနှင်အားတစ်ရပ်ဖြစ်လာခဲ့သည်။[၃၃] သို့သော်လည်း တပ်မတော်၏ စစ်ဆင်ရေးလုပ်ငန်းများ ပို၍ထူထပ်သိပ်သည်းလာသည်နှင့်အမျှ ကယားပြည်နယ်၏မြေပေါ်နိုင်ငံရေးအပေါ် KNPP ၏ ဩဇာသက်ရောက်မှုများတစ်နေ့ထက်တစ်နေ့ လျော့ကျလာခဲ့ပြီးနောက်ပိုင်း လုံးဝပြန်လည်လွှမ်းခြုံနိုင်ခြင်း မရှိတော့ပေ။

အခြားတစ်ဖက်၌နောက်ပိုင်း 'နအဖ' ဖြစ်လာမည့် 'နဝတ' အစိုးရသည် KNPLF၊ KNLP နှင့် KNG နယ်မြေများအပါအဝင် နိုင်ငံအဝှမ်းအပစ်အခတ်ရပ်စဲထားသည့် ဒေသများသို့ ဖွံ့ဖြိုးရေးစီမံကိန်းများကို အကန့်အသတ်ဖြင့် ဝင်ရောက်ခွင့်ပြုလာခဲ့သည်။ အပစ်ရပ်အဖွဲ့များအား ၎င်းတို့အဖွဲ့အစည်း၏လုပ်ငန်းဆောင်ရွက်ချက်များကိုထောက်ပံ့နိုင်စေမည့် စီးပွားရေးလုပ်ငန်းများ ထူထောင်လည်ပတ်ရန် တိုက်တွန်းအားပေးခဲ့သည်။ လူထုလူတန်းစား အများအပြားက ငြိမ်းချမ်းရေးကို လက်ခံကြိုဆိုခဲ့ကြသော်လည်း ၁၉၉၂ ခုနှစ်တွင် အသစ်ဖွဲ့စည်းထူထောင်ခဲ့သည့် အစိုးရ၏

"နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန" အောက်၌ ထင်သာမြင်သာရှိသည့် တိုးတက်မှု မဆိုစလောက်သာ ဖြစ်ထွန်းမှုရှိခဲ့သည်။ မိသားစုအများအပြားသည် နည်းပါးလှသည့် လူထုဝန်ဆောင်မှုလုပ်ငန်းများအောက်၌ ဆင်းရဲနွမ်းပါးသည့် တောင်သူများအဖြစ် ကျပ်ကျပ်တည်းတည်း အသက်ဆက်ခဲ့ကြရသည်။ အခြားပြည်နယ်များကဲ့သို့ပင် ကယားပြည်နယ်၏ အဓိကကျသည့် လုပ်ငန်းကြီးများ (လောပိတရေအားလျှပ်စစ်၊ မော်ချီးသတ္တုတွင်းနှင့် သစ်ထုတ်လုပ်ရေး) သည် နယ်ခံလူထုလူတန်းစားများကို မယ်မယ်ရရ အကျိုးပြုခဲ့ခြင်းမရှိပေ (အခန်း ၈ ကိုကြည့်ပါ)။ ထို့အပြင်ဆက်လက်ဖြစ်ပွားလာသည့် မြေယာသိမ်း ဆည်းမှုများနှင့် အတင်းအဓမ္မလုပ်အားခိုင်းစေမှုများက လူမှုရေးနှင့် စီးပွားရေးအခက်အခဲများကို သာပိုမိုဆိုးရွားလာစေခဲ့သည် (အခန်း ၇ ကိုကြည့်ပါ)။

နှစ်များကုန်လွန်လာသည်နှင့်အမျှ ကယားပြည်နယ်အခင်းအကျင်း၌ သူ့ထက်သူပိုကဲသည့် ဖိအားများက အမျိုးသားရေးလှုပ်ရှားမှုကို ဆက်လက်ဖော်ဆောင်မည့် နည်းလမ်းများနှင့် ပတ်သက်၍ ကရင်နီလူထုလူတန်းစားများအကြား သဘောထားကွဲလွဲမှုများကို ဆောင်ကျဉ်းလာခဲ့သည်။ ယင်းအချိန်၌ အပစ်အခတ်ရပ်စဲထားသည့် KNPLF၊ KNLP နှင့် အခြားအပစ်ရပ် အဖွဲ့အစည်းများအား ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲပြင်ဆင်မည့် အမျိုးသားညီလာခံသို့တက်ရောက်ပါဝင်ရန် ဖိတ်ကြားခဲ့ကြောင်း မှတ်သားသိရှိခဲ့ရသည်။ အဆိုပါဖိတ်ခေါ်ချက်ကပြည်နယ်တွင်းနယ်မြေအများအပြားမှခေါင်းဆောင်များကိုငြိမ်းချမ်းရေးဆွေးနွေးပွဲများဖော်ဆောင်သည်အထိ စည်းရုံးအရေးဆိုမှုများ ဆက်လက်ပြုလုပ်သွားရန် တိုက်တွန်းအားပေးခဲ့သည်။ သို့သော်လည်းအပစ်အခတ် ရပ်စဲပြီးသည့်တိုင် စစ်ဘောင်လျှော့ချရေးလုပ်ငန်းများ ထိထိရောက်ရောက် ရုပ်လုံးပေါ်လာခြင်းမရှိသဖြင့် ရှေ့တန်းနယ်မြေဒေသများ၌ စိုးရိမ်ပူပန်မှုများတစ်ချိန်တည်းလိုလို မြင့်တက်လာခဲ့သည်။ ဆန့်ကျင်ဖက်အနေဖြင့် တပ်မတော်၏ တပ်ရင်းတပ်ဖွဲ့များသာ ပိုမိုတိုးပွားလာခဲ့သည်။ ၂၀၀၇ ခုနှစ်အရောက်တွင် ကယားပြည်နယ်အတွင်း ဖြန့်ကျက်ချထားသည့် တပ်မတော်တပ်ရင်းပေါင်းအနည်းဆုံး ၂၈ ခုအထိ တိုးပွားလာခဲ့ကြောင်း ခန့်မှန်းသိရှိခဲ့ရသည်။[၁၄]



၁၉၉၂ ခုနှစ်၌ တွေ့ရသည့် KNPP စစ်ဦးစီးချုပ် အောင်သန်းလေး (အလယ်) (MS)

အလားတူပင် 'နဝတ–နအဖ' အစိုးရမှ တပ်မတော်၏ခွဲထွက်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကိုထောက်ပံ့ကူညီသည့် အလေ့အထကို အရှိန်မြှင့်ဆောင်ရွက်လာခြင်းနှင့် တစ်ဖက်တွင်လည်း "ပြည်သူ့စစ်" (အခန်း ၅ ကိုကြည့်ပါ) ဟု သိကြသည့် ဌာနေပြည်သူ့စစ်တပ်ဖွဲ့များကိုတိုးချဲ့ဖွဲ့စည်းလာခြင်းတို့သည်လည်း စိုးရိမ်ဖွယ်ရာကိစ္စရပ်များ ဖြစ်လာခဲ့သည်။ ၁၉၉၅ ခုနှစ် အပစ်အခတ်ရပ်စဲရေးပျက်ပြယ်သွားပြီးနောက်ပိုင်း KNPP သည် ယနေ့အချိန်ထိ ရိုက်ခတ်မှုရှိနေဆဲဖြစ်သည့် နယ်မြေသုံးခုခွဲထွက်မှုဒဏ်ကို ကြုံတွေ့ခံစားခဲ့ရသည်။ ပထမဦးဆုံးခွဲထွက်မှုသည်နောက်ပိုင်း ကရင်နီအမျိုးသား ဒီမိုကရက်တစ်ပါတီ (KNDP "နဂါး" သို့မဟုတ် "နဂါး" ပါတီဟု လည်းသိကြသည့်) ဟုသိလာကြမည့် ဒီမော့ဆိုမြို့နယ် အရှေ့ပိုင်းဒေသ၏ ခွဲထွက်မှုဖြစ်သည်။ နောက်ပိုင်း၌ KNDP သည် လူသုံးဦးသေဆုံးခဲ့ရသည့် ၁၉၉၇ ခုနှစ် ကရင်နီဒုက္ခသည်စခန်း တိုက်ခိုက်မှုအတွက် တာဝန်ရှိသည်ဟုစွပ်စွဲခံခဲ့ရသည်။[၁၅] ဒုတိယအနေဖြင့် ၁၉၉၉ ခုနှစ်၌ "ကယောနီ" ဟုလည်း သိထားကြသည့် ဖရူဆိုမြို့နယ် ဟိုယာဒေသ၌ ကရင်နီအမျိုးသား ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီ ("KNPPဟိုယာ" ဟု အစောပိုင်း၌ခေါ်ဆိုခဲ့ကြသည့်) ခွဲထွက်သွားခဲ့ခြင်းဖြစ်သည်။ ၂၀၀၂ ခု

နှစ်အရောက်တွင် ကရင်နီအမျိုးသားစည်းလုံးညီညွတ်ရေး အဖွဲ့အစည်း (KNSO "ကြယ်ဖြူ" အဖွဲ့ဟုလည်း သိကြသည့်) ကို ကရင်ပြည်နယ်နှင့် ထိစပ်လျက်ရှိသည့် မော်ချီးဒေသ၌ ဖွဲ့စည်းထူထောင်ခဲ့ပြန်သည်။ နောက်ပိုင်းကာလများ၌ ဤအဖွဲ့အစည်း သုံးခုစလုံးသည် ၂၀၁၀ ခုနှစ်တွင် ပြန်လည်စတင်ခဲ့သည့် အစိုးရ၏ အမျိုးသားညီလာခံသို့ တက်ရောက်ပါဝင်ခဲ့ကြသည်။[၃၆]

နောက်ပိုင်းနှစ်များ၌ EAOs များအကြား ဖြစ်ပွားခဲ့သည့်အကွဲအပြဲများသည် ကရင်နီစည်းလုံးညီညွတ်ရေးကိုဆိုးဆိုးရွားရွား အားနည်းသွားစေခဲ့သည်။ ၁၉၇၈ ခုနှစ်အတွင်း ကိုယ်တိုင် KNPP မှ ခွဲထွက်လာခဲ့သည့် KNPLF က ဦးစီးခေါင်းဆောင်မှု အခန်းကဏ္ဍကို ရယူထားခဲ့သည်။ KNPP ဌာနချုပ်ကို တိုက်ခိုက်သိမ်းပိုက်ရန် တပ်မတော်ကျောထောက်နောက်ခံပြုထားသည့် KNPLF တပ်ဖွဲ့များ ကြိုးပမ်းခဲ့သည့် ၂၀၀၄-၂၀၀၅ ခုနှစ်အတွင်း တိုက်ပွဲများ အပြင်းထန်ဆုံးဖြစ်ပွားခဲ့သည်။ ထိုအချိန်က ဌာနချုပ်ကို ရှားတောမြို့နယ်အရှေ့ပိုင်း ထိုင်းနယ်စပ်ဒေသရှိ မဟာဗျူဟာကျသည့် တောင်ပေါ်စခန်းတစ်ခုဖြစ်သော ညာမူကုန်း၌ အခြေစိုက်ထားခြင်းဖြစ်သည်။ လပေါင်းများစွာကြာမြင့်ခဲ့သည့် တိုက်ပွဲအတွင်း နှစ်ဖက်စစ်သားများ သေကျေပျက်စီးမှုသိသိသာသာ မြင့်မားလာခဲ့သဖြင့် တိုက်ပွဲရပ်ကြရန် ကရင်နီလူထုခေါင်းဆောင်များ ကြားဝင်၍ မေတ္တာရပ်ခံခဲ့ရသည်။[၃၇] တစ်ချိန်တည်းလိုလို၌ KNPLF နှင့် KNSO တို့သည် တောင်ငူအရှေ့ဖက် ကရင်နယ်စပ်တစ်လျှောက် KNPP နှင့် အစဉ်အဆက် မဟာမိတ်ဖြစ်လာခဲ့သည့် KNU ကိုထိုးစစ်ဆင်တိုက်ခိုက်မည့် တပ်မတော်၏ စစ်ဆင်ရေးလုပ်ငန်းများကို အထောက်အကူပြုခဲ့သည်ဟူသည့် စွပ်စွဲမှုများလည်း ပေါ်ထွက်လာခဲ့သည်။[၃၈]

ယခုအချိန်ထိ ဒေသအရေးစောင့်ကြည့်အကဲခတ်သူများက ဤလက်နက်ကိုင်ပဋိပက္ခများကို တပ်မတော်ဖက်မှ လှုံ့ဆော်ခဲ့ခြင်းဖြစ်သည်ဟု ယုံကြည်နေကြဆဲဖြစ်သည်။ NGO ဝန်ထမ်းတစ်ဦးက "ကျနော့အမြင်အရ ပြောရမယ်ဆိုရင် KNPP နဲ့ သူ့ဆီက ခွဲထွက်သွားခဲ့တဲ့ KNPLF အကြား ပဋိပက္ခဖြစ်လာအောင် တပ်မတော်ထုတ်သုံးခဲ့တဲ့ နည်းပရိယာယ်တစ်ခုပဲ" ဟု သီးသန့်ဆွေးနွေးပြောဆိုသွားခဲ့သည်။[၃၉] အခြားလူထုလူတန်းစား ကိုယ်စားလှယ်တစ်ဦးကလည်း "KNPP နဲ့ အတိုက်အခံဖြစ်မယ့် အဖွဲ့အစည်းတွေကိုဖန်တီးဖို့ တပ်မတော်ဖက်က အမြဲတမ်းကြိုးစား




ကယား-ရှမ်းပြည်နယ် နယ်စပ်တစ်နေရာရှိ KNLP အာဇာနည်ဗိမာန် (OR)

နေတာပဲ။ KNSO ကတော့ KNPP ကနေ နောက်ဆုံးခွဲထွက်သွားခဲ့တဲ့ အဖွဲ့အစည်းတစ်ခုဖြစ်ပါတယ်။ သူတို့ရဲ့ ခေါင်းဆောင်တစ်ချို့က KNPP ကို မကြိုက်သလို စကားတောင်မပြောချင်ကြဘူး။ တပ်မတော်က ဒါကိုသိတဲ့အတွက် သူတို့ကို ထောက်ပံ့ကူညီခဲ့တာပါ” ဟု ဆက်လက်ပြောဆိုသွားခဲ့သည်။[၂၀]

ခုခံကာကွယ်သည့်အနေဖြင့် KNPLF နှင့် အခြားအပစ်ရပ်ခေါင်းဆောင်များက ၎င်းတို့သည်လည်း ‘နဝတ–နအဖ’ အစိုးရနှင့် ၎င်းတို့၏ အပစ်အခတ်ရပ်စဲရေးလုပ်ငန်းစဉ်များကို လိုက်ပါဆောင်ရွက်ခဲ့ရာ၌ ထင်သာမြင်သာရှိသည့်လူမှုရေးနှင့် နိုင်ငံရေးတိုးတက်ပြောင်းလဲမှုများ မတွေ့ရှိရသည့်အပေါ် စိတ်ပျက်မိကြောင်း ပြောဆိုသွားခဲ့သည်။ KNPLFအထွေထွေအတွင်းရေးမှူးမန်းသက်ဖောက “ကျနော်တို့အနေနဲ့ ဒီမိုကရေစီနဲ့ နိုင်ငံရေးအကြောင်းတရားတွေကြောင့်အပစ်အခတ်ရပ်စဲခဲ့ပေမယ့် အစိုးရနဲ့ ဘာနိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုမှ မလုပ်နိုင်ခဲ့ဘူး” ဟု ပြောဆိုသွားခဲ့သည်။[၂၁]

ယင်းကာလများအတွင်း KNPLF နှင့် KNLP တို့သည် အခြားအပစ်အခတ်ရပ်စဲရေး အဖွဲ့အစည်းများနှင့် အတူလက်တွဲဆောင်ရွက်ရန်လည်း ကြိုးပမ်းခဲ့ကြသည်။ ထင်သာမြင်သာရှိသည့် ကိစ္စရပ်တစ်ခုအနေဖြင့် အမျိုးသားညီလာခံ ပြန်လည်စတင်ခဲ့သည့် ၂၀၀၄ ခုနှစ်၌ နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အတွက် နိုင်ငံရေးအဆိုပြုလွှာတင်သွင်းမှုကို ထောက်ခံအားပေးသည့်အနေဖြင့် KNPLF သည် KNLP၊ KNG နှင့် နောက်ပိုင်း “KNPP ဟိုယာ” တို့နှင့် လက်တွဲဆောင်ရွက်ခဲ့သည်။ အဆိုပြုလွှာကို ဖက်ဒရယ်လိုလားသည့် ကချင်လွတ်လပ်ရေးအဖွဲ့အစည်း၊ မွန်ပြည်သစ်ပါတီနှင့် သျှမ်းပြည်တပ်မတော်/သျှမ်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးပါတီတို့ အပါအဝင် အပစ်အခတ်ရပ်စဲထားသည့် အခြားအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းရေးဆွဲခဲ့ခြင်းဖြစ်သည်။[၂၂] “ကျနော်တို့အနေနဲ့ အခြားတိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်း ၁၃ ဖွဲ့နဲ့အတူ အမျိုးသားညီလာခံမှာ အချက် ၁၀ ချက်ပါတဲ့ နိုင်ငံရေးကြေညာချက်ကို တင်သွင်းခဲ့တယ်” ဟု မန်းသက်ဖောက ပြောဆိုခဲ့သည်။[၂၃]

အနှစ်သာရအားဖြင့် ၁၃ ပါတီ၏ ရပ်တည်ချက်သည် “ပြည်ထောင်စု” သို့မဟုတ် “ဖက်ဒရယ်” အုပ်ချုပ်ရေးစနစ်တစ်ခုအောက်၌ တိုင်းရင်းသားများ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးဖြစ်သည်။[၂၄] KNDP နှင့် KNSO တို့သည်လည်း အမျိုးသားညီလာခံသို့ သီးခြားအဆိုများကို အသီးသီးတင်သွင်းခဲ့ကြသည်။[၂၅] သို့သော်လည်း တိုင်းရင်းသားအပစ်ရပ်အဖွဲ့များ တင်သွင်းခဲ့သည့် အဆိုများအားလုံးကို ‘နအဖ’ အစိုးရက ပယ်ချခဲ့ပြီး ယင်းအစား ရာသက်ပန်တပ်မတော်၏ အစောင့်အရှောက်အောက်၌ ထားရှိမည့် “တစ်ပြည်ထောင်” စနစ်ကိုသာ လက်ခံသဘောတူကြရန် တွန်းအားပေးခဲ့သည်။[၂၆]

‘နဝတ–နအဖ’ အစိုးရ၏ “စစ်နှင့် ငြိမ်းချမ်းရေး” အကြား မရှင်းမလင်းဖြစ်နေသည့် ရပ်တည်ချက်က အပစ်ရပ်အဖွဲ့အစည်းအများအပြားကို ရေရာသေချာမှုမရှိသည့် နိုင်ငံရေးအနာဂတ်ဖြင့် ခရီးဆုံးစေခဲ့သည်။ နိုင်ငံ၏ အခြားပြည်နယ်ဒေသများနည်းတူ အစိုးရအရာရှိများက ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုရန်နှင့် လူထုယုံကြည်မှုရရှိအောင် တည်ဆောက်နိုင်စေသည့် ယန္တရားအဖြစ် စီးပွားရေးဆိုင်ရာ ကိစ္စရပ်များကိုသာ အလေးပေးအာရုံစိုက်ကြရန် တိုက်တွန်းပြောဆိုလာခဲ့သည်။ ကယားပြည်နယ်၌ သစ်ထုတ်လုပ်ငန်းနှင့် သတ္တုတူးဖော်ရေးလုပ်ငန်းများ ပါဝင်လာခဲ့သည်။ KNPLF ၏ မန်းသက်ဖောက “အပစ်အခတ်ရပ်စဲရေး လုပ်ပြီးတဲ့နောက်မှာ ဆက်ပြီးရှင်သန်နိုင်ဖို့ ကျနော်တို့ စီးပွားရေးလုပ်ရတာပါ” ဟု ရှင်းလင်းပြောဆိုခဲ့သည်။[၂၇] သို့သော်လည်း လူထုလူတန်းစားအများအပြားက အစိုးရအနေဖြင့် ရည်ရွယ်သည်ဖြစ်စေ မရည်ရွယ်သည်ဖြစ်စေ ယခုကဲ့သို့ စီးပွားရေးအပေးအယူများအပေါ် မှီခိုရှင်သန်စေသည့် ပုံစံသစ်က အပစ်အခတ်ရပ်စဲထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ နာမည်ဂုဏ်သတင်းနှင့် နိုင်ငံရေးရည်မှန်းချက်များကို အားနည်းသွားစေသည်ဟု ယုံကြည်ခဲ့ကြသည်။ ဝေဖန်ထောက်ပြနေကြသကဲ့သို့ပင် ကယားပြည်နယ်မှ တကယ့်အကျိုးအမြတ်များကို ကရင်နီလူထုလူတန်းစားများ မဟုတ်ဘဲ ကုမ္ပဏီများနှင့် ပြင်ပအကျိုးစီးပွား ပါဝင်ပတ်သက်သူများကသာ ရရှိသွားကြသည်။

အပစ်အခတ် ရပ်စဲထားသည့် အဖွဲ့အစည်းများအားလုံးကို ပြည်သူ့စစ် သို့မဟုတ် နယ်ခြားစောင့်တပ်အသွင်

ကူးပြောင်းရန် အမိန့်ထုတ်ခဲ့သည့် ၂၀၀၉ ခုနှစ်၌ ဤကိစ္စရပ်များ ခေါင်းစဉ်းနေရာသို့ ရောက်ရှိလာခဲ့သည်။ အဆိုပါ အဆင့်အတန်း နှစ်ရပ်စလုံးသည် အပစ်ရပ်အဖွဲ့များအား တပ်မတော်၏ တိုက်ရိုက်ထိန်းချုပ်မှုအောက်သို့ ရောက်ရှိသွားစေလိမ့်မည်ဖြစ်သည်။ အခြားပြည်နယ်ဒေသများ၌ အင်အားတောင့်တင်းသည့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများအားလုံး ယင်းအဆိုကိုငြင်းပယ်ခဲ့ကြသည် (အခန်း ၂ ကိုကြည့်ပါ)။ သို့သော်လည်း ကယားပြည်နယ်ရှိ အပစ်ရပ်အဖွဲ့များနှင့် ခွဲထွက်အဖွဲ့များသည် အခြားအဖွဲ့များထက်စာလျှင် များစွာအင်အားနည်းပါးလျက်ရှိသည်။ ဤကဲ့သို့သော ဖိအားများကြောင့် ရှမ်းပြည်နယ်နှင့် ကယားပြည်နယ် နယ်စပ်ဒေသများ၌ အခြေစိုက်လှုပ်ရှားလျက်ရှိသည့် KNPLF၊ KNDP၊ KNPDP၊ KNSO၊ KNLP နှင့် KNG ကဲ့သို့သော အပစ်ရပ်အဖွဲ့အစည်းများအားလုံး တဖြည်းဖြည်း လက်ခံပြောင်းလဲခဲ့ကြရသည်။ ယင်းတို့အနက် အင်အားအကြီးဆုံးဖြစ်သည့် KNPLF သည် သာလျှင် နယ်ခြားစောင့်တပ်အဆင့်အတန်းရရှိခဲ့ပြီး ကျန်အဖွဲ့အစည်းများအားလုံးကို ပြည်သူ့စစ်တပ်ဖွဲ့များအဖြစ်သာ အစိုးရကသတ်မှတ်ခဲ့သည် ("ကရင်နီပဋိပက္ခအခြေပြမြေပုံ"ကိုကြည့်ပါ)။[၂၈] တစ်ခုတည်းသောခြွင်းချက်အနေဖြင့် ရှမ်း–ကယားနယ်နိမိတ်ပေါ်၌ KNLP သည် နယ်ခြားစောင့်တပ်အမိန့်ကိုဖြစ်စေ လက်နက်ဖြုတ်သိမ်းရန် ဖိအားပေးသည့်အမိန့်ကိုဖြစ်စေ ၎င်းတို့အနေဖြင့် လက်ခံသွားမည်မဟုတ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

ကရင်နီအမျိုးသားရေး အဝန်းအဝိုင်း၌ အပစ်ရပ်အဖွဲ့အစည်းများအနေဖြင့် နယ်ခြားစောင့်တပ် သို့မဟုတ် ပြည်သူ့စစ်အဆင့်အတန်းသို့ လက်ခံအသွင်ပြောင်းခြင်းသည် မိမိတို့လူမျိုး၏ နိုင်ငံရေးအခွင့်အရေးအတွက် စည်းရုံးအရေးဆိုမှုကို နောက်ပြန်ဆွဲသည့် အဆုံးသတ်ဖြစ်သည်ဟု သတ်မှတ်ထားကြသည်။ နိုင်ငံရေးအကြောင်းပြချက်ထက်စာလျှင် တပ်မတော်၏ လုံခြုံရေးအကြောင်းပြချက်သည် ကရင်နီအခင်းအကျင်း၌ အကွဲအပြဲများကို ဆက်လက်ဖန်တီးမည့် ရည်ရွယ်ချက်ရှိနေသည်ဟု များစွာသံသယမကင်းရှိခဲ့ကြသည်။ KNPLF အတွင်း၌လည်း အမြင်သဘောထားကွဲလွဲမှုများ ရှိလာခဲ့သည်။ ထိုအချိန်က ဦးထွန်းကျော်ဦးဆောင်သည့် စီးပွားရေးအသားပေး အင်အားစုနှင့် ပါတီဥက္ကဋ္ဌဟောင်း နယကစန္ဒာနှင့် အတွင်းရေးမှူးရွှေဝါတို့ ဦးဆောင်သည့် နိုင်ငံရေးခေါင်းဆောင်မှုအကြား ခွာပြဲကြတော့မည်ဟူသည့် ကောလဟာလများလည်း ထွက်ပေါ်လာခဲ့သည်။[၂၉] နိုင်ငံရေးအာမခံချက်အဖြစ် အချို့သော KNPLF တပ်ဖွဲ့ဝင်များကို နောက်ကွယ်၌ အရန်တပ်ဖွဲ့ဝင်များအဖြစ် ဆက်လက်ထားရှိရန် ဆုံးဖြတ်ထားကြသော်လည်းနယ်ခြားစောင့်တပ်ဖွဲ့နှစ်ခုအဖြစ် အသွင်ပြောင်းဖွဲ့စည်းသွားရန်ပင်မအဖွဲ့အစည်းကြီးကသဘောတူလက်ခံခဲ့သည်။ KNPLF ၏ မန်းသက်ဖောက

"ကျနော်တို့ရဲ့ KNPLF တပ်ဖွဲ့ဝင်တစ်ချို့ကို နယ်ခြားစောင့်တပ်ဖွဲ့ဝင်တွေအဖြစ် အသွင်ပြောင်းဖွဲ့စည်းခဲ့တာက တပ်မတော်ရဲ့ မဟာဗျူဟာတစ်ခုပါပဲ။ တပ်မတော်က ကျနော်တို့ရဲ့ စစ်တပ်နဲ့ ပင်မ KNPLF အင်အားစုကို ခွဲထားဖို့ကြံခဲ့တာပါ။ ဒါကိုအတင်းအကျပ်လုပ်ခိုင်းခဲ့တာပါ။ တကယ်တော့ ကျနော်တို့ကို ခွဲဖို့ ရည်ရွယ်ခဲ့တာပါ။ နယ်ခြားစောင့်တပ် ဖြစ်လာခဲ့ပြီးနောက်ပိုင်း ကျနော်တို့ရဲ့ အခြေအနေပိုဆိုးလာခဲ့တယ်။ ကျနော်တို့မှာ အင်အားလည်းမရှိတော့ဘူး" ဟုပြောဆိုသွားခဲ့သည်။[၃၀]

ထိုအချိန်မှစတင်၍ နယ်ခြားစောင့်တပ် သို့မဟုတ် ပြည်သူ့စစ်တပ်ဖွဲ့များ၏ နိုင်ငံရေး အခန်းကဏ္ဍမှန်သမျှတရားဝင် ချုပ်ငြိမ်းသွားတော့သည်။ နောက်ဆက်တွဲအနေဖြင့်မည်သည့်အဖွဲ့အစည်းမျှ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုကိုဆောင်ကျဉ်းရန် ကြိုးပမ်းခဲ့သည့် မည်သည့်အမျိုးသားအဆင့် အားထုတ်မှုများတွင်မျှ ပါဝင်ဆောင်ရွက်ခွင့် မရှိတော့ပေ။ အပြင်ပန်းအားဖြင့် ၎င်းတို့သည် အမျိုးသားရေးလှုပ်ရှားမှုများ၌ ဆက်လက်ပါဝင်နေသကဲ့သို့ထင်ရသော်လည်းဆန့်ကျင်ဖက်အနေဖြင့် ခေါင်းဆောင်များကၡင်းတို့၏လက်နက်ကိုင်တော်လှန်ရေးကို ဆက်လက်ထောက်ပံ့ပေးကြရန် တောင်းဆိုမှုပြုခဲ့သည်။ သို့သော်လည်း လက်တွေ့အမှန်တကယ်တမ်း၌ ဤအဖွဲ့အစည်းများသည် သဘောသဘာဝအားဖြင့် ဌာနေပြည်သူ့စစ်များသာ ဖြစ်ကြသည်။ ၎င်းတို့၏ ရည်ရွယ်ချက်သည် နိုင်ငံရေးအပြောင်းအလဲအတွက် တက်ကြွလှုပ်ရှားမှုထက်စာလျှင် အများအားဖြင့် စီးပွားရေးကိုသာ ပိုမိုအလေးပေး အာရုံစိုက်လေ့ရှိသည်။

ရလဒ်အနေဖြင့် ကယားပြည်နယ်အတွင်း KNPP တစ်ဖွဲ့တည်းကသာ နိုင်ငံရေးအရ အသိအမှတ်ပြုခံရပြီး အနှောင်အဖွဲ့ကင်းလွတ်လပ်သည့် EAO အဖြစ် သက်ဝင်

လှုပ်ရှားလျက်ရှိသည်။ စတင်ဖွဲ့စည်းပြီးနောက် ဆယ်စုနှစ်ခြောက်ခုကြာသွားသည့်တိုင် တိုင်းရင်းသားငြိမ်းချမ်းရေးနှင့် ပြည်တွင်းပြုပြင်ပြောင်းလဲရေးအတွက် အဓိကကျသည့်သော့ချက်အဖြစ် နယ်ခံအများအပြား လက်ခံသတ်မှတ်နေဆဲဖြစ်သည်။ သို့သော်လည်း 'နဝတ–နအဖ' ခေတ်အဆုံးသတ်သွားသည့်အခါ KNPP သည် ပြည်တွင်းနိုင်ငံရေး ရေစီးကြောင်းနှင့် တဖြည်းဖြည်းကင်းကွာလာခဲ့သည်။

## KNPP ၏ ၂၀၁၂ အပစ်အခတ်ရပ်စဲရေး

၂၀၁၁ ခုနှစ် မတ်လ၌ (အခန်း ၂ ကိုကြည့်ပါ) သမ္မတဦးသိန်းစိန်ခေါင်းဆောင်သည့် အစိုးရအာဏာလာခဲ့ပြီးနောက် အပစ်အခတ်ရပ်စဲရေး သံသရာသစ်တစ်ခုအသက်ဝင်လာခဲ့သည်။ တပ်မတော်နှင့် ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (ယခင်က ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း) တို့ပူးတွဲအုပ်ချုပ်သည့် အစိုးရသစ်သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် နိုင်ငံအဝှမ်းရှိ EAOs တို့အားလုံးနှင့်အတူ နိုင်ငံရေးဦးတည်ချက် အသစ်တစ်ရပ် ချမှတ်ဖော်ဆောင်သွားမည်ဟု ကတိပြုခဲ့သည်။ 'နဝတ–နအဖ' ခေတ်အတွင်း ဖော်ဆောင်ခဲ့သည့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အများစုနှင့် ကွဲပြားသည့်အချက်မှာ ဦးသိန်းစိန်အစိုးရလက်ထက်၌ ရရှိခဲ့သည့် သဘောတူညီချက်များကို စာချုပ်စာတမ်းများဖြင့် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။ ပြောင်းလဲလိုသည့် သဘောဆန္ဒများ အားကောင်းလာသဖြင့် KNPP ၏ အနီးစပ်ဆုံး မဟာမိတ်ဖြစ်သည့် KNU အပါအဝင် အခြားတိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်း (၇) ဖွဲ့သည် ဦးသိန်းစိန်အာဏာရလာပြီး တစ်နှစ်အတွင်း အပစ်အခတ်ရပ်စဲရေး သဘောတူလက်မှတ်ရေးထိုးမှု သို့မဟုတ် အသစ်ပြင်ဆင်ချုပ်ဆိုမှုများ ပြုလုပ်ခဲ့ကြသည်။

ဤကဲ့သို့သော နောက်ခံဖြစ်ရပ်များ ရှိနေသော်လည်း KNPP သည် ၂၀၁၂ ခုနှစ် မတ်လ ၇ ရက်နေ့၌ လွိုင်ကော်မြို့တွင် KNU နှင့် NMSP တို့အပါအဝင် အခြား EAOs များနှင့် ချုပ်ဆိုခဲ့သည့် ပဋိညာဉ်သဘောတူညီချက်အသစ်များကဲ့သို့ပင် "ပြည်နယ်အဆင့်" ငြိမ်းချမ်းရေးသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ အနှစ်သာရအားဖြင့် KNPP ၏ အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်၌ အပစ်အခတ်ရပ်စဲရေး သဘောတူလက်မှတ်ရေးထိုးရန်၊ ဆက်ဆံရေးရုံးများ တည်ထောင်ဖွင့်လှစ်သွားရန်၊ နှစ်ဖက်တပ်လှုပ်ရှားမှုများ နှင့်ပတ်သက်၍ ကြိုတင်အသိပေးအကြောင်းရန်နှင့် "ပြည်ထောင်စုအဆင့်" ငြိမ်းချမ်းရေးဆွေးနွေးပွဲများဆီသို့ ဦးတည်ခေါ်ဆောင်သွားမည့် ကိုယ်စားလှယ်အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်သွားရန်ဟူသည့် အဓိကအချက် (၄) ချက် ပါဝင်ခဲ့သည်။[၃၁]

KNPP သည် နောက်ပိုင်းဆက်လက်ဖော်ဆောင်ခဲ့သည့် ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးပွဲများ၌ အစိုးရဖက်သို့ အချက် (၂၀) ပါဝင်သည့် အဆိုပြုလွှာကို တင်သွင်းခဲ့သည်။ ယင်းတို့အနက် အချက်ပေါင်း (၁၄) ချက်ကိုမူအားဖြင့်သဘောတူညီမှုရရှိခဲ့ပြီး လွိုင်ကော်မြို့၌ ၂၀၁၂ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သည့် "ပြည်ထောင်စုအဆင့်" (သို့မဟုတ် အမျိုးသားအဆင့်) အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်အတွင်း ထည့်သွင်းချုပ်ဆိုခဲ့သည်။ နှစ်ဖက်စလုံး သဘောတူခဲ့သည့် ပဋိညာဉ်စာချုပ်သစ်၏ အဓိကကျသည့် အချက်များအတွင်း ကယားပြည်နယ်တစ်ဝှမ်းလုံး၌ ပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲထားရန်၊ ဖမ်းဆီးထိန်းသိမ်းခံထားရသည့် KNPP အဖွဲ့ဝင်များအားလုံးကို ပြန်လွှတ်ပေးရန်၊ ပြည်နယ်တွင်း အပစ်အခတ်ရပ်စဲမှု စောင့်ကြည့်ရေးအဖွဲ့များ ဖွဲ့စည်းထားရှိရန်၊ ဖရူဆိုမြို့နယ်ရှိတပ်မတော်၏စစ်ရေးလေ့ကျင့်ကွင်းအပေါ် လူထုလိုလားထောက်ခံမှုရှိမရှိ သိရှိနိုင်စေရန် KNPP နှင့်အတူ ပူးတွဲစစ်တမ်း ကောက်ယူသွားရန်၊ အရပ်ဖက်လူ့အဖွဲ့အစည်းများအား ကယားပြည်နယ်တွင်းရှိ အကြီးစားဖွံ့ဖြိုးရေးစီမံကိန်းများအပေါ် စောင့်ကြည့်အကဲခတ်ခွင့်ပြုရန်၊ ကျန်းမာရေး၊ ပညာရေးနှင့် ဖွံ့ဖြိုးရေးအစီအစဉ်များနှင့် ပတ်သက်၍ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ (NGOs) နှင့် အစိုးရမဟုတ်သည့် နိုင်ငံတကာအဖွဲ့အစည်းများ (INGOs) နှင့် ပူးပေါင်းဆောင်ရွက်သွားရန်၊ ပြည်တွင်းနေရပ်စွန့်ခွာ စစ်ဘေးတိမ်းရှောင်ခဲ့ရသူများအား ပြန်လည်နေရာချထားရေးကိစ္စများကို ဆွေးနွေးအဖြေရှာရန်၊ မူးယစ်ဆေးဝါး ထုတ်လုပ်ဖြန့်ဖြူးမှု တိုက်ဖျက်ရေးကို ပူးပေါင်းဆောင်ရွက်ရန်နှင့် ပြန်လည်ထူထောင်ရေး အစီအစဉ်များ အကောင်အထည်ဖော်ရန် ဟူသည့်ကိစ္စရပ်များ ပါဝင်ခဲ့သည်။[၃၂]

မည်သို့ဆိုစေသဘောတူညီမှုရရှိခဲ့သော်လည်းဆုံးဖြတ်ချက်ချမှတ်ရသည့် ကိစ္စရပ်များပေါ်မူတည်၍ သဘောထားကွဲလွဲသွားခဲ့သည့် အချက်များလည်းရှိခဲ့သည်။ ယင်းတို့၌ တပ်နေရာချထားရေးကိစ္စများ၊ အကြီးစားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကြီးများနှင့် သံလွင်မြစ်ပေါ်တည်ဆောက်ရန်လျာထားခဲ့သည့် ရေအားလျှပ်စစ် စီမံကိန်းများကို ဆိုင်းငံ့ထားရေး စသည့်ကိစ္စရပ်များ ပါဝင်ခဲ့သည်။ ခြောက်နှစ်ကျော်ကြာသွားခဲ့ပြီးနောက်ပိုင်းအဆိုပါကိစ္စရပ်အချို့သည် မျက်မှောက်ခေတ် ကရင်နီနိုင်ငံရေး အခင်းအကျင်း၌ အကဲအဆတ်ဆုံးကိစ္စရပ်များဖြစ်လာခဲ့သည် (အခန်း ၈ ကိုကြည့်ပါ)။ စိုးရိမ်ဖွယ်ရာကောင်းသည့် ဤကဲ့သို့သောကိစ္စရပ်များရှိနေသည်မှန်သော်လည်း KNPP အပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးပြီးနောက်ပိုင်း ကယားပြည်နယ်၏ပဋိပက္ခအခင်းအကျင်း တိုးတက်ပြောင်းလဲလာခဲ့သည်ကိုတော့ငြင်းပယ်၍ မရစကောင်းသလို ၁၉၄၈ ခုနှစ် လွတ်လပ်ရေးပြီးကတည်းက ယခု တစ်ကြိမ်သည် ခရီးအရောက်ဆုံးဖြစ်ကြောင်း ထင်ရှားလျက်ရှိသည်။

## ၂၀၁၂ KNPP အပစ်အခတ်ရပ်စဲရေး၏ သက်ရောက်မှု

၂၀၁၂ ခုနှစ် အပစ်အခတ်ရပ်စဲခဲ့ပြီးနောက် ၁၉၄၈ ခုနှစ်ကတည်းက ပထမဦးဆုံးအကြိမ်အဖြစ် ကယားပြည်နယ်၌ လက်နက်ကိုင်ပဋိပက္ခ တရားဝင်ချုပ်ငြိမ်းသွားခဲ့သည်။ ဒေသတွင်းနေထိုင်သည့် လူထုလူတန်းစားများ နှစ်ပေါင်းများစွာ လိုလားတောင့်တလာခဲ့ပြီး အခါပင်လင့်နေခဲ့ပြီဖြစ်သည့် တိုးတက်ဖြစ်ထွန်းမှုတစ်ရပ် နောက်ဆုံး၌ ရောက်ရှိလာခဲ့ပြီဖြစ်သည်။ ကရင်နီပြည် လူငယ်များသမဂ္ဂ (UKSY) ၏ ကျော်ထင်အောင်က “KNPP အပစ်အခတ်ရပ်စဲမှုကြောင့် ကျနော်တို့ပြည်နယ်တွင်းမှာ တိုက်ပွဲတွေရပ်သွားတဲ့အတွက် ကောင်းတဲ့အချက်တစ်ချို့ရှိလာတယ်လို့ ပြောလို့ရပါတယ်” ဟု အတည်ပြု ပြောဆိုသွားခဲ့သည်။ “သေနတ်သံတစ်ချက်မှ မကြားရတာ သုံးနှစ်ကျော်သွားပြီ။”[၃၃] အပစ်အခတ်ရပ်စဲရေးကြောင့် အဆိုးရွားဆုံး လူ့အခွင့်အရေးချိုးဖောက်မှုများလည်း အဆုံးသတ်သွားခဲ့ပြီး ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး တိုးတက်ကောင်းမွန်လာခဲ့သဖြင့် KNPP နှင့် အခြား EAOs များအကြား အချင်းချင်းတွေ့ဆုံဆွေးနွေးရ ပိုမိုလွယ်ကူလာခဲ့သည်။[၃၄]

အရေးပါသည့် ပြောင်းလဲမှု ညွှန်းကိန်းတစ်ရပ်အဖြစ် လွိုင်ကော်၊ ရှားတောနှင့် ဖားဆောင်းမြို့နယ်များ၌ KNPP ဆက်ဆံရေးရုံးများ ဖွင့်လှစ်နိုင်ခဲ့သဖြင့် အစိုးရနှင့်ဆက်ဆံရေး တည်ဆောက်ရာတွင်လည်းကောင်း ရပ်ရွာလူထုနှင့် ထိတွေ့ဆက်ဆံရာတွင်လည်းကောင်း ပိုမိုလွယ်ကူအဆင်ပြေလာခဲ့သည်။ ထို့အပြင် ကယားပြည်နယ်ပူးတွဲစောင့်ကြည့်ရေးကော်မတီ (KSJMC) ကိုလည်း ဖွဲ့စည်းတည်ထောင်နိုင်ခဲ့သည်။ အဖွဲ့ဝင်နှစ်ဦးကိုကယားပြည်နယ်အစိုးရမှ အမည်စာရင်းတင်သွင်း၍ နှစ်ဦးကို KNPP မှလည်းကောင်း ကျန်ခြောက်ဦးကိုရပ်ရွာခေါင်းဆောင်များမှလည်းကောင်း တင်သွင်းအဆိုပြု၍ ဖွဲ့စည်းခဲ့ကြသည်။ ကော်မတီအနေဖြင့်အပစ်အခတ်ရပ်စဲရေးအခွန့်ရှည်တည်တံ့စေရန် အများပြည်သူ တင်သွင်းလာသည့် တိုင်ကြားမှုများကို စိစစ်အတည်ပြု၍ လိုအပ်သလို ဖြေရှင်းဆောင်ရွက်ပေးရမည့် တာဝန်နှစ်ရပ်ကို ပူးတွဲထမ်းဆောင်ရမည်ဖြစ်သည်။[၃၅] သို့သော်လည်း ယနေ့အချိန်ထိ ပူးတွဲစောင့်ကြည့်ရေးကော်မတီသည် စာရွက်ပေါ်၌သာ အများဆုံးရှိနေပြီး လက်တွေ့သက်ဝင်လည်ပတ်မှု အားနည်းနေဆဲဖြစ်သည်။ ဤပျက်ကွက်မှုနှင့်စပ်လျဉ်း၍ နယ်ခံအရပ်ဖက်လူမှုအဖွဲ့အစည်းများက စဉ်ဆက်မပြတ် စောဒကတက် တွန်းအားပေးနေရဆဲဖြစ်သည်။ ကယားပြည် လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေး လှုပ်ရှားဆောင်ရွက်မှုကွန်ရက် (KEAN) ကိုယ်စားလှယ်တစ်ဦးက “ကျနော်တို့ဖက်က ကယားပြည်နယ် ပူးတွဲစောင့်ကြည့်ရေးကော်မတီဆီကို လစဉ်အစီရင်ခံစာ တင်သွင်းခဲ့ပေမယ့် သူတို့ဖက်က သိပ်ပြီးအရေးတယူနဲ့ ဖြေရှင်းဆောင်ရွက်ပေးတာမျိုး မတွေ့ရဘူး” ဟု ပြောဆိုသွားခဲ့သည်။[၃၆]

တုန့်ပြန်ဆောင်ရွက်ချက်တစ်ခုအဖြစ် ၂၀၁၂ ခုနှစ် ဇွန်လအတွင်း အရပ်သားလူထုများက ဦးစီးခေါင်းဆောင်သည့်ကယားပြည်နယ် ငြိမ်းချမ်းရေး စောင့်ကြည့်လေ့လာရေးကွန်ရက် (KNSPMN) ကို ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။ ပင်တိုင်အဖွဲ့ဝင် ၁၁ ဦးဖြင့် ဖွဲ့စည်းထားသည့် KSPMN ၌ တိုင်းရင်းသားမျိုးနွယ်စုအမျိုးမျိုးနှင့် ရပ်ရွာအခြေပြုအဖွဲ့အစည်းပေါင်းစုံကို ကိုယ်စားပြုသည့် မြေပြင်စောင့်ကြည့်လေ့လာရေး နယ်ခံအဖွဲ့ဝင်ပေါင်း ၆၀ ဝန်းကျင်ခန့်ရှိလာသည်။ အဓိကရုံးကို လွိုင်ကော်မြို့၌သာ အခြေစိုက်ထားသော်လည်း KSPMN အနေဖြင့် အခြားပြည်တွင်းငြိမ်းချမ်းရေး အဖွဲ့အစည်းများနှင့်ပါ လက်တွဲဆောင်ရွက်

လျက်ရှိသလို ဒေသတွင်း လူထုတွေ့ဆုံဆွေးနွေးပွဲ အမြောက်အများကိုလည်းစီစဉ်ကျင်းပခဲ့ပြီးဖြစ်သည်။ငြိမ်းဖောင်ဒေးရှင်းနှင့် KSPMN အဖွဲ့ဝင်တစ်ဦးဖြစ်သူ ခူးပလုရယ်က “ဒီကွန်ရက်က လူထုကို အမှန်တကယ် ကိုယ်စားပြုထားတာပါ။ KSPMN အနေနဲ့ အပစ်အခတ် ရပ်စဲရေးနဲ့ ငြိမ်းချမ်းရေးကို ပံ့ပိုးဆောင်ရွက်ပြီး စောင့်ကြည့်လေ့လာတဲ့နေရာမှာ တကယ်ကို ဘက်မလိုက်ကြားနေရေးနဲ့ အနှောင်အဖွဲ့ကင်းလွတ်လပ်ရေးဆိုတဲ့ ဘုံတန်ဖိုးထားမှုကိုအမြဲလိုက်နာတယ်” ဟု ပြောဆိုခဲ့သည်။[၃၇]

မည်သို့ဆိုစေ KNPP အပစ်အခတ်ရပ်စဲပြီးနောက်ပိုင်း ယုံကြည်မှုတည်ဆောက်ရေးသည် အချိန်ယူရသည့်ကိစ္စရပ် ဖြစ်လာခဲ့သည်။ ယခင်အတိတ်ကာလများဆီက အောင်မြင်မှုမရှိခဲ့သည့် ငြိမ်းချမ်းရေးအစီအစဉ်များ၏ ဆိုးကျိုးရိုက်ခတ်မှုများကို နက်နက်ရှိုင်းရှိုင်း အမှတ်ရနေကြဆဲဖြစ်သည်။ လွိုင်ကော်မြို့နေ KNPP ကိုယ်စားလှယ်တစ်ဦးဖြစ်သည့် ခူဒေးရယ်က “၁၉၉၅ ခုနှစ် အပစ်အခတ်ရပ်စဲရေး ပျက်ပြယ်သွားခဲ့တဲ့အတွက် အရပ်သားတစ်ချို့ အသက်ပေးခဲ့ရတယ်” ဟု သတိပေးပြောဆိုခဲ့သည်။ “လူထုအနေနဲ့ အခုချိန်ထိ ဒါတွေကို မမေ့နိုင်သေးဘူး။”[၃၈]လူထုအများအပြားသည် ယခုအချိန်ထိ KNPP နှင့် အဆက်အဆံရှိသည်ဟု အစိုးရဖက်က သံသယရှိလာမည်ကို စိုးရိမ်ကြောက်လန့်နေကြဆဲဖြစ်သည့် အခြေအနေမျိုးကို နှစ်သိမ့်ဖြေလျှော့ပေးရန် အစိုးရဖက်မှ ဝါယမစိုက်ထုတ်ကြိုးပမ်းမှု ကင်းမဲ့နေဆဲဖြစ်သည်။ ၂၀၁၂ အပစ်အခတ်ရပ်စဲပြီးခြောက်နှစ်ကြာသွားခဲ့သော်လည်း KNPP သည် မြန်မာနိုင်ငံအတွင်း “တရားမဝင်အဖွဲ့အစည်း” တစ်ရပ်အဖြစ်သာဆက်လက်ရပ်တည်နေရဆဲဖြစ်သောကြောင့် အဆက်အဆံရှိသူများသည် ၁၉၀၈ ခုနှစ် မတရားအသင်းအက်ဥပဒေပုဒ်မ ၁၇/၁ ဖြင့် ပြစ်ဒဏ်ပေး အရေးယူခံရနိုင်ခြေမြင့်မားနေဆဲဖြစ်သည်။[၃၉] UKSY ၏ ကျော်ထင်အောင်က “ဒါကယုံကြည်မှု တည်ဆောက်ရေးအတွက် အရမ်းဆိုးသလို အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက်လည်း အတားအဆီးကြီးဖြစ်နေတယ်” ဟု ပြောဆိုသွားခဲ့သည်။[၄၀]

KNPP သည်လည်း ဤကန့်သတ်ချက်နှင့်ပတ်သက်၍ ကျေနပ်လက်ခံခြင်းမရှိပေ။ “ဖွဲ့စည်းပုံအခြေခံဥပဒေကတရားမျှတမှုမရှိလို့ဟိုးအရင်ကတည်းကကျနော်တို့ လက်နက်ကိုင် တိုက်ပွဲဝင်လာခဲ့တာပါ” ဟု ခူဒေးရယ်



ဖရူဆိုမြို့နယ်ရှိ မြန်မာ့တပ်မတော်၏ စစ်ရေးလေ့ကျင့်ကွင်းအမှတ် ၁၄



ကရင်ပြည်နယ် နယ်စပ်တစ်နေရာတွင် နေရပ်စွန့်ခွာစစ်ဘေးတိမ်းရှောင်လာခဲ့ကြသည့်
ကရင်နီဒုက္ခသည်များ(MS)

ကရှင်းပြခဲ့သည်။ "ကျနော်တို့အနေနဲ့ တကယ်ကိုစစ်မှန်ပြီး လက်တွေ့ကျတဲ့ ငြိမ်းချမ်းရေးကို လိုချင်လို့ ဒီကိုလာခဲ့တာပါ။ ကျနော်တို့ဖက်က လက်နက်မအပ်ခဲ့တဲ့အတွက် သူတို့ကကျနော်တို့ကို ဥပဒေဘောင်အပြင်က တရားမဝင်တဲ့ လက်နက်ကိုင်အဖွဲ့အစည်းလိုမျိုး ဆက်ပြီးသဘောထားနေကြတာပါ။"[၅၁]

ဤကိစ္စရပ်များအပြင် KNPP အပစ်အခတ်ရပ်စဲပြီးနောက်ပိုင်း ရှေ့တန်းတပ်စခန်း နေရာများရှိစစ်ဆင်ရေးလုပ်ငန်းများကို ရပ်တန့်ရန်လည်း အချိန်များစွာလိုအပ်နေဆဲဖြစ်သည်။ အဆိုးရွားဆုံး အခြေအနေအဖြစ် ၂၀၁၂ ခုနှစ်ဖွန်လအတွင်း မော်ချီးဒေသဝန်းကျင်၌ ထိတွေ့တိုက်ခိုက်မှုဖြစ်ပွားခဲ့စဉ်က မော်ချီးမှ ပဲခူးတိုင်းဒေသကြီးရှိ တောင်ငူသို့ ဆက်သွယ်ဖောက်လုပ်ထားသည့် ကားလမ်းပြင်ဆင်မှုကိုကာကွယ်စောင့်ရှောက်ရန် တပ်ခွဲသစ်တစ်ခုကို တပ်မတော်ဖက်မှ ဖြန့်ချထားခဲ့သည်ဟု KNPP က စွပ်စွဲပြောဆိုခဲ့သည်။ "ဒါကထိပ်တန်းမဟာဗျူဟာတစ်ရပ်ဖြစ်တယ်" ဟု KNPP ၏ ဗိုလ်ချုပ်အောင်မြတ် ပြောဆိုခဲ့သည်။ "လမ်းပြင်တယ် ဒါမှမဟုတ် လမ်းဖောက်တယ်ဆိုတာက တပ်နှစ်တပ် မျက်နှာချင်းဆိုင်တွေ့ကြတာပဲ။"[၅၂] ရလဒ်အဖြစ် ၂၀၁၂ ခုနှစ် အောက်တိုဘာလ၌ ဒေသတွင်းအရပ်ဖက်လူမှုအဖွဲ့အစည်းများ စုဖွဲ့ထားသည့် ကွန်ရက်တစ်ခုဖြစ်သည့် ကရင်နီလူမှုအဖွဲ့အစည်းကွန်ရက် (KCSN) မှ သတိပေးကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ရသည်။

> "ကရင်နီနယ်မြေထဲမှာ တပ်လှုပ်ရှားမှုတွေလုပ်ခဲ့ရင် KNPP ကို အကြောင်းကြားရမယ်ဆိုတဲ့ အချက်အပါအဝင် ဒီနှစ်အတွင်း မတ်လ ၇ ရက်နေ့နဲ့ ဇွန်လ ၉ ရက်နေ့တွေမှာ KNPP နဲ့ သဘောတူချုပ်ဆိုခဲ့တဲ့ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တွေကို အစိုးရဖက်က စောင့်ထိန်းလိုက်နာဖို့ ပျက်ကွက်ခဲ့တယ်။ ဒါတွေကြောင့် ဇွန်လထဲမှာ ထိတွေ့တိုက်ခိုက်မှုတွေ ရှိလာပြီး ဗမာစစ်သား ၉ ယောက် သေဆုံးခဲ့တဲ့ရလဒ်မျိုး ထွက်လာခဲ့တာပါ။"[၅၃]

KSCN ပြောရေးဆိုခွင့်ရှိသူ တော်ရယ်က "အစိုးရအနေနဲ့ ကရင်နီပြည်နယ်ထဲမှာ လုပ်ခဲ့တဲ့ ကနဦးသဘောတူညီချက်လေးကိုတောင် မထိန်းသိမ်းနိုင်ဘူးဆိုရင် မြန်မာနိုင်ငံထဲ အစွန့်ရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးကို တည်ဆောက်သွားဖို့ သူတို့ကို ကျနော်တို့ ဘယ်လိုယုံကြည်နိုင်တော့မလဲ"ဟု မေးခွန်းထုတ်ခဲ့သည်။[၅၄]

ဤကဲ့သို့သော ကနဦးအကျပ်အတည်းများ ပေါ်ပေါက်လာခဲ့ပြီဖြစ်၍ မဖြစ်မနေမီးမောင်းထိုးပြရန် လိုအပ်လာသည့် ကိစ္စရပ်တစ်ခုမှာ ဦးသိန်းစိန်လက်ထက်အထိ ကယားပြည်နယ်အတွင်း KNPP ၏ အပစ်အခတ်ရပ်စဲရေး တည်တံ့နေခဲ့ခြင်းဖြစ်သည်။ "၂၀၁၂ ဇွန်လထဲ မော်ချီးဒေသမှာဖြစ်ခဲ့တဲ့အဖြစ်အပျက်ကလွဲလို့ နှစ်ဖက်စလုံးက အပစ်အခတ်ရပ်စဲရေးကိုဆက်ပြီးထိန်းထားနိုင်ခဲ့တယ်"ဟုKSPMN စောင့်ကြည့်လေ့လာသူ ခူးပလုရယ်က အတည်ပြု ပြောဆိုသွားခဲ့သည်။ "ဒါက နှစ်ဖက်စလုံးအတွက် အတော်လေး အရေးပါတဲ့ အောင်မြင်မှုတစ်ခုဖြစ်ခဲ့တယ်။"[၄၅] ၂၀၁၃ ခုနှစ် သြဂုတ်လအရောက်တွင် စတင်ဖွဲ့စည်းခဲ့သည့် ၁၉၈၈ ခုနှစ်ကတည်းက KNPP ထိန်းချုပ်နယ်မြေ၌ ခြေကုပ်ယူ၍ လက်နက်ကိုင်တော်လှန်ရေးကို ထောက်ခံအားပေးလာခဲ့သည့် ဗမာနိုင်ငံလုံးဆိုင်ရာ ဒီမိုကရေစီကျောင်းသားတပ်မတော် (ABSDF) ကိုလည်းအစိုးရနှင့် အပစ်အခတ်ရပ်စဲခဲ့ပြီးနောက်ပိုင်း နိုင်ငံအတွင်း ဖွင့်လှစ်ခွင့်ပြုခဲ့သည့် ဆက်ဆံရေးရုံးသုံးခု၌ တစ်ခုအပါအဝင်ဖြစ်လာမည့် ဆက်ဆံရေးရုံးကို လွိုင်ကော်မြို့၌ တရားဝင်ဖွင့်လှစ်ခွင့်ပြုခဲ့သည်။

မည်သို့ဆိုစေကာမူ ပစ်ခတ်တိုက်ခိုက်မှုများအဆုံးသတ်သွားခဲ့ခြင်းကြောင့် ရှေ့တန်းတပ်စခန်းများအကြားရှိ တင်းမာမှုများလည်း အလိုလိုလျော့ကျသွားလိမ့်မည်ဟု ယူဆ၍ မရနိုင်ပေ။ အတိတ်ကာလများ၌ အကြိမ်ကြိမ် မအောင်မမြင်ဖြစ်ခဲ့ရသည့် သာဓကများကြောင့် တပ်မတော်၏ရည်ရွယ်ချက်အပေါ် KNPP ဖက်မှ သံသယကြီးနေဆဲဖြစ်သည်။ တစ်ချိန်တည်းလိုလို၌ အစိုးရဖက်ကလည်း နိုင်ငံရေးတိုးတက်ပြောင်းလဲမှု မရခင် လမ်းသစ်ဖောက်လုပ်ရေးစီမံချက်များနှင့် ရေအားလျှပ်စစ်စီမံကိန်းများကို ဆိုင်းငံ့ထားသင့်သည်ဟုတောင်းဆိုလာသည့်KNPPအပေါ် အစာမကြေဖြစ်နေခဲ့သည်။ ထို့နောက် ၂၀၁၅ ခုနှစ် မေလအတွင်း ရှားတောမြို့နယ်ရှိ ကျေးရွာများသို့ နိုင်ငံရေးအရ စည်းရုံးရေးဆင်းလာသည့် ပါတီအရာရှိများကို အင်အား ၂၀ဝခန့်ရှိKNPPတပ်ဖွဲ့ဝင်များက လုံခြုံရေးယာဉ်တန်းဖြင့် လိုက်ပါစောင့်ရှောက်ခဲ့သဖြင့် လိပ်ခဲတည်းလည်းအခြေအနေ ပေါ်ပေါက်လာခဲ့သည်။ ကယားပြည်နယ်အစိုးရနှင့် တပ်မတော်နှစ်ရပ်စလုံးက ဆန့်ကျင်ကန့်ကွက်လာခဲ့ပြီး KNPPတပ်ဖွဲ့ဝင်များအားပြန်လည်ရုပ်သိမ်းပြီးမှသာအခြေအနေပြန်လည် တည်ငြိမ်အေးချမ်းလာခဲ့သည်။[၄၆]

ရလဒ်အနေဖြင့် KNPP အပစ်အခတ်ရပ်စဲရေးနှင့် ပတ်သက်၍အစောပိုင်း၌ မျှော်လင့်ချက်ကြီးမားခဲ့ကြသည့် လူထုလူတန်းစားများအကြား စိတ်ပျက်လက်ပျက်ဖြင့် ထွက်ပေါက်ကင်းမဲ့သွားသည့် ခံစားချက်မျိုး ကြီးထွားလာခဲ့သည်။ အဓိကကျသည့် အရေးကိစ္စများနှင့် ပတ်သက်၍ တိုးတက်ပြောင်းလဲမှု နှေးကွေးလွန်းသဖြင့် စိတ်ပျက်လက်ပျက်ဖြစ်မှုများကလည်း တစ်စိတ်တစ်ပိုင်း ပါဝင်ခဲ့သည်။ IDPs နှင့် စစ်ဘေးဒုက္ခသည်များ နယ်စပ်တစ်လွှားသောင်တင်နေဆဲဖြစ်သော်လည်း နယ်ခံလူထုလူတန်းစားများကို အကျိုးပြုမှုနည်းပါးလွန်းလှသည့် ပြင်ပအကျိုးစီးပွားများနှင့် ရင်းနှီးမြှုပ်နှံသူများက ၎င်းတို့၏မူရင်းရပ်ရွာဒေသများသို့ အလုပ်အယက်ဝင်ရောက် နေရာယူလျက်ရှိသည် (အခန်း ၇ နှင့် ၈ ကိုကြည့်ပါ)။ တစ်ဖက်တွင်လည်း KNPP သည် အမျိုးသားဇာတ်ခုံပေါ်ရှိ နိုင်ငံရေးအပြောင်းအလဲများကို ရင်တမမဖြင့် စိုးရိမ်တကြီးစောင့်ကြည့်နေခဲ့ရသည်။ အထူးသဖြင့် သမ္မတဦးသိန်းစိန် စတင်အာဏာရလာခဲ့သည့် ၂၀၁၁-၂၀၁၂ ဝန်းကျင်၌ စတင်ဖြစ်ပွားလာခဲ့သည့် နိုင်ငံ၏ မြောက်ဖျားဒေသများဆီမှ တိုင်းရင်းသားအခြေပြု နိုင်ငံရေးရေခံမြေခံ၌ အကွဲအပြဲသစ်များ ပိုစိပ်လာသည့်ကိစ္စရပ်များက ကရင်နီခေါင်းဆောင်များကို အထူးသတိပေး တပ်လှန့်သံပေးလာခဲ့သည်။ ဦးသိန်းစိန်အစိုးရသည်အရှေ့တောင်ပိုင်းဒေသရှိ KNPP နှင့် KNU ကဲ့သို့သော EAO များနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်များကိုချုပ်ဆိုနေခဲ့သော်လည်း နောက်ပိုင်းနှစ်များ၌ ကချင်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသများ၌တစ်ကျော့ပြန်တိုက်ပွဲများသို့မဟုတ်စစ်မီးများ ကူးစက်တောက်လောင်လာခဲ့ခြင်းကြောင့်ဖြစ်သည်။[၄၇]

KNPPခေါင်းဆောင်များအကဲပိုလွန်းသည်ဟုဆိုရပါကလည်း အဆိုပါနယ်မြေ အများအပြားကိုယ်၌ ယခင် 'နဝတ-နအဖ' အစိုးရအောက်တွင် "စံပြ" အပစ်အခတ်ရပ်စဲရေးဒေသများအဖြစ် မျက်နှာသာပေးခံခဲ့ရသည့် နယ်မြေဒေသများ ဖြစ်နေပြန်သည်။ အတိတ်သမိုင်းကိုလည် ပြန်ကြည့်မိစေသည့် ဤအခင်းအကျင်းက ကရင်နီခေါင်းဆောင်များနှင့်အခြားတိုင်းရင်းသားခေါင်းဆောင်များအား အစိုးရကပေးသည့် ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲရေး ကတိကဝတ်များအပေါ် ယုံယုံကြည်ကြည်ဖြင့်စိတ်ဒုံးဒုံးချပါဝင်လာအောင် မစွမ်းဆောင်နိုင်ခဲ့ပေ။ အစိုးရ၏ ရည်မှန်းချက်သည် တစ်နိုင်ငံလုံးအတိုင်းအတာ

ငြိမ်းချမ်းရေးဖြစ်ခဲ့ရိုးမှန်လျှင် တပ်မတော်အနေဖြင့် ယခင်က အပစ်အခတ်ရပ်စဲထားပြီးဖြစ်သည့် အဖွဲ့များအား အဘယ်ကြောင့် ထိုးစစ်ဆင်တိုက်ခိုက်မှုအသစ်များ ပြုလုပ်နေသနည်းဟု မေးခွန်းထုတ်ရတော့မည်ဖြစ်သည်။ အဖက်ဖက်မှယိုယွင်းလာနေသည့် ကရင်နီအခင်းအကျင်းကြောင့် နောက်ထပ်ပစ်မှတ်ထား တိုက်ခိုက်ခံရမည့် သားကောင်သည် KNPP ဖြစ်လာမည်ကို စိုးရိမ်ပူပန်မှုများမြင့်တက်လာခဲ့သည်။

တစ်နိုင်ငံလုံး၏ အရေးဖြစ်သည်ဟု လွှမ်းခြုံရှုမြင်ထားသဖြင့် ဦးသိန်းစိန်၏သမ္မတသက်တမ်းကာလအတွင်း တစ်နိုင်ငံလုံး အတိုင်းအတာ အပစ်အခတ်ရပ်စဲရေးကို အသက်သွင်းနိုင်ရန် ကြိုးပမ်းအားထုတ်ရာ၌ KNPP ခေါင်းဆောင်များ ဦးစီးခေါင်းဆောင်နေရာမှ အားကြိုးမာန်တက်ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ KNPP အနေဖြင့် ၂၀၁၂ ခုနှစ်သဘောတူညီချက်ရရှိထားသည်မှန်သော်ငြားလည်း အနာဂတ်ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ ပေါ်ထွန်းလာမည်ဟု ကံသေကံမတွက်ဆ၍ မရနိုင်တော့ပေ။ ယနေ့ ၂၀၁၈ ခုနှစ်အထိ ဆက်ရွေ့နေဆဲဖြစ်သည့် တစ်နိုင်ငံလုံးအတိုင်းအတာ ငြိမ်းချမ်းရေး ဖော်ဆောင်သွားနိုင်ရန် ရည်မှန်းထားသည့် ကြိုးပမ်းအားထုတ်မှုတစ်ရပ် ပေါ်ပေါက်လာခဲ့သည်။ ဆယ်စုနှစ်ပေါင်းများစွာ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားလာခဲ့ပြီးနောက် အမျိုးသားအဆင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အကျိုးရလဒ်များသည်သာလျှင် KNPP အပစ်အခတ်ရပ်စဲရေး၏ အဆုံးစွန်အောင်မြင်မှုသို့မဟုတ် ကျရှုံးမှုကို အဆုံးအဖြတ်ပေးသွားလိမ့်မည်ဟူသည့်အမြင်မျိုး တွင်ကျယ်ပျံ့နှံ့လာခဲ့သည်။ ၁၉၄၈ ခုနှစ်လွတ်လပ်ရေးရပြီးနောက်ပိုင်း တက်လာသည့် အစိုးရအဆက်ဆက်၏ အုပ်ချုပ်မှုအောက်ရှိ ကယားပြည်နယ်၏ နိုင်ငံရေးအခင်းအကျင်းကို နိုင်ငံ၏ အခြားနယ်မြေဒေသများ၌ ဖြစ်ပွားလျက်ရှိသည့် အရေးကိစ္စများနှင့် သီးခြားခွဲထုတ်၍ မရနိုင်ပေ။

## ၂၀၁၅ ခုနှစ် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)

အမျိုးသားအဆင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုကို ထောက်ခံအားပေးသည့်အနေဖြင့် KNPP သည် ဤနှစ်များအတွင်း ပြည်တွင်းနိုင်ငံရေးလုပ်ငန်းစဉ် အများအပြား၌ ပါဝင်ဆောင်ရွက်လာခဲ့သည်။ ၁၉၇၆ ခုနှစ် အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (NDF) ကိုပူးတွဲတည်ထောင်သူနေရာမှ ပါဝင်ခဲ့သလို ဦးသိန်းစိန်အစိုးရနှင့် တွေ့ဆုံဆွေးနွေးရာ၌



လွိုင်ကော်မြို့၌ အစိုးရကိုယ်စားလှယ်များနှင့် ငြိမ်းချမ်းရေးဆွေးနွေးနေသည့် KNPP ခေါင်းဆောင်များ (KT)

အပစ်ရပ်အဖွဲ့အစည်းနှင့် အပစ်မရပ်ရသေးသည့် အဖွဲ့အစည်းနှစ်ဖက်စလုံးကို ကိုယ်စားပြုသည့် ပေါင်းစည်းမှု ပုံစံသစ်တစ်ခုအဖြစ် ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဖွဲ့စည်းတည်ထောင်ခဲ့သည့် စည်းလုံးညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) တည်ထောင်ရာတွင်လည်း ဦးဆောင်ပါဝင်ခဲ့သည့် အဖွဲ့အစည်းတစ်ရပ် ဖြစ်ခဲ့သည် ("စည်းလုံးညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ" စာကွက်ကို ကြည့်ပါ)။ UNFC ၌ အပစ်အခတ်ရပ်စဲထားခြင်းမရှိသည့် EAOs (အထူးသဖြင့် KNPP နှင့် KNU) များနှင့် BGF အမိန့်ကိုငြင်းဆန်ခဲ့ကြသည့် အပစ်ရပ်အဖွဲ့များ (KIO၊ NMSP နှင့် SSA/SSPP) လည်း ပါဝင်ခဲ့ကြသည်။ UNFC အားဖြင့် မြန်မာနိုင်ငံကို ဖက်ဒရယ် ပြည်ထောင်စုတစ်ရပ်အဖြစ် ဖွဲ့စည်းတည်ထောင်သွားရန် ရည်မှန်းထားကြခြင်းဖြစ်သည်။ KNPP ၏ လက်ရှိဒုဥက္ကဋ္ဌ ခူဦးရယ်သည် UNFC ၏ အထွေထွေအတွင်းရေးမှူးချုပ်နှင့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ (DPN)၏ခေါင်းဆောင်ဖြစ်လာခဲ့သည်။ "ကျနော်တို့က တရားသေသမားတွေ မဟုတ်ကြပါဘူး။ ကျနော်တို့က ငြိမ်းချမ်းရေးကို အလိုလားဆုံးသူတွေပါ" ဟု ၂၀၁၅ ခုနှစ် တွေ့ဆုံမေးမြန်းမှုတစ်ခု၌ ဖြေကြားသွားခဲ့သည်။[68]

သမ္မတဦးသိန်းစိန်၏သက်တမ်းပထမနှစ်အတွင်း အလျှိုလျှိုပေါ်ပေါက်လာခဲ့ကြသည့် အစောပိုင်း အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များက ကရင်နီခေါင်းဆောင်များကို စိတ်အားတက်ကြွလာစေခဲ့သည်။ သို့သော်လည်း များမကြာမီမှာပင် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှု စတင်ဆောင်ရွက်ရန် နှောင့်နှေးကြန့်ကြာနေသည့် အစိုးရအပေါ် တိုင်းရင်းသားအခြေပြု အင်အားစုများ ဝေဖန်ထောက်ပြလာသည့်နောက်ပိုင်း အရှိန်သေ၍ နှေးကွေးလေးလံသွားတော့သည်။ ငြိမ်းချမ်းရေးအရွေ့ ပြန်လည်အရှိန်ရလာစေရန်ကြိုးပမ်းသည့်အနေဖြင့် ဦးသိန်းစိန်အစိုးရသည် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ အားလုံးကို တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးကြရန် ဖိတ်ခေါ်ခဲ့သည့် မဟာဗျူဟာတစ်ရပ်ကို ပြန်၍ အသက်သွင်းလာခဲ့သည်။ အားလုံးသဘောတူ လက်မှတ်ရေးထိုးပြီးမှသာလျှင် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုကို စတင်ဆောင်ရွက်နိုင်မည်ဟု အစိုးရဖက်က ပြန်လည်တုန့်ပြန်ခဲ့သည်။

အပေါ်ယံကြည့်မည်ဆိုပါက ဤအဆိုပြုချက်ကို အငြင်းပွားဖွယ်ရာ မရှိသကဲ့သို့ ထင်မြင်ယူဆနိုင်သည်။ မူအားဖြင့် KNPP နှင့် အခြား EAO များသည် အမြဲတမ်းလိုလို နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှုမပြုမီ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရန် ဦးစွာလိုအပ်သည်ဟု ပြောဆိုနေခဲ့ကြသည်။ သို့သော်လည်း ဦးသိန်းစိန်အစိုးရ၏ "တစ်နိုင်ငံလုံး အတိုင်းအတာ" မဟာဗျူဟာကို ဖော်ဆောင်ရာ၌ လက်သင့်ရာစားတော်ခေါ်သည့် အပြုအမူသည် အချိန်တိုအတွင်း ပြဿနာရင်းမြစ်တစ်ခု ဖြစ်လာခဲ့သည်။ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုကိုအထောက်အကူပြုရမည့်အစား NCA လုပ်ငန်းစဉ်သည် ပြည်တွင်းငြိမ်းချမ်းရေးကို နောက်ပြန်လှန်သွားစေမည့် နည်းပညာပိုင်းဆိုင်ရာ အခက်အခဲများကိုသာ ရှေ့တန်းတင်လာခဲ့သည်။[69]

NCA ၏ တစ်နိုင်ငံလုံးအတိုင်းအတာ လွှမ်းခြုံနိုင်မှု မရှိဘဲ ကျရှုံးခဲ့ရသည့် အကြောင်းရင်းအပေါ် အငြင်းပွားနေကြဆဲဖြစ်သည်။ ဝိရောဓိဖြစ်ခဲ့ရသည့် ကိစ္စရပ်များ၌ စီးပွားရေးဆိုင်ရာ အကျိုးစီးပွားသည်လည်း အကြောင်းရင်းတစ်ခုဖြစ်နေခဲ့သည်။ အာဏာရလာခဲ့သည့် အစောပိုင်းကာလ၌ ကချင်ပြည်နယ်တွင် တည်ဆောက်မည့် မြစ်ဆုံရေကာတာကို ဆိုင်းငံ့ခဲ့ခြင်းက ဦးသိန်းစိန်ကို ချီးကျူးထောက်ခံမှု အများအပြားရရှိစေခဲ့သည်။ သို့သော်လည်း နောက်ဆက်တွဲအနေဖြင့် ဦးသိန်းစိန်လက်ထက် အပစ်အခတ်ရပ်စဲရေး လုပ်ငန်းများသည် နိုင်ငံ၏ သမိုင်းတစ်လျှောက် အရှိန်အဟုန်အမြင့်ဆုံး မြေယာလုယူမှုနှင့် သယံဇာတအရင်းအမြစ် ခေါင်းပုံဖြတ်အမြတ်ထုတ်မှုများကိုပါ တစ်ပါတည်း ဆောင်ကျဉ်းလာခဲ့သည်။[70] ကယားပြည်နယ်၌ဖြစ်စေ၊ အခြားပြည်နယ်ဒေသတစ်ခုခု၌ဖြစ်စေ မှီတင်းနေထိုင်လျက်ရှိသည့် နယ်ခံလူထုလူတန်းစားများအား နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို မည်သည့် ဦးတည်ချက်ဖြင့် ချဉ်းကပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မည်သည့်အခါကမျှအရေးတယူ ဆွေးနွေးတိုင်ပင်မှု မရှိခဲ့ကြပေ။ ရလဒ်အနေဖြင့် အရပ်ဖက်လူ့အဖွဲ့အစည်းများသည် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုနှင့် တစ်နိုင်ငံလုံးအတိုင်းအတာ ငြိမ်းချမ်းရေးမရရှိမီစပ်ကြား ရင်းနှီးမြှုပ်နှံမှုသစ်များ ထပ်မံချထားပေးခြင်းမပြုဘဲ ဆိုင်းငံ့ထားပေးရန် တောင်းဆိုလာခဲ့သည်။[71]

## စည်းလုံးညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC)

ဦးသိန်းစိန်အစိုးရတက်လာပြီး မကြာမီ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလအတွင်း မြန်မာနိုင်ငံကို ဖက်ဒရယ်ပြည်ထောင်စုတစ်ရပ်အဖြစ် ဖွဲ့စည်းတည်ထောင်နိုင်စေရန် ကြိုးပမ်းသွားမည့် UNFC ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ အပစ်ရပ်ထားသည့် အဖွဲ့အစည်းများနှင့် မရပ်ရသေးသည့်အဖွဲ့အစည်းများအားလုံး ပူးပေါင်းပါဝင်ခဲ့ကြပြီး နောက်ပိုင်းနှစ်များ၌ အလျှိုလျှိုပြန်လည် ထွက်ခွာသွားခဲ့ကြသည်။ ဤစာကွက်၌ ၂၀၁၈ ဧပြီလအထိ ၎င်းတို့၏ အပစ်အခတ်ရပ်စဲရေးအခြေအနေနှင့် UNFC အဖွဲ့ဝင်အနေအထားကို စာရင်းပြုစုဖော်ပြထားခြင်းဖြစ်သည်။*

**အပစ်အခတ်ရပ်စဲထားသည့် EAO များ**

ချင်းအမျိုးသားတပ်ဦး (၂၀၁၅ ခုနှစ်၌ ဆိုင်းငံ့ထားခဲ့ပြီး ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ၌ ပြန်လည်ပါဝင်လာခဲ့)
ကရင်အမျိုးသားအစည်းအရုံး (၂၀၁၄ ခုနှစ်၌ မိမိဖာသာ ဆိုင်းငံ့ခဲ့)
ကရင်နီအမျိုးသားတိုးတက်ရေးပါတီ
လားဟူဒီမိုကရေစီအစည်းအရုံး
မွန်ပြည်သစ်ပါတီ
ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့အစည်း (၂၀၁၅ ခုနှစ်၌ ဆိုင်းငံ့ခဲ့)
သျှမ်းပြည်တပ်မတော်/သျှမ်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးပါတီ (၂၀၁၇ ၌ နှုတ်ထွက်သွားခဲ့)**

**အပစ်အခတ်ရပ်စဲထားခြင်းမရှိသည့် EAO များ**

ရက္ခိုင်အမျိုးသားကောင်စီ
ကချင်လွတ်လပ်ရေးအဖွဲ့အစည်း (၂၀၁၇ ခုနှစ်၌ နှုတ်ထွက်သွားခဲ့)
ကချင်အမျိုးသားအဖွဲ့အစည်း (UNFC သို့ KIO နှင့်အတူ မရှေးမနှောင်းပါဝင်လာခဲ့)***
မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (၂၀၁၇ ခုနှစ်၌ နှုတ်ထွက်သွားခဲ့)
တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (၂၀၁၇ ခုနှစ် နှုတ်ထွက်သွားခဲ့)
'ဝ'အမျိုးသားအဖွဲ့အစည်း (၂၀၁၇ ခုနှစ်၌ နှုတ်ထွက်သွားခဲ့)

* ရက္ခိုင့်တပ်မတော်သည် မိတ်ဖက်အဖွဲ့ဝင်ဖြစ်လာခဲ့သော်လည်း တရားဝင်ပူးပေါင်းခဲ့ခြင်းမရှိပါ။
** SSA/SSPP ၏ နှုတ်ထွက်မှုသည် လာမည့် UNFC ညီလာခံကျမှသာ တရားဝင်အသက်ဝင်မည်ဖြစ်သည်။
*** လာမည့် UNFC ညီလာခံ၌ ပြန်လည်ပါဝင်လာနိုင်သည်။

ဦးသိန်းစိန်၏ NCA လုပ်ငန်းစဉ်ကို နှေးကွေးသွားစေသည့်အဓိကအကြောင်းရင်းသည်နိုင်ငံ၏အရှေ့မြောက်နှင့် အရှေ့တောင်ပိုင်းဒေသများရှိ နယ်မြေဒေသအများအပြားသို့ လက်နက်ကိုင်ပဋိပက္ခများကို ပြန်လည်ဆောင်ကျဉ်းလာခဲ့သည့် တပ်မတော်နှင့် များစွာဆက်စပ်လျက်ရှိသည်။ ၂၀၁၁ ခုနှစ် ဇွန်လ၌ KIO နှင့်ချုပ်ဆိုထားခဲ့သည့် ၁၇ နှစ်တာအပစ်အခတ်ရပ်စဲရေးကိုတပ်မတော်ဖက်ကစတင်ချိုးဖောက်ခဲ့သဖြင့် ပထမဦးဆုံးမီးပွား စတင်လွင့်စင်လာခဲ့ပြီးကြားဝင်ဖျန်ဖြေရန်ကြိုးပမ်းမှုများရှိခဲ့သော်လည်းအရာမထင်ခဲ့ဘဲ ၂၀၁၂ ခုနှစ်အတွင်း ပိုမိုပြင်းထန်ကျယ်ပြန့်လာခဲ့ပြီးနောက် အစုလိုက်အပြုံလိုက် နေရပ်စွန့်ခွာစစ်ဘေးတိမ်းရှောင်မှုများ ပေါ်ပေါက်လာတော့သည်။[၅၂] တိုက်ပွဲများပျံ့နှံ့လာသည်နှင့်အမျှ တပ်မတော်သည် SSA/SSPP သာမက သျှမ်းပြည်တပ်မတော်/သျှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီတို့၏ တပ်စခန်းများကိုပါ တိုက်ခိုက်လာခဲ့ပြီး အခြားအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များကိုပါ ချိုး

ဖောက်ခဲ့သည်။ ၂၀၁၅ ခုနှစ်အရောက်တွင် အပစ်အခတ်ရပ်စဲထားခြင်း မရှိသေးသည့် မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (MNDAA) နှင့် တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) တို့၏ လှုပ်ရှားနယ်မြေများသို့တိုင် စစ်မီးများကူးစက်သွားခဲ့သည်။ ထိုအချိန်က KIO၊ MNDAA၊ SSA/SSPP နှင့် TNLA တို့အားလုံးသည် KNPP ၏ UNFC မဟာမိတ်အဖွဲ့များ ဖြစ်နေခဲ့သည်။

၂၀၁၂ ခုနှစ်မှစ၍ ရခိုင်ပြည်နယ်တွင်ပါ လက်နက်ကိုင်ပဋိပက္ခနှင့် နေရပ်စွန့်ခွာ စစ်ဘေးတိမ်းရှောင်မှုများ စတင် ဖြစ်ပွားလာခဲ့သည်။[53] အစောပိုင်း၌ တင်းမာမှုသည် ဗုဒ္ဓဘာသာဝင် လူများစုရခိုင်များနှင့် မိမိတို့ကိုယ်မိမိတို့ ရိုဟင်ဂျာလူမျိုးအဖြစ် ခံယူထားကြသည့် မွတ်စလင်ဘာသာဝင်များအကြား အဓိကဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ဦးသိန်းစိန်၏ သမ္မတသက်တမ်းအတွင်း UNFC ၏ မိတ်ဖက်အဖွဲ့ဝင်ဖြစ်သည့် ရက္ခိုင့်တပ်မတော်သည် မိမိတို့၏စစ်ဆင်ရေးလုပ်ငန်းများကို မြန်မာနိုင်ငံ အရှေ့မြောက်ပိုင်းဒေသမှ ရခိုင်ပြည်နယ် နယ်စပ်ဒေသများထိ တိုးချဲ့ဖော်ဆောင်လာခဲ့ခြင်းကလည်းပြည်နယ်တွင်းအုံကြွမှုနှင့်မငြိမ်မသက်ဖြစ်မှုကို ထပ်လောင်းအား ဖြည့်ပေးခဲ့သည်။[54] အစိုးရသော်လည်းကောင်း အတိုက်အခံအင်အားစုများသော်လည်းကောင်း ထူးခြားဖြစ်စဉ်များ၏ လားရာဦးတည်ချက်ကို ထိန်းချုပ်နိုင်စွမ်းရှိပုံ မပေါ်ခဲ့ပေ။

တစ်ဆို့နေသည့် အခြေအနေကို ချိုးဖျက်ကျော်လွှားမည့် ခြေလှမ်းတစ်ရပ်အဖြစ် ၂၀၁၃ ခုနှစ် နိုဝင်ဘာလအတွင်း KNPP နှင့် အခြား EAO ၁၅ ဖွဲ့ကို ကိုယ်စားပြုသည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ညှိနှိုင်းဆွေးနွေးမှုအဖွဲ့ (NCCT) ကို KIO ၏ ဌာနချုပ်ဖြစ်သည့် တရုတ်နယ်စပ်ဒေသရှိ လိုင်ဇာမြို့၌ ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ထို့နောက် အသစ်ဖွဲ့စည်းလိုက်သည် ကိုယ်စားလှယ်အဖွဲ့သည် အစိုးရကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆွေးနွေးရန် မြစ်ကြီးနားမြို့သို့ဆက်လက်ထွက်ခွာသွားခဲ့သည်။ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ပါဝင်ခဲ့ကြသူများ၌ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဗီဂျေနမ်ဘီးယားနှင့် အာရှဒေသဆိုင်ရာ တရုတ်အထူးကိုယ်စားလှယ် ဝမ်ယိန်းဖန်တို့ ပါဝင်ခဲ့သည်။[55] EAO အားလုံး NCCT ၌ အဖွဲ့ဝင်ခဲ့သည်တော့ မဟုတ်ပေ။ အထူးသဖြင့် အင်အားအတောင့်တင်းဆုံးဖြစ်သည့် 'ဝ' ပြည်သွေးစည်းညီညွတ်ရေး တပ်မတော်ပါဝင်ခဲ့ခြင်း မရှိပေ။ သို့သော်လည်း ဤအရွှေ့ကြောင့် UWSA အပါအဝင် စုစုပေါင်း ၂၁ ဖွဲ့ရှိသည့် EAO များကို ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း မဖြစ်မနေ ထည့်သွင်းပါဝင်စေသင့်သည့် ပဋိပက္ခဇာတ်ကောင်များအဖြစ် ကျယ်ကျယ်ပြန့်ပြန့် အသိအမှတ်ပြုလာကြခြင်းဖြစ်သည် (အခန်း ၄ ပါ "တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့ အစည်းများ–၂၀၁၈ ဧပြီလ" စာကွက်ကို ကြည့်ပါ)။ နောက်ဆက်တွဲရလဒ်အနေဖြင့် KNPP ဥက္ကဋ္ဌနှင့် UNFC ဒု-ဥက္ကဋ္ဌဖြစ်သည့် အေဘယ်တွိဒ်သည် အင်းလျားကန်စပ်နားရှိ ၎င်း၏နေအိမ်၌ NLD ခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နှင့်ပါ တွေ့ဆုံဆွေးနွေးခဲ့သည့် UNFC ကိုယ်စားလှယ်အဖွဲ့နှင့် ရန်ကုန်မြို့သို့ လိုက်ပါသွားခဲ့သည်။[56] တစ်နိုင်ငံလုံးအတိုင်းအတာ ငြိမ်းချမ်းရေးသဘောတူညီချက် ရရှိလာတော့မည်ဟူသည့် မျှော်လင့်ချက်များ ကယားပြည်နယ်အတွင်း စတင်ကြီးထွားလာခဲ့ပြန်သည်။

ထို့နောက် NCCT၊ တပ်မတော်နှင့် အစိုးရကိုယ်စားလှယ်များအကြား အကြိတ်အနယ် ညှိနှိုင်းဆွေးနွေးမှုများ ဆက်တိုက်ဖြစ်ပေါ်လာခဲ့ပြီး ၂၀၁၅ ခုနှစ်၊ မတ်လ NCA စာတမ်းမူကြမ်းဆီသို့ ဦးတည်ခေါ်ဆောင်သွားခဲ့သည်။ အခန်း ၇ ခန်းနှင့် ပြဋ္ဌာန်းချက်ပေါင်း ၃၃ ချက်ပါဝင်သည့် NCA သည် လွှတ်တော်တွင်းပြုပြင်ပြောင်းလဲရေးနှင့် တိုင်းရင်းသားငြိမ်းချမ်းရေးကို ဦးတည်သည့် နိုင်ငံရေးသဘောတူညီချက်များ ရရှိလာစေမည့် လမ်းပြမြေပုံတစ်ရပ် ရေးဆွဲပြင်ဆင်ရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။ တပ်မတော်၏ "ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး" ဟူသည့် "ဒို့တာဝန်အရေးသုံးပါး" ကိုပါ အာမခံချက်ပေးထားခဲ့သည်။ ထို့အပြင် တိုင်းရင်းသားလူမျိုးများ၏ လိုလားတောင်းဆိုချက်များကိုလည်း အသိအမှတ်ပြုပေးထားသည်။ ယင်းတို့၌ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှု၊ ဖက်ဒရယ်ပြည်ထောင်စုတစ်ရပ် တည်ဆောက်ရေးနှင့် လက်မှတ်ရေးထိုးထားပြီးဖြစ်သည့် အဖွဲ့အစည်းများကို "မတရားအသင်းများ" စာရင်းမှ ပယ်ဖျက်ပေးရေး စသည့်ပြဋ္ဌာန်းချက်များ ပါဝင်နေခဲ့သည်။[57]

ခဏတာမျှ တစ်နိုင်ငံလုံးအတိုင်းအတာ တစ်ဆစ်ချိုးကွေ့သို့ ရောက်ရှိသွားသကဲ့သို့ အထင်ရောက်ခဲ့ကြသည်။



ရှားတောမြို့နယ်ရှိ ကယားရွာသူရွာသားများ (TK)

သို့သော်လည်း အချောသတ်စာတမ်းအပေါ် သက်ဆိုင်ရာ အင်အားစုများ၏ ထောက်ခံအတည်ပြုချက် မရရှိနိုင်ခဲ့ပေ။ တပ်မတော်ဖက်မှ MNDAA၊ TNLA နှင့် AA တို့အပြင် အင်အားသေးငယ်သည့် အခြား UNFC အဖွဲ့ဝင်သုံးဖွဲ့ကိုပါ NCA လုပ်ငန်းစဉ်၌ ပါဝင်ဆောင်ရွက်ခွင့်မပြုနိုင်ဟု တင်းခံလာသည့်ကိစ္စရပ်သည်လည်း အလားတူ ပြဿနာဖြစ်လာခဲ့သည်။[၅၈] ဤအချက်သည် KNPP အပါအဝင် ၎င်း၏ UNFC မဟာမိတ်များဖြစ်ကြသည့် KIO၊ NMSP နှင့် SSA/SSPP ကဲ့သို့သော EAO အများစုအတွက် လက်သင့်မခံနိုင်သည့် ကိစ္စရပ်တစ်ခုဖြစ်လာခဲ့သည်။[၅၉]

အဖက်ဖက်မှ တွန့်ဆုတ်နေကြစဉ် UWSA သည် ၂၀၁၅ ခုနှစ်၊ မေလအတွင်း တရုတ်နယ်စပ်ရှိ ၎င်းတို့၏ ဌာနချုပ် ပန်ဆန်းမြို့၌ KNPP အပါအဝင် EAO ၁၂ ဖွဲ့နှင့် ညီလာခံခေါ်ယူကျင်းပခဲ့သည်။ တွေ့ဆုံစည်းဝေးမှုအပြီး၌ NCA အတွင်း EAO များအားလုံးကို ထည့်သွင်းပါဝင်စေရန်၊ NCA လက်မှတ်မထိုးမီ တိုက်ပွဲများအားလုံးကို အဆုံးသတ်ရန်နှင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်သွားရန်တိုက်တွန်းသည့် ကြေညာချက်တစ်ခုကို ထုတ်ပြန်ခဲ့သည်။[၆၀] နောက်လ၌ KNPP သည် KNU ထိန်းချုပ်နယ်မြေဖြစ်သည့် လော်ခီးလာ၌ ခေါ်ယူကျင်းပခဲ့သည့် နောက်ထပ် EAO အစည်းအဝေးတစ်ခုကို ဆက်လက်တက်ရောက်ခဲ့သည်။ ဤအစည်းအဝေး၌ NCA မူကြမ်းကို ပြင်ဆင်မှုများ ပြုလုပ်ရန်နှင့် NCCT အဖွဲ့ဝင် ၁၆ ဖွဲ့စလုံး ပါဝင်ပြီးမှသာလျှင် NCA လက်မှတ်ရေးထိုးသွားရန် သဘောတူဆုံးဖြတ်ခဲ့ကြသည်။ KNPP ၏ NCCT ညှိနှိုင်းဆွေးနွေးရေးတာဝန်ခံ ရွှေမျိုးသန့်က "ကျနော်တို့ အနေနဲ့ အတုအယောင်မဟုတ်ဘဲ တကယ်စစ်မှန်တဲ့ ငြိမ်းချမ်းရေးကို လိုလားနေကြတာပါ" ဟု သတိထားဖြေဆိုသွားခဲ့သည်။

> "စစ်မှန်တဲ့ ငြိမ်းချမ်းရေး တည်ဆောက်နိုင်ဖို့ဆိုရင် အစိုးရနဲ့ တပ်မတော်ဖက်က တကယ်ကို စိတ်ရင်းအမှန်နဲ့ တိုက်ပွဲတွေကိုရပ်ဖို့ လိုလားနေကြတယ် ဆိုတာကို ကျနော်တို့ဖက်က ယုံကြည်စိတ်ချမှုရှိအောင် ဆောင်ရွက်ပေးဖို့လိုတယ်။ ထွက်ပေါက်အနေနဲ့ ဒီ တစ်နည်းပဲရှိတော့တယ်။ ဘာကြောင့်လဲဆိုတော့ တစ်ဖက်မှာနိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုတွေလုပ်နေပေမယ့် အခြားတစ်ဖက်မှာကျတော့ တပ်မတော်က စစ်ဆင်ရေးလုပ်ငန်းတွေ ဆက်လုပ်နေခဲ့တယ်။ ဆိုတော့ အတော်လေးကို အဓိပ္ပာယ်မဲ့တဲ့ ကိစ္စဖြစ်နေတယ်။ ဒါက စစ်မှန်တဲ့ ငြိမ်းချမ်းရေး မရနိုင်အောင် လုပ်နေတာပဲ။"[၆၁]

ဦးသိန်းစိန်၏ သမ္မတသက်တမ်း ကုန်ဆုံးချိန်နီးကပ်လာသည်နှင့်အမျှ အစိုးရသည်လည်း ဆက်လက်မစောင့်ဆိုင်းနိုင်တော့သဖြင့် "တစ်ဝက်တစ်ပျက်" NCA လက်မှတ်ထိုးပွဲကို အပူတပြင်း စီစဉ်ဆောင်ရွက်လာခဲ့သည်။ အစိုးရလက်အောက်ခံမြန်မာငြိမ်းချမ်းရေးစင်တာ၏အောင်နိုင်ဦးက "တစ်ယောက်မှ လက်မှတ်မထိုးတာထက်စာရင် တစ်ဝက်လက်မှတ်ထိုးတာက ပိုကောင်းတာပေါ့" ဟု ပြောဆိုခဲ့သည်။[၆၂] ဤသို့သော နောက်ခံအခြေအနေမျိုးရှိနေသည့်ကြားက အောက်တိုဘာလ ၁၅ ရက်နေ့တွင် လက်နက်ကိုင်အဖွဲ့အစည်း (၈) ဖွဲ့နှင့် အစိုးရနှင့် တပ်မတော်တို့အကြား NCA သဘောတူလက်မှတ်ရေးထိုးသည့်ပွဲကို နေပြည်တော်၌ ကြီးကျယ်ခမ်းနားစွာ စီစဉ်ကျင်းပခဲ့ကြသည်။[၆၃] KNPP နှင့် EAO အများစုသည် လက်မှတ်ရေးထိုးမည့် ရှစ်ဖွဲ့၌ပါဝင်ခြင်းမရှိဘဲ ရှောင်လွှဲခဲ့ကြသဖြင့် လက်မှတ်ထိုးကြသူများအနက် KNU နှင့် SSA/RCSS နှစ်ဖွဲ့သည်သာလျှင် ပြောပလောက်သည့် နိုင်ငံရေးနှင့် စစ်ရေးအင်အားရှိခဲ့ကြသည်။ လက်မှတ်ထိုးခဲ့ကြသည့် အဖွဲ့သုံးဖွဲ့သည် ခွဲထွက်အဖွဲ့ငယ်များသာဖြစ်ကြပြီး အခြားတစ်ဖွဲ့ဖြစ်သည့် ဗမာနိုင်ငံလုံးဆိုင်ရာ ဒီမိုကရေစီကျောင်းသား တပ်မတော် (ABSDF)သည် တိုင်းရင်းသားအခြေပြုလက်နက်ကိုင်အဖွဲ့အစည်းမဟုတ်ခဲ့ပေ (အခန်း ၄ ပါ "တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ – ၂၀၁၈ ဧပြီလ" ဇယားကို ကြည့်ပါ)။[၆၄]

ရည်ရွယ်ချက်ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ မပြည့်စုံသေးသည့် NCA ကို ဖုတ်ပူမီးတိုက် သဘောတူလက်မှတ်ရေးထိုးခဲ့ခြင်းသည် နောက်ပိုင်း ၂ နှစ်ကျော်သည်အထိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် အကြီးအကျယ်သဘောထားကွဲလွဲစေသည့် အကျိုးသက်ရောက်မှုကို ဆောင်ကျဉ်းလာခဲ့သည်။ သဘောတူလက်မှတ်ရေးထိုးခဲ့ခြင်းက EAO များကို လက်မှတ်ရေးထိုးပြီးအဖွဲ့များနှင့် လက်မှတ်ရေးထိုးရခြင်း မရှိသေးသည့် အဖွဲ့များဟူ၍ နှစ်ခြမ်းကွဲသွားစေခဲ့သည်။ NCA ကို ကာကွယ်သည့်အနေဖြင့် ဦးသိန်းစိန်ကိုလိုလားထောက်ခံသူများက ၎င်းတို့သည် တပ်မတော်၏ကတိကဝတ်ကို ဆက်လက်ထိန်းသိမ်းသည့် နည်းလမ်းတစ်ရပ်အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ ထင်သာမြင်သာရှိသည့် အကျိုးရလဒ်ကို ပြသလိုသဖြင့် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်ဟု ရှင်းလင်းပြောဆိုခဲ့သည်။ ဆန့်ကျင်ဖက်အနေဖြင့် တိုင်းရင်းသားအစုအဖွဲ့ အများအပြားသည် NLD အနိုင်ရလိမ့်မည်ဟု ၎င်းတို့ မျှော်လင့်ထားသည့် နိုဝင်ဘာလ အထွေထွေရွေးကောက်ပွဲ ပြီးဆုံးချိန်အထိ စောင့်ဆိုင်းရန် ပိုမိုစိတ်အားထက်သန်ခဲ့ကြသည်။

ဤသို့အုပ်စုကွဲနေမှုများကို ပေါင်းကူးတံတားထိုးရန် ကြိုးပမ်းသည့်အနေဖြင့် KNPP နှင့် KNLP တို့သည် မဲရုံမဖွင့်မီ တစ်ရက်အလို၌ UWSA ၏ ပန်ဆန်းဌာနချုပ်၌ စီစဉ်ကျင်းပခဲ့သည့် EAO ညီလာခံသို့ အခြားအပစ်အခတ် ရပ်စဲရေးလက်မှတ်မထိုးရသေးသည့် အဖွဲ့ ၉ ဖွဲ့နှင့်အတူ တက်ရောက်ပါဝင်ခဲ့သည်။[၆၅] "လက်မှတ်မထိုးရသေးတဲ့ အုပ်စုနဲ့ လက်မှတ်ထိုးပြီးသား အုပ်စုအကြား အမြင်သဘောထား အမျိုးမျိုးဖြစ်နေကြတယ်" ဟု KNPP မှ ခူဥ္ဆေးရယ်က သတိပေးပြောဆိုသွားခဲ့သည်။ "လက်မှတ်ရေးထိုးထားတဲ့ အဖွဲ့ (၈) ဖွဲ့က ဦးဆောင်အခန်းကဏ္ဍကနေ ပါဝင်ချင်နေကြတယ်။ ဒါက တကယ့်ခလုတ်ကန်သင်းကြီး ဖြစ်လာသလို ကျနော်တို့အတွက်လည်း အရမ်းခက်ခဲလာခဲ့တယ်။"[၆၆]

မည်သို့ဆိုစေ NLD အောင်ပွဲဆင်ခဲ့သည့် ရွေးကောက်ပွဲအပြီး၌ လက်မှတ်ထိုးထားသူများနှင့် မထိုးရသေးသူများအကြား အကွဲအပြဲသည် ပိုမိုကြီးထွားလာခဲ့သည်။ ဦးသိန်းစိန် အာဏာမလွှဲမီ နိုင်ငံအတွင်းရှိ KNPP၊ KIO၊ UWSAနှင့် အစဉ်အလာကြီးမားသည့် အခြား EAO များကို ထည့်သွင်းပါဝင်စေခဲ့ခြင်းမရှိဘဲ ထွက်ခွာသွားရမည့်အစိုးရနှင့် လက်မှတ်ထိုးအဖွဲ့များအကြား ပစ်ခတ်တိုက်ခိုက်မှု စောင့်ကြည့်လေ့လာရေး၊ စစ်သည်တော်ကျင့်ဝတ်စည်းကမ်းများနှင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေးမူဘောင်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ အရေးကြီးသည့် ဆုံးဖြတ်ချက်များကို စတင်ချမှတ်သွားခဲ့သည်။ NLD ကိုပင် ပါဝင်ဆောင်ရွက်စေခဲ့ခြင်းမရှိပေ။ သို့ဖြစ်၍ ရှမ်းပြည်နယ်မြောက်ပိုင်း၌ SSA/SSPP နှင့် TNLA တို့အပေါ် တပ်မတော်၏ ထိုးစစ်ဆင်တိုက်ခိုက်မှု ပိုမိုပြင်းထန်လာခဲ့ပြီး TNLA နှင့် ထိတွေ့တိုက်ခိုက်မှုများအတွင်း SSA/RCSS ပါဝင်တိုက်ခိုက်မှုများ ဖြစ်ပွားလာခဲ့ပြီးနောက် စိုးရိမ်ပူပန်မှုများ ပိုမိုကြီးထွားလာခဲ့သည်။[၆၇]

နေပြည်တော်၌ NCA လုပ်ငန်းစဉ်၏ ပထမအဆင့်ဖြစ်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ဦးသိန်းစိန် မထွက်ခွာမီ ၂၀၁၆ ခုနှစ် ဇန်နဝါရီလအတွင်း ခေါ်ယူကျင်းပသွားခဲ့သည်။ သို့သော်လည်း NLD ၏ ရွေးကောက်ပွဲ အောင်

ပွဲနောက်ပိုင်း နိုင်ငံရေးဦးတည်ချက်သည် အခြားကဏ္ဍများသို့ရွှေ့ပြောင်းသွားခဲ့သည်။ KNPP နှင့် အခြား NCA လက်မှတ်မထိုးရသေးသည့် အဖွဲ့အစည်းများကို “လေ့လာသူများ” အဖြစ် ဖိတ်ခေါ်ခဲ့သော်လည်း မည်သည့်အဖွဲ့အစည်းမျှတရားဝင် ပါဝင်ဆွေးနွေးခွင့် မရရှိခဲ့ပေ။[၆၈] လက်မှတ်ရေးထိုးခဲ့သည့် ၃ လ အတွင်းမှာပင် နိုင်ငံအနှံ့အပြား၌ NCA နှင့်ပတ်သက်၍ မှန်းချက်နှင့် နှမ်းထွက်မကိုက်သည့် အဖြစ်မှန်ကြီး ကွက်ကွက်ကွင်းကွင်း ရုပ်လုံးပေါ်လာခဲ့သည်။

ဦးသိန်းစိန်အာဏာလွှဲရန် ပြင်ဆင်လာသည့်အခါ တိုင်းရင်းသားနှင့် နိုင်ငံရေးအရ ပါဝင်ဆောင်ရွက်မှု ကင်းမဲ့ခဲ့သည့် ကိစ္စရပ်သည် ပြတ်ပြတ်ထင်ထင် ဖြစ်လာခဲ့သည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး၌ USDP–တပ်မတော် အစိုးရကို အလှဲထိုးနိုင်မည့် အကောင်းဆုံးနည်းလမ်းတစ်ရပ်အဖြစ် ပြောဆိုခဲ့ကြသည့်အတိုင်း တိုင်းရင်းသားအင်အားစုအသီးသီးသည် NLD ကို အလုံးအရင်းဖြင့် မဲပေးခဲ့ကြသည်။[၆၉] NLD ၏ အောင်နိုင်မှုအပေါ် အငြင်းပွားစရာမရှိခဲ့ကြသော်လည်း တိုင်းရင်းသားအင်အားစု အများအပြားသည် NCA ၌သော်လည်းကောင်း ဥပဒေပြုလွှတ်တော်၌သော်လည်းကောင်း ဖော်ဆောင်သွားမည့်နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုအတွင်း ပြောရေးဆိုခွင့်မသာဘဲ ဘေးရောက်သွားနိုင်သည့် အရဲစွန့်ရမှုအန္တရာယ်ရှိလာသည့်အပေါ် စိုးရိမ်တကြီး ဖြစ်လာခဲ့ကြသည်။ ကယန်းအမျိုးသားပါတီဥက္ကဋ္ဌခွန်းဘီထူးက အောက်ပါအတိုင်း သတိပေးပြောဆိုခဲ့သည်။

> “လက်ရှိ NCA နဲ့ ငြိမ်းချမ်းရေးညီလာခံ လုပ်ငန်းစဉ်ကိုအပြောင်းအလဲပြုလုပ်ပြီး အစီအစဉ်တွေ၊ ညီလာခံစီစဉ်ကျင်းပတဲ့ပုံစံကို ပြန်လည်သုံးသပ်ဖို့လိုသလို အကျိုးသက်ဆိုင်ပါဝင်သူ အားလုံးကိုပါ ထည့်သွင်းပါဝင်စေဖို့ လိုအပ်နေပါတယ်။ NCA လက်မှတ်ထိုးထားတဲ့အထဲမှာ KNPP မပါသလို KNLP နဲ့ KNPLF တို့လည်း NCA လုပ်ငန်းစဉ်ထဲမှာ ပျောက်နေတယ်။ အမှန်တော့ ဒီလိုမဖြစ်သင့်ပါဘူး။ ကရင်နီထဲက ငြိမ်းချမ်းရေးညီလာခံ သွားတက်တာ ၁၁ ယောက်ပဲရှိတဲ့အတွက် မလုံလောက်သလို ရွေးချယ်တဲ့ လုပ်ငန်းစဉ်ကလည်း မကောင်းဘူးဖြစ်နေတယ်။ ညီလာခံမှာ ကျနော်တို့ရဲ့အသံ ပိုကျယ်လာဖို့အတွက် ဆိုရင် ဒေသအလိုက် ကိုယ်စားလှယ်တွေ အခုထက်ပိုများဖို့လိုအပ်ပါတယ်။”[၇၀]

ပြောရမည်ဆိုပါက ဦးသိန်းစိန်၏ သမ္မတသက်တမ်းကာလသည် စစ်တပ်လောင်းရိပ်အောက်မှ ရုန်းထွက်နိုင်ခြင်းမရှိဘဲ ပြီးဆုံးသွားခဲ့သည်။ ၎င်း၏ အစိုးရလက်ထက်၌ နိုင်ငံရေးလွတ်လပ်မှုများ တိုးတက်မြင့်မားလာအောင်ဆောင်ရွက်ပေးခဲ့သည့်အပေါ် သံသယရှိစရာမလိုပေ။ သို့သော်လည်း နယ်စပ်ဒေသအများအပြား၌ နှစ်ပေါင်းများစွာအတွင်း အပြင်းထန်ဆုံးတိုက်ပွဲများ ဖြစ်ပွားလာခဲ့သဖြင့်ပြည်တွင်းနေရပ်စွန့်ခွာစစ်ဘေးတိမ်းရှောင်သူအရေအတွက် ဆက်တိုက်ဆိုသလို မကြုံစဖူးမြင့်တက်လာခဲ့သည်။ထိုစဉ်အချိန်ကဦးသိန်းစိန်အစိုးရမှဖြေရှင်းဆောင်ရွက်ရန် လောက်လောက်လားလား အားထုတ်ကြိုးပမ်းခဲ့ခြင်းမရှိသည့် ဗုဒ္ဓဘာသာ–မွတ်စလင်အကြား တင်းမာမှုကြောင့် ရခိုင်ပြည်နယ်အတွင်း ပေါ်ပေါက်လာခဲ့သည့် ပဋိပက္ခနှင့် နေရပ်စွန့်ခွာတိမ်းရှောင်ရမှုများသည်လည်း လွယ်လွယ်ပြီးဆုံးသွားမည့် အလားအလာမရှိခဲ့ပေ။ အပစ်အခတ်ရပ်စဲထားသည့် KNLP ၏ ဦးစိုးနိုင်ကလည်း “ပြီးခဲ့တဲ့နှစ်တွေထဲ တစ်ချို့ဒေသတွေမှာ လက်နက်ကိုင်ပဋိပက္ခကျဆင်းသွားခဲ့ပေမယ့် ကချင်နဲ့ ရခိုင်ပြည်နယ်လို ဒေသတွေမှာတော့ ပဋိပက္ခအရှိန် မြင့်တက်လာခဲ့တယ်။ ဒါကိုကောင်းတဲ့ တိုးတက်ပြောင်းလဲမှုတစ်ရပ်အဖြစ် ကျနော်တို့သွားယူဆလို့မရပါဘူး”ဟု ရှင်းလင်းပြောဆိုသွားခဲ့သည်။[၇၁]

ပိုမိုကောင်းမွန်သည့် အပြောင်းအလဲကို မျှော်လင့်ယုံကြည်၍ KNPP သည် အခြား UNFC အဖွဲ့ဝင်များနှင့်အတူ ဒေါ်အောင်ဆန်းစုကြည်နှင့် နောက်တက်လာမည့် NLD အစိုးရနှင့် တွေ့ဆုံဆွေးနွေးမှုများ စတင်ပြုလုပ်ရန် အဆင်သင့်ပြင်သည့်အနေဖြင့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ကို ပါဝင်ဖွဲ့စည်းတည်ထောင်ခဲ့သည်။ သို့သော်လည်း ရာစုနှစ်ထက်ဝက်နီးပါး အစိုးရအာဏာကိုထိန်းချုပ်ထားခဲ့သည့် တပ်မတော်ခေါင်းဆောင်များ၏ ခံယူချက်သဘောထား အမှန်တကယ်ပြောင်းလဲမှုရှိမရှိဟူသည့် မေးခွန်းကို ဦးစွာဖြေဆိုရဦးမည်ဖြစ်သည်။ NLD အနေဖြင့် နောက်အစိုးရတစ်ရပ် ဖွဲ့စည်းနိုင်မည်လော။ ဖွဲ့စည်းနိုင်ခဲ့ပါက မည်ကဲ့သို့သော အစိုးရဖြစ်လာမည်နည်း။



တပ်မတော်မှ အရပ်သားတစ်ဦးနှင့် KNPP တပ်ဖွဲ့ဝင်သုံးဦးကို သတ်ဖြတ်ခဲ့သည့် ကိစ္စရပ်အပေါ် အစိုးရ၏ ကိုင်တွယ်ဆောင်ရွက်မှုပုံစံကို မကျေနပ်သဖြင့် လွိုင်ကော်မြို့၌ ဆန္ဒပြနေကြစဉ်(KT)

# ၄။ ကရင်နီလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများနှင့် ပြည်တွင်းငြိမ်းချမ်းရေး

## ၂၁ ရာစု ပင်လုံညီလာခံ

ပြုပြင်ပြောင်းလဲရေးကို ဦးတည်သည့် ပထမခြေလှမ်းတစ်ရပ်အဖြစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အစိုးရသည် ၂၀၁၆ ခုနှစ် ဩဂုတ်လကုန်ပိုင်း၌ ဒုတိယအကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံကို နေပြည်တော်၌ ခေါ်ယူကျင်းပခဲ့သည်။ နိုင်ငံအတွင်းရှိ လူပုဂ္ဂိုလ်ပေါင်းစုံနှင့် အစုအဖွဲ့အမျိုးမျိုးကို အတူတကွစုရုံးခေါ်ယူ၍ သမိုင်းတွင်မည့် အမျိုးသားရေး ရည်မှန်းချက်နှင့် အခမ်းအနားတစ်ရပ်ကို ကိုယ်စားပြုသည့် အမည်နာမအဖြစ် "၂၁ ရာစုပင်လုံညီလာခံ" ဟု ခေါ်တွင်ခဲ့ကြသည်။ ၁၉၄၇ ခုနှစ်ဖေဖော်ဝါရီလတွင် ကျင်းပခဲ့သည့် မူလပင်လုံညီလာခံ၌ ယနေ့ခေတ် မြန်မာနိုင်ငံဟူသည့် နိုင်ငံသစ်ကို ဖွဲ့စည်းတည်ထောင်မည့် ပြည်ထောင်စုအခြေခံမူများနှင့် တန်းတူညီမျှရေးကို သဘောတူခဲ့ကြကြောင်းကို သက်ဆိုင်ရာအင်အားစုများအားလုံး အသိအမှတ်ပြုထားကြပြီးဖြစ်သည် (အခန်း ၂ ကိုကြည့်ပါ)။ နောက်ရက်များ၌ "၂၁ ရာစုပင်လုံ" ဟုသိလာကြမည့် အခမ်းအနားသို့ အစိုးရ၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ (အပစ်ရပ်ထားသည့်အဖွဲ့များနှင့် အပစ်မရပ်ရသေးသည့် အဖွဲ့အစည်းများအားလုံး)၊ နိုင်ငံရေးပါတီများနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်ပေါင်း ၇၅၀ ကျော် တက်ရောက်ပါဝင်ခဲ့ကြသည်။

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)နှင့် အခြား EAO ၁၆ ဖွဲ့သည် NCA အဖွဲ့ဝင်များနှင့် လက်မှတ်မထိုးရသေးသည့် အဖွဲ့အစည်းများအကြား ညီလာခံအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ကချင်လွတ်လပ်ရေးအဖွဲ့အစည်း၏ ထိန်းချုပ်နယ်မြေဖြစ်သည့် မိုင်ဂျာယန်မြို့၌ ဦးစွာတွေ့ဆုံစည်းဝေးခဲ့ကြသည်။[၁] ထို့အပြင် ရွေးကောက်ပွဲနိုင်ငံရေးနယ်ပယ်ရှိ အဓိကတိုင်းရင်းသား အစုအဖွဲ့နှစ်ခုဖြစ်သည့် စည်းလုံးညီညွတ်သော တိုင်းရင်း သားလူမျိုးများမဟာမိတ် (UNA) နှင့် ညီနောင်တိုင်းရင်းသားများအဖွဲ့ချုပ် (NBF) တို့၏ ကိုယ်စားလှယ်များလည်း တက်ရောက်ပါဝင်ခဲ့ကြသည်။ အာရှဒေသရေးရာ တရုတ်အထူးကိုယ်စားလှယ် ဆွန်းကော့ရှန်းနှင့် ကုလသမဂ္ဂ အထွေထွေ

အတွင်းရေးမှူးချုပ်၏ အထူးအကြံပေး ဗီဂျေနမ်ဘီးယား တို့သည်လည်း ဆွေးနွေးပွဲအတွင်း ပါဝင်ခဲ့ကြောင်းသိရှိရ သည်။ ဆွေးနွေးပွဲအတွင်း ဖက်ဒရယ်ဒီမိုကရေစီပြည် ထောင်စု ဖွဲ့စည်းတည်ထောင်မည့် NCA မူကြမ်းမွမ်းမံပြင် ဆင်ရေးအတွက် "အဆိုပြုချက် (၈) ချက်" (အစောပိုင်း၌ အချက် ၉ ချက်အဖြစ် ရည်ညွှန်းပြောဆိုခဲ့ကြသည့်)ကို ထည့်သွင်းစဉ်းစားသွားရန် သဘောတူအတည်ပြုခဲ့ကြ သည်။ နောက်ပိုင်းလာမည့် ၂ နှစ်တာကာလအတွင်း ဤ အချက်များသည် KNPP နှင့် UNFC အဖွဲ့ဝင်ဖြစ်ကြသည့် NCA လက်မှတ်ရေးထိုးရခြင်းမရှိသေးသည့် အဖွဲ့အစည်း များအတွက် အဓိကထား စေ့စပ်ညှိနှိုင်းရသည့် နယ်ပယ် များဖြစ်လာခဲ့သည် ("UNFC ၏ 'အဆိုပြုချက် (၈) ချက်' ပါ စာကွက်ကိုကြည့်ပါ")။[၂]

ကယားပြည်နယ်အတွင်း အခြားအင်အားစုများ သည်လည်း ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေခဲ့သည်။ အပစ်အခတ်ရပ်စဲထားသည့် ကယန်းပြည်သစ်ပါတီသည် ၂၁ ရာစု ပင်လုံညီလာခံသို့ တက်ရောက်ပါဝင်ခွင့်ပြုရန် မေတ္တာရပ်ခံထားသည့် စာတစ်စောင်ကို ဒေါ်အောင်ဆန်း စုကြည်ထံ ပေးပို့ခဲ့သော်လည်း အရေးယူပြန်ကြားပေးခဲ့ ခြင်းမရှိပေ။ ကရင်နီပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ် မြောက်ရေးတပ်ဦး (KNPLF)၊ ကရင်နီအမျိုးသား ငြိမ်းချမ်း ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (KNPDP) နှင့် ကရင်နီအမျိုးသား စည်းလုံးညီညွတ်ရေးအဖွဲ့ (KNSO) တို့သည်လည်း ကယား ပြည်နယ်သို့ ခရီးစဉ်ဖြင့် ရောက်ရှိနေသည့် NLD အကြီး တန်းအဖွဲ့ဝင် ဦးဝင်းသိန်းမှတစ်ဆင့် ဒေါ်အောင်ဆန်းစုကြည် အားအလားတူ မေတ္တာရပ်ခံခဲ့ကြသော်လည်း တုန့်ပြန်ဖြေ ကြားမှု မရှိခဲ့ပေ။ KNPP အားပေးပို့ခဲ့သည့် ဖိတ်စာသည် လည်းများစွာနောက်ကျပြီးမှ ရောက်ရှိလာခဲ့သဖြင့် နယ်ခံ လူထုလူတန်းစားများနှင့် ဆွေးနွေးတိုင်ပင်၍ အကြံဉာဏ် ရယူကာ ပြင်ဆင်သွားရန်အတွက် အချိန်လုံလောက်မှုမရှိ ခဲ့ပေ။ သို့သော်လည်း တိုင်းရင်းသားအဖွဲ့ အစည်းများသည် အစောပိုင်းအထိ အထူးတလည် စိုးရိမ်ပူပန်ခြင်းမရှိခဲ့ကြ ပေ။ သမိုင်းတွင်ခဲ့သည့် "ပင်လုံ" အမည်ကို ပြန်လည် အသက်သွင်းလာခဲ့သဖြင့် NLD သည် အရေးပါသည့် ပြု ပြင်ပြောင်းလဲမှုပြုလုပ်ရန် အခိုင်အမာ ပြင်ဆင်ထားလိမ့် မည်ဟု ကရင်နီနှင့် အခြားတိုင်းရင်းသားခေါင်းဆောင်များ ယုံကြည်မျှော်လင့်ခဲ့ကြသည်။ ညီလာခံ၌ ပြောဆိုခဲ့သည့် အဖွင့်မိန့်ခွန်းအတွင်း နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင် ဆန်းစုကြည်က ၎င်း၏အစိုးရအနေဖြင့် "တိုင်းရင်းသား လူမျိုးများအားလုံးအကြား တန်းတူအခွင့်အရေး၊ အပြန် အလှန်လေးစားမှုနှင့် အပြန်အလှန် ယုံကြည်စိတ်ချမှု အပေါ် တာဝန်ယူအာမခံ၍ အဖြေရှာသွားမည့် ပင်လုံစိတ် ဓာတ်နှင့် အခြေခံမူများ" ကို ပြန်လည်ဆောင်ကျဉ်းပေးရန် ရည်ရွယ်ထားသည်ဟု ကတိပြုခဲ့သည်။[၃] ဤစကားလုံးများ သည်နှစ်ပေါင်းများစွာသွေးခွဲအုပ်ချုပ်ခံခဲ့ရသည့် တိုင်းပြည် တစ်ပြည်၏ နိုင်ငံသူနိုင်ငံသားများ ကာလကြာရှည်မျှော် လင့်စောင့်စားခဲ့ရသည့် နှုတ်ထွက်စကားများ ဖြစ်နေခဲ့ သည်။

သို့သော်လည်း စိုးရိမ်ပူပန်မှုများ ပြန်လည်ခေါင်း ထောင်လာမည့်အချိန်ကို ကြာကြာစောင့်ဆိုင်းစရာ မလိုခဲ့ ပေ။ တက်ရောက်ပါဝင်ခဲ့ကြသူများက ရည်မှန်းချက်ခိုင် ခိုင်မာမာဖြင့် စနစ်တကျ စီစဉ်နေရာချထားခဲ့ခြင်းမရှိသကဲ့ သို့ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်း များနှင့် နိုင်ငံရေးပါတီအစုအဖွဲ့အသီးသီးအား ကြိုတင်ချပြ ဆွေးနွေးမှုမရှိသည့်အပြင် တင်ပြလာခဲ့သည့် ကိစ္စရပ်များ ကိုလည်း ထဲထဲဝင်ဝင် ဆွေးနွေးငြင်းခုံခြင်း သို့မဟုတ် ဆွေး နွေးအဖြေရှာခြင်းများ ပြုလုပ်ခွင့်မရခဲ့ကြောင်း စောဒက တက်ပြောဆိုလာခဲ့သည်။ ထင်ရှားသည့် ဖြစ်ရပ်သာဓက တစ်ခုအဖြစ် နိုင်ငံအတွင်းရှိ အင်အားအတောင့်တင်းဆုံး EAO ကို ကိုယ်စားပြု တက်ရောက်လာခဲ့သည့် 'ဝ' ပြည် သွေးစည်းညီညွတ်ရေးတပ်မတော်သည်လုပ်ထုံးလုပ်နည်း အရစီစဉ်နေရာချထားမှုပုံစံကို မကျေနပ်သဖြင့် သပိတ် မှောက်ထွက်ခွာသွားခဲ့သည်။[၄] KNPP နှင့် အခြား NCA လက်မှတ်မထိုးရသေးသည့် အဖွဲ့အစည်းများက ၎င်းတို့ အားပါဝင်တက်ရောက်ကြရန် ဖိတ်ခေါ်ခဲ့သော်လည်း နိုင်ငံ ရေးတွေ့ဆုံဆွေးနွေးမှုနှင့် ပတ်သက်သည့် လုပ်ငန်းစဉ်များ သို့မဟုတ် ဆွေးနွေးပွဲများ၌ ပါဝင်ဆွေးနွေးခွင့် မပြုထား ကြောင်း အလျင်အမြန်ပင် ရိပ်မိသိရှိသွားခဲ့ကြသည်။ အလား တူပင် NCA ၏ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံနှင့် NLD ၏ "၂၁ ရာ စုပင်လုံ" တို့အကြား ကွာခြားသွားခဲ့သည့် လုပ်ငန်းစဉ် အလှည့်အပြောင်းများ သဲကွဲပြတ်သားမှုမရှိ သည့် ကိစ္စရပ်သည်လည်း စိုးရိမ်စရာဖြစ်လာခဲ့သည်။

အခမ်းအနားများ၏ နောက်ဆက်တွဲဂယက်ရိုက် ခတ်မှုများကို ပါဝင်တက်ရောက်ခဲ့ကြသည့် အင်အားစုများ ဖက်က သေသေချာချာ ရှင်းလင်းပြောဆိုရန် လိုအပ်နေဆဲ

ဖြစ်သည်။ ညီလာခံအပြီး၌ ဒေါ်အောင်ဆန်းစုကြည်သည် တပ်မတော်စစ်ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ခဲ့သည်။ ထိုအချိန်မှစ၍ တစ်နိုင်ငံလုံးအတိုင်းအတာ ငြိမ်းချမ်းရေးဆီသို့ ရောက်ရှိနိုင်သည့် တစ်ခုတည်းသော လမ်းကြောင်းဖြစ်သည့် NCA ၏ ကန့်လန့်ကာနောက်ကွယ်ရှိ NLD နှင့် တပ်မတော်နှစ်ဖက်စလုံး၏ ရပ်တည်ချက်များ အစေးကပ်ရန် ပိုမိုခဲယဉ်းလာခဲ့သည်ဟု သုံးသပ်ရသည်။ တပ်မတော်ဖက်က NCA ပြင်ဆင်မှုမပြုနိုင်ဟု တရားသေစွဲကိုင်ထားခဲ့ပြီး UNFC ၏ "အဆိုပြုချက် (၈) ချက်" နှင့်ပတ်သက်၍ နောက်ပိုင်းလများစွာအတွင်း မည်သည့်တိုးတက်ဖြစ်ထွန်းမှုမျှ ရှိမလာခဲ့ပေ။ တပ်မတော်သား ကိုယ်စားလှယ်များက တပ်မတော်၌လည်း ကိုယ်ပိုင် "မူခြောက်ချက်" ချမှတ်ထားပြီးဖြစ်သည်ဟု ကန့်လန့်တိုက်ပြောဆိုလာခဲ့သည်။ အဆိုပါမူများသည် ၎င်းတို့အနေဖြင့် တစ်လက်မမှ နောက်ဆုတ်ပေးမည်မဟုတ်သည့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကာကွယ်စောင့်ရှောက်ရေးပေါ် အခြေခံတည်ဆောက်ထားခြင်းဖြစ်သည်။[၅] ဤအချက်ကို ကျားကန်ပေးရန်အတွက် UNFC ၏ "အဆိုပြုချက် (၈) ချက်" သည် တည်ဆဲဥပဒေများနှင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်း

## UNFC ၏ "အဆိုပြုချက် (၈) ချက်"*

၁။ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲကြောင်း ကြေညာချက်ကို အစိုးရနှင့် တပ်မတော်မှ ဤသဘောတူညီချက်ရရှိပြီးနောက် ၂၄ နာရီအတွင်း ထုတ်ပြန်သွားရန်နှင့် UNFC မှ ၄၈ နာရီအတွင်း အသီးသီးထုတ်ပြန်သွားရန်၊

၂။ အာမခံချက်အပြည့်ရှိသည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုနိုင်ငံကို တည်ဆောက်သွားရန်၊

၃။ သုံးပွင့်ဆိုင်ငြိမ်းချမ်းရေးဆွေးနွေးပွဲ၏ ပါဝင်သင့်ပါဝင်ထိုက်သူများကို နှစ်ဖက်သဘောတူညီချက်ဖြင့် ရွေးချယ်သတ်မှတ်ရန်၊

၄။ ၂၁ ရာစု ပင်လုံညီလာခံမှ ထွက်ပေါ်လာသော ဆုံးဖြတ်ချက်များအပေါ်အခြေခံ၍ ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် လိုအပ်သည့် ဥပဒေများကို ဆက်လက်ရေးဆွဲပြဋ္ဌာန်းရန်၊

၅။ နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေးမူဘောင်အပါအဝင် နှစ်ဖက်လိုက်နာရမည့် အပစ်အခတ်ရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ တပ်ပိုင်းဆိုင်ရာကျင့်ဝတ် (CoC) နှင့် စောင့်ကြည့်ရေးလုပ်ငန်းလမ်းညွှန် (ToR) နှင့် တပ်နေရာ ပြန်လည်ချထားရေးတို့ကို ကြိုတင်သဘောတူညီမှုရယူရန်၊

၆။ အစိုးရကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် အများယုံကြည်လေးစားသော ပုဂ္ဂိုလ်များပါဝင်သော အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီတစ်ရပ်ကို နှစ်ဖက်သဘောတူလက်ခံနိုင်သည့် နိုင်ငံတကာအစိုးရကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် ကြီးကြပ်စောင့်ကြည့်ရေးအဖွဲ့နှင့်အတူ ဖွဲ့စည်းသွားရန်၊

၇။ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (NCA) နှင့် သဘောတူညီချက်ပါ လိုက်နာရမည့် တာဝန်များ၊ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ အငြင်းပွားမှုများပေါ်ပေါက်ခဲ့လျှင် နှစ်ဖက်သဘောတူလက်ခံနိုင်သည့် ပြည်တွင်းနှင့် နိုင်ငံတကာမှ ဥပဒေပညာရှင်များနှင့် တရားသူကြီးများပါဝင်သော လွတ်လပ်သည့် ဖျန်ဖြေရေးကော်မရှင်၏ အဆုံးအဖြတ်ခံယူရန်၊

၈။ အပစ်ရပ်ဒေသအတွင်း ဒေသခံပြည်သူလူထုအပေါ် အကျိုးသက်ရောက်မှုကြီးမားသော ဖွံ့ဖြိုးရေးစီမံကိန်းများကို ဖော်ဆောင်မည်ဆိုပါက သဘာဝသယံဇာတထုတ်ယူသုံးစွဲမှုကဏ္ဍ ပွင့်လင်းမြင်သာမှုရှိရေးအစီအစဉ် (EITI) ပါလုပ်ထုံးလုပ်နည်းများနှင့်အညီ အကောင်အထည်ဖော်၍ အများပြည်သူနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ပါဝင်ဆောင်ရွက်ခွင့်ပြုရန်။

*လက်မှတ်ရေးထိုးမှုမပြုလုပ်မီ ၂၀၁၅ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူညီချက်အတွင်း ထည့်သွင်းပေါင်းစပ်သင့်သည်ဟု ၂၀၁၆ ခုနှစ်၊ ဩဂုတ်လအစည်းအဝေး၌ UNFC အဖွဲ့ဝင်များ သဘောတူခဲ့ကြသည့် အဆိုပြုချက် (၈) ချက်ဖြစ်သည်။

**ရင်းမြစ်** – စိုင်းဝမ်စိုင်း၊ "နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေးမူဘောင် – UNFC သပိတ်မှောက်ခြင်းသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပိုမိုဆိုးရွားသွားစေသည်"၊ S.H.A.N၊ ၂၀၁၆ စက်တင်ဘာလ ၂၆ ရက်နေ့။

ချက်များနှင့် အငြင်းပွားဖွယ်ရာဖြစ်နေသည်ဟုလည်း ဝေဖန်ထောက်ပြသွားခဲ့သည်။ ထို့ကြောင့် မည်သည့်နည်းနှင့်မျှ စေ့စပ်ညှိနှိုင်းမှုများ ဆက်လက်ဆောင်ရွက်ရန် မဖြစ်နိုင်တော့ပေ။

ဒေါ်အောင်ဆန်းစုကြည်နှင့် ကာချုပ်မင်းအောင်လှိုင်အကြားမည်ကဲ့သို့သော သဘောတူညီချက်မျိုးရရှိခဲ့သည်ကိုအသေးစိတ်ထုတ်ပြန်လာခဲ့ခြင်း မရှိပေ။ သို့သော်လည်း ၎င်းတို့တွေ့ဆုံစည်းဝေးခဲ့ပြီးနောက် သေချာသည့် ကိစ္စရပ်တစ်ခုအဖြစ် တပ်မတော်ခေါင်းဆောင်များက NCA ကို ကာကွယ်စောင့်ရှောက်သည့် အနေဖြင့် စစ်ရေးအရအရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန်အတွက် မီးစိမ်းပြလိုက်ပြီဟု လက်ခံယုံကြည်သွားခဲ့ကြပုံရသည်။ နောက်ပိုင်းလများအတွင်း ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများ၌ယခုအချိန်ထိအပြင်းထန်ဆုံးသောစစ်ဆင်ရေးလုပ်ငန်းများကို ဖော်ဆောင်ခဲ့ကြသည်။ ယခုတစ်ကြိမ်လည်း လေကြောင်းတိုက်ခိုက်မှုများနှင့် လက်နက်ကြီးပစ်ခတ်မှုများအကြား နေရပ်စွန့်ခွာစစ်ဘေးတိမ်းရှောင်မှု လှိုင်းလုံးသစ်နှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ ဆက်တိုက်ပေါ်ထွက်လာခဲ့ပြန်သည်။ မြေစာပင်ဖြစ်ခဲ့ရသည့် IDP ဦးရေများ၌ ကချင်နှင့် တအောန်းလူဦးရေ ၁၀၀၀၀၀ သိန်းကျော်ဖြစ်လာခဲ့သည်။ Amnesty International က နောက်ပိုင်းပြုလုပ်ခဲ့သည့် စုံစမ်းဖော်ထုတ်မှုအတွင်း “မြန်မာနိုင်ငံရဲ့နယ်စပ်တွေမှာတော့ မီးဟုန်းဟုန်းတောက်နေပြီ” ဟု နိဂုံးချုပ်သုံးသပ်ခဲ့သည်။[၆]

အရှိန်မြှင့်ဖော်ဆောင်လာခဲ့သည့် ထိုးစစ်ဆင်တိုက်ခိုက်မှု၏ နောက်ဆက်တွဲဂယက်များ အကြီးအကျယ်ရိုက်ခတ်လာခဲ့သည်။ အစိုးရသက်တမ်း ခြောက်လသာရှိသေးသည့် NLD အတွက် အခြေမခိုင်မီ လုံးဝနီးပါးဟန်ချက်ပျက်သွားခဲ့ရသည်။ ယခုတစ်ကြိမ်၌ မြန်မာနိုင်ငံအရှေ့မြောက်ပိုင်း၌ အခြေစိုက်လှုပ်ရှားလျက်ရှိသည့် EAOs များဖြစ်သည့် KIO၊ မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်မတော်၊ တအောန်းအမျိုးသား လွတ်မြောက်ရေး တပ်မတော်နှင့် ရက္ခိုင့်တပ်မတော်တို့သည် “မြောက်ပိုင်းမဟာမိတ်တပ်ပေါင်းစု” ကိုဖွဲ့စည်းတည်ထောင်၍ ပြင်းပြင်းထန်ထန် ပြန်လည်တုန့်ပြန် တိုက်ခိုက်လာခဲ့သည်။ ထိုအချိန်က ရခိုင်ပြည်နယ်မြောက်ပိုင်း၌လည်း နောက်ထပ်လူသားချင်းစာနာထောက်ထားရေးအရေးပေါ်အခြေအနေဆိုက်လာခဲ့သည်။ ရခိုင်ပြည်နယ်မြောက်ပိုင်း၌ တပ်မတော်၏အဓိကနယ်မြေလုံခြုံရေး လုပ်ငန်းများသည် အသစ်ပေါ်ထွက်လာခဲ့သည့် အာရကန် ရိုဟင်ဂျာ ကယ်ဆယ်ရေးတပ်မတော် (ARSA) ၏ ရဲစခန်းသုံးခုကို ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့သည့် လုပ်ရပ်အပေါ် တန်ပြန်တိုက်ခိုက်ခြင်းဖြစ်သည်။နောက်ပိုင်းလများ၌ရာပေါင်းများစွာသောနယ်ခံလူထုများ အသတ်ခံခဲ့ရသည့် သတင်းများ ပေါ်ထွက်လာခဲ့သလို မွတ်စလင်စစ်ဘေးဒုက္ခသည် ၇၀၀၀၀ ကျော်ခန့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးခိုလှုံသွားခဲ့သည်။ ယခုကဲ့သို့ အစုလိုက်အပြုံလိုက် ဘေးလွတ်ရာထွက်ပြေးတိမ်းရှောင်ခဲ့ရသည့် ဖြစ်ရပ်အပေါ် နိုင်ငံတကာ၏ ဆန့်ကျင်ကန့်ကွက်သံများ ကျယ်ကျယ်လောင်လောင် ထွက်ပေါ်လာခဲ့သည်။[၇]

ဤဖြစ်ရပ်များ ပေါ်ပေါက်လာခဲ့သဖြင့် ၂၀၁၇ ဖေဖော်ဝါရီလအတွင်း စီစဉ်ကျင်းပသွားရန် စီစဉ်ထားသည့် ဒုတိယအကြိမ်မြောက် ၂၁ ရာစုပင်လုံညီလာခံကို အကြိမ်ကြိမ်ရွှေ့ဆိုင်းခဲ့ရသည်။ဇန်နဝါရီလအတွင်းNLD၏ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဦးဆောင်ရှေ့နေတစ်ဦးဖြစ်သည့် ဦးကိုနီလုပ်ကြံခံခဲ့ရပြီးနောက်ပိုင်း နိုင်ငံအတွင်း လုံခြုံမှုကင်းမဲ့သည့် ခံစားချက်များ သိသိသာသာမြင့်တက်လာခဲ့သည်။ ရန်ကုန်လေဆိပ်ပြင်ပ၌ ဖြစ်ပွားခဲ့သည့် ကြောက်မက်ဖွယ်ရာသတ်ဖြတ်မှုကို ဒီမိုကရေစီလိုလားထောက်ခံသူများက စစ်တပ်၏အကျိုးစီးပွားနှင့် ဆန့်ကျင်သည့် အပြောင်းအလဲမျိုး ဖော်ဆောင်မှုမပြုရန် သတိပေးပစ်ခတ်မှုဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြသည်။[၈]

NLD ခေါင်းဆောင်များ၏ ရည်ရွယ်ချက်ကောင်းမွန်မှုအပေါ် အများအားဖြင့် သံသယမရှိခဲ့ကြပေ။ သို့သော်လည်း “NLD–တပ်မတော်” ဖက်စပ်ဖြစ်နေသဖြင့် မြန်မာ့နိုင်ငံရေး၌ NLD အစိုးရတစ်ရပ်အဖြစ် ပီပီပြင်ပြင်ရပ်လုံးပေါ်လာခဲ့ခြင်းမရှိဟူသည့် အမြင်သဘောထားများ ကြီးထွားလာခဲ့သည်။ ဝန်ကြီးဌာနသုံးခုကို ချုပ်ကိုင်ထားခဲ့ပြီး ဥပဒေပြုရေးအာဏာ ၂၅ ရာခိုင်နှုန်းနှင့် ပြည်သူ့ဝန်ထမ်းကဏ္ဍအထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနကိုပါ ထိန်းချုပ်ထားသည့် တပ်မတော်သည် စစ်ဖက်ရေးရာကိုသာမက အမျိုးသားနိုင်ငံရေးဇာတ်ခုံကိုပါ ဆက်လက်ကြိုး ကိုင်ချယ်လှယ်ထားဆဲဖြစ်သည်။ အခြားလူနည်းစု ဘာသာတရားနှင့် တိုင်းရင်းသားမျိုးနွယ်စုများသည် နိုင်လိုမင်းထက်



၂၀၁၃ ခုနှစ် ဇွန်လအတွင်း လွိုင်ကော်မြို့၌ ဆွေးနွေးညှိနှိုင်းလျက်ရှိသည့် KNPP ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ခူးဦးရယ် (KT)

ရန်လိုလွန်းသည့် ဗုဒ္ဓဘာသာအခြေပြု အမျိုးသားရေးဝါဒ ဆက်လက်ကြီးထွားလာမှုအပေါ်များစွာ စိုးရိမ်မကင်းဖြစ်လာခဲ့ကြသည်။ ဦးသိန်းစိန်၏ သမ္မတသက်တမ်းအတွင်း ပေါ်ထွက်လာခဲ့ပြီး အစိုးရ၏ ကျောထောက်နောက်ခံအချို့ ရရှိထားကြပုံပေါ်သည့် "မဘသ" ("အမျိုးဘာသာသာသနာစောင့်ရှောက်ရေးအဖွဲ့") အဖွဲ့က ဦးဆောင်လှုပ်ရှားနေခြင်း ဖြစ်သည်။[၉]

ဤအစိုးရ-အရပ်ဖက် ဆက်ဆံရေး၌ ပေါ်ပေါက်လာသည့်တင်းမာမှုများက ငြိမ်းချမ်းရေးနှင့် ပြုပြင်ပြောင်းလဲရေးကို အားပေးမြှင့်တင်သည့်အရွေ့မျိုးကို ဦးတည်လျှောက်လှမ်းရန် NLD အား ချိတုံချတုံ ဖြစ်စေခဲ့သည့် သော့ချက် ဖြစ်လာခဲ့ပုံရသည်။ အာဏာရလာပြီးနောက် အစိုးရ၏ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီကို ဒေါ်အောင်ဆန်းစုကြည်အား ဥက္ကဋ္ဌနေရာထား၍ ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ ၎င်း၏ မိသားစုဆရာဝန် ဒေါက်တာတင်မျိုးဝင်းကို ဦးဆောင်ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖြစ် ဆက်လက်တာဝန်ပေးခဲ့သည်။ ထို့နောက် သမ္မတဦးသိန်းစိန်လက်ထက်က ဖွဲ့စည်းတည်ထောင်ခဲ့သည့်မြန်မာငြိမ်းချမ်းရေးစင်တာကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးစင်တာသစ်ဖြင့် အစားထိုးဖွဲ့စည်းခဲ့သည်။ သို့သော်လည်း ၂၀၁၇ ခုနှစ် အစောပိုင်းထိ အစိုးရနှင့် တိုင်းရင်းသားအင်အားစုအသီးသီး တွေ့ဆုံဆွေးနွေးမှုများ နှေးကွေးလေးလံလာခဲ့ပြီး ရပ်တန့်သွားခဲ့သလို NLD သည်လည်း ဖက်ဒရယ်ပြည်ထောင်စုနှင့် ပြည်တွင်းငြိမ်းချမ်းရေးအတွက် ချမှတ်ထားသည့် ရည်မှန်းချက်သစ်နှင့်ပတ်သက်၍ ရှင်းလင်းပြတ်သားသည့် အသေးစိတ်အချက်အလက်များကို ချပြဆွေးနွေးမှုပြုရန် ပျက်ကွက်ခဲ့သည်။ တိုင်းရင်းသားခေါင်းဆောင် အများအပြားက NLD ခေါင်းဆောင်ပိုင်းသည် နိုင်ငံအတွင်းရှိ တိုင်းရင်းသားများ၏လိုလားချက်များနှင့်နာကျည်းနစ်နာချက်အတိမ်အနက်ကိုနားလည်သိမြင်ခြင်း မရှိသလို အသိအမှတ်ပြုရကောင်းမှန်းလည်းမသိဟု ကောက်ချက်ချခဲ့ကြသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တုံ့နှေးလာသည်နှင့်အမျှ ပဋိပက္ခဇာတ်ခုံပေါ်၌ အကွဲအပြဲသစ်များ စတင်ပေါ်ပေါက်လာခဲ့သည်။ ဖေဖော်ဝါရီလအတွင်း UNFC ဦးဆောင်အဖွဲ့ဝင်နှစ်ဖွဲ့ဖြစ်သည့် KIO နှင့် သျှမ်းပြည်တပ်မတော်/သျှမ်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးပါတီတို့သည် NCA ကိုအစားထိုးရန်လိုအပ်သည်ဟု ပြောဆိုဆွေးနွေးခဲ့ကြသည့် UWSA ဌာနချုပ်အခြေစိုက်ရာ တရုတ်နယ်စပ်ပန်ဆန်းမြို့၌ ခေါ်ယူကျင်းပခဲ့သည့် အခြားညီလာခံတစ်ခုကို တက်ရောက်ခဲ့ကြသည်။ သို့သော်လည်း အစားထိုးခြင်းထက် အစိုးရနှင့်

EAO များအကြား ညှိနှိုင်းဆွေးနွေးပေးမည့် နိုင်ငံရေးညှိနှိုင်းဆွေးနွေးရေးအဖွဲ့သစ်တစ်ခု ဖွဲ့စည်းရန်သာ အဆိုပြုခဲ့ကြခြင်းဖြစ်သည်။

မည်သို့ဆိုစေ EAO ကိုယ်စားပြုအဖွဲ့သစ် ဖွဲ့စည်းတည်ထောင်မှုသည် KNPP နှင့် အခြား UNFC အဖွဲ့ဝင်အများအပြားအတွက် လက်ငင်းအကျပ်အတည်းတစ်ရပ်ကိုဖန်တီးပေးခဲ့သည်။ မတူကွဲပြားသည့် ငြိမ်းချမ်းရေးနည်းလမ်းများဖြင့် အစိုးရအား ချဉ်းကပ်ဆောင်ရွက်မှုအတွက် စာနာနားလည်ပေးနိုင်သော်လည်း NCA ကို စွန့်ပစ်ခြင်းသည် UNFC ၏ "အဆိုပြုချက် ၈ ချက်" နှင့် ဆန့်ကျင်ကွဲလွဲသွားစေခဲ့သည်။ မြန်မာနိုင်ငံ၏ အရှေ့တောင်ပိုင်းရှိ KNPP၊ NMSP နှင့် အခြား EAO များကလည်း ယူနန်နယ်စပ်ဒေသနိုင်ငံရေးအခင်းအကျင်းနှင့် နီးစပ်လွန်းပုံပေါ်သည့် မဟာမိတ်အဖွဲ့နှင့် ပူးပေါင်းရမည့် ကိစ္စရပ်အပေါ် အထူးသတိထားခဲ့ကြသည်။ အစောပိုင်းဆယ်စုနှစ်များအတွင်း တရုတ်၏လွှမ်းမိုးစွက်ဖက်မှုကြောင့် တိုင်းရင်းသားအရေးတော်ပုံအကွဲကွဲအပြဲပြဲဖြစ်ခဲ့ရသည့် ကိစ္စရပ်များကို အမှတ်ရနေကြဆဲဖြစ်သည် (အခန်း ၂ ကိုကြည့်ပါ)။

ပိုမိုကျပ်တည်းလာသည့် အခင်းအကျင်းနှင့်ပတ်သက်၍ စိုးရိမ်ပူပန်လာကြသဖြင့် KNPP၊ NMSP နှင့် အခြား UNFC အဖွဲ့ဝင်များသည် NCA ပြင်ဆင်ရေးအတွက် "အဆိုပြုချက် (၈) ချက်" ကို အခြေခံ၍ တစ်ဆို့နေသည့် အခြေအနေကို ကျော်လွှားနိုင်စေရန် ကြိုးပမ်းခဲ့ကြသည်။ မတ်လ ၁ ရက်နေ့တွင် UNFC ၏ နိုင်ငံရေးညှိနှိုင်းဆွေးနွေးမှုကိုယ်စားလှယ်အဖွဲ့သည် ဒေါ်အောင်ဆန်းစုကြည်နှင့်နေပြည်တော်၌တွေ့ဆုံဆွေးနွေးမှုပြုခဲ့ကြသည်။ "နိုင်ငံတော်အတိုင်ပင်ခံကို အားလုံး (လုပ်ငန်းစဉ်အတွင်း ပါဝင်နေကြသူများအားလုံး) ဟာ အပြန်အလှန်ဆက်စပ်နေကြတယ်ဆိုတာကို ရှင်းလင်းပြောဆိုနိုင်ခဲ့ပါတယ်" ဟု KNPP ၏ဒုဥက္ကဋ္ဌနှင့် UNFC ၏ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်ခေါင်းဆောင်ကပြောဆိုခဲ့သည်။ "အားလုံးပါဝင်ဖို့လိုသလို NCA ကိုရော ကျနော်တို့ရဲ့ အဆိုပြုချက် ၈ ချက်ကိုရော သီးခြားစီခွဲထားလို့မရနိုင်ပါဘူး။"[၃၀] ရန်ကုန်နှင့် ချင်းမိုင်မြို့များ၌ UNFC နှင့် အစိုးရငြိမ်းချမ်းရေး ကော်မရှင်အကြား ဆက်လက်တွေ့ဆုံ ဆွေးနွေးခဲ့ကြသော်လည်း UNFC ၏ အဆိုပြုချက်များကို တရားဝင်လက်ခံခြင်း မရှိခဲ့ပေ။[၃၁] ထို့နောက် နိုင်ငံတော်အတိုင်ပင်ခံက KNPP၊ NMSP နှင့် အခြား UNFC အဖွဲ့ဝင်သုံးဖွဲ့တို့သည် NCA ကို လက်မှတ်ရေးထိုးရန်သဘောတူခဲ့ကြပြီးဖြစ်သည်ဟု မှားယွင်းကြေညာခဲ့သဖြင့် အရှက်တကွဲဖြစ်ခဲ့ရသည်။[၂၉] တိုင်းရင်းသားအင်အားစုများအတွက် ဒေါ်အောင်ဆန်းစုကြည်နှင့် ၎င်း၏ငြိမ်းချမ်းရေးအကြံပေးတို့အကြား မည်မျှအဆက်ပြတ်နေကြောင်း ဖော်ပြနေသည့် နောက်ထပ်အထောက်အထားတစ်ရပ်ဖြစ်လာခဲ့သည်။

မည်သို့ပင်ဖြစ်စေ ယခုအချိန်သည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ပြန်လည်အဖတ်ဆယ်ရန် အလှန်ပင်နောက်ကျသွားခဲ့ပြီဖြစ်သည်။ ထို့အပြင် ဧပြီလအရောက်တွင်ပန်ဆန်းညီလာခံ၌ တက်ရောက်ပါဝင်ခဲ့ကြသည့် EAO များက ဖက်ဒရယ်နိုင်ငံရေး ညှိနှိုင်းဆွေးနွေးမှု အတိုင်ပင်ခံကော်မတီ (FPNCC) ဟုခေါ်သည့် ညွန့်ပေါင်းမဟာမိတ်အဖွဲ့တစ်ခုကို ထပ်မံဖွဲ့စည်းတည်ထောင်လိုက်ကြောင်း အတည်ပြုပြောဆိုခဲ့ပြီးနောက်ပိုင်း နိုင်ငံရေးလွန်ဆွဲမှု အထွဋ်အထိပ်သို့ ရောက်ရှိလာခဲ့သည်။ ရက်သတ္တပတ်အနည်းငယ်အတွင်း အပစ်အခတ်ရပ်စဲထားသည့် UWSA၊ SSA/SSPP နှင့် အမျိုးသားဒီမိုကရေစီ မဟာမိတ်တပ်မတော် (NDAA–မိုင်းလား) တို့နှင့် အပစ်အခတ်ရပ်စဲထားခြင်းမရှိသည့် AA၊ KIO၊ MNDAA နှင့် TNLA တို့ FPNCC ၌ ပါဝင်လာခဲ့ပြီးနောက် အဖွဲ့ဝင် (၇) ဖွဲ့ထိရှိလာခဲ့သည်။ တဖြည်းဖြည်း UNFC မဟာမိတ်အဖွဲ့မှ အလျှိုလျှိုနုတ်ထွက်လာကြသူများ၏ အမည်စာရင်း၌ KIO နှင့် SSA/SSPP တို့သည် ယခုကျမှ ပါဝင်လာခဲ့ကြခြင်းဖြစ်သည်။[၃၂] FPNCC ဖွဲ့စည်းတည်ထောင်လိုက်သည့်အခါ UNFC ၌ KNPP၊ NMSP နှင့် အစောပိုင်းအဖွဲ့အစည်းများမှ ကြွင်းကျန်ရစ်သည့်အင်အားစုများဖြစ်ကြသည့် ရခိုင်အမျိုးသားကောင်စီ (ANC) နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) တို့ အပါအဝင် လေးဖွဲ့တိတိသာ ကျန်ရစ်ခဲ့ကြသည်။ တစ်ချိန်ကနိုင်ငံရေး ပြုပြင်ပြောင်းလဲရေးအတွက် တိုင်းရင်းသားလူထုလူတန်းစားများကို ဦးဆောင်ကိုယ်စားပြုခဲ့ဖူးသည့် UNFC ၏ ဩဇာလွှမ်းမိုးနိုင်စွမ်းသည် နေ့ချင်းညချင်း ဆိုသလို ထိုးကျသွားတော့သည်။

FPNCC အသစ် ထပ်မံဖွဲ့စည်းလိုက်ခြင်းက အမျိုးသားနိုင်ငံရေးဇာတ်ခုံရှိ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများအကြား ညှိနှိုင်းဆွေးနွေးရမည့် အုပ်စုသုံးခုရှိသည်ဟု အဓိပ္ပာယ်သက်ရောက်သွားစေခဲ့

သည်။ ယင်းတို့မှာ KNPP နှင့် လက်ကျန် UNFC အဖွဲ့ဝင် သုံးဖွဲ့၊ NCA လက်မှတ်ရေးထိုးထားသည့် အဖွဲ့ (၈) ဖွဲ့နှင့် အသစ်ဖွဲ့စည်းလိုက်သည့် FPNCC အဖွဲ့ (၇) ဖွဲ့တို့ဖြစ်ကြ သည်။ စစ်အင်အားအရ ကြည့်မည်ဆိုပါက FPNCC သည် အခြားတိုင်းရင်းသား တော်လှန်ရေးတပ်ဖွဲ့အများစုထက် အင်အားအရရော ဩဇာလွှမ်းမိုးမှုအရပါ များစွာသာလွန် ကောင်းမွန်လျက်ရှိသည်။ KNPP အတွက် ခဲယဉ်းကျပ် တည်းသည့် ရလဒ်မျိုးပေါ်ထွက်လာခဲ့သည်ဟု ဆိုနိုင်ပါ သည်။ KIO နှင့် SSA/SSPP ကဲ့သို့သော အဖွဲ့အစည်းများ နှင့် နှစ်ပေါင်းများစွာ နီးစပ်သည့် ဆက်ဆံရေးရှိခဲ့ကြသော် လည်း ၎င်းတို့အနေဖြင့် UNFC မဟာမိတ်အဖြစ်သာ မဖြစ် မနေ ဆက်လက်ရပ်တည်ရမည်ဟု KNPP ခေါင်းဆောင် များက ရည်ညွှန်းပြောဆိုခဲ့ကြသည်။ “ပန်ဆန်းညီလာခံမှာ ‘ဝ’ ဖက်ကထုတ်ပြန်ခဲ့တဲ့ ကြေညာချက်ထဲမှာ တရုတ်ရဲ့ ရပ်ဝန်းနဲ့ ပိုးလမ်းမစီမံကိန်းကို လိုက်နာဆောင်ရွက်သွား မယ်လို့ ပြောထားတယ်” ဟု KNPP ကိုယ်စားလှယ်ခူညေး ရယ်က ပြောဆိုခဲ့သည်။ “ဒါကတော့ ကျနော်တို့ရဲ့ ချဉ်း ကပ်မှုပုံစံနဲ့ ဆန့်ကျင်ဖက်ဖြစ်နေတဲ့အတွက် နိုင်ငံရေးအရ ကျနော်တို့ လက်တွဲဆောင်ရွက်ဖို့ မဖြစ်နိုင်တော့ဘူး။ ပထဝီနိုင်ငံရေးအရလည်း သူတို့နဲ့ အတော်အလှမ်းဝေးပါ တယ်။”[၁၄]

မေလကုန်ပိုင်း ဒုတိယအကြိမ်မြောက် ၂၁ ရာစု ပင်လုံညီလာခံရက် နီးကပ်လာခဲ့သော်လည်း နိုင်ငံရေး အခင်းအကျင်းသည် အချိန်အခါကောင်းနှင့် အလှမ်းဝေး နေဆဲဖြစ်သည်။

## ဒုတိယအကြိမ်မြောက် “၂၁ ရာစု ပင်လုံ” ညီလာခံ

ဒုတိယအကြိမ် “၂၁ ရာစု ပင်လုံညီလာခံ” ခေါ်ယူ ကျင်းပခဲ့သည့် ၂၀၁၇ ခုနှစ် မေလကုန်ပိုင်း အခင်းအကျင်း သည်အလွန်သတိထားရသည့် အခါသမယ ဖြစ်နေခဲ့သည် ဟုဆိုနိုင်ပါသည်။ NCAလက်မှတ်ထိုးအဖွဲ့ (၈)ဖွဲ့အပါအဝင် အစိုးရ၊ တပ်မတော်၊ နိုင်ငံရေးပါတီများ၊ အရပ်ဖက်လူမှု အဖွဲ့အစည်းများနှင့် EAO များမှ ကိုယ်စားလှယ်ပေါင်း ၇၀၀ ဝန်းကျင်ခန့် တက်ရောက်ပါဝင်ခဲ့ကြသည်။ KNPP နှင့် ကျန်ရှိ UNFC အဖွဲ့ဝင်များသည် အစိုးရနှင့် တွေ့ဆုံဆွေး နွေးခဲ့ပြီးနောက်ပိုင်း အခြေခံမူ “ရှစ်ချက်” အပေါ် သဘော တူညီမှုမရရှိခဲ့သဖြင့် တက်ရောက်ပါဝင်ခဲ့ခြင်း မရှိကြပေ။ “သူတို့ဖက်က စေ့စပ်ညှိနှိုင်းလာမယ့်အချိန်ထိ ကျနော်တို့ ကတော့ UNFC ရဲ့ အဆိုပြုချက် (၈) ခုကိုဆက်လက်ကိုင် စွဲသွားမှာပါ” ဟု KNPP ၏ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်တစ်ဦး ဖြစ်သည့် ခူးဦးရယ် ရှင်းလင်းပြောဆိုသွားခဲ့သည်။[၁၅] သို့ သော်လည်း တရုတ်၏ နောက်ဆုံးအနားကပ် စည်းရုံးတွန်း အားပေးမှုကြောင့် FPNCC အဖွဲ့ဝင်များ ယူနန်ပြည်နယ်မှ လေကြောင်းဖြင့် ထွက်ခွာလာခဲ့သဖြင့် အားလုံးအံ့ဩမင် တက်သွားခဲ့ကြသည်။ FPNCCအဖွဲ့ဝင်များကအခမ်းအနား အစီအစဉ်များ၌ ပါဝင်ဆွေးနွေးခဲ့ကြခြင်း မရှိခဲ့ကြသော် လည်း ၎င်းတို့ရှိနေခြင်းက NCA၌ အကန့်အသတ်များရှိနေ ကြောင်း NLD အနေဖြင့် ကောင်းစွာနားလည်သဘော ပေါက်သည်ဟု ရည်ညွှန်းဖော်ပြလျက်ရှိသည်။ “အပစ် အခတ်ရပ်စဲရေး စေ့စပ်ညှိနှိုင်းမှုတွေက အပေါ်ယံပြဿနာ တွေကိုတော့ ပြေလည်သွားစေနိုင်ပေမယ့် နိုင်ငံရေးတွေ့ ဆုံဆွေးနွေးမှုကသာ တကယ့်ဇစ်မြစ်အကြောင်းရင်းဖြစ်တဲ့ နာကျည်းနစ်နာချက်တွေကို ကုစားပေးနိုင်မှာပါ” ဟု အဖွင့် မိန့်ခွန်းအတွင်း ဒေါ်အောင်ဆန်းစုကြည် ထည့်သွင်းပြော ဆိုသွားခဲ့သည်။ “ဒါကြောင့်လည်း NCAချည်းသက်သက်ကို အန္တိမရည်မှန်းချက်ပန်းတိုင်အနေနဲ့ မထားသင့်ပါဘူး။”[၁၆]

သို့သော်လည်း ထပ်မံကျင်းပခဲ့သည့် ညီလာခံ၌ မည်မည်ရရ တိုးတက်ဖြစ်ထွန်းမှု တစ်စုံတစ်ရာရရှိခြင်း မရှိ ခဲ့ပေ။ Frontier Myanmar မဂ္ဂဇင်း၌ “ပင်လုံသဘောတူ ညီချက်လား သို့မဟုတ် သဘောထားကွဲလွဲချက်လား” ဟု မေးခွန်းထုတ်ခဲ့သည်။[၁၇] ညီလာခံအပြီးပြည်ထောင်စုသဘော တူညီချက်အသစ်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ မြေနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကဏ္ဍများနှင့်ပတ်သက်၍ အခြေခံမူစုစုပေါင်း ၅၄ ချက်ရှိရာ၌ ၃၇ ချက်ကို သဘောတူ ညီမှုရရှိခဲ့သည်ဟု နိုင်ငံပိုင်မီဒီယာမှ ထုတ်ပြန်ခဲ့သည်။[၁၈] အနာဂတ်နိုင်ငံရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုများကို “ဖက် ဒရယ်” အခြေခံမူများပေါ် အခြေခံသွားမည်ဟု ဖော်ပြထား သည်။ သို့သော်လည်း “အမျိုးသားအဆင့်” သဘောတူညီ ချက်နှင့် ပတ်သက်သည့် ဤအမြင်ရှုထောင့်ကို တိုင်းရင်း သားကိုယ်စားလှယ်များအကြား ကျယ်ကျယ်ပြန့်ပြန့်နား လည်လက်ခံခဲ့ကြသည်တော့ မဟုတ်ပေ။ နိုင်ငံအတွင်းရှိ တိုင်းရင်းသားအင်အားစုများ အားလုံးပါဝင်ဆောင်ရွက်မှု မရှိဘဲ သို့မဟုတ် တစ်နိုင်ငံလုံးအတိုင်းအတာ ငြိမ်းချမ်းရေး မရရှိမီ ပြည်ထောင်စုသဘောတူညီချက်များကို ထုတ်ပြန်

ကြေညာခဲ့သလို ညီလာခံ၌ အရေးကြီးသည့် ကိစ္စရပ်အမြောက်အများကို ထဲထဲဝင်ဝင် ဆွေးနွေးအဖြေရှာနိုင်ခြင်း အလျဉ်းမရှိခဲ့ပေ။ မတူညီသည့် အမြင်သဘောထားခြင်း ထိပ်တိုက်တွေ့လာပါက ညီလာခံတက်ရောက်ကြသည့် ကိုယ်စားလှယ်များမဟုတ်ဘဲ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူး တွဲကော်မတီကသာ ရွေးချယ်ဆုံးဖြတ်သွားခဲ့သည်။ အမှန်တကယ်တမ်း၌ NCA နှင့် ၂၁ ရာစု ပင်လုံလုပ်ငန်းစဉ်တို့၏ လားရာဦးတည်ချက်ကို NLD သို့မဟုတ် ညီလာခံ ကိုယ်စားလှယ်များထက်စာလျှင် တပ်မတော် ကိုယ်စားလှယ်များကသာအများအားဖြင့်ထိန်းချုပ်မောင်းနှင်သွားခဲ့သည်ဟု ဆိုနိုင်ပါသည်။[၁၉]

အဆုံး၌ ကရင်နီအခင်းအကျင်းအတွက် အထူးအရေးပါသည့် ကိစ္စရပ်တစ်ခုဖြစ်သည့် ၁၉၄၇ ခုနှစ် ခွဲထွက်ပိုင်ခွင့် အခွင့်အရေးနှင့်ပတ်သက်၍ ညီလာခံ၌ အကြီးအကျယ် သဘောထားကွဲလွဲမှုများ ပေါ်ပေါက်လာခဲ့သည်။ ပြည်ထောင်စုသဘောတူညီချက်သစ်၏ပြည်နယ်နှင့်တိုင်းရင်းသားအခွင့်အရေးကဏ္ဍကို ဆွေးနွေးကြရာ၌ “ခွဲမထွက်ရေး” ကို အခြေခံမူတစ်ခုအဖြစ် ထည့်သွင်းထားရှိရန် တပ်မတော်သားကိုယ်စားလှယ်များက စတင်တွန်းအားပေးရာမှအချေအတင် ဖြစ်လာခဲ့ခြင်းဖြစ်သည်။[၂၀] တပ်မတော်၏ ယခုအဆိုပြုချက်ကို ၁၉၄၇ ခုနှစ်ပင် လုံသဘောတူညီချက်၏ အနှစ်သာရနှင့် ဆန့်ကျင်လျက်ရှိသည်ဟု သတ်မှတ်ယူဆခဲ့ကြသည်။တိုင်းရင်းသားကိုယ်စားလှယ်များကလည်း တစ်နိုင်ငံလုံးအတိုင်းအတာ ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများကိုမဖော်ဆောင်နိုင်မီ “ခွဲမထွက်ရေး” အခြေခံမူကို ထည့်သွင်းရန်ပြင်ဆင်ခြင်းသည်တစ်ဖက်စောင်းနင်းဖြင့် ဆန္ဒစောလွန်းရာရောက်နေသည်ဟု ယူဆခဲ့ကြသည်။ ထို့အပြင် နိုင်ငံအတွင်းရှိ ပါဝင်သင့်ပါဝင်ထိုက်သည့် လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းပေါင်းများစွာ လစ်လပ်နေဆဲ အခြေအနေမျိုးရှိနေသည့် ညီလာခံ၌ဤမျှအရေးကြီးသော ကိစ္စရပ်ကို မည်ကဲ့သို့ဆုံးဖြတ်သွားနိုင်မည်နည်းဟုလည်း မေးခွန်းထုတ်ခဲ့ကြသည်။ သဘောထားကွဲလွဲမှုများနှစ်ရက်လုံးလုံး ဆက်လက်ဖြစ်ပွားနေခဲ့သည်။ အဆုံး၌ “ခွဲမထွက်ရေး” အခြေခံမူကို နောင်တွင်ဆက်လက်ဆွေးနွေးရန်အတွက် ခေတ္တဘေးဖယ်ထားရန် ဆုံးဖြတ်ခဲ့ကြသည်။ သို့သော်လည်း ဤကဲ့သို့ ချန်ထားရစ်ခဲ့ခြင်းက သဘောတူညီချက်ရရှိရန် လိုအပ်သည့် အခြားဆက်စပ်ကိစ္စရပ်ပေါင်းများစွာကိုပါ နှောင့်နှေးကြန့်ကြာသွားစေခဲ့သည်။ ညီလာခံ၌ “ခွဲမထွက်ရေး” အခြေခံမူကို တိုင်းရင်းသားအင်အားစုများ လက်မခံနိုင်ကြောင်း ငြင်းဆန်ခဲ့ကြသည့်အခါ NLD နှင့် တပ်မတော်သား ကိုယ်စားလှယ်များကလည်း အခြားနိုင်ငံရေးကိစ္စများကို ဆက်လက်ဆွေးနွေးမှုမပြုနိုင်ဟု ငြင်းဆန်ခဲ့ကြပြန်သည်။

နောက်ပိုင်း ရက်သတ္တပတ်များအတွင်း နိုင်ငံရေးရေခံမြေခံသည် ပို၍ပင် ယိုယွင်းဆုတ်ယုတ်လာခဲ့သည်။ တပ်မတော်သည် နိုင်ငံအနှံ့လုံခြုံရေးအရ တိုး၍ဖိအားပေးလာခဲ့ပြီး အရာရှိများကလည်း “အကြမ်းဖက်ဝါဒ” နှိပ်ကွပ်ရေးဟူသည့် စကားရပ်ကို တွင်တွင်အသုံးပြုလာကြသည်။ အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးရခြင်း မရှိသေးသည့် အဖွဲ့အစည်းများကို အတိအလင်းသတိပေးသည့် အနေဖြင့် ကချင်ပြည်နယ် တနိုင်းဒေသတစ်လွှား ပယင်းတူးဖော်လျက်ရှိသည့် ဒေသများ၌ “နယ်မြေရှင်းလင်းရေးလုပ်ငန်းများ” ကို အကြီးအကျယ်ဖော်ဆောင်လာခဲ့သည်။ “ဖြတ်လေးဖြတ်” နည်းဗျူဟာ ပြန်လည်အသက်ဝင်လာခဲ့ပြီး နယ်ခံကျေးရွာလူထုများကို မိမိတို့၏ နေအိမ်များမှ သတ်မှတ်စုစည်းနေရာများသို့ ရွှေ့ပြောင်းနေရာချကြရန် သို့မဟုတ်ပါက ရန်သူ (KIO) အဖြစ် သတ်မှတ်ချေမှုန်းသွားမည်ဖြစ်ကြောင်း အမိန့်ထုတ်ပြန်ခဲ့သည်။[၂၁] နိုင်ငံတကာ၏ အလေးထားအာရုံစိုက်မှုကို ထောက်ပြပြောဆိုရမည်ဆိုပါက ဇူလိုင်လခရီးစဉ် အဆုံးပိုင်း၌ “ယခင်အစိုးရ အသုံးပြုခဲ့သည့် နည်းဗျူဟာများကို ထပ်မံအသုံးပြုလာသည်ကို” တွေ့ရှိရသဖြင့် လွန်စွာစိတ်ပျက်ခဲ့ရသည်ဟု ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာအထူးကိုယ်စားလှယ်ယန်ဟီးလီက သတိပေးပြောဆိုသွားခဲ့သည်။[၂၂]

ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသ၌ အကြမ်းဖက်မှု တစ်ကျော့ပြန်ပေါက်ကွဲ ထွက်ပေါ်လာခဲ့သည့် ဩဂုတ်လကုန်ပိုင်းအပြီး အဆိုးရွားဆုံးအခြေအနေများ ပေါ်ပေါက်လာခဲ့သည်။ ကိုဖီအာနန်ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်က ရခိုင်အရေးအခင်း ပြေလည်သွားစေရန် ၎င်းတို့ပြင်ဆင်ထားသည့် တိုက်တွန်းအကြံပြုချက်များကို ထုတ်ပြန်ခဲ့ပြီးနောက်တစ်နေ့၌ ARSA ၏ တိုက်ခိုက်မှုများ[၂၃] ဆက်တိုက်ဆိုသလို ပေါ်ပေါက်လာခဲ့ပြီးနောက် တပ်မတော်၏ ရက်ရက်စက်စက်တန်ပြန်တိုက်ခိုက်မှုများ လိုက်ပါလာခဲ့ပြီး အစိုးရဖက်ကလည်း “အစွန်းရောက် အကြမ်းဖက်သမားများ” ဟု သုံးနှုန်းဖော်ပြလာခဲ့

သည်။[၂၄] နောက်ပိုင်း ရက်သတ္တပတ်များအတွင်း နယ်ခံမွတ်စလင်လူထုကို မောင်းထုတ်ရန်ကြံရွယ်သည့် နေအိမ်မီးတင်ရှို့မှုနှင့် အကြမ်းဖက်မှုများကြောင့် လူပေါင်းရာနှင့်ချီ၍ သေကျေပျက်စီးခဲ့ရသည်ဟူသည့် သတင်းများလည်း ပေါ်ထွက်လာခဲ့သည်။ ကုလသမဂ္ဂ ထုတ်ပြန်ချက်အရ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ရောက်နှင့်နေပြီးဖြစ်သည့် လူပေါင်း ၃၅၀၀၀၀ ကျော်ခန့်နှင့် သွားရောက်ပူးပေါင်းရန်အတွက် အနည်းဆုံးစစ်ဘေးဒုက္ခသည်ပေါင်း ၆၇၀၀၀၀ ခန့် နယ်စပ်ကိုဖြတ်ကျော်သွားခဲ့သည်ဟု သိရှိခဲ့ရသည်။[၂၅] တပ်မတော်၏တန်ပြန်တိုက်ခိုက်မှုများအတွက် ဗုဒ္ဓဘာသာအခြေပြု အမျိုးသားရေးဝါဒီများ၏ ထောက်ခံအားပေးမှုအချို့ ရရှိခဲ့သော်လည်း တစ်ချိန်က လူ့အခွင့်အရေးမျှော်မှန်းချက်များနှင့် မျှော်လင့်ချက်များအတွက် ၎င်းတို့ အကြီးအကျယ်ရင်းနှီးမြှုပ်နှံခဲ့သည့် NLD နှင့် ဒေါ်အောင်ဆန်းစုကြည်ထံမှ လောက်လောက်လားလား တုန့်ပြန်အရေးယူဆောင်ရွက်မှုပေါ်ထွက်မလာခဲ့ခြင်းက နိုင်ငံတကာအသိုက်အဝန်းအတွက် အကြီးအကျယ် စိတ်ပျက်စရာဖြစ်ခဲ့သည်။ အစိုးရအရာရှိများကလည်း ရခိုင်ပြည်နယ်မြောက်ပိုင်း ရှေ့တန်းနယ်မြေဒေသတစ်လျှောက် မီးတင်းနေထိုင်လျက်ရှိသည့်မွတ်စလင်လူထုလူတန်းစားများကို မြေလှန်ရှင်းလင်းလျက်ရှိသည့် တပ်မတော်၏ စစ်ဆင်ရေးလုပ်ငန်းများကို ကာကွယ်ပြောဆိုခဲ့ကြပုံရသည်။

သို့သော်လည်း "ရိုဟင်ဂျာအရေးအခင်း" သည် "၂၁ ရာစုပင်လုံညီလာခံ" ၌ရော NCA လုပ်ငန်းစဉ်၌ပါ ဆွေးနွေးရမည့် အကြောင်းအရာတစ်ခုအဖြစ် ပါဝင်လာခဲ့ခြင်းမရှိသလို NLD သည်လည်း မွတ်စလင်တစ်ဦးတစ်ယောက်ကိုမျှ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွင်း ပါတီကိုကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်စေခြင်း မရှိခဲ့ပေ။ အောက်တိုဘာလ၌ ဒေါ်အောင်ဆန်းစုကြည်က "ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီပေးရေး၊ ပြန်လည်နေရာချထားရေးနှင့် ဖွံ့ဖြိုးရေးစီမံကိန်းကော်မတီ (UEHRD)" ကို ဖွဲ့စည်းတည်ထောင်လိုက်သည်ဟုကြေညာခဲ့သည်။ သို့သော်လည်း ၂၀၁၇ ခုနှစ်သာကုန်လာခဲ့သော်လည်း အရေးပေါ် လူသားချင်းစာနာထောက်ထားရေးအကူအညီ လိုအပ်ချက်သည် အခြားပြည်တွင်းနိုင်ငံရေးအရွေ့များ၏ လောင်းရိပ်အောက်၌ တိမ်မြှုပ်ပျောက်ကွယ်နေခဲ့သည်။ ကုလသမဂ္ဂအထူးကိုယ်စားလှယ် ယန်ဟီးလီအား ၎င်း၏ တာဝန်ကာလအတွင်း မြန်မာနိုင်ငံသို့ ထပ်မံဝင်ရောက်ခွင့်ပြုမည်မဟုတ်ကြောင်း ထုတ်ပြန်ကြေ



ရှားတောမြို့နယ်၏ စေတီပရဝဏ်တစ်ခုအတွင်းရှိ တပ်မတော်စခန်း

ညာလာခဲ့သဖြင့် မြန်မာအစိုးရအပေါ် နိုင်ငံတကာ၏ ယုံကြည်စိတ်ချမှု ပိုမိုပျက်ယွင်းသွားခဲ့သည်။[၂၆] ရခိုင်ပြည်နယ်အတွင်းရှိ မွတ်စလင်လူထုလူတန်းစားများ၏ အခွင့်အရေးကိုဖြည့်ဆည်းဆောင်ရွက်ပေးရမည့် ကိစ္စရပ်သည် လက်ရှိအမျိုးသားနိုင်ငံရေးဇာတ်ခုံပေါ်ရှိ NLD ၏ တတ်ကျွမ်းနားလည်မှုနှင့် စွမ်းဆောင်ရည်ပြင်ပသို့ ရောက်ရှိနေသည့်ရင်ဆိုင်ကျော်လွှားရန် မစွမ်းသာသည့် စိန်ခေါ်မှုကြီးတစ်ရပ်ဖြစ်လာခဲ့ပုံရသည်။

ဤကဲ့သို့သောဖြစ်ရပ်သာဓကများက နိုင်ငံအဝှမ်း NLD အစိုးရ၏ နိုင်ငံရေးဦးတည်ချက်အပေါ် အယုံအကြည်တန်လာစေမည့် သံသယများကို ကျိန်းသေပေါ်ပေါက်စေခဲ့သည်။ မေလအတွင်း ခေါ်ယူကျင်းပခဲ့သည့် "၂၁ရာစုပင်လုံ" ညီလာခံအပြီး၌ KNU နှင့်အတူ အခြား NCA လက်မှတ်ရေးထိုးထားသည့် အဖွဲ့အစည်း (၇) ဖွဲ့သည် အကောင်အထည်ဖော်မှုကို ပြန်လည်သုံးသပ်မည့် လုပ်ငန်းစဉ်တစ်ရပ်အတွက် စတင်ပြင်ဆင်လာခဲ့သည်။ နောက် ဆုံးစီစဉ်ကျင်းပခဲ့သည့် ပင်လုံညီလာခံသည် NCA ၏ အနှစ်သာရနှင့် သဘောတူ

## တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ၊ ၂၀၁၈ ခုနှစ် ဧပြီလ။[၂၈]

ရက္ခိုင့်တပ်မတော် [၁၂၃၄]
ရခိုင်ပြည်လွတ်မြောက်ရေးပါတီ [၂၅၆]
ရက္ခိုင်အမျိုးသားကောင်စီ [၁၂၇]
ချင်းအမျိုးသားတပ်ဦး [၂၅၆၈]
တိုးတက်သောဒီမိုကရေစီကရင်အမျိုးသားတပ်မတော် [၂၅၆]
ကချင်လွတ်လပ်ရေးအဖွဲ့အစည်း [၁၂၃၄၈]
ကရင်အမျိုးသားအစည်းအရုံး [၂၅၆၈]
ကရင်နီအမျိုးသားတိုးတက်ရေးပါတီ [၂၅၇]
KNU/KNLA ငြိမ်းချမ်းရေးကောင်စီ [၂၅၆]
လားဟူဒီမိုကရက်တစ်အစည်းအရုံး [၂၆၇]
မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် [၁၂၃၄၈]
အမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော် [၄၅]
နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ–ကပ္ပလန်*
မွန်ပြည်သစ်ပါတီ [၂၅၆၇]
ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့အစည်း [၂၅၆၈]
သျှမ်းပြည်တပ်မတော်/
သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ [၅၆]
သျှမ်းပြည်တပ်မတော်/
ရှမ်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးပါတီ [၂၄၅၇]**
တအာန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် [၁၂၃၄၈]
ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် [၄၅]
ဝအမျိုးသားအဖွဲ့အစည်း [၁၂၄၈]
ဗမာနိုင်ငံလုံးဆိုင်ရာ ဒီမိုကရေစီကျောင်းသားတပ်မတော် [၅၆]***

၁ အစိုးရနှင့် အပစ်အခတ်ရပ်စဲထားခြင်းမရှိ
၂ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ညှိနှိုင်း ဆွေးနွေးမှုအဖွဲ့
၃ မြောက်ပိုင်းမဟာမိတ်အဖွဲ့
၄ ဖက်ဒရယ်နိုင်ငံရေး ညှိနှိုင်းဆွေးနွေးမှု အတိုင်ပင်ခံ ကော်မတီ
၅ အစိုးရနှင့် အပစ်အခတ်ရပ်စဲထား
၆ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်အဖွဲ့ဝင်
၇ စည်းလုံးညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ
၈ UNFC အဖွဲ့ဝင်ဟောင်း

* အိန္ဒိယ၌လည်း လှုပ်ရှားလျက်ရှိ
** UNFC မှ နှုတ်ထွက်ပြီးသော်လည်း တရားဝင် အတည်ပြုရန်လိုအပ်နေဆဲ
*** တိုင်းရင်းသားဒေသ၌ အခြေစိုက်သော်လည်း တိုင်းရင်းသားအခြေပြုမဟုတ်သည့်တပ်ဖွဲ့



KNPP စစ်သားသုံးဦးနှင့် အရပ်သားတစ်ဦး တပ်မတော်၏ သတ်ဖြတ်ခြင်းခံရသည့်အပေါ် ဆန့်ကျင်ဆန္ဒပြသည့် လှုပ်ရှားတက်ကြွသူများကို ဖမ်းဆီးထိန်းသိမ်းထားသဖြင့် ဆန္ဒပြနေကြခြင်း (KT)

ထားပြီးဖြစ်သည့်လုပ်ထုံးလုပ်နည်းများကိုလိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည်ဟူသည့် သုံးသပ်ချက်များ တွင်ကျယ်ပျံ့နှံ့လာခဲ့သည်။ ထို့အပြင် နိုင်ငံရေးနည်းဖြင့် အဖြေရှာကြရာ၌ အစိုးရနှင့် တပ်မတော်တို့ဖက်မှ လက်ရည်တပြင်တည်းတန်းတူထား ဆက်ဆံခဲ့ခြင်းမရှိသကဲ့သို့ EAO များဖက်က ခံစားခဲ့ကြရပုံပေါ်သည်။ နိုင်ငံ၏ ဒေသအများအပြား၌ လက်နက်ကိုင်တိုက်ပွဲများ ဆက်လက်ဖြစ်ပွားလျက်ရှိသဖြင့် မည်သည့်ငြိမ်းချမ်းရေးလမ်းစဉ်ကို အစိုးရဖက်က အမှန်တကယ်လိုက်လျှောက်နေကြောင်း ရှင်းလင်းပြတ်သားမှုမရှိဘဲ ဝေဝါးလာခဲ့သည်။ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အသစ် လက်မှတ်ရေးထိုးခဲ့ပြီးငါးနှစ်အကြာ NCA သက်တမ်း ၁၈ လပင်ရှိလာခဲ့သော်လည်း နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စစ်ဘေးဒုက္ခသည် ပြန်လည်နေရာချထားရေးနှင့် သာတူညီမျှဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အခြေခံအကျဆုံး ကိစ္စရပ်လေးများကိုပင်လျှင်တိုးတက်ဖြစ်ထွန်းလာအောင် စွမ်းဆောင်နိုင်ခြင်းမရှိသေးပေ။

မိမိတို့သည် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှုများကိုဆက်လက်ဖော်ဆောင်ရန် ဆန္ဒရှိနေကြောင်း ဖော်ပြသည့်အနေဖြင့် KNPP ခေါင်းဆောင်များသည် UNFC နှင့် FPNCC တို့၏ အဖွဲ့ဝင်အဖြစ်ပါဝင်ခဲ့ကြသည်။ သြဂုတ်လလယ်ပိုင်း၌ NCA သဘောတူလက်မှတ် ရေးထိုးသွားရန်အတွက် UNFC ၏ "အဆိုပြုချက် (၈) ချက်" မှ လေးချက်ကိုအစိုးရ ငြိမ်းချမ်းရေးကော်မရှင်နှင့် သဘောတူညီချက်ရရှိခဲ့ကြောင်း သတင်းများထွက်ပေါ်လာခဲ့သည်။[၂၇] တစ်ချိန်တည်းလိုလို၌ FPNCC ကလည်း ၎င်းတို့အနေဖြင့် လာမည့် "၂၁ရာစုပင်လုံ" အစည်းအဝေးသို့ တက်ရောက်ပါဝင်သွားရန်ဆန္ဒရှိသည်ဟု ထုတ်ပြန်ကြေညာခဲ့သည်။ မဟာမိတ်အဖွဲ့က "တန်းတူညီမျှရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့်ကိုအာမခံပေးမည့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတစ်ရပ်တည်ဆောက်သွားလိုပါက" တပ်မတော်အနေဖြင့် ၎င်းတို့အပေါ် "ထိုးစစ်ဆင်တိုက်ခိုက်မှုများ" ကို ရပ်ဆိုင်း၍ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများကို အမြန်ဆုံးအကောင်အထည်ဖော်ရန် တိုက်တွန်းတောင်းဆိုခဲ့ကြသည်။[၂၈] မည်သို့ဆိုစေဒေါ်အောင်ဆန်းစုကြည်သည် "ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ပါဝင်ဆောင်ရွက်လိုသည့်" EAO များအားလုံး NCA ကိုဦးစွာလက်မှတ်ထိုးရမည်ဟူသည့် သဘောထားကို ဆက်လက်ဆုပ်ကိုင်ထားခဲ့ပုံရသည်။[၂၉] ထို့ကြောင့် UNFC နှင့် အစိုးရငြိမ်းချမ်းရေးကော်မရှင်အကြား ရန်ကုန်မြို့၌ ဆက်လက်

တွေ့ဆုံဆွေးနွေးခဲ့ကြသော်လည်း မည်သည့်သဘောတူညီချက်ကိုမျှ ရရှိခဲ့ခြင်းမရှိပေ။[၃၁] ထို့အပြင် KNPP ၏ အရင်းဆုံးမဟာမိတ်ဖြစ်သည့် မွန်ပြည်သစ်ပါတီ၏ စစ်ဆေးရေးဂိတ်စခန်းသုံးခုကို တပ်မတော် တိုက်ခိုက်သိမ်းပိုက်ခဲ့ခြင်းက UNFC အတွက် သံချောင်းခေါက်သံဖြစ်လာခဲ့သည်။ ပါတီကို NCA လက်မှတ်ရေးထိုးပါဟု တိုက်ရိုက်မပြောရုံတမယ် ခြိမ်းခြောက်ဖိအားပေးသည့် အားထုတ်မှုတစ်ရပ်ပင်ဖြစ်သည်။[၃၂]

မည်သို့ဖြစ်စေ နိုဝင်ဘာလအရောက်တွင် KNPP နှင့် လက်ကျန် UNFC အဖွဲ့ဝင်များ NCA လက်မှတ်ရေးထိုးနိုင်သည့် အလားအလာမြင့်တက်လာခဲ့ပြန်သည်။ UNFC ညှိနှိုင်းဆွေးနွေးရေးအဖွဲ့ကို ဦးဆောင်သူဖြစ်သူခူဦးရယ် ကရန်ကုန်မြို့၌ နောက်ဆုံးကျင်းပခဲ့သည့် အစည်းအဝေးအတွင်း ပြင်ဆင်ရေးအတွက် "အဆိုပြုချက် (၈) ချက်" ကို ဆွေးနွေးကြရာ၌ တိုးတက်မှုများရှိလာခဲ့သည်ဟု ရည်ညွှန်းပြောဆိုသွားခဲ့သည်။ "ပြီးသလောက်ကို ဖြစ်နေပါပြီ" ဟု ဆက်လက်ပြောဆိုသွားခဲ့သည်။[၃၃]

မြန်မာနိုင်ငံအတွင်း ငြိမ်းချမ်းရေးအလှည့်အပြောင်းတစ်ခုဖြစ်ပေါ်လာတော့မယောင် မျှော်လင့်ယုံကြည်ခဲ့ကြသူများအနေဖြင့် ယခုတစ်ကြိမ်တွင်လည်း ဆန္ဒစောလွန်းခဲ့ကြပြန်သည်။

## တစ်ကျော့ပြန်အရေးအခင်းများနှင့် မျက်မှောက်ခေတ်တစ်ဆို့မှု

ကယားပြည်နယ်အတွင်း ငြိမ်းချမ်းရေးအလှည့်အပြောင်းတစ်ခု ဖြစ်ပေါ်လာတော့မည့် အရိပ်အယောင်တစ်ခု ပေါ်ပေါက်လာရုံသာရှိသေးသည့် အခြေအနေ၌ တပ်မတော်တိုင်းစစ်ဆင်ရေးဗျူဟာ၏ တပ်စိတ်တစ်ခုက ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် အရပ်သားတစ်ဦးနှင့် KNPP စစ်သားသုံးဦးကို သတ်ဖြတ်ခဲ့ခြင်းကြောင့် ယုံကြည်မှုပျက်ပြားသွားခဲ့ရပြန်သည်။ အခြေအနေအရပ်ရပ်သည် မရှင်းမလင်းဖြင့် မှောင်ကျသွားခဲ့သည်။ သို့သော်လည်း လွိုင်ကော်မြို့အနီး ရှားတောသို့အထွက် ကားလမ်းမပေါ်ရှိ KNPP စစ်ဆေးရေးဂိတ်ကြောင့် တရားမဝင်သစ်ခိုးထုတ်မှုအထောက်အထားများပေါ်ပေါက်သွားခဲ့သည့်ကိစ္စရပ်အပေါ် ကလဲ့စားချေသည့်အနေဖြင့် ၎င်းတို့ကို ဖမ်းဆီးသတ်ဖြတ်ခဲ့ခြင်းဖြစ်သည်ဟူ၍နောက်ပိုင်းသတင်းများထွက်ပေါ်လာခဲ့သည်။[၃၄] အဆိုပါသတ်ဖြတ်မှုကိုဆန့်ကျင်ကန့်ကွက်သည့်လှုပ်ရှားမှုများနေရာအနှံ့ ပျံ့နှံ့လာခဲ့သဖြင့် ကရင်နီပြည်လူငယ်များသမဂ္ဂနှင့် ကရင်နီပြည်တောင်သူများသမဂ္ဂ (KSFU)တို့မှ ဦးဆောင်ဆန့်ကျင်ခဲ့ကြသူ (၅) ဦးကို ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေပုဒ်မ (၁၉) ကို ချိုးဖောက်သည်ဟု စွပ်စွဲပြောဆိုကာ လွိုင်ကော်မြို့၌ ဖမ်းဆီးထိန်းသိမ်း၍ ထောင်ဒဏ်ရက် (၂၀) ချမှတ်ခဲ့သဖြင့် နယ်ခံလူထုများ၏ မကျေမချမ်းသံများ ပိုမိုကျယ်လောင်လာခဲ့သည်။ [၃၅]

တင်းမာမှုများကို ဖြေလျှော့မည့် အားထုတ်မှုတစ်ရပ်အဖြစ် ဒေါ်အောင်ဆန်းစုကြည်သည် ဒီဇင်ဘာလကုန်ပိုင်း၌ နိုင်ငံအနှံ့လှည့်လည်၍ လူထုများအား "ရွှေပြည်အေးတရားဟော"သွားမည့် ပဉ္စမမြောက်အခမ်းအနားအစီအစဉ်အတိုင်း ကယားပြည်နယ်သို့ ရောက်ရှိလာခဲ့သည်။ ၎င်း၏ မိန့်ခွန်းအတွင်း တိုင်းရင်းသားတန်းတူညီမျှရေး၊ ဖက်ဒရယ်နှင့် တပ်မတော်၏ လှုပ်ရှားမှုများနှင့်ပတ်သက်သည့် လူထုလူတန်းစားများ၏ စိုးရိမ်ပူပန်မှုများကို ဖြေရှင်းပေးသွားမည်ဟု ထည့်သွင်းပြောဆိုသွားခဲ့သည်။[၃၆] သို့သော်လည်း လွိုင်ကော်မြို့၌ ဇန်နဝါရီလ ၅ ရက်နေ့တွင် ပြုလုပ်ခဲ့သည့် ဆန္ဒဖော်ထုတ်ပွဲကို ဦးဆောင်ခဲ့သဖြင့် အထင်ကရနယ်ခံပုဂ္ဂိုလ်သုံးဦးကို ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေဖြင့် ထပ်မံဖမ်းဆီးအရေးယူခဲ့ပြန်သဖြင့် နယ်ခံလူထု၏ အမုန်းအာဃာတသည်သာလျှင် ပို၍ကြီးထွားလာခဲ့သည်။ ၎င်းတို့သည် အစောပိုင်း တရားစွဲဆိုအရေးယူမှုများကို ဆန့်ကျင်သည့်အနေဖြင့် ဆန္ဒဖော်ထုတ်ခဲ့ကြခြင်းဖြစ်သည်။ အဖမ်းခံခဲ့ရသူများ၌ ကယန်းအမျိုးသားပါတီဥက္ကဋ္ဌဖြစ်သူ ခွန်းဘီထူး၊ KSFU ဥက္ကဋ္ဌဖြစ်သူ ခူးတော်ရယ်နှင့် ကယန်းမျိုးဆက်သစ်လူငယ် (KNGY)အဖွဲ့ဝင်ဖြစ်သူ ခွန်းအသန်းတို့ ပါဝင်ခဲ့သည်။[၃၇] ကရင်နီပါတီများနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများ ယမ်းပုံမီးကျနာကျည်းဒေါသထွက်ခဲ့ကြရသည်။ ၎င်းတို့က အစိုးရသည် လူသတ်မှုများကို စုံစမ်းစစ်ဆေးမည့်အစား အာရုံလွှဲသည့်အနေဖြင့် ရုတ်ချည်း အာဏာသုံး၍ နှိပ်ကွပ်လာခဲ့ခြင်းဖြစ်သည်ဟု စွပ်စွဲပြောဆိုခဲ့ကြသည်။[၃၈] ဆန္ဒဖော်ထုတ်မှုအတွက် စွဲဆိုထားခဲ့သည့်အမှုများကို နောက်ပိုင်းပြန်လည် ရုပ်သိမ်းသွားခဲ့သော်လည်း လူထု၏ ယုံကြည်ကိုးစားမှုနှင့် ယုံကြည်စိတ်ချမှုများ ဆိုးဆိုးရွားရွားပျက်စီးသွားခဲ့ပြီဖြစ်သည်။

ဤကဲ့သို့သော နောက်ခံဖြစ်ရပ်များကြောင့် ဆက်လက်ပြုလုပ်မည့် “၂၁ ရာစု ပင်လုံ” ညီလာခံကို အကြိမ်ပေါင်းများစွာ ရွှေ့ဆိုင်းခဲ့ရသည်။ တပ်မတော်နှင့် FPNCC အဖွဲ့ဝင်များဖြစ်ကြသည့် KIO၊ TNLA၊ MNDAA နှင့် AA တို့ အခြေစိုက်သည့် မြောက်ပိုင်းဒေသများ၌ တိုက်ပွဲများဆက်လက် ဖြစ်ပွားနေခဲ့သည်။ NCA အဖွဲ့ဝင် (၈) ဖွဲ့သည်လည်း ၂၀၁၅ ခုနှစ် NCA လက်မှတ်ရေးထိုးခဲ့စဉ်က တရားဝင်ခွင့်ပြုခဲ့သည့် လူထုတွေ့ဆုံဆွေးနွေးပွဲများ ကျင်းပခြင်းမပြုကြရန် တားမြစ်ကန့်သတ်လာသည့်အပေါ် စိုးရိမ်မကင်းဖြစ်လာမိသည်ဟု ပြောဆိုခဲ့သည်။[၄၉] ကယားပြည်နယ်၌ ဒီဇင်ဘာလ သတ်ဖြတ်မှုများနှင့် လွိုင်ကော်မြို့တွင်းဖြို့ခွင်းနှိမ်နင်းမှုများကို ဖြေရှင်းပေးခြင်းမရှိဘဲ အနာဂတ်ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဆက်လက်ဆောင်ရွက်ရန် မဖြစ်နိုင်ဟူသည့် အမြင်သဘောထားများ ပို၍အားကောင်းလာခဲ့သည်။

နောက်ပိုင်း၌ အစိုးရအတွက် ထင်သာမြင်သာရှိစေသည့် အားပေးထောက်ခံမှုအဖြစ် နေပြည်တော်၌ ကျင်းပသည့်ပြည်ထောင်စုနေ့အခမ်းအနားအပြီး နောက်တစ်ရက်ဖြစ်သည့် ဖေဖော်ဝါရီလ ၁၃ ရက်နေ့၌ NMSP နှင့် LDU တို့သည် UNFC မှ နုတ်ထွက်၍ NCA ကို သဘောတူလက်မှတ်ရေးထိုးသွားခဲ့ကြသည်။[၅၀] အစောပိုင်း ရှေ့တော်ပြေးဖြစ်ခဲ့ကြသည့် (အခန်း ၂ နှင့် ၃ ကိုကြည့်ပါ) အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်အမျိုးသားကောင်စီနှင့် အခြားအစိုးရဆန့်ကျင်ရေး မဟာမိတ်အဖွဲ့များကဲ့သို့ပင် အတိုက်အခံအင်အားစုများအကြားနောက်ထပ် စည်းလုံးညီညွတ်မှုကိုပြခဲ့သည့် UNFC သည်လည်း ယခုတစ်ကြိမ်၌ သမိုင်းစာမျက်နှာထက်မှ တစ်စခန်းရပ်ရန် အကြောင်းဖန်လာခဲ့တော့သည်။ တိုင်းရင်းသားခေါင်းဆောင် အများအပြားက အမြဲတမ်းလိုလို “သွေးခွဲအုပ်ချုပ်သည့်” နည်းဗျူဟာများ (အခန်း ၅ ကိုကြည့်ပါ) ကို အသုံးချလေ့ရှိသည့် တပ်မတော်၏စနက်ပင်ဖြစ်လိမ့်မည်ဟုမှတ်ယူခဲ့ကြသည်။ ထို့အပြင် LDU သည် တပ်မတော်နှင့်မည်သည့်အခါကမျှ အပစ်အခတ်ရပ်စဲခဲ့ဖူးခြင်းမရှိသလို ရှေ့ယခင် မည်သည့်အခါကမျှ ဆွေးနွေးဖက်အဖြစ် တပ်မတော်သဘောမထားခဲ့သည့် အဖွဲ့အစည်းတစ်ရပ်သာဖြစ်သည်။ ဤအချက်များကြောင့် ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပြုပြင်ပြောင်းလဲရေးကို ဆောင်ကျဉ်းပေးမည့် အားလုံးပါဝင်မှုရှိသော လုပ်ငန်းစဉ်တစ်ရပ်ကို ချဉ်းကပ်ဖော်ဆောင်မည့်အစား NCA ကို ထိန်းချုပ်ရေးကိရိယာတစ်ခုအဖြစ် အလျဉ်းသင့်သလို အစိုးရဖက်က အသုံးချသွားခြင်းဖြစ်သည်ဟူသည့် အမြင်သဘောထားများ မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

နောက်ဆုံးသဘောတူ လက်မှတ်ရေးထိုးပွဲအပြီး နောက်ပိုင်း၌ နိုင်ငံအတွင်း NCA လက်မှတ်ထိုးအဖွဲ့ဝင်များနှင့် FPNCC မဟာမိတ်ဟူသည့် EAO ကွန်ရက်ကြီးနှစ်ခုသာ ကျန်ရှိတော့သည့်ပုံပေါ်လာခဲ့သည်။ ဤအခြေအနေက KNPP ကို တစ်ဦးတည်း အထီးကျန်ဖြစ်သွားစေခဲ့တော့သည်။ ပြန်ကြားရေးဝန်ကြီးဌာန၏ သတင်းစာရှင်းလင်းပွဲတစ်ခု၌ ဤအချက်ကိုနင်း၍ KNPP ကို “ဘက်ပဲ့နေသည့် တစ်ဦးတည်း” အဖွဲ့ဖြစ်သည်ဟု ခိုင်းနှိုင်းပြောဆိုသွားခဲ့ကြသည်။[၅၁] အစိုးရအရာရှိများက နောက်ဆုံးကျန်ရှိသည့် အခြား UNFC အဖွဲ့ဝင် ရခိုင်အမျိုးသားကောင်စီသည် တစ်နိုင်ငံလုံးအတိုင်းအတာ ညှိနှိုင်းဆွေးနွေးပွဲ၌ ပါဝင်ဆောင်ရွက်ရန် သေးငယ်လွန်းလှသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်နေသည်ဟု ထပ်လောင်းပြောဆိုသွားခဲ့သည်။ ထို့ကြောင့် အစိုးရအနေဖြင့် UNFC ကိုဦးတည်၍ စေ့စပ်ညှိနှိုင်းမှုများကိုဆက်လက်ပြုလုပ်တော့မည်မဟုတ်ဘဲ KNPP နှင့် နှစ်ဖွဲ့ချင်းသာ တွေ့ဆုံဆွေးနွေးသွားတော့မည်ဖြစ်သည်။[၅၂]

ဤအခြေအနေကို တုန့်ပြန်သည့်အနေဖြင့် KNPP နှင့် အခြား UNFC အဖွဲ့ဝင်များသည် ပြန်လည်ပြင်ဆင်ဖွဲ့စည်းနိုင်ရန် ကြိုးပမ်းလာခဲ့သည်။ UNFC အဖွဲ့ဝင်အဖြစ်မှ ၂၀၁၅ ခုနှစ်တွင် ဆိုင်းငံ့ထားခဲ့သည့် NCA လက်မှတ်ထိုးအဖွဲ့ဝင် ချင်းအမျိုးသားတပ်ဦး (CNF) ကို အဖွဲ့ဝင်အဖြစ်ပြန်လည်လက်ခံသွားမည်ဟု ဖေဖော်ဝါရီလကုန်ပိုင်း၌ ကြေညာခဲ့သည်။[၅၃] နောက်ထပ်ခွဲထွက်အဖွဲ့ဟောင်းတစ်ခုဖြစ်သည့် ကချင်အမျိုးသားအဖွဲ့အစည်း (KNO) ကိုလည်း အဖွဲ့ဝင်အဖြစ် ပြန်လည်လက်ခံရန် စဉ်းစားသွားမည်ဖြစ်သည်။[၅၄] ထိုသို့ဆောင်ရွက်နိုင်ခဲ့ပါက UNFC ကို KNPP၊ ANC၊ CNF၊ KNO၊ LDU၊ NMSP (အခန်း ၃ ပါ “စည်းလုံးညီညွတ်သော တိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ” စာကွက်ကို ကြည့်ပါ) တို့ဖြင့် အဖွဲ့ဝင် (၆) ဖွဲ့ပါ မဟာမိတ်အဖြစ် ပြန်လည်အသက်သွင်းနိုင်မည်ဖြစ်သည်။ သို့သော်လည်း UNFC အနေဖြင့် တပ်မတော်၏ “အရေအတွက်ကစားနည်း” ကို သံယောင်လိုက်၍ အဖွဲ့ငယ်သည် ကြီးသည်မဟူနှင့် သဘောတူညီချက်များ ရွေးချယ်ပြုလုပ်၍




လွိုင်ကော်မြို့ရှိ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်ရှေ့၌ ဆန္ဒပြနေကြသည့် ကရင်နီလူငယ်တက်ကြွလှုပ်ရှားသူများ (KT)

နိုင်ငံရေးဇာတ်ခုံ၏ (“တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၊ ၂၀၁၈ ခုနှစ် ဧပြီလ” စာကွက်ကိုကြည့်ပါ) ကိုယ်စားပြုခွဲတမ်းကို ထင်ဟပ်လွှမ်းခြုံနိုင်ရန်ကြိုးပမ်းခြင်းထက်စာလျှင် အဓိပ္ပာယ်ပြည့်ဝသည့် တွေ့ဆုံဆွေးနွေးမှုများကို မည်ကဲ့သို့ဖော်ဆောင်သွားမည်ဖြစ်ကြောင်း ရှင်းရှင်းလင်းလင်းမြင်သာရန် ခဲယဉ်းလာခဲ့သည်။

ထို့ကြောင့် ၂၀၁၈ ခုနှစ် နှစ်လယ်ပိုင်းရောက်လာသည့်တိုင် အချိန်မရွေး ငြိမ်းချမ်းရေးနှင့် ပြုပြင်ပြောင်းလဲရေးအလှည့်အပြောင်းတစ်ရပ်ပေါ်ပေါက်လာဖို့အတားအဆီးပေါင်းများစွာက ကာဆီးထားကြဆဲဖြစ်သည်။ နယ်စပ်ဒေသအများအပြား၌တိုက်ပွဲများဆက်လက်ဖြစ်ပွားလျက်ရှိသလို နိုင်ငံတွင်းရင်ဆိုင်နေရသည့် တိုင်းရင်းသား၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အဓိကစိန်ခေါ်မှုများနှင့်ပတ်သက်၍ နိုင်ငံရေးအရ ဆွေးနွေးအဖြေရှာရာတွင်လည်း ကမ်းမမြင်လမ်းမမြင် အလှမ်းဝေးနေဆဲဖြစ်သည်။ NCA နှင့် ၂၁ ရာစုပင်လုံ နှစ်ရပ်စလုံးက ငြိမ်းချမ်းရေးမျှော်လင့်ချက်များကို ကြီးထွားလာစေသကဲ့သို့ လုပ်ငန်းစဉ်နှစ်ရပ်စလုံးကလည်း မတူကွဲပြားသည့် မိမိတို့အသီးသီး၏ လမ်းကြောင်းအတိုင်း ဆက်လက်ခရီးဆက်ကြဦးမည်ဟု သုံးသပ်ရသည်။ KNPP နှင့် အခြားကယားပြည်နယ် အတွင်းရှိ အင်အားစုများသည် ပါဝင်ဆောင်ရွက်ရန် ဆန္ဒပြင်းပြနေကြဆဲဖြစ်ပြီး KNPP ဖက်ကလည်း NCA ပြင်ဆင်ချက်ကို လက်မှတ်ရေးထိုးသွားရန် စဉ်းစားနေပြီဖြစ်သည်။ သို့သော်လည်းဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်သည့် လက်နက်ကိုင်ပဋိပက္ခအလွန်၌ ကရင်နီနှင့် အခြားတိုင်းရင်းသားလူမျိုးများ၏ ရပိုင်ခွင့်အခွင့်အရေးများကို အမှန်တကယ်ပြန်လည်အပ်နှင်းပေးမည့် အနှစ်သာရပြည့်ဝသော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ချက်ခြင်းလက်ငင်းဆိုသလို အသက်ဝင်လာဦးမည့်ပုံ မပေါ်သေးပေ။ ယင်းအစား အမျိုးသားနိုင်ငံရေးဇာတ်ခုံပေါ်ရှိနိုင်ငံရေးရေချိန်သည်အနာဂတ်အစိုးရ၏ ဦးတည်ချက်ကို ပိုမိုရှင်းလင်းပြတ်သားလာစေမည့်အရေးပါသည့်နောက်ထပ်အရွေ့တစ်ခုဖြစ်သည့် ၂၀၂၀ ခုနှစ် အထွေအထွေရွေးကောက်ပွဲသို့ ရွေ့လျောသွားခဲ့ပြီဖြစ်သည်။

လတ်တလော၌ တပ်မတော်သည် နိုင်ငံရေးပြုပြင်ပြောင်းလဲရေးအတွက် တစ်ခုတည်းသောလမ်းကြောင်းအဖြစ် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တိုင်းရင်းသားငြိမ်းချမ်းရေးအတွက် တစ်ခုတည်းသောလမ်းကြောင်း

အဖြစ် NCA တို့ကို ကာကွယ်စောင့်ရှောက်သယောင်ဖြင့် နိုင်ငံရေးအကူးအပြောင်းကို ဆက်လက်ထိန်းချုပ်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ တပ်မတော်၏ ဗိုလ်မှူးဟောင်း တစ်ဦးဖြစ်ပြီး သမ္မတဦးသိန်းစိန်နှင့် နိုင်ငံတော်အတိုင်ပင် ခံဒေါ်အောင်ဆန်းစုကြည်တို့ နှစ်ဦးစလုံး၏ ပြောရေးဆိုခွင့် ရပုဂ္ဂိုလ်ဖြစ်သူ ဦးဇော်ဌေးက "နိုင်ငံကို ပြန်လည်တည် ဆောက်တဲ့အခါမှာ အစိုးရချည်းသက်သက်ရဲ့အားနဲ့ မရ နိုင်ဘူး။ တပ်မတော်လည်း ပါဝင်ဖို့လိုတယ်ဆိုတာ ရှင်းနေ တာပဲ။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဘာပဲလုပ် လုပ်တပ်မတော်နဲ့ညှိနှိုင်းဆောင်ရွက်သွားဖို့လိုအပ်တယ်" ဟု ပြောဆိုသွားခဲ့သည်။[၄၅]

ရလဒ်အနေဖြင့် လွတ်လပ်ရေးရပြီး ဆယ်စုနှစ် (၇) ခုကျော်သွားခဲ့သော်လည်း လူများစုဗမာများနှင့် တပ် မတော်အခွင့်ထူးခံများအကြား ကိုယ်စားပြုမှုကင်းမဲ့လွန်း လှသည့် ပိုနေမြဲကျားနေမြဲအခြေအနေသည် နိုင်ငံသား များ၏ ဘဝအပေါ် နည်းမျိုးစုံဖြင့် ဆက်လက်ကြီးစိုးခြယ် လှယ်နေခဲ့သည်။ ဒီမိုကရေစီစနစ် တည်ထောင်၍ နိုင်ငံသား များအားလုံး တိုင်းရင်းသားအခွင့်အရေးများကိုတစ်ပြေးညီ ရယူခံစားနိုင်စေရန်အတွက် အခွင့်ထူးခံကြီးစိုးခြယ်လှယ်မှု ပုံစံများအားလုံး အဆုံးသတ်ရန် စောင့်စားခဲ့ရသည့်အချိန် နှောင်းလွန်းနေခဲ့ပြီဖြစ်သည်။ မြန်မာနိုင်ငံသည်လည်း ပဋိ ပက္ခဒဏ်ဖြင့် မွဲစာကြဲ၍ အာရှဒေသတွင်း အဆင်းရဲဆုံး နိုင်ငံစာရင်းဝင်ခဲ့ပြီဖြစ်သည်။

ရှေ့တွင် ဆက်လက်ရင်ဆိုင်ကျော်လွှားရမည့် ခရီး ကြမ်းကြီး ဆူးအတိဖြင့် စောင့်ကြိုနေဆဲဖြစ်သည်။ နှစ် ပေါင်း ၇၀ ကျော် ပဋိပက္ခဒဏ်သင့်ခဲ့ပြီးနောက် ကရင်နီ လူထု၏ စိတ်ကူးမျှော်မှန်းချက်များနှင့် အကျပ်အတည်း များကို KNPP ၏ ဒုတိယဥက္ကဋ္ဌနှင့် ငြိမ်းချမ်းရေးဦးဆောင် ညှိနှိုင်းဆွေးနွေးသူခူဦးရယ်က ဤသို့ခြုံငုံသုံးသပ်ခဲ့ပါသည်။

> "ဒီမိုကရေစီ အခြေခံမှုတွေကို ကျင့်သုံးတဲ့ ဖက် ဒရယ်စနစ်နဲ့အတူ နောင်လာမည့်မျိုးဆက်တွေ အနေနဲ့ ပိုကောင်းတဲ့အနာဂတ်မျိုးကို ပိုင်ဆိုင် နိုင်ကြလိမ့်မယ်လို့ ကျနော်တို့ယုံကြည်ပါတယ်။ လက်နက်ကိုင်တော်လှန်ရင်း ဆက်တိုက်ပွဲဝင် နေရုံနဲ့တော့ ကျနော်တို့အတွက် ဘာအနာဂတ် ကောင်းမှ ရှိလာမှာမဟုတ်ပါဘူး။ ဗမာစစ်တပ် နဲ့ ဖြစ်နေတာက နိုင်ငံရေးပြဿနာပါ။ ဒါကို နိုင်ငံ ရေးနည်းလမ်းနဲ့ အဖြေရှာသွားရမှာဖြစ်ပါတယ်။ ဒါပေမဲ့ တပ်မတော်ဖက်က ညှိနှိုင်းဆွေးနွေးဖို့ စိတ်မဝင်စားတဲ့အတွက် ကျနော်တို့ အခုချိန်ထိ မအောင်မြင်နိုင် ဖြစ်နေရတာပါ။ ဒါကြောင့် ကျနော် တို့မျှော်မှန်းထားတဲ့ ခရီးဆုံးပန်းတိုင်ကို ရောက် ရှိနိုင်ဖို့အတွက် ဆက်ပြီးလက်နက်ကိုင် တိုက်ပွဲ ဝင်နေကြရတာပါ။"[၄၆]



ကယားအမျိုးသမီးတစ်ဦး (IR)

## ၅။ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများနှင့် နိုင်ငံရေးအရ ကိုယ်စားပြုမှု

### တစ်ဆို့နေသည့်အခြေအနေ

မြန်မာနိုင်ငံ၏ တိုင်းရင်းသားပဋိပက္ခနှင့် နိုင်ငံကျရှုံးမှုအတွက် ထောက်ပြနိုင်သည့် အကြောင်းပြချက်ပေါင်းများစွာရှိနေပါသည်။အဓိကကျသည့် မောင်းနှင်အားများ၌ အယူဝါဒ၊ စီးပွားရေး၊ ဖိနှိပ်ချုပ်ချယ်မှုနှင့် လူ့အခွင့်အရေးငြင်းပယ်ခံရခြင်းတို့ ပါဝင်လျက်ရှိသည်။ ကယားပြည်နယ်တွင်းကျရှုံးမှုအတွက် အဓိကအကျဆုံးအချက်သည် အမြဲတမ်းလိုလို ပါဝင်ဆောင်ရွက်စေခြင်းနှင့် တန်းတူညီမျှရေးမရှိသည့်အခြေခံအကြောင်းတရားပင်ဖြစ်နေခဲ့သည်။မည်သည့်အခါကမျှ အနှစ်သာရအားဖြင့် သော်လည်းကောင်း ကာလအပိုင်းအခြား အားဖြင့်သော်လည်းကောင်း ရှုထောင့်ပေါင်းစုံကိုလွှမ်းခြုံစဉ်းစားထားသည့်ငြိမ်းချမ်းရေး သို့မဟုတ် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်မျိုး မရှိခဲ့ဖူးပေ။ ရလဒ်အနေဖြင့် ကယားပြည်နယ်ရှိ တိုင်းရင်းသားတပ်ဖွဲ့များနှင့် နိုင်ငံရေးဇာတ်ကောင်များ၏ ခေတ်အဆက်ဆက် အစိုးရပေါင်းစုံနှင့် ဆက်ဆံရေးပုံစံအမျိုးမျိုးကို အလီလီပြောင်းလဲတည်ဆောက်ခဲ့ရသည့် အတွေ့အကြုံများက အလွန်ဝိရောဓိဆန်လာခဲ့သည်။ သို့ဖြစ်၍ ယနေ့အချိန်ထိ အစိုးရ၏စိတ်ကူးအကြံအစည်များနှင့် ယုံကြည်မှုတည်ဆောက်ရေးလုပ်ငန်းများအပေါ် သံသယမကင်းသည့် စိတ်အခံဖြင့် သတိရှိရှိဆက်လက် စောင့်ကြည့်နေခဲ့ကြခြင်းဖြစ်သည်။

'နဝတ-နအဖ' အစိုးရ လက်ထက်က အချို့သော ကရင်နီ-ကယန်း အပစ်အခတ်ရပ်စဲရေး တပ်ဖွဲ့များဖြစ်ကြသည့် ကရင်နီပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦးနှင့် ကယန်းပြည်သစ်ပါတီတို့ကို "ဆွေးနွေးဖက်များ"အဖြစ် သတ်မှတ်သဘောထား၍ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲပြင်ဆင်မည့် အမျိုးသားညီလာခံသို့ တက်ရောက်ပါဝင်ကြရန် ဖိတ်ကြားခဲ့ကြသည်။ သို့သော်လည်းဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြင်ဆင်ပြီးနောက်ပိုင်း၌ ကယား-ရှမ်းနယ်စပ်တစ်ကြောရှိ အပစ်အခတ်ရပ်စထားသည့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများအားလုံးကို တပ်မတော်၏ ထိန်းချုပ်မှု

အောက်တွင်ထားရှိမည့် နယ်ခြားစောင့်တပ်ဖွဲ့များ သို့မဟုတ် ပြည်သူ့စစ်တပ်ဖွဲ့များအဖြစ် အသွင်ပြောင်းဖွဲ့စည်းသွားကြရန် အတင်းအကျပ်ဖိအားပေးလာခဲ့သည်။ ထိုအချိန်မှစ၍ ၎င်းတို့သည် အမျိုးသားနိုင်ငံရေးဇာတ်ခုံပေါ် ပါဝင်ကပြခွင့်ကို အပြီးတိုင်လက်လွှတ်ဆုံးရှုံးခဲ့ကြရတော့သည်။ ယင်းတို့၌ သမ္မတဦးသိန်းစိန် စတင်ရုပ်လုံးဖော်ခဲ့သည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဦးစီးဖော်ဆောင်လျက်ရှိသည့် ၂၁ ရာစု ပင်လုံညီလာခံတို့လည်း အပါအဝင်ဖြစ်နေသည်။

ကယားပြည်နယ်၏ ဦးစီးရှေ့ဆောင် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်း ဖြစ်သည့် ကရင်နီအမျိုးသား တိုးတက်ရေးပါတီ၏ အတွေ့အကြုံသည် အထက်ပါအဖွဲ့အစည်းများ လျှောက်လှမ်းခဲ့သည့် လမ်းစဉ်နှင့် သိသိသာသာကွဲပြားခြားနားသည်ဟု ဆိုနိုင်ပါသည်။ မအောင်မြင်ခဲ့သည့် ၁၉၉၅ ခုနှစ် အပစ်အခတ်ရပ်စဲရေးနောက်ပိုင်း နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှုအတွက် အာမခံချက်မရရှိဘဲ နောက်ထပ်ငြိမ်းချမ်းရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးမှုမပြုနိုင်ဟု ငြင်းဆန်သွားခဲ့သည်။နောက်ဆက်တွဲရလဒ်အနေဖြင့်'နဝတ–နအဖ'လက်ထက်အတွင်း KNPP နှင့် ၎င်း၏ထိန်းချုပ်နယ်မြေများကို ပြင်းပြင်းထန်ထန် ထိုးစစ်ဆင်တိုက်ခိုက်ခြင်း ခံခဲ့ရသလိုပါတီသည်လည်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများ သို့မဟုတ် နိုင်ငံရေးကိစ္စရပ်များ၌ ဆက်လက်ပါဝင်ဆောင်ရွက်မှုမပြုတော့ပေ။ သို့သော်လည်း ၎င်းတို့အပစ်အခတ်ရပ်စဲခဲ့သည့် ၂၀၁၂ ခုနှစ်နောက်ပိုင်း အလှည့်အပြောင်းအနေဖြင့် KNPP သည် ကယားပြည်နယ်အတွင်း တပ်မတော်နှင့် အာဏာရအစိုးရတို့၏ ဆွေးနွေးဖက်အဖြစ် လက်ခံသတ်မှတ်ခံရသည့်တစ်ခုတည်းသော အဖွဲ့အစည်းဖြစ်လာခဲ့ပြီး ယခင်အပစ်ရပ် အဖွဲ့အစည်းများဖြစ်ကြသည့် KNPLF နှင့် KNLP တို့ ဘေးရောက်သွားခဲ့သည်။

KNPP အပစ်အခတ်ရပ်စဲလိုက်သည် မှန်သော်လည်းငြိမ်းချမ်းရေး အခြေတကျရှိလာခဲ့ပြီ သို့မဟုတ် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများ စတင်ဆောင်ရွက်နေပြီဟု ကံသေကံမ မပြောနိုင်သေးပေ။ ၂၀၁၂ ခုနှစ် အပစ်အခတ်ရပ်စဲရေးသည် ကရင်နီလူထု၏ နာကျည်းနစ်နာချက်များနှင့် စိတ်ကူးအိပ်မက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးမည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုဆီသို့ ဦးဆောင်ခေါ်သွားလိမ့်မည်ဟု နယ်ခံလူထုလူတန်းစားများ မျှော်လင့်ချက်ကြီးခဲ့ကြသည်။ သို့သော်လည်း ၂၀၁၈ ခုနှစ် မေလအထိ ကယား



KNPP တပ်ဖွဲ့ဝင်များ (KT)

ပြည်နယ်အဆင့် သို့မဟုတ် တစ်နိုင်ငံလုံး အတိုင်းအတာ၌ အားလုံးပါဝင်မှုရှိသည့် ငြိမ်းချမ်းရေးနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်မျိုးကို ဖော်ဆောင်နိုင်ခဲ့ခြင်း မရှိသေးပေ။ ၁၉၄၇ ခုနှစ် ပင်လုံညီလာခံကဲ့သို့ပင် "၂၁ ရာစုပင်လုံ" ညီလာခံသည်လည်း တစ်သီးပုဂ္ဂလများနှင့် အစုအဖွဲ့များအားလုံးကို လွှမ်းခြုံကိုယ်စားပြုမှုနှင့် အားလုံးပါဝင်ဆောင်ရွက်မှု ကင်းမဲ့နေခဲ့သည်။

ဤအကြောင်းရင်းကြောင့် တိုင်းရင်းသားမျိုးနွယ်စုများနှင့် အစုအဖွဲ့များက မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အားလုံးပါဝင်ဆောင်ရွက်မှု ရရှိအောင် ဆောင်ရွက်ရာ၌ ကြုံတွေ့နေရသည့် အခက်အခဲများသည် မတော်တဆတိုက်ဆိုင်မှု မဟုတ်ဟု သုံးသပ်ယူဆခဲ့ကြခြင်းဖြစ်သည်။ ဆယ်စုနှစ်ပေါင်းများစွာ ပြည်တွင်းစစ်ဖြစ်ပွားလာခဲ့ပြီးနောက် မည်သည့်အင်အားစုမျှ တစ်ဦးတည်းကွက်၍ တော်တည့်မှန်ကန်နေသည်ဟု မကြွေးကြော်နိုင်တော့ပေ။ သို့သော်လည်း အမျိုးသားနိုင်ငံရေးဇာတ်ခုံ၌ မည်သူ့ကို "ထည့်" ၍ မည်သူ့ကို "ထုတ်" ရမည်ဟူသည့် အစိုးရ၏ ဆုံးဖြတ်ချက်များသည် အမြဲတမ်းလိုလို ပဋိပက္ခကို "ကိုင်တွယ်ဖြေရှင်း" မည့်အစား "စီမံခန့်ခွဲရန်" သာစိတ်အားထက်သန်သည့် တပ်မတော်၏ မဟာဗျူဟာများအပေါ်ပို၍ အခြေပြုနေသည်ဟု ထင်မြင်ယူဆရသည်။[၁] ဤအလေ့အကျင့်က နိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ကျရှုံးရသည့် အဓိကအကြောင်းရင်းတစ်ခု ဖြစ်လာခဲ့သည်။

## တိုင်းရင်းသားအခြေပြု မြေပြင်အင်အားစုများ

ကယားပြည်နယ်အတွင်း ကရင်နီ အမျိုးသားလက္ခဏာရပ်များ သို့မဟုတ် ရည်မှန်းချက်ပန်းတိုင်များကို ကိုယ်စားပြုသည်ဟု ကြွေးကြော်ထားသည့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းပေါင်းများစွာရှိနေကြသည်။ နှစ်ကာလပေါင်းများစွာ ဤကဲ့သို့ ကွဲပြနေခြင်းက ပြည်နယ်တွင်းနှင့် အမျိုးသားနိုင်ငံရေးဇာတ်ခုံ၌ နိုင်ငံရေးအရ ကိုယ်စားပြုနိုင်ရေးအတွက် စိန်ခေါ်မှုများကို ဆောင်ကျဉ်းလာခဲ့သည်။ KNPP နှင့် KNLP တို့သည် ၁၉၅၇ ခုနှစ်နှင့် ၁၉၆၄ ခုနှစ်တို့၌ အသီးသီးဖွဲ့စည်းထူထောင်ခဲ့ကြသည့်သက်တမ်းအရင့်ဆုံးတိုင်းရင်းသားအခြေပြုတော်လှန်ရေးအင်အားစုများဖြစ်ကြသည်။ အခြားအဖွဲ့အစည်းများသည် KNPP ထံမှသော်လည်းကောင်း KNLP ထံမှသော်လည်းကောင်း အသီးသီးဆင်းသက်လာကြသည့် ခွဲထွက်အဖွဲ့အစည်းများသာဖြစ်ကြသည်။ KNPP မှ ခွဲထွက်သွားခဲ့ကြသည့် အဖွဲ့အစည်းများအနက် ၁၉၇၈ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့သည့် KNPLF သည်သာလျှင် နိုင်ငံရေးနှင့် စစ်ရေးအင်အား အတော်အတန်တောင့်တင်းသည့် အဖွဲ့ဖြစ်ခဲ့သည်။ အခြားအဖွဲ့များသည် ပြောပလောက်အောင်အင်အားမရှိသည့် အဖွဲ့ငယ်လေးများသာ ဖြစ်ကြသော်လည်း လွိုင်ကော်မြို့၌ ရုံးဖွင့်၍ ၎င်းတို့ကိုယ်စားပြုသည်ဟု ကြွေးကြော်ထားသည့် နယ်မြေဒေသများ သို့မဟုတ် တိုင်းရင်းသားမျိုးနွယ်စုများရှိသည့် နယ်မြေဒေသများ၌ စီးပွားရေးလုပ်ငန်းများကိုသာ လည်ပတ်ဆောင်ရွက်လျက်ရှိသည်။

လူထုအများအပြားက ဤကဲ့သို့အဖွဲ့အစည်းများ ကွဲပြားစုံလင်နေခြင်းသည် ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုကို အားပေးမြှင့်တင်ပေးသည့် ဘုံလျှောက်လမ်းတစ်ခု တည်ဆောက်ရာ၌ တိုင်းရင်းသားအင်အားစုများအခက်အခဲဖြစ်စေရန်နှင့် သဘောထားကွဲလွဲ၍ ခွာပြဲသွားကြစေရန် တပ်မတော်အသုံးပြုလေ့ရှိသည့် "သွေးခွဲအုပ်ချုပ်ရေး" မူဝါဒများကြောင့်ဖြစ်သည်ဟု သုံးသပ်မှတ်ယူခဲ့ကြသည်။ မည်သို့ဆိုစေ ခွဲထွက်ခွာပြဲမှုတိုင်းအတွက် တပ်မတော်တစ်ဖွဲ့တည်းကိုသာ အပြစ်ဖို့၍တော့ မရနိုင်ပေ။

မြန်မာတိုင်းရင်းသားလူမျိုးများ သုတေသနအဖွဲ့ (BERG) ၏ ၂၀၁၀ ခုနှစ် လေ့လာဆန်းစစ်ချက်၌ သုံးသပ်နိဂုံးချုပ်ထားသကဲ့သို့ပင် "လူတွေက အတိုက်အခံ အင်အားစုတွေကြားက အကွဲအပြဲဇာတ်လမ်းတွေကို အစိုးရက ကြိုးကိုင်ချယ်လှယ်ထားတယ်လို့ အပြစ်တင်နေကြပေမယ့် တကယ်တမ်းကျတော့ စိတ်ရှုပ်ချင်စရာကောင်းလောက်အောင်ဖောင်းပွမျများပြားနေကြတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေအကြား အမျိုးသားနိုင်ငံရေး ဦးတည်ချက်တွေ အမြဲတမ်းလိုလိုတော့ ဘယ်ရှင်းလင်းပြတ်သားမှုရှိနိုင်မလဲ။"[၂] BERG က "အပစ်အခတ်ရပ်စဲရေး အစီအစဉ်တွေက ဒါကိုလုံးဝမဖြေရှင်းပေး ခဲ့တဲ့အပြင် တစ်ခါတစ်လေ ပြဿနာကို ပိုကြီးသွားအောင်များ ချဲ့ကားပေးလိုက်သလားလို့တောင် မှတ်ရတယ်" ဟု ဆက်လက်ပြောဆိုသွားခဲ့သည်။[၃]

ဤကဲ့သို့ စစ်ပုံသွင်းခံထားရသည့် ဘဝမျိုးဖြင့် နေထိုင်ကြရသည့် နောက်ဆက်တွဲရိုက်ခတ်မှုအဖြစ် နိုင်ငံအတွင်း အသေးဆုံးပြည်နယ်တစ်ခုဖြစ်သည့် ကယားပြည်နယ်၌ အကြောင်းပြချက်မျိုးစုံဖြင့် ခွဲထွက်ရပ်တည်နေကြသည့် EAOs ပေါင်းများစွာ မှိုလိုပေါက်လာခဲ့သည်။ ၎င်းတို့၌ မတူညီသည့် မူဝါဒများ (တိုင်းရင်းသားအခြေပြု ဒီမိုကရေစီ သို့မဟုတ် လူထုအခြေပြုဒီမိုကရေစီ)၊ တိုင်းရင်းသားမျိုးနွယ်စုများ (ကယား သို့မဟုတ် ကယန်း) နှင့် နိုင်ငံရေးမဟာဗျူဟာ (နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှုသည်သာပထမသို့မဟုတ်အပစ်အခတ်ရပ်စဲရေးသည်သာပထမ)ကွဲပြားမှုများ ရှိနေကြသည်။ ဆယ်စုနှစ်ပေါင်းများစွာအတွင်း ကရင်နီ နိုင်ငံရေးဇာတ်ခုံပေါ်၌ တိုင်းရင်းသားအခြေပြု နိုင်ငံရေးလှုပ်ရှားမှုရေချိန် တက်လိုက်ကျလိုက်ဖြင့် အကြိမ်ကြိမ်အပြောင်းအလဲဖြစ်ခဲ့သည်။ ယင်းတို့၌ ဖက်ဆစ်တော်လှန်ရေးနှင့် ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ချုပ်၊ ဗမာပြည်ကွန်မြူနစ်ပါတီနှင့် မြန်မာ့နည်းမြန်မာ့ဟန် ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်များ၏ အရွေ့များလည်းပါဝင်ခဲ့သည်။ သို့သော်လည်း စစ်ရေးစစ်ရာနှင့် နိုင်ငံရေးအကွဲအပြဲများ ဆက်လက်ဖြစ်ပွားနေသည့် ကယားပြည်နယ်၏ နိုင်ငံရေးအခင်းအကျင်း၌ တစ်ဂိုဏ်းတည်း အလုံးအထည်မပျက် ဆက်လက်တည်တံ့နေခဲ့သည့် တစ်ဦးတည်းသောသူမှာ တပ်မတော်သာလျှင်ဖြစ်တော့သည်။

ရာစုနှစ်ထက်ဝက်ကျော်မျှ တပ်မတော်ထိပ်ပိုင်းခေါင်းဆောင်များသည် ပဋိပက္ခကို ဖျန်ဖြေခြင်းထက် စီမံခန့်ခွဲရေးကိုသာလျှင် အလေးထားပုံရသည့် နည်းဗျူဟာများကို အခြားနယ်မြေဒေသများ၌လည်း အလားတူပင် ကျင့်သုံးခဲ့ကြသည်။[၆] အစိုးရနှင့် အပစ်ရပ်ထားသည်ဖြစ်စေ မရပ်ထားသည်ဖြစ်စေ (အခန်း ၄ ၏ “တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၊ ၂၀၁၈ ခုနှစ် ဧပြီလ” စာကွက်ကိုကြည့်ပါ) မြန်မာနိုင်ငံသည် မျက်မှောက်ခေတ်ကမ္ဘာ့နိုင်ငံများအားလုံးထက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း တည်ထောင်ထားရှိမှု ကွဲပြားစုံလင်မှုအရှိဆုံးနိုင်ငံဖြစ်နေသည်။ ဗဟိုအစိုးရကိုပါ ထိန်းချုပ်ထားသည့် တပ်မတော်နှင့်အတူ ဤဖွဲ့စည်းတည်ဆောက်ပုံများနှင့် အခင်းအကျင်းများက ကိုလိုနီခေတ်လွန် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများ ကျရှုံးသွားရသည့် အဓိကအကြောင်းရင်းတစ်ခု ဖြစ်လာခဲ့သည်။



ဖားဆောင်းမြို့နယ် ရပ်ရွာအစည်းအဝေးတစ်ခု၌ တွေ့ရသည့် ရွာသူရွာသားများ (OR)

## လက်နက်နှင့် စီးပွားရေးလဲလှယ်ခြင်း

၁၉၉၀ ခုနှစ်နှင့် ၂၀၀၀ ခုနှစ်ပြည့်လွန်နှစ်များ အတွင်းမြန်မာနိုင်ငံ၌ ညှိနှိုင်းသဘောတူညီမှု ရရှိခဲ့ကြသည့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များကို တပ်မတော်၏ ပင်မဗျူဟာတစ်ရပ်ဖြစ်သည့် "အရင်းရှင်ဝါဒဆန်သည့်အပစ်အခတ်ရပ်စဲရေး"အဖြစ်ဝေဖန်ထောက်ပြခဲ့ကြသည်။[၅] ငြိမ်းချမ်းရေး တည်ဆောက်နေဆဲကာလအတွင်းနိုင်ငံရေးကို အာရုံစိုက်ဖော်ဆောင်မှုမပြုရန် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအား 'နဝတ–နအဖ'အစိုးရအရာရှိများက တိုက်တွန်းပြောဆိုခဲ့ကြသည်။ နိုင်ငံရေးစကားဝိုင်းထက် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရပြီးနောက်ပိုင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခွဲထွက်လာကြသည့် တပ်ဖွဲ့ငယ်များ သို့မဟုတ်အစုအဖွဲ့များအားစီးပွားရေးလုပ်ပိုင်ခွင့်များတွင်တွင်ချပေးခဲ့ကြသည်။ အချိန်ကြာလာသည်နှင့်အမျှ အတိုက်အခံအင်အားစု အများအပြား၏အဖွဲ့အစည်းများနှင့် ခေါင်းဆောင်မှုပိုင်းအပေါ် စစ်ရေးနှင့် နိုင်ငံရေးအရ အားနည်းသွားစေသည့် သက်ရောက်မှုများ ပေါ်ပေါက်လာလိမ့်မည်ဟု သုံးသပ်ပြောဆိုမှုများရှိခဲ့သည်။

KNPP မှလွဲ၍ ကယားပြည်နယ်အတွင်းရှိ ကျန်လက်နက်ကိုင် အဖွဲ့အစည်းများအားလုံး 'နဝတ–နအဖ' ခေတ်၌ အပစ်အခတ်ရပ်စဲရန် သဘောတူခဲ့ကြခြင်းဖြစ်သည်။ ၂၀၀၉ ခုနှစ်အရောက်တွင် အဆိုပါအဖွဲ့အစည်းများအားလုံး နယ်ခြားစောင့်တပ် သို့မဟုတ် ပြည်သူ့စစ်တပ်ဖွဲ့များအဖြစ် အသွင်ပြောင်းဖွဲ့စည်းရမည်ဟု တပ်မတော်ဖက်မှဖိအားပေးညွှန်ကြားလာခဲ့သည်။ ထိုအချိန်မှစ၍ ကယားပြည်နယ်အတွင်း အပစ်အခတ်ရပ်စဲထားကြသည့် လက်နက်ကိုင်အဖွဲ့အစည်းများသည် သစ်ထုတ်လုပ်ငန်းနှင့် သတ္တုတူးဖော်ရေး လုပ်ငန်းကဲ့သို့သော စီးပွားရေးလုပ်ငန်းများကိုသာတိုး၍ ဖော်ဆောင်လာခဲ့ကြပြီး နိုင်ငံရေးရည်မှန်းချက်များနှင့် ဆက်နွယ်မှုနည်းပါးသည့် ကိစ္စရပ်များကိုသာအာရုံစိုက် ဆောင်ရွက်လာကြတော့သည်။ မည်သို့ဆိုစေကာမူ ရပ်ရွာခေါင်းဆောင်များက 'နဝတ–နအဖ' ခေတ်အပစ်အခတ်ရပ်စဲရေးလုပ်ငန်း၏ အစောပိုင်းကာလများ၌ ကောင်းကျိုးသဘောဆောင်သည့် အကျိုးသက်ရောက်မှုအချို့ကို အမှန်တကယ် တွေ့မြင်ခံစားခဲ့ကြရသည်ဟု ပြောဆိုထားကြသည်။ အပစ်အခတ်ရပ်စဲရန် သဘောတူထားသည့်နယ်မြေဒေသများ၌ သေနတ်သံများ တဖြည်းဖြည်းချုပ်ငြိမ်းသွားပြီးနောက် အရပ်သားများအနေဖြင့် တပ်မတော်အတွက် ပေါ်တာထမ်းပေးစရာမလိုတော့သကဲ့သို့ ပြည်တွင်းနေရပ်စွန့်ခွာစစ်ဘေးတိမ်းရှောင်မှုများလည်း ထပ်မံပေါ်ထွက်လာခြင်းမရှိတော့ကြောင်း မှတ်သားခဲ့ရသည်။

'နဝတ–နအဖ' အစိုးရလက်ထက် စီးပွားရေးကိုသာအာရုံစိုက် လုပ်ကိုင်ဆောင်ရွက်မှုကြောင့် ထွက်ပေါ်လာသည့် ဆိုးကျိုးသက်ရောက်မှုများလည်း ရှိလာခဲ့သည်။ ယင်းတို့၌ သစ်တောပြုန်းတီးမှု ပိုမိုမြန်ဆန်လာခြင်း၊ မြေယာလက်လွှတ်ဆုံးရှုံးရသည့်လူထုလူတန်းစားများတိုးပွားလာခြင်းနှင့် တရားမဝင် တားမြစ်မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချမှုများ တွင်ကျယ်ပျံ့နှံ့လာခြင်းတို့ ပါဝင်လျက်ရှိသည်။ ထို့ကြောင့် နှောင်းပိုင်းနှစ်များ၌ နယ်ခံလူထု လူတန်းစားများ၏ ယုံကြည်စိတ်ချမှုများ ယိုင်နဲ့ပြိုလဲသွားခဲ့ခြင်းဖြစ်သည်။ "လက်နက်ကိုင်အဖွဲ့တွေ စီးပွားရေးလုပ်ဖို့ပဲအာရုံစိုက်လုံးပန်းနေတာကို လူထုတွေက သဘောမကျတော့ဘူး" ဟု မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်းမှ ခွန်းမြင့်နိုင်ပြောဆိုသွားခဲ့သည်။ "တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေရဲ့ နိုင်ငံရေးရည်မှန်းချက်တွေမပြည့်မှီသေးဘူးလို့လူထုဖက်က သုံးသပ်ခံစားမိတယ်။ ဒါပေမယ့် ဒီလက်နက်ကိုင်အဖွဲ့တွေက တိုက်ကြခိုက်ကြဖို့ဘဲသိပြီး အုပ်ချုပ်စီမံမှုပိုင်းမှာ အားနည်းနေတဲ့အခါ လူထုအတွက် မရပ်တည်ပေးနိုင်ကြတော့ဘူး" ဟု ဆက်လက်ပြောဆိုသွားခဲ့သည်။[၆]

ဤအခင်းအကျင်းသည် ၂၀၀၉ ခုနှစ် BGF နှင့်ပြည်သူ့စစ်တပ်ဖွဲ့များအဖြစ် အသွင်ပြောင်းပြီးနောက်ပိုင်း ပိုမိုဆိုးရွားလာခဲ့ပြီး အရေးကြီးသည့် သမိုင်းသင်ခန်းစာများကိုသင်ယူရန် ပျက်ကွက်ခဲ့ကြသည်။[၇] ကယားပြည်နယ်တွင်း အပစ်အခတ်ရပ်စဲရေး လုပ်ငန်းများနှင့်ပတ်သက်၍ BERG ၏ ၂၀၁၀ ခုနှစ် လေ့လာဆန်းစစ်ချက်အတွင်း ဤသို့သတိပေးပြောဆိုထားပါသည်။

> "ကျယ်ပြန့်သည့် နိုင်ငံရေးဖြစ်စဉ် တစ်ခုလုံးထက်စာလျှင် သဘောတူညီချက်အသီးသီး၏ အောင်မြင်မှုသည် ပါဝင်ဆောင်ရွက်နေသူများ၌သာမှီတည်လျက်ရှိသဖြင့် အပစ်အခတ် ရပ်စဲရေးသဘောတူညီချက်များသည် ကြံ့သလိုစီးပွားရေးအပေးအယူပြုလုပ်၍ ကွက်ကြားမိုးရွာသွန်းခြင်း

ထက် အနည်းငယ်သာပိုသည်ဟု ဆိုရမည်ဖြစ်သည်။ ဤကဲ့သို့သော သဘောတူညီချက်များသည် ရှားသည်ထက်ရှားပါလာသည့် သယံဇာတအရင်းအမြစ်များအပေါ် အလုအယက်ဖြစ်နေကြသည့် ပုလင်းတူဖူးဆို့ဝါဒ၊ ခွဲထွက်ရေးဝါဒနှင့် အကွဲအပြဲများဆီသို့ ဆက်လက်ဦးတည်သွားစေသည့် အာဏာချိန်ခွင်လျှာပေါ် နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်လျက်ရှိသည်။”[၈]

ဒေသတွင်း၌ ပြည်သူ့စစ်တပ်ဖွဲ့များနှင့် နယ်ခြားစောင့်တပ်များ ရပ်တည်နေရသည့် အနေအထားအပေါ် အချို့ကလည်း စာနာနားလည်ပေးနိုင်ကြသည်။ တိုင်းရင်းသားအခြေပြု အမျိုးသားရေးဝါဒကို တရားဝင်ကိုယ်စားပြုဖူးခဲ့ကြသူများအဖြစ် ရှုမြင်ခံနေကြရဆဲဖြစ်သည်။ သို့သော်လည်း ၎င်းတို့၏ လက်ရှိလုပ်ရှားဆောင်ရွက်မှုအများအပြားသည် ဤအမြင်သဘောထားနှင့် ဆန့်ကျင်သွေဖယ်သွားခဲ့ပြီဖြစ်သည်။ ကယားပြည် လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးလှုပ်ရှားဆောင်ရွက်မှုကွန်ရက်မှ စောအယ်စေးက “လက်နက်ကိုင် အဖွဲ့အစည်းတွေအတွက် အတော်ခက်ပါတယ်။ သူတို့အဖွဲ့အစည်း ဆက်ပြီးရှင်သန်ဖို့လည်း လိုအပ်တာကိုး။ ဒါပေမယ့် သေချာစဉ်းစားကြည့်ရင် သူတို့အတွက် မကောင်းဘူး” ဟု ပြောဆိုသွားခဲ့သည်။[၉] နယ်ခံလူထုလူတန်းစား အများအပြားကလည်း ပြည်သူ့စစ်တပ်ဖွဲ့များနှင့် နယ်ခြားစောင့်တပ်ဖွဲ့များသည် နိုင်ငံရေးအသိအားနည်း၍ စီးပွားရေးကိုသာ အာရုံစိုက်နေကြသဖြင့် လမ်းလွဲသွားခဲ့ကြခြင်းဖြစ်ပြီး အစိုးရ၏ နည်းဗျူဟာအပြောင်းအလဲ၌ ဘေးကျပ်နံကျပ် ပိတ်မိသွားခြင်းဖြစ်သည်ဟု သုံးသပ်ယူဆနေကြသည်။ CSO ကိုယ်စားလှယ်တစ်ဦးက ဤသို့ပြောဆိုသွားခဲ့သည်။

“ပြည်သူ့စစ်တပ်ဖွဲ့တွေနဲ့ နယ်ခြားစောင့်တပ်တွေအတွက်တော့ တော်တော်ခက်ပါလိမ့်မယ်။ ဆယ်စုနှစ် ၂ ခုစာလောက် အစိုးရဆီက အခွင့်အရေးအမျိုးမျိုး ရနေခဲ့ကြပေမယ့် ၂၀၁၀ ခုနှစ်နောက်ပိုင်းကျတော့ အဲ့ဒီအခွင့်အရေးတွေအားလုံးအတားအဆီးတွေအဖြစ် ပြောင်းလဲသွားခဲ့တယ်။ အစိုးရရဲ့ မဟာဗျူဟာက အရမ်းကိုထိရောက်တယ်လို့ ပြောလို့ရတယ်။ KNPP အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးလိုက်တဲ့အတွက် နယ်ခြားစောင့်တပ်နဲ့ ပြည်သူ့စစ်တွေရနေကျစီးပွားရေးလုပ်ပိုင်ခွင့်တွေ တော်တော်လေးလျော့ကျသွားတယ်။ အခုကျတော့ စီးပွားရေးလုပ်ပိုင်ခွင့်တွေကို အစိုးရနဲ့ KNPP တို့ပဲ ခွဲယူကြတော့တယ်လေ။”[၁၀]

နယ်ခံလူထုလူတန်းစားများအတွက် KNPP ၏ ငြိမ်းချမ်းရေးသဘောတူညီချက်သည်လည်း ‘န၀တ-နအဖ’ လက်ထက် ယခင်အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များကဲ့သို့ပင် စီးပွားရေး အသားပေးလမ်းကြောင်းအတိုင်း ဆက်လက်လျှောက်လှမ်းသွားလေမလားဟု အရေးတကြီးစဉ်းစားစရာ ဖြစ်လာခဲ့သည်။ ၂၀၁၈ ခုနှစ်၊ ဇွန်လအထိ KNPP သည် အစိုးရ၏ NCA ကို သဘောတူလက်မှတ်ရေးထိုးခြင်း မရှိသေးသကဲ့သို့ ၂၁ ရာစုပင်လုံညီလာခံ၌လည်း ပါဝင်ခဲ့ခြင်း မရှိသေးပေ။ ပြည်နယ်၏ နေရာဒေသအများအပြား၌ ရပ်ရွာခေါင်းဆောင်များ သုံးသပ်ပြောဆိုသွားသကဲ့သို့ပင် “ငြိမ်းချမ်းနေတာလည်းမဟုတ် တိုက်ခိုက်နေကြတာလဲမဟုတ်” ဟူသည့် သောင်မတင်ရေမကျ အခြေအနေမျိုးကို ကြုံတွေ့ရလျက်ရှိသည်။ KNPP ၏ စစ်ရေးတောင့်တင်းမှုကို စွဲထားဆဲပင်ဖြစ်သည်။ အဆိုပါကာလများ၌ ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက်ပိုင်း စီးပွားရေးလုပ်ငန်းများနှင့် သယံဇာတအရင်းအမြစ် ထုတ်ယူသုံးစွဲရေး လုပ်ငန်းများ မကြုံစဖူးထူးကဲသည့် အရှိန်အဟုန်ဖြင့် အလျင်အမြန်ကြီးထွားလာခဲ့သည်။[၁၁]

ထိုကဲ့သို့သော ခံယူချက်သဘောထားများကို အရပ်ဖက်လူမှုအဖွဲ့အစည်း အများအပြားကလည်း ပွဲတင်ထပ်ပြောဆိုသွားခဲ့သည်။ ပဋိပက္ခဖျန်ဖြေရေး အစီအစဉ်များကို ပံ့ပိုးကူညီလျက်ရှိသည့် ငြိမ်းဖောင်ဒေးရှင်းမှ ခူးပလုရယ်က “နိုင်ငံရေး တွေ့ဆုံဆွေးနွေးတဲ့နေရာမှာ နယ်ခြားစောင့်တပ်တွေနဲ့ ပြည်သူ့စစ်တပ်ဖွဲ့တွေ ပါဝင်လာဖို့ အရမ်းခက်ပါတယ်” ဟု ပြောဆိုသွားခဲ့သည်။[၁၂] န၀တခေတ် အပစ်အခတ်ရပ်စဲပြီးနောက်ပိုင်း အဆိုပါအဖွဲ့အစည်းများသည် ဆယ်စုနှစ် ၂ ခုကျော်မျှ သတ္တုတူးဖော်ရေးနှင့် သစ်ထုတ်လုပ်ရေးလုပ်ပိုင်ခွင့်များအပါအဝင် အစိုးရထံမှ စီးပွားရေးအခွင့်အလမ်းပေါင်းများစွာ လက်ခံရရှိခဲ့ကြခြင်းဖြစ်သည် (အခန်း ၈ ကိုကြည့်ပါ)။ “ဒါတွေအားလုံးက နောက်ပိုင်းမြန်မာ့နိုင်ငံရေးဇာတ်ခုံပေါ် အနှောင်အဖွဲ့ကင်းကင်းနဲ့ တက်

ရပ်နိုင်ဖို့အတားအဆီးတွေဖြစ်လာခဲ့တယ်”ဟု ခူးပလုရယ် ကရှင်းလင်းပြောဆိုသွားခဲ့သည်။ “ပြောရမယ်ဆိုရင် စီးပွားရေးအခွင့်အလမ်းတွေ အများကြီးရသွားပြီး ထိန်းချုပ်ခံလိုက်ရသလိုဖြစ်သွားတယ်။ ဒါကြောင့် တစ်ဖက်အစိုးရရဲ့ မဟာဗျူဟာကပဲ အရမ်းထိရောက်အောင်မြင်နေတယ်လို့ ပြောရမလိုဖြစ်လာတယ်။”[၁၃]

အခြားတိုင်းရင်းသား အင်အားစုများကို ဤကဲ့သို့ ဘေးဖယ်၍ ခွဲခြားဖယ်ထုတ်ထားခြင်းသည် နိုင်ငံရေးတွေ့ဆုံဆွေးနွေးရာ၌ ကရင်နီလူထုကို ကိုယ်စားပြုနိုင်သည့် တစ်ဦးတည်းသော EAO ဖြစ်သည်ဟု ပြောဆိုထားသည့် ပါတီ၏ရပ်တည်ချက်ကို အထောက်အကူပြုနေသည်ဟု KNPP အရာရှိများက ရှုမြင်သုံးသပ်ထားကြသည်။ KNPP ပြောရေးဆိုခွင့်ရှိသူ ခူဒေးရယ်က ဤသို့ပြောဆိုခဲ့သည်။

“BGF နဲ့ ပြည်သူ့စစ်တပ်ဖွဲ့တွေအားလုံးက ကာကွယ်ရေးဝန်ကြီးဌာနရဲ့ ထိန်းချုပ်မှုအောက်မှာ ရှိနေတာပါ။ သူတို့လုပ်နေတာက နိုင်ငံရေးမပါတဲ့ စီးပွားရေးသက်သက်ပါပဲ။ သူတို့ကလည်း KNPP တစ်ဖွဲ့တည်းပဲ နိုင်ငံရေးအင်အားရှိတယ်လို့ ကျနော်တို့ကို ပြောထားတာရှိပါတယ်။ သူတို့အနေနဲ့ နိုင်ငံရေးထဲပြန်ဝင်ပြီး နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုတွေ ထပ်လုပ်လို့ မရနိုင်တော့ဘူးလို့ ကျနော်ထင်တယ်။ တကယ်လို့ ပြည်သူ့စစ်တပ်ဖွဲ့တွေ စိတ်ဝင်စားခဲ့ရင်တော့ ကျနော်တို့ရဲ့ ခေါင်းဆောင်မှုအောက်မှာ အရပ်သားအနေနဲ့ အစည်းအဝေးတွေ တက်လို့တော့ရပါတယ်။ ဒါပေမယ့် လောလောဆယ်တော့ သူတို့အားလုံးက ကာကွယ်ရေးဝန်ကြီးဌာနအောက်မှာ ရှိနေကြတာပါ။”[၁၄]

ယခုကဲ့သို့ ခွဲခြားဘေးဖယ်ခံထားရသော်လည်း ပြည်သူ့စစ်တပ်ဖွဲ့နှင့် BGF ခေါင်းဆောင်များက ကယားပြည်နယ်အဆင့်နှင့် အမျိုးသားအဆင့် ငြိမ်းချမ်းရေးနှင့် နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှုများနှင့် ပတ်သက်၍ ဝင်ရောက်ဆွေးနွေးပါဝင်နိုင်မည့် အခန်းကဏ္ဍမျိုးကိုရှာဖွေနေကြဆဲဖြစ်သည်။ ကြားဝင်ဖျန်ဖြေရေးလုပ်ငန်းများ ဖော်ဆောင်ရင်း ငြိမ်းဖောင်ဒေးရှင်းက အောက်ပါအတိုင်းတွေ့ရှိခဲ့ကြောင်းသိရှိရသည်။

“တပ်မတော်၊ အစိုးရနဲ့ KNPP တို့ဖက်က သူတို့ရဲ့ အခန်းကဏ္ဍနဲ့ ရပ်တည်ချက်တွေကို အသိအမှတ်ပြုပေးဖို့ လိုလားနေကြပါတယ်။ ဒါပေမယ့် KNPP က သူတို့ကို လွတ်လပ်ပြီးအနှောင်အဖွဲ့ကင်းတဲ့ အဖွဲ့အစည်းတစ်ရပ်အဖြစ် ဘယ်တုန်းကမှအသိအမှတ် မပြုခဲ့ပါဘူး။ သူတို့က ၂၀၀၉ ခုနှစ်ကတည်းက အစိုးရအောက်မှာနေဖို့ လက်ခံသဘောတူခဲ့ကြတဲ့ အတွက် KNPP နဲ့ အဆင့်အတန်းချင်း ကွာသွားခဲ့ပြီမို့ ငြိမ်းချမ်းရေးဆွေးနွေးပွဲလိုမျိုး ကိစ္စရပ်တွေမှာဝင်ပါလို့မရတော့ဘူး။ တပ်မတော်ကလည်း နယ်ခြားစောင့်တပ်ဖွဲ့တွေနဲ့ ပြည်သူ့စစ်တပ်ဖွဲ့တွေက သူတို့ရဲ့ ထိန်းချုပ်မှုအောက်မှာ ရှိနေတဲ့အတွက် တပ်မတော်ရဲ့အစိတ်အပိုင်းတစ်ခုဖြစ်နေပြီလို့သတ်မှတ်ထားတယ်။ ဒါပေမယ့် BGF နဲ့ ပြည်သူ့စစ်တပ်ဖွဲ့တွေက ဒါကိုလက်မခံကြပါဘူး။ သူတို့မှာလည်း ကိုယ်ပိုင် ရည်မှန်းချက်တွေ မျှော်မှန်းချက်တွေရှိတယ်လို့ ပြောကြတယ်။ အထူးသဖြင့် KNLP ဖက်က ဒီသဘောထားအပေါ် အခိုင်အမာရပ်တည်ပြီး ဆုပ်ကိုင်ထားနေဆဲဖြစ်တယ်။”[၁၅]

## အဖွဲ့အစည်းအချင်းချင်းကြား ပေါင်းစည်းဆောင်ရွက်ရေး အစီအစဉ်များ

ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ နှေးကွေးနေသော်လည်း အဖွဲ့အစည်းပေါင်းစုံကို အတူတကွစုစည်းနိုင်စေရန်ဆက်လက်ကြိုးပမ်းဆောင်ရွက်နေကြဆဲဖြစ်သည်။ ၂၀၁၂ ခုနှစ် အပစ်အခတ်ရပ်စဲရေးကို သဘောတူလက်မှတ်ရေးထိုးခဲ့ပြီးနောက်ပိုင်း KNPP ကိုယ်စားလှယ်များ ကယားပြည်နယ်အနှံ့ ခရီးဆန့်၍ လူထုများနှင့် လိုက်လံတွေ့ဆုံဆွေးနွေးခဲ့စဉ်က ပြည်နယ်အတွင်းရှိ အခြားတိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့်ပါ သင့်သင့်မြတ်မြတ်ဖြစ်အောင်ပြန်လည်စည်းရုံးစုစည်းရန် လူထုများကတောင်းဆိုခဲ့ကြသည်။ ထိုအချိန်မှစ၍ အစည်းအဝေးနှင့်တွေ့ဆုံဆွေးနွေးမှုပေါင်းများစွာဖြစ်ပျက်လာခဲ့ခြင်းဖြစ်သည်။[၁၆] EAO များ ပေါင်းစည်းဆောင်ရွက်ရေးအတွက် အားလုံးဝိုင်းဝန်းဆောင်ရွက်ခဲ့သည့် အအောင်မြင်ဆုံးကြိုး



ဖရူဆိုမြို့နယ် ဟိုယာဒေသ၌ ကယားပြည်နယ် အမျိုးသားနေ့ ကို ကျင်းပနေကြသည့် ကယောတိုင်းရင်းသားများ(KT)

ပမ်းအားထုတ်မှုတစ်ရပ်မှာ ၂၀၁၂ ခုနှစ် ဩဂုတ်လအတွင်း ပြည်နယ်အတွင်းရှိ လက်နက်ကိုင်အဖွဲ့အစည်း (၆) ဖွဲ့ စုပေါင်း၍ လူထုကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးကွန်ရက်–ကရင်နီ ပြည် (CHDN) ကို ဖွဲ့စည်းတည်ထောင်နိုင်ခဲ့ခြင်းပင်ဖြစ်သည်။[၃၇] ယခုအားထုတ်မှုသည် လက်နက်ကိုင်အဖွဲ့အစည်း အားလုံး ပါဝင်ခဲ့ကြသည့် တစ်ခုတည်းသော စုပေါင်းအဖွဲ့ အစည်းဖြစ်သည်။ “CHDN က ကျန်းမာရေးကိစ္စတစ်ခုတည်းကိုပဲ အာရုံစိုက်တဲ့အတွက် အလုပ်ဖြစ်နေတာပါ” ဟု CHDN ၏ ဦးဆောင်အဖွဲ့ဝင်တစ်ဦးဖြစ်သည့် အဲဗလင်းက ပြောဆိုသွားခဲ့သည်။ “ဒါကို လက်နက်ကိုင်အဖွဲ့အစည်း အသီးသီးက ယော်ရှယ်နပ်ပြီး တက်ကြွလှုပ်ရှားတဲ့လူငယ်တွေ ဦးဆောင်နေကြတာပါ။”[၃၈] CHDN ဖွဲ့စည်းပြီးကတည်းက ကျန်းမာရေး ပြုစုစောင့်ရှောက်မှု ကောင်းစွာမရရှိကြသည့် ကယားပြည်နယ်တစ်နံတစ်လျားမှ လူထုလူတန်းစားများအား အနှစ်သာရပြည့်ဝသည့် ကျန်းမာရေးဝန်ဆောင်မှုများကို ပေးအပ်ထောက်ပံ့လာနိုင်ခဲ့သည်ဟု နယ်ခံရပ်ရွာခေါင်းဆောင်များက ပြောဆိုအသိအမှတ်ပြုခဲ့ကြသည်။

KNPP သည် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်း ကရင်နီပြည် ငြိမ်းချမ်းရေးညီလာခံကိုလည်း လွိုင်ကော်မြို့၌ ခေါ်ယူကျင်းပနိုင်ခဲ့သည်။ အစောပိုင်း၌ KNPP တစ်ဦးတည်း ကြီးစိုးခြယ်လှယ်သွားလေမလားဟု စိုးရိမ်ခဲ့ကြသော်လည်း[၃၉] ညီလာခံသို့ လက်နက်ကိုင် KNPLF နှင့် ကရင်နီအမျိုးသား ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီ (KNPDP)၊ လူမျိုးပေါင်းစုံ ဒီမိုကရေစီပါတီ (ANDP)၊ ကယားလူမျိုးစု ဒီမိုကရေစီပါတီ (KUDP)၊ ကယန်းအမျိုးသားပါတီ (KNP)[၄၀] နှင့်အရပ်ဖက်လူမှုအဖွဲ့အစည်းပေါင်းစုံ တက်ရောက်ပါဝင်ခဲ့ကြသည်။ “ကရင်နီပြည်မှာမျိုးနွယ်စုတွေနဲ့ နိုင်ငံရေးပါတီတွေအများကြီးရှိနေတယ်။ ဒါကြောင့် အမျိုးသားအဆင့်မှာ အားလုံးကိုကိုယ်စားပြုတင်ပြနိုင်မယ့် ဘုံနိုင်ငံရေးသဘောတူညီချက်ကို ပြင်ဆင်နိုင်ဖို့ ကြိုးစားခဲ့တာပါ” ဟု KNPP ကိုယ်စားလှယ် ခူဥေးရယ်က ပြောဆိုသွားခဲ့သည်။ “နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုအတွက် ကြိုတင်ပြင်ဆင်တဲ့အနေနဲ့ ကရင်နီပြည်ငြိမ်းချမ်းရေး ညီလာခံကို ခေါ်ယူကျင်းပရခြင်းဖြစ်ပါတယ်။ ဘုံသဘောတူညီချက်ရထားမှအစိုးရနဲ့ ညှိနှိုင်းတဲ့အခါ ဆွေးနွေးဖလှယ်နိုင်မှာဖြစ်တယ်။”[၄၁] ညီလာခံအပြီး၌ အချက် (၇) ချက်ပါရှိသည့် ကြေညာချက်တစ်ခုကို သဘော

တူညီမှုရရှိခဲ့ကြသည်။ အဓိကကျသည့် ရည်ရွယ်ချက်များ၌ ဖက်ဒရယ်နိုင်ငံတော်တစ်ခုကို ဖွဲ့စည်းတည်ထောင်သွားရန်၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်သွားရန်၊ စစ်မှန်သည့်ငြိမ်းချမ်းရေးတည်ဆောက်သွားရန်၊ ကယားပြည်နယ်မှ ကရင်နီပြည်နယ်ဟု ပြင်ဆင်ခေါ်ဆိုသွားရန်၊ ကရင်နီပြည်နယ်၏ လုံခြုံရေးနှင့် ကာကွယ်ရေးကိစ္စရပ်များအတွက် ဖက်ဒရယ်တပ်မတော်တစ်ရပ် ဖွဲ့စည်းတည်ထောင်သွားရန်ဟူသည့် အချက်များပါဝင်ခဲ့သည်။[၂၂]

၂၀၁၆ ခုနှစ် အောက်တိုဘာလ၌ ကယားပြည်နယ်အတွင်းရှိ နယ်ခြားစောင့်တပ်ဖွဲ့များနှင့် ပြည်သူ့စစ်တပ်ဖွဲ့များ သည်လည်း ၂၁ ရာစု ပင်လုံညီလာခံအပါအဝင် နိုင်ငံရေးတွေ့ဆုံ ဆွေးနွေးမှုအတွင်း ပါဝင်ဆောင်ရွက်နိုင်ရန် ကြိုးပမ်းသည့်အနေဖြင့် ကရင်နီအမျိုးသားညီညွတ်ရေးပူးတွဲကော်မတီ (KNUJC) ကို ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။[၂၃] ပါတီ၏ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်အာဏာကို ယုတ်လျော့အားနည်းသွားစေနိုင်သည် ဟူသည့်အကြောင်း ပြချက်ဖြင့် KNPP တက်ရောက်ပါဝင်ခြင်းမပြုဘဲ ငြင်းဆန်ခဲ့သည်။ "KNUJC က KNPP ကို အားပြိုင်စိန်ခေါ်တာတွေရှိလာမှာကို သူတို့ဖက်က စိုးရိမ်ကြပုံရတယ်" ဟု KNUJC အတွင်းရေးမှူး အဲဗလင်းက ရှင်းလင်းပြောဆိုသွားခဲ့သည်။ "ဒါပေမယ့် ကျမတို့ရဲ့ ရည်ရွယ်ချက်က ရှင်းပါတယ်။ အရင်တုန်းကဆိုရင် လူတွေက တစ်ဖွဲ့နဲ့တစ်ဖွဲ့ တိုက်ခိုက်ခဲ့ကြတယ်။ အခုတော့ လူတွေက တိုက်ပွဲတွေကို စိတ်ကုန်သွားကြပြီ။ KNUJC အနေနဲ့ ကရင်နီပြည်ထဲမှာရှိတဲ့ အခြားအဖွဲ့အစည်းတွေနဲ့ ငြင်းခုံရန်ဖြစ်ဖို့ စိတ်ကူးမရှိပါဘူး။"[၂၄]

စတင်ဖွဲ့စည်းပြီးနောက်ပိုင်း KNUJC သည် အများပြည်သူအလေးထား အာရုံစိုက်နေကြသည့် အဓိကနယ်ပယ်သုံးခုဖြစ်သည့် စစ်ဆေးရေးဂိတ်များနှင့် အကောက်ခွန်၊ သဘာဝပတ်ဝန်းကျင် (အထူးသဖြင့် သတ္တုတူးဖော်ရေးနှင့် သစ်ထုတ်လုပ်ငန်း) နှင့် မူးယစ်ဆေးဝါးစသည့် ပြဿနာများနှင့် ပတ်သက်၍ လူထုတွေ့ဆုံဆွေးနွေးပွဲပေါင်းများစွာကို စီစဉ်ကျင်းပခဲ့သည်။ "လူထုတွေကလည်း ကျမတို့ကို ပွင့်ပွင့်လင်းလင်းပဲ မှတ်ချက်တွေအများကြီးပေးလာတော့ ကျမတို့ဖက်က အနာဂတ်မှာ ကိုင်တွယ်ဆောင်ရွက်သွားဖို့စဉ်းစားထားတဲ့ ကိစ္စရပ်တွေ အများကြီးဖြစ်လာတယ်" ဟု အဲဗလင်းက ပြောဆိုခဲ့သည်။ "ကျမတို့အနေနဲ့ ငြိမ်းချမ်းရေးရဖို့ ကြိုးပမ်းအားထုတ်နေကြတဲ့ တစ်ခြားလက်နက်ကိုင်အဖွဲ့အစည်းတွေကိုလည်း ပါဝင်လာစေချင်ပါတယ်။ ဒီလက်နက်ကိုင်အဖွဲ့အစည်းတွေက စီးပွားရေးလုပ်ဖို့ပဲ အာရုံစိုက်နေကြတယ်လို့ သူတို့ပြောကြပေမယ့် ကျမတို့အနေနဲ့ သူတို့တွေအပေါ် မျှော်လင့်အားထားနေတုန်းပါပဲ။ သူတို့က လက်နက်ကိုင်တဲ့ဖက်မှာ အင်အားကောင်းနေကြဆဲဖြစ်တယ်။ ဆိုတော့ ကျမတို့အနေနဲ့ ဒီအဖွဲ့တွေနဲ့ ပတ်သက်ပြီး တစ်ခုခုတော့ လုပ်ဖို့လိုအပ်တယ်။"[၂၅]

ဤကဲ့သို့သော ဖြေရှင်းချက်များ ရှိနေလင့်ကစား ကယားပြည်နယ်၌ ပြည်သူ့စစ်တပ်ဖွဲ့များနှင့် နယ်ခြားစောင့်တပ်ဖွဲ့များ နိုင်ငံရေးအရ တရားဝင်ကိုယ်စားပြုနိုင်ရန်စိန်ခေါ်မှုများ ဆက်ရှိနေဆဲပင်ဖြစ်သည်။ ယခင်က အတွေ့အကြုံများကြောင့် အချို့သောဒေသတွင်း စောင့်ကြည့်လေ့လာသူများက KNUJC ကို မည်သူ့စိတ်ကူးအကြံအစည်ဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့ကြသနည်းဟု သံသယမကင်းရှိနေကြဆဲဖြစ်သည်။ နယ်ခံ NGO ကိုယ်စားလှယ်တစ်ဦးက "တပ်မတော်ရဲ့ တောင်ကြီးအခြေစိုက် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ကယားပြည်နယ်ကိုလာပြီး ပြည်သူ့စစ်တပ်ဖွဲ့တွေနဲ့ နယ်ခြားစောင့်တပ်ဖွဲ့တွေအားလုံးကို တွေ့ဆုံဆွေးနွေးခဲ့ပြီးတဲ့နောက် ရက်အနည်းငယ်အကြာမှာ ဖွဲ့စည်းတည်ထောင်ခဲ့ကြတာပါ။ ဒါကြောင့် လူတော်တော်များများက ဒီစိတ်ကူးကို သူ့ဆီကလာတယ်လို့ ထင်မြင်ယူဆနေကြတာပါ" ဟု သီးသန့်ပြောဆိုသွားခဲ့သည်။[၂၆]

ဤအကြောင်းရင်းကြောင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးရာ၌ ကရင်နီလူထုကို မည်သည့် EAO အဖွဲ့အစည်းက ကိုယ်စားပြုသင့်သနည်းဟူသည့် မေးခွန်းသည် အငြင်းပွားဖွယ် ဖြစ်နေဆဲပင်ဖြစ်သည်။ လက်နက်ကိုင်ပဋိပက္ခကြောင့် အောက်ခြေရပ်ရွာလူထုများအကြား ဂိုဏ်းကွဲနေကြသည့်ကိစ္စရပ်နှင့် မြို့ပေါ်နိုင်ငံရေးလှုပ်ရှားမှုများ အားကောင်းလာသည့် ကိစ္စရပ်တို့ကိုပါ ထည့်သွင်းစဉ်းစားရန် လိုအပ်လာပြီဖြစ်သည် (အခန်း ၆ ကိုကြည့်ပါ)။ ကယားပြည်နယ်ရှိ မတူကွဲပြားသည့် ရပ်ရွာအသိုက်အဝန်းများနှင့် ကွန်ရက်များကို ကိုယ်စားပြုနေသူများက လက်ရှိလူ့အသိုင်းအဝိုင်း၌ KNPP၊ KNPLF နှင့် KNLP တို့သည် နိုင်ငံရေးရပ်တည်ချက်ပေါ် အခြေပြု၍ လှုပ်ရှားဆောင်ရွက်နေကြဆဲ လက်နက်ကိုင်အဖွဲ့အစည်းများ ဖြစ်သည်ဟု ယေဘုယျ

## ကရင်နီ လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများ (၂၀၁၈ ခုနှစ်)

ကရင်နီလူထု၏ လက်နက်ကိုင်တော်လှန်ရေးခရီးစဉ်ကို ၁၉၄၈ ခုနှစ်၌ စတင်ခဲ့ခြင်းဖြစ်သည်။ ၁၉၅၇ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့သည့် **ကရင်နီအမျိုးသားတိုးတက်ရေးပါတီ** (KNPP) သည် ကယားပြည်နယ်၏ သက်တမ်းအရင့်ဆုံးနှင့်အင်အားအတောင့်တင်းဆုံးလက်နက်ကိုင်အဖွဲ့အစည်းဖြစ်သည်။ကရင်နီပြည်လွတ်လပ်ရေးဟူသည့် နိုင်ငံရေးရပ်တည်ချက်ကို ဆုပ်ကိုင်ထားခဲ့ပြီး တပ်ဖွဲ့ဝင်အင်အား အများဆုံးဖြစ်သည့်အပြင် အုပ်ချုပ်ရေးယန္တရားများကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ကျက်ထားနိုင်သည့် ပါတီသည် နယ်ခံလူထုလူတန်းစားများကို အလုပ်အကျွေးပြု ဝန်ဆောင်မှုပေးနိုင်စွမ်း အမြင့်ဆုံးဖြစ်သည်။ KNPP သည် လွတ်လပ်ရေးရခဲ့သည့် ၁၉၄၈ ခုနှစ်နောက်ပိုင်းတက်လာသည့် အစိုးရခေတ်အဆက်ဆက်ကို ဖြတ်သန်းခဲ့ပြီး မတူညီသည့် နိုင်ငံရေးကာလသုံးခုဖြစ်သည့် ၁၉၆၃ ခုနှစ်၊ ၁၉၅၅ ခုနှစ်နှင့် ၂၀၁၂ ခုနှစ်ကတည်းက ယခုအချိန်ထိ ဆက်လက်တွေ့ဆုံဆွေးနွေးနေဆဲဖြစ်သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၌ ပါဝင်ဆောင်ရွက်ခဲ့သည်။ ယခင် ၁၉၆၃ ခုနှစ်နှင့် ၁၉၉၅ ခုနှစ် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် နှစ်ရပ်စလုံး အောင်မြင်မှုမရှိဘဲ ပျက်ပြားသွားခဲ့ရသည်။ ပါတီ၏ ယနေ့အဖွဲ့အစည်းနှင့် စစ်ရေးတောင်ပံဖြစ်သည့် ကရင်နီတပ်မတော်သည် ကယားပြည်နယ်တွင်း နယ်မြေဒေသအတော်များများကို ဖြန့်ကျက်စိုးမိုးထားရာ၌ ရှားတော၊ ဖရူဆိုနှင့် ဖားဆောင်းမြို့နယ်များသည် ၎င်း၏အမာခံနယ်မြေများဖြစ်ကြသည်။ ထို့အပြင် ရှားတောမြို့နယ်၏ အရှေ့တောင်ပိုင်းဒေသရှိ ၎င်း၏ဌာနချုပ်အပါအဝင် ထိုင်းနယ်စပ်တစ်ကြောကိုလည်း အခိုင်အမာနေရာယူ စိုးမိုးထားဆဲဖြစ်သည်။

စတင်ဖွဲ့စည်းပြီးကတည်းက KNPPသည်အခြားတိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများအထူးသဖြင့် ၁၉၇၆ ခုနှစ်၌ တည်ထောင်ခဲ့သည့် အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (NDF) နှင့် ၂၀၁၁ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည့် စည်းလုံးညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီကဲ့သို့သော မဟာမိတ်အဖွဲ့များ၌ ပါဝင်ဆောင်ရွက်လေ့ရှိသည့် သမိုင်းကြောင်းရှည်ကြာခဲ့သော အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။ ဆယ်စုနှစ်ပေါင်းများစွာ ကရင်အမျိုးသားအစည်းအရုံးနှင့် အထူးတလည်နီးစပ်သည့် ဆက်ဆံရေးရှိခဲ့သလို ကချင်လွတ်လပ်ရေးအဖွဲ့အစည်းနှင့် မွန်ပြည်သစ်ပါတီကဲ့သို့သော အခြားတိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများနှင့်လည်း ကောင်းမွန်သည့်ဆက်ဆံရေး တည်ဆောက်ထားနိုင်ခဲ့သည်။ ပါတီကို ဦးဆောင်ဖွဲ့စည်းခဲ့သူ စောမောရယ် ထောက်ခံအားပေးခဲ့သည့် ရပ်တည်ချက်တစ်ခုဖြစ်သလို သမိုင်းတစ်လျှောက် အချုပ်အခြာအာဏာပိုင်ဖြစ်ခဲ့သည့် အစဉ်အလာပေါ် အခြေခံ၍ ကရင်နီ “လွတ်လပ်ရေး” နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့် အခွင့်အရေးကို မကြာခဏဆိုသလိုထုတ်ဖော်ကြွေးကြော်ခဲ့ကြသည်။၁၉၉၆ခုနှစ်၌KNPP၏နယကခေါင်းဆောင်တစ်ဦးဖြစ်သည့် အေဘယ်တွိဒ်က “သမိုင်းအရ ကြည့်မယ်ဆိုရင် ကျနော်တို့က ဘယ်တုန်းကမှ ဗမာပြည်ရဲ့ အစိတ်အပိုင်းတစ်ခု မဟုတ်ခဲ့တဲ့အတွက် ကျနော်တို့ရဲ့ လွတ်လပ်ရေးကို ဆက်လက်ထိန်းသိမ်းဖို့ မူဝါဒချမှတ်ထားတာပါ။ ဗမာပြည်မကိုနိုင်ငံတစ်ခုအနေနဲ့ ကျနော်တို့အသိအမှတ်ပြုထားသလို ကျနော်တို့ ကရင်နီတွေကိုလည်း ဗမာတွေအားလုံး လွတ်လပ်တဲ့လူမျိုးနိုင်ငံတစ်ခုအနေနဲ့ အသိအမှတ်ပြုသင့်ပါတယ်။ ဆိုတော့ ကျနော်တို့ရဲ့ အဆင့်အတန်းချင်းက အတူတူပဲ” ဟု ရှင်းပြပြောဆိုသွားခဲ့သည်။[၂၇] ဤအကြောင်းပြချက်ကြောင့် ၁၉၅၉ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ‘ဗကပ’ နှင့် မဟာမိတ်ဖွဲ့ခဲ့သည့် ညီညွတ်သောအမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (NDUF) ၌ ခဏတာမျှ ပူးပေါင်းခဲ့သည်မှလွဲ၍ KNPP သည် ဗမာလူများစု၏ ဦးဆောင်မှု သို့မဟုတ် အဖွဲ့အစည်းများပါဝင်သည့် မဟာမိတ်တပ်ပေါင်းစုများ၌ ယေဘုယျအားဖြင့် ပါဝင်ဆောင်ရွက်ခြင်းမရှိဘဲ ရှောင်ကြဉ်ခဲ့သည်။

လတ်တလောနှစ်များအတွင်း KNPP သည် ၎င်းတို့၏ သမိုင်းစဉ်လာ လွတ်လပ်ရေးရပ်တည်ချက်ပေါ် အာရုံစိုက်ရာမှ ဖယ်ခွာ၍ NDF နှင့် UNFC မဟာမိတ်များ၏ ရပ်တည်ချက်နှင့်အညီ ဒီမိုကရေစီအခြေခံမူများပေါ် အခြေပြုသည့် "ဖက်ဒရယ်ပြည်ထောင်စု" တစ်ရပ် ဝိုင်းဝန်းတည်ဆောက်သွားကြရန် စတင်ပြောဆိုလာခဲ့သည်။ ထို့အပြင် KNPP သည် မျိုးနွယ်စုတစ်ခုတည်းကိုသာ ကိုယ်စားပြုသည်ဟု ၎င်းတို့ဆိုသည့် "ကယားပြည်နယ်" ဟူသည့်အမည်ကို တောက်လျှောက်ကန့်ကွက်လာခဲ့သည်။ ယင်းအစား KNPP အနေဖြင့် ဒေသတွင်း မှီတင်းနေထိုင် လျက်ရှိသူများအားလုံးကို စုပေါင်းလွှမ်းခြုံမှုရှိသည်ဟု ၎င်းတို့လက်ခံယူဆထားသည့် "ကရင်နီပြည်နယ်" ဟူသည့်ယခင်အမည်ဟောင်းကိုသာ ပြန်လည်သုံးစွဲသွားရန် လိုလားလျက်ရှိသည်။ "အခုက ကယားပြည်နယ်လို့ ခေါ်ဝေါ်သုံးနှုန်းနေကြတယ်။ ဒါက မျိုးနွယ်စုတစ်ခုကိုပဲ ကိုယ်စားပြုနေတာပါ။ ဒီမှာ ကယားတွေချည်းပဲနေကြတာမဟုတ်တော့ တစ်ခြားမျိုးနွယ်စုတွေအတွက် မကောင်းဘူးပေ့ါ" ဟု KNPP ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် ခူဒေးရယ်ကပြောဆိုသွားခဲ့သည်။ "ဒီနာမည်ကို ဦးနုအစိုးရက ပြောင်းလိုက်တာပါ။ အဲဒီနောက်တော့ စစ်အစိုးရက ကျနော်တို့ရဲ့သမိုင်းကို ဖျက်ဆီးပစ်လိုက်တာ အတော်ခံစားရတယ်။"[၂၈] ကယား၊ ကယန်းနှင့် ကယောမျိုးနွယ်စုတို့သည် အလွန်နီးစပ်ကြသူများဖြစ်ကြသည့်အတွက် KNPP အနေဖြင့် ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့် မျိုးနွယ်စုများအားလုံးကို ကိုယ်စားပြုနိုင်ရန် ကြိုးပမ်းနေခြင်းဖြစ်ပြီး လူများစုဖြစ်သည့် ကယားမျိုးနွယ်စုကိုသာ အဓိကထားကိုယ်စားပြုနေသည်ဟူသည့် စွပ်စွဲချက်ကို ငြင်းပယ်သွားခဲ့သည်။ KNPP ၏ ယခင်က ထိပ်ပိုင်းခေါင်းဆောင်တစ်ချို့သည် ကယားများမဟုတ်ခဲ့ကြပေ။ ယင်း၌ KNPP ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် အခန်းကဏ္ဍမှစွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည့် ဗိုလ်ချုပ်အောင်သန်းလေးသည် ပိုးကရင်တစ်ဦးဖြစ်သည်။

နယ်ခံလူထုများအကြား အတိုကောက်မြန်မာအမည် "ကလလတ" သို့မဟုတ် "ကြယ်နီ" ဟု သိထားကြပြီး ၁၉၇၈ ခုနှစ်အတွင်း KNPP အဖွဲ့ဝင်ဟောင်းများက ခွဲထွက်တည်ထောင်ခဲ့ကြသည့် **ကရင်နီပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး** (KNPLF) သည် နောက်ပိုင်း၌ 'ဗကပ' နှင့်မဟာမိတ်ဖွဲ့၍ တရုတ်နယ်စပ်၌ အခိုင်အမာခြေကုပ်ရလာခဲ့သည်။ KNPP မှ ခွဲထွက်လာပြီးနောက် KNPLF သည် ရှမ်းနယ်စပ်တစ်လျှောက် နေရာယူထားသည့် အခြား 'ဗကပ' မဟာမိတ်နှစ်ဖွဲ့ဖြစ်သည့် ကယန်းအများစုဖြင့် ဖွဲ့စည်းထားသည့် KNLP နှင့် ပအိုဝ်းအများစုဖြင့်ဖွဲ့စည်းထားသည့် ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (SNPLO) တို့နှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်မှုများ ရှိခဲ့သည်။ ၁၉၈၉ ခုနှစ်၌ 'ဗကပ' ပြိုလဲသွားသည့်အခါ KNPLF သည် "လူထု အခြေပြုဒီမိုကရေစီ" ကို ထောက်ခံအားပေးရာမှ "ဖက်ဒရယ်ပြည်ထောင်စု" တစ်ခုဖွဲ့စည်းတည်ထောင်ရေးကို အားပေးထောက်ခံသည့် ရပ်တည်ချက်သို့ ပြောင်းလဲသွားခဲ့ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အစိတ်အပိုင်းတစ်ခုအဖြစ် ဆက်လက်ရပ်တည်သွားရန် ဆန္ဒရှိခဲ့သည်။

၁၉၉၄ ခုနှစ်အရောက်တွင် စန္ဒာနှင့် ထွန်းကျော်တို့၏ ဦးဆောင်မှုအောက်၌ KNPLF သည် နဝတအစိုးရနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူလက်မှတ်ရေးထိုးခဲ့သည်။ ဤနည်းအားဖြင့် "ကယားပြည်နယ်အထူးဒေသ ၂" ဟူ၍ ချီးမြှင့်ခံရပြီး ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲပြင်ဆင်မည့် အမျိုးသားညီလာခံ၏ နောက်ပိုင်းအခမ်းအနားများ၌ ပါဝင်ခွင့်ရရှိလာကာ ဖက်ဒရယ်စနစ်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့် တောင်းဆိုမှုများကို ထောက်ခံအားပေးလာခဲ့သည်။ သို့သော်လည်း ၂၀၀၉ ခုနှစ် နိုဝင်ဘာလ၌ နယ်ခြားစောင့်တပ်ဖွဲ့များအဖြစ်အသွင်ပြောင်းဖွဲ့စည်းသွားရန် 'နအဖ' အစိုးရ၏ အတင်းအကျပ်ဖိအားပေးခြင်းခံခဲ့ရပြီး လွိုင်ကော်၊ ဖားဆောင်း၊ မယ်စဲ့၊ ဘောလခဲနှင့် ဒီမော့ဆိုမြို့နယ်များ၌ တရားဝင်တပ်ဖွဲ့ဝင်အင်အား ၆၀၀ ဖြင့်သာ လှုပ်ရှားမှုပြုရန် ကန့်သတ်ခံခဲ့ရသည်။ မည်သို့ဆိုစေ လက်ရှိအချိန်၌ နယ်ခြားစောင့်တပ်ဖွဲ့ ၁၀၀၄ အခြေစိုက်လျက်ရှိသည့် ထိုင်းနယ်စပ်နှင့်ကပ်နေသည့် ကယားပြည်နယ်တောင်ပိုင်း မယ်စဲ့မြို့နယ်သည် KNPLF ၏ အမာခံနယ်မြေ

အဖြစ်ဆက်ရှိနေဆဲပင် ဖြစ်သည်။ အခြားတပ်ရင်းတစ်ခုဖြစ်သည့် နယ်ခြားစောင့်တပ် ၁၀၀၅ သည် ဘောလခဲ မြို့နယ်၏ အရှေ့မြောက်ပိုင်းဒေသ၌ အခြေစိုက်လှုပ်ရှားလျက်ရှိသည်။

KNPLF တပ်ဖွဲ့ဝင်များ၌ ကယန်းနှင့် ကယောအများအပြား ပါဝင်လျက်ရှိသကဲ့သို့ ကယားများလည်း ပါဝင်နေကြသည်။ သို့သော်လည်း KNPP ကဲ့သို့ပင် ပါတီခေါင်းဆောင်များက ၎င်းတို့သည် ကယားပြည်နယ် တွင်းရှိ တိုင်းရင်းသားမျိုးနွယ်စုများအားလုံးကို ကိုယ်စားပြုသည်ဟု ပြောဆိုထားကြသည်။ "အရင်တုန်းကဆိုရင် KNPP က လွတ်လပ်ရေးနဲ့ ကယားအမျိုးသားလက္ခဏာအတွက် ရပ်တည်ခဲ့ပြီး KNPLF က ဖက်ဒရယ်ပြည် ထောင်စုနဲ့ တိုင်းရင်းသားပေါင်းစုံရဲ့ ကိုယ်ပိုင်လက္ခဏာရပ်တွေအတွက် ရပ်တည်ခဲ့တယ်" ဟု KNPLF ၏ တွဲဖက် အထွေထွေအတွင်းရေးမှူး မန်းသက်ဖောက ပြောဆိုသွားခဲ့သည်။ "ဒါပေမယ့် အခုချိန်မှာတော့ KNPP လည်း ပြောင်းလဲသွားပြီမို့ သူတို့ရဲ့စိတ်ကူးအိပ်မက်က ကျနော်တို့နဲ့ တစ်ထပ်တည်းကျသွားပါပြီ။"[၂၉]

KNPLF ကိုယ်စားလှယ်များက ၎င်းတို့၏ စစ်တပ်ကို တပ်မတော်၏ ထိန်းချုပ်မှုအောက်ရှိ BGF တပ်ဖွဲ့ အဖြစ် အသွင်ပြောင်းလိုက်ပြီဖြစ်သော်လည်း ၎င်းတို့၏ နိုင်ငံရေးတောင်ပံသည် လွတ်လပ်၍ အနှောင်အဖွဲ့ ကင်းကင်းဖြင့် နိုင်ငံရေးရည်မှန်းချက်များကို ဆက်လက်ဆုပ်ကိုင်ထားသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်ဟု အတည်ပြုပြောဆိုသွားခဲ့သည်။ ဤအကြောင်းရင်းကြောင့် အချို့သောတပ်ဖွဲ့ဝင်များကို BGF ဖွဲ့စည်းပုံပြင်ပ ၌ချန်ရစ်ထားခဲ့ခြင်းဖြစ်သည်။ ထို့အပြင် ထိပ်ပိုင်းခေါင်းဆောင်များက ပါတီဥက္ကဋ္ဌထွန်းကျော်၏ ညွှန်ကြားချက် အောက်၌ စီးပွားရေးကိုသာ အလေးပေးအာရုံစိုက်သည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်သွားပြီဟု ပြောဆိုနေကြသည့် ကိစ္စရပ်ကိုလည်း ငြင်းဆန်ခဲ့ကြသည် (အခန်း ၈ ကိုကြည့်ပါ)။ မန်းသက်ဖောက "ကျနော်တို့အနေနဲ့ ဒီမိုကရေစီ ရဖို့ မျှော်လင့်နေကြသလို နိုင်ငံရေးအရ တန်းတူညီမျှမှုရှိတဲ့ ဖက်ဒရယ်ပြည်ထောင်စုတစ်ရပ် ပေါ်ထွန်းလာဖို့ မျှော်လင့်နေကြတာပါ" ဟုပြောဆိုခဲ့သည်။ "ကျနော်တို့နိုင်ငံက နှစ်ပေါင်းခြောက်ဆယ်ကျော် လက်နက်ကိုင် ပဋိပက္ခရဲ့ ရိုက်ခတ်မှုကို ခံခဲ့ရတာပါ။ ဒါကြောင့် ကျနော်တို့ရဲ့ပြည်နယ်က နိုင်ငံထဲမှာ အခြားဒေသတွေထက် စာရင် ဖွံ့ဖြိုးတိုးတက်မှု အနည်းဆုံးဖြစ်ခဲ့ရတယ်။ အစိုးရသစ်တက်လာတော့ ဒီမိုကရေစီရတော့မယ်လို့ မျှော်လင့်ခဲ့ကြပေမယ့် နိုင်ငံရေးမှာ တပ်မတော်က ဆက်ပြီးပါနေဆဲမို့ အရမ်းခက်ပါတယ်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို အသစ်ပြန်ရေးဖို့ လိုအပ်နေတယ်။"[၃၀]

**ကယန်းပြည်သစ်ပါတီ** (KNLP) ကို "မြန်မာ့နည်းမြန်မာ့ဟန် ဆိုရှယ်လစ်လမ်းစဉ်" ကို ဆန့်ကျင်တော် လှန်ခဲ့သည့် တောင်သူလယ်သမားအရေးတော်ပုံအပြီး ၁၉၆၄ ခုနှစ်၌ ရှမ်းပြည်နယ် ဖယ်ခုံမြို့တွင် စတင်တည် ထောင်ခဲ့ခြင်းဖြစ်သည်။ တော်လှန်ရေးလှုပ်ရှားမှုကို ဖက်ဆစ်ဂျပန်တော်လှန်ရေး၌ ကိုယ်တိုင်ပါဝင်တိုက်ခိုက် ခဲ့သည့် နယ်ခံသူကြီးတစ်ဦးဖြစ်သည့် ဗိုလ်ပျံက ဦးဆောင်ခဲ့ခြင်းဖြစ်သည်။ ရန်ကုန်တက္ကသိုလ်ကျောင်းသား တစ်ဦးဖြစ်သည့် ရွှေအေး၏ ဦးဆောင်မှုဖြင့် လူငယ်ထောက်ခံသူများ စုပြုံဝင်ရောက်လာခဲ့ပြီးနောက် များမကြာမီ ၌ KNLP ကို တရားဝင်ဖွဲ့စည်းထူထောင်လိုက်ကြောင်း ကြေညာမောင်းခတ်ခဲ့ပြီး ရှမ်း၊ ကယား၊ ကရင်ပြည် နယ်များနှင့် မန္တလေး တိုင်းတို့ကို ဆက်သွယ်ပေးထားသည့် တောင်စဉ်တောင်တန်းများပေါ်၌ အခြေစိုက် လှုပ်ရှားခဲ့ကြသည်။ ၁၉၇၆ ခုနှစ်အစောပိုင်း၌ KNLP သည် NDF ကို ကျောထောက်နောက်ခံပြုရန် ပူးပေါင်း ခဲ့သော်လည်း နောက်ပိုင်းတွင် CPB နှင့် မဟာမိတ်ဖွဲ့ထားသည့် KNPLF တို့နှင့် ပူးပေါင်းသွားခဲ့ပြီး ဆယ်စုနှစ် နှင့်ချီ၍ KNPLF နှင့် SNPLO တို့နှင့် ကျောချင်းကပ်၍ လှုပ်ရှားခဲ့ကြသည်။

KNPLF နှင့် SNPLO တို့ကဲ့သို့ပင် CPB ပြိုကွဲသွားခဲ့သည့် ၁၉၈၉ ခုနှစ်နောက်ပိုင်း၌ KNLP သည်လည်းတစ်ဦးတည်း သင်းကွဲကျန်ရစ်ခဲ့သဖြင့် ၁၉၉၄ ခုနှစ်အရောက်တွင် 'နဝတ' အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူ လက်မှတ်ရေးထိုးခဲ့ပြီး "ကယားပြည်နယ်အထူးဒေသ ၃" ကို ချီးမြှင့်ခံခဲ့ရသည်။ ပါတီသည် နောက်ပိုင်းဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲပြင်ဆင်သည့် အမျိုးသားညီလာခံ၌ တက်ရောက်ပါဝင်ခဲ့ပြီး ဖက်ဒရယ်လိုလားသည့် အင်အားစုများဖက်မှ ရပ်တည်ထောက်ခံခဲ့သည်။ ၂၀၀၅ ခုနှစ်အရောက်တွင် နယ်ခံကျေးရွာလူထုများအကြား ပြည်သူ့စစ်တပ်ဖွဲ့သစ်တစ်ခုကို တပ်မတော်က ဖွဲ့စည်းပေးလိုက်ပြီးနောက်ပိုင်း ကယားပြည်နယ်မြောက်ပိုင်းဒေသအချို့ရှိ KNLP တပ်ဖွဲ့များကို ရုပ်သိမ်းပေးရန် ဖိအားပေးခံခဲ့ရသည်။ အသေအပျောက်တစ်ချို့ရှိခဲ့သည်ဟု သိရှိခဲ့ရသည်။ "ဒါက တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေ ပြိုကွဲပျက်စီးသွားပြီး ပြည်သူတွေနဲ့ ပြဿနာတက်လာအောင် အစိုးရသုံးလေ့ရှိတဲ့ သွေးခွဲအုပ်ချုပ်ရေးမူဝါဒရဲ့ အစိတ်အပိုင်းတစ်ခုပါ" ဟု ဖယ်ခုံမြို့နယ်၌ ကယန်းအမျိုးသားများ စည်းလုံးညီညွတ်ရေး ဒီမိုကရေစီအဖွဲ့ (DOKNU) ၏ကိုယ်စားလှယ်လောင်းတစ်ဦးဖြစ်သူ ခွန်းမားရ်ကိုဘန် ပြောဆိုသွားခဲ့သည်။[၃၀]

KNLP သည်လည်း ဌာနေပြည်သူ့စစ်တပ်ဖွဲ့အဖြစ် အသွင်ပြောင်းဖွဲ့စည်းရန် ၂၀၀၉ ခုနှစ်၌ တပ်မတော်၏ဖိအားပေးခြင်းခံခဲ့ရသည်။ သို့သော်လည်း KNLP ခေါင်းဆောင်များက ပြည်သူ့စစ်အဆင့်အတန်းကို ၎င်းတို့လက်ခံခဲ့သည်ဟူသည့် ပြောဆိုချက်များကို ငြင်းဆန်ခဲ့ကြသည်။ လက်နက်ကိုင်တော်လှန်ရေး နှစ် (၅၀) ပြည့် အထိမ်းအမှတ်နေ့ အခမ်းအနား၌ KNLP ဥက္ကဋ္ဌ ဦးသန်းစိုးနိုင်က "နိုင်ငံထဲမှာ ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ပေါက်လာမယ့်အချိန်ထိ ကျနော်တို့လူတွေ ဆက်ပြီးလက်နက်ကိုင် တော်လှန်သွားဖို့လိုအပ်တယ်" ဟု ကြေညာမောင်းခတ်ခဲ့သည်။[၃၂] "ကျနော်တို့က ပြည်သူ့စစ်တပ်ဖွဲ့ မဟုတ်ပါဘူး။ ကျနော်တို့က KNLP ရဲ့ နိုင်ငံရေးဦးဆောင်မှုအောက်မှာရှိတဲ့ နိုင်ငံရေးပါတီတစ်ခုဖြစ်သလို ကယန်းပြည်သစ်တပ်မတော်ကလည်း ဆက်လက်တည်တံ့နေတုန်းပါပဲ" ဟု KNLP ၏ တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးစောလွင်က ပြောဆိုသွားခဲ့သည်။ "အစိုးရနဲ့ အပစ်အခတ်ရပ်စဲဖို့ သဘောတူခဲ့ပေမယ့် ဒီမိုကရေစီ၊ ဖက်ဒရယ်နဲ့ ငြိမ်းချမ်းရေးအတွက် ကျနော်တို့ ဆက်လက်တိုက်ပွဲဝင်နေတုန်းပါပဲ။ ကျနော်တို့အနေနဲ့ ဘယ်လိုစစ်အာဏာရှင်ပုံစံကိုမှ လက်သင့်မခံနိုင်ပါဘူး။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း လက်မခံနိုင်ဘူး။ အမျိုးသားနိုင်ငံရေးမှာ စစ်တပ်ကဝင်ပါနေတာကိုလည်း ကျနော်တို့လက် မခံနိုင်ဘူး။ ဒါပေမယ့် စစ်အစိုးရက မြန်မာ့နိုင်ငံရေး လုပ်ငန်းစဉ်တွေထဲကနေ ကျနော်တို့ကို ဖယ်ထုတ်ဖို့အတွက် ကြိုးပမ်းတဲ့အနေနဲ့ ပြည်သူ့စစ်စာရင်းသွင်းခဲ့တာပါ။"[၃၃]

နိုင်ငံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေသည့် အထောက်အထားတစ်ခုအဖြစ် ၂၀၁၅ ခုနှစ် နိုဝင်ဘာလအတွင်း ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော်က ပန်ဆန်းမြို့နယ် စီစဉ်ကျင်းပခဲ့သည့် ညီလာခံသို့တက်ရောက်ပေးရန် ဖိတ်ကြားခံခဲ့ရသည့် လက်နက်ကိုင်အဖွဲ့အစည်း (၁၂) ဖွဲ့၌ KNLP သည်လည်း တစ်ဖွဲ့အပါအဝင်ဖြစ်ခဲ့သည်။ "UWSA၊ NDAA၊ KIO၊ SSPP၊ TNLA နဲ့ AA တို့အားလုံး KNLP ကို တော်လှန်ရေးအဖွဲ့အစည်းတစ်ရပ်အနေနဲ့ အသိအမှတ်ပြုခဲ့ကြတဲ့အတွက် ကျနော်တို့တက်ခဲ့တာပါ" ဟု ဦးစောလွင်က ပြောဆိုသွားခဲ့သည်။[၃၄]

လွတ်လပ်ရေးရပြီးချိန်မှစ၍ ကယန်းအမျိုးသားများ မှီတင်းနေထိုင်သည့် နယ်မြေဒေသများ၏ အမျိုးသားရေးနှင့် နိုင်ငံရေးအဆင့်အတန်း ("ကယန်းနယ်မြေဒေသနှင့် အမျိုးသားလက္ခဏာရပ်" စာကွက်ပါရှိသည့် အခန်း (၇) ကို ကြည့်ပါ) ရှင်းရှင်းလင်းလင်းမရှိဘဲ မှုန်ဝါးနေခဲ့ရသည်။ KNLP သည် ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကရင်နီပြည်နှင့် ပေါင်းစည်းပိုင်ခွင့်ပြုခဲ့သည့် ယခင်က မိုးဗြဲပြည်နယ်ခွဲ၌ အများအားဖြင့်အခြေစိုက်

လှုပ်ရှားလာခဲ့ခြင်းဖြစ်သည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း ပါလီမန်ခေတ်ကတည်းက မကြာခဏဆိုသလို တပ်မတော်မှ ယခုနယ်မြေဒေသများကို ၎င်းတို့၏ ကယားပြည်နယ် စစ်ဆင်ရေးလုပ်ငန်းများအောက်တွင် ထားရှိခဲ့သည့် သာဓကများလည်းရှိခဲ့သည်။ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းဒေသနှစ်ခုစလုံးသည် တောင်ကြီးမြို့၌ အခြေစိုက်ထားသည့် တပ်မတော်၏ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အောက်တွင်ရှိနေပြီး လွိုင်ကော်မြို့၌ ဒေသစစ်ဆင်ရေးကွပ်ကဲမှုရုံးကို ၁၉၉၀ ဝန်းကျင်ခန့်က စတင်ထားရှိခဲ့ခြင်းဖြစ်သည် (အခန်း ၂ ကိုကြည့်ပါ)။

၎င်းတို့ဖက်က KNLP သည် တိုင်းရင်းသားအခြေပြု ကယန်းအမျိုးသားရေးစိတ်ဓာတ်ကို အားပေးမြှင့်တင်ပေးသည့် နိုင်ငံရေးလှုပ်ရှားမှုဖြစ်သည်ဟု ကြွေးကြော်ခဲ့ကြသည်။ သီးသန့်ပြည်နယ်တစ်ခု တောင်းဆိုသွားရမည့်အစား KNLP အနေဖြင့် ကယန်းလူထုများ မှီတင်းနေထိုင်လျက်ရှိပြီး တစ်ကွဲတစ်ပြားစီဖြစ်နေသည့် နယ်မြေဒေသ ၄ ခု (ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေများရှိ) စလုံးကို ပေါင်းစည်း၍ အသစ်ပြင်ဆင်ဖွဲ့စည်းသွားမည့် ကရင်နီပြည်နယ်၏ အစိတ်အပိုင်းတစ်ခုအဖြစ် ရပ်တည်သွားရန် ဆန္ဒရှိနေကြသည်။ ထို့အပြင် "ပင်လုံစိတ်ဓာတ်" ပေါ်အခြေခံသည့် တွေ့ဆုံဆွေးနွေးမှုမှတစ်ဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပါ တိုင်းရင်းသားမျိုးနွယ်စုများအားလုံး၏ တန်းတူအခွင့်အရေးကို အာမခံပေးသည့် ဖက်ဒရယ်ပြည်ထောင်စုတစ်ရပ်နှင့် စစ်မှန်သည့်ဒီမိုကရေစီဆီသို့ ဦးတည်လာစေသည့်ပုံစံဖြင့် ပြင်ဆင်သွားရန် ဆန္ဒရှိခဲ့သည်။[၃၅]

"တစ်ကွဲတစ်ပြားစီဖြစ်နေတဲ့ကယန်းဒေသအားလုံးကိုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတစ်ခုထဲအဖြစ်ပေါင်းစည်းလိုက်သင့်တယ်" ဟု ဦးစောလွင်က ပြောဆိုခဲ့သည်။ "ပြီးတော့ ကယားပြည်နယ်ဆိုတဲ့ အမည်ကိုလည်း ကရင်နီပြည်နယ်ဆိုပြီး ပြောင်းလဲလိုက်ဖို့လိုအပ်တယ်။ ကယန်းလူထုအများစုနဲ့ လူထုဆန္ဒခံယူပွဲပြုလုပ်ပြီး ကယားပြည်နယ်နဲ့ ပေါင်းစည်းသင့်မသင့် မဲခွဲဆုံးဖြတ်သင့်တယ်။ ဒီကိစ္စရပ်တွေကို အကောင်အထည်ဖော်ပြီး ဆုံးဖြတ်ချက်ကျလာမှပဲ ကယန်းဒေသကို ကရင်နီပြည်နယ်ထဲ ထည့်ပေါင်းသင့်တယ်။"[၃၆] ဤသဘောထားရပ်တည်ချက်နှင့် အညီ KNLP သည် ယခုကိစ္စကို မဖြေရှင်းနိုင်မီ ကယားပြည်နယ်အတွင်းရှိ အခြားလက်နက်ကိုင်အဖွဲ့အစည်းများဖြင့် ဖွဲ့စည်းထားသည့် တရားဝင်နိုင်ငံရေးမဟာမိတ်အဖွဲ့များ၌ ပါဝင်ခြင်းမပြုရန် ဆုံးဖြတ်ခဲ့သည်။ သို့သော်လည်း NLD ဖြစ်စေ တိုင်းရင်းသားအခြေပြုပါတီဖြစ်စေ နိုင်ငံရေးပါတီများအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြန်လည်ပြင်ဆင်ရေးနှင့် "တင်းပြည့်ကျပ်ပြည့် အရပ်သားအစိုးရ" တစ်ရပ်ဖွဲ့စည်းတည်ထောင်မှုကိုအထောက်အကူပြုသည့် ရွေးကောက်ပွဲနိုင်ငံရေး၌ ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်ခဲ့သည်။[၃၇]

**ကယန်းအမျိုးသား ကာကွယ်ရေးတပ်** (KNG) သည် KNLP ခေါင်းဆောင်များအကြား သဘောထားကွဲလွဲမှု ပေါ်ပေါက်လာခဲ့ပြီးနောက် ၁၉၉၁ ခုနှစ်၌ ခွဲထွက်သွားခဲ့သည့် အဖွဲ့လေးတစ်ခုဖြစ်သည်။ အဓိကအားဖြင့် ဖယ်ခုံမြို့နယ်၏ မိုးဗြဲဒေသ၌ အခြေစိုက်လှုပ်ရှားခဲ့သည်။ ခွဲထွက်မှုကို ၁၉၈၈ ခုနှစ် ဒီမိုကရေစီအရေးတော်ပုံကာလအတွင်း ဖယ်ခုံမြို့နှင့် မိုးဗြဲမြို့ ဆန္ဒပြပွဲများအတွင်းပါဝင်ခဲ့ပြီး ထောက်ခံအားပေးသူ အတော်များများဖြင့် KNLP သို့ နောက်ပိုင်း၌ လာရောက်ပူးပေါင်းခဲ့သည့် ဂေဘရယ်ပျံက ဦးဆောင်ခဲ့ခြင်းဖြစ်သည်။ ၁၉၉၂ ခုနှစ် ဖေဖော်ဝါရီလ၌ 'နဝတ' အစိုးရနှင့် အပစ်အခတ်ရပ်စဲရန် သဘောတူခဲ့ပြီးနောက် "ကယားပြည်နယ် အထူးဒေသ ၁" အဖြစ် သတ်မှတ်နေရာရရှိခဲ့ပြီး အမျိုးသားညီလာခံသို့ တက်ရောက်ပါဝင်ရန်လည်း ဖိတ်ကြားခံခဲ့ရသည်။ မည်သို့ဆိုစေ ထိုအချိန်မှစ၍ KNG သည် မိမိတို့၏ နိုင်ငံရေးလှုပ်ရှားမှုကို တိုးချဲ့ဖော်ဆောင်မှုမပြုတော့ပေ။ ပြည်သူ့စစ်တပ်ဖွဲ့ အသွင်ပြောင်းလဲဖွဲ့စည်းရန် ၂၀၀၉ ခုနှစ်၌ ဖိအားပေးခံခဲ့ရသလို နယ်ခံများကလည်း သစ်ခွဲစက်များ၊ ဆောက်လုပ်ရေးနှင့် မူးယစ်ဆေးဝါးများအပါအဝင် စီးပွားရေးတစ်ခုတည်းကိုသာ ဇောက်ချလုပ်ကိုင်နေသည်ဟု ရှုမြင်ခဲ့ကြသည်။[၃၈] ၁၉၉၃ ခုနှစ်၌ တပ်ဖွဲ့ဝင်တစ်ဦး၏ လက်ချက်ဖြင့် ဂေဘရယ်ပျံ လုပ်ကြံသတ်ဖြတ်ခံခဲ့ရပြီးကတည်း က KNG ကို ဌေးကိုက ဆက်လက်ဦးဆောင်လာခဲ့ခြင်းဖြစ်သည်။

**ကရင်နီအမျိုးသားဒီမိုကရက်တစ်ပါတီ** (KNDP) ကို KNPP ၏ အပစ်အခတ်ရပ်စဲရေး ပျက်ပြယ်သွားခဲ့သည့် နှစ်ဦးပိုင်းကာလ၌ ထိုင်းနယ်စပ်သို့ ပြန်လာခဲ့ခြင်းမရှိသည့် လေးရယ်ဦးဆောင်သည့် KNPP ရဲဘော်ဟောင်းများဖြင့် ၁၉၉၅ ခုနှစ် နိုဝင်ဘာလအတွင်း ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်သည်။ ဒေသတွင်း၌ KNDP ကို "နဂါး" အဖွဲ့ဟု ခေါ်ဆိုကြသည်။ ဒီမော့ဆိုမြို့နယ်၏ အရှေ့ပိုင်းဒေသ၌ အခြေစိုက်လှုပ်ရှားခဲ့သည်။ ဖွဲ့စည်းတည်ထောင်မှုကို တပ်မတော်က ထောက်ခံအားပေးထားသဖြင့် တရားဝင်အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်မရှိခဲ့ပေ။ KNDP သည် ၂၀၀၄ ခုနှစ်၌ ပြန်လည်စတင်ခဲ့သည့် အမျိုးသားညီလာခံ၌ တက်ရောက်ကိုယ်စားပြုခဲ့သော်လည်း ၂၀၀၉ ခုနှစ် နိုဝင်ဘာလအရောက်တွင် ပြည်သူ့စစ်တပ်ဖွဲ့အဖြစ် အသွင်ပြောင်းဖွဲ့စည်းရန် တပ်မတော်၏ အတင်းအကျပ်ဖိအားပေးခြင်း ခံခဲ့ရသည်။

ကွယ်လွန်သွားပြီဖြစ်သည့် ဦးဂိုရီ၏ ဦးဆောင်မှုဖြင့် ၁၉၉၉ ခုနှစ်တွင် KNPP မှ ခွဲထွက်သွားခဲ့ပြီး အစောပိုင်း၌ "ဟိုယာ KNPP" ဟု အများသိခဲ့ကြသည့် **ကရင်နီအမျိုးသားငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီ** (KNPDP) သည် ဖရူဆိုမြို့နယ်၏ ဟိုယာဒေသ၌ အခြေစိုက်ခဲ့သည်။ KNPDP ကို ပြည်နယ်အတွင်း၌ "ကယောနီ" ဟုသိထားကြပြီး အဖွဲ့ဝင်အများစုသည် ကယောလူမျိုးများဖြစ်ကြသည်။ "ကျနော်တို့ရဲ့ ပထမဦးစားပေးက ကယောလူထုရဲ့ စာပေ၊ ယဉ်ကျေးမှုနဲ့ ငြိမ်းချမ်းရေးပါ" ဟု KNPDP ၏ ဖရူဆိုမြို့နယ်ရှိ ဒေသအုပ်ချုပ်ရေးမှူးက ပြောဆိုခဲ့သည်။ "ကျနော်တို့က အစိုးရနဲ့ ပူးပေါင်းပြီးတော့ ပညာရေးနဲ့ ကျန်းမာရေးပြုစုစောင့်ရှောက်မှုတွေ၊ သယ်ယူပို့ဆောင်ရေးနဲ့ အခြေခံအဆောက်အအုံတွေ တိုးတက်ကောင်းမွန်လာပြီး နယ်မြေဒေသဖွံ့ဖြိုးရေးတွေကို ပံ့ပိုးပေးနိုင်ဖို့ ကြိုးစားနေပါတယ်။ သစ်တောစိုက်ခင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းတစ်ချို့လည်း ကြိုးစားပြီး လုပ်နေတာရှိပါတယ်။"[၃၉] KNPDP သည်လည်း ၂၀၀၄ ခုနှစ်၌ ခေါ်ယူကျင်းပခဲ့သည့် အမျိုးသားညီလာခံ၌ တက်ရောက်ပါဝင်ခဲ့သော်လည်း တပ်မတော်၏ ဆွဲဆောင်မှုဖြင့် ၂၀၀၉ ခုနှစ်တွင် ပြည်သူ့စစ်တပ်ဖွဲ့အဖြစ် အသွင်ပြောင်းသွားခဲ့သည်။ သို့သော်လည်း KNPDP ခေါင်းဆောင်များက ၎င်းတို့အနေဖြင့် KNPP နှင့် ကွာခြားမှုမရှိသည့်မိမိတို့၏ နိုင်ငံရေးရည်မှန်းချက်များကို ဆက်လက်ဆုပ်ကိုင်ထားဆဲဖြစ်သည်ဟု ပြောဆိုသွားခဲ့သည်။ "ဒါက ကျနော်တို့ရဲ့ အခြေအနေကို ပြောင်းလဲသွားစေတာမရှိပါဘူး။ နာမည်တစ်ခုထဲပဲ ပြောင်းလဲသွားခဲ့တာပါ" ဟု KNPDP ၏ အတွင်းရေးမှူး ဦးမြင့်မောင်မောင် ပြောဆိုသွားခဲ့သည်။ "ကျနော်တို့ကိုယ် ကျနော်တို့တော့ နိုင်ငံရေးအဖွဲ့အစည်းတစ်ခုလိုပဲ သဘောထားပါတယ်။ နိုင်ငံရေးရည်မှန်းချက်ချင်း တူညီတဲ့အတွက် KNPLF လုပ်ခဲ့သလို KNPP ကို သွားတိုက်ခဲ့တာမျိုး မရှိပါဘူး။"[၄၀]

မြန်မာနာမည် အတိုကောက်ဖြစ်သည့် ကမစည ဟုလည်း သိထားကြသည့် **ကရင်နီအမျိုးသားများစည်းလုံးညီ ညွတ်ရေးအဖွဲ့** (KNSO) သည် ၂၀၀၂ ခုနှစ်၌ နယ်မြေခံတပ်မှူးရစ်ချတ် (ကရီထူး) ၏ ဦးဆောင်မှုဖြင့် KNPP မှ ခွဲထွက်သွားခဲ့သည့် အဖွဲ့အစည်းဖြစ်ပြီး ကရင်ပြည်နယ်၏ ဖာပွန်မြို့နယ်နှင့် ကပ်နေသည့် မော်ချီးဒေသ ခဲမဖြူကျေးရွာအုပ်စုတွင် အခြေစိုက်လှုပ်ရှားခဲ့ကြသည်။ KNSO အဖွဲ့ဝင်အများစုသည် ကရင်တိုင်းရင်းသားများဖြစ်ကြပြီး ရံဖန်ရံခါ 'ပကူးကရင်' ဟု ရည်ညွှန်းပြောဆိုလေ့ရှိသော်လည်း ကယားပြည်နယ်တွင် ကရင်နီအုပ်စုဝင်အဖြစ် သတ်မှတ်လက်ခံထားကြသည်။ KNSO ကို ပြည်နယ်အတွင်း၌ 'ကြယ်ဖြူ' ဟု အလွယ်ခေါ်ဝေါ်ကြသည်။ ၁၉၈၈ ခုနှစ်နောက်ပိုင်း KNPP နှင့် KNLP တို့ထံမှ ခွဲထွက်သွားခဲ့ကြသည့် အခြားအဖွဲ့များနည်းတူ ၂၀၀၂ ခုနှစ်၌ အစိုးရနှင့် အပစ်အခတ်ရပ်စဲပြီးနောက် အမျိုးသားညီလာခံတက်ရောက်ရန် ဖိတ်ကြားခံခဲ့ရသော်လည်း ၂၀၀၉ ခု နှစ်၌ ပြည်သူ့စစ်အဆင့်အတန်းကို အတင်းအကျပ်လက်ခံခဲ့ကြရသည်။ ၂၀၁၁ ခုနှစ်၌ သိန်းစိန်အစိုးရ အာဏာရလာခဲ့ပြီးနောက်ပိုင်း KNSO ခေါင်းဆောင်များသည် မော်ချီးသတ္တုတွင်းများနှင့် ပတ်သက်သည့် စီးပွားရေးအကျိုးစီးပွားများကို တိုးချဲ့ရရှိခဲ့ကြသည်ဟုလည်း လူပြောသူပြောများခဲ့သည် (အခန်း ၈ ကိုကြည့်ပါ)။

အားဖြင့် သတ်မှတ်ယူဆထားကြသည်။ ဤအဖွဲ့သုံးဖွဲ့သည် စစ်ရေးလက်တံအရှည်ဆုံးနှင့် အင်အားအတောင့်တင်းဆုံး အဖွဲ့များဖြစ်ကြသည်။ KNPLF လူငယ်အဖွဲ့ဝင် ပီတာဂါသူးအီက "ကယားပြည်နယ်ထဲမှာ KNPP၊ KNPLF နဲ့ KNLP လက်နက်ကိုင်အဖွဲ့အစည်းသုံးခုက နိုင်ငံရေးရည်မှန်းချက်တွေနဲ့ ရပ်တည်နေကြတာဖြစ်တယ်။ လူထုကလည်း သူတို့သုံးဖွဲ့ကို ပေါင်းစည်းသွားစေချင်နေကြတယ်" ဟု ရှင်းပြခဲ့သည်။[၆၁]

## လူထုလူတန်းစားများ၊ ကိုယ်စားပြုမှုနှင့် အုပ်ချုပ်ရေး

လက်ရှိ ဖော်ဆောင်လျက်ရှိသည့် တိုင်းရင်းသားလူမျိုးနှင့် နယ်မြေဒေသဆိုင်ရာ အမျိုးသားလက္ခဏာရပ်များကို ပြန်လည်ဖော်ထုတ်သတ်မှတ်ခြင်းသည် အမျိုးသားနိုင်ငံရေးဇာတ်ခုံပေါ်၌ ကရင်နီအမျိုးသားများ မှန်မှန်ကန်ကန် ကိုယ်စားပြု၍ အသိအမှတ်ပြုခံရရေးအတွက် ပြန်လည်စေ့စပ်ညှိနှိုင်းလျက်ရှိသည့် လုပ်ငန်းစဉ်ကြီး၏ အစိတ်အပိုင်းတစ်ခုဖြစ်သည် (အခန်း ၇ ကိုကြည့်ပါ)။ ဗဟိုအစိုးရ၊ ပြည်နယ်အစိုးရ၊ တပ်မတော်၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများနှင့် အရပ်ဖက်လူ့အဖွဲ့အစည်းများသည် နိုင်ငံရေးအမြင်ပွင့်လင်းလာသည့် ကာလအတွင်း တရားဝင်ကိုယ်စားပြုသည်ဟု အပြိုင်အဆိုင် ထုတ်ဖော်ပြောဆိုလာကြသည်။ ဤကိစ္စရပ်အပေါ် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးကတည်းက ခေတ်အဆက်ဆက်နိုင်ငံရေး ဇာတ်ခုံပေါ်၌ ထိထိရောက်ရောက် ဆွေးနွေးငြင်းခုံမှုမရှိခဲ့ဖူးပေ။ သို့ဖြစ်၍ ယနေ့ဆုံးဖြတ်သည့် ကိစ္စရပ်များနှင့် ဆွေးနွေးတိုင်ပင်မှုရလဒ်များသည် ရေရှည်ဂယက်ရိုက်ခတ်မှုရှိလာနိုင်သည်။

ကယားပြည်နယ်တွင်းရှိ အရပ်ဖက်လူ့အဖွဲ့အစည်းများသည် ယေဘုယျအားဖြင့် နယ်ခံလူထုလူတန်းစားများနှင့် အနှောင်အဖွဲ့ကင်းကင်း ချိတ်ဆက်မှုများ အခိုင်အမာရှိနေသော်လည်း လွိုင်ကော်နှင့် အခြားမြို့ပြများ၌သာ စုပြုံလျက်ရှိသည်။ ရလဒ်အနေဖြင့် CSO အများစုသည် ကျေးလက်နှင့် မြို့ပြလူထု နှစ်ရပ်စလုံး၏ လိုအပ်ချက်များကို လေ့လာဆန်းစစ်၍လိုအပ်သည့်ကိုယ်စားပြုမှုနှင့်အထောက်အပံ့များ ပေးအပ်ရာ၌ သာမန်ကာလျှံကာသာ ကြိုးပမ်းအားထုတ်နိုင်ကြသည်။ ၎င်းတို့သည် ပညာရေး၊ အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများ၊ ရေ၊ လျှပ်စစ်မီး၊ အခြေခံအဆောက်အအုံ၊ ကျန်းမာရေးပြုစုစောင့်ရှောက်မှုနှင့် မြေယာအခွင့်အရေးကဲ့သို့သော ကိစ္စရပ်များကိုသာ အလေးပေးဖော်ဆောင်လျက်ရှိသည်။ အခြားလူမှုစီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်လာပါက ကျေးလက်နေလူထုလူတန်းစားများနှင့် ပညာတတ် မြို့ပြအရပ်ဖက်လူ့အဖွဲ့အစည်းများ၏ အမြင်သဘောထားများ ရံဖန်ရံခါ အချိတ်အဆက်ပြတ်နေတတ်သည်။

သဘောထားချင်း ကွာခြားလျက်ရှိသည့် သာဓကနယ်ပယ်တစ်ခုမှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဆက်စပ်လျက်ရှိပြီး အထူးသဖြင့် NCAနှင့်ပတ်သက်လာသည့်အခါ အရပ်ဖက်လူ့အဖွဲ့အစည်းများက ဗမာမဟုတ်ကြသည့်ကျန် တိုင်းရင်းသားပြည်သူများအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေးကို အာမခံပေးထားခြင်း မရှိသည့် အစိုးရနှင့် တပ်မတော်ဦးစီးခေါင်းဆောင်သည့် လုပ်ငန်းစဉ်အပေါ် အများအားဖြင့် သံသယကြီးကြသည်။ ဤကိစ္စရပ်နှင့်စပ်လျဉ်း၍ အရပ်ဖက်လူ့အဖွဲ့အစည်း၏ အမြင်သည် တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများ၏ အမြင်သဘောထားနှင့် ပိုမိုနီးစပ်မှုရှိသည်ဟု ဆိုနိုင်သည်။ သို့သော်လည်း ဆန့်ကျင်ဖက်အနေဖြင့်အောက်ခြေကျေးလက်နေလူထုလူတန်းစားများသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် NCA အကြောင်း သိရှိနားလည်မှုမရှိသော်လည်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းမှုကို ဆောင်ကျဉ်းပေးမည်ဟု ကတိပြုသည့် မည်သည့်အကြံပြုချက်မျိုးကိုမဆို ထောက်ခံအားပေးကြမည်သာဖြစ်သည်။ အလားတူပင် အချို့သော CSO များသည်လည်း သဘာဝပတ်ဝန်းကျင်စောင့်ရှောက်ရေး ရှုထောင့်အရ ရွှေ့ပြောင်းတောင်ယာစိုက်ရေးစနစ်ကို ထောက်ခံအားပေးမှုမပြုနိုင်သည့် ရပ်တည်ချက်မျိုးကို ကိုင်စွဲထားကြသည်။ သို့သော်လည်း နယ်ခံရပ်ရွာလူထုများက ရေးပဝေသဏီကတည်းက ခေတ်အဆက်ဆက် ရေရှည်တည်တံ့ခိုင်မြဲသည့် နည်းလမ်းများဖြင့် လုပ်ကိုင်စားသောက်လာခဲ့ကြသည့် ဘဝရှင်သန်မှုနည်းလမ်းတစ်ခု ဖြစ်နေဆဲဖြစ်သည်။ ဤကဲ့သို့သော စိန်ခေါ်မှုများကို ရင်ဆိုင်ကြုံတွေ့လာသည့်အခါ အရပ်ဖက်လူ့အဖွဲ့အစည်းများက ၎င်းတို့၏ ရပ်တည်ချက်များကို "ကိုယ်စားပြုခြင်း" ထက် "အမြင်ဖွင့်

ပညာပေးရေး” ကိစ္စရပ်ကိုသာ လုံးပန်းလာကြပြန်သည်။ ရပ်ရွာခေါင်းဆောင်များက ပတ်ဝန်းကျင်ထိန်းသိမ်းရေးရှုထောင့်ကို ထည့်သွင်းစဉ်းစားရန် လိုအပ်မှုကို ၎င်းတို့အနေဖြင့်ကောင်းစွာ သိရှိနားလည်ထားပြီးဖြစ်သည်ဟု ပြောဆိုသွားခဲ့သည်။

ဒေသတွင်း အနာဂတ်ရပ်ရွာခေါင်းဆောင်မှုပုံစံကို အမျိုးသားငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ နိုင်ငံရေးဦးတည်ချက်နှင့် တစ်နိုင်ငံလုံးအတိုင်းအတာ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တစ်ရပ်ရပ်ကို KNPP သဘောတူလက်မှတ်ရေးထိုးမထိုးဟူသည့် ကိစ္စရပ်များက အဆုံးအဖြတ်ပေးသွားမည့် အလားအလာရှိနေသည်။ နှစ်ရှည်လများ ကရင်နီလူထု၏ ရပိုင်ခွင့်အခွင့်အရေးများအတွက် တိုက်ပွဲဝင်လာခဲ့သည့် KNPP သည် ကယားပြည်နယ်အတွင်းရှိ အခြားပါတီများနှင့် အဖွဲ့အစည်းများထက်စာလျှင် လူထု၏ လိုလားထောက်ခံမှုအတိုင်းအတာ ပို၍အခိုင်အမာရရှိထားပုံရသည်။ ၎င်းတို့၏ ဦးဆောင်မှုအခန်းကဏ္ဍသည် ယခုဆိုလျှင် အစိုးရခေတ်လေးခုကျော်ကို ဖြတ်သန်းလာခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် အရပ်ဖက်လူ့အဖွဲ့အစည်းနှင့် အမျိုးသားရေးလှုပ်ရှားတက်ကြွသူ အများအပြားအကြား KNPP ကို ပြည်နယ်တွင်း အဓိကအကျဆုံး နိုင်ငံရေးအဖွဲ့အစည်းတစ်ခုအဖြစ် လက်ခံအသိအမှတ်ပြုထားခြင်းဖြစ်သည်။ အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုအကြား အများဆုံးမြေစာပင်ဖြစ်ခဲ့ကြရသည့် ကျေးလက်လူထုလူတန်းစားများသည် KNPP ဖက်ကဖြစ်စေ အခြားအတိုက်အခံ အင်အားစုတစ်ရပ်ရပ်ဖက်ကဖြစ်စေ ရပ်တည်ခြင်းထက် လက်နက်ကိုင်တိုက်ပွဲကို ရှောင်လွှဲမှုပြုရန်သာ ပို၍လိုလားကြပါလိမ့်မည်။ ဤကဲ့သို့ ချီတုံချတုံပြတ်သားမှုမရှိသည့် အခြေအနေကို ပဋိပက္ခတွင်းပါဝင်လျက်ရှိသည့် အဖွဲ့အစည်းနှစ်ခုမကရှိနေသည့် နယ်မြေဒေသများ၌ ပို၍အထင်အရှားတွေ့မြင်ရလေ့ရှိသည်။



KNPLF နယ်ခြားစောင့်တပ် (KT)

၂၀၁၂ ခုနှစ် အပစ်အခတ်ရပ်စဲပြီးကတည်းက ဘေးကင်းလုံခြုံရေးနှင့် ငြိမ်းချမ်းရေးကို လိုလားတောင့်တသည့်ဆန္ဒများတစ်ထပ်တည်း ကျသွားခဲ့သည်။ အချို့သောအခြေအနေများ၌ လက်နက်ကိုင်အဖွဲ့အစည်းများ အထူးသဖြင့် နိုင်ငံရေးအပြောင်းအလဲအတွက် လုပ်ကိုင်ဆောင်ရွက်ခြင်းထက် စီးပွားရေးလုပ်ငန်းများကိုသာ အသားပေးအာရုံစိုက်ပုံရသူများအပေါ် စာနာနားလည်မှု သို့မဟုတ် ထောက်ခံအားပေးမှုများ သိသိသာသာဆုတ်ယုတ်လာခဲ့သည်။ နိုင်ငံရေးတံခါးပွင့်လာသည့်နည်းတူ နယ်ခံလူထုလူတန်းစားအတွက် ရွေးချယ်စရာပိုမိုများပြားလာခဲ့သဖြင့် ယခင်ကထက်ပို၍လွတ်လွတ်လပ်လပ် အမှီအခိုကင်းကင်းဖြင့် သွားလာလှုပ်ရှားလာနိုင်ခဲ့သည်။ ထို့အပြင် လူထုအများအပြားကမရှိသင့်တော့ဟု ယူဆထားသော်လည်း ဆက်လက်အခွန်ကောက်ခံနေသည့် လက်နက်ကိုင်အဖွဲ့အစည်းများနှင့်ပတ်သက်၍လည်း အတော်စိတ်ပျက်နေကြသည်။

အပစ်အခတ်ရပ်စဲရေးမှရရှိလာသည့်အကျိုးကျေးဇူးအချို့သည် “တော်လှန်ရေးခရီးအတွက် လူထု၏ အနစ်နာခံပေးဆပ်လိုစိတ်” ကို ချိနဲ့အားနည်းသွားစေလျက်ရှိကြောင်းကိုလည်း KNPP အနေဖြင့် အသိအမှတ်ပြုလက်ခံထားပြီးဖြစ်သည်။[၅၇] ဤကိစ္စရပ်နှင့်စပ်လျဉ်း၍ကယားပြည်နယ်အတွင်း ဗဟိုအစိုးရနှင့် တပ်မတော်တို့ဖက်မှ အကျိုးဖြစ်ထွန်းမှု ရှိသွားနိုင်သည်ဟု သုံးသပ်ယူဆရသည်။ သို့သော်လည်း KNPP ကို အလဲ့ထိုးနိုင်ခဲ့ပြီဟု မဆိုလိုပေ။ လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် အနာဂတ် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကိုဆောင်ကျဉ်းပေးမည့် စကြိန်တစ်ရပ်ဖြစ်ကြောင်း သက်သေပြလာမည့်အချိန်ကို လူထုလူတန်းစားအများအပြားကမျှော်လင့်စောင့်စားလျက်ရှိသည်။

မျှော်လင့်ထားသည့်အတိုင်း အမုန်တကယ်ဖြစ်ပျက်လာပြီး ကရင်နီအမျိုးသားနိုင်ငံရေး၏ ဦးတည်ချက်ကိုဝိုင်းဝန်းပုံဖော်သည့်အခါ KNPP သည် ခိုင်မာအားကောင်းသည့် အသံတစ်ရပ်အဖြစ် ဆက်လက်ကိုယ်စားပြုပါဝင်နေဦးမည့် အလားအလာမြင့်မားလျက်ရှိသည်။ KNLP နှင့် KNLPF အင်အားစုများမှလွဲ၍ အခြားလက်နက်ကိုင်အဖွဲ့အစည်းများသည် စီးပွားရေးကိုသာ ဆက်လက်အာရုံစိုက်လုပ်ကိုင်ရန် ပြင်ဆင်ထားကြပုံပေါ်သည်။ ရေတို၌ စီးပွားရေးသည်သာပထမဟူသည့် ဦးစားပေးချက်သည် ၎င်းတို့၏ ရှင်သန်ရေးအတွက် မရှိမဖြစ်လိုအပ်မှုရှိနိုင်ပါသည်။ သို့သော်လည်း သာမန်လူထုလူတန်းစားများက ယုံကြည်အားကိုးထိုက်သည်ဟု မယူဆတော့ခြင်းက ၎င်းတို့၏ ပုံရိပ်ကို ထိခိုက်အားနည်းသွားစေလျက်ရှိသည်။ ထို့ကြောင့်လည်း ပြည်နယ်တွင်း နိုင်ငံရေးသမားများက "ခွဲထွက်အဖွဲ့ များပြားလွန်းသည်" ဟု ဝမ်းနည်းစွာ ညည်းညူပြောဆိုရင်း "လက်နက်များ ဆက်လက်ကိုင်စွဲထားဆဲဖြစ်သည့် လက်နက်ကိုင်အဖွဲ့အစည်းများ" ၏ တရားဝင်မှုကို စတင်မေးခွန်းထုတ်လာခဲ့ခြင်းဖြစ်သည်။[၉၃] ကရင်နီအမျိုးသားနိုင်ငံရေးအဆောက်အအုံအတွင်း လက်ရှိရင်ဆိုင်နေရသည့် အကျပ်အတည်းများကို ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီမှ (KySDP) စိုင်းနိုင်နိုင်ထွေးက "နိုင်ငံရေးပါတီတွေက လူထုကို ကိုယ်စားပြုပြီးတော့ လက်နက်ကိုင်အဖွဲ့အစည်းတွေကတော့ အပစ်အခတ်ရပ်စဲရေးကိုပဲ အာရုံစိုက်ဆောင်ရွက်နေကြတယ်" ဟု သုံးသပ်ပြောဆိုသွားခဲ့သည်။[၉၄]

အကယ်၍ နိုင်ငံကသာ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းတစ်ခုပေါ် ဆက်ရှိနေမည်ဆိုပါက ယခုကဲ့သို့သော အသွင်ကူးပြောင်းရေးကာလ စိန်ခေါ်မှုအများအပြားကို တဖြည်းဖြည်း ဖြေရှင်းသွားနိုင်မည်ဖြစ်သည်။ လွန်ခဲ့သည့်ရှေ့နှစ်များအတွင်း လူမှုရေးအခြေပြု နိုင်ငံရေးကိစ္စရပ် အများအပြားကို ပို၍ပွင့်ပွင့်လင်းလင်း ဆွေးနွေးနိုင်သည့် အခင်းအကျင်းများ ပေါ်ထွက်လာသည်ဟု ကရင်နီခေါင်းဆောင်များအတည်ပြုပြောဆိုခဲ့ကြသည်။ ဤအဆိုသည် ၂၀၁၁ ခုနှစ် အစိုးရအပြောင်းအလဲနှင့် KNPP အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကြောင့် ပို၍အသက်ဝင် အရှိန်ရလာခဲ့သည်။ ကယားပြည်နယ်သူပြည်နယ်သားအများအပြားအထူးသဖြင့် လူငယ်လူရွယ်များသည် တက်ကြွလှုပ်ရှားသည့် နိုင်ငံသားများဖြစ်လာကြသည်။

သို့သော်လည်း ၂၀၁၁ ခုနှစ်အတွင်း သမ္မတဦးသိန်းစိန် အာဏာရလာခဲ့ပြီးနောက် ကချင်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ရခိုင်ပြည်နယ်များ၌ လက်နက်ကိုင်ပဋိပက္ခများ တစ်ကျော့ပြန်ဖြစ်ပွားလာခဲ့ခြင်းက မိမိကိုယ်ကိုကျေနပ်အားရနေ၍ မဖြစ်ကြောင်း သတိပေးသံချောင်းခေါက်သံ ညံလာစေခဲ့သည်။ KNPP နှင့် ကယားပြည်နယ်အတွင်းရှိ ဝါရင့်ခေါင်းဆောင်အများအပြားက ဤအချက်ကို သိသိသာသာ ဂရုပြုခံစားမိခဲ့ကြသည်။ အဓိကအားဖြင့် ကယားပြည်နယ်၌ လွန်ခဲ့သည့် ဒီဇင်ဘာလအတွင်း အပြစ်မဲ့အရပ်သားတစ်ဦးနှင့် လက်နက်ကိုင်ဆောင်ထားခြင်းမရှိသည့် KNPP စစ်သားသုံးဦးကို တပ်မတော်မှ သတ်ဖြတ်ခဲ့သည့်နောက်ပိုင်း ဤတပ်လှန့်သံ ပို၍ကျယ်လောင်လာခဲ့သည် (အခန်း ၄ ကိုကြည့်ပါ)။ ဤဖြစ်စဉ်က NCA နှင့် ၂၁ ရာစု ပင်လုံညီလာခံ၌ KNPP ၏ ပါဝင်ဆောင်ရွက်မှုကို ပျက်စီးသွားစေခဲ့ရုံမျှမက လူထုအုံကြွမှုကိုပါ ဆောင်ကျဉ်းလာခဲ့သဖြင့် ကရင်နီလူ့အဖွဲ့အစည်းအတွင်း ပြောင်းလဲရေးအသိအမြင်များနှင့် လူထုအင်အား ပိုမိုကြီးထွားလာလျက်ရှိကြောင်း ထင်ရှားစေခဲ့ သည်။ ဆန္ဒပြပွဲများ၌ ကရင်နီပြည်လူငယ်များသမဂ္ဂ (UKSY)၊ ကယန်းအမျိုးသားပါတီ (KNP) နှင့် ကယန်းမျိုးဆက်သစ်လူငယ် (KNGY) အဖွဲ့ဝင်များအားလုံးဝိုင်းဝန်းပါဝင်ခဲ့ကြသည်။ ဆန္ဒဖော်ထုတ်သူများကို ရဲတပ်ဖွဲ့၏ ဖမ်းဆီးထိန်းသိမ်းမှုက အုံကြွမှုကို ပို၍သာကြီးထွားလာစေခဲ့သဖြင့် အရပ်ဖက်လူ့အဖွဲ့အစည်းပေါင်း ၂၁ ဖွဲ့ပါဝင်သည့် ကော်မတီက ပြည်နယ်အာဏာပိုင်အစိုးရသည် "ပြဿနာကို ဖြေရှင်းရမည့်အစား အမုန်တရားကို မျက်ကွယ်ပြု၍ လူထုအုံကြွလာစေရန် လှုံ့ဆော်ပေးလျက်ရှိသည်" ဟု ထောက်ပြပြောဆိုထားသည့် သဘောထားကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ကြသည်။[၉၅]

လူထုလူတန်းစားအစုအဖွဲ့များ၏စည်းရုံးလှုပ်ရှားမှုများက မြန်မာနိုင်ငံသူနိုင်ငံသားများသည် အမြဲတမ်းလိုလို တရားမျှတမှုနှင့် တန်းတူညီမျှရေးအတွက် ရုန်းကန်လှုပ်ရှားနေကြရကြောင်း ထင်ဟပ်စေလျက်ရှိသည်။ နိုင်ငံအတွင်းပဋိပက္ခဖြစ်စေပြီး အမျိုးသားစည်းလုံးညီညွတ်ရေးကို ထိခိုက်ပျက်စီးစေလျက်ရှိသည့် အခြေခံအကျဆုံး

လူ့အခွင့်အရေးဆိုင်ရာ စိန်ခေါ်မှုများကိုပင် ကိုင်တွယ်ဖြေရှင်းနိုင်ခြင်းမရှိဘဲ ပျက်ကွက်လျက်ရှိသည်။ နယ်ခံလူထုလူတန်းစားများသည် အခြားသူများအားလုံးထက် ငြိမ်းချမ်းရေးကို အလိုလားဆုံးသောသူများဖြစ်ကြသည်။ လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများကို စိတ်ရင်းစေတနာမှန်ဖြင့် စစ်မှန်စွာဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ပါက စစ်အုပ်ချုပ်ရေးမှ ဒီမိုကရေစီအစိုးရသို့ အသွင်ကူးပြောင်းရာ၌ အများလက်ခံယူဆထားသလို ခဲယဉ်းမှုရှိလာမည်မဟုတ်ပေ။

ဤကိစ္စရပ်နှင့်စပ်လျဉ်း၍ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနှင့် ဒီမိုကရေစီ အသွင်ကူးပြောင်းရေး ချောမွေ့အောင်မြင်စေရန်နှင့် အားလုံးကိုအကျိုးပြုကြောင်း သေချာစေရန် ဆောင်ရွက်ရာ၌ရပ်ရွာအခြေပြုအဖွဲ့အစည်းများ၏အခန်းကဏ္ဍသည် မရှိမဖြစ်လိုအပ်သည့် အင်္ဂါရပ်တစ်ခုဖြစ်လာသည်။ မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်းကို ပူးတွဲတည်ထောင်သူဖြစ်သည့် လဖိုင်ဆိုင်းရော်က “ငြိမ်းချမ်းရေးမှာ ပြည်သူလူထုပါဖို့လိုအပ်တယ်။ ဒါက လူမှုရေးအခင်းအကျင်းဖြစ်တဲ့အတွက် စစ်သားတွေနဲ့ တည်ဆောက်လို့မရနိုင်ဘူး” ဟု ထောက်ပြပြောဆိုခဲ့သည်။[၄၆]



ကယားအမျိုးသမီးများ (KT)

# အခန်း (၆) အထွေထွေရွေးကောက်ပွဲများနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု

## ၁၉၉၀ ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့် နိုင်ငံရေးဖိနှိပ်မှု

မြန်မာနိုင်ငံ၏ ဆယ်စုနှစ်သုံးခုအတွင်း ပထမဦးဆုံးအကြိမ်ကျင်းပသည့် ၁၉၉၀ အထွေထွေရွေးကောက်ပွဲကြီး၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် တစ်နိုင်ငံလုံးအတိုင်းအတာ၌ သောင်ပြိုကမ်းပြိုအနိုင်ရရှိခဲ့သည်။ ကယားပြည်နယ်တွင်လည်း NLD အနိုင်ရရှိခဲ့ပြီး ကိုယ်စားလှယ်နေရာ (၈) ခုအနက် လေးနေရာရရှိခဲ့သည်။ အသစ်ထူထောင်လိုက်သည့် ကယားပြည်နယ် လူမျိုးပေါင်းစုံဒီမိုကရေစီအဖွဲ့ချုပ် (KSANLD) အနိုင်ရရှိခဲ့သည့် ကိုယ်စားလှယ်နေရာ (၂) ခုစလုံးသည် ဒီမော့ဆိုမြို့နယ်မှဖြစ်သည်။[1] စစ်တပ်ကျောထောက်နောက်ခံပြုထားသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (NUP – ယခင်က ဗမာပြည်ဆိုရှယ်လစ်လမ်းစဉ်ပါတီ) က ကျန် (၂) နေရာကို အနိုင်ရရှိခဲ့သည်။ နယ်နိမိတ်ချင်းထိစပ်လျက်ရှိပြီး ကယန်းတိုင်းရင်းသားများ နေထိုင်သည့် အနီးဝန်းကျင်ဒေသများ၌ ကယန်းအမျိုးသားများ စည်းလုံးညီညွတ်ရေး ဒီမိုကရေစီအဖွဲ့ (DOKNU) သည် ရှမ်းပြည်နယ် ဖယ်ခုံမြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်ဒေသ၌ (၂) နေရာ အနိုင်ရရှိခဲ့သည်။

နိုင်ငံ၏ အခြားနေရာဒေသများရှိ မဲပုံးများ၌ တိုင်းရင်းသားအခြေပြုပါတီများ အတော်အသင့် အခြေအနေကောင်းခဲ့ကြသည်။ ယင်းတို့၌ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (SNLD) နှင့် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် (ALD) တို့သည် သက်ဆိုင်ရာမဲရုံများ၌ ဒုတိယနှင့် တတိယအများဆုံး ကိုယ်စားလှယ်နေရာများကို အနိုင်ရရှိခဲ့ကြသည်။ KSNLD နှင့် DOKNU တို့အပါအဝင် အခြားတိုင်းရင်းသားပါတီအများအပြားသည် စုစုပေါင်း ကိုယ်စားလှယ်နေရာ (၆၇) နေရာကို စုပေါင်းကိုယ်စားပြုသည့် ပြည်ထောင်စုတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (UNLD) ၌ မဟာမိတ်ဖွဲ့ခဲ့ကြသည်။[2] သို့သော်လည်း UNLD ကိုထောက်ခံအားပေးကြသူများသည် ရွေးကောက်ပွဲကာလအတွင်း NLD ကဲ့သို့ပင် အမျိုးမျိုးထိပါး နှောက်ယှက်ခံခဲ့ကြရသည်။ ရလဒ်အနေဖြင့် ပါတီအတော်များများသည် မဲဆွယ်စည်းရုံးရေး

လုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ စီစဉ်ဆောင်ရွက် နိုင်ခဲ့ခြင်းမရှိဟု စောဒကတက်လာခဲ့သည်။

၎င်းတို့ နဖူးတွေ့ဒူးတွေ့ ကြုံဆုံလာရမည့် အရဲစွန့်ရမှုအန္တရာယ်ကြီး ပို၍ပြတ်ပြတ်ထင်ထင် ရှိလာခဲ့သည်။ NLD အနိုင်ရပြီးနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကောင်စီမှ လွှတ်တော်သစ်ခေါ်ယူခွင့်မပြုဘဲ ငြင်းဆန်တားမြစ်ခဲ့သည်။ ယင်းအစားစစ်ထောက်လှမ်းရေးအဖွဲ့မှ ဒီမိုကရေစီလိုလားသည့် အင်အားစုများ အထူးသဖြင့် NLD နှင့် UNLD အဖွဲ့ဝင်များကို ဦးတည်ပစ်မှတ်ထား၍ ဖြိုခွဲနှိမ်နင်းမှုများ စတင်ဆောင်ရွက်လာခဲ့သည်။ အဖမ်းအဆီး ထူပြောနေစဉ်အတွင်း သံတောင် (၁) မဲဆန္ဒနယ်၏ ရွေးကောက်ခံကိုယ်စားလှယ်ဖြစ်သည့် DOKNU အမတ်ဖြစ်သူ ဦးအာပီသောင်းကို ၁၉၅၀ ခုနှစ် အရေးပေါ်အက်ဥပဒေဖြင့် ၁၉၉၁ ခုနှစ်မှစ၍ ၅ နှစ်ကြာ ဖမ်းဆီးထိန်းသိမ်းထားခဲ့သည်။[၃] နောက်ပိုင်းနှစ်အတွင်း KSNLD၊ DOKNU၊ UNLD နှင့် အခြား တိုင်းရင်းသားပါတီအမြောက်အများကို စစ်အစိုးရမှ ပိတ်သိမ်းပစ်ခဲ့သည်။ ဤအချက်ကြောင့် ထိုင်း–မြန်မာနယ်စပ်တစ်ကြောရှိကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) နှင့် အခြားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ထိန်းချုပ်နယ်မြေများသို့ ဒီမိုကရေစီအရေး တက်ကြွလှုပ်ရှားသူများ တဖွဲဖွဲဝင်ရောက်ခိုလှုံလာခဲ့ကြသည်။ ထိုသို့မြို့ပြဒေသများကိုစွန့်ခွာလာခဲ့ကြသူများ၌ DOKNU ၏ ဖယ်ခုံမဲဆန္ဒနယ်ရွေးကောက်ခံအမတ်ဖြစ်သူ ခွန်းမားရ်ကိုဘန်နှင့် NLD ၏ လွိုင်ကော်မဲဆန္ဒနယ် အမှတ် (၂) ရွေးကောက်ခံအမတ်တစ်ဦးဖြစ်သည့် တက်ဒီဘူးရီတို့လည်း အပါအဝင်ဖြစ်ခဲ့သည်။[၄] တစ်ဆက်တည်းလိုလို၌ နောက်ထပ် NLD ၏ ဖရူဆိုမြို့နယ်ရွေးကောက်ခံအမတ်တစ်ဦးဖြစ်သည့်စောဦးရယ်ကို ၁၉၉၆ ခုနှစ်တွင် ဖမ်းဆီးထိန်းသိမ်းပြီးနောက် ထောင်ဒဏ် ၁၇ နှစ် ချမှတ်ခဲ့သည်။ ၎င်းသည် "ကယားပြည်နယ် အကျပ်အတည်းနှင့် ဗမာပြည်တွင်း၌ ပြည်တွင်းစစ်ဖြစ်ပွားရသည့် အကြောင်းရင်းများ" ဟူသည့် စာအုပ်ကို ရေးသားထုတ်ဝေပြီးနောက် KNPP ကို ထောက်ပံ့ပေးနေသည်ဟူသည့် စွပ်စွဲချက်ဖြင့် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရခြင်းဖြစ်သည်။[၅]

နဝတ/နအဖ လက်ထက်အတွင်း ကယားပြည်နယ်နှင့် နိုင်ငံအဝှမ်း နိုင်ငံရေး တက်ကြွလှုပ်ရှားမှုများ ယေဘုယျအားဖြင့် ဆက်တိုက်ဆိုသလို မြင့်တက်လာခဲ့သည်။ သို့သော်လည်း အပြင်းအထန် နှိပ်ကွပ်မှုများအောက် ၁၉၉၀ နှစ်လယ်ပိုင်း၌ အချိန်ခဏတာမျှ နိုးထအသက်ဝင်ခဲ့ကြသည့် ဒီမိုကရေစီလိုလားသည့် ပါတီများအပြင်းအထန် အလှဲထိုးခံခဲ့ရတော့သည်။

## အမျိုးသားညီလာခံနှင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ

ဥပဒေ နဝတ/နအဖအစိုးရလက်ထက်၌ နိုင်ငံရေးအသွင်ကူးပြောင်းမှုကို တမင်ရည်ရွယ်၍ နှေးနိုင်သမျှနှေးထားခဲ့သည်။ ၁၉၉၀ ခုနှစ် အထွေထွေရွေးကောက်ပွဲပေါ်အခြေခံ၍ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရမည့်အစား စစ်အစိုးရသည် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ခု ရေးသားပြင်ဆင်မည့် လုပ်ငန်းစဉ်သစ်တစ်ခုကိုစတင်ခဲ့ကြသည်။ အစိုးရက လက်သင့်ရာရွေးချယ်ခေါ်ယူထားသူအများစုဖြစ်သည့် ကိုယ်စားလှယ်ပေါင်း ၇၀၂ ဦးပါဝင်ရာ၌ ၉၉ ဦးသာလျှင် ရွေးကောက်ပွဲ၌ အနိုင်ရခဲ့သည့်ပါတီများကို ကိုယ်စားပြုတက်ရောက်ခဲ့ခြင်းဖြစ်သည်။ ယင်းပါတီများ၌ NLD၊ SNLD နှင့် အခြားတိုင်းရင်းသားပါတီများမှ ကိုယ်စားလှယ်အမြောက်အများ ပါဝင်ခဲ့ကြသည်။ ပထမဦးဆုံး အမျိုးသားညီလာခံကို ၁၉၉၃ ခုနှစ်တွင်ခေါ်ယူကျင်းပခဲ့ပြီး ဖွဲ့စည်းပါဝင်မှုသည် နှစ်အလိုက်ကွာခြားသွားခဲ့ပြီး ၂၀၀၈ ခုနှစ်ရောက်မှသာ အစည်းအဝေးပြီးဆုံး၍ အချောသပ်နိုင်ခဲ့သည်။ အဖမ်းအဆီးများ ဆက်ရှိနေခြင်းနှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အပေါ် ကန့်သတ်လာသည့် ကိစ္စရပ်များကို ဆန့်ကျင်သည့်အနေဖြင့် NLD နှင့် အခြားဒီမိုကရေစီ လိုလားသည့်ပါတီများသည် ညီလာခံကို သပိတ်မှောက်၍ နှုတ်ထွက်သွားခဲ့ကြသည်။ နောက်ပိုင်း ၁၉၉၆ ခုနှစ်အရောက်တွင် အမျိုးသားညီလာခံ တွေ့ဆုံစည်းဝေးမှုများ ခေတ္တရပ်ဆိုင်းသွားခဲ့သည်။ ဤအခိုက်အတန့်သည် စစ်အစိုးရနှင့် ၁၉၉၀ ရွေးကောက်ပွဲ၌ အနိုင်ရခဲ့ကြသည့် ပါတီအများစုအကြား လုံးဝအဆက်အဆံမရှိတော့သည့် ၁၅ နှစ်တာကာလကို အစပြုပေးခဲ့သည်။ ယင်းအချိန်၌ နဝတ/နအဖအစိုးရသည် ပြည်တွင်းထောက်ခံမှုရရှိစေရန်အတွက် နောက်ပိုင်း၌ အသင်းသားပေါင်းသန်း ၂၀ ကျော်သွားခဲ့ပြီး တစ်နိုင်ငံလုံးကို လွှမ်းခြုံမှုရှိသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တည်ဆောက်ရေးကို တစ်စိုက်မတ်မတ် အာရုံစိုက်ဆောင်ရွက်လာခဲ့သည်။[၆]




လွိုင်ကော်မြို့ပေါ်ရှိ ကယားပြည်နယ်ခန်းမ (OR)

ဤသို့ရှေ့မတိုးသာနောက်မဆုတ်သာဆက်လက်ချောင်ပိတ်မိနေသဖြင့် ၁၉၉၀ ရွေးကောက်ပွဲဝင်ပါတီများသည်တိုင်းရင်းသားတော်လှန်ရေးအင်အားစုများနှင့်မဟာမိတ်ဖွဲ့၍လှုပ်ရှားလျက်ရှိသည့်နယ်စပ်ဒေသများနှင့်အစိုးရထိန်းချုပ်နယ်မြေဒေသဟူသည့် နိုင်ငံရေးမျက်နှာစာနှစ်ခုစလုံး၌ ဆက်လက်သက်ဝင်လှုပ်ရှားခဲ့ကြရသည်။ ထိုင်းနယ်စပ်ပေါ်ရှိ NLD ၏ ရွေးကောက်ခံအမတ်ဖြစ်သူ တက်ဒီဘူးရီသည် ပြည်ပရောက်အမတ်များ၏ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ(NCGUB)အတွင်းအရေးပါသည့် ကရင်နီအရေး စည်းရုံးအရေးဆိုသူတစ်ဦးဖြစ်လာခဲ့သည်။ NCGUB ကို ဒေါ်အောင်ဆန်းစုကြည်၏ ဝမ်းကွဲအစ်ကိုတော်စပ်သူ ဒေါက်တာစိန်ဝင်းကဦးစီးခေါင်းဆောင်ခဲ့သည်။ NLD ခေါင်းဆောင်များ ဆက်လက်ဖမ်းဆီးထိန်းသိမ်းခံထားရဆဲဖြစ်သောကြောင့် NCGUB သည် နိုင်ငံရေး ဦးတည်ချက်များကို အသေးစိတ်ရေးဆွဲချမှတ်နိုင်ခြင်းမရှိခဲ့ပေ။ မည်သို့ဆိုစေ တက်ဒီဘူးရီနှင့် အခြား NLD ကိုယ်စားလှယ်များသည် ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီကိုဆောင်ကျဉ်းပေးမည့်ပါတီ၏ကတိကဝတ်များကိုဆက်လက်အတည်ပြု လိုက်နာဆောင်ရွက်ခဲ့ကြသည်။

"NLD ရဲ့ ခေါင်းဆောင်မှုက ရှင်းလင်းပြတ်သားတယ်။ ငြိမ်းချမ်းရေးရပြီဆိုတာနဲ့ ပင်လုံသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြတဲ့ ၁၉၄၇ ခုနှစ် ပင်လုံမှာ ဦးအောင်ဆန်း ခေါ်ယူကျင်းပခဲ့သလိုပဲ အမျိုးသားညီလာခံတစ်ရပ် ခေါ်ယူကျင်းပသွားမှာဖြစ်တယ်။ NLD အနေနဲ့ တိုင်းရင်းသားရေးရာကိစ္စရပ်တွေကို ဆွေးနွေးအဖြေရှာပြီး စစ်မှန်တဲ့ဖက်ဒရယ်ပြည်ထောင်စုတစ်ရပ် တည်ဆောက်ဖို့လိုအပ်တယ်ဆိုတာကို အမြဲတမ်းလက်ခံအသိအမှတ်ပြုထားပါတယ်။ NLD အနေနဲ့ "ဖက်ဒရယ်" ဆိုတဲ့ စကားရပ်ကို အတိအကျသုံးနှုန်းခဲ့တာမျိုး မရှိခဲ့ဘူးဆိုပေမယ့် ကျနော့စိတ်ထင် သူတို့ဖက်ကဖက်ဒရယ်နိုင်ငံတစ်ခုကို တကယ်လိုချင်နေခဲ့ကြတာပါ။"[၇]

သို့သော်လည်း နှစ်ကာလရှည်ကြာလာသည်နှင့်အမျှ ဖက်ဒရယ်နှင့် တိုင်းရင်းသားအခွင့်အရေးအပေါ် NLD ၏ ရပ်တည်ချက်သဘောထားသည် တိုင်းရင်းသားခေါင်း

ဆောင် အများအပြား၏အမြင်၌ ရေရာသေချာမှုမရှိတော့ပေ။ ဤအချက်ကို နိုင်ငံအတွင်းရှိ လူများစုဗမာလူထုနှင့် တိုင်းရင်းသား ပြည်သူများအကြား စာနာနားလည်မှု ပျောက်ဆုံးနေသည့် ပြဿနာကြီး၏ ရောင်ပြန်ဟပ်မှုအဖြစ် ရှုမြင်ခဲ့ကြသည်။ ယနေ့တိုင်းရင်းသား ခေါင်းဆောင်များအကြား ဤကဲ့သို့သော အမြင်သဘောထားမျိုး ရှိနေကြဆဲပင်ဖြစ်သည်။ KNPP ၏ နိုင်ငံခြားရေးရာဝန်ကြီးဖြစ်ခဲ့သည့် အေဘယ်တွိဒ်က –

> "သူ့ဘဝကိုစတေးပြီး ဒီမိုကရေစီအတွက် တိုက်ပွဲဝင်ခဲ့တဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပေးဆပ်မှုကို ကျနော်တို့ တကယ်လေးစား အသိအမှတ်ပြုပါတယ်။ သူ့ကို ကျနော်တို့ ထောက်ခံတယ်ဆိုပေမယ့် ဒေါ်အောင်ဆန်းစုကြည်ရဲ့ မူဝါဒတွေနဲ့ပတ်သက်ပြီးကျနော်တို့ ရေရေရာရာနဲ့ ရှင်းရှင်းလင်းလင်း မရှိဘူး ဖြစ်နေတယ်။ တိုင်းရင်းသားတွေ အထူးသဖြင့် ကရင်နီတွေနဲ့ ပတ်သက်ပြီး သူ့ဖက်ကတိတိကျကျရှင်းလင်းပြောဆိုထားတာမရှိဘူး။ ဆိုတော့ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ တိုင်းရင်းသားတွေကိုတကယ်ပဲ စာနာနားလည်တယ်ဆိုရင်တောင် သူ့အနေနဲ့ ဗမာလူ့အဖွဲ့အစည်းတစ်ခုလုံးကို တိုင်းရင်းသားတွေရဲ့ ရပိုင်ခွင့်အခွင့်အရေးကို အသိအမှတ်ပြုမယ့် သူ့ရဲ့မူဝါဒလမ်းညွှန်ချက်ကို လိုက်နာဆောင်ရွက်ကြဖို့ စည်းရုံးဆွဲဆောင်တဲ့နေရာမှာ အများကြီး အခက်အခဲဖြစ်နေဦးမှာပါ။"[၈]

ဤအကြောင်းရင်းကြောင့် တိုင်းရင်းသားနိုင်ငံရေးသမား အများအပြားသည် နဝတ/နအဖခေတ်အတွင်း နိုင်ငံရေးအရ စည်းရုံးအရေးဆိုမှုများ ပြုလုပ်ရန်အတွက် တိုင်းရင်းသားအခြေပြုပါတီများကို ပို၍လိုလားအားထားခဲ့ကြခြင်းဖြစ်သည်။ တပ်မတော်၏ ကြီးစိုးချယ်လှယ်မှုကိုဆန့်ကျင်အံတုရာ၌ NLD ကို အရေးပါသည့် ကိုယ်စားလှယ်အဖြစ် ရှုမြင်ခဲ့ကြသော်လည်း စစ်အစိုးရနှင့် ဒီမိုကရေစီလိုလားသည့် အင်အားစုများအကြား စေ့စပ်ညှိနှိုင်းမှုသာ အမှန်တကယ် ပေါ်ပေါက်လာခဲ့လျှင်ပင် ဗမာမဟုတ်သည့် တိုင်းရင်းသားများအနေဖြင့် မိမိအရေး မိမိကိုယ်တိုင်ကိုယ်စားပြုညှိနှိုင်းရလိမ့်မည်ဟု လက်ခံယုံကြည်ခဲ့ကြသည်။ ဤသဘောထားများကို ရှေ့တန်းမှနေ၍ အကျယ်လောင်ဆုံး တွန်းတိုက်ပြောဆိုခဲ့သူသည် DOKNU ၏ ရွေးကောက်ခံအမတ်တစ်ဦးဖြစ်သည့် ခွန်းမားရ်ကိုဘန်ပင် ဖြစ်သည်။ သူသည် ၁၉၉၃ ခုနှစ် အမျိုးသားညီလာခံ၌ ပါဝင်တက်ရောက်ခဲ့ပြီး ညီလာခံပြီးနောက်မကြာမီ ထိုင်းနယ်စပ်ဖက်သို့ ထွက်ခွာသွားခဲ့သူဖြစ်သည်။[၉] နယ်စပ်၌ ၎င်းသည် NCGUB ဖက်ဒရယ်ရေးရာဝန်ကြီးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ၏ အတွင်းရေးမှူး ဖြစ်လာသူတက်ဒီဘူးရီနှင့် နီးနီးကပ်ကပ်လက်တွဲဆောင်ရွက်ခဲ့သည်။

ထိုအချိန်က အစိုးရထိန်းချုပ်နယ်မြေအတွင်း၌ ဖမ်းဆီးထိန်းသိမ်းမှုနှင့် လုံခြုံရေးအကြောင်းပြ နှောက်ယှက်မှုများ ဆက်တိုက်ဆိုသလို ဖြစ်ပွားနေခဲ့သော်လည်း ရွေးကောက်ပွဲဝင်နိုင်ငံရေးပါတီများသည် မြေပေါ်နိုင်ငံရေးလှုပ်ရှားမှုများကို ဆက်လက်ဆောင်ရွက်နိုင်ရန် ကြိုးပမ်းနေခဲ့ကြသည်။ ၂၅ ပါတီ UNLD သည်လည်း ၁၉၉၂ ခုနှစ် တားမြစ်ပိတ်ပင်မှုနှင့်အတူ အတင်းအကျပ်ဖိအားပေး၍ ရပ်ဆိုင်းခံခဲ့ရသည်။ သို့သော်လည်း ၁၉၉၈ ခုနှစ်၌ SNLD၊ ALD နှင့် အခြားတိုင်းရင်းသား မဟာမိတ်ပါတီနှစ်ခုသည်[၁၀] ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (CRPP) ဖွဲ့စည်းရန် NLD နှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ CRPP သည် နိုင်ငံရေးအကျဉ်းသားများအားလုံးကို ပြန်လွှတ်ပေးရန်နှင့် ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ်ကို လေးစားလိုက်နာရန် စစ်အစိုးရကို တောင်းဆိုခဲ့သည်။ စစ်အစိုးရအာဏာပိုင်များက ယင်းတောင်းဆိုမှုကို ပြန်လည်တုန့်ပြန်ခဲ့ခြင်းမရှိပေ။

တိုးတက်မှုကင်းမဲ့သည့်အပေါ် စိတ်ပျက်စိတ်ကုန်လာကြသဖြင့် စည်းလုံးညီညွတ်သော တိုင်းရင်းသားများ မဟာမိတ် (UNA) ကို KSALND၊ SNLD နှင့် ၁၉၉၀ ရွေးကောက်ပွဲ၌ ပါဝင်ခဲ့ကြသည့် အခြားတိုင်းရင်းသားအခြေပြုပါတီပေါင်း (၇) ခုမှ ၂၀၀၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။[၁၁] UNA ၏ ရည်ရွယ်ချက်သည် တပ်မတော်၊ NLD နှင့် တိုင်းရင်းသားပါတီများအကြား "သုံးပွင့်ဆိုင်" တွေ့ဆုံဆွေးနွေးမှုကို အားပေးမြှင့်တင်ရန်ဖြစ်သည်။ ဤခံယူချက်သည် နယ်စပ်ဒေသတစ်လွှား NCGUB နှင့် NCUB တို့ တောက်လျှောက် စည်းရုံးအရေးဆိုလာခဲ့သည့် ကိစ္စရပ်တစ်ခုလည်းဖြစ်သည်။ သို့သော်လည်း ၂၀၀၅ ခုနှစ်၌ အစိုးရ၏ရှမ်းအမျိုးသားခေါင်းဆောင်များကို အာဏာသုံး၍ နှိပ်ကွပ်မှုအတွင်း UNA နှင့် SNLD ဥက္ကဋ္ဌဦးခွန်ထွန်းဦး ဖမ်းဆီးထိန်းသိမ်းခံခဲ့ရပြီး "နိုင်ငံတော်သစ္စာဖောက်မှု" ဖြင့် စွဲချက်

## “ကရင်နီလူထု၏ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ‘ကန့်ကွက်မဲပေးရေး’ လှုပ်ရှားမှု”

ပြည်ပရောက် ဒီမိုကရေစီအင်အားစုတွေကြားမှာ ‘ကန့်ကွက်မဲပေးဖို့’ နဲ့ ‘မဲမပေးဖို့’ ဘယ်ဖက်က လူထုလှုပ်ရှားမှု လုပ်သင့်သလဲဆိုပြီး အုပ်စုနှစ်ခုကွဲသွားခဲ့တယ်။ ‘မဲမပေးရေး’ လှုပ်ရှားမှုဆိုတာက ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲ ပြင်ဆင်ဖို့ စစ်အစိုးရဦးဆောင်ပြီး ကြိုရေးထားတဲ့ အခြေခံမူ ၁၀၄ ချက်နဲ့ အမျိုးသားညီလာခံဆိုတာ အတုအယောင်ဟန်ပြသက်သက်မို့ အယုံအကြည်မရှိသလို လုပ်ငန်းစဉ်တစ်ရပ်လုံးကို ဥပေက္ခာပြုလိုက်တဲ့ သဘောဖြစ်တယ်။ ဒါပေမယ့် ‘ကန့်ကွက်မဲပေးဖို့’ လှုပ်ရှားတာကျတော့ လူထုပူးပေါင်းပါဝင်လာအောင်စည်းရုံးလှုပ်ရှားပြီး လူထုလူတန်းစားတွေကို ဒီမိုကရေစီနဲ့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဆိုတာဘာလဲ ပိုပြီးသိလာအောင် အမြင်ဖွင့်ပေးပြီး ၁၉၉၀ ရွေးကောက်ပွဲပြီးကတည်းက ပထမဦးဆုံးအကြိမ် ပြန်ရလာတဲ့ မဲပေးပိုင်ခွင့်ကို အသုံးချပြီးကန့်ကွက်သွားဖို့ အားပေးတိုက်တွန်းတာဖြစ်တယ်။

ကျနော့်အနေနဲ့ ‘ကန့်ကွက်မဲပေးရေး’ လူထုစည်းရုံးလှုပ်ရှားမှုလုပ်ပြီးတော့ တစ်ခြားကွန်ရက်တွေနဲ့ ချိတ်ဆက်ဆောင်ရွက်သွားဖို့ ဆုံးဖြတ်ခဲ့တယ်။ ကျနော်တို့သုံးယောက် ကရင်နီပြည်ကို ပြန်သွားခဲ့တယ်။ ကရင်နီတစ်ပြည်နယ်လုံးမှာ သင်တန်းပေါင်း ၂၀ ကျော်လုပ်ခဲ့ပြီးတော့ သင်တန်းသားတွေကို သူတို့ရဲ့ သက်ဆိုင်ရာရပ်ရွာတွေမှာဆက်ပြီး ဆင့်ပွားပို့ချပေးသွားနိုင်အောင် လေ့ကျင့်ပေးဖို့ကြိုးစားခဲ့တယ်။ ကျနော်တို့ကို လူငယ်တွေအများကြီးအင်တိုက်အားတိုက် ကူညီပေးခဲ့ကြသလို KNLP၊ KNPLF၊ ဘုရားကျောင်းတွေနဲ့ ကရင်နီရှေ့မီနောက်မီ လူကြီးတွေအများကြီး ဝိုင်းဝန်းပေးခဲ့ကြပါတယ်။ အဲဒါပြီးတော့ ကျနော်တို့ လမ်းတွေပေါ်ထွက်ပြီး လက်မှတ်တွေကိုစုဆောင်းကောက်ယူခဲ့တယ်။ ဒီလိုကြိုးစားတဲ့နေရာမှာ လူပေါင်းသုံးဆယ်ကျော်လောက် ပါဝင်ကူညီခဲ့ကြပြီးတော့ရှမ်းပြည်နယ်ထဲက ဖယ်ခုံမြို့နယ်နဲ့ မိုးဗြဲမြို့နယ်တွေကို လွှမ်းခြုံနိုင်ခဲ့ပြီး ကယားပြည်နယ်မှာကျတော့ လွိုင်ကော်နဲ့ ဒီမော့ဆိုမြို့နယ်တွေမှာ ကောက်ယူခဲ့တယ်။ အတော်လည်း အောင်မြင်ခဲ့ပြီး လူထုလှုပ်ရှားမှုကို လူတွေတော် တော်များများသတိထားမိသွားကြတယ်။ ကျနော်တို့ပြောချင်တဲ့ သတင်းစကားတွေကို မိုးပျံပူပေါင်းတွေနဲ့ ရေထဲမျှောချပြီးလည်း ဖြန့်ဝေခဲ့ကြပေမယ့် ဒီနည်းက သိပ်တော့မထိရောက်ခဲ့ဘူး။

အဲဒီနောက်မှာတော့ ပြည်လုံးကျွတ်လူထုဆန္ဒခံယူပွဲနေ့ဖြစ်တဲ့ ၂၀၀၈ ခုနှစ် မေလ ၁၀ ရက်နေ့မှာ မဲရုံတွေကိုလာပြီး မဲပေးတာတွေကို စောင့်ကြည့်အကဲခတ်ဖို့အတွက် လူပေါင်းခြောက်ဆယ်ကို ရွေးချယ်တာဝန်ပေးခဲ့တယ်။ ဒီမြေပြင်မဲရုံတွေရဲ့ သတင်းအချက်အလက်တွေကို ကောက်ယူစုဆောင်းပြီးတော့ သတင်းထောက်တွေကို အချိန်နဲ့တစ်ပြေးညီ တစ်နေ့လုံးသတင်းပေးခဲ့တယ်။ ကျနော်တို့အနေနဲ့ Kantarawady Times၊ BBC၊ VOA နဲ့ RFA စတဲ့ သတင်းတိုက်တွေရဲ့ စိတ်ဝင်စားမှုကို အတော်လေးဖမ်းစားနိုင်ခဲ့တယ်လို့ ပြောလို့ရပါတယ်။ မဲရုံတွေနဲ့ပတ်သက်တဲ့ အစီရင်ခံစာတွေကို ကြည့်လိုက်တဲ့အခါ ဒီပြည်လုံးကျွတ် လူထုဆန္ဒခံယူပွဲနဲ့ပတ်သက်ပြီးတော့တူညီတဲ့ပြဿနာတွေကို လေ့လာတွေ့ရှိခဲ့တယ်။ ကြိုတင်မဲပေးတာတွေနဲ့ လွတ်လွတ်လပ်လပ်ရွေးချယ်မဲပေးခွင့်မရဘဲ အတင်းအကျပ်အာဏာနဲ့ ထောက်ခံမဲပေးခိုင်းတာတွေ၊ လူအနည်းအကျဉ်းလောက်ပဲ သူတို့ရဲ့ ဆန္ဒမဲတွေကို လာပေးသွားကြတာတွေအပြင် လုပ်ငန်းစဉ်အပေါ် အများစုက အယုံအကြည်မရှိတဲ့ ပြဿနာတွေကို နေရာတိုင်းလိုလိုမှာ တွေ့ခဲ့ရတယ်။

အဲဒီနေ့ ညနေပိုင်း ၅ နာရီဝန်းကျင်လောက်မှာ မဲရုံတွေကို စောင့်ကြည့်အကဲခတ်ခဲ့ကြတဲ့ ကျနော်တို့ရဲ့ အဖွဲ့ဝင်တစ်ချို့နောက်ကို ရဲတွေလိုက်လာခဲ့ကြတယ်။ ကျနော်တို့ရဲ့ အိမ်တွေကိုရောက်လာပြီးတော့ ကျနော်တို့ရဲ့ ကွန်ပြူတာတွေကို ဝင်ကြည့်ပြီး ဖမ်းခေါ်သွားခဲ့ကြတယ်။ ရဲစခန်းမှာပဲ ကျနော်တို့ကို ၁၀ ရက်လောက် အမျိုးမျိုးစစ်ဆေးမေးမြန်းပြီး ထိန်းသိမ်းထားခဲ့တယ်။ ရဲတွေလည်း ပါတယ်ဆိုပေမယ့် အဓိကကျတဲ့ စုံစမ်းစစ်ဆေးရေးသမား တွေအားလုံးက စရဖ (အသစ်ပြင်ဆင်ဖွဲ့စည်းခဲ့သည့် စစ်ထောက်လှမ်းရေးအဖွဲ့) ကပါ။ ကျနော်တို့ရဲ့အဖြေတွေကို မကျေနပ်တဲ့အတွက် ကျနော်တို့ကို သူတို့တော်တော်ဆိုးဆိုးရွားရွားကို ညှဉ်းပန်းနှိပ်စက်ခဲ့

ကြပါတယ်။ နောက်ဆုံးကျနော်တို့ဆီက သတင်းအချက်အလက်တွေ ထပ်မရနိုင်တော့ဘူးလို့ ရဲတွေသိသွားခဲ့သလို ရဲစခန်းမှာ ကျနော်တို့ သေသွားမှာကိုလည်း စိုးရိမ်ကြတဲ့အတွက် ၉ ရက်မြောက်နေ့မှာ အကျဉ်းထောင်ဆီကိုလွှဲပြောင်းပေးခဲ့တယ်။ ထောင်ထဲမှာလည်း ကျနော်တို့ကို အနီးကပ်စောင့်ကြည့်နေပြီး ပုံမှန်စုံစမ်းစစ်ဆေးတာတွေ ဆက်လုပ်ခဲ့ပေမယ့် ဆိုးဆိုးရွားရွားနှိပ်စက်ညှဉ်းပန်းတာတွေတော့ မရှိတော့ပါဘူး။

ထောင်ကျနေတဲ့ ပထမဆုံးနှစ်မှာ အထူးသဖြင့် လွိုင်ကော်အကျဉ်းထောင်ထဲမှာ ကန့်သတ်ချုပ်ချယ်မှုတွေအရမ်းများခဲ့တယ်။ တီဘီပိုးကူးစက်ခံခဲ့ရပြီး ထောင်ထဲမှာ ခွန်းကောရီယိုအတွက် ကျန်းမာရေးပြုစုစောင့်ရှောက်မှု မပေးခဲ့တဲ့အတွက် ကျနော်တို့စောဒကတက် တိုင်ကြားတာတွေလုပ်ခဲ့တယ်။ အပြင်လောကနဲ့ နိုင်ငံတကာမီဒီယာတွေကို ကျနော်တို့ ချိတ်ဆက်နိုင်မှန်း သူတို့ရိပ်မိသွားပြီးတဲ့နောက်ပိုင်း ကျနော်တို့ကို ထောင်အပြောင်းအရွှေ့တွေ လုပ်ပစ်ခဲ့တယ်။ ခွန်းကောရီယိုကို (မန္တလေးမြို့ရဲ့ အနောက်မြောက်ဖက်မှာရှိပြီး နိုင်ငံရေးအကျဉ်းသားတွေကို ဆိုးဆိုးရွားရွားထားတယ်လို့ နာမည်ဆိုးနဲ့ အရမ်းကျော်ကြားတဲ့) မြင်းခြံထောင်၊ ဒီးဒီကို မန္တလေးထောင်နဲ့ ကျနော့်ကို တောင်ငူထောင်ကို လွှဲပြောင်းခဲ့တယ်။ NLD နဲ့ ၈၈ မျိုးဆက်ကလူတွေအပါအဝင်နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) နဲ့ ဒေသတွင်းအကျဉ်းသား ကူညီစောင့်ရှောက်ရေးအဖွဲ့တွေဆီက အကူအညီတွေ အများကြီးရခဲ့ပါတယ်။

ကျနော်တို့က လွိုင်ကော်အကျဉ်းထောင်ကို ရောက်ခဲ့ကြရတဲ့ နိုင်ငံရေးအကျဉ်းသားတွေထဲမှာ ပထမဆုံးတော့မဟုတ်ခဲ့ပါဘူး။ တစ်ခြားနိုင်ငံရေး အကျဉ်းသားတွေလည်း အများကြီးရှိနှင့်နေခဲ့ပြီး သူတို့ထဲမှာ KNPP နဲ့အဆက်အသွယ်လုပ်တယ်ဆိုပြီးတော့ ၁၉၀၈ ခုနှစ် မတရားအသင်းအက်ဥပဒေ ပုဒ်မ ၁၇/၁ နဲ့ စွဲချက်တင်ခံခဲ့ရပြီး နှစ်ရှည်ထောင်ဒဏ်ချမှတ်ခံခဲ့ကြရသူတွေ အတော်များများပါနေကြတယ်။

အထဲမှာ ကိုမြအောင် (၈၈မျိုးဆက်)၊ ဦးမြင့်အေး (လူ့အခွင့်အရေးမြှင့်တင်သူများနှင့် ကာကွယ်စောင့်ရှောက်သူများအသင်းဥက္ကဋ္ဌ)၊ ဦးသိန်းလွင် (NLD မတ္တရာမြို့နယ်ဥက္ကဋ္ဌ) နဲ့ ကိုသီဟ (မျိုးဆက်သစ်လိုင်း) တို့အပါအဝင်နိုင်ငံရေးအကျဉ်းသားတွေ အများကြီးနဲ့ တွေ့ဆုံခွင့်ရခဲ့တယ်။ ကျနော်တို့ရဲ့ စိတ်ကူးတွေကိုအပြန်အလှန်မျှဝေရင်း စကားတွေ အများကြီးပြောခွင့်ရခဲ့ပါတယ်။ ကျနော်တို့ကို တစ်နေရာစီ ထောင်ပြောင်းလိုက်ပေမယ့်လည်းရောက်တဲ့နေရာမှာ နိုင်ငံရေးအကျဉ်းသားတွေ အများကြီးနဲ့ တွေ့ဆုံစကားပြောခွင့်ရခဲ့ကြပါတယ်။ ကျနော်ဆိုရင် SNLD ဥက္ကဋ္ဌကြီးဦးခွန်ထွန်းဦးနဲ့ တွေ့ဆုံခွင့်ရခဲ့တယ်။ အပြင်ကသတင်းတွေ စာအုပ်စာပေတွေကို အများကြီးလက် လှမ်းမမီခဲ့ပေမယ့် အနာဂတ်နဲ့ သဘောတရားပိုင်းဆိုင်ရာ ကိစ္စရပ်တွေကို အများကြီးဆွေးနွေးသုံးသပ်နိုင်ခဲ့ကြပါတယ်။

ဒီးဒီနဲ့ ကျနော့်ကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှာ ပြန်လွှတ်ပေးခဲ့ကြပြီး ခွန်းကောရီယိုကို ကျနောက်ထပ် ၆ လလောက် ဆက်ပြီးထိန်းသိမ်းထားခဲ့တယ်။ ဘာကြောင့်မှန်း ကျနော်တို့မသိပေမယ့် သူနဲ့အဆက်အသွယ်နည်းနည်းရှိတဲ့ KNPP နဲ့ ကယားပြည်နယ်အစိုးရကြား အပစ်အခတ်ရပ်စဲရေး သဘောတူလက်မှတ်ရေးထိုးပြီးတဲ့နောက်ပိုင်း ပြန်လွှတ်ပေးခဲ့တယ်။ ထောင်ကနေ ကျနော်တို့ကို လွှတ်လိုက်တာနဲ့ ၈၈ မျိုးဆက်အဖွဲ့ဝင်တွေအတွက်နဲ့ ဧပြီလ ၁၀ ရက်နေ့မှာကျရောက်တဲ့ ကယန်းအမျိုးသားနေ့အထိမ်းအမှတ်ကိုပါဝင်ဖို့အတွက်လွိုင်ကော်ကို ခရီးထွက်ခဲ့တယ်။ ဒီစာကို UNA ခေါင်းဆောင်များ ညီလာခံကိုတက်လာတဲ့ ဦးခွန်ထွန်းဦး (SNLD) ရဲ့ဘေးကပ်ရပ်ခုံမှာ ထိုင်ပြီးရေးလိုက်တာပါ။”

၂၀၁၇ ခုနှစ် စက်တင်ဘာလ ၂၃ ရက်နေ့၌ ခွန်းဘီထူးကို ဆက်သွယ်မေးမြန်းခဲ့ခြင်းဖြစ်သည်။ စည်းရုံးရေးလုပ်နေသည့်အချိန်က ၎င်းသည် ကယန်းမျိုးဆက်သစ်လူငယ် အဖွဲ့ဝင်တစ်ဦးဖြစ်ခဲ့သည်။ လက်ရှိအချိန်တွင် ကယန်းအမျိုးသားပါတီ ဥက္ကဋ္ဌဖြစ်နေပြီဖြစ်သည်။

တင်၍ ထောင်ဒဏ် ၉၃ နှစ်ချမှတ်ခံခဲ့ရသည်။ ယင်းနောက် ပိုင်းနှစ်များ၌ UNA ၏ လှုပ်ရှားဆောင်ရွက်မှုများ အားလုံးနီးပါး နိဂုံးချုပ် အဆုံးသတ်သွားခဲ့တော့သည်။

မြန်မာနိုင်ငံအတွင်းရှိ ဒီမိုကရေစီလိုလားထောက်ခံသူများအတွက် မှောင်အတိပြီးသည့် နေ့ရက်ကာလများ ဖြစ်သွားခဲ့သည်။ ၁၉၈၈ ခုနှစ်၌ BSPP ဆိုရှယ်လစ်အစိုးရ ပြိုလဲသွားခဲ့ပြီး ဆယ်စုနှစ် (၂) ခုကျော်အထိ နိုင်ငံအဝှမ်း နိုင်ငံရေးတိုးတက်ပြောင်းလဲမှု အလျဉ်းမရှိဘဲ တစ်ပိုင်းသေသွားခဲ့သည်။ ကယားပြည်နယ်တွင်လည်း အလားတူပင် ဖြစ်သည်။ ပထဝီရေမြေအနေအထားအရ အပြင်လောကနှင့် သက်ဆိုင်ခြင်းမရှိသည့် သီးခြားကမ္ဘာတစ်ခုလို ဖြစ်နေပြီး အစိတ်စိတ်အမွှာမွှာ ကွဲပြလျက်ရှိသည့် ကရင်နီ နိုင်ငံရေးဇာတ်ခုံသည် မြန်မာတစ်နိုင်ငံလုံး၌ ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခအရေးအခင်းများကို အတိအကျရောင်ပြန်ဟပ်ထင်ဟပ်စေခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။

နအဖ၏ "စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ" ဆီသို့ ဦးတည်ချီတက်မည့် "လမ်းပြမြေပုံ ခုနှစ်ဆင့်" ၏ အစိတ်အပိုင်းဖြစ်သည့် အမျိုးသားညီလာခံ ပြန်လည်ခေါ်ယူကျင်းပသည့် ၂၀၀၄ ခုနှစ်ရောက်မှသာ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲပြင်ဆင်ရေးလုပ်ငန်း စတင်လှုပ်ရှားလာခဲ့ခြင်းဖြစ်သည်။ ဤဖြစ်စဉ် နောက်ပိုင်းအဆင့်များ၌ ကယားပြည်နယ်အတွင်း အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်းများအပါအဝင် အပစ်အခတ်ရပ်စဲထားသည့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်း အမြောက်အများမှကိုယ်စားလှယ်သစ်အများအပြားထပ်မံပါဝင်လာခဲ့သည်။ ပြည်လုံးကျွတ်လူထုဆန္ဒခံယူပွဲ၊ ပြည်ထောင်စုစနစ်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် အမျိုးသားနိုင်ငံရေးဇာတ်ခုံကို လွှမ်းမိုးထားသည့် တပ်မတော်၏ အခန်းကဏ္ဍ အဆုံးသတ်ရေးစသည့် တိုက်တွန်းတောင်းဆိုချက်များ ပါဝင်သည့် အဆိုပြုလွှာအမြောက်အမြား တင်သွင်းခဲ့ကြသည်။ ဤရည်မှန်းချက်များအားလုံးကို စစ်အစိုးရဖက်က ပယ်ချခဲ့ပြီးနောက် အတည်ပြုခဲ့သည့် အချောသပ်စာတမ်းသည် တိုင်းရင်းသားအင်အားစုများ၏ စိတ်ကူးရည်မှန်းချက်များကို ထင်ဟပ်ခြင်းမရှိတော့ပေ (အခန်း ၃ ကို ကြည့်ပါ)။

ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းကိုလည်း အလွန်အငြင်းပွားဖွယ်ရာကောင်းသည့် အခြေအနေများကြားက ၂၀၀၈ ခုနှစ် မေလ၌ အတည်ပြုသွားခဲ့သည်။ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းများ၌ လူပေါင်း ၁၃၀၀၀၀ ကျော် သေဆုံးခဲ့ရပြီး သိန်းနှင့်ချီ၍ ထိခိုက်ဒဏ်ရာရစေခဲ့သည့် အင်အားပြင်း ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခိုက်ခဲ့ပြီးနောက် ရက်ပိုင်းအတွင်း ဖုတ်ပူမီးတိုက် မဲပေးအတည်ပြုခဲ့ခြင်းဖြစ်သည်။ မုန်တိုင်းဒဏ်သင့် ရပ်ရွာများအားလုံး ဖွတ်ဖွတ်ညက်ညက် ကြေမွပျက်စီးသွားခဲ့သည်။ တစ်နိုင်ငံလုံးပူဆွေးသောက ရောက်နေကြရသည့်ကြားက နအဖ အစိုးရသည် မဲပေးပိုင်ခွင့်ရှိသူ လူဦးရေ ၉၈% ၏ ၉၂% သောထောက်ခံမဲဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းကို အတည်ပြုလိုက်သည်ဟုထုတ်ပြန်ကြေညာသွားခဲ့သည်။[၁၂] အတိုက်အခံအင်အားစုများက ပြည်လုံးကျွတ်ဆန္ဒခံယူပွဲသည် "လွတ်လပ်၍ တရားမျှတခြင်း" မရှိခဲ့သလို ယင်းဖွဲ့စည်းပုံအခြေခံဥပဒေသည်လည်း လူထု၏ သဘောဆန္ဒအမှန် ("ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ 'ကန့်ကွက်မဲပေးရေး' ကရင်နီလူထုလှုပ်ရှားမှုစာကွက်ကိုကြည့်ပါ") ကိုကိုယ်စားပြုထင်ဟပ်ခြင်းမရှိခဲ့ဟု ဝေဖန်ပြောဆို၍ အသိအမှတ်ပြုရန်ငြင်းဆန်ခဲ့ကြသည်။[၁၃] Human Rights Watch က ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို "ဘယ်ကိုမှမရောက်သည့်မဲတစ်ပြား" ဟု သရော်ကင်ပွန်းတပ်ခဲ့သည်။[၁၄]

ဆယ်စုနှစ်တစ်ခုသာ တိုင်သွားခဲ့သော်လည်း ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် အမျိုးသားနိုင်ငံရေးဇာတ်ခုံ၏လားရာဦးတည်ချက်ကို ဆက်လက်ပဲ့ကိုင်ထိန်းကျောင်း၍လိုသလို ပုံသွင်းနေဆဲပင်ဖြစ်သည်။

## ၂၀၁၀ ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့် အရပ်သားတစ်ပိုင်းစစ်အစိုးရ

၂၀၁၀ ခုနှစ် နိုဝင်ဘာလ အထွေထွေရွေးကောက်ပွဲကို အမျိုးသားနိုင်ငံရေးဇာတ်ခုံပေါ်၌ "တပ်မတော်၏ခေါင်းဆောင်မှုအခန်းကဏ္ဍ" ကို အာမခံပေးထားသည့် ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ စည်းကမ်းသတ်မှတ်ချက်များအရ ခေါ်ယူကျင်းပခဲ့ခြင်းဖြစ်သည်။ ဤကဲ့သို့သော ကန့်သတ်ချက်များ၏ ရလဒ်အနေဖြင့် အစောပိုင်း ၁၉၉၀

ခုနှစ် အထွေထွေရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် အတိုက်အခံပါတီများအကြား ဖွဲ့စည်းပုံအခြေခံဥပဒေ သို့ မဟုတ် ရွေးကောက်ပွဲလုပ်ငန်းစဉ်များအပေါ် ယုံကြည်မှု အားနည်းသွားခဲ့သည်။ အောင်ဆန်းစုကြည်၊ ခွန်ထွန်းဦး နှင့် အခြားနိုင်ငံရေးခေါင်းဆောင်များကို ရွေးကောက်ပွဲနေ့ မတိုင်ခင်အထိ ဆက်လက်ထိန်းသိမ်းထားရှိသည့်အပေါ် အဆိုးမြင်သည့် သဘောထားများ ပိုမိုကြီးထွားလာခဲ့သည်။ ထို့ကြောင့် NLD နှင့် UNA ပါတီများစု ပေါင်း၍ ၂၀၁၀ ရွေးကောက်ပွဲကို သပိတ်မှောက်ရန် ဆုံးဖြတ်ခဲ့ကြသည်။

ဤကဲ့သို့သော သံသယများအကြား၌ ပြည်တွင်း ရွေးကောက်ပွဲသည် လက်လွှတ်မခံသင့်သည့် နိုင်ငံရေး အခွင့်အလမ်းတစ်ရပ်ကို ဖန်တီးပေးလျက်ရှိသည်ဟူသည့် သဘောထားပေါ်အခြေခံ၍ ရွေးကောက်ပွဲဝင်ရောက်ယှဉ် ပြိုင်ရန် ဆုံးဖြတ်ခဲ့သည့် နိုင်ငံရေးပါတီသစ်များ ပေါ်ထွက် လာခဲ့သည်။ ကယားပြည်နယ်၌ ဒေသခံလူ့ပ်ရှားတက်ကြွ သူများစုပေါင်း၍ တိုင်းရင်းသားလူမျိုးပေါင်းစုံ စည်းလုံး ညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ (ANUDP) ကို ဖွဲ့ စည်းတည်ထောင်ခဲ့သည်။ ကယန်းအမျိုးသားရေးဝါဒီများ (အချို့သည် ယခင်က DOKNU နှင့် အဆက်အစပ်ရှိခဲ့သည်) ကလည်း ကယန်းအမျိုးသားပါတီသစ်တစ်ခုကို တည် ထောင်ခဲ့ကြသည်။ ဤကဲ့သို့သော တိုင်းရင်းသားအခြေပြု ပါတီများ ပြန်လည်ဖွဲ့စည်းတည်ထောင်ခြင်းက အမျိုးသား ရေးအရွေ့တစ်ခုဖြစ်လာခဲ့သည်။ ၂၀၁၀ ခုနှစ် ရွေးကောက် ပွဲ၌ မှတ်ပုံတင်ခဲ့သည့် နိုင်ငံရေးပါတီ ၄၂ ခု၏ ထက်ဝက် ကျော်သည် နိုင်ငံတစ်နံတစ်လျားရှိ တိုင်းရင်းသားအင်အား စုအသီးသီးကို ကိုယ်စားပြုခဲ့သည်။

ရွေးကောက်ပွဲအတွင်း မည်သည့်နေရာ၌ ရပ်တည် ရမည်ကို စဉ်းစားဆုံးဖြတ်ရသည့် ကိစ္စသည် ပါတီများ အားလုံးအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်ခဲ့သည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်အောက်၌ တိုင်းရင်းသားများအားလုံး ပါဝင် ကိုယ်စားပြုသည့် အထက်လွှတ်တော် (အမျိုးသား လွှတ်တော်) နှင့် ရွေးကောက်ခံ ကိုယ်စားလှယ်များ၏ အောက်လွှတ်တော် (ပြည်သူ့လွှတ်တော်) တို့ကို ပြည် ထောင်စုအဆင့် အမျိုးသားလွှတ်တော် (ပြည်ထောင်စုလွှတ် တော်) အဖြစ်ပြဋ္ဌာန်းထားသကဲ့သို့ ပြည်နယ် (၇) ခုနှင့် တိုင်းဒေသကြီး (၇) ခုစလုံး၏ ဒေသအလိုက်လွှတ်တော်




၂၀၁၀ ခုနှစ် ကယားပြည်နယ်ရွေးကောက်ပွဲမဲပုံးများ (KT)

များကိုပါ ဖွဲ့စည်းပြဋ္ဌာန်းပေးထားသည်။ ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ နာဂဒေသနှင့် ရှမ်းပြည်နယ်အတွင်းရှိ ဓနု၊ ကိုးကန့်၊ ပအိုဝ်းနှင့် တအောင်းတိုင်းရင်းသားများအတွက် 'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ' သစ် (၅) ခုနှင့် 'ဝ' ကို 'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း' အဖြစ် ပြဋ္ဌာန်းပေးထားသည်။ ဗမာအပါအဝင် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးအသီးသီးရှိ လူဦးရေ ၆၀၀၀၀ သို့မဟုတ် ယင်းထက်ပိုသည့် လူနည်းစုတိုင်းရင်းသားများအတွက် တိုင်းရင်းသားရေးရာဝန်ကြီးရာထူးသစ် ၂၉ ကိုလည်း ခန့်အပ်တာဝန်ပေးခဲ့သည်။[၁၅] ဤကဲ့သို့ ခန့်အပ်တာဝန်ပေးလိုက်ခြင်းက မျက်မှောက်ခေတ် မြန်မာ့နိုင်ငံရေးဇာတ်ခုံ၌ တိုင်းရင်းသားမျိုးနွယ်စု (၂၀) အားသီးခြားနယ်မြေဒေသများသို့မဟုတ် အခွင့်အရေးများကို တရားဝင်ရရှိသွားစေခဲ့သည်။

ဤနယ်မြေဒေသများ သို့မဟုတ် လူဦးရေများကို သတ်မှတ်ဆုံးဖြတ်မည့် ကိစ္စရပ်သည် အလွန်အငြင်းပွားဖွယ်ရာဖြစ်ခဲ့ပြီး ဤကိစ္စရပ်နှင့်စပ်လျဉ်း၍ နောက်ပိုင်း၌ ဖော်ဆောင်ခဲ့သည့် ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ လူဦးရေနှင့် အိုးအိမ်ဆိုင်ရာ သန်းခေါင်စာရင်းတွင်လည်း လောက်လောက်လားလား ရှင်းလင်းဖြေရှင်းပေးထားခြင်း မရှိခဲ့ပေ။[၁၆] ကရင်နီနိုင်ငံရေးဇာတ်ခုံ၌ အဓိကအကျဆုံး အပြောင်းအလဲတစ်ခုမှာ ကယားပြည်နယ်လွှတ်တော်နှင့် အစိုးရကို စတင်ဖွဲ့စည်းခြင်းဖြစ်ပြီး ကယားပြည်နယ်အတွက် ဗမာတိုင်းရင်းသားရေးရာ ဝန်ကြီးနေရာသစ်တစ်ခုနှင့် ရှမ်းပြည်နယ်အတွက် ကယန်းတိုင်းရင်းသားရေးရာ ဝန်ကြီးနေရာတစ်ခုရရှိခဲ့သည်။ ယခုတစ်ကြိမ်သည် ပြည်တွင်း၌ ကယန်းတိုင်းရင်းသားများ ပထမဦးဆုံးအကြိမ်အဖြစ် နိုင်ငံရေးအရ ကိုယ်စားပြုခွင့် ရရှိခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ကယန်းတက်ကြွလှုပ်ရှားသူများအတွက် ကျေနပ်ရောင့်ရဲတင်းတိမ်စရာ မဟုတ်ခဲ့ပေ။ ရှမ်းပြည်နယ်၌ တိုင်းရင်းသားရေးရာ ဝန်ကြီးရာထူးတစ်ခု လောလောလတ်လတ်ဖန်တီးပေးခဲ့သော်လည်း ရှမ်း-ကယား-ကရင် နယ်နိမိတ်ပေါ် ကယန်းတိုင်းရင်းသားများအတွက် "ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ" တိုင်းတစ်ခု ပြဋ္ဌာန်းပေးရန် ခွင့်မပြုခဲ့ပေ။

ဤကိစ္စရပ်သည် နိုင်ငံရေးအရ ကိုယ်စားပြုခွင့်ရရှိရေးအတွက် အရေးအကြီးဆုံး ဖြစ်လာရမည်မှန်သော်လည်းယနေ့အချိန်ထိ ကယန်းတိုင်းရင်းသားများ၏ နယ်မြေဒေသများနှင့် ရပိုင်ခွင့်အခွင့်အရေးဆိုင်ရာ အရေးကိစ္စများကို ဖြေရှင်းပေးခြင်းမရှိခဲ့ပေ (အခန်း ၇ ရှိ "ကယန်းနယ်မြေဒေသနှင့် ကိုယ်ပိုင်လက္ခဏာရပ်" စာကွက်ကို ကြည့်ရှုပါ)။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် 'နအဖ' သည် အခြေခံကျသည့် အောက်ခြေမြေပြင်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို စတင်ဖော်ဆောင်ပေးခဲ့ခြင်းမရှိပေ။

နောက်ပိုင်း ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲအတွင်း ဆန္ဒမဲပေးရာ၌ "လွတ်လပ်၍ တရားမျှတမှု" ရှိရန်များစွာ အလှမ်းဝေးခဲ့သဖြင့် အနည်းငယ် အံ့သြသင့်ခဲ့ကြသည်။ ၁၉၉၀ ခုနှစ်ကမဲရေတွက်မှုပုံစံများနှင့်မတူဘဲဖြောင့်ကျကျပင်မဲရေတွက်မှုကိုလက်တစ်လုံးခြားလှည့်ပတ်ခဲ့ကြသည်။ အထူးသဖြင့် "ကြိုတင်မဲများ" နှင့် ပတ်သက်၍ မဲလိမ်ခဲ့သည်ဟူသည့် စွပ်စွဲချက်များ ကျယ်ကျယ်လောင်လောင် ပေါ်ထွက်လာခဲ့သည်။ ယင်းတို့သည် ပြိုင်ဆိုင်မှုပြင်းထန်သည့် ကိုယ်စားလှယ်နေရာများ၌ စစ်တပ်ကိုလိုလားထောက်ခံသူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (ယခင်က USDA) ကို ၇၅ ရာခိုင်နှုန်းဖြင့် အပြတ်အသတ်အနိုင်ရစေခဲ့သည်။[၁၇] အတိုက်အခံ နိုင်ငံရေးသမားများကလည်း ပါတီသစ်များ မှတ်ပုံတင်နိုင်ရန် အခက်အခဲများရှိနေခြင်း၊ ကိုယ်စားလှယ်လောင်းများကို မှတ်ပုံတင်ရသည့် ကုန်ကျစရိတ်များနှင့် စီစဉ်ပြင်ဆင်ချိန် နည်းပါးလွန်းသည့် ကိစ္စရပ်များနှင့်ပတ်သက်၍ စောဒကတက် ပြောဆိုခဲ့ကြသည်။[၁၈] ဖြေရှင်းပေးရမည့်အစား ဩဇာအာဏာကြီးမားသည့် တပ်ပိုင်းဆိုင်ရာ အခွင့်ထူးခံရေပေါ်ဆီ ခေါင်းဆောင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များကို USDP ကိုယ်စားလှယ်လောင်းများအဖြစ် တွန်းတင်ခဲ့သည်။ ၎င်းတို့အများအပြားသည် ယခင် 'နဝတ/နအဖ' အစိုးရခေတ် အဆက်ဆက်က ဗိုလ်ချုပ်ဟောင်းများနှင့် ဝန်ကြီးဟောင်းများ ဖြစ်ခဲ့ကြသည်။ ဦးသိန်းစိန်ကိုယ်တိုင်အပါအဝင် အာဏာရလာခဲ့သည့် သမ္မတဦးသိန်းစိန်၏ အစိုးရအဖွဲ့ကို စစ်တပ်နှင့် မကင်းသည့် လူဟောင်းများကသာ ကြီးစိုးသွားခဲ့သည်။

ဤကဲ့သို့ တင်းတင်းကျပ်ကျပ် ထိန်းချုပ်ထားသည့် နောက်ခံအခင်းအကျင်း၌ ရွေးကောက်ပွဲနည်းဖြင့် အောင်နိုင်မည်ဟု အထင်ရောက်ခဲ့ကြသည့် ဒီမိုကရေစီပါတီသစ်များ၏ စိတ်ကူးမျှော်လင့်ချက်များ လက်တွေ့ရုပ်လုံးပေါ်လာခြင်းမရှိခဲ့ပေ။ ချင်း၊ ကရင်၊ ရခိုင်နှင့် ရှမ်းဟူသည့် တိုင်းရင်းသားပြည်နယ်လေးခု၌ နယ်ခံတိုင်းရင်းသားပါတီများသည် ပြည်နယ်လွှတ်တော်များ၏ ကိုယ်စားလှယ်

နေရာ ၂၅ ရာခိုင်နှုန်းကျော် အနိုင်ရရန် စီမံခန့်ခွဲနိုင်ခဲ့ကြသော်လည်း အဆိုပါပမာဏသည် မည်သည့်ပါတီအတွက် မျှဥပဒေပြုရေးကို ထိန်းချုပ်နိုင်သည်အထိ လုံလောက်မှု မရှိခဲ့ပေ။ ကယားပြည်နယ်၌ စစ်တပ်ကျောထောက်နောက်ခံ USDP မှ ပြည်နယ်လွှတ်တော်အတွက် လျာထားသည့် ကိုယ်စားလှယ်နေရာ ၁၄ ခုစလုံးကိုသာမက ဗမာတိုင်းရင်းသားရေးရာဝန်ကြီးနေရာကိုပါ အနိုင်ရသွားခဲ့သည်။ ထို့အပြင် USDP သည် နေပြည်တော်ရှိ ကယားပြည်နယ်အတွက်လျာထားသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာ ၇ ခုစလုံးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်နေရာ ၁၂ ခုစလုံးကိုပါ သိမ်းကျုံးရယူသွားခဲ့သည်။ USDP ၏အနိုင်ရ ကိုယ်စားလှယ်လောင်းများနှင့် တပ်ကိုယ်စားလှယ်များအတွက် သီးသန့်ခွဲ ဝေနေရာချပေးထားရသည့် ကိုယ်စားလှယ်နေရာ ၂၅ ရာခိုင်နှုန်းပေါင်းစပ်လိုက်သည့် အခါ ခေတ်သစ်နိုင်ငံရေးစာ မျက်နှာသစ် (၂၀၁၁-၂၀၁၆) ၏ပထမဦးဆုံးသော ဥပဒေပြုလွှတ်တော်သည် USDP-တပ်မတော်၏ ထိန်းချုပ်မှုအောက် လုံးလုံးလျားလျား ရောက်ရှိသွားတော့သည်။

ရွေးကောက်ပွဲအပြီးနောက်ပိုင်း ကယားပြည်နယ်အတွင်း USDP ကြီးစိုးသွားခဲ့သည့် အကြောင်းရင်းများကို ရှာဖွေဖော်ထုတ်ရန် မခဲယဉ်းတော့ပေ။ NLD နှင့် ၁၉၉၀ အထွေထွေရွေးကောက်ပွဲဝင် တိုင်းရင်းသားပါတီများက မဲဆန္ဒမပေးကြရန် ဆန့်ကျင်သပိတ်မှောက်ခဲ့ကြသဖြင့် ဖရူဆိုနှင့် ဖားဆောင်းမြို့နယ်တို့၏ ဒေသအများအပြား၌ မဲဆန္ဒပေးခြင်းကို လုံခြုံရေးအကြောင်းပြချက်ဖြင့် တပ်အာဏာပိုင်များက ရွှေ့ဆိုင်းခဲ့ကြသည်။ ထို့အပြင် အသစ်ဖွဲ့စည်းတည်ထောင်လိုက်သည့် ANUDP ၏ မှတ်ပုံတင်လျှောက်ထားမှုကို ပြီးဆုံးအောင်မြင်သည်အထိ ခွင့်ပြုပေးခဲ့ခြင်းမရှိပေ။[၁၉] ANUDP ကိုမှတ်ပုံတင်ခွင့်မပြုကြောင်း ရှင်းလင်းဖော်ပြထားသည့်အကြောင်းရင်းများအနက် အစိုးရအရာရှိများသည် ANUDP အဖွဲ့ဝင်အချို့၏ ငြိမ်းချမ်းရေး အကျိုးဆောင် လုပ်ငန်းများနှင့်ပတ်သက်၍ အမြဲတမ်းလိုလို စိတ်အနှောက်အယှက်ဖြစ်ခဲ့ရသည့် အချက်သည်လည်းတစ်ခုအပါအဝင်ဖြစ်ခဲ့သည်။[၂၀] "ဒေသခံလူထုရဲ့ အသံတွေကို ကိုယ်စားပြုဖို့အတွက် နယ်ခံပါတီတစ်ခု ထူထောင်နိုင်အောင် ကျနော်တို့ ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့ တိုင်းမှူးကကျနော်တို့ကို ဖိနှိပ်ပြီးတော့ ပါတီကို ဖျက်သိမ်းလိုက်ဖို့ အတင်းအကျပ် ဖိအားပေးလာတယ်" ဟု ANUDP ၏ တည်ထောင်သူများအနက် တစ်ဦးအပါအဝင်ဖြစ်သည့် ဦးဆော်လမွန်က ပြောဆိုသွားခဲ့သည်။ "၂၀၁၀ တုန်းက တစ်ခြားပြည်နယ်တွေလို ကယားပြည်နယ်ထဲမှာ နယ်ခံနိုင်ငံရေးပါတီ တစ်ခုမှမရှိခဲ့ပါဘူး။"[၂၁] ကရင်နီနိုင်ငံရေးဇာတ်ခုံပေါ် နယ်ခံပါတီများအား ဝင်ရောက်ခွင့်မပြုဟု ပြောင်မပြောရုံတမယ်သာရှိခဲ့သည့် အခြေအနေ၏ တစ်ခုတည်းသောခြွင်းချက်အဖြစ် ရှမ်းပြည်နယ်နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည့် ဒေသအတွင်း အသစ်ဖွဲ့စည်းတည်ထောင်လိုက်သည့် KNP ပါတီသည် ဖယ်ခုံမြို့နယ်ကို ကိုယ်စားပြုသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နေရာ (၂) ခုကို အနိုင်ရခဲ့ပြီး ကယန်းတိုင်းရင်းသားရေးရာဝန်ကြီးနေရာ တစ်ခုကိုပါ ရရှိသွားခဲ့သည်။

၂၀၁၁ ခုနှစ် မတ်လအတွင်း USDP-တပ်မတော် အစိုးရမှ အာဏာလွှဲပြောင်းရယူခဲ့ခြင်းနှင့်အတူ နိုင်ငံတွင်း သိသာထင်ရှားသည့် ပြုပြင်ပြောင်းလဲရေး အလားအလာများ မေးမှိန်သွားသယောင်ဖြစ်ခဲ့သည်။ သို့သော်လည်း အာဏာရယူပြီး တစ်နှစ်အတွင်းမှာပင် သမ္မတဦးသိန်းစိန်သည် ရာစုနှစ်ထက်ဝက်အတွင်း အကျယ်ပြန့်ဆုံးသော နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို စတင်ဖော်ဆောင်လာခဲ့သည်။ ယင်းတို့၌ NLD အပါအဝင် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအရ ပြန်လည်သင့်မြတ်ရေးအရွေ့သည်လည်း တစ်ခုအပါအဝင်ဖြစ်ခဲ့သည်။ ရလဒ်အနေဖြင့် နောက်ပိုင်းလများအတွင်း ခေါ်ယူကျင်းပခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲ၌ လစ်လပ်ကိုယ်စားလှယ်နေရာ ၄၄ ခုအနက် ၄၃ နေရာ အနိုင်ရခြင်းနှင့်အတူ လွှတ်တော်အတွင်းသို့ NLD ရောက်ရှိလာခဲ့သည်။ USDP အောင်လံခိုင်စေရန်နှင့် အတိုက်အခံအရေအတွက်လျှော့ချရန်ရည်ရွယ်သည့် ယခုတစ်ကြိမ်၌ မည်သည့် "ကြိုတင်မဲ" ကစားကွက်မျှ ထွက်ပေါ်လာခဲ့ခြင်းမရှိတော့ပေ။ ဤကဲ့သို့တံတားထိုးပေါင်းစည်းမှုတည်ဆောက်ပြီးနောက်ပိုင်း NLD နှင့် USDP-တပ်မတော်အစိုးရအကြား တင်းမာမှုများ တဖြည်းဖြည်းပြေလျှော့လာခဲ့သည်။

ပေါ်ပေါက်လာသည့် နိုင်ငံရေးမျက်နှာစာသစ်ကို ဆဝါးအာရုံခံမိသည်နှင့် တစ်ပြိုင်နက် လှုပ်ရှားတက်ကြွသည့် လူထုအသိုက်အဝန်းများက နိုင်ငံအဝှမ်း နယ်ခံနိုင်ငံရေးပါတီများကို ပြန်လည်အသက်သွင်းရန်နှင့် အသစ်ဖွဲ့စည်းတည်ထောင်ရန် အလျင်အမြန်ကြိုးပမ်း လှုပ်ရှားခဲ့

ကြသည်။ အထူးသဖြင့် ကယားပြည်နယ်၌ ထင်သာမြင်သာအရှိဆုံးဖြစ်သည်။ KNPP အပစ်အခတ်ရပ်စဲရေး၏ ကျားကန်ပေးမှုနှင့်အတူ တစ်ပြည်နယ်လုံးကို ကိုယ်စားပြုနိုင်မည့် ခေတ်သစ်နိုင်ငံရေးအရွေ့တစ်ခုကို တည်ဆောက်ရန်အတွက် အခွင့်သာစေခဲ့သည့် အကောင်းဆုံးအခိုက်အတန့်တစ်ခု ရောက်ရှိလာသကဲ့သို့ ထင်မှတ်ခဲ့ရသည်။ ၂၀၁၃ ခုနှစ် ဩဂုတ်လအတွင်း ယခင် ANUDP အရွေ့၌ ပါဝင်ဆောင်ရွက်ခဲ့ဖူးသည့် ကယား၊ ကယောနှင့် ကရင်လှုပ်ရှားတက်ကြွသူများစုစည်း၍ ဖက်ဒရယ်ပြည်ထောင်စုတစ်ရပ် ပေါ်ပေါက်လာအောင် အားပေးမြှင့်တင်သွားရန် လူမျိုးပေါင်းစုံဒီမိုကရေစီပါတီသစ် (ANDP)[၂၂] ကိုဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။ ဒုဥက္ကဋ္ဌ ဦးဆော်လမွန်က –

“နိုင်ငံရေးဘောင် ကျယ်လာတာနဲ့ ကျနော်တို့ ပြန်လည်စုစည်းပြီးတော့ ANDP ကို ဖွဲ့စည်းတည်ထောင်ခဲ့ကြပါတယ်။ ‘ကယား သို့မဟုတ် ကရင်နီ အမျိုးသားတို့ နိုးထကြလော့’ ဆိုတာ ကျနော်တို့ရဲ့ ဆောင်ပုဒ်ပါ။ ကျနော်တို့အတွက် စုပေါင်းသဟာယ စိတ်ဓာတ်ရှိဖို့ လိုအပ်ပါတယ်။ ဒီဒေသနေလူထုအားလုံးက ကျနော်တို့ရဲ့ ညီအစ်ကိုမောင်နှမတွေချည်းမို့ ကျနော်တို့အချင်းချင်းကြား အပြန်အလှန်နားလည်မှုနဲ့ လေးစားမှုရှိရပါမယ်။ တစ်ခြားမျိုးနွယ်စုတွေလည်း ပူးပေါင်းလာဖို့ ကျနော်တို့ လက်ကမ်းကြိုဆိုပါတယ်။ ကျနော်တို့က ကယားပြည်နယ်တစ်ခုလုံးကို ကိုယ်စားပြုထားပါတယ်။”[၂၃]

ယင်းနှစ်ထဲမှာပင် NLD ပါတီဝင်ဟောင်းများကလည်း ကယားလူမျိုးစုဒီမိုကရေစီပါတီ (KUDP) ကို ဖွဲ့စည်းတည် ထောင်ခဲ့သည်။ “ကျနော်တို့က ဒေသခံတိုင်းရင်းသားအခြေပြုပါတီတစ်ခုဖြစ်သလို တိုင်းရင်းသားမျိုးစုံကို ကိုယ်စားပြုထားပါတယ်” ဟု KUDP အတွင်းရေးမှူး (၁) စိုင်းနိုင်နိုင်ထွေးက ပြောဆိုသွားခဲ့သည်။ “၂၀၁၀ ရွေးကောက်ပွဲတုန်းက ဒေသခံပါတီတွေအားလုံး အပိတ်ခံခဲ့ရပြီးတော့ USDP တစ်ပါတီတည်းကပဲ ရွေးကောက်ပွဲတွေကို ဝင်ပြိုင်ခဲ့တယ်။ ကယားပြည်နယ်ထဲမှာ တိုင်းရင်းသားမျိုးနွယ်စုတွေအများရှိနေတဲ့အတွက် NLD နဲ့ လက်တွဲရင် ပိုကောင်းလိမ့်မယ်လို့ ကျနော်တို့ ယူဆခဲ့ကြတာပါ။”[၂၄] သို့သော်လည်း နောက်ပိုင်း၌ နယ်မြေခံအဖွဲ့ဝင်အများအပြားက NLD ၏ ကယားပြည်နယ်အဖွဲ့ကို ဗဟိုဌာနချုပ်ကသာ ကြီးစိုးချယ်လှယ်နေသည်ဟု ရှုမြင်လာခဲ့ကြသည်။ ဤအချက်ကြောင့် ပါတီမှနုတ်ထွက်ခဲ့ကြပြီး KUDP ပါတီသစ်ကို တည်ထောင်ခဲ့ကြခြင်းဖြစ်သည်။ “ကျနော်တို့ NLD နဲ့တစ်နှစ် အလုပ်တွဲလုပ်ခဲ့ပေမယ့် ဗဟိုရဲ့ထိန်းချုပ်မှုကမမျှတသလို ဗဟိုချုပ်ကိုင်မှုအရမ်းများတယ်လို့ ကျနော်တို့ ခံစားမိခဲ့တယ်” ဟု စိုင်းနိုင်နိုင်ထွေးက ပြောဆိုခဲ့သည်။[၂၅] KUDP ၏ ရေရှည်အနာဂတ် ရည်မှန်းချက်သည် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို မြှင့်တင်အားပေးရန်နှင့် အမျိုးသားနိုင်ငံရေးဇာတ်ခုံပေါ်ရှိ တပ်မတော်၏ ဦးဆောင်မှုအခန်းကဏ္ဍကို အဆုံးသတ်ရန်ဖြစ်သည်။ သို့သော်လည်း ကယားပြည်နယ်တွင်းအရေးကိစ္စများနှင့်ပတ်သက်၍လည်းဦးစားပေးစဉ်းစားမှုများရှိခဲ့သည်။ KUDP ၏ အတွင်းရေးမှူး (၂) ဖြစ်သည့် ဦးညွန့်ရွှေက “လူထုအနေနဲ့ တန်းတူညီမျှအခွင့်အရေးမရသလို ဖွံ့ဖြိုးရေးစီမံကိန်းတွေဆီကနေ ဘာအကျိုးကျေးဇူးမှ မခံစားကြရဘူး။ ခံချည်းပဲ ခံနေကြရတာပါ။အခုလည်းအစိုးရကမြစ်ပေါ်မှာရေကာတာဆောက်ဖို့ပြင်ဆင်နေပေမယ့် လူထုကို ဘာမှကြိုအသိပေး အကြောင်းကြားတာမျိုးမရှိဘူး။ လုံးဝကို ပွင့်လင်းမြင်သာမှုမရှိဘူး။ ဒီလိုကိစ္စရပ်မျိုးတွေအတွက် ဒေသနဲ့လိုက်ဖက်မယ့် မူဝါဒတွေ ချမှတ်ဖို့လိုအပ်ပါတယ်” ဟု ပြောဆိုခဲ့သည်။[၂၆]

ဤပါတီသစ်နှစ်ခု ဖွဲ့စည်းတည်ထောင်လိုက်ပြီးသည့်နောက်ပိုင်း ကယားပြည်နယ်အတွင်း ANDP၊ KUDP နှင့် KNP ဟူသည့် တိုင်းရင်းသားအခြေပြုပါတီ သုံးခုရှိလာခဲ့သည်။ ANDP နှင့် KUDP တို့နှင့် ကွာခြားသည့်အချက်မှာ KNP သည် ကယားပြည်နယ်ပြင်ပ၌ လှုပ်ရှားသက်ဝင်နေခြင်းဖြစ်ပြီး အဓိကအားဖြင့် ၂၀၁၀ ရွေးကောက်ပွဲ၌ ကိုယ်စားလှယ်နေရာ (၂) ခု အနိုင်ရရှိခဲ့သည့် ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံနှင့် မိုးဗြဲမြို့နယ်များအတွင်းရှိ ကယန်းလူထုများ နေထိုင်သည့်ဒေသများကို ဗဟိုပြုထားခြင်းဖြစ်သည်။ ထို့အပြင် KNP သည် ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲ၌ ပါဝင်ခဲ့ကြသည့် တိုင်းရင်းသားပါတီများ၏ အဓိကညွန့်ပေါင်းအဖွဲ့ဖြစ်သည့် ညီနောင်တိုင်းရင်းသားပါ တီများဖက်ဒရေးရှင်း (NBF) ဖွဲ့စည်းတည်ထောင်ရာတွင်လည်း ပါဝင်ခဲ့သည်။ သို့သော်လည်း ဖြေရှင်းနိုင်ခြင်း မရှိသေးသည့် ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ တစ်မူထူးသည့် ကယန်း–ကရင်နီအဆင့်အတန်းပေါ် ထင်ဟပ်၍KNPသည် ရှမ်း၊ ကယားနှင့် ကရင်နယ်နိမိတ်တစ်လျှောက်ရှိ ကယန်းလူများစုဒေသများကို တစ်စုတစ်စည်းတည်း ပြန်လည်

ပေါင်းစည်းနိုင်မည့် အလားအလာများအတွက် ဆက်တိုက် စည်းရုံးအရေးဆိုမှုများ ပြုလုပ်လာခဲ့သည်။ တစ်နေ့နေ့၌ ယခုထက်ပို၍ ကျယ်ပြန့်သည့် "ကရင်နီပြည်နယ်" အတွင်း "ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ" တစ်ခုအဖြစ် ထည့်သွင်း ပေါင်းစည်းသွားနိုင်စေရန် ဦးတည်ရည်မှန်းခြင်းဖြစ်သည် (အခန်း ၇ ရှိ "ကယန်းနယ်မြေ ဒေသနှင့် အမျိုးသား လက္ခဏာရပ်" စာကွက်ကို ကြည့်ရှုပါ)။

## ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ

၁၉၉၀ ခုနှစ်ကဲ့သို့ပင် ၂၀၁၅ ခုနှစ် အထွေထွေရွေး ကောက်ပွဲအတွင်း NLD မှ သောင်ပြိုကမ်းပြိုအနိုင်ရရှိခဲ့ သည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တပ်မတော် သည် ဥပဒေပြုလွှတ်တော် ကိုယ်စားလှယ်နေရာ ၂၅% ကို ဆက်လက်ဆုပ်ကိုင်ထားခဲ့သည်။ သို့သော်လည်း ၂၀၁၀ နှင့် ကွာခြားချက်အနေဖြင့် ရွေးကောက်ပွဲသည် ယေဘုယျအား ဖြင့် "လွတ်လပ်၍ တရားမျှတမှု"ရှိခဲ့သည်ဟု သုံးသပ်ယူဆ ရသည်။[၂၇] ရလဒ်အဖြစ် NLD သည် အထက်နှင့် အောက် လွှတ်တော် နှစ်ရပ်စလုံး၌ ကိုယ်စားလှယ်နေရာ အများစုကို ရရှိသွားခဲ့သည်။ သို့သော်လည်း တိုင်းရင်းသားအခြေပြု ပါတီများသည် ၁၉၉၀ ခုနှစ် သို့မဟုတ် ၂၀၁၀ ခုနှစ်ရွေး ကောက်ပွဲများ၌ ၎င်းတို့ဖြတ်သန်းခဲ့ရသည့် ပုံစံအတိုင်း တိုင်းရင်းသားလူမျိုးရေးရာ သံသရာနောက်ခံကို များစွာ ထင်ဟပ်စေသည့် ထူးမခြားနား ရလဒ်မျိုးဖြင့်သာလျှင် အဆုံးသတ်သွားခဲ့သည်။

ကယားပြည်နယ်၌ ကရင်နီအခြေပြု အဖွဲ့အစည်း များ၏ ဖြစ်စဉ်သည်လည်း မဲဆန္ဒနယ်တစ်ခုကိုမျှ အနိုင်ရ ရှိခဲ့ခြင်းမရှိသည့် နယ်ခံနိုင်ငံရေးပါတီများနှင့် များစွာတူညီ ခဲ့သည်။ "ကျနော်တို့ဆီမှာ ကိုယ်စားလှယ်လောင်း ၂၆ ယောက်ရှိခဲ့ပေမယ့် တစ်နေရာမှ အနိုင်မရခဲ့ဘူး" ဟု စိုင်း နိုင်နိုင်ထွေးက ပြောဆိုသွားခဲ့သည်။ "အခုကျတော့ NLD ကအာဏာရအစိုးရဖြစ်နေပြီး ကျနော်တို့က အတိုက်အခံ ပြန်ဖြစ်နေပြီ။"[၂၈] အင်အားကြီးကြောင်း မြင်သာစေသည့် အချက်တစ်ခုအဖြစ် NLD သည် ကယားပြည်နယ်လွှတ် တော်ရှိ အမတ်နေရာ ၁၄ ခု၌ ၁၀ နေရာကို အနိုင်ရရှိခဲ့ သည့်အပြင် ဗမာတိုင်းရင်းသားရေးရာဝန်ကြီးနေရာကိုပါ ရယူသွားခဲ့သည်။ ထို့အပြင် ပါတီသည် အထက်လွှတ်တော် ကိုယ်စားလှယ်နေရာ ၁၂ ခု၌ ၉ နေရာနှင့် အောက်လွှတ် တော်ကိုယ်စားလှယ်နေရာ ၇ ခု၌ ၅ နေရာကိုပါ အနိုင် ရရှိခဲ့သည်။ ဘောလခဲမြို့နယ်ကို ကိုယ်စားပြု၍ အထက် လွှတ်တော်ကိုယ်စားလှယ်နေရာတစ်ခု အနိုင်ရရှိခဲ့သည့် ယခင်အစိုးရဝန်ကြီးဟောင်းဖြစ်သူ တစ်သီးပုဂ္ဂလကိုယ် စားလှယ်လောင်း ဦးစိုးသိန်းမှလွဲ၍ ကျန်ကိုယ်စားလှယ် နေရာများကို USDP က ရရှိသွားခဲ့သည် ("နာမည်ကြီးကိုယ် စားလှယ်လောင်းများ" စာကွက်ကို ကြည့်ရှုပါ)။ ထိုအချိန် က NLD သည် နယ်နိမိတ်ချင်းထိစပ်နေသည့် ဖယ်ခုံမြို့ နယ်၌ ယခင် KNP ပါတီမှ အနိုင်ရခဲ့သည့် အမတ်နေရာ ၂ ခုအပြင် ရှမ်းပြည်နယ်အတွက် လျာထားသည့် ကယန်း တိုင်းရင်းသားရေးရာဝန်ကြီးနေရာကိုပါ ရရှိသွားခဲ့ခြင်းဖြစ် သည်။

ဤကဲ့သို့ ရှုံးနိမ့်ခဲ့ရသည့် ကိစ္စရပ်နှင့် စပ်လျဉ်း၍ တိုင်းရင်းသားခေါင်းဆောင်များက ၎င်းတို့ရင်ဆိုင်ကြုံတွေ့ ခဲ့ရသည့် အခက်အခဲကြီးလေးခုကို ရှင်းလင်းတင်ပြခဲ့ သည်။ ပထမအချက်အနေဖြင့် ရှေ့ယခင်က ပါတီမှတ်ပုံ တင်ရန် ကြိုးပမ်းမှုများကို စစ်အစိုးရအာဏာပိုင်များက နှောင့်နှေးကြန့်ကြာအောင် ဟန့်တားနှောက်ယှက်ခဲ့ကြ သဖြင့် တိုင်းရင်းသားပါတီအများအပြားသည် ၎င်းတို့၏ သက်ဆိုင်ရာ မဲဆန္ဒနယ်များအတွက် အစိမ်းသက်သက် သို့မဟုတ် လုံးဝသိရှိထားခြင်းမရှိခဲ့သည့် ပါတီများဖြစ်နေ သည်။ ဒုတိယအနေဖြင့် နိုင်ငံရေးမဲဆွယ်ရေးအတွက် သတ် မှတ်ထားသည့် နှစ်လတာကာလအတွင်း တစ်နိုင်ငံလုံး၌ ဝင်ရောက်ယှဉ်ပြိုင်သည့် NLD နှင့် USDP ကဲ့သို့သော ပါတီ ကြီးများကသာ ထိထိရောက်ရောက် စည်းရုံးလှုပ်ရှားနိုင်ခဲ့ ကြသည်။ တတိယအနေဖြင့် နယ်ခံနိုင်ငံရေးပါတီများသည် ယေဘုယျအားဖြင့် သေးငယ်၍ အရင်းအမြစ်များနှင့် ကွန် ရက်အထောက်အပံ့များ အလုံအလောက် မရှိခဲ့ကြပေ။[၂၉] "ကျနော်တို့ ရင်ဆိုင်ခဲ့ရတဲ့ ပြဿနာတွေအများကြီးထဲမှာ ပထမအချက်က ရန်ပုံငွေရှာဖွေမှု အားနည်းတာနဲ့ ဒုတိယ အချက်က မှန်ကန်တဲ့ လူသားရင်းမြစ်တွေကို ရှာတွေ့ဖို့ ခဲယဉ်းတာပါ" ဟုစိုင်းနိုင်နိုင်ထွေးက ပြောဆိုခဲ့သည်။ "အခု တော့ကိုယ့်အိတ်ကပ်ထဲက ကိုယ့်ဟာကိုယ်စိုက်သုံးဖို့ပဲ ရှိ တော့တယ်။"[၃၀] စတုတ္ထအချက်အနေဖြင့် သွားရေးလာရေး ခက်ခဲကြမ်းတမ်းလွန်းသည့် ရေမြေအနေအထားသည် နိုင်ငံ ရေးမဲဆွယ်မည့် ကိုယ်စားလှယ်လောင်းအသစ်များ၏ မဲ ဆွယ်စည်းရုံးရေးအတွက် အလွန်စိန်ခေါ်မှုပြင်းထန်ခဲ့သည်။

အဓိကအားဖြင့်ဝေးလံခေါင်ဖျားသည့်အရပ်ဒေသနေလူထု လူတန်းစားများသည် လောလောလတ်လတ် ဖွဲ့စည်းတည် ထောင်ခဲ့ကြသည့် ANDP ကဲ့သို့သော ပါတီသစ်များထက် စာလျှင် ဒေါ်အောင်ဆန်းစုကြည်နှင့် NLD ကိုပို၍ နားယဉ် ကာကြားဖူးနားဝရှိခဲ့ကြသည်။ "ကျနော်ဝင်ပြိုင်မယ့် ဖရူဆို မြို့နယ်က အရမ်းကျယ်ပြန့်သလို တောင်ကုန်းတောင်တန်း တွေအပြည့်ဖြစ်နေပြီး သွားရေးလာရေး အရမ်းခက်ခဲတဲ့ အတွက် ကျနော့အနေနဲ့ ကားတစ်တန် ဆိုင်ကယ်တစ်တန် ခြေကျင်တစ်တန်နဲ့သွားလာဖို့ကြိုးစားခဲ့ရတယ်"ဟုANDP ဒုဥက္ကဋ္ဌ ဦးဆော်လမွန် ရှင်းပြခဲ့သည်။[၂၀]

ဤကဲ့သို့သော အခက်အခဲများအကြား ပါတီအရေ အတွက်များပြားလွန်းခြင်းက မဲဆန္ဒရှင်များ၏ ဆုံးဖြတ် ချက်များကို ဝေဝါးရှုပ်ထွေးသွားစေပြီး နယ်ခံပါတီများ အတွင်း မဲခေါင်းကွဲခြင်းကလည်း တစ်ပူပေါ်နှစ်ပူဆင့်ဆို သလိုရွေးကောက်ပွဲကို ပို၍ရှုပ်ထွေးသွားစေခဲ့သည်။ နယ်ခံ တိုင်းရင်းသားပါတီသုံးခုဖြစ်သည့် ANDP၊ KUDP နှင့် KNP တို့အပြင် ကယားပြည်နယ်ရွေးကောက်ပွဲ၌ အခြားပါတီ ရှစ်ခုလည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။[၂၁] မြန်မာနိုင်ငံ ၏ "တစ်မဲသာသူ အကုန်ယူစနစ်" အောက်ရှိ ဤကဲ့သို့ သောရှုပ်ထွေးမှုသည် တိုင်းရင်းသားပါတီချင်း ပေါင်းစည်း ၍သော်လည်းကောင်း သက်ဆိုင်ရာမဲဆန္ဒနယ်အလိုက် အချင်း ချင်း ဆန့်ကျင်ပြိုင်ဆိုင်မှုမပြုရန် သဘောတူညီချက်ရယူ ထားခြင်းအားဖြင့်သော်လည်းကောင်း နိုင်ငံရေးအရပေါင်း စည်းဆောင်ရွက်၍ ကိုင်တွယ်ဖြေရှင်းသွားရမည့် ကိစ္စရပ် တစ်ခုဖြစ်သည်။

ဤရှုပ်ထွေးမှုကို တုန့်ပြန်သည့်အနေဖြင့် အချို့ သောကယားပြည်နယ်အခြေစိုက် အရပ်ဖက်လူ့အဖွဲ့အစည်း များက ရွေးကောက်ပွဲမတိုင်မီ နိုင်ငံရေးခေါင်းဆောင်များ အတူတကွလက်တွဲ ဆောင်ရွက်သွားမည့် နည်းဗျူဟာကို အသုံးပြုရန် အကြံပြုခဲ့ကြသော်လည်း လက်တွေ့ရုပ်လုံး ပေါ်လာခဲ့ခြင်းမရှိပေ။ "ကျနော်တို့ပြည်နယ်မှာ တိုင်းရင်း သားအခြေပြုပါတီ သုံးခုရှိနေတဲ့အတွက် သူတို့အားလုံး မဟာမိတ်ဖွဲ့ပြီးတော့ ပါတီတစ်ခုတည်းအနေနဲ့ ယှဉ်ပြိုင် ကြတာကို လိုချင်ခဲ့တာပါ" ဟု ကရင်နီပြည်လူငယ်များ သမဂ္ဂအဖွဲ့ဝင် ကျော်ထင်အောင်က ပြောဆိုခဲ့သည်။ "ဒါ ပေမယ့် ကျနော်တို့ အကြံပြုတာကို သူတို့လက်မခံခဲ့တဲ့ အတွက် ဘယ်နေရာမှာမှ အနိုင်မရခဲ့တာပါ။"[၂၂] အလားတူ အရေးကြီးသည့် အချက်တစ်ခုမှာ တိုင်းရင်းသားပါတီ အချင်းချင်းသာ ပြိုင်ဆိုင်ရခြင်းမဟုတ်ဘဲ ကရင်နီအင်အား စုများနှင့် NLD ကဲ့သို့သော ပါတီနှင့်ပါ ယှဉ်ပြိုင်ကြရသဖြင့်



၂၀၁၅ ခုနှစ် ကယားပြည်နယ် မဲဆွယ်စည်းရုံးရေးခရီးစဉ်နှင့် ဒေါ်အောင်ဆန်းစုကြည် (KT)

တိုင်းရင်းသားမဲများ ပြန့်ကျဲကုန်သည့်အချက်ဖြစ်သည်။ KNP[၃၄] အပြင် မိမိတို့၏ ပင်မအဖွဲ့အစည်းအင်အားကို ကယားပြည်နယ်ပြင်ပ၌ တည်ဆောက်ထားသည့် အခြားတိုင်းရင်းသားပါတီများပါ ကိုယ်စားလှယ်နေရာများရရှိခဲ့ကြသည်။ ANDP ၏ ဦးဆောင်လမ္မန်က အောက်ပါအတိုင်း ရှင်းလင်းပြောဆိုသွားခဲ့သည်။

> "ကံမကောင်းစွာဘဲ ကျနော်တို့ NLD ကို ရှုံးခဲ့တဲ့ အတွက်ကျနော်တို့ရဲ့ ကိုယ်စားလှယ်လောင်းတစ်ယောက်မှအရွေးမခံခဲ့ရဘူး။ ဒီမှာ ဌာနေပါတီသုံးခုရှိသလို ရှမ်းပြည်နယ်နဲ့ ကရင်ပြည်နယ်က ပါတီတွေအပြင် USDP၊ NLD နဲ့ NUP ပါတီတွေပါ လာပြိုင်ခဲ့ကြတာပါ။ ဆိုတော့ ဒီမှာဝင်ပြိုင်တဲ့ ပါတီစုစုပေါင်း ၁၁ ပါတီရှိခဲ့တဲ့အတွက် လူထုအကြားရှုပ်ထွေးမှုတွေ အများကြီးဖြစ်ခဲ့ရတယ်။ ဌာနေပါတီတွေ ဒီလောက်သာမများခဲ့ဘူးဆိုရင် အမတ်နေရာတစ်ချို့နိုင်ဖို့ မျှော်လင့်ချက်ရှိခဲ့မှာပါ။"[၃၅]

ဤကဲ့သို့သော ရှင်းလင်းအကြောင်းပြခဲ့သော်လည်း တစ်ဖက်၌ အပြတ်အသတ်ဖြစ်ခဲ့သည့် NLD၏ အောင်နိုင်မှုသဘောသဘာဝက မဲဆန္ဒရှင်ပြည်သူများ၏ ဆုံးဖြတ်ချက်က ၎င်းတို့ထက်များစွာ ပို၍လေးနက်မှုရှိသည့် နိုင်ငံအတွင်း စစ်မှန်သည့်နိုင်ငံရေးပြုပြင်ပြောင်းလဲမှု ဖြစ်ထွန်းလာစေရန် ဆန္ဒပြင်းပြမှုနှင့် NLD ကို ပြည်တွင်းအပြောင်းအလဲပြုလုပ်ပေးနိုင်သည့် အလားအလာအရှိဆုံးပါတီအဖြစ် လက်ခံအသိအမှတ်ပြုခဲ့ကြကြောင်း ပေါ်လွင်ထင်ရှားစေခဲ့သည်။ စစ်အုပ်ချုပ်ရေးအောက်၌ ဆယ်စုနှစ်ပေါင်းများစွာ အဖိနှိပ်ခံခဲ့ကြရပြီးနောက် ဌာနေပါတီငယ်များကို ထောက်ခံအားပေးခြင်းထက် တပ်မတော်ကျောထောက်နောက်ခံပြုထားသည့်ကြံ့ခိုင်ရေးပါတီ (USDP)ကိုတစ်နိုင်ငံလုံးအတိုင်းအတာ ယှဉ်ပြိုင်နိုင်သည့် NLD ကိုရွေးချယ်ခြင်းကအကောင်းဆုံးရွေးချယ်စရာဖြစ်သွားခဲ့ပုံရသည်။ "လူထုအနေနဲ့ တကယ့်အပြောင်းအလဲကို မြင်ချင်ခဲ့ပြီး ဒီလုပ်ငန်းစဉ်ကို NLD ကပဲ ဦးဆောင်နိုင်မယ်လို့ လက်ခံယုံကြည်ခဲ့ကြတာပါ" ဟု KNPP ၏ ဆက်ဆံရေးအရာရှိ ခူရေးရယ်ကပြောဆိုခဲ့သည်။ "ဌာနေပါတီတွေ စည်းလုံးမှုမရှိခဲ့သလို အားကောင်းတဲ့ ကိုယ်စားလှယ်လောင်းတွေလည်း မရှိခဲ့ကြဘူး။"[၃၆]

ကယားပြည်နယ်တွင်းရှိအခြားအဖွဲ့အစည်းကိုယ်စားလှယ်များကလည်း ဤအတိုင်း ရှုမြင်ခဲ့ကြသည်။ ANDP ၏ဦးဆောင်လမ္မန်က "လူထုက တစ်ခုတည်းအဖြစ် စုစည်းပေါင်းစပ်ထားတဲ့ ဌာနေပါတီမျိုးကို လိုချင်ခဲ့ကြတာပါ။ ဒီဒေသမှာ ဒေါ်အောင်ဆန်းစုကြည် အနိုင်ရခဲ့တဲ့ အဓိကအကြောင်းတစ်ခုလည်း ဖြစ်နေတယ်။ ကယားပြည်နယ်ကို လာပြီးတော့ ကျနော်တို့အတွက် ဘာမှချန်မထားဘဲ အကုန်သိမ်းကျုံးယူသွားခဲ့တာပါ။ ကျနော်တို့အနေနဲ့ ပြန်ပြီး အားသစ်လောင်းဖို့ လိုအပ်နေပြီ" ဟု ပြောဆိုသွားခဲ့သည်။[၃၇] UKSY ၏ လူငယ်တက်ကြွလှုပ်ရှားသူတစ်ဦးဖြစ်သည့် ကျော်ထင်အောင်က မဲဆန္ဒရှင်ပြည်သူများ၏ ရွေးချယ်မှုနောက်ကွယ်မှ မဟာဗျူဟာကျသည့် စဉ်းစားတွေးခေါ်မှုပုံစံကို အောက်ပါအတိုင်း အတည်ပြုသွားခဲ့သည်။ "လူထုအမြင်မှာ ဒီမိုကရေစီအပြောင်းအလဲကို အရင်ရအောင်လုပ်ဖို့လိုအပ်နေပြီး နောက်ပိုင်းကျမှ ဒီမိုကရေစီကနေဖက်ဒရယ်ဆီကို တက်လှမ်းသွားသင့်တယ်လို့ ယူဆထားကြတယ်။ အဲဒီတုန်းက လူထုအနေနဲ့ ဘုံရန်သူကိုဘဲ အဓိကထားစဉ်းစားခဲ့ပြီး အားလုံးအတူတူ ဝိုင်းဝန်းတိုက်ပွဲဝင်မှဘဲ အားကောင်းနိုင်မယ်လို့ စဉ်းစားခဲ့ကြတယ်။ ဆိုတော့ ဒါတွေက ၂၀၁၅ခုနှစ် ရွေးကောက်တုန်းက ကယားပြည်နယ်လူထုစဉ်းစားတွေးခေါ်ခဲ့တဲ့ ပုံစံလို့ ပြောလို့ရပါတယ်။"[၃၈] အထူးသဖြင့် NLD ကို ရွေးချယ်မဲပေးခဲ့ခြင်းသည် အမျိုးသားနိုင်ငံရေး ဇာတ်ခုံပေါ်၌ ဝင်ရောက်နေရာယူထားသည့် တပ်မတော်၏ စွက်ဖက်မှုကို ဆန့်ကျင်သည့်အနေဖြင့် ပေးခဲ့ကြခြင်းဖြစ်သည်။ "တပ်မတော်ကို လူတွေဘယ်လောက်တောင် မုန်းနေကြသလဲဆိုတာကို ဆန္ဒမဲတွေက သက်သေပြခဲ့တာပါ" ဟု အပစ်အခတ်ရပ်စဲထားသည့် ကယန်းပြည်သစ်ပါတီအဖွဲ့ဝင် ဦးစိုးနိုင်က ပြောဆိုသွားခဲ့သည်။[၃၉]

အလားတူပင် NLD ၏ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေး လုပ်ငန်းများကလည်း နေရာတကျ အစီအစဉ်အတိုင်းဖြစ်ခဲ့ပြီး ဒီမိုကရေစီအပြောင်းအလဲကို တောင်းဆိုခဲ့သည့် ပါတီ၏ သတင်းစကားက မဲဆန္ဒရှင်အများအပြားကိုစည်းရုံးနိုင်စေခဲ့သည်။ နိုင်ငံအနှံ့ လိုက်လံဟောပြောခဲ့သည့် ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်းများ၌ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြုပြင်ပြောင်းလဲ၍ တိုင်းရင်းသားများနှင့် ပြန်လည်သင့်မြတ်စေမည့် ငြိမ်းချမ်းရေးလုပ်ငန်းကိုဦးစားပေးနေရာထားကာ အကောင်အထည်ဖော်သွား

မည်ဖြစ်ကြောင်းနှင့် NLD အနိုင်ရခဲ့ပါက "ဒုတိယ ပင်လုံညီလာခံ" ကို ခေါ်ယူကျင်းပသွားမည်ဟု ကတိပြုခဲ့သည်။[၉၀] ဤအချက်က ပြည်တွင်းပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကိုမည်ကဲ့သို့ ဖော်ဆောင်သွားမည်ဖြစ်ကြောင်း ရည်မှန်းထားခြင်းမရှိသည့် ဌာနေပါတီများနှင့် ပြဒါးတစ်လမ်းသံတစ်လမ်းဖြစ်ခဲ့သည်ဟုလူထုအများအပြားယူဆခဲ့ကြခြင်းဖြစ်သည်။ ငြိမ်းဖောင်ဒေးရှင်း၏ ခူးပလုရယ်က "ဌာနေကိုယ်စားလှယ်လောင်းတွေရဲ့ မဲဆွယ်စည်းရုံးရေး ခရီးစဉ်တိုင်းလိုလိုမှာ ပညာရေးနဲ့ အခြေခံအဆောက်အအုံတွေဖွံ့ဖြိုးတိုးတက်လာအောင် ဘာလုပ်မယ် ညာလုပ်မယ်ဆိုပြီးတော့ ပြောဆိုခဲ့ကြပေမယ့် လူထုကြားချင်တာက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ ကျနော်တို့ပြည်နယ်ရဲ့ အနာဂတ်အပါအဝင် ဘယ်သူသမ္မတဖြစ်လာမယ်ဆိုတဲ့ သူတို့ရဲ့ အနာဂတ်ရည်မှန်းချက်မျိုး ဖြစ်နေတယ်" ဟု ပြောဆိုသွားခဲ့သည်။[၉၁]

ကယားပြည်နယ်၌ NLD ၏ မဲဆွယ်စည်းရုံးရေးနည်းဗျူဟာများက အလွန်ထိရောက်မှုရှိကြောင်း မြင်သာထင်ရှားခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်သည် ၂၀၁၅ ခုနှစ်စက်တင်ဘာလအစောပိုင်း၌ ကယားပြည်နယ်တွင်း လွိုင်ကော်၊ ဒီမော့ဆို၊ ဖရူဆို၊ ဖားဆောင်းနှင့် ဘောလခဲမြို့နယ်များသို့ သွားရောက်ခဲ့သည့် မဲဆွယ်စည်းရုံးရေး ခရီးစဉ်များကို ကိုယ်တိုင်ဦးစီးခေါင်းဆောင်ခဲ့သည်။ "နိုင်ငံဖွံ့ဖြိုးရေးအတွက် ကျမတို့အားလုံး အတူလက်တွဲကြဖို့ လိုအပ်ပါတယ်။ ဒီမိုကရေစီက လူထုကို ဘေးကင်းလုံခြုံမှုနဲ့ လွတ်လပ်မှုတွေပေးတယ်လို့ ကျမတို့ လက်ခံယုံကြည်ထားပါတယ်" ဟု ဒီမော့ဆိုမြို့နယ် လူထုစည်းရုံးရေးခရီးစဉ်အတွင်း ပြောဆိုသွားခဲ့သည်။ "အပစ်အခတ်ရပ်စဲရေးက ငြိမ်းချမ်းရေးရဲ့ ခရီးအစဖြစ်တယ်။ ကျမတို့အနေနဲ့ NCA ကို တိုင်းရင်းသားအင်အားစုတွေအားလုံး လက်ခံတဲ့အထိ ခိုင်မာအောင်လုပ်နိုင်ခဲ့မယ်ဆိုရင် ငြိမ်းချမ်းရေး တံခါးပွင့်ပြီလို့ ပြောလို့ရပါတယ်။"[၉၂] နောက်တစ်ရက် ဘောလခဲခရီးစဉ်၌ "နိုင်ငံသူနိုင်ငံသားတွေ အကြောက်တရားနဲ့ ရှင်သန်နေရတဲ့တိုင်းပြည်မှာ ဘယ်တော့မှ တည်ငြိမ်အေးချမ်းမှုရှိလာမှာမဟုတ်ဘူး။ နိုင်ငံသူနိုင်ငံသားတွေ ဆင်းရဲတွင်းနက်နေတဲ့ တိုင်းပြည်တစ်ခုဟာ ဘယ်တော့မှ ငြိမ်းချမ်းမှာမဟုတ်ပါဘူး။ ဒါကြောင့် နိုဝင်ဘာလ ၈ ရက်နေ့မှာ မြန်မာနိုင်ငံရဲ့ အနာဂတ်ကို ထည့်သွင်းစဉ်းစားပြီးမှ မဲထည့်ကြပါ" ဟုဆက်လက်ပြောဆိုခဲ့သည်။[၉၃] ဤကဲ့သို့သော ပြောဆိုချက်များက တပ်မတော်၏ ထိန်းချုပ်မှုအောက်၌ ကာလရှည်နေခဲ့ရပြီး ပဋိပက္ခဒဏ်ကြောင့် တစ်စစီဖြစ်နေသည့် ဒေသမျိုး၌ နေထိုင်ကြရသည့် နယ်ခံလူထုလူတန်းစားများအတွက် အလွန်ရဲရင့်သည့် စကားလုံးများဖြစ်လာခဲ့သည်။ NLD အနေဖြင့် ဒေါ်အောင်ဆန်းစုကြည်၏ နှုတ်မှ "၁၀၀ ရာခိုင်နှုန်း" သောဆန္ဒမဲများဟု ပြောဆိုရန် အလိုရှိခဲ့သည်။[၉၄]

ဒေါ်အောင်ဆန်းစုကြည် သွားရောက်ခဲ့သည့် ခရီးစဉ်၏အချိန်အခါသည်လည်း ၎င်း၏ပါတီ အနိုင်ရစေရန်များစွာ အထောက်အကူဖြစ်စေခဲ့သည်။ ငြိမ်းဖောင်ဒေးရှင်းမှ ခူးပလုရယ်က "သူကိုယ်တိုင် ကိုယ်ထင်လာပြတာကရွေးကောက်ပွဲနိုင်ဖို့ အထိရောက်ဆုံး နည်းလမ်းတစ်ခုဖြစ်ခဲ့တယ်" ဟု ပြောဆိုသွားခဲ့သည်။ "သူလာတဲ့အချိန်က လူထုအကြား တိုင်းရင်းသားအခြေပြု ပါတီတွေဖြစ်တဲ့ KUDP၊ ANDP၊ KNP၊ လီဆူးပါတီ၊[၉၅] ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (SNLD)၊ ကရင်ပြည်သူ့ပါတီ (KPP)၊ NUP၊ USDPနဲ့ NLD ကိုယ်စားလှယ်လောင်းတွေအကြား လူထုအနေနဲ့ ရွေးရခက်ဖြစ်နေတဲ့ အချိန်ဖြစ်တယ်။"[၉၆] "ဒေါ်အောင်ဆန်းစုကြည်က 'ကိုယ်စားလှယ်လောင်းတွေကိုမကြည့်ဘဲ ပါတီကိုပဲကြည့်ပြီး မဲပေးကြပါ' ဟု ပြောဆိုသွားခဲ့ကြောင်း" ကယန်းအမျိုးသားညီညွတ်ရေး ဦးဆောင်ကော်မတီ (HCKNU) အဖွဲ့ဝင် ဆမ်မြူရယ်ခွန်ရှာမူအေးလှကမှတ်ချက်ပေးခဲ့သည်။ "ဒါက အရမ်းကို လွှမ်းမိုးနိုင်စွမ်းအားကြီးတဲ့အတွက် သူတို့ဖက်က သောင်ပြိုကမ်းပြိုအနိုင်ရခဲ့တာပါ။"[၉၇] KNPP ကိုယ်စားလှယ်များကလည်း ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် လာရောက်ကိုယ်ထင်ပြခြင်းကအဆုံးအဖြတ်ပေးသွားသည်ဟု လက်ခံယုံကြည်ခဲ့ကြသည်။ "NLD အသုံးပြုခဲ့တဲ့ 'ပြောင်းလဲချိန်တန်ပြီ' ဆိုတဲ့ ဆောင်ပုဒ်က လူထုအတွက် အရမ်းကိုထိရောက်မှုအားကြီးတဲ့စကားလုံးတွေ ဖြစ်သွားခဲ့တယ်" ဟု KNPP ၏ ပြောရေးဆိုခွင့်ရသူ ခူညေးရယ်က ပြောဆိုခဲ့သည်။ "ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်လာပြီးတော့ နယ်ခံလူထုလူတန်းစားတွေကို ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်ပြီး NLD ကို မဲပေးကြဖို့ စည်းရုံးသွားခဲ့တယ်။"[၉၈]

NLD ၏ အောင်မြင်မှုကို ကျားကန်ပေးခဲ့သည့် နောက်ထပ်အကြောင်းရင်းတစ်ခုမှာ ပါတီအတွက် ကိုယ်စားလှယ်လောင်းများအဖြစ် ဝင်ရောက်အရွေးခံခဲ့ကြသည့်

နယ်ခံတိုင်းရင်းသား ကိုယ်စားလှယ်များ၏ အရေးအတွက် ဖြစ်သည်။ ဤအချက်က ဒေသန္တရအဆင့်နှင့် နိုင်ငံတော်အဆင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အားသွန်ခွန်စိုက်ကြိုးပမ်းဖော်ဆောင်သွားမည်ဟူသည့် ပါတီ၏ ကတိကဝတ်ကို ထပ်လောင်းခိုင်မာစေခဲ့ပြီး တိုင်းရင်းသား မျိုးနွယ်စုနှင့် ပါတီအမျိုးမျိုးကွဲနေကြသည့် နယ်မြေဒေသ၌ NLD အတွက် ပေါင်းစည်းရေးပုံရိပ်မျိုးကို ရရှိသွားစေခဲ့သည်။ နယ်ခံ NGO ဝန်ထမ်းတစ်ဦးက "NLD အတွက် ဝင်အရွေးခံခဲ့သူ အများအပြားက ဒီဒေသကလူတွေဖြစ်နေကြတယ်။ ဒါကလည်း NLDကို အနိုင်ရစေတဲ့ နောက်ထပ်အကြောင်းရင်းတစ်ခုဖြစ်ခဲ့တယ်။ ဒီမှာက ဘာသာစကားမျိုးစုံဖြစ်နေတော့ ဘုံဆိုင်ဖြစ်စေမည့် အကြောင်းအရာကို ရှာဖွေရတာကအရမ်းကိုစိန်ခေါ်မှုကြီးမားပါတယ်။ကျနော်တို့အတွက် တစ်ပြည်နယ်လုံးကို ကိုယ်စားပြုပြီး မဲပေးလို့ရမယ့် ဌာနေပါတီမျိုး တစ်ခုမှမရှိခဲ့ဘူး" ဟု သီးသန့်မှတ်ချက်ပေးခဲ့သည်။[၄၉] ရှမ်းပြည်နယ်၌ NLD အတွက် ကယန်းတိုင်းရင်းသားရေးရာဝန်ကြီး နေရာကို အနိုင်ယူပေးခဲ့သည့် ဦးခွန်းမောင်အေးကလည်း ဒေသခံကိုယ်စားလှယ်လောင်းများကို ရွေးချယ်အသုံးပြုရန် မည်မျှအရေးကြီးကြောင်း ယခုကဲ့သို့ အတည်ပြုပြောဆိုသွားခဲ့သည်။

> "NLD က ကျနော်တို့ကြောင့် အနိုင်ရခဲ့တာပါ။ ဒီဒေသက NLD ထောက်ခံသူအများအပြားက ကယန်းတိုင်းရင်းသားတွေပါ။ ရွေးကောက်ပွဲအတွင်းမှာ လူထုအနေနဲ့ USDP ထက်စာရင် NLD အာဏာရအောင် လုပ်ပေးတာက ပိုကောင်းလိမ့်မယ်လို့ လက်ခံယုံကြည်ခဲ့ကြတယ်။ ကျနော်တို့ဒေသမှာ NLD သာ မဟုတ်ခဲ့ဘူးဆိုရင် တရားမျှတမှုနဲ့ တည်ငြိမ်တဲ့အစိုးရမျိုးရှိလာမှာမဟုတ်သလို ပြည်သူ့အာဏာလည်း အသက်ဝင်လာနိုင်မှာမဟုတ်ဘဲ ဒေသတစ်ခုလုံးကို လက်နက်ကိုင်အင်အားစုတွေကပဲ ထိန်းချုပ်သွားပါလိမ့်မယ်။ လက်ထဲမှာ သေနတ်ရှိနေရင် အာဏာရှိနေမယ်။ အခု NLD နိုင်သွားပြီဖြစ်တဲ့အတွက် ဒုတိယဦးစားပေးနေရာမှာရှိတဲ့ လက်နက်ကိုင်ပဋိပက္ခကို ကိုင်တွယ်ဖြေရှင်းပြီး လူ့အခွင့်အရေးနဲ့ တရားဥပဒေစိုးမိုးရေးက ပထမဦးစားပေး ဖြစ်လာတော့မယ်။ လူထုအနေနဲ့လည်း ဒါကို ငြိမ်းချမ်းတဲ့နည်းလမ်းနဲ့ ပြဿနာတွေကို ဖြေရှင်းတဲ့နည်းလမ်းဖြစ်တယ်လို့ လက်ခံယုံကြည်ထားတယ်။"[၅၀]

သို့သော်လည်း မဲဆန္ဒရှင်ပြည်သူ အားလုံးလိုလိုက NLD သည် ကယားပြည်နယ်အကျိုးစီးပွားကို အကောင်းဆုံးကိုယ်စားပြုနိုင်သည့် ပါတီဖြစ်သည်ဟူသည့်အချက်ကိုသဘောတူလက်ခံခဲ့ကြသည်တော့ မဟုတ်ပေ။ "NLD ကသူတို့ရဲ့ ကိုယ်စားလှယ်လောင်းတွေကို ပြည်နယ်အခြေစိုက်ထဲကပဲ ရွေးချယ်သွားခဲ့တယ်ဆိုပေမယ့် သူတို့ရဲ့ပါတီကဗဟိုချုပ်ကိုင်မှု အရမ်းများတာကတော့ ကျနော်တို့တိုင်းရင်းသားတွေအတွက် မကောင်းဘူး" ဟု UKSY မှ ကျော်ထင်အောင် ပြောဆိုသွားခဲ့သည်။ "အမျိုးသားအဆင့်အတွက် NLD က အိုကေတယ်ဆိုပေမယ့် ဒေသန္တရအဆင့်မှာတော့ အဆင်မပြေဘူး။"[၅၁] KNP ဥက္ကဋ္ဌခွန်းဘီထူးကလည်း NLD အနေဖြင့် ဗမာမဟုတ်သည့် တိုင်းရင်းသားများကို ထိထိရောက်ရောက် ကိုယ်စားပြုနိုင်ခြင်းရှိမရှိ မေးခွန်းထုတ်ခဲ့သည်။ "ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးကာလမှာ NLD က ပြည်နယ်အဆင့်မှာလည်း သူတို့လုပ်နိုင်တာတွေ အများကြီးရှိနေတဲ့အတွက် ကယန်းပါတီတစ်ခုရှိစရာမလိုဘူးလို့ ပြောသွားခဲ့တယ်။ သူတို့ဖက်က ဒါမျိုးတွေကိုမပြောသင့်ဘူး။ ဆိုတော့ ကျနော့အမြင် ကယန်းနဲ့တိုင်းရင်းသားအားလုံးကို သူတို့ ကိုယ်စားပြုနိုင်မယ်လို့ မထင်ဘူး။"[၅၂]

NLD ၏ ပြည်နယ်အပေါ် ကိုယ်စားပြုနိုင်စွမ်းနှင့် ပတ်သက်၍အများအပြားမေးခွန်းထုတ်ခဲ့ကြပြီး များမကြာမီ ၂၀၁၇ ခုနှစ်၌ ခေါ်ယူကျင်းပခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲအတွင်း ဤကိစ္စရပ် ပွင့်ထွက်သွားခဲ့သည် (အောက်တွင်ဆက်လက်ကြည့်ရှုပါ)။ သို့သော်လည်း ကရင်နီပါတီများကိုယ်တိုင်က ၎င်းတို့အကြား မည်ကဲ့သို့သော နိုင်ငံရေးအကြောင်းပြချက်ကို ပေးနေသည်ဖြစ်စေ ၂၀၁၅ ရွေးကောက်ပွဲအတွင်း အလဲလဲအကွဲကွဲ ရှုံးနိမ့်ခဲ့ရသည့် အကြောင်းရင်းသည်ကယားပြည်နယ်၏ နိုင်ငံရေးဇာတ်ခုံ၌ နက်ရှိုင်းစွာအမြစ်တွယ်လာခဲ့သည့် ခွဲထွက်ရေးဝါဒကြောင့်ဖြစ်ကြောင်း အနည်းအကျဉ်းခန့်သာ သံသယရှိခဲ့ကြသည်။ "ကျနော်တို့ကယားတိုင်းရင်းသားအုပ်စုမှာ ခွဲထွက်တတ်တဲ့ သမိုင်းကြောင်းနောက်ခံ အရှည်ကြီးရှိခဲ့တယ်" ဟု ရောဝတီမဂ္ဂဇင်း၏ တွေ့ဆုံမေးမြန်းခန်းတစ်ခု၌ ANDP ပါတီ ဒုဥက္ကဋ္ဌ ဦးဆော်လမွန် ဖြေဆိုထားသည်။[၅၃] "နယ်ခံလူထုလူတန်းစားတွေက နိုင်ငံရေးပါတီတွေအားလုံး ပါတီတစ်ခုတည်းအဖြစ် ပေါင်းစည်းသွားဖို့ မျှော်လင့်တောင့်တနေကြတယ်" ဟု KNPLF လူငယ်အဖွဲ့မှ ပီတာဂါသူးအီ ပြောဆိုသွား

## နာမည်ကြီးသည့် အထင်ကရကိုယ်စားလှယ်လောင်းများ

ကယားပြည်နယ်၏ ပုံမှန်ထက်ထူးသည့် နိုင်ငံရေးအခင်းအကျင်းက နာမည်ကြီးသည့် အထင်ကရကိုယ်စားလှယ်လောင်းအများအပြားကို ပြင်ပမှ ဆွဲငင်ခေါ်သွင်းလာခဲ့သည်။ အထူးသဖြင့် အငြိမ်းစားရေတပ်ဗိုလ်ချုပ်ဟောင်းဦးစိုးသိန်းနှင့် အငြိမ်းစားဗိုလ်ချုပ်ဦးအောင်မင်းတို့ အထင်ရှားဆုံးဖြစ်ခဲ့သည်။ နှစ်ဦးစလုံးသည် နအဖနှင့်ဦးသိန်းစိန်အစိုးရလက်ထက်၌ ဝန်ကြီးများဖြစ်ခဲ့ကြပြီး ဦးသိန်းစိန်၏ ငြိမ်းချမ်းရေးအစီအစဉ်တွင်လည်း အစိုးရဖက်က စေ့စပ်ညှိနှိုင်းရေးသမားများ ဖြစ်ခဲ့ကြသည်။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲ၌ ၎င်းတို့နှစ်ဦးသည် ဘောလခဲနှင့် ရှားတောမြို့နယ်များ၌ အသီးသီးဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ဤမြို့နယ်နှစ်ခုသည် နိုင်ငံအတွင်း အသေးဆုံးမဲဆန္ဒနယ်များ ဖြစ်ကြသော်လည်း တပ်မတော်သားဦးရေ အစုလိုက်အပြုံလိုက် စုဝေးထားသည့် တပ်စခန်းများဖြင့် ပြည့်နှက်နေသည့်ဒေသများဖြစ်သည်။ နယ်ခံကိုယ်စားလှယ်လောင်းများထက်စာလျှင် ၎င်းတို့သည် မကုန်မခမ်းနိုင်သည့် ရန်ပုံငွေအထောက်အပံ့များကို လက်လှမ်းမီနိုင်ကြသူများဖြစ်သည်ဟု ယူဆရသည်။ ပြည်နယ်တွင်း မီဒီယာသတင်းတစ်ခုမှာ “ဘောလခဲနဲ့ ရှားတောက တပ်မတော်ထိန်းချုပ်ထားတဲ့ ဒေသတွေဖြစ်နေတယ်။ ဒီနယ်မြေဒေသတွေမှာ ရွေးကောက်ပွဲဝင်ပြိုင်တဲ့ သူတွေအတွက် ပျမ်းမျှဆန္ဒမဲ ၁၅၀၀ ဝန်းကျင်ရရုံနဲ့ကို နိုင်ဖို့သေချာသွားပြီ။ ဒါကြောင့်လည်း နိုင်ငံရေးပါတီတိုင်းအတွက် ကယားပြည်နယ်က အရမ်းဆွဲဆောင်မှုရှိနေတာပါ” ဟု ဖော်ပြထားသည်။[၅၉] ယခုကဲ့သို့ တစ်ဖက်စောင်းနင်းဖြစ်နေခဲ့သဖြင့် ကယားပြည်နယ်မဲဆန္ဒနယ်အားလုံး၌ ဝင်ရောက်ယှဉ်ပြိုင်သွားမည့် ANDP ခေါင်းဆောင်များက ဘောလခဲကို ချန်လှပ်ထားရန်ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်သည်။ “အဲဒီမှာ တပ်မတော်တပ်ရင်းကြီး သုံးခုတောင်အခြေစိုက်ထားတဲ့အတွက် သွားပြိုင်ရင်လည်းဘာမှ အကျိုးမရှိဘူး” ဟု ဦးဆော်လမွန်က သုံးသပ်ပြောဆိုခဲ့သည်။[၆၀]

ရွေးကောက်ပွဲမတိုင်မီ အံ့ဩသင့်စရာ အလှည့်အပြောင်းတစ်ခုအဖြစ် ကြံ့ခိုင်ရေးပါတီဥက္ကဋ္ဌ သူရရွှေမန်းသည် ဦးစိုးသိန်းကိုရော ဦးအောင်မင်းကိုပါ ပါတီကိုယ်စားလှယ်လောင်းများအဖြစ် ဝင်ရောက်ယှဉ်ပြိုင်သွားရန် ခွင့်မပြုတော့ပေ။ ထို့ကြောင့် ၎င်းတို့နှစ်ဦးစလုံး တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများအဖြစ်သာ ဝင်ရောက်အရွေးခံခဲ့ကြခြင်းဖြစ်သည်။ နောက်ဆုံးမှတ်ပုံတင်ရမည့် အချိန်မတိုင်မီ ရက်အနည်းငယ်အလို၌ သူရဦးရွှေမန်းသည်ပါတီဥက္ကဋ္ဌရာထူးမှ မိမိသဘောဖြင့် နုတ်ထွက်သွားခဲ့သည်။ သို့သော်လည်း ကြံ့ခိုင်ရေးပါတီသည် မိမိတို့၏ ကိုယ်စားလှယ်လောင်းများစာရင်းကိုပြန်လည်ပြင်ဆင်မှုမပြုလုပ်ခဲ့ပေ။ ဤသို့ဆိုပါကဦးစိုးသိန်းနှင့်ဦးအောင်မင်းတို့နှစ်ဦးစလုံးသည် ကြံ့ခိုင်ရေးပါတီမှ မိတ်ဟောင်းဆွေဟောင်းများနှင့်အပြိုင် ဝင်ရောက်အရွေးခံရတော့မည်ဖြစ်သည်။[၆၁]

ရွေးကောက်ပွဲမတိုင်မီ လက်တစ်လုံးအလို၌ ဦးစိုးသိန်းနှင့် ဦးအောင်မင်းတို့နှစ်ဦးစလုံး မဲဝယ်ယူခဲ့သည့် အပြင်ရွေးကောက်ပွဲဥပဒေများကို ဖောက်ဖျက်ကျူးလွန်ခဲ့သည်ဟု စွပ်စွဲခံခဲ့ရသည်။ KUDP အဖွဲ့ဝင်တစ်ဦး၏ ပြောဆိုချက်အရ ဦးစိုးသိန်းသည် ဒေသတွင်း ဘောလုံးပြိုင်ပွဲများအတွက် ငွေကြေးအကုန်အကျခံခဲ့သလို ၎င်း၏ မဲဆန္ဒနယ်အတွင်း ဂြိုလ်တုစလောင်းများကို အလကားဖြန့်ဝေပေးခဲ့သည်ဟု သိရှိခဲ့ရသည်။ ANDP အဖွဲ့ဝင်တစ်ဦးကလည်း ဦးအောင်မင်းသည် ကျေးရွာသက်ကြီးဝါကြီးများကို ငွေကြေးထောက်ပံ့ပေးခဲ့ပြီး ရွေးကောက်ပွဲမဲဆွယ် စည်းရုံးရေးပစ္စည်းများနှင့်အတူ ဆန်များဖြန့်ဝေပေးခဲ့သည်ဟု စွပ်စွဲပြောဆိုခဲ့သည်။[၆၂] အလားတူ တိုင်ကြားမှုများကို အခြားဒေသတွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများကလည်း ပြုလုပ်ခဲ့ကြသည်။[၆၃] ရလဒ်အနေဖြင့် UKSY အဖွဲ့ဝင်တစ်ဦးက ယခုမဲဆန္ဒနယ်များအတွင်း ကျင်းပသွားမည့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို အထူးစောင့်ကြည့်စစ်ဆေးပေးရန် တောင်းဆိုခဲ့ကြသည်။ “ဒီဝန်ကြီးတွေက မဲဆန္ဒရှင်ပြည်သူတွေကို စည်းရုံးဖို့အတွက် ငွေတွေကို ပုံအောသုံးခဲ့ကြတာပါ။”[၆၄]

ဦးစိုးသိန်းသည် ငွေအောတိုက်သုံးခဲ့သည့် မဲဆွယ်စည်းရုံးရေးအပြီး၌ ဘောလခဲမြို့နယ်ကိုယ်စားပြု အမျိုးသား လွှတ်တော်အမတ်နေရာတစ်ခုကို သက်သက်သာသာပင် အနိုင်ရရှိသွားခဲ့သည်။ သို့သော်လည်း ၎င်း၏ လုပ်ဖော်ကိုင်ဖက် ဦးအောင်မင်းမှာမူ KNPP အပါအဝင် အခြားတိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် အစိုးရကြား ဦးဆောင်စေ့စပ်ညှိနှိုင်းပေးခဲ့လင့်ကစား ၎င်းကိုဆန့်ကျင်၍ NLD ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင် ခဲ့သည့် နယ်ခံကရင်နီ အရပ်ဖက်လူ့အဖွဲ့အစည်းခေါင်းဆောင်တစ်ဦးအပေါ် အောင်ပန်းဆင်နိုင်ခြင်း မရှိခဲ့ပေ။ “ဒီနေရာမှာအနိုင်ရဖို့လွယ်လောက်တယ်လို့ယူဆပြီးလာပြိုင်ခဲ့တာပါ”ဟုသတင်းထောက်တစ်ဦးကိုဦးအောင်မင်း ဝန်ခံပြောဆိုခဲ့သည်။ “ဒါပေမယ့် ကျနော့်ရဲ့အကြီးဆုံး ပြဿနာက ကျနော်ပြောနေတာကို မဲဆန္ဒရှင်ပြည်သူတွေ နားမလည်ခဲ့ကြတာပါပဲ။”[၆၅] ဦးအောင်မင်းသည် မဲဆွယ်စည်းရုံးရေး နည်းဗျူဟာနှင့် အဖက်ဖက်က တစ်ပန်း သာနေခဲ့သည်မှန်သော်လည်း နောက်ဆုံးရလဒ်၌ ဒေသတစ်လွှား UKSY တည်ထောင်သူတစ်ဦးအဖြစ် နာမည် ဂုဏ်သတင်းကြီးမားသည့်ဦးအောင်ကျော်စိုးကသာအနိုင်ယူသွားနိုင်ခဲ့သည်(“လူသန်ကြီးဂေါလိယက်နှင့်ဒေးဗစ်” ဟူသည့် စာကွက်ကိုကြည့်ပါ)။

ခဲ့သည်။ “ဒီမှာရှိတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ အစည်းတွေအားလုံးလည်း အလားတူ ပေါင်းလိုက်သင့် တယ်။ လက်နက်ကိုင်အဖွဲ့တွေ ကွဲပြဲနေကြသလို အခု လည်းနိုင်ငံရေးပါတီတွေ ကွဲပြဲလာကြပြန်ပြီမို့ လူထုဖက် ကတော်တော့်ကို စိတ်ကုန်စိတ်ပျက်နေကြပြီ။”[၅၄]

NLDကို ပို၍လိုလားကြသည့် တိုင်းရင်းသားလက် နက်ကိုင်တပ်ဖွဲ့ အများအပြားနှင့်အတူ ခွဲထွက်ရေးဝါဒ သည် နိုင်ငံရေးမဲဆွယ်စည်းရုံးရေးဆင်းသည့် အောက်ခြေ မြေပြင်အထိပါ ရိုက်ခတ်သွားခဲ့သည်။ အရာရှိများကလည်း မိမိတို့၏ စကားလုံးများကို သတိကြီးကြီးထား၍ ပြောဆို သုံးနှုန်းခဲ့ကြသည်။ နယ်ခံနိုင်ငံရေးသမားတစ်ဦးက “KNPP အပါအဝင် အဖွဲ့တွေအတော်များများ တားမြစ်ပိတ်ပင်မှု တွေလုပ်လာခဲ့ကြတယ်။ သူတို့အတော်များများက NLD ဖက်ကို သိသိသာသာ မျက်နှာသာပေးခဲ့ပြီးတော့ ဒီနယ် မြေနဲ့ တစ်ခြားကျေးလက်ဒေသ တော်တော်များများမှာ KNPP နဲ့ တစ်ခြားခွဲထွက်အဖွဲ့တွေက NLD ကို မဲပေးကြဖို့ ပြောဆိုညွှန်ကြားခဲ့ကြတယ်”[၅၅]ဟုပြောဆိုခဲ့သည်။ ကရင်နီ အမျိုးသား ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီ (KNPDP) ၏ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်တစ်ဦးက ၎င်း၏အဖွဲ့အစည်းသည် လည်း NLD ကို ထောက်ခံအားပေးခဲ့ကြောင်း နောက်ကွယ် ၌ဝန်ခံပြောဆိုသွားခဲ့သည်။ “ဒီမှာနိုင်ငံရေးပါတီတွေအရမ်း များတဲ့အတွက်အခြေအနေကခုချိန်ထိရှုပ်ထွေးနေတုန်းပဲ။ ကျနော်ကတော့ ဒါက အစိုးရရဲ့ ဗျူဟာတစ်ခုဖြစ်လိမ့်မယ် လို့ထင်မိတယ်။ NLD ကို ရွေးချယ်မဲပေးကြဖို့ လူထုကို ကျနော်တို့ပဲ တိုက်တွန်းပြောဆိုပေးခဲ့တာပါ။ စစ်အစိုးရရဲ့ အာဏာကို လျှော့ချကန့်သတ်နိုင်ဖို့ ဒီတစ်နည်းပဲရှိတော့ တာပါ။”[၅၆]

ရှားတောမြို့နယ်တွင်း ဆန္ဒမဲပေးမှုသည် အငြင်း ပွားဖွယ်ရာအကောင်းဆုံးဟု ဆိုရမည်ထင်သည်။ မဲဆန္ဒ နယ်၏ ကိုယ်စားလှယ်နေရာနှစ်ခုအနက် တစ်ခုအတွက် ဦးသိန်းစိန်အစိုးရ၏ အဆင့်မြင့်အရာရှိကြီးတစ်ဦးက တပ် မတော်၏ ကြီးစိုးလွှမ်းမိုးမှုကို အခွင့်ကောင်းယူ၍ ဝင် ရောက်အရွေးခံခဲ့ခြင်းဖြစ်သည် (“နာမည်ကြီးသည့် အထင် ကရကိုယ်စားလှယ်လောင်းများ” စာကွက်ကိုကြည့်ပါ)။ မြန်မာတိုင်းမ်က ကယားပြည်နယ်တွင်း “တိုက်ပွဲ” အကျိုး ဆက်ကို “ရွေးကောက်ပွဲသဘောထားမှတ်ကျောက်တစ်ခု” ဟု ခေါ်ဝေါ်သုံးနှုန်းသွားခဲ့သည်။[၅၇] ဤနေရာ၌ NLD ကိုယ်စားလှယ်လောင်းဖြစ်သူက အစိုးရကိုသာမက KNPP ကိုပါ ဦးသိန်းစိန်၏ ငြိမ်းချမ်းရေး စေ့စပ်ညှိနှိုင်းရေးခေါင်း ဆောင်တစ်ဦးဖြစ်သည့် ဗိုလ်ချုပ်ဟောင်းဦးအောင်မင်းကို အားပေးကူညီခဲ့သည်ဟု စွပ်စွဲပြောဆိုခဲ့သည်။[၆၆] အထူး သဖြင့် ဖြစ်စဉ်တစ်ခု၌ KNPP သည် NLD လိုလားထောက် ခံသူများကို ခေတ်ပုံရိုက်၍ ခြိမ်းခြောက်ပြောဆိုခဲ့သည်ဟု ပြောဆိုခံခဲ့ရသည်။[၆၇] ဤစွပ်စွဲချက်ကို တုန့်ပြန်သည့်အနေ ဖြင့် KNPP သည် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက် သို့မဟုတ် ပါတီတစ်ခုခုကို အားပေးထောက်ခံခြင်းဖြင့် ရွေးကောက်ပွဲ အပေါ် ဩဇာလွှမ်းမိုးနိုင်ရန် မည်သည့်အခါကမျှ ကြိုးပမ်း ခဲ့ဖူးခြင်းမရှိကြောင်း ငြင်းဆိုသွားခဲ့သည်။ “ကျနော်တို့

ဘာထင်မြင်ချက်မှ မပေးခဲ့သလို ဘယ်ပါတီကို မဲပေးကြပါလို့လည်း တိုက်တွန်းပြောဆိုခဲ့တာမရှိပါဘူး” ဟု လွိုင်ကော်မြို့ရှိ KNPP ၏ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် ခူဒေးရယ်က ရှင်းလင်းပြောဆိုခဲ့သည်။[၆၈]

မည်သို့ဆိုစေကာမူ နောက်ဆုံး၌ NLD ၏မိုးလုံးညီအောင် ဟိန်းသွားခဲ့သည့် အောင်နိုင်မှုသည် သံသယရှိစရာမလိုလောက်အောင် ရှင်းလင်းပြတ်သားလာခဲ့သည်။ အခြားပါတီများ၏ လုပ်ဆောင်ချက်များသည် ရွေးကောက်ပွဲ၌ လောက်လောက်လားလား ကွာခြားမှုမရှိခဲ့ပေ။ စစ်အုပ်ချုပ်ရေးအောက် ရာစုနှစ်ထက်ဝက်ကျော် နေခဲ့ရပြီး နောက်ပိုင်းထွက်ပေါ်လာခဲ့သည့် ယခုရလဒ်သည် သမိုင်းတွင်ခဲ့ပြီး အငြင်းပွားစရာမလိုသည့် တစ်နိုင်ငံလုံး၏ သဘောထားဖြစ်ကြောင်း ရည်ညွှန်းဖော်ပြလျက်ရှိသည်။ အဆုံး၌ ၁၉၆၀ ခုနှစ်နောက်ပိုင်း ဒီမိုကရေစီထုံးနည်းစံကျ ရွေးကောက်တင်မြှောက်ခံခဲ့ရသည့် ပထမဦးဆုံးသော အစိုးရဟုဆိုနိုင်သည့် NLD အာဏာရလာခဲ့ပြီဖြစ်သည်။

## NLD – တပ်မတော်ရောနေသည့် “စပ်ကြား” အစိုးရ

NLD အာဏာလွှဲပြောင်းရယူခဲ့သည့် ၂၀၁၆ ခုနှစ် မတ်လဝန်းကျင်၌ အပြောင်းအလဲကို ဆာငတ်တောင့်တနေကြသည့် တစ်နိုင်ငံလုံးရှိ ပြည်သူများအကြား နိုင်ငံရေးပြုပြင်ပြောင်းလဲမှုကို အကြီးအကျယ် မျှော်လင့်စောင့်စားခဲ့ကြသည်။ လေထုတစ်ခုလုံး အကောင်းမြင်စိတ်များဖြင့် ပြည့်နှက်နေခဲ့ကြသည်။ KNGY လူပ်ရှားတက်ကြွသူတစ်ဦးကအောက်ပါအတိုင်း ပြောဆိုသွားခဲ့သည်။

> “ပွင့်လင်းမြင်သာမှု၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နဲ့ စည်းရုံးစုဝေးခွင့်၊ နိုင်ငံရေးနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ ပါဝင်ဆောင်ရွက်ကြဖို့ လူထုအတွက် အခွင့်အလမ်းကောင်းတွေ ပိုပြီးဖန်တီးပေးလိမ့်မယ်လို့ NLD အစိုးရအပေါ်မှာ အများကြီးမျှော်လင့်ထားတယ်။ NLD အနေနဲ့ တွေ့ဆုံဆွေးနွေးမှုတွေ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်တွေထဲ တိုင်းရင်းသားလက်နက် ကိုင်တော်လှန်ရေး အဖွဲ့အစည်းတွေနဲ့ အခြားတိုင်းရင်းသား အခြေပြုအဖွဲ့အစည်းတွေ ပိုပြီးပါဝင်လာအောင် အများကြီးနေရာပေးနိုင်တယ်။ NLD ဖက်က ဝေးလံခေါင်ဖျားတဲ့ အရပ်ဒေသနေ လူထုလူတန်းစားတွေရဲ့ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးနဲ့ ဘိန်းမဟုတ်တဲ့ အခြားသီးနှံတွေစိုက်ပျိုးစားသောက်ဖို့အများကြီး အကူအညီပေးနိုင်မယ်လို့ ကျနော်တို့အနေနဲ့ ယုံကြည်မျှော်လင့်ထားပါတယ်။”[၆၉]

မည်သို့ဆိုစေ ပျားရည်ဆမ်းခရီးစဉ်တိုင်း တိုတောင်းလေ့ရှိသည့်နည်းတူ အာဏာရလာပြီး တစ်နှစ်အတွင်း NLD အစိုးရကိုယ်တိုင် အကျပ်အတည်းသံသရာသစ်၌ စုန်းစုန်းမြုပ်သွားခဲ့သည်။ ဆယ်စုနှစ်ပေါင်းများစွာ လွဲမှားသည့် စစ်အုပ်ချုပ်ရေးနှင့် တိုင်းရင်းသားပဋိပက္ခများကို ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး နောက်ပိုင်း အမွေဆက်ခံရရှိခဲ့သည့် စိန်ခေါ်မှုကြီးကို ကျော်ဖြတ်နိုင်ရန် များစွာခဲယဉ်းသွားခဲ့ပြီဖြစ်သည်။ ယင်းစိန်ခေါ်မှုများသည် နိုင်ငံ၏ ပညာရေးနှင့် စီးပွားရေးကို ပြန်လည်အဖတ်ဆယ်ခြင်းမှသည် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနှင့် စစ်ပွဲဒဏ်ကြောင့် မွစာကြဲနေခဲ့သည့် ရပ်ရွာအသိုက်အဝန်းများကို ပြန်လည်ထူထောင်ခြင်းအထိ ကျယ်ပြန့်နေခဲ့သည်။

NLD ၏ တစ်ပူပေါ်နှစ်ပူဆင့်ခဲ့ရသည့် အခက်အခဲများသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အမျိုးသားနိုင်ငံရေးဇာတ်ခုံကို မောင်ပိုင်စီးထားသည့် တပ်မတော်ကြောင့် ပို၍ဆိုးရွားလာခဲ့သည် (အခန်း ၂ ကိုကြည့်ပါ)။ အာဏာမရခင်ကပင် ဒေါ်အောင်ဆန်းစုကြည် သမ္မတဖြစ်လာခြင်းမရှိစေရန် ပိတ်ပင်တားဆီးခြင်းဖြင့် တပ်ကိုယ်စားလှယ်များနှင့် ၎င်းတို့ကို လိုလားထောက်ခံအားပေးသူများသည် ၎င်းတို့၏ အာဏာစောင်းမည်မျှထက်ကြောင်း သက်သေပြခဲ့ပြီးဖြစ်သည်။ သို့ဖြစ်၍ အစိုးရသစ်ကို ဦးဆောင်သွားနိုင်ရန် ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံတော်အတိုင်ပင်ခံရာထူးကို ဖန်တီးအစားထိုးခဲ့ရသည်။ အစကတည်းကပင် တာထွက်ကောင်းတစ်ခုအဖြစ် သတ်မှတ်ပြောဆိုနိုင်ရန် ခဲယဉ်းခဲ့သည်။ လမ်းများကြာလာသည်နှင့် အမျှအနှောင်အဖွဲ့ကင်းလွတ်လပ်မှု သို့မဟုတ် အစိုးရတွင်း မူဝါဒသစ်များ ချမှတ်ဖော်ဆောင်နိုင်သည့် NLD ၏ စွမ်းဆောင်ရည် အကန့်အသတ်ဘောင်သည် ပိုမိုရှင်းလင်းသဲ




ကွဲလာခဲ့သည်။ ရလဒ်အဖြစ် မြန်မာနိုင်ငံသည် "စပ်ကြား" စနစ်မျိုးဖြင့်သာ နိဂုံးချုပ်သွားခဲ့ရသည်။ NLD အနေဖြင့် သောင်ပြိုကမ်းပြို အနိုင်ရခဲ့လင့်ကစား ကြံ့ခိုင်ရေး–တပ်မတော်အစိုးရနေရာ၌ NLD–တပ်မတော် အစိုးရကိုသာ အစားထိုးနိုင်ခဲ့သည်။

NLD အာဏာရလာခဲ့သည့် အစောပိုင်းကာလ၌ ကယားပြည်နယ်၏ နိုင်ငံရေးလောက အနည်းငယ်တိုးတက်မှုရှိလာသကဲ့သို့ ထင်မှတ်ခဲ့ကြသည်။ ပြောင်းလဲမှုသာဓကတစ်ခုအဖြစ် အရပ်ဖက်အဖွဲ့အစည်းများသည် အစိုးရအရာရှိများကို ယခင်ကထက် ပိုမိုလက်လှမ်းမီလာသည်ဟုပြောဆိုခဲ့ကြသည်။"အရပ်ဖက်အဖွဲ့အစည်းတွေနဲ့ ကျမတို့လို အဖွဲ့အစည်းမျိုးတွေအနေနဲ့ ဒီအစိုးရနဲ့ ပိုပြီးလက်တွဲ အလုပ်လုပ်လာနိုင်တယ်" ဟု ကရင်နီလူမှုဖူလုံရေးနှင့် ဖွံ့ဖြိုးရေးကော်မတီ (KSWDC) မှ ဂေးနေဖော ပြောဆိုခဲ့သည်။ "ကျမတို့လုပ်တဲ့ တစ်ချို့အခမ်းအနားတွေမှာ သူတို့ကို တစ်ခါတစ်လေဖိတ်ကြားခဲ့သလို သူတို့လည်း တက်ရောက်ခဲ့ကြပါတယ်။ ပြည်နယ်အဆင့် ဝန်ကြီးတွေဆီကို အရင်ကထက်စာရင် ပိုပြီးလွတ်လွတ်လပ်လပ်ဝင်ထွက်သွားလာခွင့်ရလာခဲ့တယ်။ တစ်ခါတစ်လေ သူတို့ရဲ့

မြေမြှုပ်မိုင်းလို လုပ်ငန်းတွေနဲ့ ပတ်သက်တဲ့ အစည်းအဝေးတွေမှာ ကျမတို့ကို ဖိတ်ကြားလာတာမျိုးရှိသလို ကျမတို့အကြံပြုတဲ့ အချက်တွေကိုလည်း နားထောင်ပေးခဲ့ကြတယ်။”[၇၀]

သို့သော်လည်း များမကြာမီမှာပင် ဝေဖန်ပြောဆိုမှုများ ထွက်ပေါ်လာခဲ့သည်။ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရာ၌ အားကောင်းကောင်းဖြင့် ပွဲထွက်လာခဲ့သော်လည်း အစိုးရတစ်ရပ်အဖြစ် တာဝန်ယူရန် NLD ဖက်က ရာနှုန်းပြည့်အဆင်သင့်ရှိပုံ မရခဲ့ပေ။ ရွေးကောက်ပွဲမတိုင်ခင်က ကိုယ်စားလှယ်လောင်းများကို နိုင်ငံတစ်နံတစ်လျားရှိ မဲဆန္ဒနယ်ရာပေါင်းများစွာကို ကိုယ်စားပြုရန် ရွေးချယ်တာဝန်ပေးခဲ့သည်။ ရွေးကောက်ပွဲ ပြီးသွားသည့်အခါပါတီသည်လစ်လပ်အစိုးရ ရာထူးနေရာများကို ဖြည့်ဆည်းရန် ယခုလုပ်ဖော်ကိုင်ဖက်သစ်များကိုပင် အသုံးပြုသွားခဲ့သည်။ သို့သော်လည်း နှစ်ပေါင်းများစွာ အဖိနှိပ်ခံ (တစ်ခါတစ်ရံ ထောင်သွင်းပြစ်ဒဏ် ကျခံခဲ့ရသည့်) ခဲ့ရသည့်နောက်ပိုင်း အဆိုပါရွေးကောက်ခံ ကိုယ်စားလှယ်အများအပြားသည် အစိုးရတစ်ရပ်အဖြစ် ရင်ဆိုင်လာရမည့်စိန်ခေါ်မှုများအတွက် ကြိုတင်ပြင်ဆင်ထားရှိမှု အလွန်အားနည်းခဲ့ကြောင်း ထင်ရှားလာခဲ့သည်။ အများအပြားသည် ၎င်းတို့၏ စွမ်းဆောင်ရည်သို့မဟုတ် လုပ်ငန်းကျွမ်းကျင်ပိုင်နိုင်မှုကြောင့်ဆိုသည်ထက် ဒေါ်အောင်ဆန်းစုကြည်အပေါ် လိုလားထောက်ခံမှုနှင့် ပါတီ၏ “ပြောင်းလဲချိန်တန်ပြီ” ဟူသည့် ရွေးကောက်ပွဲဆောင်ပုဒ်ကြောင့်သာ အနိုင်ရခဲ့ကြခြင်းဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ဤအချက်ကို သိမြင်နားလည်ခဲ့သဖြင့် ၎င်း၏အစိုးရတွင်း အရေးပါသည့် ရာထူးနေရာအများအပြားကို ယခင်စစ်တပ်ကျောထောက်နောက်ခံ အစိုးရအဆက်ဆက်မှ အရာရှိများကို ရွေးချယ်တာဝန်ပေးခဲ့ပုံရသည်။ ယင်းတို့၌ နိုင်ငံတော်အတိုင်ပင်ခံရုံး၏ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်နှင့် ညွှန်ကြားရေးမှူးချုပ်ဖြစ်သည့် ဦးဇော်ဌေးနှင့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီး ဦးကျော်သင့်ဆွေတို့ပါဝင်ခဲ့သည်။

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲ၏ ဖရူဆိုမြို့နယ် ကိုယ်စားလှယ်လောင်းများနှင့် ANDP လက်ကမ်းစာစောင် အစိုးရသစ်အတွင်းရှိ ဤကဲ့သို့သော လစ်ဟာမှုများက ကယားပြည်နယ်ကိုပါ ရိုက်ခတ်မှုရှိခဲ့သည်။ ပြည်နယ်ဝန်ကြီးချုပ်ရာထူးကို ဦးအယ်လ်ဖောင်းရှိုအား ခန့်အပ်တာဝန်ပေးခဲ့သည်။ ၎င်းသည် ပြည်နယ်လွှတ်တော်၏ ရွေးကောက်ပွဲ၌ NLD ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ရန် မယ်စဲ့မြို့နယ်၏ ပညာရေးဝန်ကြီးဌာန ဝန်ထမ်းအဖြစ်မှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။[၇၁] သို့သော်လည်း ပြည်နယ်အရေး စောင့်ကြည့်လေ့လာသူများက အသစ်ခန့်အပ်လိုက်သည့် NLD ဝန်ကြီးများနှင့် အမတ်များသည် ၎င်းတို့ကို ခန့်အပ်တာဝန်ပေးခဲ့စဉ်က နိုင်ငံရေးအတွေ့အကြုံအလွန်နုနယ်ခဲ့သည်ဟု သုံးသပ်ယူဆခဲ့ကြသည်။ “NLD ဖက်က ဝန်ကြီးချုပ်နဲ့ အခြားဝန်ကြီးရာထူးတွေကိုခန့်အပ်တာဝန်ပေးသွားရမယ်ဆိုပေမယ့် ကယားပြည်နယ်အတွက် NLD ရွေးချယ်ထားတဲ့ လက်ရှိကိုယ်စားလှယ်လောင်းတွေအကြား အရည်အချင်းပြည့်မှီတဲ့သူ တစ်ယောက်မှမပါဘူး” ဟု KUDP ပါတီမှ စိုင်းနိုင်နိုင်ထွေးကပြောဆိုသွားခဲ့သည်။[၇၂] ကယားလီဖူးလူငယ်ကော်မတီ (KLPYC) ၏ခူးပိုးရယ်က “အခြေအနေအရမ်း ဆိုးသွားမှာကိုကျနော်စိုးရိမ်မိတယ်” ဟု ဖွင့်ဟပြောဆိုခဲ့သည်။ “ပြည်နယ်အစိုးရနဲ့လွှတ်တော်က ဘာကိုလိုချင်ပြီး ဘယ်လမ်းကြောင်းကို ရွေးချယ်မလဲ ကျနော်တို့မသိဘူး။ ဒီအခြေအနေကို ပြောင်းလဲနိုင်အောင် ကြိုးစားသွားဖို့ ကျနော်တို့ ရည်မှန်းထားပါတယ်။”[၇၃]

ထို့အပြင် NLD ခေါင်းဆောင်ပိုင်းကလည်း နယ်ခံအရာရှိများကို တာဝန်ပိုပေးရန် တွန့်ဆုတ်နေခဲ့ကြပုံရသည်။ ထို့ကြောင့် NLD ဗဟိုကော်မတီသည် သတင်းမီဒီယာများ၊ မူဝါဒရေးရာ အစီအစဉ်သစ်များ သို့မဟုတ် အရပ်ဖက်အဖွဲ့အစည်းများနှင့် နယ်ခံပါတီအရာရှိများ တွေ့ဆုံစကားပြောရာ၌ လွတ်လွတ်လပ်လပ်ပြောဆိုနိုင်ခြင်းမရှိ အောင် ကန့်သတ်ထားသည့် စည်းမျဉ်းစည်းကမ်းအမြောက်အများကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ “NLD ရဲ့ ဆုံးဖြတ်ချက်ချမှတ်မှုလုပ်ငန်းစဉ်ကို ဗဟိုကပဲ ချုပ်ကိုင်ထားတဲ့အတွက် နယ်ခံ NLD ကိုယ်စားလှယ်လောင်းတွေနဲ့ အဖွဲ့ဝင်တွေဆီကိုအာဏာခွဲဝေပေးထားတာမျိုး မရှိပါဘူး” ဟု UKSY အထွေထွေအတွင်းရေးမှူး ခွန်းဘားနတ်ဘုတ် ပြောဆိုသွားခဲ့သည်။ “ဒါကြောင့် ကိုယ့်ရဲ့ မဲဆန္ဒနယ်တွေကို ကိုယ်စားပြုရမယ့်အစား သူတို့အားလုံးက NLD ဗဟိုကော်မတီကိုပဲ ကိုယ်စားပြုတော့တယ်။”[၇၄] ကရင်နီအမျိုးသမီးအစည်းအရုံး (KNWO) မှ မော်ကြာက “စီမံအုပ်ချုပ်ရေးနဲ့ပတ်သက်ပြီး ပြည်နယ်အစိုးရနဲ့ ပြည်ထောင်စုအစိုးရအကြား ဘယ်လိုပုံစံနဲ့ ပြောဆိုဆက်သွယ်ကြမှန်း ကျမ

ရှင်းရှင်းလင်းလင်းမသိရဘူး ဖြစ်နေတယ်။ ကြည့်ရတာတော့ ဗဟိုကပဲ ထိန်းချုပ်ထားပုံရတယ်။ သူတို့အာဏာကို ဘယ်လိုခွဲဝေကြလဲမသိဘူး” ဟု ပြောဆိုသွားခဲ့သည်။[၇၅]

အာဏာရလာသည့် အစိုးရသစ်နှင့် သိသိသာသာ အလှမ်းဝေးနေမှုက ကယားပြည်နယ် ခေါင်းဆောင်များ အတွက်စိတ်ပျက်စရာဖြစ်ခဲ့ပြီး NLD အစိုးရသည် “အထက် –အောက်” ဆန်ပြီး နယ်ခံလူထု၏ အကျိုးစီးပွားများကို ထည့်သွင်းစဉ်းစားပေးရန် ပျက်ကွက်လျက်ရှိသည်ဟု အလျင်အမြန်ရှုမြင်သွားစေခဲ့သည်။ ယခင်အတိတ်ကာလများ၌လည်း NLD နှင့် တိုင်းရင်းသားပါတီများအကြား CRPP နှင့် UNA ကဲ့သို့သော ညွန့်ပေါင်းမဟာမိတ်များမှတစ်ဆင့် အမျိုးသားအဆင့်၌နီးစပ်သည့်ဆက်ဆံရေးတည်ဆောက်နိုင်ရန် ကြိုးပမ်းခဲ့ဖူးသည်။ သို့သော်လည်း ပေါင်းကူးတံတားတည်ဆောက်မှုသည် ယခုအချိန်၌ နိဂုံးချုပ်သွားခဲ့ပြီဟု သုံးသပ်ယူဆရသည်။ “NLD နဲ့ UNA အကြားမှာအပြန်အလှန် ပြောဆိုဆက်သွယ်မှု သမိုင်းကြောင်းက အတော့်ကိုရှည်ကြာခဲ့ပါတယ်” ဟု KNP ဥက္ကဋ္ဌ ခွန်းဘီထူး ပြောဆိုခဲ့သည်။ “ဟိုတုန်းက NLD နဲ့ မဟာမိတ်ဖွဲ့ခဲ့ကြပေမယ့် အခုတော့ သူတို့နဲ့ ကျနော်တို့ အရင်ကလို ပူးပေါင်းဆောင်ရွက်တာမျိုးတွေ မလုပ်တော့ပါဘူး။”[၇၆] ဒေသခံနိုင်ငံရေးသမားများက အခြေအနေသည် ကယားပြည်နယ်အဆင့်၌ ယခင်ကအတိုင်းပင်ဖြစ်သည်ဟု ပြောဆိုသုံးသပ်ခဲ့ကြသည်။ “ကျနော်တို့ဆီမှာ NLD နဲ့ အပြန်အလှန်ဆက်ဆံရေးတွေ နားလည်မှုတွေ မရှိတော့ပါဘူး” ဟု ANDP မှ ဦးဆော်လမွန် လေ့လာသုံးသပ်သွားခဲ့သည်။ “ပြည်နယ်အဆင့်မှာ ကျနော်တို့ ဘာအချိတ်အဆက်မှမရှိတော့ဘူး။”[၇၇]

ဤကဲ့သို့ လပေါင်းအလီလီကူးသွားခဲ့သော်လည်း မူဝါဒရေးရာ လွှမ်းခြုံမှုကင်းမဲ့နေဆဲဖြစ်သည့် အနေအထားက NLD ၏စွမ်းဆောင်ရည်နှင့် ရည်ရွယ်ချက်များအပေါ် သင်္ကာမကင်းဖြစ်လာစေရန် မီးထိုးပေးသကဲ့သို့ ဖြစ်လာခဲ့သည်။ ကရင်နီခေါင်းဆောင်များက NLD ပါတီသည်



၂၀၁၅ ရွေးကောက်ပွဲ၏ ဒီမော့ဆိုမြို့နယ် မဲဆွယ်စည်းရုံးရေးခရီးစဉ်၌ စကားပြောနေသည့် ဒေါ်အောင်ဆန်းစုကြည် (IR)

ဒေသခံတိုင်းရင်းသား အကျိုးစီးပွားများကို ကိုယ်စားပြုရန် ပျက်ကွက်လာသလို ငြိမ်းချမ်းရေးနှင့် ဖက်ဒရယ်ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို အကောင်အထည်ဖော် သွားမည့်ရှင်းလင်းပြတ်သားသည့် အမြင်လည်းမရှိဟု ထင်မြင်ယူဆလာခဲ့သည်။ အခြေခံကျသည့် အပြောင်းအလဲပြုလုပ်ရန်အားပေးမြှင့်တင်ရမည့်အစား NLD သည် ပိုနေမြဲကျားနေမြဲ အနေအထားကို ဆက်လက်ထိန်းသိမ်းထားရန်သာ ပို၍အားသန်ခဲ့သည်။ “NLD ကတိုင်းရင်းသားအခွင့်အရေးနဲ့ဖက်ဒရယ်စနစ်အကြောင်း ဆက်မပြောတော့ဘူး” ဟု UKSY မှ ခွန်းဘားနတ်ဘုတ် ပြောဆိုသွားခဲ့သည်။ “သူတို့ပြောတဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးက တိုင်းရင်းသားတွေနဲ့မဟုတ်ဘဲ NLDနဲ့ တပ်မတော်အကြား ပြန်လည်ရင်ကြားစေ့ဖို့ ပြောနေတာပါ။”[၇၈] ကယန်းလူထုခေါင်းဆောင် ဆမ်မြူရယ်ခွန်ဆာမူအေးလှက “သူတို့အနေနဲ့ စိန်ခေါ်မှုအများကြီး ရင်ဆိုင်နေရတယ်ဆိုတာကို ကျနော်သိပါတယ်။ ဒါပေမယ့် ကျနော်တို့က ဒီထက်ပိုမျှော်လင့်ခဲ့တာပါ။ အခုဆိုရင် ဒေါ်အောင်ဆန်းစုကြည်က တိုင်းရင်းသားအရေးနဲ့ ပတ်သက်ပြီး ဘာမှသိပ်မပြောတော့ဘူး” ဟု ပြောဆိုခဲ့သည်။[၇၉] လွိုင်ကော်မြို့ရှိ KNPP ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် ခူညေးရယ်က “လက်ရှိအစိုးရက တရားဥပဒေစိုးမိုးရေးနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတို့ တရားဥပဒေဘောင်တွင်းကနေ ဆောင်ရွက်ကြဖို့ဆိုတာတွေကိုပဲ အများဆုံးပြောလာတယ်” ဟု ပြောဆို အတည်ပြုခဲ့သည်။[၈၀]

အလားတူ စိုးရိမ်ပူပန်ရသည့် ကိစ္စရပ်အဖြစ် NLD ၏မူဝါဒချမှတ်မှုနှင့် ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ အားနည်းချက်များကတစ်နိုင်ငံလုံးအတိုင်းအတာငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် အယုံအကြည်နည်းလာစေရန် လိုက်စားလာခဲ့သည်။ ပါတီ၏ နာမည်ကျော် “၂၁ ရာစုပင်လုံညီလာခံ” ဖော်ဆောင်နေလင့်ကစား NLD၏ တပ်မတော်အပေါ် အလျှော့ပေးနေရာပေးရန် ကြိုတင်စဉ်းစားထားချက်က လွတ်လပ်ရေးရပြီးနောက်ပိုင်း အောင်မြင်မှုမရှိခဲ့သည့် ငြိမ်းချမ်းရေးနှင့် ပြုပြင်ပြောင်းလဲရေး အမှားမျိုးဆီသို့ထပ်မံ ဦးတည်သွားမည်ကို နယ်ခံခေါင်းဆောင်များ စတင်စိုးရိမ်ပူပန်လာခဲ့ကြသည် (အခန်း ၂ နှင့် ၃ ကိုကြည့်ပါ)။ မြန်မာနိုင်ငံတွင်း ပဋိပက္ခဖျန်ဖြေရေးလုပ်ငန်းများသည် ပြည်နယ်နှင့် လူထုလူတန်းစားများအကြား အကွဲအပြဲများ ထပ်မံဖြစ်ပေါ်စေခြင်းထက် သက်ဆိုင်ရာပုဂ္ဂိုလ်များနှင့် အင်အားစုများအားလုံးကို အတူပါဝင်ဆောင်ရွက်ခွင့်ပြုသင့်သည်။ KNPP ၏ ဝါရင့်နိုင်ငံရေးခေါင်းဆောင်တစ်ဦးဖြစ်သည့် အေဘယ်တွိဒ်က လွန်ခဲ့သည့်ဆယ်စုနှစ် (၂) ကတည်းက ဤသို့သတိပေးခဲ့ပြီးဖြစ်သည်။

> “တကယ်လို့ အမျိုးသားပြန်လည်သင့်မြတ်ရေးက NLD လို ဗမာဗဟိုပြုနဲ့ နဝတအကြားပဲ ရင်ကြားစေ့ဖို့ကြိုးစားတာမျိုးဆိုရင်တော့ ပြဿနာက မပြီးသေးဘူးလို့ပြောနိုင်တယ်။ ဗမာလူ့အဖွဲ့အစည်းနဲ့ ကျန်တိုင်းရင်းသားတွေအကြားက ပြဿနာတွေ ဆက်ရှိနေပြီးတော့ တိုက်ပွဲဆီကို ပြန်ဦးတည်လာပါလိမ့်မယ်။ ဘယ်လောက်ကြာမလဲဆိုတာတော့ ကျနော်တို့မသိဘူး။ ဒါကြောင့် ပြဿနာရဲ့အတိမ်အနက်ကို ကျယ်ကျယ်ပြန့်ပြန့် နားလည်သဘောပေါက်ပြီးမှပဲ ဝိုင်းဝန်းအဖြေရှာပေးကြပါလို့ ကမ္ဘာကြီးကို ပြောချင်ပါတယ်။”[၈၁]

အာဏာရလာခဲ့ပြီးနောက်ပိုင်း NLD ချမှတ်လာခဲ့သည့် အုပ်ချုပ်စီမံရေးဆိုင်ရာ ဆုံးဖြတ်ချက်အများအပြားက အဆိုပါ စိုးရိမ်မှုကို ပိုမိုကြီးထွားလာစေခဲ့ပြီး ပြည်တွင်းငြိမ်းချမ်းရေး အောင်မြင်စေရန် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများအပေါ် ပါတီခေါင်းဆောင်များ နားလည်သဘောပေါက်မှု များစွာအားနည်းလျက်ရှိကြောင်း သက်သေပြလာခဲ့သည်။ ထင်သာမြင်သာအရှိဆုံး သာဓကတစ်ခုအဖြစ် NLD သည် ဦးသိန်းစိန်အစိုးရလက်ထက်က ဖွဲ့စည်းခဲ့သည့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီနှင့် မြန်မာနိုင်ငံငြိမ်းချမ်းရေးစင်တာကို ပြင်ဆင်ဖွဲ့စည်း၍ စိတ်ကြိုက်ပြန်လည် ရွေးချယ်ခန့်အပ်ခဲ့သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ အတွေ့အကြုံရင့်ကျက်သည့်ပုဂ္ဂိုလ်အများအပြား ဖယ်ရှားခံခဲ့ရပြီး အစိုးရအလွှဲအပြောင်းအကြား သတင်းအချက်အလက် စီးဆင်းမှုသည်လည်းများစွာ အားနည်းချက်ရှိခဲ့သည်။ “အစိုးရသစ်ကိုရှေ့အစည်းအဝေးတွေက နောက်ဆုံးရတိုးတက်ပြောင်းလဲမှုအခြေအနေတွေကို အစီရင်ခံခဲ့တာမရှိတဲ့အတွက် သူတို့နဲ့အလုပ်လုပ်ရတာ တော်တော်လေးကို အခက်အခဲရှိခဲ့တယ်” ဟု KNPP ဆက်ဆံရေးရုံးတာဝန်ခံ ခူညေးရယ်က ပြောဆိုသွားခဲ့သည်။[၈၂] ကယန်းမျိုးဆက်သစ်လူငယ်အဖွဲ့ (KNGY) အဖွဲ့ဝင် စောမော်မောင်ကလည်း “အစိုးရဖက်က အရေးကြီးတဲ့ ငြိမ်းချမ်းရေးနဲ့ မြေယာလို ကိစ္စရပ်မျိုးတွေနဲ့ ပတ်သက်ပြီး ဘာမှထွေထွေထူးထူး ပြောင်းလဲသွားခဲ့တာ

မရှိပါဘူး။ အစိုးရအပြောင်းအလဲမှာ သေချာလွှဲပြောင်းပေးခဲ့တာမျိုး မရှိတာလည်း ဖြစ်နိုင်ပါတယ်" ဟု အလားတူ ရှုမြင်သုံးသပ်ခဲ့သည်။[၈၃]

NLD ၏ "အထက်–အောက်" ဆန်သည့် ချဉ်းကပ်မှုပုံစံသည်လည်း အပြန်အလှန်ဆက်သွယ်ရေး လမ်းကြောင်းများကို အားနည်းချိနဲ့သွားစေခဲ့သလို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ ကြုံတွေ့လာရသည့် ခလုတ်ကန်သင်းများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် ဆုံးဖြတ်ချက်ချမှတ်သူများအလွတ်သဘောတွေ့ဆုံကြသည့် လမ်းကြောင်းများလည်း အဆုံးသတ်သွားခဲ့သည်။ "အရင်အစိုးရ လက်ထက်တုန်းကတော့ ကျနော်တို့ ပြည်ထောင်စုအဆင့်မှာ တွေ့ဆုံစည်းဝေးလေ့ရှိပြီး ဝန်ကြီးတော်တော်များများနဲ့လည်း ရင်းရင်းနှီးနှီး သိကျွမ်းခဲ့ကြပါတယ်" ဟု KNPPမှ ခူဒေးရယ် ပြောဆိုသွားခဲ့သည်။ "တစ်ခုခုလိုအပ်တာရှိရင်လည်း သူတို့ကို တိုက်ရိုက်ပြောဆိုလို့ရခဲ့ပါတယ်။ ဒါပေမယ့် အစိုးရသစ်လက်ထက်ကျတော့ ဝန်ကြီးတွေကို တွေ့ခွင့်ရဖို့ အရမ်းခက်သွားပြီ။ ကျနော်တို့ကြားမှာ အလွှာတွေအများကြီး ခြားသွားခဲ့ပြီ။"[၈၄]

NLD အာဏာလွှဲယူခဲ့ပြီးနောက် ၂ နှစ်ကြာသွားသည့်တိုင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ လစ်ဟာလျက်ရှိသည့် ကွက်လပ်များကို ဖြည့်ဆည်းနိုင်ခြင်းမရှိသေးပေ။ NLD သည် နိုင်ငံ၏ တစ်ခုတည်းသော ငြိမ်းချမ်းရေးလမ်းကြောင်းအဖြစ် "၂၁ ရာစု ပင်လုံ" အမည်ခံထားသည့် အစွေ့ကိုသာ ဦးစားပေးတွန်းနေခဲ့သည်။ "အရပ်ဖက်လူ့အဖွဲ့အစည်းတွေအတွက် ပြည်နယ်အစိုးရနဲ့ ထိတွေ့ဆက်ဆံရတာ ပိုပြီးလွယ်ကူလာခဲ့တယ်ဆိုပေမယ့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာကျတော့ ဗဟိုချုပ်ကိုင်မှု အရမ်းများနေတယ်" ဟု KNGY အဖွဲ့ဝင် စောမော်မောင်က ပြောဆိုသွားခဲ့သည်။ "ကျနော်တို့အနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ထဲမှာ ပြည်နယ်အစိုးရကိုလည်း ပါဝင်လာစေချင်ခဲ့ပေမယ့် အခုထိတော့ အရမ်းအားနည်းနေတုန်းပဲ။"[၈၅]

ဤကဲ့သို့သော စိုးရိမ်ပူပန်မှုများရှိနေလင့်ကစား ကယားပြည်နယ်အတွင်း NLD အာဏာရလာပြီးနောက် ပိုင်းတိုးတက်ပြောင်းလဲမှုများ ရှိလာခဲ့သည်ဟု အကောင်းမြင်ကြသည့် ခေါင်းဆောင်များလည်း ရှိနေကြပြန်သည်။ ယခုအချိန် ကောက်ချက်ချရန် စောလွန်းနေသေးသည်ဟု ၎င်းတို့ရှုမြင်ခဲ့ကြသည်။ UKSY အထွေထွေအတွင်းရေးမှူး ခွန်းဘားနတ်ဘုတ်က "အစိုးရသစ်အပေါ် သဘောထားတဲ့ အမြင်တွေ အမျိုးမျိုးကွဲနေကြတယ်။ ပညာတတ်အချို့ကတော့ အရမ်းစိမ်းပြီး အသစ်ဖြစ်နေတဲ့အတွက် အချိန်နည်းနည်း ထပ်ပေးသင့်တယ်လို့ထင်နေကြတယ်။ ဒါပေမယ့် အောက်ခြေမြေပြင်က လူထုလူတန်းစားတွေအကြားမှာတော့ မျှော်လင့်ချက်သာ အရမ်းကြီးခဲ့ကြပေမယ့် သူတို့ရဲ့ဘဝတွေ ဘာမှလောက်လောက်လားလား ပြောင်းလဲလာတာမရှိဘူးဖြစ်နေတယ်"[၈၆] ဟု သုံးသပ်ပြောဆိုခဲ့သည်။

NLD ကို အချိန်ပေးသင့်သည်ဟု ယူဆသူများက သမိုင်းနောက်ခံအခင်းအကျင်းကို ထောက်ပြပြောဆို၍ နောက်ဆုံး၌ အနည်းဆုံးအားဖြင့် စစ်အုပ်ချုပ်ရေးမှသည် ဒီမိုကရေစီအစိုးရတစ်ရပ်အဖြစ် ပီပီပြင်ပြင်ပြောင်းလဲလာခဲ့ပြီဟု စောဒကတက်ပြောဆိုခဲ့ကြသည်။ ထို့အပြင် ၎င်းတို့က လတ်တလောစီးပွားရေးနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှုများကို အသားပေးပြောဆိုခဲ့ကြသည့်အပြင် ယခင်က လက်လှမ်းမမီနိုင်ရန် အလွန်ခဲယဉ်းခဲ့သည့် နယ်မြေဒေသများသို့ နိုင်ငံတကာခရီးသွားများ ရောက်ရှိလာကြပြီး ရပ်ရွာအခြေပြု တက်ကြွလှုပ်ရှားမှုများလည်း မြင့်တက်လာခဲ့ပြီဟုလည်း ထောက်ပြပြောဆိုခဲ့ကြသည်။ KLPYC ၏ ခူးလေးရယ်က –

> "NLD ရဲ့ ဆောင်ပုဒ်က 'ပြောင်းလဲချိန်တန်ပြီ' ဆိုတဲ့အတိုင်း ကျနော့အတွက်တော့ အပြောင်းအလဲတွေ အများကြီးပါပဲ။ လူတွေကတော့ NLD အုပ်ချုပ်မှုအောက်မှာ ပဋိပက္ခတွေ ပိုများလာတယ်လို့ အပြစ်တင်နေကြတာပဲ။ ဒါပေမယ့် ကျနော်တို့နိုင်ငံက စစ်အုပ်ချုပ်ရေးအောက်မှာ ဆယ်စုနှစ်ပေါင်းများစွာနေခဲ့ရသလို တကယ့်ပြဿနာ အရင်းအမြစ်ကလည်း အဲဒီက အစပြုခဲ့တာပါ။ အခုကျမှ ဒါတွေအားလုံး စုပြုံပြီးပေါ်လာခဲ့တာပါ။ ဆိုတော့ ကျနော်သိချင်တာကကျနော်တို့ ရှေ့ကိုဆက်သွားမလား (သို့) နောက်ကြောင်းပြန်လှည့်မလား ဆိုတာပါပဲ" ဟု ပြောဆိုသွားခဲ့သည်။[၈၇]

အခြားတစ်ဖက်၌လည်း NLD လုပ်ကိုင်ဆောင်ရွက်ရသည့် အခင်းအကျင်း၏ ကန့်သတ်ချက်များနှင့် ပတ်သက်၍ စာနာနားလည်မှုများရှိနေသည်။ "အရပ်သား

အစိုးရဆိုပေမယ့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအောက် မှာသူတို့ကို ကန့်သတ်ထားတဲ့ အချက်တွေအများကြီးရှိနေတယ်"ဟု KNGY မှ စောမော်မောင်က ဆက်လက်ပြောဆိုခဲ့သည်။ "NLD ကိုယ်စားလှယ်လောင်း အတော်များများက ၁၉၈၈ ခုနှစ် ဒီမိုကရေစီ အရေးတော်ပုံမှာ ပါဝင်ခဲ့ကြသူတွေဖြစ်တဲ့အတွက် ဗဟိုအစိုးရကို အာဏာပိုပေးထားပြီးပြည်နယ်တွေမှာ လုပ်ပိုင်ခွင့်ဘာမှမရှိတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ် နည်းနည်းတော့ စိတ်ပျက်နေကြတာပေါ့။"[၈၈] ဤကဲ့သို့ပင် သံယောင်လိုက်ပြောဆိုခဲ့ကြသူများလည်းရှိနေသည်။ KNPP ၏ ခူဒေးရယ်က –

> "ဒီမှာက စစ်တပ်ရဲ့ အခန်းကဏ္ဍ အရမ်းအားကောင်းနေတုန်းပဲ။ ပြည်ထဲရေးဝန်ကြီးဌာနနဲ့ နယ်စပ်ရေးရာဝန်ကြီးဌာနတွေရဲ့ အခန်းကဏ္ဍကလည်း အတော်ကြီးပါတယ်။ ဒီလိုပဲ အစိုးရဦးစီးဌာနတွေရဲ့ အရာရှိတွေကလည်း အရင်အစိုးရလက်ထက်က လူဟောင်းတွေချည်းဖြစ်နေတော့ သူတို့ရဲ့အကျင့်က အရင်အတိုင်းဖြစ်နေကြတုန်းပဲ။ အုပ်ချုပ်စီမံရေး ကိစ္စတွေမှာသူတို့ရဲ့ပါဝင်မှုအခန်းကဏ္ဍကျယ်ပြန့်တဲ့အတွက် အစိုးရသစ်အနေနဲ့ ဒါကို သတိကြီးကြီးထားပြီး ဂရုတစိုက်ကိုင်တွယ်ဖို့ လိုအပ်တယ်" ဟု ပြောဆိုခဲ့သည်။[၈၉]

ဤကဲ့သို့သော အကွဲအပြဲများက အစိုးရအုပ်ချုပ်ရေး၏ အဓိကယန္တရားကြီး သုံးခုအကြား တင်းမာမှုများကိုဖြစ်ပေါ်စေလျက်ရှိသည်။ ယင်းယန္တရားများ၌ NLD အစိုးရအောက်ရှိ ပြည်နယ်အစိုးရနှင့် ပြည်နယ်လွှတ်တော်၊ တပ်မတော်၏ ထိန်းချုပ်မှုအောက်ရှိ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ထွေ/အုပ်)၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကာကွယ်ရေး၊ ပြည်ထဲရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနများအပါအဝင် များပြားလှသည့် တပ်မတော်၏ အကျိုးစီးပွားအမျိုးမျိုးပါဝင်လျက်ရှိသည်။ "ပြည်နယ်လွှတ်တော်နဲ့ ထွေ/အုပ်အကြား ဆက်ဆံရေးဆိုးဝါးသည်ထက် ဆိုးဝါးလာနေပြီး အပြန်အလှန်အာဏာလွန်ဆွဲနေကြတယ်" ဟု အရပ်ဖက်အဖွဲ့အစည်းကိုယ်စားလှယ်တစ်ဦးက နောက်ကွယ်၌ ပြောဆိုမှတ်ချက်ပေးခဲ့သည်။ "ဆုံးဖြတ်ချက်တွေအားလုံးက ထွေ/အုပ်၊ ကာကွယ်ရေးဝန်ကြီးဌာနနဲ့ လုံခြုံရေးနဲ့ နယ်စပ်ရေးရာဝန်ကြီးဌာနတွေဆီက လာတာပါ။"[၉၀]

NLD ၏ နာမည်ဂုဏ်သတင်းကို ထိခိုက်စေခဲ့သည့် မူဝါဒရေးရာအရွေ့များကိုကြည့်ပါက အများအားဖြင့် ၎င်းတို့ကိုယ်တိုင်ချမှတ်ခဲ့သည့် မူဝါဒများကြောင့်ဖြစ်နေသည့် ကိစ္စရပ်ကိုလည်း ဆွေးနွေးဖော်ပြရန် လိုအပ်ပါလိမ့်မည်။ အချို့သည် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲ၌ ပါတီအောင်နိုင်ရေးအတွက် မဲပေးခဲ့ကြသည့် လူထုလူတန်းစားများ မျှော်လင့်မထားသည့် အရေးကိစ္စများဖြစ်နေခဲ့သည်။ အာဏာရခဲ့သည့် ပထမ (၂) နှစ်အတွင်း စိုးရိမ်ပူပန်ရသည့် ကိစ္စရပ်များပိုမိုတိုးပွားမြင့်တက်လာခဲ့သည်။ ဒေသခံများ၏ ခံစားချက်များက NLD အပေါ် သက်ရောက်မှုရှိခဲ့ပုံ မရပေ။ ဆုံးဖြတ်ချမှတ်မှုသည် ဒေါ်အောင်ဆန်းစုကြည်နှင့် ဗမာအများစုဖြစ်သည့် အခွင့်ထူးခံအကြံပေးအဖွဲ့၏ ပတ်ဝန်းကျင်၌သာ စုဝေးနေခဲ့သည်။ နိုင်ငံတစ်နံတစ်လျား၌ ဖြစ်ပွားလျက်ရှိသည့် တပ်မတော်၏ စစ်ရေးသည် သာပထမနည်းဗျူဟာကိုရပ်တန့်ရန်မဆိုထားဘိ ဝေဖန်ထောက်ပြမှုပင် ပြုလုပ်ခဲ့ခြင်းမရှိပေ။ ဒေသခံရပ်ရွာများရှိ တိုင်းရင်းသားပြည်သူများ၏ စိုးရိမ်ပူပန်မှုများကို ကိုင်တွယ်ဖြေရှင်းခြင်းထက် ဒေါ်အောင်ဆန်းစုကြည်၏ ကွယ်လွန်သွားခဲ့ပြီဖြစ်သည့် ဖခင်ကြီးဦးအောင်ဆန်းအထိမ်းအမှတ် ရုပ်တုစိုက်ထူနိုင်ရေးက ပါတီအတွက် ပို၍အရေးကြီးခဲ့ပုံရသည်။ လွိုင်ကော်မြို့ပေါ် ကယားပြည်နယ်အစိုးရ၏ ရုပ်တုစိုက်ထူရေးအစီအစဉ်များကို နယ်ခံအဖွဲ့အစည်းများက ဝေဖန်ရှုံ့ချခဲ့ကြသည်။[၉၁] အလားတူအံ့သြသင့်ခဲ့ရသည့် ကိစ္စရပ်အဖြစ် NLD အစိုးရလက်ထက်၌ နာမည်ဆိုးဖြင့် ကျော်ကြားသည့် ဆက်သွယ်ရေးအက်ဥပဒေပုဒ်မ ၆၆ (ဃ) နှင့် မတရားအသင်းအက်ဥပဒေပုဒ်မ ၁၇/၁ ကဲ့သို့သော ကန့်သတ်ချုပ်ချယ်မှုပြင်းထန်သည့် ဥပဒေများအသုံးပြုမှုကို လျှော့ချသွားရမည့်အစား တိုး၍ အသုံးချလာခဲ့သည်။[၉၂] အကယ်၍ ဤကဲ့သို့သော အရေးယူမှုများကို NLD ၏ အတည်ပြုချက်မရဘဲ ဆောင်ရွက်နေခြင်းဖြစ်သည်ဟု ဆိုလာပါက ပါတီအနေဖြင့်တုန့်ပြန်အရေးယူမှုပြုလုပ်ရန် အလွန်နှေးကွေးခဲ့သည်ဟုဆိုရမည်ဖြစ်သည်။ ထို့ကြောင့် ယခုကဲ့သို့ အရေးယူမှုသည် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလအတွင်း "ဥပဒေ အပြောင်းအလဲ" ပြုလုပ်ခြင်းထက် "တရားဥပဒေစိုးမိုးရေး" ကို ပို၍ထောက်ခံအားပေးသည့် ဒေါ်အောင်ဆန်းစုကြည်၏ သဘောထားဖြစ်သည်ဟု ကျယ်ကျယ်ပြန့်ပြန့် အဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြခြင်းဖြစ်သည်။

## လူသန်ကြီးဂေါလိယက်နှင့် လူကလေးဒေးဗစ်

မည်မျှအသာစီးရယူထားသည်ဖြစ်စေ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲ၌ ယခင်က ဗိုလ်ချုပ်နှင့် ဝန်ကြီးတစ်ဦး ဖြစ်ခဲ့သူ ဦးအောင်မင်းသည် NLD ကိုယ်စားလှယ်လောင်း ဦးအောင်ကျော်စိုးကို ရှုံးနိမ့်သွားခဲ့သည်။ နိုင်ငံရေး အကျဉ်းသားဟောင်းနှင့် နှစ်ပေါင်းများစွာ ကရင်နီနိုင်ငံရေး တက်ကြွလှုပ်ရှားသူတစ်ဦးဖြစ်သည့် ၎င်းကိုယ်တိုင် အနိုင်ရမည်ဟု မထင်ထားကြောင်းပြောဆိုခဲ့သည်။ “ကျနော်ရှုံးလိမ့်မယ်လို့ ကျိန်းသေတွက်ထားပြီးသား” ဟု ဦးအောင်ကျော်စိုး ဆက်လက်ပြောဆိုသွားခဲ့သည်။ “ကျနော်တို့ ပြည်နယ်အကျိုးစီးပွားအတွက် သူနဲ့ဘယ်လို လက်တွဲအလုပ် လုပ်ရင်ကောင်းမလဲလို့တောင် စဉ်းစားထားပြီးပြီ။”

ဦးအောင်ကျော်စိုးသည် ၎င်း၏ချက်မြှုပ်ဇာတိ ရှားတောမြို့နယ်၏ ဥပဒေပြုအမတ်နေရာကို အနိုင်ရ ရှိခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ၁၉၉၈ ခုနှစ် ဒီမိုကရေစီအရေးတော်ပုံ၌ ပါဝင်ခဲ့ပြီး နဝတအာဏာသိမ်းခဲ့သည့် စက်တင်ဘာလ ၁၉ ရက်နေ့နောက်ပိုင်း ထိုင်းနိုင်ငံနယ်စပ်သို့ ထွက်ပြေးတိမ်းရှောင်သွားခဲ့ခြင်းဖြစ်သည်။ နယ်စပ်၌ ဗမာနိုင်ငံလုံးဆိုင်ရာ ဒီမိုကရေစီကျောင်းသားတပ်မတော်နှင့် သွားရောက်ပူးပေါင်းခဲ့သည်။ သို့သော် လည်း ၁၉၉၀ ခုနှစ်၌ တပ်မတော်၏ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရပြီး ထောင်ထဲရောက်သွားခဲ့သည်။ “သူတို့ဖက်က ကျနော့ကို လူသတ်မှုနဲ့ တရားမဝင်လက်နက်ကိုင်ဆောင်မှုစတဲ့ ပြစ်မှုတွေအပါအဝင် အမှုပေါင်းများစွာနဲ့ စွဲချက်တင်ပြီး သေဒဏ်ပေးခဲ့ကြတယ်။ ဒ့ါအပြင် ကျနော်တောခိုခဲ့တုန်းက တက္ကသိုလ်ပိုင် လက်နှိပ်စက်တစ်လုံး ပါယူသွားခဲ့တဲ့အတွက် နောက်ထပ်ထောင်ဒဏ်ငါးနှစ် ထပ်ချခဲ့တယ်” ဟု ပြောဆိုခဲ့သည်။ “ထောင်ထဲမှာ စာအုပ် တွေ သို့မဟုတ် စာတိုပေစတွေကို သွင်းခွင့်မပြုထားတဲ့အတွက် လက်ဝယ်ထားမိတဲ့သူကိုတွေ့ရင် ရိုက်နှက် ပြစ်ဒဏ်ပေးလေ့ရှိတယ်။ ဒါကြောင့် ဘုရားစာကို အလွတ်ရွတ်ဖတ်နိုင်ဖို့ ကျနော်ကြိုးစားခဲ့တယ်။ ထောင်သား တစ်ယောက်က အစောင့်တွေကို သွားပြောပြခဲ့တဲ့အတွက် ကျနော်အရိုက်ခံခဲ့ရတယ်။”

ဦးအောင်ကျော်စိုးသည် နာမည်ဆိုးဖြင့် ကျော်ကြားလှသည့် အင်းစိန်အကျဉ်းထောင်၌ (၇) နှစ်မျှ သီးခြား တိုက်ပိတ်ခံခဲ့ရသူဖြစ်သည်။ နောက်ပိုင်း ၎င်း၏သေဒဏ်ကို တစ်သက်တစ်ကျွန်းပြစ်ဒဏ်အဖြစ် လျှော့ပေ့ါပေးခဲ့ ပြီးသမ္မတဦးသိန်းစိန်၏ လွတ်ငြိမ်းချမ်းသာခွင့်အစီအစဉ်ဖြင့် ၂၀၁၁ ခုနှစ် အောက်တိုဘာလ၌ ပြန်လည်လွတ် မြောက်လာခဲ့ခြင်းဖြစ်သည်။ ပြန်လွှတ်လာပြီးနောက်ပိုင်း နိုင်ငံရေးလောကသို့ ပြန်လည်ဝင်ရောက်လာခဲ့ပြီး NLD နှင့် ပူးပေါင်းသွားခဲ့သည်။ “လူထုအနေနဲ့ အပြောင်းအလဲတွေကို အရမ်းမြင်ချင်နေကြတာမို့ ကျနော့်ပါတီအပေါ် ကျနော်လုံးဝယုံကြည်တယ်” ဟု ဦးအောင်ကျော်စိုးက ပြောပြခဲ့သည်။ “ကျနော်တို့ရဲ့ ဥက္ကဋ္ဌကြီး (ဒေါ်အောင် ဆန်းစုကြည်) ကို ကျနော်ယုံတယ်။ ဒါကြောင့်လည်း ကျနော်အရွေးခံခဲ့ရတာပါ” ဟု ဆက်လက်ပြောဆိုခဲ့သည်။

အနာဂတ်၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ဆောင်ရွက် သွားမည်ဟု ၎င်းက ကတိကဝတ်ပြုခဲ့သည်။ “ငြိမ်းချမ်းရေးမရှိဘဲနဲ့ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ဖွံ့ဖြိုးရေးဆိုတာ ရှိ လာမှာမဟုတ်ဘူး” ဟု ပြောဆိုခဲ့သည်။ “တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်ကို အဖွဲ့ တစ်ချို့ပဲ လက်မှတ်ရေးထိုးခဲ့တဲ့အတွက် အမျိုးသားအဆင့်မှာ အားလုံးကိုလွှမ်းခြုံမှုရှိမနေဘူး။ ဒါနဲ့ပဲ ကျေနပ်နေ လို့တော့ မဖြစ်ဘူး” ဟု ထပ်မံပြောဆိုခဲ့သည်။ “ပြည်နယ်ကသာ သေးတယ်ဆိုပေမယ့် ကယားပြည်နယ်အတွင်း မှာမဖြစ်မနေရင်ဆိုင်ဖြေရှင်းရမယ့် လက်နက်ကိုင်အဖွဲ့အစည်း (၇) ဖွဲ့တောင် ရှိနေတယ်။”

**ရင်းမြစ်** – ၂၀၁၆ မတ်လ ၄ ရက်နေ့ထုတ် မြန်မာတိုင်းမ်၌ ထူးသန့်နှင့် ပြည့်သက်ဖြိုးတို့ ရေးသားဖော်ပြခဲ့ သည့် “၁၉၈၈ ခုနှစ်ပြာပုံထဲက ထိုးထွက်လာတဲ့ ဇာမဏီငှက်ငယ်” ဆောင်းပါးမှ ကိုးကားဖော်ပြခြင်းဖြစ်သည်။

ဤကဲ့သို့သော နောက်ခံအခင်းအကျင်းမျိုး၌ အစိုးရ၏ လုပ်ရည်ကိုင်ရည်ကို အကဲဖြတ်ရန် မဲဆန္ဒရှင် ပြည်သူများကို အခွင့်အရေးပေးမည့် ၂၀၁၇ ခုနှစ် ဧပြီလ လွှတ်တော်ကြားဖြတ် ရွေးကောက်ပွဲကြီး နီးကပ်လာခဲ့သည်။ ကြားဖြတ်ရွေးကောက်ပွဲသည်ကမ္ဘာပေါ်ရှိမည်သည့် အာဏာရအစိုးရအတွက်မဆို အမြဲတမ်းခေါင်းခဲရသည့် ကိစ္စရပ်တစ်ခုဖြစ်သည်။ ရာစုနှစ်ထက်ဝက်ကျော်အတွင်း ဒီမိုကရေစီနည်းလမ်းတကျ ရွေးကောက်တင်မြှောက်ခံခဲ့ရသည့်အစိုးရလက်ထက်၌ကျင်းပသည့် ပထမဦးဆုံးအကြိမ် မြောက်ကြားဖြတ်ရွေးကောက်ပွဲဖြစ်သဖြင့် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲရလဒ်များကို အထူးတလည်စိတ်ဝင်တစား စောင့်ကြည့်နေခဲ့ကြသည်။ ကယားနှင့် အခြားတိုင်းရင်းသားပြည်နယ်များ၌ NLD ကို ပြစ်တင်ဝေဖန်မှုများ ကျယ်ကျယ်လောင်လောင် ထွက်ပေါ်လာခဲ့သည်။

## ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ

အမျိုးသားနိုင်ငံရေး ဇာတ်ခုံတွင်း တစ်ဆစ်ချိုး အပြောင်းအလဲများ ပေါ်ပေါက်လာခြင်း မရှိခဲ့သဖြင့် တိုင်းရင်းသား အခြေပြုပါတီများ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲထက်စာလျှင် ၂၀၁၇ ခုနှစ် ဧပြီလကြားဖြတ်ရွေးကောက်ပွဲ၌ ပို၍အခြေအနေကောင်းလာသည့်အပေါ် အံ့သြသင့်ခြင်းသိပ်မရှိခဲ့ကြပေ။ NLD အာဏာရလာခဲ့ပြီး တစ်နှစ်အကြာ၌ နိုင်ငံတစ်နံတစ်လျားရှိ တိုင်းရင်းသားပြည်သူ မဲဆန္ဒရှင်များသည် တိုးတက်မှုနှုန်းနှေးကွေးလှသည့် ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးအပြောင်းအလဲပေါ် သည်းညည်းမခံနိုင်ဖြစ်လာခဲ့ကြသည်။ ရွေးကောက်ပွဲနေ့မတိုင်မီ တစ်ရက်အလို၌ ကရင်နီဖွံ့ဖြိုးရေးလုပ်သားတစ်ဦးက NLD ၏ လုပ်ရည်ကိုင်ရည်နှင့် ပတ်သက်သည့် မဲဆန္ဒရှင်ပြည်သူများ၏ အမြင်ကို "တစ်ခါတစ်ခါတော့ NLD အစိုးရကို မဲထည့်ခဲ့တာမှားသွားလားလို့ကိုယ့်ကိုကိုယ်ပြန်မေးမိတဲ့အချိန်တွေ ရှိခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ ကရင်နီပြည်မှာ ကောင်းမွန်တဲ့ တိုးတက်ပြောင်းလဲမှုတွေကို ခုချိန်ထိမတွေ့ရသေးဘူး။ ဝန်ကြီးချုပ်ကလည်း ဒီကိစ္စကို ဖိဖိစီးစီးလုပ်နေတာ မရှိတဲ့အတွက် အရင်အစိုးရနဲ့ ဘာမှကွာခြားမှုမရှိသေးဘူး" ဟု ပြောဆိုခဲ့သည်။[၉၄]

ရွေးကောက်ပွဲ ဆက်လက်ကျင်းပခဲ့ပြီးနောက် နိုင်ငံအဝှမ်း၌ ကိုယ်စားလှယ်နေရာ စုစုပေါင်း (၁၉) ခုရှိသည့်အနက် NLD က (၉) နေရာကို အနိုင်ရရှိခဲ့သည်။[၉၅] ရှမ်းပြည်နယ်၌ SNLD သည် ကိုယ်စားလှယ်နေရာ (၇) ခုအနက် (၆) နေရာကို အနိုင်ရရှိခဲ့သဖြင့် များစွာအခြေအနေကောင်းနေခဲ့သည်။ ကယားပြည်နယ်၏ တစ်ခုတည်းသောလစ်လပ်နေရာကို ANDP ၏ ဦးသဲရယ်က "စစ်မှန်သည့် ဖက်ဒရယ်ပြည်ထောင်စု" လမ်းကြောင်းပေါ် ရပ်တည်၍အနိုင်ရခဲ့ပြီး ဖရူဆိုမြို့နယ် ကိုယ်စားလှယ်ဖြစ်လာခဲ့သည်။[၉၆] နိုင်ငံပိုင်မီဒီယာမှတစ်ဆင့် ၎င်းက အောက်ပါအတိုင်း ကတိကဝတ်ပြုပြောဆိုသွားခဲ့သည်။

> "ကျနော့်ရဲ့ မဲဆန္ဒနယ်နဲ့ ပြည်နယ်အတွက် ကျနော် လုပ်နိုင်တာ အကုန်လုပ်သွားမှာပါ။ လူထုအနေနဲ့ ကျနော့်အပေါ် အခုလို ယုံကြည်ပေးခဲ့အတွက် အရမ်းကျေးဇူးတင်ပါတယ်။ ကျနော့်အနေနဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို အာရုံစိုက်အကောင်အထည် ဖော်သွားမှာပါ။ လွှတ်တော်က ပေးအပ်လာမည့် တာဝန်ဝတ္တရားတွေနဲ့ လုပ်ပိုင်ခွင့်တွေနဲ့အညီ ကျနော်အကောင်းဆုံး လုပ်သွားမှာပါ။ ကယားပြည်နယ်အတွက် ငြိမ်းချမ်းရေးက အရမ်းအရေးကြီးတဲ့ ကိစ္စရပ်တစ်ခုဖြစ်တယ်။ ၂၁ ရာစုပင်လုံ ညီလာခံမှာ ပြည်နယ်အကျိုးစီးပွားအတွက် တတ်နိုင်သမျှ အကောင်းဆုံး ပါဝင်ဆောင်ရွက်သွားဖို့ စီစဉ်ထားပါတယ်။ ကျနော့်အနေနဲ့ လက်ရှိအစိုးရ၊ တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေအကြား ငြိမ်းချမ်းရေးရအောင် ဆောင်ရွက်သွားဖို့ ရည်မှန်းထားပါတယ်။"[၉၇]

ယခုတစ်ကြိမ်တွင်လည်း ကယားပြည်နယ်တွင်း ရွေးကောက်ပွဲရလဒ်နှင့် ပတ်သက်၍ နိုင်ငံရေးဂယက်ရိုက်ခတ်မှုများ ရှိလာခဲ့ပြန်သည်။ ANDP ၏ အောင်မြင်မှုသည် ဒေသတွင်း၌ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲကာလနောက်ပိုင်း တိုင်းရင်းသားအခြေပြုပါတီတစ်ခုမှ ပထမဦးဆုံးအကြိမ် ပြန်လည်ရရှိခဲ့သည့် အောင်ပွဲတစ်ခုဖြစ်သည်။မတော်တဆအနိုင်ရခဲ့သည့်ရလဒ်တစ်ခုမဟုတ်ပေ။ ပထမဦးဆုံးအချက်အနေဖြင့် တိုင်းရင်းသားအခြေပြုပါတီသုံးခုဖြစ်သည့် ANDP၊ KUDP နှင့် KNP တို့အားလုံး ကိုယ်

စားလှယ်လောင်းတစ်ဦးကိုသာ ရှေ့တန်းတင်၍ အချင်းချင်း ပြိုင်ဆိုင်မှုမပြုရန် သဘောတူခဲ့ကြသည်။ ANDP နှင့် KUDP တို့သည် ပါတီတစ်ခုတည်းအဖြစ် ပေါင်းစပ်သွားရန် သဘောတူခဲ့ကြသော်လည်း အချိန်မီမှတ်ပုံတင်နိုင်ခြင်းမရှိခဲ့ပေ။[၉၈] ထို့ကြောင့် ၎င်းတို့သည် ANDP ကိုကိုယ်စားပြု၍ ကိုယ်စားလှယ်လောင်း တစ်ဦးတည်းကိုသာ ဝင်ရောက်ယှဉ်ပြိုင်စေရန် ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်သည်။ ၎င်းတို့နှင့် အတူ KNPသည်လည်းပါတီသစ်နှင့်ဆန့်ကျင်၍ဝင်ရောက် ယှဉ်ပြိုင်သွားမည်မဟုတ်ကြောင်း ကတိပြုခဲ့သည်။[၉၉] နှစ်ကုန်ပိုင်း စက်တင်ဘာလအရောက်တွင် ရွေးကောက်ပွဲ ကော်မရှင်သည် ANDP နှင့် KUDP တို့ အချင်းချင်းပူးပေါင်း၍ ကယားပြည်နယ် ဒီမိုကရက်တစ်ပါတီသစ်အဖြစ် ပြောင်းလဲဖွဲ့စည်းမှုကို တရားဝင်လက်ခံအသိအမှတ်ပြုခဲ့သည်။[၁၀၀]

ဒုတိယအချက်အဖြစ် အနိုင်ရကိုယ်စားလှယ်လောင်း သဲရယ်သည် အများလေးစားသည့် နယ်ခံတက်ကြွလှုပ်ရှားသူတစ်ဦးဖြစ်ပြီး မြေယာလုယူမှုကို ဆန့်ကျင်သည့် နာမည်ကျော် "ထွန်တုံးတိုက်ပွဲ" (အခန်း ၇ ကိုကြည့်ပါ) ကို ဦးဆောင်ခဲ့သူတစ်ဦးဖြစ်သည်။ ထိုကဲ့သို့သော အတွေ့အကြုံကမဲဆန္ဒရှင်ပြည်သူများအကြား၎င်းအပေါ်ယုံကြည်စိတ်ချမှုရှိရန် များစွာအထောက်အကူပြုခဲ့သည်။ တတိယအနေဖြင့် ပါတီ၏ လုပ်ရည်ကိုင်ရည်ကို မေးခွန်းထုတ်စရာဖြစ်ခဲ့သည့် အမှားတစ်ခုမှာ NLD သည် ရွေးကောက်ပွဲကော်မရှင်မှ တရားဝင်နောက်ဆုံးထား၍ မှတ်ပုံတင်ရန် သတ်မှတ်ထားသည့် ကာလမကုန်ဆုံးမီ ကိုယ်စားလှယ်လောင်းတစ်ဦးကို အချိန်မီမှတ်ပုံတင်နိုင်ခြင်း မရှိခဲ့သည့် အချက်ဖြစ်သည်။ ဤကိစ္စရပ်နှင့်စပ်လျဉ်း၍ NLD ဗဟိုအလုပ်အမှုဆောင်ကော်မတီသည်ရွေးကောက်ပွဲနေ့မတိုင်ခင်တစ်ရက်အလို၌ ဖရူဆိုမြို့နယ် NLD ဥက္ကဋ္ဌနှင့် ကယားပြည်နယ် NLD ဥက္ကဋ္ဌနှစ်ဦးစလုံးကို ရာထူးမှ ဖယ်ရှားပစ်ခဲ့သည်။[၁၀၁]

ANDP ၏ အောင်မြင်မှုရလဒ်သည် ဒေသန္တရပြည်နယ်အဆင့်နှင့်အမျိုးသားအဆင့်နှစ်ခုစလုံးအတွက်အရေးကြီးခဲ့သည်။ ကိုယ်စားလှယ်နေရာတစ်ခုသာဖြစ်သည်ဟု




ကယန်းအမျိုးသားပါတီ (KNP) ၏ ရွေးကောက်ပွဲကြေညာသင်ပုန်း

ယူဆနိုင်သော်လည်း မဲဆန္ဒရှင်ပြည်သူ အများအပြားအတွက် ၂၀၁၇ ခုနှစ် ရွေးကောက်ပွဲသည် NLD–တပ်မတော်အစိုးရ လက်ထက် ကယားပြည်နယ်နိုင်ငံရေး ဇာတ်ခုံပေါ်၌ ကြုံတွေ့ရသည့် စိန်ခေါ်မှုအများအပြားကို ကိုယ်စားပြုထင်ဟပ်စေခဲ့သည်။ များမကြာမီ မေလအတွင်း ခေါ်ယူကျင်းပခဲ့သည့် နောက်ဆက်တွဲ ၂၁ ရာစုပင်လုံညီလာခံသည် ထင်သာမြင်သာရှိသည့် တိုးတက်မှုများကို ဆောင်ကျဉ်းပေးနိုင်မှုမရှိခြင်းက NLD ၏ ပဲ့ကိုင်မှုအောက်ရှိ အစိုးရ၏ နိုင်ငံရေးဦးတည်ချက်အပေါ် စိုးရိမ်ပူပန်မှုများကို ပိုမိုကြီးထွားလာစေခဲ့သည်။ နိုင်ငံတစ်နံတစ်လျား၌လည်း ANDP ၏ နိုင်ငံရေးပါတီချင်း ပေါင်းစည်းမှုကို စံနမူနာထား အတုယူသည့် တိုင်းရင်းသားလှုပ်ရှားမှုများ ကြီးထွားလာခဲ့သည်။[၁၀၂]

ကယားပြည်နယ်၏ နိုင်ငံရေးရေချိန်သည် လွိုင်ကော်မြို့အနီး၌ KNPP စစ်သားသုံးဦးနှင့် အရပ်သားတစ်ဦး တပ်မတော်၏ သတ်ဖြတ်မှုခံခဲ့ရသည့် ဒီဇင်ဘာလအရောက်တွင် ပို၍ဆိုးရွားပြင်းထန်လာခဲ့သည် (အခန်း ၄ ကိုကြည့်ပါ)။ ယင်းသေဆုံးမှုများကို ဆန့်ကျင်ဆန္ဒပြခဲ့ကြသည့် အရပ်ဖက်အဖွဲ့အစည်းများမှ တက်ကြွလှုပ်ရှားသူများနှင့်အတူ KNP ပါတီဥက္ကဋ္ဌခွန်းဘီထူး ထပ်မံအဖမ်းခံခဲ့ရပြီးနောက် နယ်ခံလူထု၏ ဒေါသအိုး ပိုမိုပေါက်ကွဲလာခဲ့သည်။ နောက်ပိုင်း၌ ခွန်းဘီထူးအပေါ် စွဲချက်တင်ထားသည့် ပုဒ်မများကို ပြန်လည်ရုပ်သိမ်းပေးခဲ့သော်လည်း အစိုးရ၏ အမှုကိုင်တွယ်မှုသည် အလွန်အရေးကြီးသည့် အချိန်အခါ၌ လူထု၏ ယုံကြည်စိတ်ချမှုကို ပျက်ပြားသွားစေခဲ့သည်။ ရခိုင်ပြည်နယ်တွင်းရှိ ရိုဟင်ဂျာစစ်ဘေးဒုက္ခသည်များအရေးအခင်းအပြင် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း ဒေသများ၌ စစ်ရှိန်မြင့်လာသည့် တပ်မတော်၏ ထိုးစစ်ဆင်တိုက်ခိုက်မှုများက NLD နှင့် တပ်မတော်အကြား မည်သည့်ဖက်က အစိုးရကို လက်တွေ့ဦးဆောင်နေသနည်းဟူသည့် တိုင်းရင်းသားအင်အားစုများ၏စိုးရိမ်ပူပန်မှုများကို ဖြေသိမ့်ပေးနိုင်ရန် ပို၍အလှမ်းဝေးသွားစေခဲ့သည်။

ဖေဖော်ဝါရီလ၌ အစိုးရအရာရှိပေါင်းများစွာ တက်ရောက်ပါဝင်ခဲ့သည့် NLD၏ လွိုင်ကော်နှင့် ဒီမော့ဆိုမြို့နယ်တန်ပြန်လူထုဆက်ဆံရေး တည်ဆောက်ပွဲသို့ ကယားရွာသူရွာသားပေါင်း ၂၀၀၀ ကျော် တက်ရောက်ပါဝင်ခဲ့ သည်ဟု သတင်းထုတ်ပြန်ခဲ့ကြသည်။ “ဒါက ကယားလူထုရဲ့ နိုင်ငံရေး ရည်မှန်းချက်ဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ တစ်ခြားပါတီတွေထက်စာရင် NLD ကိုမဲပေးတာက နိုင်ငံအတွက် ပိုကောင်းလိမ့်မယ်လို့ သူတို့ခံယူထားကြလို့ပါ” ဟု NLD ဗဟိုကော်မတီဝင် ဦးအောင်စိုးက ပြောဆိုသွားခဲ့သည်။[၁၀၃] သို့သော်လည်းပြန်လည်ပြင်ဆင်မရသည့်ထိခိုက်ပျက်စီးမှုကြီး ဖြစ်ပွားသွားခဲ့ပြီးဖြစ်သည်။ ကယားပြည်နယ်နှင့် ကျန်နယ်မြေဒေသများရှိ အဖြစ်အပျက်များအားလုံးကို တပ်မတော်ကသာ ထိန်းချုပ်ဆုံးဖြတ်လျက်ရှိသည်ဟူသည့် အမြင်သဘောထားမျိုး နိုင်ငံရေးအသိုက်အဝန်းများအကြား ပျံ့နှံ့နေခဲ့ပြီဖြစ်သည်။

နောက်ဆက်တွဲအဖြစ် မတ်လ၌ နေထိုင်မကောင်းဖြစ်နေခဲ့သည့် မြန်မာနိုင်ငံ သမ္မတဦးထင်ကျော်နေရာကို ဦးဝင်းမြင့်က အစားထိုးနေရာယူ၍ ၎င်း၏ပထဦးဆုံးသောမိန့်ခွန်းအတွင်း တရားဥပဒေ စည်းကြပ်ဖော်ဆောင်ရေးနှင့်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတစ်ရပ်တည်ထောင်ရေးဟူသည့် ရည်ရွယ်ချက်သုံးရပ်ကို ဦးတည်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောဆိုသွားခဲ့သည်။ သမ္မတလွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြန်လည်လွတ်မြောက်လာကြသည့် အကျဉ်းသားဦးရေ ၈၅၀၀ အတွင်း နိုင်ငံရေးအကျဉ်းသား ၃၆ ဦး လည်းပါဝင်ခဲ့သည်။ သို့သော်လည်း အစိုးရအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့် တိုင်းရင်းသားငြိမ်းချမ်းရေး လုပ်ငန်းများကိုမည်ကဲ့သို့ဆက်လက် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ပြဆိုလျက်ရှိသည့် ညွှန်းကိန်းသစ်များပေါ်ထွက်လာခဲ့ခြင်းမရှိပေ။[၁၀၄] နိုင်ငံအဝှမ်း အဓိပ္ပာယ်ပြည့်ဝသည့်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဖော်ဆောင်ရန်ပျက်ကွက်မှုအပေါ် စိတ်ပျက်နေကြသည့် ကိစ္စရပ်ကို NLD အနေဖြင့် တုန့်ပြန်လိုပါက ၂၀၂၀ ခုနှစ်၌ ခေါ်ယူကျင်းပသွားရန် ပြင်ဆင်ထားသည့် အထွေထွေရွေးကောက်ပွဲ မတိုင်မီ အလျင်အမြန်ဖြည့်ဆည်းဆောင်ရွက်သွားရန် လိုအပ်သည်ဟူသည့် အမြင်သဘောထားများ တွင်ကျယ်ပျံ့နှံ့လျက်ရှိသည်။

ယနေ့မြန်မာနိုင်ငံအတွင်း ဆယ်စုနှစ်ပေါင်းများစွာကြာမြင့်လာပြီဖြစ်သည့် ပဋိပက္ခနှင့် စစ်အုပ်ချုပ်ရေးအလွန်၌ ညတွင်းချင်း ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို

ဖော်ဆောင်နိုင်မည် မဟုတ်ကြောင်း ယေဘုယျအားဖြင့် လက်ခံထားကြပြီးဖြစ်သည်။ ထို့အပြင် ကုန်လွန်ခဲ့သည့် ရှေ့နှစ်များအတွင်း ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရယူခဲ့စဉ် ကသဘောတူခဲ့ကြသည့် ပြည်ထောင်စုနှင့် တန်းတူညီမျှ ရေးကတိကဝတ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သည့် အခွင့်အလမ်းကောင်းများကို ဖန်တီးပေးနိုင်မည့် အရေးပါသည့် အရွေ့များကို ဖော်ဆောင်ခဲ့ကြကြောင်းကိုလည်းအသိအမှတ်ပြုထားကြပြီးဖြစ်သည်။သို့သော်လည်း ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ တစ်ဆို့နေခြင်းနှင့် စစ်ဘောင်ချဲ့မှုများ ဆက်လက်ဖြစ်ပွားနေခြင်းတို့ကြောင့် ဒီမိုကရေစီထုံးနည်းစံကျဖြစ်သည့် အစိုးရတစ်ရပ်နှင့် တစ်နိုင်ငံလုံးအတိုင်းအတာ ငြိမ်းချမ်းရေးရရှိရန် အလှမ်းဝေးနေဆဲပင်ဖြစ်သည်။



ရိုးရာကေ့ထျိုးဘိုးတံခွန်တိုင်များ (TK)

## အခန်း ၇။ အသွင်ကူးပြောင်းရေးကာလ လူထုလူတန်းစားများ

ကုန်လွန်ခဲ့သည့် (၆) နှစ်တာကာလသည် ကယားပြည်နယ်အတွင်း၌ သိသာထင်ရှားသည့် အပြောင်းအလဲများကို ဆောင်ကျဉ်းလာခဲ့သည်။ သို့သော်လည်း အသွင်ကူးပြောင်းရေးကာလအတွင်း ကရင်နီနိုင်ငံရေးဇာတ်ခုံ၏ ဗဟိုချက်ဖြစ်နေပြီး လက်နက်ကိုင်ပဋိပက္ခဒဏ်ကို နှစ်ပေါင်းများစွာ ခါးစည်းခံခဲ့ကြရသူများသည် ကရင်နီလူထုလူတန်းစားများကိုယ်တိုင် ဖြစ်နေသည်။ ၎င်းတို့၏ ဘဝများအပေါ် ရိုက်ခတ်လျက်ရှိသည့် အရေးပါသည့် ကိစ္စရပ်များနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်ချမှတ်မှုနှင့် သတင်းအချက်အလက်များကို လက်လှမ်းမီနိုင်ရန် ကွာဝေးနေကြဆဲဖြစ်သည်။ တစ်ချို့တစ်ဝက်သည်သာ မြို့နေလူတန်းစားများဖြစ်ကြပြီး အများစုသည် ကျေးလက်နေလူထုလူတန်းစားများဖြစ်ကြပြီး နေရပ်စွန့်ခွာစစ်ဘေးတိမ်းရှောင်ရမှုဒဏ် ခံစားနေရသူများလည်း အလွန်များပြားနေဆဲဖြစ်သည်။ လက်ရှိအချိန်၌ ၎င်းတို့ကို ကိုယ်စားပြုသည်ဟုတရားဝင်ပြောဆိုနိုင်ရန်နှင့် ၎င်းတို့၏ လက်ခံအသိအမှတ်ပြုမှုရရှိရန် အပြိုင်အဆိုင်ဖြစ်နေသည့် စစ်ဖက်နှင့် အခွင့်ထူးခံ နိုင်ငံရေးသမားများ အများအပြားရှိ နေကြသည်။ တစ်ချိန်တည်းလိုလို၌ ကယားပြည်နယ်သို့ စုပြုံဝင်ရောက်လာသည့် ပြင်ပအကျိုးစီးပွားများနှင့် ဇာတ်ကောင်များသည် အများအားဖြင့် နောက်ပိုင်း၌ ဆိုးကျိုးများကို သာသယ်ဆောင်လာလေ့ရှိသည်။

လက်ရှိအခင်းအကျင်း၌ ကောင်းကျိုးဆောင်သည့် အရွေ့တစ်ချို့ရှိနေကြောင်းကို သံသယရှိစရာ မလိုပေ။ ယခင်ကလွတ်လွတ်လပ်လပ်သွားလာပြောဆိုနိုင်ခြင်းမရှိအောင်ကန့်သတ်ခွဲခြားခံထားရသည့် လူမှုအသိုက်အဝန်းများပိုမိုနီးစပ်လာခဲ့ပြီဖြစ်သည်။ သို့သော်လည်း နိုင်ငံအတွင်းရှိ အခြားနယ်မြေဒေသများနည်းတူ နှစ်ပေါင်းများစွာရှည်ကြာလာခဲ့သည့် လက်နက်ကိုင်ပဋိပက္ခက ဆင်းရဲတွင်းနက်သည်ထက် နက်သွားစေခဲ့ပြီး ယခုအချိန်ထိ ကိုင်တွယ်ဖြေရှင်းနိုင်ခြင်းမရှိသေးသည့် အယုံအကြည်တန်မှုနှင့်ဆိုးရွားပြင်းထန်သည့် နိုင်ငံရေးနှင့် လူသားချင်းစာနာထောက်ထားရေးဆိုင်ရာ စိန်ခေါ်မှုများကို အမွေဆက်ခံ



သံလွင်မြစ်တစ်လျှောက် ထိုင်းနိုင်ငံသို့ ဦးတည်ထွက်ပြေးလာကြသည့် ကရင်စစ်ဘေးဒုက္ခသည်များ (MS)

ထားရသည်။ ကယားပြည်နယ်၏ နိုင်ငံရေးအသွင်ကူးပြောင်းမှု အောင်မြင်ခဲ့လျှင်ပင် နယ်ခံလူထုများ၏ ပူးပေါင်းပါဝင်မှုနှင့် ဆက်လက်ဆွေးနွေးတိုင်ပင်မှု ပြုလုပ်သွားရန် အလွန်အရေးကြီးသည်။လွန်ခဲ့သည့်ခြောက်နှစ်တာကာလအတွင်း နှေးကွေးလေးလံလှပြီး ရေရေရာရာမရှိသည့် ငြိမ်းချမ်းရေး တည်ဆောက်မှုလုပ်ငန်းစဉ်ကို အစပြုနိုင်ခဲ့သည် မှန်သော်လည်း ရှေ့ခရီး၌ စိန်ခေါ်မှုအများအပြား စောင့်ကြိုနေဆဲဖြစ်သည်။

## သွေးတိုးစမ်းခြင်း

ကရင်နီအမျိုးသား တိုးတက်ရေးပါတီ၏ ၂၀၁၂ ခုနှစ် အပစ်အခတ်ရပ်စဲချိန်မှစ၍ ကယားပြည်နယ်လူထုများသည် နိုင်ငံရေးရေချိန်သစ်ကို အကြမ်းဖျင်းတီးခေါက်သွေးတိုးစမ်းခဲ့ကြပြီး အပြောင်းအလဲသစ်က မိမိတို့၏ နေ့စဉ်ဘဝအတွက် မည်သို့အဓိပ္ပာယ်ရသနည်း သို့မဟုတ် မရသနည်းဟု ကြိုးပမ်းဆဝါးပုံဖော်ကြည့်ခဲ့ကြသည်။ သို့သော်လည်း မီဒီယာသတင်းဆောင်းပါးများ၌ ရေးသားဖော်ပြကြသကဲ့သို့မဟုတ်ဘဲ ပိုမိုနှေးကွေးလေးလံ၍ ရှုပ်ထွေးပြီး စေ့စပ်ညှိနှိုင်းရသည့် လုပ်ငန်းစဉ်ဖြစ်နေသဖြင့် ရေရာရှင်းလင်းပြတ်သားမှုမရှိဘဲ ဖြစ်နေခဲ့သည်။ လူထုအများစုသည် ကြိုတင်ပြင်ဆင်ထားခြင်းမရှိခဲ့သဖြင့် ဘေးရောက်သွားမည့် အရဲစွန့်ရမှုအန္တရာယ် ရှိလာခဲ့သော်လည်း အချို့သောသူများက ဒေသတွင်းသို့ ရောက်ရှိလာကြသည့် ပြင်ပဧတ်ကောင်များနှင့်အတူ အခွင့်အလမ်းသစ်များကိုအကျိုးရှိအောင်အသုံးချရန် အဆင်သင့်ရှိနေခဲ့ကြသည်။ ဤသို့ကွာခြားမှုသည် လုံးဝဥဿုံမဟုတ်ခဲ့သော်လည်း မြို့ပြနှင့် ကျေးလက်အကြား အကြမ်းဖျင်းအားဖြင့် အလှမ်းကွာသွားစေရန် စည်းခြားပေးခဲ့သည်။

၂၀၁၂ ခုနှစ်နောက်ပိုင်း အပြောင်းအလဲများကို သုံးသပ်ကြည့်ပါက ပြည်နယ်၏ မတူကွဲပြားခြားနားသည့် ဒေသအစိတ်အပိုင်းများ၌ မီတင်းနေထိုင်လျက်ရှိသည့် လူထုများ၏ ယေဘုယျအမြင်၌ ရပ်ပိုင်းဆိုင်ရာလုံခြုံရေး တိုးတက်ကောင်းမွန်လာခဲ့ပြီး လူ့အခွင့်အရေးချိုးဖောက်မှုများအတော်အသင့် လျော့နည်းသွားစေခဲ့သည်။ ထို့အပြင် ယခင်ကထက်စာလျှင် ပို၍လွတ်လွတ်လပ်လပ် သွားလာလှုပ်ရှားမှုနှင့် ဆက်သွယ်ပြောဆိုမှုများ ပြုလုပ်လာနိုင်သလို အခြေခံအဆောက်အအုံများလည်း ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး အစိုးရအဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုပေးအပ်ကြသူများအကြားအပြန်အလှန်ထိတွေ့ဆက်ဆံမှုများလည်း

မြင့်တက်လာခဲ့သည်။ "အပစ်အခတ်မရပ်ခင်တုန်းကဆို ရင်ကန့်သတ်ချက်တွေ အရမ်းများတယ်။ မြန်မာပြည်တွင်း ကလူတွေနဲ့ နိုင်ငံခြားဧည့်သည်တွေအနေနဲ့ လွိုင်ကော်ကို လာဖို့ အရမ်းခက်တယ်" ဟု KNPP နှင့် အဆက်အစပ်ရှိ သည့် ကရင်နီလူမှုဖူလုံရေးနှင့် ဖွံ့ဖြိုးရေးကော်မတီမှ ဗညားခွန်အောင် ပြောဆိုသွားခဲ့သည်။[၁] "KNPP အပစ် အခတ်ရပ်စဲပြီး ပထမဦးဆုံး ပြောင်းလဲသွားတာကတော့ လမ်းပန်းဆက်သွယ်ရေး ပိုကောင်းလာတာပါပဲ" ဟု နိုင်ငံ တကာအဖွဲ့အစည်းတစ်ခု၏ နယ်ခံကိုယ်စားလှယ်ကမှတ် ချက်ပေးခဲ့သည်။ "အရင်ကဆိုရင် လွိုင်ကော်မြို့အထွက် ဝါးတားဂိတ်ကျော်တာနဲ့ အမည်းရောင်နယ်မြေဖြစ်သွား ပြီ။ အခုကျတော့ အရင်က သွားလာလို့မရခဲ့တဲ့ နေရာဒေသ အတော်များများကို ကျနော်တို့ သွားလာနိုင်ပြီ။ ဒါက ကောင်းတဲ့အချက်တစ်ခုပါ။ လူထုအနေနဲ့လည်း သတင်း အချက်အလက်တွေကို အရင်ကထက်ပိုပြီး လက်လှမ်းမီ လာသလို အရပ်ဖက်လူ့အဖွဲ့အစည်းတွေလည်း ပိုများ လာခဲ့ပါပြီ။"[၂]

အလုပ်အကိုင်နှင့် အသက်မွေးဝမ်းကျောင်း လုပ် ငန်းများအပေါ် သက်ရောက်မှုနှင့်ပတ်သက်သည့် အမြင် များရောထွေးလျက်ရှိသည်။ အချို့က ဈေးကွက်သစ်နှင့် ထုတ်ကုန်သစ်များကို ပိုမိုလက်လှမ်းမီလာခြင်း၊ သယ်ယူ ပို့ဆောင်စရိတ်များ ပိုမိုသက်သာလာခြင်းနှင့် သတင်း အချက်အလက်စီးဆင်းမှု မြန်ဆန်လာခြင်း တို့အားဖြင့် အခွင့်အလမ်းများပိုမိုတိုးပွားလာသည်ဟုရှုမြင်ခဲ့ကြသည်။ သို့သော်လည်း အချို့သည် အထူးသဖြင့် မြေဈေးနှုန်းများ၊ ပိုင်ဆိုင်မှုနှင့် သယံဇာတအရင်းအမြစ် ထုတ်ယူသုံးစွဲမှုများ နှင့်ပတ်သက်၍ ခွဲခြားဆက်ဆံခံနေရသည် သို့မဟုတ် မတန်တဆဈေးနှိမ်ခံရသည်ဟု ခံစားနေကြသည်။ ထို့ အပြင် နယ်ခံလူထုလူတန်းစားများအနေဖြင့် ပြန်လည် အံတုရန် အဖက်ဖက်မှ ချို့ငဲ့နေဆဲဖြစ်သဖြင့် နိုင်ငံ၏ အခြားဒေသများမှ ဝင်ရောက်လာကြသူများကသာ ဝါးမြို သွားလိမ့်မည်ဟု ယူဆနေကြသူများလည်းရှိသည်။ ဗညား ခွန်အောင် ထောက်ပြခဲ့သလိုပင် "အရင်တုန်းက ဘယ်သူ များလာခဲ့လို့လဲ။ ဘယ်သူမှ မလာခဲ့ကြဘူး။ အခုတော့ အား လုံးဝင်လာနေကြပြီ။"[၃]

## ပဋိပက္ခ၊ လူ့အခွင့်အရေးနှင့် နေရပ်စွန့်ခွာတိမ်းရှောင်ရမှုများ

လွတ်လပ်ရေးရခဲ့သည့် ၁၉၄၈ ခုနှစ်ကတည်းက ကရင်နီလူထုလူတန်းစား အများစု၏ ဘဝများ၌ လက်နက် ကိုင်ပဋိပက္ခ၊ နေရပ်စွန့်ခွာစစ်ဘေးတိမ်းရှောင်ရမှုနှင့် လူ့ အခွင့်အရေးချိုးဖောက်မှုများကို မဆံ့ရင်ကာ အလူးအလိမ့် ခံစားလာခဲ့ရခြင်းဖြစ်သည်။ နှစ်ပေါင်းများစွာ ကြာမြင့်လာ ခဲ့သည့် လက်နက်ကိုင်တိုက်ပွဲများက နယ်ခံလူထုလူတန်း စားအများအပြား၏လုံခြုံရေးနှင့်ရပ်ရွာတည်ငြိမ်အေးချမ်း ရေးကို ဆိုးဆိုးရွားရွား ထိခိုက်ပျက်စီးစေခဲ့သည်။ ဤကဲ့သို့ သောနှောက်ယှက်ဖျက်ဆီးမှုများသည် တိုင်းရင်းသားလက် နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများကို ထိုးစစ်ဆင် တိုက်ခိုက်ရာ၌ အတိုက်အခံအင်အားစုများ လူထုအထောက် အပံ့မရရှိစေရန် မကြာခဏဆိုသလို အရပ်သားများကို ရည်ရွယ်ချက်ရှိရှိ စနစ်တကျဦးတည်ပစ်မှတ်ထား တိုက် ခိုက်လေ့ရှိသည့် တပ်မတော်ကြောင့် ဖြစ်ပေါ်လာရခြင်း ဖြစ်သည်။ KNPP ၏ ပြိုင်ဘက်လက်နက်ကိုင် အဖွဲ့အစည်း တစ်ခုဖြစ်သည့် ကရင်နီပြည် လူမျိုးပေါင်းစုံပြည်သူ့လွတ် မြောက်ရေးတပ်ဦး (KNPLF) နှင့် အပစ်အခတ်ရပ်စဲခဲ့သည့် ၁၉၉၀ ခုနှစ်နောက်ပိုင်း ထိုးစစ်ဆင်တိုက်ခိုက်မှုအများစု သည် KNPP ပေါ်သို့ စုပြုံကျရောက်လာခဲ့သည်။

"ဖြတ်လေးဖြတ်"ဟုသိကြသည့်စစ်ဆင်ရေးသည် ဤကဲ့သို့သော ထိုးစစ်ဆင် တိုက်ခိုက်မှုများအကြား နာ မည်ဆိုးဖြင့် အကျော်ကြားဆုံးဖြစ်သည်။ ဤစစ်ဆင်ရေး နည်းဗျူဟာကို ၁၉၆၀ ခုနှစ်နှောင်းပိုင်းမှစ၍ အရပ်သား ပြည်သူများနှင့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန် ရေးအဖွဲ့အစည်းများအကြားရှိ ချိတ်ဆက်ပတ်သက်မှုများ ကိုဖြတ်တောက်ရန် ရည်ရွယ်၍ နိုင်ငံအဝှမ်းကျယ်ကျယ် ပြန့်ပြန့် စတင်ဖော်ဆောင်လာခဲ့ခြင်းဖြစ်သည် ("'ဖြတ် လေးဖြတ်စစ်ဆင်ရေး' နှင့် 'စုစည်းကျေးရွာများ'" စာကွက် ကိုကြည့်ပါ)။[၄] ဤနည်းဗျူဟာကို ခင်းကျင်းလာသည်နှင့် တစ်ပြိုင်နက် အများအားဖြင့် အတင်းအကျပ်ရွှေ့ပြောင်း နေရာချထားမှုများ၊ အတင်းအဓမ္မလုပ်အားခိုင်းစေခြင်း၊ မတရားပေါ်တာဆွဲခြင်း၊ ဥပဒေမဲ့ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ရိုက်နှက်ခြင်းများနှင့် နှိပ်စက်ညှင်းပန်းခြင်း၊ မြိမ်းခြောက်

ငွေညှစ်ခြင်းနှင့် အဓမ္မသားမယားပြုကျင့်ခြင်းတို့အပါအဝင် ဆိုးရွားပြင်းထန်လွန်းလှသည့် လူ့အခွင့်အရေးချိုးဖောက်မှုများ တန်းစီလိုက်ပါလာတော့သည်။[၅] ကယားပြည်နယ်တွင်းရှိ ရပ်ရွာလူထုအများအပြားသည် ဤကဲ့သို့သော တိုက်ခိုက်မှုများကို နှစ်ရှည်လများ ခါးစည်းခံခဲ့ကြရခြင်း ဖြစ်သည်။ ပြည်တွင်းအခြေစိုက် NGO ခေါင်းဆောင်တစ်ဦးက "ကျနော့အသက် ၁၂ နှစ်လောက်အရွယ် ဟိုယာဒေသမှာနေခဲ့တုန်းက တပ်မတော်စစ်သားတွေ တစ်ချိန်လုံးရွာထဲဝင်လိုက်ထွက်လိုက် လုပ်နေခဲ့တဲ့အတွက် ကျောင်းသွားရမည့်အစား တောထဲကိုဝင်ဝင် ပုန်းခဲ့ရတယ်။ ရွာစပ်နားခွေးဟောင်ပြီဆိုတာနဲ့ ပြေးရတော့မယ်မှန်း ကြိုသိနေခဲ့ပြီ" ဟု ပြောဆိုသွားခဲ့သည်။[၆]

လက်နက်ကိုင်ပဋိပက္ခ စတင်မွေးဖွားခဲ့သည့် ၁၉၄၈ ခုနှစ်နောက်ပိုင်း ကယားပြည်နယ်အတွင်း အဆိုးရွားဆုံး နေရပ်စွန့်ခွာ စစ်ဘေးတိမ်းရှောင်ရမှုများသည် ၁၉၈၈ ခုနှစ်နဲ့ ၂၀၀၀ ခုနှစ်အကြား နဝတ/နအဖ အစိုးရလက်ထက်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အတင်းအဓမ္မ လုပ်အားခိုင်းစေမှုများ၊ မတရားဖမ်းဆီး ထိန်းသိမ်းမှုများနှင့် ဥပဒေမဲ့သတ်ဖြတ်မှုများ ဖြစ်ပွားလျက်ရှိသည့် သတင်းများ ပျံ့နှံ့နေသည့် အကြားက ကျေးရွာပေါင်း (၅၇) ရွာမှ ရွာသူရွာသားများကိုဖရူဆိုနှင့် ကယားပြည်နယ် အနောက်မြောက်ပိုင်းဒေသများသို့ ရွှေ့ပြောင်းနေရာချရန် အမိန့်ပေးခဲ့သည့် ၁၉၉၂ ခုနှစ်အတွင်း အကြီးအကျယ်ရွှေ့ပြောင်းနေရာချထားမှုများ ဖြစ်ပွားသွားခဲ့သည်။[၇] ဦးတည်ပစ်မှတ်ထားသည့် ဒေသတွင်းရှိ ရွာသူရွာသားပေါင်း ၁၂၀၀၀ အနက် ၈၀၀၀ ခန့် ရွှေ့ပြောင်းနေရာချခံခဲ့ရပြီး ကျန်အများအပြားသည်တောင်ပေါ်ဒေသများသို့သော်လည်းကောင်း ထိုင်းနိုင်ငံရှိ စစ်ဘေးဒုက္ခသည်စခန်းများသို့သော်လည်းကောင်း ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြသည်ဟု နောက်ပိုင်း၌ ပြန်လည်သိရှိခဲ့ရသည်။

ထို့အပြင် လူပေါင်း ၃၀၀၀၀ နီးပါး ပါဝင်ခဲ့သည့် ၁၉၉၀ ခုနှစ်နှောင်းပိုင်း အောင်ပန်း–ကလော မီးရထားလမ်းဖောက်လုပ်ရာ၌ အတင်းအဓမ္မ လုပ်အားခိုင်းစေမှုကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်မှုအချို့ ရှိခဲ့ပြီးနောက်ပိုင်း ရပ်ရွာလူထု၏ ဖိအားများလည်း ကြီးထွားလာခဲ့သည် (အခန်း ၂ ကိုကြည့်ပါ)။ KNPP ၏ ၁၉၉၅ ခုနှစ် အပစ်အခတ်ရပ်စဲရေး ပျက်ပြယ်သွားခဲ့ပြီးနောက်ပိုင်း တပ်မတော်၏ စစ်ဆင်ရေးလုပ်ငန်းများ ပြန်လည်ပြင်းထန်လာခဲ့သည်။ ၁၉၉၆ တစ်နှစ်ထဲမှာပင် ကရင်နီဦးရေ ၁၁၅၀၀ ကျော် အစိုးရ၏ ပြန်လည်နေရာချထားရေးစခန်းများသို့ အတင်းအကျပ် ရွှေ့ပြောင်းနေရာချခံခဲ့ရကြောင်း သိရှိခဲ့ရသည်။ နောက်ထပ် ၄၄၀၀ ကျော်သည် စစ်ဘေးဒုက္ခသည်များအဖြစ်ရောက်ရှိသွားခဲ့ပြီး ၉၀၀၀ ကျော်သည် မိမိတို့၏နေရင်းရပ်ရွာဒေသများမှ စွန့်ခွာခဲ့ရပြီး ပြည်တွင်းနေရပ်စွန့်ခွာစစ်ဘေးတိမ်းရှောင်သူများ ဖြစ်လာခဲ့ကြသည်။[၈]

ဤနည်းဗျူဟာ၏ရလဒ်တစ်ခုအဖြစ် ၁၉၉၆ ခုနှစ်မှ ၁၉၈၈ ခုနှစ်အတွင်း ကယားပြည်နယ်၌ အနည်းဆုံး အရပ်သားပြည်သူ ၃၀၀၀၀ ကျော် မိမိတို့၏ နေအိမ်များနှင့် မြေယာများမှ အတင်းအကျပ် မောင်းထုတ်ခံခဲ့ရပြီး ရှင်သန်ရန်မရှိမဖြစ်လိုအပ်သည့် အခြေခံအစားအစာ၊ ရေ၊ ကျန်းမာရေးပြုစုစောင့်ရှောက်မှုနှင့် တစ်ကိုယ်ရေသန့်ရှင်း ကျန်းမာရေးအဆောက်အအုံများ ပြည့်စုံလုံလောက်မှု အလျဉ်းမရှိသည့် "စုစည်း" ကျေးရွာများသို့ ရောက်ရှိသွားခဲ့သည်ဟု လူ့အခွင့်အရေးအဖွဲ့အစည်းများက ခန့်မှန်းသုံးသပ်ခဲ့သည်။[၉] Amnesty International ၏ ထုတ်ပြန်ချက်အရ "လွန်ခဲ့သည့်သုံးနှစ် (၁၉၉၆–၉၉) အတွင်း ရာနှင့်ချီသည် လူပေါင်းများစွာ ကုသနိုင်သည့် သာမန်အဖျားအနာများဖြင့် သေဆုံးခဲ့ရသလို ထောင်ပေါင်းများစွာ ထိုင်းနိုင်ငံဖက်သို့ ထွက်ပြေးသွားခဲ့ပြီး တစ်ချို့တစ်ဝက်က တပ်မတော်၏ထိန်းချုပ်မှုအောက်မှ လွတ်ကင်းသည့် တောတောင်များ၌ ရှောင်ပြေးပုန်းခိုရန် ရွေးချယ်ခဲ့ကြသည်" ဟု သိရှိခဲ့ရသည်။[၁၀] ဤစစ်ဆင်ရေး အမြင့်ဆုံးရောက်ရှိချိန်၌ KNPP ၏ ယခင်နိုင်ငံခြားရေးရာဝန်ကြီးဖြစ်ခဲ့သူ အေဘယ်တွိဒ်က အောက်ပါအတိုင်း ပြန်ပြောင်းပြောပြခဲ့သည်။

> "ကရင်နီ ရွာသူရွာသားတွေက နအဖအစိုးရ အတင်းအကျပ်ရွှေ့ပြောင်းနေရာချပေးမယ့်ထိန်းသိမ်းရေးစခန်းနဲ့တူတဲ့ ပြန်လည်နေရာချထားရေးစခန်းတွေဆီကို လုံးဝမသွားချင်ခဲ့ကြဘူး။ ဝင်သွားပြီးဆိုတာနဲ့ ပြန်ထွက်ဖို့ လုံးဝ (လုံးဝ) ကို မဖြစ်နိုင်တော့ဘူး။ ပြန်လည်နေရာချထားရေးစခန်းတွေမှာ နေရေးထိုင်ရေးအတွက် အဆောက်အအုံ အလုံအလောက်မရှိတဲ့အပြင် အစားအစာ ရောလိုအပ်တဲ့ဆေးဝါးတွေရော ပြည့်စုံလုံလောက်မှုမရှိခဲ့ကြဘူး။ ရွာသူရွာသားတွေခမျာ ဖျားတဲ့သူ

ကဖျား၊ ဝေတ်တဲ့သူကဝေတ် သေတဲ့သူကသေနဲ့ အတိဒုက္ခရောက်ခဲ့ကြရတယ်။ ဒီလိုမျိုးတွေ့ကြုံခံစားရမှာကို သိတဲ့အတွက် ဘယ်ရွာသားမှ အဲဒီကို မသွားချင်ခဲ့ကြဘူး။”[၁၁]

ဆယ်စုနှစ် (၂) ခုသာ ကြာသွားခဲ့သော်လည်း ကယားပြည်နယ်ထဲမှ လူပေါင်း ၁၂၀၀၀ ကျော်သည် ထိုင်းနိုင်ငံအတွင်းရှိ ဒုက္ခသည်စခန်းများ၌ ခိုလှုံနေကြရဆဲဖြစ်သည်။[၁၂] KNPP အပစ်အခတ်ရပ်စဲခဲ့သည့် ၂၀၁၂ ခုနှစ်မှစ၍ ရာပေါင်းအနည်းငယ်မျှသော ဒုက္ခသည်များသာ ကယားပြည်နယ်သို့ နေရပ်ပြန်ခဲ့သည်ဟု သိရှိခဲ့ရသည်။[၁၃] ဒုက္ခသည်စခန်းများ၌ မှတ်ပုံတင်ထားကြသူများသည် ၂၀၀၈ ခုနှစ်၌ ၂၂၀၀၀ နီးပါးရှိခဲ့ရာမှ တဖြည်းဖြည်းလျော့ကျလာခဲ့ခြင်းသည် ကယားပြည်နယ်သို့ နေရပ်ပြန်ခြင်းကြောင့်မဟုတ်ဘဲ ဒုက္ခသည်အများအပြား ထိုင်းနိုင်ငံအတွင်း အထောက်အထားမဲ့ အလုပ်သမားများအဖြစ်သော်လည်းကောင်း တတိယနိုင်ငံများသို့ ပြောင်းရွှေ့အခြေချသွားခဲ့ခြင်းကြောင့် သော်လည်းကောင်း ကျဆင်းသွားခဲ့ခြင်းသာဖြစ်သည်။[၁၄] စခန်းများရှိ ရပ်ရွာခေါင်းဆောင်များကငင်းတို့အနေဖြင့် ယခုအချိန်ထိ နေရပ်ပြန်ရေးအတွက် ဘေးကင်းလုံခြုံ၍ တည်ငြိမ်အေးချမ်းသည့် အခင်းအကျင်းမျိုးရှိနေပြီဟု ယုံကြည်စိတ်ချနိုင်ခြင်းမရှိသေးဟု သုံးသပ်ပြောဆိုသွားခဲ့သည်။ “ကျနော်တို့အတွက် မျှော်လင့်ချက်ရှိပေမယ့် အများကြီးတော့ မယုံရဲသေးဘူး။ စာရွက်ပေါ်မှာပဲ ရှိတာမဟုတ်တဲ့ တကယ့်အပစ်အခတ်ရပ်စဲရေး ရှိလာဖို့လိုအပ်ပါတယ်။”[၁၅]

တပ်မတော်၏ စစ်ဆင်ရေးလုပ်ငန်းများနှင့်အတူ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုသည်လည်း ဒွန်တွဲပါလာခဲ့သည်။ ထို့အပြင် ဒုက္ခသည်စခန်းရောက် အမျိုးသမီးများသည် ခွဲခြားဆက်ဆံမှုနှင့် မတော်မတရားပြုမှုများကိုပါ ကြုံတွေ့ခံစားနေကြရသည်။ ကရင်နီအမျိုးသမီးအစည်းအရုံးက အောက်ပါအတိုင်း သုံးသပ်တင်ပြသွားခဲ့သည်။

“ကရင်နီပြည်မှာ အမျိုးသမီးတွေက အဓမ္မသားမယားပြုကျင့်မှု၊ နှိပ်စက်ညှင်းပန်းမှုနှင့် အတင်းအကျပ်လုပ်အား ခိုင်းစေမှုတို့အပါအဝင် ဆိုးရွားပြင်းထန်တဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုတွေအောက်ကမြေစာပင်တွေ ဖြစ်ခဲ့ကြရတယ်။ ဒါကြောင့်လည်း အတော်များများ ထိုင်း–မြန်မာနယ်စပ်ကို ဖြတ်ပြီး နိုင်ငံရေးခိုလှုံခွင့် တောင်းခံခဲ့ကြရတာပါ။ ဒါပေမယ့် နယ်စပ်တစ်လျှောက်က ဒုက္ခသည်စခန်းတွေမှာလည်း အမျိုးသမီးတွေကို အကြမ်းဖက်တာနဲ့ ခွဲခြားဆက်ဆံတာတွေ ဆက်ဖြစ်နေတုန်းပဲ။”[၁၆]

NLD အာဏာရယူခဲ့သည့် ၂၀၁၆ ခုနှစ်မှစ၍ ငြိမ်းချမ်းရေးနှင့် ရပ်ရွာများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အားပေးမြှင့်တင်သည့် မူဝါဒသစ်များထွက်ပေါ်လာမည်ဟု မျှော်လင့်ချက်ကြီးမားခဲ့ကြသည်။ သို့သော်လည်း လူနည်းစုတိုင်းရင်းသားများ၏ ဆိုးရွားနစ်နာမှုများကို ဗဟိုအစိုးရအဆက်ဆက် အမှန်တကယ်နားလည်သဘောပေါက်မှုရှိမရှိ သံသယရှိနေကြဆဲဖြစ်သည်။ ကရင်နီဒုက္ခသည်ကော်မတီ (KnRC) ၏ အတွင်းရေးမှူးဖြစ်သည့် လွီးစ်ကေးပိုးက ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် “တိုင်းရင်းသားတွေအတွက် ဘာမှမလုပ်ပေးနိုင်ဘူး။ ဗမာက ဗမာအတွက်ပဲ လုပ်မှာပေါ့” ဟူသည့် ဘုံစိုးရိမ်ပူပန်မှုကို ထုတ်ဖော်ပြောဆိုသွားခဲ့သည်။[၁၇]

အစောပိုင်း၌ အခက်အခဲများရှိခဲ့လင့်ကစား ကုန်လွန်ခဲ့သည့် ရေ့နှစ်များအတွင်း ဒုက္ခသည်စခန်းများနှင့် ပြည်နယ်မြို့တော်လွိုင်ကော်အကြား ညှိနှိုင်းဆောင်ရွက်မှုများ သိသိသာသာမြင့်တက်လာခဲ့သည်။ ဤသို့မြင့်တက်လာခြင်းသည် အဓိကအားဖြင့် ကရင်နီဒုက္ခသည် နေရာပြန်လည်ချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့ (KnRRRWG)ဖွဲ့စည်းတည်ထောင်လိုက်သည့်အတွက် သာမက နေရပ်စွန့်ခွာစစ်ဘေးတိမ်းရှောင်မှု နှင့်စပ်လျဉ်း၍ KNPP၊ အစိုးရနှင့် UNHCR တို့အကြား ပေါင်းစည်းဆောင်ရွက်မှု အားကောင်းလာခြင်းကလည်း တစ်စိတ်တစ်ပိုင်းပါဝင်ခဲ့သည်။ KSWDC ၏ ဂေးနေဖောက အောက်ပါအတိုင်း ပြောဆိုသွားခဲ့သည်။

“ကျမတို့အနေနဲ့ များများတွေ့ဆုံစကားပြောပါမှ ပြဿနာတွေကို အဖြေရှာနိုင်မှာဖြစ်တယ်။ အရင်တုန်းကဆိုရင် ဒီလိုမတူကွဲပြားတဲ့ အဖွဲ့အစည်းတွေ အတူတကွ လာရောက်တွေ့ဆုံစည်းဝေးကြဖို့ မဖြစ်နိုင်ခဲ့ဘူး။”[၁၈]

## “ဖြတ်လေးဖြတ်” စစ်ဆင်ရေးလုပ်ငန်းများနှင့် “စုစည်း” ကျေးရွာများ

“ဖြတ်လေးဖြတ်” အစီအစဉ်သည် အရပ်သားပြည်သူများနှင့် လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများအကြား အဓိကအကျဆုံး ချိတ်ဆက်မှုလေးခုဖြစ်သည့် အစားအစာ၊ ရန်ပုံငွေ၊ ထောက်လှမ်းရေးသတင်းအချက်နှင့် တပ်သားသစ်စုဆောင်းမှုတို့ကို ဖြတ်တောက်ပစ်ရန် ရည်ရွယ်ခဲ့သည့် တပ်မတော်၏ စစ်ရေးနည်းဗျူဟာတစ်ခုဖြစ်သည်။ ၁၉၆၀ ခုနှစ် နှစ်လယ်ပိုင်းဝန်းကျင်၌ ပထမဦးဆုံးအကြိမ် စတင်ဖော်ဆောင်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံမြေပုံကို (တော်လှန်ရေးတပ်ဖွဲ့များ၏ ထိန်းချုပ်မှုအောက်ရှိ) “အမည်းရောင်” နယ်မြေများ၊ (နှစ်ဖက်အဝင်အထွက် ရှိသည့်) “အညိုရောင်” နယ်မြေများနှင့် (အစိုးရထိန်းချုပ်မှုအောက် အပြည့်အဝရှိသည့်) “အဖြူရောင်” နယ်မြေများဟူ၍ ပိုင်းခြားသတ်မှတ်ခဲ့သည်။ အဓိကရည်ရွယ်ချက်သည် တစ်နိုင်ငံလုံး “အဖြူရောင်” နယ်မြေဖြစ်အောင် ဆောင်ရွက်သွားရန်ဖြစ်သည်။ အစိုးရတပ်ရင်းတပ်ဖွဲ့များသည် သတ်မှတ်အချိန်တစ်ခုပေး၍ (အများအားဖြင့် ရက်အနည်းငယ်ကြို၍သော်လည်းကောင်း တစ်ခါတစ်ရံ တစ်ရက်ကြို သို့မဟုတ် ချက်ခြင်းသော်လည်းကောင်း) ဦးတည်ပစ်မှတ်ထားသည့် အညိုရောင်နှင့် အမည်းရောင်နယ်မြေများရှိ ကျေးရွာများကို အစိုးရ သို့မဟုတ် တပ်မတော်၏ ထိန်းချုပ်မှုအောက်ရှိ မြို့ရွာများ၏ အနီးဝန်းကျင်၌ ပြန်လည်နေရာချထားလေ့ရှိသည့် စခန်းများသို့ ရွှေ့ပြောင်းကြရန် အမိန့်ပေးခဲ့ခြင်းဖြစ်သည်။[၁၇]

နောက်ဆုံးရွှေ့ပြောင်းနေရာချရမည့်ရက် ကုန်ဆုံးသွားသည်နှင့်တစ်ပြိုင်နက် နယ်မြေတွင်း ဆက်လက်ကျန်ရှိနေသူများကို သူပုန်အဖြစ် တပ်မတော်မှ သတ်မှတ်ယူဆ၍ တွေ့သည့်နေရာ၌ ပစ်သတ်ပိုင်ခွင့်ရှိသည့် “အမေးအမြန်းမရှိ ပစ်ခတ်ချေမှုန်းရေးနယ်မြေ” အဖြစ် ဒေသတစ်ခုလုံးကို သတ်မှတ်ကြေညာလိုက်သည်။ သတ်မှတ်နေရာများသို့ ရွှေ့ပြောင်းသွားသည့် ရွာသူရွာသားအချို့ရှိသော်လည်း အများအပြားသည် မိမိတို့၏ ကျေးရွာပိုင်နက်အတွင်း သို့မဟုတ် တောင်ယာများ၌ဖြစ်စေ အနီးအနားသစ်တောများ၌ဖြစ်စေ ပုန်းခိုရှောင်တိမ်း၍ တပ်မတော်၏ စစ်ဆင်ရေးလုပ်ငန်း ပြင်းထန်မှုအတိုင်းအတာပေါ် မူတည်၍ ကျေးရွာတွင်းသို့ အသွားအလာပြုလုပ်နိုင်ရန် ဆက်လက်ကြိုးပမ်းခဲ့ကြသည်။ ကြေညာပြီးနောက်ပိုင်း တပ်မတော်တပ်ရင်းတပ်ဖွဲ့များသည် ယင်းနယ်မြေဒေသများ သို့ အကြိမ်ကြိမ်ဝင်ရောက်ကာ အိုးအိမ်များ၊ စပါးကျည်များ၊ သီးနှံများနှင့် သိုလှောင်ထားသည့် အစားအစာများကို ဆက်လက်ဖျက်ဆီးခဲ့ကြသည်။ အစောပိုင်း၌ ဤနည်းဗျူဟာကို ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသများနှင့် မြန်မာနိုင်ငံအလယ်ပိုင်း ပဲခူးရိုးမတောင်တန်းဒေသများ၌ စတင်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း နောက်ပိုင်းဆယ်စုနှစ်များအတွင်း တိုင်းရင်းသားနယ်မြေဒေသ အားလုံးလိုလို၌ အသုံးပြုလာခဲ့သဖြင့် ပြည်တွင်းနေရပ်စွန့်ခွာ စစ်ဘေးတိမ်းရှောင်နေကြရသည့် ကျေးရွာအများအပြားသည် အိမ်နီးချင်းနိုင်ငံများ အထူးသဖြင့် ထိုင်းနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများအထိ တိမ်းရှောင်ခိုလှုံခဲ့ကြရသည်။

“ဖြတ်လေးဖြတ်” နည်းဗျူဟာအောက်၌ ကယားပြည်နယ်၏ ခရိုင်အသီးသီးရှိ ကျေးရွာအများအပြားသည် လက်နက်ကိုင်ပဋိပက္ခအတွင်း ဒေသတစ်လွှား “စုစည်း” ကျေးရွာများဟုလည်း သိထားကြသည့် “စုပေါင်းကျေးရွာများ” သို့ အတင်းအကျပ်ရွှေ့ပြောင်း နေရာချခံခဲ့ကြရသည်။ အများအားဖြင့် အဓိကကျသည့် မြို့ကြီးများ၏ အနီးဝန်းကျင်ဒေသများ၌ နေရာချထားတတ်ကြသည်။[၁၈] နယ်ခံဖွံ့ဖြိုးရေးလုပ်သားတစ်ဦးက “စုစည်းဆိုတာ စစ်တပ်ဖက်က တိုင်းရင်းသားပြည်သူတွေကို အတင်းအကျပ် သွားနေခိုင်းတဲ့နေရာတွေပါ။ “စုစည်းကျေးရွာ”လို့ အဓိပ္ပာယ်ရပြီး အဲ့ဒါက ဗမာစကားလုံးတစ်ခုပါ။ ကယားပြည်နယ်ရဲ့ မြို့နယ်တိုင်းမှာ ဒါတွေဖြစ်ပျက်ခဲ့တယ်” ဟု ပြန်ပြောင်းပြောဆိုခဲ့သည်။[၁၉]

အပြင်လူများ ကယားပြည်နယ်အတွင်းသို့ အဝင်အထွက်ပြုလုပ်ရန် လွန်စွာခဲယဉ်းနေဆဲဖြစ်သောကြောင့် ဤကဲ့သို့သော စစ်ဆင်ရေးလုပ်ငန်းများကို အသေးစိတ်မှတ်တမ်းတင်နိုင်မှု အလွန်အားနည်းခဲ့သည်။ Amnesty International ၏ ၁၉၉၇ ခုနှစ် လေ့လာဆန်းစစ်ချက်တစ်ခုအတွင်း မြန်မာနိုင်ငံအရှေ့ခြမ်းရှိ ကရင်၊ ကယားနှင့် ရှမ်းပြည်နယ်များ၌ အခြေစိုက်လှုပ်ရှားသည့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးတပ်ဖွဲ့များကို ပစ်မှတ်ထားသည့် "သောင်းကျန်းသူတန်ပြန်ရေး" လုပ်ငန်းများအတွင်း မည်မျှဆိုးရွားပြင်းထန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပျက်ခဲ့ကြောင်း ရေးသားဖော်ပြထားသည်။ နယ်မြေဒေသများ၌ နေထိုင်ကြသည့် အရပ်သားပြည်သူများသည် "ရည်ရွယ်ချက်ရှိရှိ မတရားဖမ်းဆီးသတ်ဖြတ်မှုများ၊ အတင်းအကျပ် ပေါ်တာဆွဲခြင်းနှင့် လုပ်အားခိုင်းစေခြင်း၊ ကင်းထောက်သည့်အနေဖြင့် ၎င်းတို့၏ ကျေးရွာများကို ဖြတ်သန်းသွားသည့် တပ်မတော်စစ်ကြောင်းများ၏ ရွာသူရွာသားပိုင် အိုးအိမ်များနှင့် ပစ္စည်းဥစ္စာများကို လုယူဖျက်ဆီးခြင်း" တို့ကို အစဉ်အဆက်ကြုံတွေ့ခံစားခဲ့ကြရသည်။[၂၀]

ဆယ်စုနှစ် (၂) ခုသာ ကြာသွားခဲ့သော်လည်း ဖြတ်လေးဖြတ်စစ်ဆင်ရေး၏ နောက်ဆက်တွဲရိုက်ခတ်မှုဒဏ်ကို ယနေ့ထက်တိုင် ကျေးရွာအများအပြား ကြုံတွေ့ခံစားနေရဆဲဖြစ်သည်။ အချို့ရွာသူရွာသားများသည် ပြည်တွင်း၌သာ IDPs များအဖြစ် ဆက်လက်နေထိုင်လျက်ရှိပြီး ကျန်အများအပြားသည် ထိုင်းနိုင်ငံအတွင်းရှိ ဒုက္ခသည်စခန်းများ၌ နေထိုင်နေကြဆဲ သို့မဟုတ် အလုပ်လုပ်ကိုင်နေကြဆဲဖြစ်သည်။ ဤနည်းဗျူဟာများကြောင့် ကယားပြည်နယ်နှင့် အရှေ့ပိုင်းနယ်စပ်ဒေသ အများအပြား၌ စစ်ဘောင်ချဲ့မှု အလွန်မြင့်မားသွားခဲ့သည်။ ဤအချက်က "အမည်းရောင်နယ်မြေများ" အဖြစ် တပ်မတော်ကြေညာထားသည့် ကယားပြည်နယ်တွင်းဒေသအများအပြားသို့ အပြင်လူများ ဝင်ရောက်လာနိုင်ခြင်းမရှိအောင် ကန့်သတ်ထားခဲ့ခြင်းဖြစ်သည်။ ၂၀၁၂ ခုနှစ် ရောက်မှသာလျှင် အဆိုပါသတ်မှတ်ချက်များ ပြောင်းလဲသွားခဲ့သည်။ မည်သို့ဆိုစေ လက်နက်ကိုင်ပဋိပက္ခများ ဆက်လက်ဖြစ်ပွားလျက်ရှိသည့် နိုင်ငံတွင်းနယ်မြေဒေသအများအပြား အထူးသဖြင့် ကချင်၊ ရခိုင်နှင့် ရှမ်းပြည်နယ်များရှိ ခရိုင်အများအပြား၌ ယနေ့အချိန်ထိ ၎င်းတို့ဆက်လက် အသက်ဝင်နေဆဲပင်ဖြစ်သည်။

ကယားပြည်နယ်အတွင်းရှိ လက်ရှိအရေအတွက်ကို ခန့်မှန်းတွက်ချက်ကြည့်ရန် ခဲယဉ်းနေဆဲဖြစ်သည်။ ၂၀၁၂ ခုနှစ်အတွင်း ဒေသတစ်ခုလုံး၌ IDPs ဦးရေ ၃၅၀၀၀ ကျော်ရှိသည်ဟု မှတ်တမ်းတင်ထားခဲ့သည်။[၂၃] ပြည်တွင်း NGOs များနှင့် UNHCR ၏ အချက်အလက်များအရ ဒုက္ခသည်အများစုသည် ရှားတောနှင့် မယ်စဲ့မြို့နယ်များနှင့် ဒီးမော့ဆိုအရှေ့ပိုင်းဒေသများနှင့် ဘောလခဲမြို့နယ်များမှ ထွက်ခွာသွားခဲ့ကြသူများဖြစ်သည်ဟု သိရှိခဲ့ရသည်။[၂၄] ၁၉၉၆ ခုနှစ်မှစ၍ တပ်မတော်၏ "နယ်မြေရှင်းလင်းသည့်" စစ်ဆင်ရေးလုပ်ငန်းများကြောင့် သံလွင်မြစ်အရှေ့ဖက်ကမ်းဒေသများ၌ ကျေးရွာအနည်းအကျဉ်းခန့်သာ ဆက်လက်တည်ရှိခဲ့သည်။ အဆိုပါ ထိုးစစ်ဆင်တိုက်ခိုက်မှုများအတွင်း နယ်ခံလူထုလူတန်းစားများသည် အကြိမ်ပေါင်းများစွာ နေရပ်စွန့်ခွာ၍ စစ်ဘေးတိမ်းရှောင်ခဲ့ကြရသည်။ "စုစည်း" ကျေးရွာများ အထူးသဖြင့် ဒီမော့ဆိုနှင့် ရှားတောမြို့အနီးဝန်းကျင်၌ တရားဝင်အတည်တကျ ကျေးရွာများဖြစ်လာခဲ့သည်။ ၂၀၁၃ ခုနှစ် ဇွန်လမှစ၍ ရှားတောမြို့နယ်မှအများစုဖြစ်ကြပြီးမိမိတို့သဘောဆန္ဒအလျောက်နေရင်းရပ်ရွာဒေသများသို့ ပြန်သွားခဲ့ကြသည့် IDPs ဦးရေ ၁၅၀၀ ပတ်ဝန်းကျင်ရှိသည်ဟု UNHCR က သုံးသပ်ခန့်မှန်းခဲ့သည်။[၂၅] ထို့အပြင် တရားဝင်အားဖြင့် လက်ရှိရောက်ရှိနေသည့် ကျေးရွာများ၌ ဆက်လက်နေထိုင်နေကြဆဲဖြစ်သော်လည်း ယခင်ဇာတိရပ်ရွာများရှိ မြေယာများ၌ ပြန်၍လုပ်ကိုင်စားသောက်လာကြသည့် တောင်သူဦးရေလည်း တိုးပွားလာလျက်ရှိသည်။ ဤကဲ့သို့သော သွားလာလုပ်ကိုင်စားသောက်မှုများကို ယေဘုယျအားဖြင့် စာရင်းသွင်းမှတ်တမ်းတင်လေ့မရှိပေ။

လက်နက်ကိုင်ပဋိပက္ခနှင့် နေရပ်စွန့်ခွာစစ်ဘေး တိမ်းရှောင်ရမှုတို့ကြောင့် ထိခိုက်ခံစားရသည့် အတိုင်း အတာလျော့နည်းသွားခဲ့ပြီဟု ဆိုနိုင်သော်လည်း နယ်မြေ ဒေသအများအပြား၌ စစ်ရိပ်စစ်ငွေ့များ သန်းနေဆဲပင်ဖြစ် သည်။ KNPP ခေါင်းဆောင်များက ရှေ့တန်းနယ်မြေများ ၏ဤကဲ့သို့သော အခြေအနေသည် ၂၀၁၂ ခုနှစ်အတွင်း အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူလက်မှတ်ရေး ထိုးရန် တွန်းအားပေးခဲ့သည့် အကြောင်းရင်းတစ်ခုဖြစ်ခဲ့ ကြောင်း လက်ခံအသိအမှတ်ပြုခဲ့သည်။ KNPP ဒုဥက္ကဋ္ဌ ခူးဦးရယ်က "အပြစ်မဲ့တဲ့ အရပ်သားပြည်သူပေါင်းများစွာ ကိုဖမ်းဆီးထိန်းသိမ်းပြီး နှိပ်စက်ညှင်းပန်းတာတွေရှိနေ သလို ထောင်ကျသွားတဲ့သူတွေလည်း ရှိနေကြပြီး တစ်ချို့ ကိုအလုပ်လုပ်လို့မရအောင် ပိတ်ပင်တားဆီးတာမျိုးတွေ လည်း ရှိနေပါတယ်။ မိန်းကလေးငယ်နဲ့ အမျိုးသမီးတစ်ချို့ ကိုဖမ်းဆီးပြီးတော့ မုဒိမ်းကျင့်တာမျိုးလည်းရှိခဲ့တယ်။ ဒါ တွေဖြစ်နေတာ နှစ်ပေါင်းခြောက်ဆယ်ကျော်လာခဲ့ပြီ။ တော်သင့်တာ ကြာလွန်းနေပြီ။ ဒါတွေကြောင့်ပဲ အစိုးရနဲ့ စကားပြောဖို့ ကျနော်တို့ ဆုံးဖြတ်ခဲ့ကြတာပါ" ဟု ပြောဆို သွားခဲ့သည်။[၂၆]

ဤရှုထောင့်မှကြည့်ပါက KNPP အပစ်အခတ် ရပ်စဲခဲ့ပြီးနောက်ပိုင်း ကရင်နီပြည်သူအများအပြား၏ ဘဝ အခြေအနေ သိသိသာသာ တိုးတက်ကောင်းမွန်လာခဲ့သည် ဟုဆိုနိုင်ပါသည်။ သို့သော်လည်း အရေးကြီးသည့်ကိစ္စရပ် များနှင့် ပတ်သက်၍ ယခုအပြောင်းအလဲများသည် ငြိမ်း ချမ်းရေးသစ် ထွန်းကားလာခြင်းထက် တိုက်ပွဲများမရှိယုံ တမယ် အခြေအနေမျိုးသာ ဖြစ်နေဆဲဖြစ်သည်။ ခူးဦးရယ် မှတ်ချက်ပေးခဲ့သကဲ့သို့ပင် "လူထုအများစုက တစ်ရက် တစ်ရက်ရှင်သန်နိုင်ဖို့အတွက် မနည်းကို ကြိုးစားရုန်းကန် နေရတုန်းပါပဲ" ဟု ဆိုနိုင်ပါသည်။[၂၇] အလားတူ စိုးရိမ်ဖွယ် ရာကောင်းသည့် အချက်တစ်ခုအဖြစ် KSWDC မှ ဗညား ခွန်အောင်က "လူ့အခွင့်အရေးချိုးဖောက်မှုတွေ ကျဆင်း သွားတယ်ဆိုတိုင်း လူ့အခွင့်အရေးကို ကာကွယ်စောင့် ရှောက်ပေးတဲ့ ယန္တရားတွေ အားကောင်းလာပြီလို့ ပြောလို့ မရသေးဘူး။ တင်းမာမှုတွေ လျော့ကျသွားတာက အစိုးရ ဖက်က အားပေးကူညီတဲ့အတွက်ကြောင့် ဆိုတာထက် အပြောင်းအလဲသဘောသဘာဝအရ လျော့နည်းသွားတာ ပဲရှိတယ်" ဟု သတိပေးပြောဆိုသွားခဲ့သည်။[၂၈]



ရှားတောပြီး နယ်အတွင်း ပုန်းခိုနေကြသည့် IDPs များ (KSWDC)

ထို့ကြောင့် လူထုလူတန်းစား အများအပြားသည် ယခင်က တပ်မတော်၊ KNPP နှင့် အခြားစင်ပြိုင်အင်အားစုများအကြား မကြာခဏဆိုသလို ပိတ်မိခဲ့သည့် လက်နက်ကိုင်ပဋိပက္ခကာလများ၌ ဖြစ်ထွန်းလာခဲ့သည့် ရှင်သန်ရေး ယန္တရားအပေါ် ဆက်လက်မှီခိုအားထားနေကြရဆဲဖြစ်သည်။ အများဆုံးကျင့်သုံးသည့် အလေ့အထတစ်ခုအဖြစ် တရားဝင်ကျေးရွာခေါင်းဆောင်ကို လအနည်းငယ်ကြာတိုင်း တစ်ဦးစီအလှည့်ကျ ပြောင်း၍တာဝန်ယူနေကြဆဲဖြစ်သည်။ ဤသို့ပြုမူခြင်းသည် အခွန်အတုတ်နှင့် လုံခြုံရေးအရ သိသာထင်ရှားသည့် ရာထူးနှင့်အတူတွဲ၍ပါ လာလေ့ရှိသည့် အရဲစွန့်ရမှုအန္တရာယ်များကိုကြိုတင်ကာကွယ်ခြင်းဖြစ်သည်။ အချို့သောကျေးရွာများသည် တပ်မတော်နှင့် ပြောဆိုဆက်ဆံမည့်ခေါင်းဆောင်နှင့် KNPP နှင့် ပြောဆိုဆက်ဆံမည့် ခေါင်းဆောင်ဟူ၍ ကျေးရွာခေါင်းဆောင်နှစ်ဦး သီးခြားစီထားရှိကြသည်။[၂၉] ၂၀၁၂ ခုနှစ် အပစ်အခတ်ရပ်စဲရေးနောက်ပိုင်း ဤအလေ့အထအတော်များများ ပြောင်းလဲသွားခဲ့ပြီး ရပ်ရွာခေါင်းဆောင်များအနေဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို တွေ့မြင်ရမှု သိသိသာသာနည်းပါးလာခဲ့သည်။

တစ်ချိန်တည်းလိုလို၌ စစ်ဘောင်ချဲ့မှု သိပ်သည်းလွန်းသည့် အခင်းအကျင်းက အရပ်သားပြည်သူများအတွက် သိသာထင်ရှားသည့် အရဲစွန့်ရမှုအန္တရာယ်များကို ဆက်လက်ဖန်တီးနေဆဲဖြစ်သည်။ ယခုလောလောဆယ်၌ ကယားပြည်နယ်အတွင်း ပစ်ခတ်တိုက်ခိုက်မှုများ ရပ်ဆိုင်းသွားခဲ့ပြီဖြစ်သော်လည်း ငြိမ်းချမ်းရေးရရှိသွားပြီဟု မဆိုနိုင်သေးပေ။ မြို့နယ်များအားလုံး၌ မြေပုံညွှန်းမရှိသည့် မြေမြှုပ်မိုင်းအန္တရာယ်များ ကြီးမားနေဆဲဖြစ်သည်။[၃၀] တပ်မတော်၊ KNPP၊ KNPLF နယ်ခြားစောင့်တပ်နှင့် အခြားတပ်မတော် ကျောထောက်နောက်ခံပြုထားသည့် ပြည်သူ့စစ်တပ်ဖွဲ့များ လွယ်လွယ်ရုပ်သိမ်းသွားမည့် အခြေအနေမရှိသေးပေ။ တပ်သားအရေအတွက် အနည်းငယ်တည်ငြိမ်မှုမရှိသည့် အနေအထားမှလွဲ၍ တပ်မတော်ဖက်မှ ဤနှစ်များအတွင်း ကယားပြည်နယ်၌ တပ်ရင်း (၂၄) ရင်းကို တိုးချဲ့နေရာချထားပြီး KNPP၊ KNPLF၊ ကယန်းပြည်သစ်ပါတီနှင့် အခြားပြည်သူ့စစ်တပ်ဖွဲ့များအား လုံးပေါင်း၏ လက်နက်တပ်ဆင်ထားသည့် စုစုပေါင်းတပ်သားဦးရေ ၂၀၀၀ ဝန်းကျင်ခန့်ရှိသည်ဟု ခန့်မှန်းရသည် (“ကရင်နီလက်နက်ကိုင်အဖွဲ့အစည်းများကို ခြုံငုံကြည့်ရှုခြင်း” ဟူသည့် ပူးတွဲဖိုင်ကိုကြည့်ပါ)။[၃၁] KNPP နှင့် အပစ်အခတ်ရပ်စဲခဲ့ပြီးနောက်ပိုင်း တပ်မတော်၏ ဖရူဆိုမြို့နယ်အတွင်း စစ်လေ့ကျင့်ရေး သင်တန်းကျောင်းသစ် တိုးချဲ့တည်ဆောက်မှုကလည်း ငြိမ်းချမ်းရေးတည်ဆောက်သွားမည့် အစိုးရ၏ ကတိကဝတ်များအပေါ် အယုံအကြည်နည်းသွားစေရန် လှုံ့ဆော်ပေးလျက်ရှိသည် (အောက်တွင်ဆက်လက်ဖတ်ရှုပါ)။

ထို့ကြောင့် ယနေ့အချိန်ထိ တည်ငြိမ်မှုမရှိသေးသည့်နိုင်ငံရေးနှင့် စစ်ရေးအခြေအနေများက ပြည်နယ်အနှံ့ နေရပ်စွန့်ခွာ၍စစ်ဘေးတိမ်းရှောင်ခဲ့ကြရသည့် အရပ်သားပြည်သူများအတွက် မရေရာမသေချာမှုများကိုသာ တိုး၍ ကြီးထွားလာစေလျက်ရှိသည်။ အခွန့်ရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးအားဖြင့် နယ်ခံလူထုလူတန်းစားများ၏ ဆုံးရှုံးနစ်နာမှုများနှင့် လိုလားတောင့်တချက်များကိုဖြည့်ဆည်းဆောင်ရွက်ပေးမှု မရှိမခြင်း နေရပ်ပြန်ရေးအလားအလာ ပါးလျနေဦးမည်ဖြစ်သည်။ ကရင်နီ အရပ်ဖက်အဖွဲ့အစည်းများကွန်ရက်က

> “ခိုင်မာသေချာတဲ့ သဘောတူညီချက်မရှိဘဲ နေရပ်ပြန်ခဲ့မယ်ဆိုရင် ဒီလူတွေအနေနဲ့ ပြဿနာပေါင်းစုံကြုံတွေ့ရပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ဗမာ့တပ်မတော်ရဲ့ တပ်ရင်းတပ်ဖွဲ့တွေ လျော့သွားတယ်ဆိုတာမရှိသလို တစ်ဖက်မှာလည်း သူတို့ရဲ့ အဆင့်အတန်း၊ မြေယာ၊ အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းတွေနဲ့ လူမှုဖူလုံရေးအစီအစဉ်ကိုအာမခံပေးနိုင်တဲ့သဘောတူညီချက်မျိုး အခုချိန်ထိ မရှိသေးလို့ပါ” ဟု သုံးသပ်ပြောဆိုခဲ့သည်။[၃၂]

နေရပ်စွန့်ခွာခဲ့ကြရသူများအတွက် တစ်ပူပေါ်နှစ်ပူဆင့်ရသည့် အခက်အခဲများအဖြစ် KCSN သည် လက်ရှိအချိန်၌ ထိုင်းနိုင်ငံအတွင်းရှိ စစ်ဘေးဒုက္ခသည်စခန်းနှစ်ခု၌နေထိုင်လျက်ရှိသည့် ကယားပြည်နယ်မှ ဒုက္ခသည်ပေါင်း ၁၂၀၀၀ အတွက် ပေးအပ်လျက်ရှိသည့် လူသားချင်းစာနာထောက်ထားရေးအကူအညီများ လျော့နည်းလာသည့်အပေါ်များစွာ စိုးရိမ်ပူပန်လျက်ရှိသည်။ အချို့သည် ဒုက္ခသည်စခန်း၌သာ နေထိုင်လာခဲ့သည်မှာ ဆယ်စုနှစ် (၂) ခု ကျော်သွားခဲ့ပြီဖြစ်သလို အချို့ဒုက္ခသည်များသည် စခန်းပြင်ပ၌နေထိုင်၍ ထိုင်းနိုင်ငံ၏ စီးပွားရေးကဏ္ဍတွင်းဝင်

ရောက်လုပ်ကိုင်လျက်ရှိသည်။ ထို့ကြောင့် KCSN သည် အစိုးရအား "ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ယုံကြည်မှု တည်ဆောက်ရန် ကရင်နီပြည်တွင်း ဖြန့်ချထားသည့် ဗမာ့တပ်မတော်၏ တပ်ရင်းတပ်ဖွဲ့များကို ရုပ်သိမ်းပေးရန်နှင့် အမှတ် (၁၄) စစ်သင်တန်းကျောင်းကို ပိတ်သိမ်းပေးရန် တောင်းဆိုခဲ့ခြင်းဖြစ်သည်။"[၂၂] ထို့အပြင် နိုင်ငံတကာအလှူရှင်များကိုလည်း "စစ်ဘေးဒုက္ခသည်တွေ ကိုယ့်ရဲ့လွတ်လပ်တဲ့ သဘောဆန္ဒအတိုင်း ဘေးကင်းလုံခြုံပြီး ဂုဏ်သိက္ခာရှိရှိ နေရပ်မပြန်နိုင်ခင်မှာ ထိုင်းနိုင်ငံထဲက ဒုက္ခသည်စခန်းတွေအတွက် လိုအပ်တဲ့ လူသားချင်းစာနာထောက်ထားရေး အကူအညီတွေကို အလုံအလောက်ထောက်ပံ့ပေးဖို့" တိုက်တွန်းတောင်းဆိုခဲ့သည်။[၂၄]

## မြေယာလုယူမှု

KNPP မှ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အသစ်ကို လက်မှတ်ရေးထိုးခဲ့သည့် နှစ်အတွင်းမှာပင် ဦးသိန်းစိန်အစိုးရသည် နိုင်ငံတွင်း ပြုပြင်ပြောင်းလဲရေး၏ အရေးအကြီးဆုံး အင်္ဂါရပ်တစ်ခုအဖြစ် များစွာရှေ့တန်းတင်ထားသည့် မြေယာဥပဒေသစ်များကို အတည်ပြုကျင့်သုံးလာခဲ့သည်။ အစကတည်းကပင် ကယားပြည်နယ်ကဲ့သို့သော ကျေးလက်ဒေသများရှိ လက်လုပ်လက်စားတောင်သူများထက်စာလျှင် ကုမ္ပဏီများကိုသာ အဓိကအကျိုးပြုသွားမည့် ဥပဒေများဖြစ်ကြောင်း သိသာထင်ရှားနေခဲ့သည်။ အထူးသဖြင့် ၂၀၁၂ ခုနှစ် "လယ်ယာမြေဥပဒေ" သည်မြေယာဈေးကွက်မှတစ်ဆင့် မြေများကို တရားဝင်အရောင်းအဝယ်ပြုလုပ်၍ လွှဲပြောင်းနိုင်စေရန် ပြဋ္ဌာန်းပေးထားခြင်းဖြစ်သည်။ ဥပဒေသစ်အရ တောင်သူများအနေဖြင့်မိမိတို့၏ မြေယာများကို တရားဝင်အမည်ပေါက်မှတ်ပုံတင်လျှောက်ထားနိုင်သည်။ မည်သို့ဆိုစေ ကရင်နီလူထုအတွက်လျှောက်ထားရေးလုပ်ငန်းစဉ်သည်အလွန့်အလွန်ခက်ခဲရှုပ်ထွေးလျက်ရှိသဖြင့် ယနေ့မြန်မာနိုင်ငံအတွင်း မြေဆိုင်ရာ ရပိုင်ခွင့်အခွင့်အရေးသည် အငြင်းပွားဖွယ်ရာအကောင်းဆုံး ကိစ္စရပ်တစ်ခုဖြစ်လာခဲ့သည်။

ဇစ်မြစ်အကြောင်းရင်းကိုကြည့်ရှုသုံးသပ်ကြည့်ပါက ဥပဒေသစ်၏ အခြေခံအကျဆုံး အားနည်းချက်သည် တိုင်းရင်းသားပြည်သူများ၏ ဓလေ့ထုံးတမ်းစဉ်လာမြေယာစနစ်နှင့် စုပေါင်းမြေယာအခွင့်အရေးတို့ကို အသိအမှတ်ပြုရန် ပျက်ကွက်ခဲ့ခြင်းဖြစ်သည် ("ကရင်နီ ဓလေ့ထုံးတမ်းစဉ်လာမြေယာစနစ်များ"စာကွက်ကိုကြည့်ရှုပါ)။ ထို့အပြင် ကရင်နီလူထုနှင့် မြန်မာနိုင်ငံ၏ တောင်တန်းဒေသနေ အခြားတောင်သူများ ကျယ်ကျယ်ပြန့်ပြန့်ကျင့်သုံးနေကြဆဲဖြစ်သည့် ရွှေ့ပြောင်းတောင်ယာစနစ်ကိုလည်း လုံးဝအသိအမှတ်ပြုခြင်းမရှိခဲ့ပေ။ ဥပဒေသစ်အရ အမြဲတမ်းအတည်တကျ ပုဂ္ဂလိကပိုင်မြေများကိုသာ အကန့်အသတ်ဖြင့် အမည်ပေါက်မှတ်ပုံတင်ပေးခြင်းဖြစ်သည်။ အမည်ပေါက်မှတ်ပုံတင်ရရှိရန် ကန့်သတ်ထားသည့် စည်းမျဉ်းစည်းကမ်း များပြားလွန်းသည့် ယန္တရားများကြောင့် လက်တွေ့မြေအသုံးပြုနေသူ အများအပြားအကျုံးဝင်ခြင်းမရှိဘဲ ဘေးရောက်သွားခဲ့သည်။ တနည်းနည်းဖြင့် မြေ ယာမှတ်ပုံတင်နိုင်ခဲ့ကြသူများအနက် အများစုသည် မြေနိမ့်ဒေသလယ်ကွက်များသာဖြစ်ပြီး မှတ်ပုံတင်နိုင်စေရန်အတွက် အစိုးရအရာရှိများကိုအများအပြားလာဘ်ထိုးခဲ့ကြရသည်။ အစိုးရစနစ်အတွင်း အမည်ပေါက်ထားခြင်းမရှိသည့် မြေယာများကို ပြည်တွင်းနှင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများကိုပြန်၍လုပ်ပိုင်ခွင့် ချထားပေးနိုင်သည့် ၂၀၁၂ ခုနှစ် "မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းစီမံခန့်ခွဲရေးဥပဒေ" သည် ရွာသူရွာသားများအတွက် မြေပြုရာကင်းမှောက်ဆိုသလိုပို၍အခြေအနေဆိုးလာစေခဲ့သည်။[၂၅] ဤဥပဒေနှစ်ခုပေါင်း၏ဂယက်ရိုက်ခတ်မှုသည် နိုင်ငံအဝှမ်းရှိ လူထုလူတန်းစားများကို အလွန့်အလွန်ဆိုးရွားနစ်နာစေခဲ့သည်။ တောင်သူမိသားစုများအနေဖြင့် မိမိတို့၏ ဘိုးဘွားပိုင်မြေပေါ် မျိုးဆက်ပေါင်းများစွာနေထိုင်၍ လုပ်ကိုင်စားသောက်လာခဲ့ကြလင့်ကစား အများအပြားသည် ညတွင်းချင်းပင် ကျူးကျော်များအဖြစ် သတ်မှတ်ကြေညာခံလိုက်ရတော့သည်။

ကယားပြည်နယ်အတွင်းရှိ နယ်ခံတောင်သူများသည် မိမိတို့၏မြေယာများကိုတရားဝင်မှတ်ပုံတင်ပြီးလျှင်ပင်အနာဂတ်တွင် ဖြစ်ပေါ်လာမည့် မြေယာလုယူမှုများမှ ၎င်းတို့ကို အကာအကွယ်မပေးနိုင်ဟု ပြောဆိုစောဒကတက်ခဲ့ကြသည်။ ဤအချက်က နိုင်ငံတစ်လွှား၌ အခြားလူထုလူတန်းစားများ ပြောဆိုတိုင်ကြားလျက်ရှိသည့် ပုံစံနှင့် ထပ်တူကျလျက်ရှိသည်။[၂၆] တွေ့လေ့တွေ့ထများသည့် အကျင့်ပျက်ခြစားမှုပုံစံသည် ၎င်းတို့၏ မြေပုံပေါ်၌ "မြေလွတ်" ကဲ့သို့ဖြစ်နေသည့် ဧရိယာများကို အပြင်လူများ



ဒီမောဆိုမြို့နယ်တွင်း တစ်နေရာ၌ တွေ့မြင်ရသည့် ခြံစည်းရိုးများ (TK)

နှင့် ကုမ္ပဏီများအတွက် လက်ညှိုးထိုးလုပ်ပိုင်ခွင့်ချပေး၍ အပြန်အလှန်အားဖြင့် ၎င်းတို့ထံမှ လာဘ်လာဘများ ပြန်လည်ရယူခြင်းဖြစ်သည်။ သို့သော်လည်း အမှန်တကယ် တမ်း၌ လုပ်ပိုင်ခွင့်ရရှိသွားခဲ့သူများနှင့် ၎င်းတို့ကိုယ်တိုင် တစ်ကြိမ်တစ်ခါမျှ ကွင်းဆင်းကြည့်ရှုခဲ့ခြင်းမရှိသည့် သမိုင်း အစဉ်အဆက် ယင်းမြေပေါ်၌ နယ်ခံလူထုလူတန်းစားများ မျိုးဆက်ပေါင်းများစွာ နေထိုင်လုပ်ကိုင်စားသောက်လာခဲ့ သည့် မြေနေရာများဖြစ်နေလေ့ရှိသည်။[၃၇] "ကျနော့်မှာမြေ ပိုင်ရှိပေမယ့် မြေပုံစံမထုတ် ပေးသေးဘူး" ဟု ကရင်နီ တောင်သူတစ်ဦး ပြောဆိုသွားခဲ့သည်။ "ဒါပေမယ့် စီးပွား ရေးသမားတွေကျတော့ ဒီမြေယာပုံစံတွေကို ရက်အနည်း ငယ်အတွင်း ရသွားကြတယ်။ ဘာကြောင့်လဲ။ တကယ် တော့ ကျနော်တို့လို ရွာသားတွေအတွက် မြေပုံစံတွေရဖို့ အရမ်းခက်တယ်။"[၃၈]

KNPP အပစ်အခတ်ရပ်စဲခဲ့ပြီးနောက်ပိုင်း အပြင် လူများအတွက် တံခါးပွင့်လာသည့် ကယားပြည်နယ်နှင့် မြေယာဥပဒေသစ်များ တွေ့ဆုံသွားသည့်အခါ ဆိုးရွား ပြင်းထန်သည့် နောက်ဆက်တွဲသက်ရောက်မှုများ ပေါ် ပေါက်လာခဲ့သည်။ လူထုလူတန်းစား အများအပြားသည် အဆိုပါရိုက်ခတ်မှုများအတွက် လုံးဝကြိုတင်ပြင်ဆင်ထား ခြင်းမရှိခဲ့ပေ။ မြေယာလုယူသိမ်းဆည်းမှုများ မြင့်တက် လာသည်နှင့်အမျှ ပြည်နယ်တစ်လွှားရှိ မြေယာများအပေါ် မှီခိုရှင်သန်နေကြရသည့် မိသားစုအများအပြား၏ အရဲစွန့် ရမှုအန္တရာယ် ပိုရုံကြီးမားလာခဲ့သည်။ KSWDC မှ ဗညား ခွန်အောင်က "ဒီမြေတွေအားလုံးကိုနယ်ခံမဟုတ်တဲ့အပြင် ကစီးပွားရေးသမားတွေချည်း လုယူနေကြတာပါ။ တရုတ် စီးပွားရေးသမားတွေအပါအဝင် ဒီအပြင်လူတွေက အပစ် အခတ်ရပ်စဲပြီးတဲ့နောက်ပိုင်း လှိမ့်ဝင်လာခဲ့ကြတာပါ" ဟု သုံးသပ်မှတ်ချက်ပေးခဲ့သည်။[၃၉]

အပြင်လူများကသာ မြေယာများကို လုယူသိမ်း ဆည်းရန် စိတ်ဝင်စားနေခြင်းမဟုတ်ပါ။ တပ်မတော်၊ လက် နက်ကိုင်ပြည်သူ့စစ်တပ်ဖွဲ့များနှင့် နယ်ခံစီးပွားရေးသမား များ၏ မြေယာလုယူသိမ်းဆည်းမှုများလည်း တွင်တွင် ကျယ်ကျယ်ဖြစ်ပွားလျက်ရှိသည်။ လတ်တလောနှစ်များ အတွင်းဖြစ်ပွားခဲ့သည့် အထင်ကရဖြစ်ရပ်ကြီး နှစ်ခုက အထင်ရှားဆုံးဖြစ်သည်။ ပထမဖြစ်စဉ်သည် ဖရူဆိုမြို့နယ် အတွင်း တပ်မတော်၏ အမှတ် (၁၄) စစ်သင်တန်းကျောင်း တည်ဆောက်ရန်အတွက် ၂၀၁၁ ခုနှစ်၌ တောင်သူများ

၏မြေဧက ၃၀၀၀ ကျော်ကို ပဏာမသိမ်းယူသွားခဲ့ခြင်း ဖြစ်သည်။[၄၀] အပစ်အခတ်ရပ်စဲပြီးနောက်ပိုင်း သင်တန်းကျောင်းတည်ဆောက်မှုကို ဆိုင်းငံ့ထားရန် KNPP ဖက်မှ တောင်းဆိုခဲ့သည်။ "အစိုးရဖက်က KNPP နဲ့အတူ ဒီစီမံကိန်းအပေါ် နယ်ခံလူထုရဲ့ ထောက်ခံအားပေးမှု ဘယ်လောက်ရှိသလဲဆိုတာကို စစ်တမ်းကောက်ပြီး လေ့လာဆန်းစစ်သွားဖို့ သဘောတူခဲ့တယ်" ဟု KCSN က ပြောဆိုသွားခဲ့သည်။ "ဒါပေမယ့် ဇူလိုင်လမှာ ပြီးဆုံးသွားခဲ့တဲ့ စစ်တမ်းမှာ အသိမ်းခံခဲ့ရတဲ့ နယ်ခံလူထုရဲ့ သဘော ဆန္ဒကို ဆန့်ကျင်ပြီးတော့ စီမံကိန်းကို ဆက်ပြီးအကောင်အထည်ဖော်သွားဖို့ အစိုးရအရာရှိတွေဖက်က ချယ်လှယ်သွားခဲ့တယ်။"[၄၁] ၂ နှစ်မျှ စည်းရုံးလှုပ်ရှားခဲ့ပြီးနောက် မူလတောင်သူများအတွက် မြေဧကအနည်းအကျဉ်းနှင့် အနိမ့်ဆုံးနစ်နာကြေးပမာဏ တစ်စိတ်တစ်ပိုင်း ပြန်လည်ပေးအပ်ခဲ့သည်။[၄၂] သို့သော်လည်း အငြင်းပွားမှု ဆက်လက်ဖြစ်ပွားလျက်ရှိပြီး KNPP နှင့် တပ်မတော်အကြား အခြေအတင်ဖြစ်ရလောက်သည်အထိ ကြီးကျယ်သည့် အရေးအခင်းကြီးဖြစ်လာခဲ့သည်။ KNPP ၏ အမြင်၌ ၂၀၁၂ ခုနှစ် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးခဲ့ပြီး နောက်ပိုင်း ကယားပြည်နယ်အတွင်း တပ်ရင်းတပ်ဖွဲ့များ လျော့သွားရမည့်အစား တပ်အင်အားများကို ဆက်လက်တိုးချဲ့ချထားလျက်ရှိသည့် တပ်မတော်၏ အစီအစဉ်များအတွက် စစ်သင်တန်းကျောင်းသည် မရှိမဖြစ်လိုအပ်သည့် အင်္ဂါရပ်အစိတ်အပိုင်းတစ်ခုဖြစ်သည်ဟု သတ်မှတ်ယူဆထားသည်။ နယ်ခံများအတွက် စစ်သင်တန်းကျောင်းသည် ဖွံ့ဖြိုးတိုးတက်မှုမဟုတ်သည့် ကျူးကျော်သိမ်းပိုက်မှု၏ အမှတ်သညာတစ်ခု ဖြစ်နေခဲ့သည်။

ဒုတိယမြောက် မြေယာလုယူမှုဖြစ်စဉ်သည်လည်း ဖရူဆိုမြို့နယ်တွင်းရှိ ဆိုကြာကူကျေးရွာ၌ပင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဤနယ်မြေအတွင်းရှိ နယ်ခံရွာသူရွာသားများသည် အစောပိုင်း ၁၉၉၀ ခုနှစ်ဝန်းကျင်၌ ဦးစွာသိမ်းယူခဲ့သည့် မြေယာလုယူမှု၏ အဆက်အဖြစ် ၂၀၁၂-၂၀၁၃ ခုနှစ်အတွင်း တပ်မတော်တပ်ရင်းတစ်ခုဖြစ်သည့် ၅၃၁ တပ်ရင်း၏ လုယူခံခဲ့ရသည့် ၎င်းတို့၏ အသိမ်းဆည်းခံမြေပေါ်၌ "ထွန်တုံးတိုက်ပွဲများ" ကို ဆင်နွှဲခဲ့ကြသည်။[၄၃] ကနဦး၌ဆန္ဒပြခဲ့ကြသည့်တောင်သူအများအပြားတရားစွဲဆိုခံခဲ့ရသည်။သို့သော်လည်းပြောင်းလဲလာသည့်နိုင်ငံရေးရေချိန်၏ အရေးပါသည့်ညွှန်းကိန်းတစ်ရပ်အဖြစ် ထွန်တုံးတိုက်ပွဲကို ဦးဆောင်ကျင်းပခဲ့သူတစ်ဦးဖြစ်သည့် ယခင်က ကရင်နီပြည်တောင်သူများသမဂ္ဂ အတွင်းရေးမှူးဖြစ်ခဲ့သူ သဲရယ်သည် ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ၌ လူမျိုးပေါင်းစုံဒီမိုကရေစီပါတီ (ANDP) အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နေရာ တစ်နေရာ အနိုင်ရရှိခဲ့သည် (အခန်း ၆ ကိုကြည့်ပါ)။ ဤကိစ္စရပ်သည် အရေးပါသည့် အောင်မြင်မှုတစ်ခုဖြစ်ခဲ့သည်။

ဤအချက်က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ရှေ့ဆက်ဖော်ဆောင်ရင်း လွှတ်တော်တွင်း ပြုပြင်ပြောင်းလဲရေးလုပ်ငန်းအားဖြင့် တိုင်းရင်းသားပြည်သူများ၏ လုံခြုံရေးနှင့် မြေယာရပိုင်ခွင့်အခွင့်အရေးကို ကာကွယ်စောင့်ရှောက်နိုင်စွမ်းရှိမရှိ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို သွေးတိုးစမ်း မှတ်ကျောက်တင်မည့် အဓိကစမ်းသပ်ချက်တစ်ခုဖြစ်လာပါလိမ့်မည်။ အလားတူ အလွန်အရေးကြီးသည့်အချက်မှာ နယ်ခံလူထုများ လုပ်ကိုင်စားသောက်လျက်ရှိသည့် ၎င်းတို့၏ မြေယာများ၌ သမိုင်းအစဉ်အလာနှင့် ယဉ်ကျေးမှုရောယှက်ပါဝင်နေမှုကို တရားဝင်အသိအမှတ်ပြုရေးကိစ္စဖြစ်သည် ("ကရင်နီဓလေ့ထုံးတမ်းစဉ်လာမြေယာစနစ်များ" စာကွက်ကိုကြည့်ရှုပါ)။ ကရင်နီလူထုအများအပြားသည် သစ်တောများ၊ ရေစီးရေလာများ၊ ငါးကန်များ၊ စားကျက်မြေများနှင့် အထွဋ်အမြတ်မြေနေရာများအပါအဝင် ၎င်းတို့၏ သယံဇာတအရင်းအမြစ်များကိုစုပေါင်းစီမံခန့်ခွဲလေ့ရှိသည်။ မြေနှင့် ဆက်စပ်သယံဇာတအရင်းအမြစ်များသည်ရပ်ရွာလူထုအတွက်အစားအစာနှင့် အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများကိုသာ ထောက်ပံ့ပေးထားခြင်းမဟုတ်ဘဲ မြေနှင့် ၎င်းတို့အကြား နှောင်ဖွဲ့ထားသည့်ရင်းနှီးမှုသည် မျက်နှာစာပေါင်းများစွာရှိနေပြီး ယုံကြည်ကိုးကွယ်မှု၊ ယဉ်ကျေးမှုနှင့် လူမှုရေးဆိုင်ရာ တန်ဖိုးထားမှုများနှင့် ရိုးရာအစဉ်အလာကောင်းများ ဒွန်တွဲပါဝင်လျက်ရှိသည်။[၄၄] ဖရူဆိုမြို့နယ်ရှိ နယ်ခံတောင်သူတစ်ဦးက -

> "ဟိုးရှေးပဝေသဏီကတည်းက ဒီမြေပေါ်မှာပဲ ကျနော်တို့ နေထိုင်စားသောက်လာခဲ့ကြတယ်။ ကျနော်တို့ဘဝနဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေအားလုံး ဒီမြေကိုပဲ မှီခိုနေကြရတာပါ။ ကျနော်တို့မြေမှာနေထိုင်လုပ်ကိုင်စားသောက်နေရရင်ကို လုံခြုံမှုရှိနေပြီလို့ ခံစားရတယ်။ လုပ်ကိုင်

စားသောက်ဖို့ မြေရှိနေသမျှ ကျနော်တို့ရဲ့ အစားအစာ၊ အသက်မွေးဝမ်းကျောင်းမှု၊ ငွေကြေးနဲ့ တစ်ခြားမိသားစုလိုအပ်ချက်တွေအားလုံး အာမခံပြီးသားဖြစ်တယ်။ အခုလို မြေယာလက်လွှတ်ဆုံးရှုံးခဲ့ရတော့ ကျနော်တို့ရဲ့ အနာဂတ်အတွက် စိတ်ပူနေရပြီ”[၆၅] ဟု ခံစားပြောဆိုသွားခဲ့သည်။

ကယားပြည်နယ်၌ မြေယာသည် ကိုယ်တိုင်အုပ်စိုးပိုင်ခွင့်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့်ဆိုင်ရာ စိတ်ကူးအိပ်မက်များနှင့်လည်း ဆက်နွယ်ချိတ်ဆက်လျက်ရှိသည်။ ဒီမော့ဆိုမြို့နယ်ရှိတောင်သူတစ်ဦးက “ကျနော်တို့အတွက် မြေကြီးက အရမ်းလေးနက်တဲ့တန်ဖိုးနဲ့ အဓိပ္ပာယ်ရှိတယ်။ မြေကြီးကကျနော်တို့ရဲ့ဘဝဖြစ်သလိုကျနော်တို့ရဲ့အသက်သွေးကြောလည်းဖြစ်နေတယ်။ မြေကြီးမရှိတော့ဘူးဆိုရင် ကျနော်တို့ရဲ့ လူမျိုးပါပျောက်သွားပါလိမ့်မယ်။ မြေကြီးက ကျနော်တို့ရဲ့ ဂုဏ်သိက္ခာပါပဲ” ဟု ပြောဆိုသွားခဲ့သည်။[၆၆] မျက်မှောက်ခေတ် မြန်မာ့ဥပဒေများက ဤကဲ့သို့သော ဓလေ့ထုံးတမ်းစဉ်လာနှင့်စုပေါင်းအခွင့်အရေးများကိုအသိအမှတ်ပြုထားပေးခြင်းမရှိပေ။ ဆယ်စုနှစ်ပေါင်းများစွာကြာမြင့်လာခဲ့သည့် ပြည်တွင်းစစ်ဒဏ်ကြောင့် လျစ်လျူရှုခံထားရသည်ဟု ထင်မြင်ယူဆထားကြပြီးဖြစ်သည့် တိုင်းရင်းသားပြည်သူအများအပြားမှီတင်းနေထိုင်လျက်ရှိသည့် နယ်မြေဒေသမျိုး၌ ဤအချက်က ၎င်းတို့၏ ဆုံးရှုံးနစ်နာမှုရင်းမြစ်ကို ပိုမိုနက်ရှိုင်းသွားစေပြီး နိုင်ငံရေးအရ အလွန်အရေးပါသည့်ပျက်ကွက်မှုတစ်ရပ်ဖြစ်လာခဲ့သည်။ “အစိုးရရဲ့မြေဥပဒေက ရပ်ရွာလူထုနဲ့ ကိုက်ညီသင့်လျော်မှုမရှိဘူးဖြစ်နေတယ်” ဟု ကယန်းမျိုးဆက်သစ်လူငယ်အဖွဲ့မှ ခွန်းအသန်းက ပြောဆိုခဲ့သည်။ “ဒီက တိုင်းရင်းသားမျိုးနွယ်စုအသီးသီးမှာ ကိုယ်ပိုင်ဓလေ့ထုံးတမ်းဥပဒေ အမျိုးမျိုးရှိနေကြတဲ့အတွက် ကျနော်တို့အနေနဲ့ ဒါကိုအားပေးမြှင့်တင်ချင်နေကြတာပါ။ အစိုးရဖက်က ဥပဒေသစ်တွေကို အသုံးချပြီးတော့ မြေသိမ်းဖို့ကြိုးစားနေကြတယ်။ လူထုဖက်က အစိုးရရဲ့ ဥပဒေတွေကို မကြိုက်ကြဘူး။”[၆၇]

မြေယာပြဿနာ မည်မျှနက်ရှိုင်းလျက်ရှိကြောင်း ကိုကရင်နီမြေယာအရေး လှုပ်ရှားတက်ကြွသူတစ်ဦးက ဤသို့“တိုင်းရင်းသားနယ်မြေတွေမှာမြေအားလုံးကိုလူထုကပိုင်တယ်။ ကျနော်တို့ဒေသတွေမှာ မြေလွတ်၊ မြေလပ်နဲ့ မြေရိုင်းဆိုတဲ့ မြေအမျိုးအစား လုံးဝမရှိဘူး” ဟု သုံးသပ်ပြောဆိုသွားခဲ့သည်။[၆၈] နိုင်ငံရေးပြုပြင်ပြောင်းလဲမှုမှ လူထုအားလုံးကိုလက်တွေ့လွှမ်းခြုံသွားလိုပါကရှိရင်းစွဲမြေယာဆိုင်ရာ ရပိုင်ခွင့်အခွင့်အရေးများကို အသိအမှတ်ပြုခြင်းသည် လာမည့်နှစ်များ၏ နိုင်ငံရေးအပြောင်းအလဲအတွက် အခြေခံအကျဆုံး အင်္ဂါရပ်တစ်ခုကဲ့သို့ အရေးပါလျက်ရှိသည်။

## ဝန်ဆောင်မှုထောက်ပံ့ပေးအပ်ခြင်း

ကယားပြည်နယ်အတွင်းရှိနယ်ခံလူထုများအတွက် ပဋိပက္ခနှစ်များအတွင်း ပေးအပ်ခဲ့သည့် အခြေခံလူထုဝန်ဆောင်မှုလုပ်ငန်းများ မရှိသလောက်နည်းပါးခဲ့သည် သို့မဟုတ် အစဉ်အဆက် အလွန်ချို့တဲ့အားနည်းခဲ့သည်။ အစိုးရ၏ ဝန်ဆောင်မှုလုပ်ငန်းများသည် မြို့ပေါ်ရပ်ကွက်များနှင့်တပ်မတော်က ထိန်းချုပ်ထားနိုင်သည့် နယ်မြေဒေသများရှိ လူထုလူတန်းစားများအတွက်သာ ဖြစ်နေခဲ့သည်။ လက်နက်ကိုင်ပဋိပက္ခအပြင် ပထဝီနယ်မြေအနေအထား၊ ချို့တဲ့ညံ့ဖျင်းလွန်းလှသည့် အခြေခံအဆောက်အအုံ၊ ဘာသာစကားအခက်အခဲနှင့် အစိုးရ၏ဦးစားပေးမှုနှင့် ရန်ပုံငွေအထောက်အပံ့ ကင်းမဲ့ခြင်းတို့ကြောင့် ပညာရေးနှင့် ကျန်းမာရေးပြုစုစောင့်ရှောက်မှု လုပ်ငန်းများကို အကန့်အသတ်ဖြင့်သာ အနည်းအကျဉ်းရရှိခဲ့ကြသည်။ ဗမာတိုင်းရင်းသားများ ကြီးစိုးထားသည့် အစိုးရအဆက်ဆက်အပေါ် နယ်ခံလူထုလူတန်းစားများ၏ အယုံအကြည်ကင်းမဲ့မှုက အခြေအနေကို ပို၍ရှုပ်ထွေးဆိုးရွားသွားစေခဲ့သည်။

ကျေးလက်ဒေသများ၌ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများကလည်း တစ်ဝက်တစ်ပျက် “အစိုးရအသေးစားများ” ကဲ့သို့ ၎င်းတို့ကိုယ်ပိုင်အရပ်သားအုပ်ချုပ်ရေးစနစ်များနှင့် လူထုဝန်ဆောင်မှုလုပ်ငန်းများကို ထူထောင်လည်ပတ်လျက်ရှိသည်။ KNPP နှင့် တိုက်ပွဲများ အပြင်းအထန်ဖြစ်ပွားခဲ့သည့် ၁၉၉၀ ခုနှစ်ဝန်းကျင်၌ ဤကဲ့သို့သော ကွန်ရက်အများအပြား မှေးမှိန်ပျောက်ကွယ်သွားခဲ့သည်။ သို့သော်လည်း KNPP ထိန်းချုပ်ဒေသများ၌ ကရင်နီကျန်းမာရေးဌာန (KnHD) အောက်၌ဆေးတပ်သားများသည် ကျောပိုးအိတ်တစ်လုံးဖြင့် လူထုအတွက်လိုအပ်သည့် အခြေခံကျန်းမာရေး ပြုစုစောင့်ရှောက်မှုလုပ်ငန်းများကို ဆက်လက်ပေးအပ်နေခဲ့သည်။

## ကရင်နီဓလေ့ထုံးတမ်းမြေယာစနစ်များ

“ကျနော်တို့အနေနဲ့ မြေယာတွေကို ကျနော်တို့ရဲ့ ဓလေ့ထုံးတမ်းတွေအရပဲ စီမံခန့်ခွဲကြပါတယ်။ အသေးစိတ်ကျင့်သုံးမှုပုံစံကတော့ တစ်ရွာနဲ့တစ်ရွာ နည်းနည်းကွာခြားမှုရှိတတ်တယ်။ ယေဘုယျအားဖြင့်တော့ ဘယ်မြေအကွက်က ဘယ်သူ့ဟာဆိုတာကို တစ်ရွာလုံးက သိကြပါတယ်။ ရွာသားတွေအားလုံးကလည်း တစ်ယောက်နဲ့တစ်ယောက်သိကြတဲ့အတွက် သူတို့ကြားမှာ မြေယာအပေးအယူလုပ်တာတွေ ရှိနိုင်ပါတယ်။ ကျနော်တို့ဆီမှာ မြေအမျိုးအစား ခွဲခြားတာရှိပါတယ်။ သီးနှံတွေ စိုက်ပျိုးဖို့အတွက် တစ်ဦးချင်းပိုင် တောင်ယာတွေရှိတယ်။ နောက်ပြီးတော့ ဥပမာ စားကျက်လွှတ်ဖို့ရည်ရွယ်ထားတဲ့နေရာတွေ သောက်သုံးရေခပ်ဖို့ သတ်မှတ်ထားတဲ့နေရာတွေအပြင် ဆောက်လုပ်ရေးသုံး ရည်ရွယ်ချက်တွေအတွက် မြစ်ကမ်းတစ်လျှောက် သဲ/ကျောက်ထုတ်လုပ်ဖို့ သတ်မှတ်ထားတဲ့ နေရာတွေလိုမျိုး အများပိုင်မြေနေရာတွေလည်း ရှိပါတယ်။ ဒ့ါအပြင် ကျနော်တို့ဆီမှာ အထွဋ်အမြတ်နေရာတွေ သို့မဟုတ် နတ်ကွန်းမြေလို နေရာတွေလည်းရှိပြီး တစ်ချို့နေရာတွေကို ဖြတ်သန်းသွားလာ ဖို့ခွင့်မပြုထားဘူး။ ဒါကိုလည်း ရွာသားတွေအားလုံးအတူ ဆုံးဖြတ်ချက်ချကြတာပါ။

မြေမရှိဘူးဆိုရင်လည်း အများပိုင်မြေထဲက တစ်စိတ်တစ်ပိုင်းအသုံးပြုခွင့်ပေးဖို့ သူကြီးကို ချဉ်းကပ်အကူအညီတောင်းလို့ရတယ်။ လိုအပ်ခဲ့ရင် ဘုံပိုင်မြေမှာ အိမ်ဆောက်ပြီးတောင် နေလို့ရပါတယ်။ ကိုယ့်ရဲ့ ပုဂ္ဂိုလ်ရေးလိုအပ်ချက်အတွက် ကျေးရွာပိုင်မြေကို အသုံးပြုနိုင်ပေမယ့် အပိုင်ယူလို့မရသလို ရောင်းစားလို့လည်း မရပါဘူး။ ရွာသူရွာသားတွေ လိုက်နာဆောင်ရွက်ရမယ့် တာဝန်ဝတ္တရားတွေလည်း ချမှတ်ထားပါတယ်။ အပြင်လူတွေကို မြေရောင်းပေးလို့ သို့မဟုတ် အလဲအထပ်လုပ်လို့ မရပါဘူး။ ကိုယ့်အနေနဲ့ တစ်နယ်တစ်ကျေးကို ပြောင်းရွှေ့အခြေချသွားခဲ့ရင်တောင် မြေကြီးကိုတော့ ရပ်ရွာကို ပြန်အပ်ခဲ့ရတယ်။

မြေအငြင်းပွားမှု ပေါ်ပေါက်လာခဲ့ရင် ရှေ့မီနောက်မီလူကြီးတွေနဲ့ မျိုးနွယ်စုခေါင်းဆောင်တွေက ဖြေရှင်းဆုံးဖြတ်ပေးတယ်။ တစ်ခြားလူတွေရဲ့ ပိုင်ဆိုင်မှုတွေနဲ့ သီးနှံတွေကို ဖျက်လိုဖျက်ဆီးသွားလုပ်လို့မရပါဘူး။ ဒ့ါအပြင် ရပ်ရွာတစ်ခုနဲ့တစ်ခုကြားက ပိုင်နက်အမှတ်အသားတွေကိုလည်း သွားရွှေ့လို့မရပါဘူး။ တစ်ယောက်ယောက်က အထွဋ်အမြတ်နယ်မြေတွေကို သွားနှောက်ယှက်တာ သို့မဟုတ် သီးနှံတွေကို ဖျက်လိုဖျက်ဆီးလုပ်ခဲ့မယ်ဆိုရင် သူ့အပြစ်တွေကို ကြက် သို့မဟုတ် ဝက်တစ်ကောင်နဲ့ ဆေးကြောရတယ်။ တစ်ခြားသူတွေရဲ့ မြေကို ကြက်တစ်ကောင်ပေးပြီးတော့လည်း ငှားရမ်းလုပ်ကိုင်နိုင်ပါတယ်။ သီးနှံတွေကို သွားဖျက်ဆီးခဲ့မိရင် အဲဒီကာလ ဈေးကွက်ပေါက်ဈေးအတိုင်း ပြန်ပြီးလျော်ကြေးပေးရတယ်။ ဒီမော့ဆိုဒေသမှာဆိုရင် နယ်မြေကျူးကျော်ခဲ့မိတဲ့ သူတွေကို အဲဒီကမြေကြီးကို ပြန်စားခိုင်းတဲ့ ပြစ်ဒဏ်ပေးကြတယ်။ အထွဋ်အမြတ်နယ်မြေကို နှောက်ယှက်ဖျက်ဆီးမိတဲ့သူတွေကိုကျတော့ ရွာကပြစ်ဒဏ်ပေးတာမျိုးမဟုတ်ဘဲ အဲဒီမှာနေတဲ့ နတ်တွေကပဲ ပြန်ဒဏ်ခတ်လေ့ရှိတယ်။”

**ရင်းမြစ်** – Kayah Earthrights Action Network

ဤကျန်းမာရေးဝန်ဆောင်မှုသည် အောက်ခြေမြေပြင်၌ အဓိကအားဖြင့် KNPP၏ စစ်ရေးတောင်ပံဖြစ်သည့် ကရင်နီတပ်မတော်ကို များစွာအထောက်အကူပြုသည့်ပုံစံဖြင့် စတင်ခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ၁၉၉၇ ခုနှစ်အတွင်း၌ KnHD သည် KNPP ထိန်းချုပ်ဒေသများသို့ရောက်ရှိလာကြသည့် IDPs များကို အရေးပေါ် ကျန်းမာရေးပြုစုစောင့်ရှောက်မှုပေးအပ်ရန် ကရင်နီအမျိုးသားနယ်လှည့်ကျန်းမာရေးကော်မတီ (KnMHC) ကို ထပ်မံဖွဲ့စည်းလည်ပတ်ခဲ့သည်။

၂၀၁၂ ခုနှစ် အပစ်အခတ်ရပ်စဲပြီးကတည်းက KnMHC အနေဖြင့် အနှောင်အဖွဲ့ကင်းကင်းဖြင့် လွတ်လွတ်လပ်လပ် စတင်လုပ်ကိုင်ဆောင်ရွက်လာနိုင်ခဲ့ပြီး ဆေးခန်းတစ်ခုတည်းရှိရာမှ လက်ရှိအချိန်၌ ဆယ်ခုအထိရှိလာခဲ့ပြီဖြစ်သည်။ ထို့အပြင် တစ်လလျှင် ၁၅ ရက်နှုန်းဖြင့် ကျေးရွာအရွယ်အစားပေါ်မူတည်၍ ၆ ရွာမှ ရွာပေါင်း ၂၀ အကြား ပျမ်းမျှလွှမ်းခြုံမှုရှိသည့် နယ်လှည့်ဆေးအကူအဖွဲ့ပေါင်း ၂၄ ခုအထိ ရှိလာခဲ့ပြီဖြစ်သည်။ အစိုးရ၏ ဝန်ဆောင်မှုများသည် အပစ်အခတ်ရပ်စဲရေး နယ်မြေများကို အလွယ်တကူ လက်လှမ်းမီနိုင်မှုမရှိခြင်းနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများဆက်လက်ကျင်းပနေဆဲကာလအတွင်းကြားကာလအစီအစဉ်များ သို့မဟုတ် နိုင်ငံရေးသဘောတူညီချက်များ ရရှိအောင် စွမ်းဆောင်နိုင်မှုမရှိခြင်း စသည့်ကိစ္စရပ်များကြောင့် ယခုအချိန်ထိအကန့်အသတ်ဖြင့်သာလွှမ်းခြုံထားနိုင်ခဲ့သည်။ KnMHC သည် အဓိကအားဖြင့် “ဖားဆောင်း၊ ဖရူဆိုနဲ့ ရှားတောမြို့နယ် အနောက်ခြမ်းဒေသတွေမှာ အများဆုံးရှိနေပြီးလက်လှမ်းမီနိုင်ဖို့အရမ်းခက်ခဲတဲ့ KNPP ရဲ့ အရင်တုန်းက အမည်းရောင်နယ်မြေတွေကို” ဦးတည်ပစ်မှတ်ထားသည်ဟု KnMHC အရာရှိမိုးဘူးက ပြောပြခဲ့သည်။[၄၈] အဓိက ဦးစားပေးသည် “အစိုးရဖြည့်ဆည်းဆောင်ရွက်နိုင်ခြင်းမရှိခဲ့တဲ့ ကွက်လပ်တွေကို ကြိုးစားပြီးတော့ ဖြည့်ဆည်းဆောင်ရွက်သွားရန်” ဖြစ်သည်။[၄၉] အခြားတစ်ဖက်၌ KNPLF ထိန်းချုပ်နယ်မြေများ အထူးသဖြင့် မယ်စဲ့မြို့နယ်၌ KNPLF နှင့် ဆက်စပ်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများလည်း အခြေပြုလှုပ်ရှားလျက်ရှိသည်။ ယင်းတို့၌ ဆေးရုံတစ်ခုနှင့် မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် ကိုယ်လက်အင်္ဂါဆုံးရှုံးခဲ့ရသူများအတွက် ခြေတုလက်တုထုတ်လုပ်ပေးသည့်စက်ရုံတစ်ခုလည်းအပါအဝင်ဖြစ်သည်။

KNPP အပစ်အခတ်ရပ်စဲခဲ့သည့် ၂၀၁၂ ခုနှစ်နောက်ပိုင်းပထမဦးဆုံးတိုးတက်ပြောင်းလဲမှုအဖြစ်အစိုးရ၏အခြေခံလူထုဝန်ဆောင်မှုလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် စတင်ဖြန့်ကျက် ဖော်ဆောင်လာခဲ့သည်။ ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (UNDP) ၏ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ ၄၇% သော ဖြေဆိုသူများက လမ်း/တံတားအခြေခံအဆောက်အအုံများ၊ ၂၉% က ပညာရေး၊ ၂၇% က သောက်ရေသုံးရေ၊ ၂၉% က လျှပ်စစ်မီးနှင့် ၁၈% က ကျန်းမာရေးပြုစုစောင့်ရှောက်မှုများ ဖွံ့ဖြိုးတိုးတက်လာသည်ဟုဖြေဆိုသွားခဲ့ကြကြောင်းသိရှိရသည်။[၅၀] မျှော်လင့်ချက်ရောင်ခြည်သန်းလာခဲ့သော်လည်းအထူးသဖြင့်ကျေးလက်ဒေသများ၏ လိုအပ်ချက်များ သိသိသာသာကြီးမားနေဆဲဖြစ်သည်။ ကယားပြည်နယ်၏ လူသားနှင့် လူမှုဖွံ့ဖြိုးရေးသည်အလွန်နိမ့်ကျသည့် အောက်ဆုံးအခြေခံမှ စတင်လာခဲ့ရသည်။ “မြို့ပြနဲ့ ကျေးလက်ကြား ကျန်းမာရေးဝန်ဆောင်မှုတွေကို ပေးအပ်ထောက်ပံ့တဲ့ နေရာမှာ အရမ်းကွာဟနေတယ်” ဟု ငြိမ်းဖောင်ဒေးရှင်းမှ ခူးပလုရယ်သုံးသပ်မှတ်ချက်ပြုခဲ့သည်။ “မိုးရာသီမှာဆိုရင် ကိုယ်ဝန်ဆောင်မိခင်လောင်းတွေ အနေနဲ့ မြို့ပေါ်ဆေးရုံတွေမှာကလေးလာမွေးဖို့ လုံးဝနီးပါးကို မဖြစ်နိုင်ပါဘူး။”[၅၁]

နိုင်ငံ၏ အခြားနယ်မြေဒေသများနှင့် နှိုင်းယှဉ်ကြည့်ပါက ကယားပြည်နယ်၏ ပညာရေးအဆင့်အတန်းသည်များစွာ နောက်ကောက်ကျနေခဲ့သည်။ ရပ်ရွာခေါင်းဆောင်များက ဆင်းရဲနွမ်းပါးမှုသည် အဓိကလက်သည်ဖြစ်သည်ဟု ထောက်ပြပြောဆိုခဲ့ကြသည်။ “ဒီမှာက ပြဿနာကဘာလဲဆိုတော့ အစာရေစာလုံလောက်မှု မရှိတဲ့အတွက်လူထုအနေနဲ့ သူတို့ရဲ့ဝမ်းစာပြည့်ဖို့ပဲ အဓိကရုန်းကန်နေကြရတယ်”ဟုဘုန်းတော်ကြီးဆိုတေးရှိဖာမိုမိန့်ကြားသွားခဲ့သည်။ “မိဘတွေက သားသမီးတွေကို အလုပ်ပဲလုပ်စေချင်ကြတယ်။ ကျောင်းဆိုတာက လူပျင်းတွေ သွားကြတဲ့နေရာလို့ လက်ခံထားကြတယ်။”[၅၂] တည်နေရာ သို့မဟုတ် သင်ကြားမှုစနစ်ပေါ်မူတည်၍ ကလေးများသည် ကျောင်းတွင်း၌ မိမိတို့၏ မိခင်ဘာသာစကား၊ ကယား၊ ဗမာစကားနှင့် နိုင်ငံခြားဘာသာစကားတစ်ခုဖြစ်သည့် အင်္ဂလိပ်ဘာသာစကားဟူသည့် ဘာသာစကား (၄) မျိုးကို ရင်ဆိုင်လာရသည်။ ပူးပေါင်းဆောင်ရွက်မှု လက္ခဏာတစ်ရပ်အဖြစ်အစိုးရမဟုတ်သည့် နယ်ပယ်ကဏ္ဍများ၌ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် ပြည်တွင်းဝန်ဆောင်မှု ပေးအပ်သူများ

အနေဖြင့် ၂၀၁၂ ခုနှစ် အပစ်အခတ်ရပ်စဲပြီးနောက်ပိုင်း ကယားပြည်နယ်အတွင်း ပို၍ လွတ်လွတ်လပ်လပ် လုပ်ကိုင်လာနိုင်ခဲ့ကြသည်။ ၎င်းတို့၌ KnMHC၊ KSWDC နှင့် ကရင်နီအမျိုးသားပညာရေး ဦးစီးဌာန (KnED) များသည် လည်းအပါအဝင်ဖြစ်သည်။ သို့သော်လည်း ဝန်ဆောင်မှုပေးအပ်ထောက်ပံ့ရသည့် မျက်နှာစာအားလုံးလိုလို၌ နိုင်ငံရေးသဘောသက်ဝင်မှု အလွန်မြင့်မားနေဆဲဖြစ်ပြီး အစိုးရ၏လူထုဝန်ဆောင်မှု လုပ်ငန်းများအပေါ် နှစ်ရှည်လများ အယုံအကြည်ကင်းမဲ့ခဲ့သည့် ကိစ္စရပ်ကို ပြန်လည်ကုစားနိုင်ရန် များစွာအချိန်ယူရဦးမည်ဖြစ်သည်။

လက်ရှိအချိန်၌ KnMHC သည် KNPP မှ အနေ့ာင်အဖွဲ့ကင်း၍ လွတ်လပ်သည့်ပုံစံဖြင့် လည်ပတ်ဆောင်ရွက်နေပြီဖြစ်သော်လည်း ၎င်းတို့နှင့် ပါတီအကြား ဆက်ဆံရေးသည် ဆက်လက်အရေးပါနေဆဲဖြစ်သည်။ ၂၀၁၅ ခုနှစ်အတွင်း KnMHC အရာရှိများက ၎င်းတို့အနေဖြင့် နိုင်ငံရေးရေချိန်ထက် "ရှေ့ရောက်လွန်းသည့်ပုံစံဖြင့်" လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်ဟု KNPP ခေါင်းဆောင်များရှုမြင်သွားမည်ကို များစွာစိုးရိမ်မကင်းရှိခဲ့ကြသည်။ ၎င်းတို့ကိုယ်၎င်းတို့ "တစ်ခုခုအလုပ်မဖြစ်ခဲ့ရင် ကျနော်တို့အတွက် ပြန်လှည့်ပြန်သွားဖို့ အရမ်းခက်ပါတယ်။ ကျနော်တို့ရဲ့ ဝန်ထမ်းအားလုံးက စစ်ဘေးဒုက္ခသည်တွေပါ"[၅၄] ဟု စိုးရိမ်တကြီး ပြောဆိုခဲ့ကြသည်။ KnMHC အနေဖြင့် အစိုးရဆေးရုံများနှင့်ချိတ်ဆက်ဆောင်ရွက်မှုများ အားကောင်းလာအောင် ပံ့ပိုးကူညီသွားရန် ကြိုးပမ်းခဲ့ကြသော်လည်း ၎င်းတို့၏ နေအိမ်နှင့်ဝေးကွာလှသည့် အရပ်ဒေသသို့ သွားလာရာ၌ ခွဲခြားဆက်ဆံခံရမည်ကို စိုးရိမ်ပူပန်ခြင်း၊ ဗမာစကားဖြင့် ပြောဆိုဆက်သွယ်နိုင်စွမ်း မရှိကြခြင်းနှင့် ကုန်ကျစရိတ်များကြောင့် လူနာများကို စည်းရုံးဖျောင်းဖျနိုင်ခြင်းမရှိခဲ့ကြပေ။ "တစ်ချို့လူနာတွေက မသွားချင်ဘူးလို့ ငြင်းဆန်ခဲ့ကြတယ်" ဟု KnMHC အရာရှိမိုးဘူး ပြန်လည်ပြောပြခဲ့သည်။[၅၅]

တိုင်းရင်းသားအခြေပြုနှင့် အစိုးရဝန်ဆောင်မှုထောက်ပံ့ပေးအပ်သည့် အဖွဲ့အစည်းများအကြား ပေါင်းစည်းလုပ်ကိုင်မှု ဖွံ့ဖြိုးစအနေအထားသာ ရှိသေးသည်မှန်သော်လည်း အပြုသဘောဆောင်သည့် ဖွံ့ဖြိုးတိုးတက်မှုအချို့ရှိလာနေပြီဖြစ်သည်။ လူထုကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးကွန်ရက်သည် ကျန်းမာရေးကို အားပေးမြှင့်တင်၍ အစိုးရနှင့် လက်တွဲအလုပ်လုပ်ရန် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများအနေဖြင့် မည်ကဲ့သို့ပူးပေါင်းဆောင်ရွက်နိုင်ကြောင်း ဖော်ပြလျက်ရှိသည့် အကောင်းဆုံးသာဓကတစ်ခုဖြစ်သည်။ ၂၀၁၂ ခုနှစ် ဩဂုတ်လ၌ကရင်နီနှင့်ကယန်းအဖွဲ့အစည်း (၆)ခုဖြစ်သည့် KNPP၊ KNPLF၊ KNPDP၊ KNSO၊ KNLP နှင့် KNG တို့၏ ကျန်းမာရေးဦးစီးဌာနများ အတူတကွ ဖွဲ့စည်းတည်ထောင်ခဲ့သည့် ကွန်ရက်၌ ဆေးခန်း (၇) ခုနှင့် ကျေးပိုးအိတ်လွယ် ဆေးအဖွဲ့ (၂၀) ကျော်ရှိရာ၌ စနစ်တကျလေ့ကျင့်သင်တန်းပေးထားသည့် ဆေးတပ်သားများနှင့် ရပ်ရွာအခြေပြု ကျန်းမာရေးလုပ်သားများ ပါဝင်လျက်ရှိသည်။[၅၆] "ကျနော်တို့ရဲ့ အားသာချက်က ဘယ်နေရာမျိုးကိုမဆို သွားလာနိုင်ပြီး ဝေးလံခေါင်ဖျားတဲ့ အရပ်ဒေသတွေ IDPs တွေရှိနေတဲ့နေရာတွေမှာသွားလာလုပ်ကိုင်နိုင်တာပါပဲ" ဟု CHDN အဖွဲ့ဝင်တစ်ဦးလည်းဖြစ်သည့် KnHD မှ ခွန်းဖိလစ် ပြောဆိုသွားခဲ့သည်။ "အရင်တုန်းက သီးခြားစီ လုပ်ကိုင်ဆောင်ရွက်ခဲ့ကြပေမယ့် ၂၀၁၂ ခုနှစ် အပစ်အခတ်ရပ်စဲရေးနောက်ပိုင်း ကျနော်တို့ရဲ့ ကြိုးပမ်းအားထုတ်မှုတွေကို တစ်ခြားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ အတူလက်တွဲပြီး စုပေါင်းလုပ်ကိုင်ဆောင်ရွက်လာခဲ့ကြတာပါ။"[၅၇]

CHDN သည် လက်ရှိအချိန်၌ အဖွဲ့ဝင်အသီးသီးကိုကိုယ်စားပြုထားသည့် ကော်မတီတစ်ရပ်၏ ဦးဆောင်မှုအောက်၌ လည်ပတ်လျက်ရှိပြီး လွတ်လပ်၍ အနှောင်အဖွဲ့ကင်းသည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် အလှူရှင်များ၏ ရန်ပုံငွေအထောက်အပံ့များကို လက်ခံရရှိနေပြီဖြစ်သည်။ CHDN ၏ မျှော်မှန်းချက်သည် လူတိုင်းကျန်းမာရေးစနစ်များကို တစ်ပြေးညီလက်လှမ်းမီလာနိုင်အောင် ပံ့ပိုးကူညီရန်၊ လူထု၏ လိုအပ်ချက်များနှင့်အညီ မောင်းနှင်သည့် ကျန်းမာရေးစနစ်အတွင်း "အရပ်သားများပါဝင်ဆောင်ရွက်မှု" ကို အားပေးကူညီရန်နှင့် "အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ပြန်လည်တည်ဆောက်ရေး အမျိုးသားအဆင့်လုပ်ငန်းစဉ်၌ အရေးပါသည့် အခန်းကဏ္ဍ" မှ ပါဝင်ဆောင်ရွက်သွားရန်ဟူ၍ မျက်နှာစာသုံးခု ရှိသည်။[၅၈] ပဋိပက္ခကြောင့် နှစ်ရှည်လများ အကွဲကွဲအပြဲပြဲဖြစ်နေခဲ့သည့် နယ်မြေဒေသ၌ ယခုငြိမ်းချမ်းရေး တည်ဆောက်မှုအခန်းကဏ္ဍသည် အစိုးရနှင့် အဖက်ဖက်က အင်အားစုများအကြား ညှိနှိုင်းဆောင်ရွက်မှုနှင့် ပေါင်းစည်းဆောင်ရွက်မှု အားကောင်းလာအောင် ထောက်ပံ့

ကူညီရာ၌ အထူးတလည် အရေးကြီးသည့် ကိစ္စရပ်ဖြစ်သည်။ ခွန်းဖိလစ်က “CHDN ရဲ့ ဒီကျန်းမာရေး လုပ်ငန်းတွေက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို တကယ်အထောက်အကူဖြစ်စေပါတယ်” ဟု ပြောဆိုခဲ့သည်။[၇၉]

ဤလုပ်ငန်းများနှင့် စပ်လျဉ်း၍ အစိုးရ၏ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတွင်း ပူးပေါင်းဆောင်ရွက်မှုများစွာမြင့်တက်လာခဲ့သည်။ ယင်းတို့၌ သူနာပြုချင်း အသွားအလာပြုလုပ်ခြင်း၊ အပြန်အလှန်လေ့လာရေးခရီးများစီစဉ်ခြင်း၊ ပူးတွဲသင်တန်းပို့ချမှုများနှင့် ကာကွယ်ဆေးထိုးနှံရေး အစီအစဉ်များအားဖြင့် ပေါင်းစပ်ဆောင်ရွက်မှုများ ပါဝင်ခဲ့သည်။ ထို့အပြင် အစိုးရ၏ ပြည်နယ်ကျန်းမာရေးဦးစီးဌာနသည် အနာဂတ်၌ အပြန်အလှန် ညှိနှိုင်းဆောင်ရွက်၍ ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို ဝိုင်းဝန်းဆွေးနွေးသွားရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ကျန်းမာရေးဌာနများနှင့် အစိုးရဌာန ကိုယ်စားလှယ်များကို ဖိုရမ်များသို့ အတူတကွ ဖိတ်ခေါ်ပါဝင်စေခဲ့သည်။ ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်လာပြီဖြစ်သည့် လက်နက်ကိုင်ပဋိပက္ခနှင့် ရှိရင်းစွဲအကွဲအပြဲများကို နှိုင်းယှဉ်သုံးသပ်ကြည့်ပါက ယခုကဲ့သို့ ပေါင်းစည်းဆောင်ရွက်မှုသည် အလွန်ကောင်းမွန်သည့် တိုးတက်ပြောင်းလဲမှုတစ်ခုဖြစ်နေသော်လည်း စိန်ခေါ်မှုများစွာကျန်ရှိနေဆဲဖြစ်သည်။ ဒေသန္တရအဆင့်၌ အစိုးရအရာရှိများသည် တိုင်းရင်းသားအခြေပြု ကျန်းမာရေးပြုစုစောင့်ရှောက်သူများနှင့် လက်တွဲအလုပ်လုပ်ရန် အဆင်သင့်ရှိနေကြပြီဖြစ်သော်လည်း ဗဟိုအဆင့်၌ အနည်းငယ်တွန့်ဆုတ်နေဆဲဖြစ်သည်။ KnMHC ကိုယ်စားလှယ်တစ်ဦးက ကယားပြည်နယ်၏ အကြီးတန်းအစိုးရအရာရှိတစ်ဦး၏ “သူ့အနေနဲ့ ကျနော်တို့ကို တကယ်လိုအပ်နေတာမှန်ပေမယ့်” “နေပြည်တော်” နှင့် “တပ်မတော်” နှစ်ဖက်စလုံးကြောင့် “သူ့အတွက် တော်တော်လေး ခက်ခဲတဲ့အနေအထားမျိုး ရောက်နေတယ်” ဟု ကိုးကားပြောဆိုသွားခဲ့သည်။[၈၀] တိုင်းရင်းသားအခြေပြု ကျန်းမာရေးပြုစုစောင့်ရှောက်သူများသည်လည်း ၎င်းတို့၏ သက်ဆိုင်ရာ EAO ခေါင်းဆောင်များနှင့် ပြောဆိုဆက်ဆံရာ၌ အလားတူစိန်ခေါ်မှုများ ကြုံတွေ့ရနိုင်ပါသည်။



ကုန်းမြင့်တောင်ယာစနစ် ဖော်ဆောင်လျက်ရှိသည့် ကရင်နီတောင်သူများ (KT)

ဤကဲ့သို့သော အခက်အခဲများ ကြုံတွေ့နေရလင့်ကစား ပြည်တွင်းဝန်ဆောင်မှုပေးအပ်သူများက စစ်မှန်သည့် ငြိမ်းချမ်းရေးပေါ်ထွန်းလာရေးကို အထောက်အကူပြုမည်ဆိုပါက ဖွံ့ဖြိုးရေးအစီအစဉ်များကို အစိုးရနှင့် လက်တွဲဖော်ဆောင်သွားလိုသည်ဟု ပြောဆိုခဲ့ကြသည်။ KSWDC ၏ ဗညားခွန်အောင်၏ ပြောဆိုချက်အရ ငြိမ်းချမ်းရေးအမှန်တကယ်ရရှိစေလိုပါက ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်လာအောင် အားပေးတိုက်တွန်းသွားရန် အရေးတကြီးလိုအပ်လျက်ရှိကြောင်းသိရှိခဲ့ရသည်။ "လူထုတွေအနေနဲ့ ကိုယ့်ကိုကိုယ် အတိုင်းအတာတစ်ခုအထိ ထောက်ပံ့ပေးနိုင်ဖို့အဓွန့်ရှည်တည်တံ့ခိုင်မြဲပြီးအနှစ်သာရပြည့်ဝတဲ့ဖွံ့ဖြိုးတိုးတက်မှုအချို့လက်တွေ့ရုပ်လုံးပေါ်လာမှသာ ငြိမ်းချမ်းရေးသဘောတူညီချက်တွေ ရှိလာအောင် တိုက်တွန်းတောင်းဆိုလာနိုင်မှာဖြစ်သလို ကျနော်တို့ဖက်ကလည်းသူတို့ရဲ့ငြိမ်းချမ်းရေးကြိုးပမ်းမှုတွေအားကောင်းလာအောင် ဝိုင်းဝန်းမြှင့်တင်ပေးနိုင်မှာဖြစ်တယ်။ အစိုးရကို စောင့်နေလို့ မဖြစ်တော့ဘူး။ အခုကို စပြီးလှုပ်ရှားဖို့ လိုနေပြီ။"[၆၁]

## လူမှုဆက်ဆံရေး

မြန်မာ့လူ့ဘောင်အသိုက်အဝန်း၏ နယ်မြေဒေသအချို့၌ လက်နက်ကိုင်ပဋိပက္ခ အဆုံးသတ်သွားခဲ့ပြီး ကယားပြည်နယ်တွင်း ပွင့်လင်းလာခဲ့သည့် နိုင်ငံရေးပတ်ဝန်းကျင်ကကိုယ်ပိုင်အမျိုးသားလက္ခဏာရပ်၊ တိုင်းရင်းသားမျိုးနွယ်စုဖြစ်ခြင်းနှင့် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို ယခင်ကထက်စာလျှင် ပို၍ပွင့်ပွင့်လင်းလင်း ပြောဆိုဆွေးနွေးနိုင်သည့်နယ်ပယ် ပိုမိုကျယ်ဝန်းလာခဲ့ပြီဖြစ်သည်။ ကရင်နီလူ့အဖွဲ့အစည်းအတွင်း၌ "အပြင်လူများ" အပေါ် တိုး၍သံသယကြီးလာခြင်းနှင့် "အတွင်းလူများ" အဖြစ်အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် ခွဲခြားခွာပြဲမှု မြင့်တက်လာခြင်းက ဤအချက်ကိုထင်ဟပ်လျက်ရှိသည်။

ကရင်နီလူ့အသိုင်းအဝန်းတစ်လွှား အထူးသဖြင့် မြို့ပေါ်ရပ်ကွက်များ၌ ကရင်နီများသည် "အပြင်လူများ" ၏ဝါးမြိုခံနေရသည်ဟူသည့် အမြင်သဘောထားမျိုး အားကောင်းလာလျက်ရှိသည်။ "အပြင်လူ" ဟူသည့် အသုံးအနှုန်းသည် ယေဘုယျအားဖြင့် ဒေသတွင်းသို့ အသစ်ရောက်ရှိလာသူများကို ရည်ညွှန်းပြောဆိုခြင်းဖြစ်သကဲ့သို့ ပြည်နယ်အတွင်း ရောက်ရှိအခြေကျနေကြပြီးဖြစ်သည့် ကရင်နီမဟုတ်သူများကိုပါ လွှမ်းခြုံမှုရှိနေသည်။ ပြည်တွင်း NGO ဝန်ထမ်းတစ်ဦး ရှင်းလင်းပြောဆိုခဲ့သလိုပင် အမြင်သဘောထားကွဲလွဲမှုသည် "ပြည်နယ်ထဲမှာ တရုတ်၊ မွတ်စလင်နဲ့ ဗမာတွေက အချမ်းသာဆုံးဖြစ်နေပြီး လွိုင်ကော်မြို့ပေါ်မှာရှိတဲ့ အိမ်ကြီးအိမ်ကောင်းတွေနဲ့ ဆိုင်ခန်းအကြီးတွေကို တရုတ်တွေ အများဆုံးပိုင်ထားကြတယ်။ နယ်ခံတွေထဲမှာ အဲဒီလောက် ချမ်းသာတဲ့သူတွေမရှိပါဘူး" ဟူသည့် ဘုံသဘောထားအမြင်ကို ထင်ဟပ်လျက်ရှိသည်။[၆၂] ဤကဲ့သို့ ဘေးရောက်နေရသည်ဟူသည့် အမြင်သဘောထားသည် ကရင်နီ၊ ရှမ်းနှင့် အခြားပြည်တွင်း တိုင်းရင်းသားအစုအဖွဲ့များကို နှိုင်းယှဉ်သုံးသပ်ကြည့်သည့် နိုင်ငံရေး ရေခံမြေခံအထိ ကျယ်ပြန့်ရိုက်ခတ်လျက်ရှိသည်။ "ကရင်နီတွေက တစ်ခြားတိုင်းရင်းသားတွေနဲ့ယှဉ်ရင် အဖက်ဖက်က နှစ်ပေါင်း (၅၀) လောက် ကျန်ရစ်နေခဲ့ပြီဖြစ်သလို" "နိုင်ငံရေးမှာလည်း နောက်ကောက်ကျနေတဲ့" အပြင် "ခေါင်းဆောင်တွေသာ များနေပေမယ့် ခိုင်မာအားကောင်းတဲ့ ခေါင်းဆောင်မှုမျိုးမရှိ" ဟူသည့် ဘုံသဘောထားတစ်ရပ်ရှိနေသည်။[၆၃]

ဤကဲ့သို့သော စိုးရိမ်ပူပန်မှုများကို တုန့်ပြန်သွားရန်ကရင်နီများအနေဖြင့် ယခုပင် စတင်လှုပ်ရှားရန်လိုအပ်လျက်ရှိပြီး ပြိုင်မလား သို့မဟုတ် လုံးဝအရှုံးခံလိုက်မလားဟူသည့် ခံယူချက်သဘောထားများ အားကောင်းလာသည်။ အထူးသဖြင့် ပညာတတ်အသိုင်းအဝိုင်းများနှင့် "ကရင်နီပြည်" ၏ လူမှုအဆောက်အအုံကို မေးခွန်းထုတ်ခံခဲ့ရခြင်း သို့မဟုတ် ခြိမ်းခြောက်ခံရခြင်း မရှိခဲ့သည့်ကာလများကို အမှတ်ရနေဆဲဖြစ်သည့် သက်ကြီးပိုင်းအရွယ်များအကြား ဤအမြင်သဘောထား ပို၍တွင်ကျယ်ပျံ့နှံ့လျက်ရှိသည်။ ဤအမြင်သည် ကရင်နီနိုင်ငံရေး အရွေ့တစ်ခုတည်းအတွက်သာ စိုးရိမ်ပူပန်ခြင်းမဟုတ်ဘဲ ယေဘုယျအားဖြင့် အစိုးရ၏ "အမျိုးသားပြန်လည်သင့်မြတ်ရေး" နှင့် "ဖက်ဒရယ်ရေးရာ" မူဝါဒများ၏ လားရာဦးတည်ချက်တစ်ခုလုံးအပေါ် ခြုံ၍စိုးရိမ်မကင်း သံသယရှိနေကြခြင်းဖြစ်သည်။ KNP ဥက္ကဋ္ဌခွန်းဘီထူးက လူများစုဗမာနှင့် ကျန်တိုင်းရင်းသားအစုအဖွဲ့များ၏ သဘောထားအမြင်များကို ပြန်လည်ရင်ကြားစေ့နိုင်ရေးသည်အလွန်စိန်ခေါ်မှုကြီးမားနေဆဲဖြစ်သည်ဟု ပြောဆိုခဲ့သည်။ "အမျိုးသားပြန်လည်

သင့်မြတ်ဖို့ဆိုတာ အတော်ခက်ပါတယ်။ ဗမာတွေရဲ့ စိတ်နေစိတ်ထားနဲ့ တိုင်းရင်းသားတွေရဲ့ စိတ်နေစိတ်ထားက အရမ်းကွာနေတယ်။"[၆၄]

"ကရင်နီ" ဟူသည့် အမည်နာမကို မည်သည့်အချိန်ကစတင်ခေါ်ဆိုခဲ့ကြောင်းအတိအကျပြောဆိုနိုင်ရန်ခဲယဉ်းသော်လည်း ရှမ်း၊ ဗမာနှင့် အင်္ဂလိပ်ကဲ့သို့သော လူမျိုးခြားများက စတင်သမုတ်ခေါ်ဝေါ်ခဲ့သည်ဟု ယူဆရသည်။ ထိုမတိုင်မီအချိန်က မျိုးနွယ်စုအချင်းချင်းကြား "မီထ/မီထေ/မိုထာ = အရှေ့အရပ်၌ နေထိုင်သူ (ဝါ) နေထွက်ရာ အရပ်၌ နေထိုင်သူ" ဟူ၍လည်းကောင်း၊ "မိုနု/ပနိုး = အနောက်အရပ်၌ နေထိုင်သူ (ဝါ) နေဝင်ရာအရပ်၌နေထိုင်သူ" ဟူ၍လည်းကောင်း၊ "လျားကျား/လကန်း = ချောင်းအောက် (ဝါ) အကြေအရပ်၌ နေထိုင်သူ" ဟူ၍လည်းကောင်း၊ "လျားခေး = ချောင်းဖျား၌နေထိုင်သူ (ဝါ) အထက်အရပ်၌နေထိုင်သူ" ဟူ၍လည်းကောင်း နေထိုင်ရာအရပ်ဒေသကိုလိုက်၍ အပြန်အလှန် ခေါ်ဝေါ်သုံးစွဲလာခဲ့ကြသည်မှာ ယနေ့တိုင်ဖြစ်သည်။ ကရင်နီနိုင်ငံရေးနှင့် ပတ်သက်၍ဟောပြောလေ့ရှိသည့်ခွန်းမားရ်ကိုဘန်ကကယား၊ ကယော၊ ကယန်း၊ ကော်ယော် (မနုမ နော)၊ ယင်းတလဲ စသည့် မျိုးနွယ်စုများသည် တူညီသည့်အဆက်အနွယ်မှ ဆင်းသက်လာကြသူများဖြစ်ကြောင်း သက်သေပြနိုင်သည့် ကြန်အင်လက္ခဏာ (သို့မဟုတ်) အခေါ်အဝေါ် (၃) မျိုး အထင်အရှားရှိနေကြောင်း အောက်ပါအတိုင်း ပြောဆိုမှတ်ချက်ပေးလေ့ရှိသည်။

- လူနှင့်ပတ်သက်သည့် အခေါ်အဝေါ်ချင်းတူညီမှု (ပိုးဝါး/ပူဝယ်၊ မိုး/မို၊ ဖဲ/ဖား၊ မေး/မား၊ ဗယ်/ဝါး = ညီအစ်ကိုမောင်နှမ၊ အမေ၊ အဖေ၊ မယား၊ လင်)

- တိရိစ္ဆာန်နှင့်ပတ်သက်သည့် အခေါ်အဝေါ်ချင်းတူညီမှု (ထွီ၊ ထျ/ထောင်၊ ပနဲ/ပနာ၊ ပူး/ပူ = ခွေး၊ ဝက်၊ ကျွဲ၊ နွား)

- ကမ္ဘာ၊ နေနှင့် လတို့ပါဝင်သည့် စကြာဝဠာဆိုင်ရာ အခေါ်အဝေါ်ချင်းတူညီမှု
(မော/မော်၊ လား/လဲ၊ ဆယ်/ဆား၊ မော့ခူ/မော့ခုံ၊ ဟေခူ/ဟန်ခုံ = နေ၊ လ၊ ကြယ်၊ ကောင်းကင်နှင့် မြေကြီး)

တူညီသည့် အထက်ပါ အခေါ်အဝေါ်များသည် ကရင်နီဟူသည့် ဝေါဟာရအောက်၌ တူညီသည့် ဘုံအမျိုးသားလက္ခဏာရပ်တစ်ခုကို တည်ဆောက်ရန် ကြိုးပမ်းသည့်အခါ မဖြစ်မနေ ထည့်သွင်းစဉ်းစားရန် လိုအပ်လာသည့် အခြေခံအင်္ဂါရပ် အစိတ်အပိုင်းများဖြစ်သည်ဟု သတ်မှတ်ယူဆနိုင်ပါသည်။

ထို့အပြင် ကရင်နီပြည် ဌာနေသားများအကြား အကွဲအပြဲသည်လည်း သိသိသာသာ ကြီးမားနေဆဲဖြစ်သည်။ "ကရင်နီ" ဟူသည့် အသုံးအနှုန်းကိုယ်၌က မကြာခဏဆိုသလို မေးခွန်းထုတ်စရာဖြစ်နေတတ်သည် (အခန်း ၂ ပါ "နာမည်ထဲမှာ ဘာတွေပါနေလို့လဲ။ ကယားပြည်နယ်လား၊ ကရင်နီပြည်နယ်လား" စာကွက်ကို ကြည့်ရှုပါ)။ အဓိကအားဖြင့် "ကရင်နီ" သို့မဟုတ် "ကယား" သည် တိုင်းရင်းသားလူမျိုးအမည်လား၊ ပထဝီဒေသအခေါ်လား သို့မဟုတ် ယနေ့ခေတ်နိုင်ငံရေးကာလတွင်း သုံးနှုန်းဖော်ပြချက်တစ်ခု သက်သက်လားဟူ၍ အမျိုးမျိုးကွဲလွဲနေကြခြင်းဖြစ်သည်။ သို့သော်လည်း ကယန်းနှင့် ကယောကဲ့သို့သောကယားအုပ်စုတွင်း အဓိကကျသည့် မျိုးနွယ်စုဖွဲ့မှုအကြား၌ပင် အဓိပ္ပာယ်ဖွင့်ဆို သတ်မှတ်ချက်နှင့် ပိုင်နက်နယ်မြေ သတ်မှတ်ထားရှိမှုပုံစံများ အမျိုးမျိုးကွာခြားနေကြဆဲဖြစ်သည်။ ကယန်းနိုင်ငံရေးသမားတစ်ဦးဖြစ်သည့် ခွန်းဘီထူးက "ဒီမေ့ဆိုကို ဘယ်သူတွေအရင်ဆုံး ခြေချခဲ့သလဲဆိုတဲ့ကိစ္စရပ်အပေါ် အခုချိန်ထိ ကျနော်တို့ကြားမှာ သဘောမတူနိုင်ဘူးဖြစ်နေတယ်" ဟု ပြောဆိုသွားခဲ့သည်။[၆၅]

နယ်ခံတိုင်းရင်းသားခေါင်းဆောင်များက ဤကွဲပြားခြားနားမှုများကို ဖြေရှင်း၍မရနိုင်သည့် အခက်အခဲများအဖြစ် သတ်မှတ်ယူဆထားခြင်း မရှိခဲ့ပေ။ လတ်တလောပွင့်လင်းလာခဲ့သည့်နိုင်ငံရေးရေခံမြေခံကအနည်းနှင့်အများဆိုသလို ဤကွဲပြားခြားနားမှုများကို ပိုမိုထင်ရှားလာစေခဲ့သည် မှန်သော်လည်း ဆယ်စုနှစ်ပေါင်းများစွာအတွင်း ပထမဦးဆုံးအကြိမ်အဖြစ် အတူတကွဝေဖန်ဆွေးနွေး၍ စိစစ်အဖြေရှာနိုင်မည့် အခွင့်အလမ်းတစ်ရပ်ကိုလည်းဆောင်ကျဉ်းပေးခဲ့သည် ("ကရင်နီတိုင်းရင်းသားများ" စာကွက်ကိုကြည့်ပါ)။ နယ်ခံ CSO များ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် နိုင်ငံရေးသမား

များလက်တွဲ၍ လူငယ်အစုအဖွဲ့များ၊ အမျိုးသမီးအဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီ ကိုယ်စားလှယ်များနှင့်အတူ တိုင်းရင်းသားစုဖွဲ့မှု အသီးသီးကြား ဘုံနားလည်မှုတစ်ရပ်တည်ဆောက်သွားမည့် ကော်မတီများကို ဖွဲ့စည်းတည်ထောင်လိုက်ကြသည်။ ၎င်းတို့အနေဖြင့် မိမိတို့၏ သက်ဆိုင်ရာလူထုအသီးသီးအတွက် ကယား၊ ကယန်း၊ ကယောနှင့် အခြားတိုင်းရင်းသား အစုအဖွဲ့များအကြား ဘုံရပ်တည်ချက်သဘောထားများကို သဘောတူဆုံးဖြတ်နိုင်ခဲ့ပါက အမျိုးသားအဆင့် အရေးအရာများနှင့် ဆွေးနွေးမှုများအတွင်း ၎င်းတို့အနေဖြင့် ပိုမိုအားကောင်းကောင်းဖြင့် ကိုယ်စားပြုပါဝင်သွားနိုင်ရန် မျှော်မှန်းခြင်းဖြစ်သည်။

## အရပ်ဖက်လူ့အဖွဲ့အစည်းများ

ကယားပြည်နယ်အတွင်းရှိ အရပ်ဖက်လူ့အဖွဲ့အစည်းများသည် အချိန်နှင့်အမျှ တိုးတက်ပြောင်းလဲလာခဲ့ကြရာ၌လူမှုရေးသို့မဟုတ်နိုင်ငံရေးလှုပ်ရှားမှုများအတွက် လုပ်သာကိုင်သာရှိသည့် ပတ်ဝန်းကျင်လက်လှမ်းမီရရှိမှုအပေါ်မူတည်၍ တုန့်ပြန်ဆောင်ရွက်မှုသည်လည်း တစ်စိတ်တစ်ပိုင်း ကွာခြားသွားကြသည်။ ဗိုလ်ချုပ်နေဝင်း၏ "မြန်မာ့နည်းမြန်မာ့ဟန် ဆိုရှယ်လစ်လမ်းစဉ်" ကာလများ၌ NGOs များကို ဝင်ရောက်ခွင့်မပြုခဲ့သဖြင့် လွတ်လပ်၍ အနှောင်အဖွဲ့ကင်းသည့် ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ယေဘုယျအားဖြင့် ဘာသာရေးအခြေပြု အဖွဲ့အစည်းများမှတစ်ဆင့် ထောက်ပံ့ကူညီခဲ့ကြသည်။ နိုင်ငံအတွင်း ပြည်တွင်း NGOs များကို ပြန်လည်လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခဲ့သည့် ၁၉၉၀ ခုနှစ် နှစ်လယ်ပိုင်းမှစ၍ ကယားပြည်နယ်အတွင်း ရပ်ရွာအခြေပြုအဖွဲ့အစည်းများ ပိုမိုအသက်ဝင်လာခဲ့ကြသည်။ ယင်းကာလများအတွင်း တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများနှင့် အပစ်အခတ်ရပ်စဲရေးလုပ်ငန်းများ စတင်တွင်ကျယ်ပျံ့နှံ့လာခဲ့ခြင်းကလည်း ဤအပြောင်းအလဲအတွက် အလွန်အရေးပါခဲ့သည်။ အထူးသဖြင့် ဘာသာရေးအဖွဲ့အစည်းများနှင့် အသင်းတော်ခေါင်းဆောင်များသည်စစ်အစိုးရနှင့်အတိုက်အခံတိုင်းရင်းသားအင်အားစုများအကြား ငြိမ်းချမ်းရေးစေ့စပ်ဆွေးနွေးပွဲများကို ကြားဝင်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြသည်။[၆၆]

ကယားပြည်နယ်တွင်း အစိုးရပြင်ပ၌ လည်ပတ်လျက်ရှိသည့် အစီအစဉ်များသည် အများအားဖြင့် ကက်သလစ်ကရုဏာ လူမှုစည်းလုံးညီညွတ်ရေးအသင်း (KMSS)၊ ကယားဖူးနှစ်ခြင်းခရစ်ယာန် အသင်းချုပ် (KPBA) နှင့် ၂၀၁၀ ခုနှစ်ဝန်းကျင်မှစ၍ နတ်ကိုးကွယ်သည့် ကေ့ထျိုးဘိုးအသင်းကဲ့သို့သော ဘာသာရေးနှင့် ရိုးရာအခြေပြုကွန်ရက်များမှတစ်ဆင့် ထောက်ပံ့ကူညီပေးခဲ့သည့် လူမှုကူညီရေးဝန်ဆောင်မှုလုပ်ငန်းများအဖြစ် စတင်လာခဲ့ခြင်းဖြစ်သည်။ ဘာသာရေး သို့မဟုတ် တိုင်းရင်းသားမျိုးနွယ်စု တစ်ရပ်ရပ်နှင့် အများဆုံးဆက်စပ်လျက်ရှိသည့် လူထုလူတန်းစားအသီးသီးဖြင့် လုပ်ကိုင်ဆောင်ရွက်လာခဲ့ကြသည့် ဤအဖွဲ့အစည်းများသည် ယနေ့အချိန်ထိ ပညာရေး၊ ကျန်းမာရေးနှင့်ရေရရှိရေးကဲ့သို့သော အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည့် အစီအစဉ်များဖြင့် ဆက်လက်ထောက်ပံ့ကူညီနေကြဆဲဖြစ်သည်။ "ဒီမှာက ကိုင်တွယ်ရမယ့် ကိစ္စရပ်တွေများလွန်းလို့ ဘယ်ဟာတွေက အဓိကပြဿနာတွေဆိုပြီး ဆွဲထုတ်ပြနိုင်ဖို့ အရမ်းခက်တယ်" ဟု KPBA မှ လေးမြာ ပြောဆိုခဲ့သည်။ "ပညာရေး၊ ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေ အပါအဝင် ကဏ္ဍအားလုံးအတွက် အထောက်အပံ့တွေ လိုအပ်နေပါတယ်။"[၆၇]

အပြိုင်အဆိုင်ဖြစ်နေသည့် ကယားပြည်နယ်တွင်း ပတ်ဝန်းကျင်မျိုး၌ မည်သည့်ဖက်မျှ ယိမ်းယိုင်သွားခြင်းမရှိဘဲ အနှောင်အဖွဲ့ကင်း၍ လွတ်လပ်မှုကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန် များစွာခဲယဉ်းလျက်ရှိသည်။ မိမိတို့၏လုပ်ငန်းများ ဆက်လက်လည်ပတ်လိုပါက နိုင်ငံရေးထက်စာလျှင် လူမှုကူညီရေးဝန်ဆောင်မှုလုပ်ငန်းများကိုသာ အလေးပေးအာရုံစိုက်ရန် မဖြစ်မနေလိုအပ်လျက်ရှိသဖြင့် လက်လှမ်းမီနိုင်ရန် ခဲယဉ်းလွန်းပြီး စိတ်ဝမ်းကွဲနေကြသည့် လူထုလူတန်းစားများကို လွှမ်းခြုံနိုင်စွမ်းရှိသည့် ဘာသာရေးအခြေပြု အဖွဲ့အစည်းများကို အများအားဖြင့် အသိအမှတ်ပြုလေးစားသမှုရှိကြပါသည်။"တစ်ချို့သာသနာနယ်တွေက အရမ်းဝေးလံခေါင်ဖျားလွန်းတဲ့အတွက် အဲဒီမှာနေတဲ့သူတွေ အရမ်းကိုအကူအညီ လိုအပ်နေကြပါတယ်" ဟု ဖယ်ခုံမြို့ KMSS ၏ ဘုန်းတော်ကြီး ရောဘတ်မှ ပြောပြခဲ့သည်။ "အစိုးရဖက်က ဒီဒေသအားလုံးကို အသွားအလာမလုပ်နိုင်ပါဘူး။ ဆိုင်ကယ်နဲ့ပဲ သွားလို့ရပြီး လမ်းမှာလည်း ခဏခဏ ဗွက်နှစ်တတ်တယ်။"[၆၈]

ဘာသာရေးအခြေပြု အဖွဲ့အစည်းများ၏ ထိုကဲ့သို့သော လှုပ်ရှားဆောင်ရွက်ချက်များသည် နှစ်များကြာလာသည်နှင့်အမျှ ဗုဒ္ဓဘာသာကိုးကွယ်သည့် ကျေးရွာများရှိဘုန်းကြီးကျောင်းများအပါအဝင် မတူကွဲပြားသည့် ဘာသာရေးအဖွဲ့အစည်းများအကြား အပြိုင်အဆိုင်ဖြစ်လာစေခဲ့သည်။ ရှမ်းပြည်သူအများစုသည်ဗုဒ္ဓဘာသာကိုးကွယ်ကြသူများဖြစ်သည်။ ယေဘုယျအားဖြင့်အစိုးရထိန်းချုပ်ဒေသဌ်ရပ်ရွာအခြေပြု လူမှုကူညီရေးစနစ်များ ကျယ်ကျယ်ပြန့်ပြန့် ရောယှက်ပေါ်ပေါက်လာစေသဖြင့် ရလဒ်ကောင်းများထွက်ပေါ်လာသည်ဟု ဆိုနိုင်ပါသည်။ လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း နိုင်ငံရေးသဘောသက်ဝင်မှု အားကောင်းသည့်အရပ်ဖက်လူ့အဖွဲ့အစည်းများလည်း ပေါ်ထွက်လာခဲ့သည်။ KNPP အပစ်အခတ်ရပ်စဲပြီးကတည်းက အဆိုပါအဖွဲ့အစည်းများကို လွတ်လွတ်လပ်လပ် လည်ပတ်ဆောင်ရွက်ရန် အာဏာပိုင်များ ခွင့်ပြုပေးခဲ့သည်။

ဘာသာရေးအစုအဖွဲ့များ ပါဝင်ဆောင်ရွက်လျက်ရှိသည့် အလွန်အရေးပါသည့် နယ်ပယ်ကဏ္ဍတစ်ခုမှာ အောက်ခြေမြေပြင်အဆင့်၌ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ တပ်မတော်နှင့် ရပ်သူရွာသားများအကြား ကြားဝင်စေ့စပ်ညှိနှိုင်းပေးနိုင်စွမ်းရှိခြင်းဖြစ်သည်။ နှစ်ဖက်နှစ်ခြင်းခရစ်ယာန်နှင့် ကက်သလစ်ဘုန်းတော်ကြီးများ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ အထင်ကရအဆင့်၌ လွိုင်ကော်ကက်သလစ် သာသနာနယ်၏ ဂိုဏ်းအုပ်ဆရာတော်ကြီး ဆိုတေးရိုဖာမိုသည် ၁၉၉၄–၉၅ ခုနှစ်အတွင်း KNPLF၊ KNLPနှင့် KNPP တို့ အပစ်အခတ်ရပ်စဲနိုင်စေရန် အစိုးရနှင့် ကြားဝင်ညှိနှိုင်းပေးခဲ့သည်။ ငြိမ်းချမ်းရေး စေ့စပ်ညှိနှိုင်းနေစဉ်အတွင်း အစိုးရ၏ သတင်းစကားများကို သယ်ဆောင်သွားပြီး KNPP ၏ သဘောထားများကိုနားထောင်၍ ပြန်လည်အစီရင်ခံရန် အခြားဘုန်းတော်ကြီးနှစ်ဦးနှင့်အတူ ဂိုဏ်းအုပ်ဆရာတော်ဆိုတေးရိုသည် ထိုင်းနယ်စပ်ဒေသသို့ လူကိုယ်တိုင်အသွားအလာ ပြုလုပ်ခဲ့သူဖြစ်သည်။

KNPP အပစ်အခတ်ရပ်စဲရေးသည် အစိုးရနှင့် ၎င်းတို့အကြား အပြန်အလှန်စွပ်စွဲ ပြောဆိုချက်များအောက်၌ အလျင်အမြန်ပင် ပြန်လည်ပျက်ပြယ်သွားခဲ့သည် (အခန်း ၃ ရှိ “မအောင်မြင်ခဲ့သည့် ၁၉၉၅ အပစ်အခတ်ရပ်စဲရေး – KNPP အမြင်သဘောထား” စာကွက်ကို ကြည့်ရှုပါ)။ ရလဒ်အနေဖြင့် ဂိုဏ်းအုပ်ဆရာတော်ကြီး ဆိုတေးရိုက အခွန့်ရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးကို ဆောင်ကျဉ်းလိုပါက ယုံကြည်မှုတည်ဆောက်ရေးကို မဖြစ်မနေ ဆက်လက်ဖော်ဆောင်ရန် လိုအပ်သည်ဟု ပြောဆိုသွားခဲ့သည်။

> “ကျနော်ကိုယ်တိုင် စေ့စပ်ဆွေးနွေးပွဲတွေမှာပါဝင်ပြီး နှစ်ဖက်ပြောဆိုမှုတွေကို နားထောင်ခဲ့ပါတယ်။ ကရင်နီလူထုတွေထဲ ပညာတတ်ရှားတဲ့အတွက် အတွေ့အကြုံလည်း သိပ်မရှိသလို တစ်ဖက်အပေါ်ကိုလည်း ယုံကြည်မှုမရှိကြဘူး။ အရင်တုန်းက အရမ်းအနိုင်ကျင့်ခံခဲ့ရတဲ့အတွက် အချိန်တော့ယူရမယ်။ ဘာပြောပြောနှစ် ဖက်စလုံးက တိုက်ပွဲတွေကိုငြီးငွေ့နေကြပြီဖြစ်တဲ့အတွက် အနားယူချင်နေကြပြီ။ တိုက်လာခဲ့ကြတာလည်း နှစ်ပေါင်း ၆၀ ပြည့်တော့မှာမို့ ငြိမ်းချမ်းရေးလိုချင်နေကြပြီလို့ ယူဆလို့ရပါတယ်။ ဒါပေမယ့် ခက်တာက သူတို့အချင်းချင်းကြား ယုံကြည်မှုမရှိကြတာပါပဲ။”[၆၉]

အရေးပါသည့် နောက်ထပ်ငြိမ်းချမ်းရေးအရွေ့တစ်ခုကို တိုင်းရင်းသားကြားဝင်ဖျန်ဖြေရေးသမားများအဖွဲ့က စတင်ခဲ့သည်။ ဤအဖွဲ့ကို ငြိမ်းဖောင်ဒေးရှင်း၊ ကချင်၊ ကယား၊ ကရင်၊ ချင်းနှင့် မွန်ပြည်နယ်အခြေစိုက်ဘာသာရေးခေါင်းဆောင်များ ပူးပေါင်း၍ ၂၀၀၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းခေါင်းဆောင်များအကြား ငြိမ်းချမ်းရေးဆွေးနွေးမှုကိုအားပေးမြှင့်တင်ရုံမျှမက၂၀၀၉ခုနှစ်မှစ၍ကယားပြည်နယ်အတွင်းရှိ ရပ်ကျေးအဆင့်၌ လက်နက်ကိုင်ပဋိပက္ခကြိုတင်သတိပေးရေးနှင့် တုန့်ပြန်ရေးစနစ်များကို ပညာပေးခြင်းအပါအဝင် ငြိမ်းချမ်းရေးဖော်ဆောင်မှု သင်တန်းအစီအစဉ်များကိုပါ ထည့်သွင်းအကောင်အထည်ဖော်လာခဲ့ခြင်းဖြစ်သည်။ ဤလုပ်ငန်းများသည် ယခင် ‘နဝတ/နအဖ’ အစိုးရလက်ထက်၌ စတင်ခဲ့ခြင်းဖြစ်ပြီး ယနေ့ခေတ် ကယားပြည်နယ် ငြိမ်းချမ်းရေးစောင့်ကြည့်လေ့လာရေးကွန်ရက်၏ ရှေ့တော်ပြေးဖြစ်ခဲ့သည်ဟုဆိုနိုင်မည့် အကြောင်းရင်းများရှိနေသည်။

တစ်ချိန်တည်းမှာပင် ထိုင်းနိုင်ငံရှိ စစ်ဘေးဒုက္ခသည် လူထုများအကြားနှင့် ထိုင်း–မြန်မာနယ်စပ်ဒေသ

များ၌ အရပ်ဖက်လူ့အဖွဲ့အစည်းများ ဖွံ့ဖြိုးအားကောင်းလာခဲ့သည်။ ဤသို့အသစ်ဖွဲ့စည်းတည်ထောင်ခဲ့သည့် CSO အချို့သည် ကယားပြည်နယ်အတွင်းရှိ ဝေးလံခေါင်ဖျားသည့် အရပ်ဒေသများမှ ပြည်တွင်းနေရပ်စွန့်ခွာစစ်ဘေးတိမ်းရှောင်သူများသာမက နယ်စပ်တစ်လွှားရှိ ဒုက္ခသည်စခန်းများ၌နေထိုင်လျက်ရှိသည့် လူထုများကိုပါထောက်ပံ့ကူညီသွားနိုင်ရန် တည်ထောင်ခဲ့ကြခြင်းဖြစ်သည်။ အစောပိုင်း၌ အများစုသည် စစ်ဘေးဒုက္ခသည်များ၏ လူသားချင်းစာနာထောက်ထားရေး လိုအပ်ချက်များကို ဖြည့်ဆည်းထောက်ပံ့ရန် နိုင်ငံတကာအလှူရှင်များ၏ အထောက်အပံ့များရရှိခဲ့ကြသည်။[71] နှစ်များကြာလာသည်နှင့်အမျှ အချို့အဖွဲ့အစည်းများသည် အမျိုးသမီးအခွင့်အရေး၊ သဘာဝပတ်ဝန်းကျင်၊ သယံဇာတအရင်းအမြစ်နှင့် မီဒီယာလွတ်လပ်ခွင့်ကဲ့သို့သော ကိစ္စရပ်များကို အလေးပေးအာရုံစိုက်၍ ပြောင်ကျကျ ပို၍နိုင်ငံရေးဆန်လာခဲ့သည်။ ကရင်နီအမျိုးသမီးအစည်းအရုံး၊ ကရင်နီအမြဲစိမ်းအဖွဲ့ (KEG) နှင့် ကန္တရဝတီတိုင်းမ်တို့သည် အထင်ကရရှိသည့် အဖွဲ့အစည်းသာဓကများဖြစ်ကြသည်။

KNWO ကို ၁၉၉၃ ခုနှစ်တွင် ထိုင်းနိုင်ငံသို့ တိမ်းရှောင်ခိုလှုံခဲ့ကြရသည့် အမျိုးသမီးများ စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။ စတင်တည်ထောင်ချိန်ကတည်းက KNWO သည် ပညာပေးခြင်းနှင့် စည်းရုံးအရေးဆိုခြင်းအားဖြင့် အမျိုးသမီးအခွင့်အရေး၊ အမျိုးသမီးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့ကို အားပေးမြှင့်တင်လာခဲ့သည်။ ထို့အပြင် KNWO သည် ၂၀၁၂ အပစ်အခတ်ရပ်စဲရေးနောက်ပိုင်း လွိုင်ကော်မြို့ပေါ်၌ ရုံးခွဲတစ်ခုဖွင့်လှစ်နိုင်ခဲ့ပြီးချိန်မှစ၍ ဒီမော့ဆိုနှင့် လွိုင်ကော်မြို့နယ် ညီလာခံများအပါအဝင် ပြည်နယ်တစ်လွှား ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားဆောင်ရွက်လာခဲ့သည်။[72] KEG ကို ၁၉၉၆ ခုနှစ်အတွင်း စစ်ဘေးဒုက္ခသည်စခန်းနေ လူငယ်များစတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ KEG ၏ ရည်ရွယ်ချက်သည် ရပ်ရွာအစုအဖွဲ့ပိုင်သစ်တောများနှင့်သဘာဝသယံဇာတအရင်းအမြစ်များကိုကာကွယ်စောင့်ရှောက်ရန်၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များကိုတိုး၍အမြင်ဖွင့်ပညာပေးရန်နှင့်သဘာဝနှင့် ယဉ်ကျေးမှု အမွေအနှစ်နယ်မြေများကို ကာကွယ်စောင့်ရှောက်ရန်ဖြစ်သည်။[73] မီဒီယာကိစ္စရပ်များနှင့် ပတ်သက်၍ လွတ်လပ်သည့် သတင်းအချက်အလက်များနှင့်



ရှားဇေးတာမြို့နယ်ရှိ ပရိုတက်စတင့်ဘုရားရှိခိုးကျောင်း (TK)

သုံးသပ်ချက်များကို နယ်ခံလူထုလူတန်းစားများ ရရှိလက်လှမ်းမီနိုင်စေရန် ၂၀၀၄ ခုနှစ်၌ ထိုင်းနယ်စပ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့သည့် ကန္တရဝတီတိုင်းမ်သည် အရေးအပါဆုံးသတင်းဌာနတစ်ခု ဖြစ်လာခဲ့သည်။[၇၄]

နောက်ထပ်အရေးပါသည့် CSO လှုပ်ရှားမှုတစ်ရပ်အဖြစ် ၂၀၀၈ ခုနှစ်၌ ကယန်းမျိုးဆက်သစ်လူငယ်အဖွဲ့ (KNGY) အပါအဝင် လွိုင်ကော်နှင့် ဖယ်ခုံဒေသများအတွင်း အဖွဲ့အစည်းပေါင်းများစွာ စတင်ပေါ်ပေါက်လာခဲ့ကြပြီး ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပြည်လုံးကျွတ်လူထုဆန္ဒခံယူပွဲကို တက်တက်ကြွကြွ ဆန့်ကျင်လှုပ်ရှားလာခဲ့ကြခြင်းဖြစ်သည်။ ဤဖြစ်စဉ်က နိုင်ငံရေးခေါင်းဆောင်အများအပြားကို ပုံသွင်းထုဆစ်ပေးခဲ့ပြီး အများအပြား ထောင်သွင်းအကျဉ်းချခံခဲ့ရသလို အချို့သည်လည်း ထိုင်းနိုင်ငံဖက်သို့ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြရသည် (အခန်း ၆ ရှိ "ကရင်နီလူထု၏ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ 'ကန့်ကွက်မဲပေးရေး' လှုပ်ရှားမှု" စာကွက်ကို ကြည့်ရှုပါ)။ ထိုင်းနယ်စပ်ရောက်သွားသူအချို့သည် ချင်းမိုင်မြို့ သို့မဟုတ် စစ်ဘေးဒုက္ခသည်စခန်းများ၌ နေထိုင်ခဲ့ကြစဉ် လူ့အခွင့်အရေးနှင့် နိုင်ငံရေးပညာများကို လေ့လာဆည်းပူးခဲ့ကြသည်။ ထိုအချိန်က ၎င်းတို့၏ ပူးပေါင်းဆောင်ရွက်မှုနှင့် အတွေ့အကြုံများက ယနေ့ခေတ်ကရင်နီ အရပ်ဖက်လူ့အဖွဲ့အစည်းများ၏ပုံရိပ်နှင့် အင်အားအတွက် ဗဟိုချက်မဖြစ်လာခဲ့သည်။

စစ်အစိုးရ၏ အုပ်ချုပ်မှုအောက် ပထဝီရေမြေအနေအထားအရ ပိုင်းခြားခံထားရခြင်းက အစိုးရထိန်းချုပ်နယ်မြေများနှင့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ၏အုပ်ချုပ်မှုအောက်ရှိ နယ်မြေဒေသများ၌ ရပ်ရွာအခြေပြုအဖွဲ့အစည်းများအကြား လှုပ်ရှားနိုင်သည့်အတိုင်းအတာ များစွာကွာခြားသွားရသည့် ကိစ္စရပ်ကိုရှောင်လွှဲ၍ မရနိုင်ဟုလည်း အဓိပ္ပာယ်သက်ရောက်စေခဲ့သည်။ ဤအချက်သည် KNPP အပစ်အခတ်ရပ်စဲရေးလက်မှတ်ထိုးခဲ့သည့် ၂၀၁၂ ခုနှစ်နောက်ပိုင်း၌ ပို၍ထင်သာမြင်သာရှိလာခဲ့ပြီး ထိုင်းနယ်စပ် စစ်ဘေးဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာ စစ်ဘေးတိမ်းရှောင်ခဲ့ရသူများနှင့် ဆက်စပ်လျက်ရှိသည့် အရပ်ဖက်လူ့အဖွဲ့အစည်းများနှင့် ကယားပြည်နယ်အတွင်း လှုပ်ရှားနေကြပြီးဖြစ်သည့် အရပ်ဖက်အဖွဲ့အစည်းများအကြား သိသိသာသာ ဂိုဏ်းကွဲလာခဲ့သည်။ နယ်စပ်အခြေပြု CSO များသည် အစောပိုင်း၌ အစိုးရထိန်းချုပ်နယ်မြေများကို လက်လှမ်းမီနိုင်ရန် ခဲယဉ်းခဲ့ကြသည်။ ၎င်းတို့သည် တပ်မတော်၏ ရည်ရွယ်ချက်များနှင့် အာဏာပိုင်များနှင့် လက်ပွန်းတတီးနေခဲ့ကြသည့်အစုအဖွဲ့များ၏တော်တည့်မှန်ကန်မှုအပေါ် သံသယမကင်းရှိခဲ့ကြသည်။ အခြားတစ်ဖက်၌ အစိုးရထိန်းချုပ်နယ်မြေအတွင်း တရားဝင်မှတ်ပုံတင်၍ လှုပ်ရှားလျက်ရှိသည့် CSO များ (ရပ်ရွာဖွံ့ဖြိုးရေးကိုသာ အများဆုံးအာရုံစိုက်ဖော်ဆောင်လျက်ရှိသည့် ဘာသာရေးဆက်စပ်အစုအဖွဲ့များ) နှင့် မှတ်ပုံတင်ခြင်းမပြုဘဲ နိုင်ငံရေးဆန်ဆန်လှုပ်ရှားဆောင်ရွက်လျက်ရှိသည့် CSO များအကြား၌လည်းစိတ်ဝမ်းကွဲနေခဲ့ကြသည်။ "မှတ်ပုံတင်ထားခြင်းမရှိသည့်" CSO များနှင့် လက်တွဲအလုပ်လုပ်ပါက အစိုးရနှင့် တပ်မတော်တို့ကို ပြောဆိုဆက်ဆံရာ၌ အခက်အခဲရှိလာနိုင်သည်ဟု "တရားဝင်မှတ်ပုံတင်ထားသည့်" အဖွဲ့အစည်းများ၏ စိုးရိမ်ပူပန်မှုနှင့်အတူ အနာဂတ် ဝေဝါးရှုပ်ထွေးနေခဲ့သည်။

နောက်ပိုင်းနှစ်များအတွင်း CSO ပေါင်းစုံအကြား တဖြည်းဖြည်း အပြန်အလှန်နားလည်မှုနှင့် ပေါင်းစည်းဆောင်ရွက်မှုများ တိုးတက်ဖြစ်ထွန်းလာခဲ့သည်။ လွတ်လပ်စွာ သွားလာလှုပ်ရှားနိုင်ခြင်းနှင့် သတင်းအချက်အလက်ပိုမို လက်လှမ်းမီလာခြင်းက အချိတ်အဆက်များ ပိုမိုခိုင်မာအားကောင်းလာစေရန် များစွာအကူအညီရစေခဲ့သည်။ သို့သော်လည်း တရားဝင်မှတ်ပုံတင်ထားသည့် အစုအဖွဲ့များ၏ ကရင်နီပြည် လူထုအခြေပြု အရပ်ဘက်လူ့အဖွဲ့အစည်းများကွန်ရက် (KSCSN) နှင့် မှတ်ပုံတင်ထားခြင်းမရှိသည့် အစုအဖွဲ့များ၏ ကရင်နီလူမှုအဖွဲ့အစည်းကွန်ရက် (KCSN) ဟူသည့် CSO ကွန်ရက်နှစ်ခုဆက်ရှိနေခဲ့သည်။ နောက်ပိုင်း ဤကွန်ရက်နှစ်ခုအကြား အပြန်အလှန်ညှိနှိုင်းဆောင်ရွက်မှု တဖြည်းဖြည်းအားကောင်းလာခဲ့သည်။ NLD ၏ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအောင်နိုင်မှုက ဗဟိုအစိုးရအား မျက်မှောက်ခေတ် နိုင်ငံရေးအဆန်ဆုံး အဖွဲ့အစည်းများ၏ အသိအမှတ်ပြုမှုကိုပါ ရရှိသွားစေခဲ့ပြီး တတ်နိုင်သမျှ ကယားပြည်နယ်အတွင်း အစိုးရနှင့် လက်တွဲအလုပ်လုပ်နိုင်မည့် အခွင့်အလမ်းများကို ရှာဖွေလာစေရန် အထောက်အကူပြုခဲ့သည်။ အစောပိုင်း၌ အပစ်အခတ်ရပ်စဲထားသည့် KNPLF နှင့် KNLP တို့နှင့် ထဲထဲဝင်ဝင်ဆက်စပ်လျက်ရှိသည့် လူငယ်နှင့် အမျိုးသမီး

အဖွဲ့အစည်းများ၏ ကွန်ရက်တစ်ခုအနေဖြင့် ၂၀၀၆ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့သည့် ကရင်နီပြည်လူငယ်များသမဂ္ဂသည် အတက်ကြွဆုံးဖြစ်လာခဲ့သည်။ ၂၀၁၀ ခုနှစ်နောက်ပိုင်းမှစ၍ UKSY သည် အခြား CSO အစုအဖွဲ့များပါ ပါဝင်ဆောင်ရွက်လာနိုင်အောင် တိုးချဲ့ဖွဲ့စည်းခဲ့ပြီး "တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ အချင်းချင်းအကြားနှင့် ၎င်းတို့နှင့် အစိုးရအကြား ပြန်လည်သင့်မြတ်ရေး" လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လာခဲ့သည်။[၇၇]

အနာဂတ်ကို မျှော်ကြည့်ပါက ကယားပြည်နယ်၏ နိုင်ငံရေးဇာတ်ခုံနှင့် လူ့ဘောင်အသိုက်အဝန်းအတွင်း CSO များ၏ အခန်းကဏ္ဍသည် မရှိမဖြစ်အရေးပါသည့် အစိတ်အပိုင်းတစ်ခုအဖြစ် ဆက်ရှိနေဦးမည်ဟု သုံးသပ်ရှုမြင်ရသည်။ ပြည်တွင်းအသွင်ကူးပြောင်းရေး လုပ်ငန်းများ ဆက်လက်ဖော်ဆောင်လာသည်နှင့်အမျှ ရပ်ရွာအခြေပြု အဖွဲ့အစည်းများသည် ဒေသတွင်း လိုအပ်ချက်များနှင့် နိုင်ငံရေးအိပ်မက်များနှင့် ပို၍အံဝင်ခွင်ကျဖြစ်လာမည်ဟု သုံးသပ်ရသည်။ ၎င်းတို့၏ ခေါင်းဆောင်များက တစ်စစီပြိုကွဲလျက်ရှိသည့် လူထုလူတန်းစားများကို တစ်မူထူးကဲသည့်ပုံစံဖြင့် ပြန်လည်စည်းရုံးပေါင်းစည်း၍ လူထုတစ်ရပ်လုံး၏ ရပိုင်ခွင့်အခွင့်အရေးများကို ထည့်သွင်းစဉ်းစားပေးသည့် နိုင်ငံရေးအဖြေမျိုးရရှိလာအောင် ပံ့ပိုးကူညီပေးနိုင်လိမ့်မည်ဟု ယုံကြည်ထားကြသည်။ ၂၀၁၂ ခုနှစ်အရောက်တွင် ကယားပြည်နယ်ငြိမ်းချမ်းရေး စောင့်ကြည့်လေ့လာရေးကွန်ရက်ဖြစ်လာခဲ့သည့် ၂၀၁၀ ပြည့်နှစ်တွင် တည်ထောင်ခဲ့သည့် ငြိမ်းချမ်းရေးစောင့်ကြည့်အဖွဲ့နှင့်အတူပဋိပက္ခဖျန်ဖြေရေးသည် ပင်မရည်မှန်းချက်ဖြစ် နေဆဲပင်ဖြစ်သည်။ လူမှုကူညီရေးဝန်ဆောင်မှုများကို ပေးအပ်မှုအပြင် ယနေ့ကရင်နီ CSO များသည် အများပြည်သူ၏ နေ့စဉ်ဘဝများအပေါ် ရိုက်ခတ်လျက်ရှိသည့် အရေးကိစ္စအမျိုးမျိုးကို ကျယ်ကျယ်ပြန့်ပြန့်အမြင်ဖွင့် ပညာပေးရာ၌ တက်ကြွလှုပ်ရှားသည့် လူထုအသံများဖြစ်လာခဲ့ကြသည်။ ယင်းကိစ္စရပ်များ၌ မြေယာလုယူသိမ်းဆည်းမှု၊ သယံဇာတအရင်းအမြစ်ထုတ်ယူသုံးစွဲမှု၊ ဖွံ့ဖြိုးရေးစီမံကိန်းများ၊ ရေကာတာတည်ဆောက်ရေးလုပ်ငန်းများ၊ အမျိုးသမီးအခွင့်အရေးနှင့် ရပ်ရွာများအကြား အပြန်အလှန်နားလည်မှု တည်ဆောက်ရေးလုပ်ငန်းများ ပါဝင်လျက်ရှိသည်။

## အသွင်ကူးပြောင်းရေးကာလ တိုင်းရင်းသားများ၏ စရိုက်လက္ခဏာများ

ပြည်နယ်နှင့် အမျိုးသားအဆင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ အကောင်အထည်ဖော်ဆောင်မှုအလားအလာနှင့် KNPP အပစ်အခတ်ရပ်စဲပြီးနောက်ပိုင်း ရရှိလာသည့် နိုင်ငံရေးအရ ဆွေးနွေးအဖြေရှာနိုင်သည့် အခင်းအကျင်းသစ်တို့က ကယားပြည်နယ်တွင်း တိုင်းရင်းသားများ၏ စရိုက်လက္ခဏာများနှင့် နိုင်ငံရေးအရ ကိုယ်စားပြုမှုဆိုင်ရာ ကိစ္စရပ်များအပေါ် အများပြည်သူအာရုံစိုက်လာစေရန် အထောက်အကူပြုခဲ့သည်။ "အရင်တုန်းကတော့ စစ်အစိုးရမို့လို့ ဒီလိုကိစ္စမျိုးတွေကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပြောဆိုလို့ မရခဲ့ဘူး" ဟု KNP ဥက္ကဋ္ဌခွန်းဘီထူးက ပြောဆိုခဲ့သည်။ "ဒါပေမယ့် အစိုးရသစ်လက်ထက်မှာ ကျနော်တို့ အခွင့်အရေးတစ်ချို့ရလာခဲ့ပြီမို့ အရင်ကလို မပြောရဲ မဆိုရဲမဖြစ်တော့ဘူး။"[၇၈] ရလဒ်အနေဖြင့် မတူကွဲပြားသည့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် CSO ပေါင်းစုံတို့သည်နိုင်ငံရေးအရ ပါဝင်ဆောင်ရွက်ခွင့်နှင့် အမျိုးသားအဆင့်ဆွေးနွေးပွဲများ၌ ပူးတွဲကိုယ်စားပြုပါဝင်ခွင့်တို့ကို အားပေးမြှင့်တင်ရန် ၂၀၁၅ အထွေထွေရွေးကောက်ပွဲကတည်းက စတင်ဆွေးနွေးလာခဲ့ကြသည်။ NLD အစိုးရ၏ ၂၁ ရာစုပင်လုံညီလာခံက ဤရည်မှန်းချက်ကို ပို၍တွန်းအားဖြစ်စေခဲ့သည်။

ယနေ့အချိန်ထိ အမယ်ဘုတ်ချည်ငင်သကဲ့သို့ ဖြစ်နေသည့် အမျိုးသားအဆင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ ရှုပ်ထွေးမှုများက အရောင်အသွေးစုံလင်လှသည့် အင်အားစုအမျိုးမျိုးကို စည်းရုံးစုစည်းနိုင်စေမည့် ကြိုးပမ်းအားထုတ်မှုများကို လိုက်စားလျက်ရှိသည်။ လွန်ခဲ့သည့်နှစ်များအတွင်း KNPP သည် နိုင်ငံရေးနည်းလမ်းဖြင့် ဆွေးနွေးအဖြေရှာမှုကို အထောက်အကူပြုရန် ကြိုးပမ်းခဲ့သည့် အခြားအဖွဲ့အစည်းများ၏ ဒေသတွင်းအစီအစဉ်သစ်များကို ကျေးဇူးတင်အသိအမှတ်ပြုလာခဲ့သည်။ သို့သော်လည်း ကရင်နီလူထု၏ အဓိကကျသည့် ကိုယ်စားလှယ်ဖြစ်နေသလို အစိုးရနှင့်လည်း "ဆွေးနွေးဖော်ဆွေးနွေးဖက်" ဖြစ်နေသည့် ပါတီ၏ လက်ရှိအဆင့်အတန်းကို စွန့်လွှတ်လိုက်ရန်တွန့်ဆုတ်နေပုံရသဖြင့် ထိုအစီအစဉ်များ၌ တက်တက်

## ကရင်နီတိုင်းရင်းသားများ

မြန်မာနိုင်ငံတွင်း အခြားဒေသများနည်းတူပင် ကယားပြည်နယ်၏ တိုင်းရင်းသားဖြစ်တည်မှုနှင့် ပတ်သက်သည့် မေးခွန်းသည် နိုင်ငံရေးဆန်၍ ဆင့်ကဲတိုးတက်ပြောင်းလဲလျက်ရှိသဖြင့် အလွန်သတိထားရသည့် အကြောင်းအရာတစ်ခုဖြစ်သည်။ အုပ်စုကြီးများနှင့် အုပ်စုခွဲများကို မှန်မှန်ကန်ကန် ခွဲခြားသတ်မှတ်၍ အမည်တပ်သည့်ကိစ္စသည် အမြဲတမ်းလိုလို ဆွေးနွေးငြင်းခုန်စရာ အကြောင်းရင်းတစ်ခုဖြစ်နေလေ့ရှိသည်။ သမိုင်းကိုပြန်ကြည့်ပါက ယေဘုယျအားဖြင့် လူများစုဖြစ်သည့် အုပ်စုခွဲကယားတိုင်းရင်းသားများ၏ အနီရောင်ကဲသည့် သင်တိုင်းဝတ်စုံကိုအစွဲပြု၍နယ်ခံလူထုလူတန်းစားများအားလုံးကို "ကရင်နီ" (အနီရောင်ကရင်များ) အဖြစ်တစ်စုတစ်စည်းတည်း လုံးပေါင်းခေါ်ဝေါ်ခဲ့ကြခြင်းဖြစ်သည်။ ဗဟိုကျသည့် ရောဝတီမြစ်ဝှမ်းလွင်ပြင်ဒေသများကို ဝိုင်းရံထားလျက်ရှိသည့် နယ်စပ်တောင်တန်းဒေသနေ အခြားတိုင်းရင်းသားများကဲ့သို့ပင် ဘာသာစကား သို့မဟုတ် ယဉ်ကျေးမှုအရောင် အသွေးစုံလင်ကွဲပြားမှုကို တိုင်းရင်းသားခေါင်းဆောင်များက ပြင်ပအုပ်စိုးမှုအောက် ကျရောက်ခဲ့ဖူးခြင်းမရှိဘဲ "သီးခြားလွတ်လပ်ခဲ့သည့်" လူမျိုး၏ အထောက်အထားဖြစ်သည်ဟု မှတ်ယူထားကြသည်။[၇၇]

"ကရင်နီ" ဆိုရာ၌ ဘာသာဗေဒပညာရှင်များက ယနေ့ခေတ်ကယားပြည်နယ်သာမက ကရင်နှင့် ရှမ်းပြည်နယ်များနှင့် ထိစပ်လျက်ရှိသည့် နယ်မြေဒေသများသည်လည်း အလွန်ကွဲပြားစုံလင်၍ အရောင်အသွေးစုံသည့် "ကရင်အခြေပြု" ဘာသာစကားများနှင့် ဒေသိယစကားများသုံးစွဲမှုကို ထောက်ရှုခြင်းအားဖြင့် ကရင် "ဘူမိနက်သန်မြေ" ("အမိမြေ") ဖြစ်သည်ဟု လက်ခံယူဆထားကြသည်။[၇၈] အချို့မျိုးနွယ်စုများနှင့် ဘာသာစကားများသည် ယနေ့ခေတ် ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးနယ်နိမိတ် နှစ်ဖက်စလုံး၌ ထပ်၍ရှိနေကြသည်။ သို့သော်လည်း နိုင်ငံရေးစနစ်အရ သမိုင်းအစဉ်အဆက် ရှမ်းပြည်နယ်များနှင့် ပို၍နီးစပ်မှုရှိခဲ့သည့် ကရင်နီပြည်များ (ကရင်အဆက်အနွယ်ဖြစ်လင့်ကစား) ကို ကိုလိုနီခေတ်အစောပိုင်းကာလများအထိ ၎င်းတို့၏ အဆက်အနွယ် ကရင်၊ ရှမ်းနှင့် အိမ်နီးချင်းထိုင်းတို့ထံမှ သီးခြားလွတ်လပ်သည့် ဒေသများအဖြစ် ရည်ညွှန်းဖော်ပြခဲ့သည်။

ဘာသာစကား သို့မဟုတ် ယဉ်ကျေးမှုပေါ် အခြေခံ၍ ခေတ်သစ်ပြည်နယ်နေ "ကရင်နီတိုင်းရင်းသားများ" အဖြစ် ကယား၊ ကယန်း (ကခေါင်းပဒေါင်)၊ ကယော/ပရဲ၊ ကော်ယော် (မနူမနော)၊ ဂေဘား၊ ယင်းတလဲ၊ ပကူး၊ ကငန် (ယင်းဘော်)၊ ကဒေါ့ (ဂေခို)နှင့် လထာ (ဇယိမ်း) ဟူသည့် ကရင်အဆက်အနွယ်အုပ်စု ဆယ်ခုဖြစ်သည်ဟု ယေဘုယျအားဖြင့် လက်ခံသတ်မှတ်ထားကြသည်။ သို့သော်လည်း ဤဘာသာစကားများအကြား အပြန်အလှန် ဆက်စပ်မှုကိုတော့ ကျယ်ကျယ်ပြန့်ပြန့် နားလည်သဘောပေါက်ထားခြင်းမရှိကြပေ။ မျိုးနွယ်စုများကို အများအားဖြင့် အပြင်လူများ ခေါ်ဝေါ်ကြသည့်အတိုင်းသာ ပို၍အသိများကြသည်။ ကရင်နီတိုင်းရင်းသားများအကြား၌ပင် ဒေသိယစကားများ သို့မဟုတ် ယဉ်ကျေးမှုနှင့် စရိုက်လက္ခဏာအမျိုးမျိုးကို မည်ကဲ့သို့ ခွဲခြားသတ်မှတ်ရမည်နည်းဟူသည့်အချက်နှင့်ပတ်သက်၍ အမြင်သဘောထားများ ကွဲလွဲလျက်ရှိသည်။

ကရင်နီအဆက်အနွယ် ဘာသာစကားများကို ပြောဆိုခြင်းမရှိသည့် တိုင်းရင်းသားအုပ်စုများအကြား၌အစဉ်အလာအရ ရှမ်းတိုင်းရင်းသားများ အများဆုံးဖြစ်နေခြင်းက အစောပိုင်းရာစုနှစ်များအတွင်း ကရင်နီနှင့် ရှမ်းတို့၏ လူမှုရေးနှင့် နိုင်ငံရေးအရဆက်စပ်မှုကို ထင်ဟပ်စေလျက်ရှိသည်။ ကရင်နီနိုင်ငံရေးဇာတ်ခုံပေါ်၌ ခေတ်သစ်ပြည်နယ်အခြေပြု အင်အားစုများဖြစ်ကြသည့် အဓိကအားဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတစ်ခုဖြစ်သည့် KNPP သို့မဟုတ် ရွေးကောက်ခံ ANDP နှင့် ၎င်းတို့ကို ဆက်ခံထားသည့် KySDP

တို့သည် ကရင်နီအဆက်အနွယ်များသာမက ဒေသအတွင်း မှီတင်းနေထိုင်လျက်ရှိသည့် တိုင်းရင်းသားမျိုးနွယ်စုများအားလုံးကို ကိုယ်စားပြုနိုင်ရန် ကြိုးပမ်းလျက်ရှိသည်ဟု ပြောဆိုထားကြသည်။[၇၉]

"ကရင်နီပြည်" ၏ အမျိုးသားရေးလက္ခဏာကို ပြည်ထောင်စုသစ်၌ ပေါင်းစည်းခဲ့ကြသည့် တိုင်းရင်းသားပြည်နယ် လေးခုဖြစ်ကြသည့် ကချင်၊ ကရင်နှင့် ရှမ်းတိုင်းရင်းသားများနှင့်အတူ ပြည်နယ်တစ်ခုအဖြစ် ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အာမခံပေးခဲ့သည်။ လက်နက်ကိုင်ပဋိပက္ခများ ပျံ့နှံ့လာခဲ့သည့် ၁၉၅၁ ခုနှစ်တွင် ဖဆပလအစိုးရသည် ကရင်နီပြည်သူများကို အခြားကရင်များထံမှ ခွဲထုတ်၍ သမိုင်းကြောင်းအရ သီးခြားလွတ်လပ်သည့် ဒေသတစ်ခုအဖြစ် ထင်ဟပ်စေသည့် အမည်နာမကိုပါ ပယ်ဖျက်ရန်ကြိုးပမ်းသည့် အနေဖြင့် "ကရင်နီ" ပြည်ကို "ကယား" ပြည်နယ်ဟု အမည်ပြောင်းပစ်ခဲ့သည် (အခန်း ၂ ပါ "နာမည်ထဲမှာ ဘာတွေပါလဲ။ ကယားပြည်နယ်လား ကရင်နီပြည်လား" စာကွက်ကိုကြည့်ပါ)။ ထို့အပြင် "ကယားပြည်နယ်" ကို ၁၉၇၄ ခုနှစ်နှင့် ၂၀၀၈ ခုနှစ်ဖွဲ့ စည်းပုံအခြေခံဥပဒေများအရ မြန်မာနိုင်ငံ၏ ပြည်နယ် (၇) ခုအနက်တစ်ခု အပါအဝင်ဖြစ်သည်ဟု ဆက်လက်သတ်မှတ်ပြဋ္ဌာန်းခဲ့သည်။ "ကယား"၊ "ကရင်"နှင့် "ကယန်း" တိုင်းရင်းသားများအားလုံးကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပထဝီနယ်မြေဒေသသတ်မှတ်ချက်များ သို့မဟုတ် နိုင်ငံရေးအခွင့်အရေးများအရ "နိုင်ငံသား တိုင်းရင်းသားလူမျိုးများ" ဖြစ်ကြသည်ဟု အသိအမှတ်ပြုထားသည်။ သို့သော်လည်း အားလုံးကိုစုပေါင်းကိုယ်စားပြုသည့် "ကရင်နီ" အမည်ကို ပြန်လည်အသက်သွင်းပေးခဲ့ခြင်း မရှိသလို "ကယား" သည် ဒေသတွင်းရှိ အုပ်စုခွဲမျိုးနွယ်စုတစ်ခုသာဖြစ်သည်ဟူသည့် အချက်ကိုလည်း အသိအမှတ်ပြုရန် ပျက်ကွက်ခဲ့သည်။

၂၀၁၂ ခုနှစ် KNPP အပစ်အခတ်ရပ်စဲခဲ့ပြီးကတည်းက ကရင်နီတိုင်းရင်းသားရေးရာနှင့် ဘာသာစကားများအပေါ် စိတ်ဝင်စားမှု ပြန်လည်မြင့်တက်လာခဲ့သည်။ နိုင်ငံရေးအပြောင်းအလဲကြောင့် နယ်မြေဒေသတစ်လွှား ယခင်ကထက်ပို၍ လွတ်လွတ်လပ်လပ် ကူးလူးဆက်ဆံလာနိုင်ခြင်းကလည်း တစ်စိတ်တစ်ပိုင်းပါဝင်လျက်ရှိသည်။ သို့သော်လည်း ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်ဆိုင်ရာ သန်းခေါင်စာရင်းပါ တိုင်းရင်းသားဖြစ်ခြင်းနှင့် အမျိုးသားလက္ခဏာရပ်များကို အဓိပ္ပာယ်ဖွင့်ဆိုရာ၌ အားနည်းချက်များကလည်း ပို၍စိတ်ဝင်စားမှုမြင့်တက်လာစေရန် မီးထိုးပေးခဲ့သည်ဟု ဆိုနိုင်ပါသည်။ သန်းခေါင်စာရင်း၌ ခေတ်နှင့်လျော်ညီမှုမရှိတော့သည့် ကိုယ်လိုနီခေတ်ကာလက ခွဲခြားသတ်မှတ်ချက်များနှင့် နောက်တိုးစာရင်းအမျိုးမျိုးပေါ် အခြေခံ၍နိုင်ငံအတွင်း၌ "နိုင်ငံသား တိုင်းရင်းသားလူမျိုး" စုစုပေါင်း ၁၃၅ မျိုးရှိသည်ဟု သတ်မှတ်ပြဋ္ဌာန်းခဲ့ခြင်းက များစွာရှုပ်ထွေးသွားစေခဲ့သည်။ တိုင်းရင်းသားအင်အားစုအများအပြားက ဤအချက်သည် ဗမာမဟုတ်သည့် တိုင်းရင်းသားများ၏ အရေအတွက်နှင့် ကိုယ်စားပြုမှု အားနည်းချိနဲ့သွားစေရန် တိုင်းရင်းသားတို့၏ စရိုက်လက္ခဏာများကို ပိုင်းခြားသတ်မှတ်ရာ၌ တမင်ရှုပ်ထွေးလာအောင် ပြုလုပ်ခဲ့သည့် အစိုးရ၏ ရည်ရွယ်ချက်တစ်စိတ်တစ်ပိုင်းဖြစ်နေမည်ကို စိုးရိမ်မကင်းရှိနေကြသည်။[၈၀]

ထို့ကြောင့် ကရင်နီလူထုများအကြား အရေးတကြီးဆွေးနွေးတိုင်ပင်မှုများ ပေါ်ပေါက်လာခဲ့သည်။ ၁၉၅၁ ခုနှစ် အတွင်း "ကရင်နီပြည်" ကို "ကယားပြည်နယ်" အဖြစ် ပြောင်းလဲမှည့်ခေါ်ခဲ့သည့် ကိစ္စရပ်ကိုလည်း တိုင်းရင်းသားမျိုးနွယ်စုများ ကျယ်ကျယ်ပြန့်ပြန့် လက်ခံအသိအမှတ်ခဲ့ခြင်းမရှိပေ။ သို့သော်လည်း စုပေါင်းအမည်နာမတစ်ခုဖြစ်သည့် "ကရင်နီ" အသုံးအနှုန်းနှင့် မျိုးနွယ်စုများ၏ ဆက်စပ်ပတ်သက်မှုနှင့် ပတ်သက်၍ အမြင်သဘောထား အမျိုးမျိုးကွဲနေကြဆဲဖြစ်သည်။ အဓိကအားဖြင့် နိုင်ငံရေးအရစုဖွဲ့မှုလား ပထဝီနယ်နိမိတ်အရ စုဖွဲ့မှုလား သို့မဟုတ် တိုင်းရင်းသားမျိုးနွယ်စုအရစုဖွဲ့မှုလား သို့မဟုတ် သုံးခုစလုံးလားဟူသည့် အချက်

ပေါ်သဘောထားကွဲလွဲ နေကြခြင်းဖြစ်ပြီး အထူးသဖြင့် ကယန်းအဆက်အနွယ် မျိုးနွယ်စုများ၏အမြင် သိသိသာသာကွဲထွက်လျက်ရှိသည် ("ကယန်းဒေသနှင့် အမျိုးသားရေးလက္ခဏာ" စာကွက်ကိုကြည့်ပါ)။

"ကရင်နီ" ဘာသာစကားများနှင့် ဒေသိယစကားများအကြား အပြန်အလှန် နားလည်နိုင်စွမ်းမရှိသည့် ကိစ္စရပ်ကလည်း အခြေအနေကို ပို၍ရှုပ်ထွေးစေလျက်ရှိသည်။ အချို့နယ်မြေဒေသများ၌ "တစ်ရွာမှာစကားတစ်မျိုး" ဟူ၍ပင် အရွန်းဖောက်လေ့ရှိသည်။ ထို့အပြင် ဒေသတစ်လွှား မတူကွဲပြားသည့် ဘာသာရေးယုံကြည်မှုများသည်လည်း အရောရောအနှောနှော ဖြစ်နေကြသည်။ ယင်းတို့၌ ခရစ်ယာန်ဘာသာ (အများအားဖြင့် နှစ်ခြင်းခရစ်ယာန်နှင့် ကက်သလစ်ဘာသာဝင်များ)၊ ဗုဒ္ဓဘာသာနှင့် ရိုးရာနတ်ကိုးကွယ်သူများ (ဒေသတစ်လွှား ကေ့ထိုးဘိုးဟုသိကြသည့်) အပြင် လွိုင်ကော်၌ အများစုရှိနေသည့် ဟိန္ဒူနှင့် မွတ်စလင်ဘာသာဝင်များလည်း အနည်းအကျဉ်းရှိသည်။ ထို့အပြင် ကယားပြည်နယ်အတွင်း၌ ရှမ်း၊ ပအိုဝ်းနှင့် ဗမာကဲ့သို့သော အခြားတိုင်းရင်းသားများလည်း မှီတင်းနေထိုင်လျက်ရှိပြီး ဗမာတိုင်းရင်းသားများသည် လွတ်လပ်ရေးရပြီးနောက်ပိုင်းမှသာ ရာခိုင်နှုန်းအားဖြင့် မြင့်တက်လာခဲ့ခြင်းဖြစ်သော်လည်း ၎င်းတို့၏ ဒေသတွင်းသမိုင်းကြောင်းနောက်ခံ သို့မဟုတ် ဖွား/သေစာရင်းများနှင့်ပတ်သက်၍ စစ်တမ်းပြုစုထားသည့် သုတေသနအချို့ရှိနေခဲ့သည်။

## ကရင်နီအဆက်အနွယ် တိုင်းရင်းသားမျိုးနွယ်စုများ*

**ကယား** – ကယားတိုင်းရင်းသားများကို ၎င်းတို့၏ဘာသာစကားဖြင့် "ကယားလီဖူး" ဟု ရည်ညွှန်းပြောဆိုလေ့ရှိပြီး "ကယားလူမျိုး" ဟု အလွယ်ခေါ်ကြသည်။ ကယားလူမျိုး၏ စကားသည် ကယားလီ (ကယားဘာသာစကား) ၏ ဒေသိယစကားများနှင့် အနည်းငယ်ကွာခြားမှုရှိသော်လည်း အနောက်နှင့် အရှေ့ဒေသိယစကားများအဖြစ် အုပ်စုကြီးနှစ်ခုအဖြစ် ယေဘုယျခွဲခြားနိုင်သည်။ ကယားလူမျိုးများ၏ ကိုးကွယ်မှုသည် နှစ်ခြင်းခရစ်ယာန်၊ ကက်သလစ်၊ ဗုဒ္ဓဘာသာနှင့် ရိုးရာနတ် (ကေ့ထိုးဘိုးဟု အများခေါ်သည့်) ကိုးကွယ်မှုများဟူ၍ ရောနှောလျက်ရှိသည်။ ကယားလူမျိုးများသည် အကြီးဆုံးမျိုးနွယ်စုဖြစ်ပြီး ရိုးရာအရ အနီရောင်သင်တိုင်းဝတ်ဆင်ကြသူများအဖြစ် လူသိများသည်။

**ကယော** နှင့် **ပရဲ** – ပရဲတို့ကို ကရင်ဘာသာစကားအရ ဘွေး သို့မဟုတ် ဘရဲဟုလည်း ခေါ်ဝေါ်လေ့ရှိသည်။ ပရဲ နှင့် ကယောတို့သည် အလွန်နီးစပ်သည့် မျိုးနွယ်စုများဖြစ်ကြပြီး ယနေ့ကယောဟု သတ်မှတ်ထားကြသည့်ဘာသာစကားကို ပြောဆိုကြသည်။ သမိုင်းကြောင်းနောက်ခံအရ ၎င်းတို့သည် ထူးချောင်းတစ်လျှောက် ပြန့်ကျဲနေထိုင်ကြသည့် လူမျိုးများဖြစ်ကြသည်။ ပရဲတို့သည် ဇစ်မြစ်အားဖြင့် ကရင်ပြည်နယ်နှင့် နီးစပ်သည့် ထူးချောင်း အနောက်ဖက်ကမ်းမှ ဆင်းသက်လာကြပြီး ကယောတို့သည် ဖရူဆိုမြို့နယ် အလယ်ပိုင်းကို ဖြတ်၍စီးဆင်းသွားသည့် ထူးချောင်းအရှေ့ဖက်ကမ်းမှ မြစ်ဖျားခံဆင်းသက်လာကြခြင်းဖြစ်သည်ဟု မှတ်ယူထားကြသည်။ ပရဲအများစုသည် နှစ်ခြင်းခရစ်ယာန်နှင့် ကက်သလစ်ဘာသာ ကိုးကွယ်ကြသူများဖြစ်ကြသော်လည်း ကယောအများစုသည် ကက်သလစ်ဘာသာဝင်များဖြစ်ကြသည်။ ဘာသာရေးကိုးကွယ်မှုအရ ကက်သလစ်တို့သည် ကရင်ဘာသာစကားကို အသုံးပြုကြပြီး နှစ်ခြင်းခရစ်ယာန်တို့သည် ကရင်နှင့် ဂေဘားဘာသာစကားတို့ကို အသုံးပြုကြသည်။ ဤနှစ်များအတွင်း ကယောနှင့် ပရဲကိုယ်စားလှယ်တို့သည် တစ်ခုတည်းသော တိုင်းရင်းသားလူမျိုးအဖြစ် ပေါင်းစည်းသွားရန် စတင်ဆွေးနွေးလာခဲ့သည်။ အချို့က ၎င်းတို့ကိုယ်ကို ပရဲကယောဟု ခေါ်ဆိုလိုကြသော်လည်း အခြားသူများ၌ ၎င်းတို့နှင့်မတူသည့် အမြင်မျိုးရှိနေကြသည်။

**ကော်ယော်** – ဗမာစကားအသုံးအနှုန်းဖြင့် ခွဲခြားသတ်မှတ်ချက်အရ ယခင်က ကော်ယော်တို့ကို မနူမနောလူမျိုးများအဖြစ် သိလာခဲ့ကြသည်။ သို့သော်လည်း ဖရူဆိုမြို့နယ်၌ ကျင်းပခဲ့သည့် ကော်ယော်မျိုးနွယ်စုများ၏ ၂၀၁၇ ခုနှစ် အမျိုးသားညီလာခံ၌ အားလုံးနီးပါးသည် အစိုးရပေးသည့် မနူမနောဆိုသည့်အမည်ထက် ၎င်းတို့၏ ဘာသာစကားအတိုင်း အနာဂတ်၌ ကော်ယော်ဟူသည့် အမည်ကိုသာ တရားဝင်ရည်ညွှန်းသုံးစွဲသွားရန် သဘောတူခဲ့ကြသည်။ ကော်ယော်တို့သည် အဓိကအားဖြင့် နှစ်ခြင်းခရစ်ယာန်နှင့် ကက်သလစ်ဘာသာဝင်များဖြစ်ကြပြီး အဓိကအားဖြင့် နယ်စပ်မြို့များဖြစ်သည့် ဖရူဆိုနှင့် ဘောလခဲမြို့နယ်များမှ မြစ်ဖျားခံဆင်းသက်လာခဲ့ကြခြင်း ဖြစ်သည်။

**ကယန်း** – နယ်မြေဒေသအရ ပြန့်ကျဲနေထိုင်မှု ကျယ်ပြန့်လျက်ရှိပြီး မျိုးနွယ်စုခွဲများပြားလှသည့် ကယန်းလူမျိုးတို့၏ လူမှုရေးနှင့် ဘာသာစကားများကို လေ့လာသုတေသနပြုမှု အလွန်နည်းပါးခဲ့သည် (“ကယန်း နယ်မြေဒေသနှင့် အမျိုးသားရေးစရိုက်လက္ခဏာ” စာကွက်ကိုကြည့်ပါ)။ နိုင်ငံရေးရှုထောင့်အရ ၎င်းတို့ကို သမိုင်းအစဉ်အဆက် ရှမ်းပြည်နယ်ခွဲ မုန်းပိုင် (ယနေ့မိုးဗြဲ) ဒေသ၌ နေထိုင်ကြသူများအဖြစ် ပို၍သိကြသည်။ သို့သော်လည်း ကယန်းလူမျိုးများသည် ယနေ့ခေတ်ကယားပြည်နယ်၊ ကရင်ပြည်နယ်မြောက်ပိုင်းနှင့် နေပြည်တော်ပြည်ထောင်စုနယ်မြေများတွင်လည်း အများအပြားနေထိုင်လျက်ရှိသည်။ ကယန်းတို့သည် ခရစ်ယာန်ဘာသာ (အများအားဖြင့် ကက်သလစ်) နှင့် ရိုးရာနတ် (အများအားဖြင့် ကေ့ထျိုးဘိုး) နှစ်မျိုးစလုံး ရောနှောကိုးကွယ်ကြသူများဖြစ်ကြပြီး ပြောဆိုသည့် ဒေသိယစကား မျိုးကွဲများစွာရှိကြသည်။ အတိတ်ကာလများ၌ ကယန်းမျိုးနွယ်စုများကို ခေါ်ဝေါ်မှတ်တမ်းတင်ရာ၌ အထူးသဖြင့် ကခေါင်းမျိုးနွယ်စုကို ရည်ညွှန်းပြောဆိုသည့်အခါ ခွဲခြားဆက်ဆံမှု အငွေ့အသက်များသည့် ပဒေါင်ဟု သုံးနှုန်းခဲ့ကြသည်။[၈၁]

လတ်တလော လေ့လာသုတေသနပြုချက်များက အဓိကအားဖြင့် ကရင်အဆက်အနွယ် အုပ်စုကြီးလေးခုရှိနေသည်ဟု အကြံပြုထားပြီး ၂၀၁၇ ခုနှစ် ဒီမော့ဆိုမြို့နယ်၌ ကျင်းပခဲ့သည့် ဒုတိယအကြိမ်မြောက် ကယန်းအမျိုးသားညီလာခံကလည်း အဆိုပါရည်တည်ချက်အပေါ် လက်ခံသဘောတူခဲ့ကြသည်။

- **လထာ** – “မြောက်ပိုင်းနေ မျိုးနွယ်စုများ” (ဇယိမ်းအပါအဝင်)
- **ကခေါင်း** – “တောင်တန်းနေ မျိုးနွယ်စုများ” (လဟွီနှင့် ပဒေါင်အပါအဝင်)
- **ကငန်** – “လွင်ပြင်ဒေသနေ မျိုးနွယ်စုများ” (ယင်းဘော်အပါအဝင်)
- **ကဒြေ့**– “တောင်တန်းအနောက်ခြမ်း မျိုးနွယ်စုများ” (ဂေခိုအပါအဝင်)

“လဟွီ” ဟူသည့် အသုံးအနှုန်းကို ကခေါင်းမျိုးနွယ်စုများကို ရည်ညွှန်းရာတွင် အဓိကသုံးစွဲခဲ့ကြသော်လည်း မကြာသေးမီက ကျင်းပခဲ့သည့် ညီလာခံ၌ အဆိုပါအမည်သည် “တောင်ပိုင်းနေ” မျိုးနွယ်စုများ (ကခေါင်း၊ ကငန်နှင့် ကဒြေ့) တို့အားလုံးကို လွှမ်းခြုံမှုရှိသည့် အသုံးအနှုန်းဖြစ်သည်ဟု သတ်မှတ်ဆုံးဖြတ်ခဲ့ကြသည်။

**ဂေဘား** – ဂေဘားဘာသာစကားသည် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည့် ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အစပ်ရှိ နယ်မြေဒေသများ၌ ကျယ်ကျယ်ပြန့်ပြန့် သုံးနှုန်းပြောဆိုလျက်ရှိသည့် အရှေ့ခြမ်းဘွေး ကရင်စကား၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်ဟု ယူဆထားကြသည်။ ကယားပြည်နယ်အတွင်းရှိ အချို့သော ဂေဘားမျိုးနွယ်စုဝင်များသည် မိမိတို့ကိုယ်ကို ကရင်နီအနွယ်ဝင်များဖြစ်ကြသည်ဟု လက်ခံထားကြသော်လည်း ကရင်ပြည်နယ်ဖက်ခြမ်း၌ နေထိုင်ကြသူများက ၎င်းတို့ကိုယ်ကို ကရင်အဖြစ်သာ မှတ်ယူထားကြသည်။ ၂၀၁၇

ခုနှစ်တွင် လွိုင်ကော်မြို့ပေါ်၌ စီစဉ်ကျင်းပခဲ့သည့် ဂေဘားလူငယ်ဖိုရမ်၌ ဘုံရပ်တည်ချက်တစ်ခုတည်းထားရန် သဘောတူညီမှု မရရှိခဲ့ကြပေ။

**ပကူး** – ပကူးတို့ကို အများအားဖြင့် "ပကူးကရင်" များအဖြစ် ရည်ညွှန်းကြလေ့ရှိသော်လည်း ကယားနိုင်ငံရေး ဇာတ်ခုံပေါ်၌ ယေဘုယျအားဖြင့် ကရင်နီအုပ်စုဝင်များအဖြစ် သတ်မှတ်လက်ခံထားကြသည်။ ပကူးတို့သည် ခေတ်သစ်မြန်မာနိုင်ငံ၌ အကျယ်ပြန့်ဆုံး သုံးနှုန်းပြောဆိုလျက်ရှိသည့် ဘုံကရင်စကားဟုဆိုနိုင်သည့် စကော ကရင်အုပ်စု၏ ဒေသိယဘာသာစကားတစ်မျိုးကို ပြောဆိုကြသည်။ အများစုသည် အနောက်ဖားဆောင်းနှင့် မော်ချီးဒေသတို့အပြင် ကရင်ပြည်နယ်နှင့် ထိစပ်လျက်ရှိသည့် နယ်စပ်ဒေသများ၌လည်း နေထိုင်လျက်ရှိကြသည်။

**ယင်းတလဲ** – ယင်းတလဲတို့သည် လူဦးရေအလွန်နည်းသည့် မျိုးနွယ်စုငယ်များဖြစ်ကြပြီး ဘောလခဲမြို့နယ် အတွင်းရှိ ကျေးရွာများ၌ အများဆုံးနေထိုင်ကြသည်။ ၎င်းတို့သည် ကုန်လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း ဖြစ်ပွားခဲ့သည့် လက်နက်ကိုင်ပဋိပက္ခဒဏ်ကို မဆံ့ရင်ကာ ခါးစည်းခံခဲ့ကြရသူများဖြစ်သည်။ ၎င်းတို့သည် အနောက် ကယားအုပ်စုဝင် ဒေသိယဘာသာစကားတစ်ခုအဖြစ် အများလက်ခံထားကြသည့် ကိုယ်ပိုင်ဒေသိယစကား တစ်မျိုးကို အသုံးပြုကြပြီး ဗုဒ္ဓဘာသာနှင့် ရိုးရာနတ် (အများအားဖြင့် ကေ့ထိုးဘိုး) တို့ကို ရောနှောကိုးကွယ်ကြသူများဖြစ်ကြသည်။

## ကယားပြည်နယ်အတွင်းရှိ အခြားတိုင်းရင်းသားလူမျိုးများ

- **ဗမာ**
- **အင်းသား**
- **ပအိုဝ်း**
- **ရှမ်း**

*ဤစာရင်းအတိုင်း အတိအကျမှန်ကန်သည်ဟု မယူဆကြရန် ပြောကြားလိုပါသည်။ ဤစာကွက်သည် တိုင်းရင်းသား မျိုးနွယ်စုများ၏ ဖြစ်တည်မှုကို လေ့လာသုတေသနပြုခြင်းမဟုတ်ဘဲ ၎င်းတို့၏ အမျိုးသားရေးစရိုက် လက္ခဏာနှင့် ပတ်သက်သည့် နယ်ခံလူထုလူတန်းစားများအကြား လတ်တလောဆွေးနွေးပြောဆိုမှုများနှင့် ခွဲခြားသတ်မှတ်ချက်များကို ထင်ဟပ်သုံးသပ်နိုင်စေရန်အတွက်သာ ဆွေးနွေးတင်ပြထားခြင်းဖြစ်ပါသည်။

ကြွကြွ ပါဝင်ဆောင်ရွက်ခြင်း မရှိခဲ့ပေ။ ထို့အချိန်က UKSY သည် ညှိနှိုင်းဆောင်ရွက်ရေးကို တာဝန်ယူရန်ရည်မှန်း၍ ကယားပြည်နယ်အတွင်း မှီတင်းနေထိုင်လျက်ရှိသည့် တိုင်းရင်းသားမျိုးနွယ်စုကွဲများ အားလုံးကို စည်းရုံးစုစည်းကာဘုံရည်မှန်းချက်ပန်းတိုင်များ အတူတကွချမှတ်သွားနိုင်ရန် ကြိုးပမ်းလာခဲ့သည်။

ယနေ့ခေတ် အဖွဲ့အစည်းများ တွေ့ဆုံစည်းဝေးကြရာ၌ ကရင်နီလွတ်လပ်ရေးတောင်းဆိုမှုကို ယခင်က လိုမျိုး အားပေးမြှင့်တင်ခြင်း မရှိကြတော့ပေ။ ဖက်ဒရယ်ပြည်ထောင်စုတစ်ခုအတွင်း ကရင်နီပြည်ကို ထည့်သွင်းဖွဲ့စည်းရေးသည် နယ်ခံအင်အားစုများအကြားကျယ်ကျယ်ပြန့်ပြန့် လက်ခံသဘောတူကြသည့် ရပ်တည်ချက်တစ်ခုဖြစ်လာခဲ့သည်။ သို့သော်လည်း တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်ကို KNPP အနေဖြင့် လက်မှတ်ရေးထိုးသင့်သည် သို့မဟုတ် မထိုးသင့်ဟူသည့် ကိစ္စရပ်ကို စေ့စပ်ဆွေးနွေးလာသည့်အခါ ကယားပြည်နယ်အတွင်းရှိအခြားအင်အားစုများအကြား အနာဂတ်ဆွေးနွေးပွဲများ



၂၀၁၇ခုနှစ် ဧပြီလ ၃ ရက်နေ့၌ ဖရူဆိုမြို့နယ် ဘီယာကျေးရွာ၏
နှစ် ၁၀၀ ပြည့် ဂျူဘလီပွဲကို ဆင်နွှဲနေကြသည့် ကယော တိုင်းရင်းသားများ(KT)

၌၎င်းတို့ပါဝင်နိုင်ခြင်းမရှိဘဲ ကျန်ရစ်ခဲ့မည်ကို စိုးရိမ်ပူပန်မှုများ ကြီးထွားလာခဲ့ပြန်သည်။ "NCA ကို သဘောတူလက်မှတ်ရေးထိုးဖို့ KNPP ဖက်က ပြင်ဆင်လာခဲ့ ချိန်မှာ ကရင်နီအုပ်စုခွဲတွေအားလုံးက တိုင်းရင်းသားအခြေပြုဆွေးနွေးပွဲတွေကို NCA ထက်စောပြီး အရင်လုပ်နိုင်ဖို့ ကြိုးပမ်းလာခဲ့ကြတယ်" ဟု ငြိမ်းဖောင်ဒေးရှင်းမှ ခူးပလုရယ်က ပြန်လည်ပြောပြခဲ့သည်။ "သူတို့အားလုံးက နိုင်ငံရေးဆွေးနွေးပွဲအတွက် အဆင်သင့်ဖြစ်နေအောင် ကြိုတင်ပြင်ဆင်ထားတာပါ။ KNPP လက်မှတ်ထိုးဖြစ်တဲ့အချိန်ထိ စောင့်နေမယ်ဆိုရင် အရမ်းနောက်ကျသွားနိုင်တယ်။"[၈၂]

KNPP ကိုယ်တိုင်လည်း ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်း လွိုင်ကော်မြို့၌ ကရင်နီပြည် ငြိမ်းချမ်းရေးညီလာခံတစ်ရပ်ကို ခေါ်ယူကျင်းပခဲ့ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းပေါင်းစုံ၊ နိုင်ငံရေးပါတီများနှင့် CSO များ စုံစုံလင်လင် တက်ရောက်ပါဝင်ခဲ့သည် (အခန်း ၅ ကို ကြည့်ပါ)။ တစ်ချိန်တည်းလိုလို၌ UKSY သည်လည်း မိမိတို့၏ ဒေသအလိုက် ကြုံတွေ့နေကြရသည့် စိန်ခေါ်မှုများနှင့် လိုအပ်ချက်များကို ပို၍ထိထိရောက်ရောက် ရှာဖွေဖော်ထုတ်နိုင်စေမည့် ကိုယ်ပိုင်ညီလာခံအသီးသီးခေါ်ယူကျင်းပသွားကြရန် နယ်ခံကရင်နီမျိုးနွယ်စုခွဲများကို တိုက်တွန်းပြောဆိုခဲ့သည်။ UKSY ၏ ခွန်းဘားနက်ဘုတ်က "သူတို့အနေနဲ့ ကိုယ့်ရဲ့ပြဿနာတွေကို ဆွေးနွေးအဖြေရှာဖို့ဘယ်တုန်းကမှ အခွင့်အရေးမရခဲ့ကြဘူး။ အကယ်၍ သူတို့အနေနဲ့ကိုယ့်ရဲ့အရေးကိစ္စကို ကိုယ့်ဘာသာ ကိုင်တွယ်ဖြေရှင်းနိုင်ပြီးဘုံသဘောတူညီချက်တွေရလာခဲ့မယ်ဆိုရင် နောက်ပိုင်းအမျိုးသားအဆင့်မှာ ဒါတွေကို ဆွေးနွေးတင်ပြသွားနိုင်မယ်" ဟု သုံးသပ်ပြောဆိုခဲ့သည်။[၈၃]

သို့သော်လည်း တိုင်းရင်းသားမျိုးနွယ်စုနှင့် ဘာသာစကားတို့သည် နိုင်ငံရေးအရ အမျိုးသားရေးစရိုက်လက္ခဏာနှင့် နိုင်ငံသားဖြစ်ခြင်းတို့နှင့် အနှစ်သာရခြင်း

ထပ်တူကျမနေပေ။ ကရင်နီခေါင်းဆောင်များသည် ဆယ်စုနှစ်ပေါင်းများစွာ ဖြစ်ပွားလာခဲ့သည့် လက်နက်ကိုင်ပဋိပက္ခ၊ တပ်မတော်၏ နယ်မြေစိုးမိုးရေးနှင့် နိုင်ငံ၏အခြားရပ်ရွာဒေသများမှ ရေကြည်ရာမြက်နုရာ သွားလာသူများ ပြည်နယ်အတွင်းသို့ ရွှေ့ပြောင်းအခြေချလာကြခြင်းတို့သည် နှစ်ပေါင်းများစွာတည်ရှိလာခဲ့သည့် "ဗမာဇာတ်သွင်းရေး" မူဝါဒ၏ အစိတ်အပိုင်းများဖြစ်နေမည်ကိုများစွာ စိုးရိမ်ပူပန်နေကြသည်။ ၎င်းတို့က ဤမဟာဗျူဟာကို လွတ်လပ်ရေးရခဲ့သည့် ၁၉၄၈ ခုနှစ်မှစ၍ နိုင်ငံရေးခေတ်အဆက်ဆက်၌ တောက်လျှောက်အကောင်အထည်ဖော်လာခဲ့သည်ဟု လက်ခံယုံကြည်ထားကြသည်။ အခြား ဗမာမဟုတ်သည့် ဒေသများ၌လည်း အလားတူစိုးရိမ်ပူပန်မှုများ ရှိနေခဲ့ကြသည်။[၈၄] ၁၉၃၁ ခုနှစ်၌ ဗြိတိသျှတို့နောက်ဆုံးကောက်ယူခဲ့သည့် သန်းခေါင်စာရင်း၏အသေးစိတ်အချက်အလက်များအရ ကရင်နီပြည်အတွင်း၌ ကရင်နွယ်ဖွားများက ၇၃%၊ ရှမ်း (တိုင်း) တို့က ၁၉% နှင့် ဗမာလူဦးရေ ၃.၇% သာရှိသည်ဟု တွက်ချက်စာရင်းပြုစုထားကြောင်းသိရှိခဲ့ရသည်။[၈၅] ယနေ့အချိန်ထိ ၂၀၁၄ ခုနှစ်သန်းခေါင်စာရင်းကို အများပြည်သူသိရှိနိုင်အောင် ထုတ်ပြန်ရန် အလွန်အကဲဆတ်၍ ဝိရောဓိဆန်လွန်းသည်ဟု လက်ခံယူဆထားကြဆဲဖြစ်သည်။ သို့သော်လည်း တိုင်းရင်းသားခေါင်းဆောင် အများအပြားက အကယ်၍ရလဒ်များကို ထုတ်ပြန်ခဲ့ပါကလည်း ကိုလိုနီခေတ်လွန် ပြည်ထောင်စုနှင့် ပူးပေါင်းခဲ့ကြစဉ်က ကရင်နီပြည်၌ ရှိနေခဲ့သည့်လူဦးရေ အချိုးအစားထက် လျှော့၍ဖော်ပြလာကြမည်ကို စိုးရိမ်နေကြသည်။

မျိုးနွယ်စုခွဲခြားသတ်မှတ်ချက်များ ထပ်နေသော်လည်း ယေဘုယျအားဖြင့် ရှမ်းလူနည်းစုများနှင့်အတူ ပြည်နယ်အတွင်း သမိုင်းအစဉ်အဆက် နေထိုင်လာခဲ့ကြသူများဖြစ်သည်ဟု လက်ခံသတ်မှတ်ထားသည့် ကရင်အဆက်အနွယ် မျိုးနွယ်စု (၁၀) ခုရှိသည်ဟု ယူဆထားကြသည် ("ကရင်နီအဆက်အနွယ် တိုင်းရင်းသားမျိုးနွယ်စုများ" စာကွက်ကိုကြည့်ပါ)။ သို့သော်လည်း ဆယ်စုနှစ်ပေါင်းများစွာ လက်နက်ကိုင်ပဋိပက္ခဒဏ်ခံရင်း အကြိမ်ကြိမ်နေရပ်စွန့်ခွာစစ်ဘေးတိမ်းရှောင်ခဲ့ရသည့်အချို့သော မျိုးနွယ်စုများ၏ အခြေအနေသည် အလွန်စိုးရိမ်ဖွယ်ကောင်းလာခဲ့သည်။ ရပ်ရွာအသိုက်အဝန်းပေါင်းများစွာသည်ရစရာမရှိအောင် ဖွတ်ဖွတ်ညက်ညက် ကြေမွသွားခဲ့ပြီဖြစ်သည်။ ဥပမာအားဖြင့် ယနေ့အချိန်၌ ယင်းတလဲကျေးရွာ (၃) ခုသာ ဆက်လက်ရှင်သန်ကျန်ရစ်တော့သည်ဟုသိရှိခဲ့ရသည်။[၈၆] သို့သော်လည်း ကရင်နီတက်ကြွလှုပ်ရှားသူများ ပိုမိုရှာဖွေတွေ့ရှိလာသည်နှင့်အမျှ ဤအချက်ကစည်းလုံးညီညွတ်ရေးစိတ်ဓာတ်ကို ပြန်လည်အသက်သွင်းပေးမည့် အမျိုးသားရေးစရိုက်လက္ခဏာများကို မျှမျှတတ ဟန်ချက်ညီအောင် ကြိုးပမ်းဖော်ထုတ်နိုင်စေမည့် ဆောင်ရွက်ချက်တစ်ခုလည်း ဖြစ်လာနိုင်ပါသည်။ KNP ဥက္ကဋ္ဌခွန်းဘီထူးက "ကျနော်တို့အားလုံး တိဘက်ကနေ ဆင်းသက်လာကြတာပါ။ ဒါပေမယ့်လည်း ဒီဒေသကို ရောက်တဲ့အချိန်ကစပြီး အရင်ကလို အချင်းချင်း ညှိနှိုင်းသဘောတူတာမျိုးတွေ မရှိတော့သလို ဖြစ်သွားတယ်။ ဒါပေမယ့် ကျနော်တို့အားလုံး ဟိုးအရင်တုန်းကတော့ အမျိုးတော်ခဲ့ကြမယ်ထင်တယ်" ဟု ရှင်းပြပြောဆိုသွားခဲ့သည်။[၈၇] ထို့ကြောင့် ကရင်နီခေါင်းဆောင်များက KNPP နှင့် အခြားအမျိုးသားရေး အဖွဲ့အစည်းများအားလုံး ဆွေးနွေးညှိနှိုင်းရေး လုပ်ငန်းစဉ်တစ်ခုတည်းပေါ် အတူတကွရောက်ရှိလာစေရန် ဘုံရပ်တည်ချက်များ အရေးတကြီး ဆွေးနွေးဖော်ထုတ်ရန် ပို၍လိုအပ်လာပြီဟု လက်ခံယုံကြည်ထားကြသည်။ ငြိမ်းဖောင်ဒေးရှင်းမှ ခူးပလုရယ်က အောက်ပါအတိုင်း ပြောဆိုဆွေးနွေးသွားခဲ့သည်။

> "မျိုးနွယ်စုအကြီးအသေးအားလုံး ဖက်ဒရယ်ဆီကိုဦးတည်လျှောက်လှမ်းမယ့် ရည်မှန်းချက်ပန်းတိုင်မျိုးထားပြီး အတူရှေ့ဆက်သွားကြဖို့ အရမ်းအရေးကြီးတယ်။ ကိုယ့်ကိုကိုယ် ဘယ်လိုခေါ်ရမလဲဆိုတာ ကိုယ့်ဘာသာကိုယ် ဆုံးဖြတ်နိုင်ပါတယ်။ ဒါပေမယ့် KNPP နဲ့အတူ ဖက်ဒရယ်စနစ်ဆီကို အတူလျှောက်လှမ်းသွားကြဖို့ ဘုံရည်မှန်းချက်ပန်းတိုင်ချင်းတူဖို့ လိုအပ်နေပြီ။ ကယောပဲပြောပြော ကယားပဲပြောပြော ကယန်းပဲပြောပြော အားလုံးက လူသားတွေချည်းပါပဲ။ ဘယ်စကားလုံးပဲသုံးသုံး အတူတူပါပဲ။"[၈၈]

ဤကဲ့သို့သော အမျိုးသားရေးစရိုက်လက္ခဏာနှင့် ကိုယ်စားပြုမှုအပေါ် ဆွေးနွေးပြောဆိုမှုများသည် ၂၀၁၇ ခုနှစ် ၌ ကယန်း၊ ကယား၊ ပရဲ/ကယောနှင့် ကော်ယော်တို့အကြား ခေါ်ယူကျင်းပခဲ့သည့် ညီလာခံများအတွင်း ပို၍ ကျယ်လောင်လာခဲ့သည်။ ဖေဖော်ဝါရီလ၌ ဒုတိယ

အကြိမ်မြောက် “ကယန်းအမျိုးသားညီလာခံ”ကို KNLP၊ KNGY နှင့် ကယန်းစာပေနှင့် ယဉ်ကျေးမှုကော်မတီတို့ ဦးဆောင်၍ ဒီမော့ဆိုမြို့တွင် စီစဉ်ကျင်းပခဲ့ကြသည်။[၈၉] ညီလာခံ၌ “ကယန်းလူထုအကြား ပြဿနာများကို တာဝန်ယူဖြေရှင်းပေးမည့်” ကယန်းအမျိုးသား ညီညွတ်ရေး ဦးဆောင်ကော်မတီ (HCKNU) ကို ဖွဲ့စည်းတည်ထောင်သွားရန် ဆုံးဖြတ်ခဲ့ကြသည်။[၉၀] HCKNU ၌ KNP၊ KNLP၊ KNG၊ KNGY နှင့် ကယန်းအမျိုးသမီးအစည်းအရုံး (KWO) တို့ အပြင် မျိုးနွယ်စုခွဲများနှင့် ရပ်ရွာအသီးသီးမှ ကိုယ်စားလှယ်များအပါအဝင် အရောင်အသွေးစုံလင်သည့် ကရင်အဆက်အနွယ် မျိုးနွယ်စုများအားလုံးနီးပါး ပါဝင်ခဲ့ကြသည် (“ကယန်းနယ်မြေဒေသနှင့် အမျိုးသားရေးစရိုက်လက္ခဏာ” စာကွက်ကိုကြည့်ပါ)။ HCKNU ဥက္ကဋ္ဌဖြစ်သူ ဆမ်မြူရယ်ခွန်းဆာမူအေးလုက “ကျနော်တို့ရဲ့ အဓိကရည်ရွယ်ချက်က ကယန်းလူထုတွေအကြား ပြန်ပြီးစည်းလုံးညီညွတ်လာအောင် ဆောင်ရွက်ဖို့ဖြစ်ပါတယ်” ဟု ပြောပြခဲ့သည်။[၉၁]

ဆွေးနွေးကြရာ၌ တက်ရောက်လာကြသူများက ကယန်းဘာသာစကားဖြင့် မှည့်ခေါ်ထားသည့် ကျေးရွာမည်မျှ မိမိတို့၏ နဂိုအမည်ကို ဆုံးရှုံးခဲ့ရပြီးဖြစ်သနည်း သို့မဟုတ် မိမိတို့၏ နိုင်ငံသားစိစစ်ရေးကတ်ပြားပေါ်၌ ကရင်နွယ်ဖွားတို့ကိုကရင်များသို့မဟုတ်အခြားလူမျိုးများအဖြစ် မှတ်ပုံတင်လာမည့် ကိစ္စရပ်များကို အဓိကအလေးပေး၍ ဆွေးနွေးသွားခဲ့ကြသည်။ “တစ်ချို့ဆိုရင် သူတို့ကို သူတို့ ကယန်းမှန်းတောင် မသိကြတော့ဘူး” ဟု ကယန်းစာပေနှင့် ယဉ်ကျေးမှုကော်မတီမှ စအယ်ဝါးက ပြောပြခဲ့သည်။[၉၂] “ကျနော်တို့ ကယန်းတွေက ဒီနယ်မြေမှာ မူလတိုင်းရင်းသားတွေအဖြစ် နေထိုင်လာခဲ့တာ အတော်ကြာနေပါပြီ” ဟု ဆမ်မြူရယ်ခွန်းဆာမူအေးလုက ဖြည့်စွက်ပြောဆိုသွားခဲ့သည်။ “ဒါပေမယ့် လောလောဆယ်တော့ ကျနော်တို့ရဲ့ မူလအခြေခံရပိုင်ခွင့် အခွင့်အရေးအတွက် တိုက်ပွဲဝင်နေရတုန်းပဲ။ ကျနော်တို့ရဲ့ စာပေနဲ့ ယဉ်ကျေးမှုတွေကို လွတ်လွတ်လပ်လပ် အားပေးမြှင့်တင်လို့မရသေးဘူး။ သူတို့ဆီက ခွင့်ပြုချက်တောင်းဖို့ လိုနေတုန်းပဲ။”[၉၃] ဤကိစ္စရပ်နှင့်စပ်လျဉ်း၍ ညီလာခံအတွင်း အရေးပါသည့် ရှင်းလင်းချက်အချို့ကို ထုတ်ပြန်ခဲ့သည်။ “ကရင်နီဆိုတာ တိုင်းရင်းသားလူမျိုးနာမည် မဟုတ်တဲ့ ပိုင်နက်နယ်မြေတစ်ခုပါ” ဟု ငြိမ်းဖောင်ဒေးရှင်းမှ ခူးပလုရယ်ပြောဆိုခဲ့သည်။ “ဆိုတော့ လူတစ်ယောက်အနေနဲ့ ကရင်နီပြည်သား သို့မဟုတ် ကရင်နီအမျိုးသားဆိုပြီး ဖြစ်နေနိုင်ပါတယ်။ ဒါပေမယ့် လူတွေက ကယန်းတိုင်းရင်းသားတွေဖြစ်နေပြီး သူတို့ရဲ့နယ်မြေကို ကရင်နီပြည်ရဲ့ အစိတ်အပိုင်းတစ်ခု အဖြစ်ပေါင်းစပ်သွားဖို့ ဆန္ဒရှိနေကြတယ်။ ဒါက အရမ်းအရေးပါတဲ့ ဆုံးဖြတ်ချက်တစ်ခုပါပဲ။”[၉၄]

ဒီမော့ဆိုမြို့နယ်အတွင်း မတ်လအစောပိုင်း၌ “ကယားတိုင်းရင်းသားလူငယ်ညီလာခံ” တစ်ခုကို စီစဉ်ကျင်းပခဲ့ကြသည်။[၉၅] ကယားအုပ်စုဝင် မျိုးနွယ်စုများသည် ကယန်း သို့မဟုတ် ကယောတို့ထက်စာလျှင် အမျိုးသားရေး စရိုက်လက္ခဏာဆိုင်ရာ အရေးကိစ္စများပေါ်တက်ကြွလှုပ်ရှားမှု ပို၍နည်းပါးသည်။ ဤသို့ဖြစ်ရခြင်းမှာ ကယားမျိုးနွယ်စုများသည် ပြည်နယ်အတွင်း လူဦးရေအများဆုံးဖြစ်သည့် လူများစုများဖြစ်နေသောကြောင့်ဟု ယူဆရသည်။ ထို့အပြင် ကရင်နီအမျိုးသားရေးအတွက် နှစ်ပေါင်းများစွာ အခိုင်အမာစည်းရုံးအရေးဆိုလာခဲ့သည့် KNPP နှင့် ပို၍နီးစပ်သည့်ဆက်ဆံရေးရှိသည်ဟုယူဆရသောကြောင့်လည်းဖြစ်နိုင်ပါသည်။ ကယားတိုင်းရင်းသားလူငယ်ညီလာခံ၌ ဤပြဿနာကို ဆွေးနွေးအဖြေရှာ၍ စည်းလုံးညီညွတ်မှု အထူးသဖြင့် လူငယ်များအကြား ပို၍အားကောင်းလာအောင် တည်ဆောက်သွားရန် ကြိုးပမ်းခဲ့သည်။ “ကျနော်တို့အနေနဲ့ လူငယ်တွေကို အဓိကဦးတည်ပြီး ကယားလီဖူးယဉ်ကျေးမှုကို မြှင့်တင်နိုင်ဖို့ ကြိုးစားကြတာပါ” ဟု ကယားလီဖူးလူငယ်ကော်မတီ၏ ပိုးရယ်ရှင်းပြသွားခဲ့သည်။ “လီဖူးဆိုတာက ကယားလူမျိုးလို့ အဓိပ္ပာယ်ရတဲ့အတွက် လီဖူးနဲ့ ကယားကို သပ်သပ်စီခွဲထားလို့မရပါဘူး။ စစ်အုပ်ချုပ်ရေးကာလတုန်းက ဒီအသုံးအနှုန်းတွေကို ပြောဆိုသုံးနှုန်းရတာ အရမ်းအန္တရာယ်ကြီးတယ်။ အခုတော့ကျနော်တို့ရဲ့ သမိုင်းနဲ့ ဘယ်သူဘယ်ဝါပါဆိုတာကို ဖော်ပြတဲ့ အမျိုးသားရေးစရိုက်လက္ခဏာတွေကို ပြန်ပြီးအသက်သွင်းနေကြတာပါ။”[၉၆]

ဘာသာစကားကိစ္စရပ်သည် အလွန်သိမ်မွေ့နက်နဲသည်မှန်သော်လည်း “ကယားလီဖူး” ဟူသည့် အမည်သည် ကရင်နီပြည်သူများအားလုံးကို “ကယား” တိုင်းရင်းသားများအဖြစ် သတ်မှတ်ပြဋ္ဌာန်းခဲ့ခြင်းမရှိမီ အစောပိုင်းက မူလအမည်နာမကို ပြန်လည်အသက်သွင်းခြင်းဖြစ်သည်။ “အရင်တုန်းက ကျနော်တို့ကိုယ်ကို ကျနော်တို့

"ကယားလီဖူး" လို့ ခေါ်ခဲ့ကြပေမယ့် နိုင်ငံစတင်တည် ထောင်ချိန် ပြည်ထောင်စုနဲ့ ကရင်နီ ပူးပေါင်းလိုက်တဲ့ နောက်ပိုင်းမှ ကရင်နီကို 'လူမျိုး' အဖြစ် စပြီးခေါ်ဝေါ်သတ် မှတ်လာကြတာပါ" ဟုပိုးရယ်မှ ပြန်ပြောင်းပြောပြခဲ့သည်။ "အခုချိန်မှာ ကျနော်တို့ရဲ့ မူလအမည်ကိုပဲ ပြန်သုံးသွားဖို့ ဆန္ဒရှိနေကြပြီ။"[၉၇] ယဉ်ကျေးမှု ပြန်လည်အားသစ်လောင်း မှုကို အထောက်အကူပြုရန် "ကယားလီဖူး" တို့အကြား စည်းလုံးညီညွတ်ရေးနှင့် ချိတ်ဆက်ဆောင်ရွက်မှု ပိုမို အား ကောင်းလာသည်အထိ ကြိုးပမ်းတည်ဆောက်သွားရန်နှင့် အခြားတိုင်းရင်းသား လူငယ်အစုအဖွဲ့များနှင့် လက်တွဲ၍ ပြည်တွင်းငြိမ်းချမ်းရေးကို အားပေးမြှင့်တင်သွားကြမည် ဟူသည့် သဘောတူညီချက်များဖြင့် ညီလာခံကို နိဂုံးချုပ် အဆုံးသတ်ခဲ့ကြသည်။[၉၈]

ယင်းလအတွင်းမှာပင် "ပရဲကယော ပူးတွဲအမျိုး သားညီလာခံ" ကို စီစဉ်ကျင်းပခဲ့ကြသည်။[၉၉] ဤညီလာခံ ကိုကယောအများစု အဖွဲ့ဝင်ဖြစ်သည့် KNPDP မှ ထောက်ပံ့ ကူညီခဲ့ခြင်းဖြစ်သည်။ အခြားကရင်နီမျိုးနွယ်စုများနည်း တူပင် နက်နက်ရှိုင်းရှိုင်း လေ့လာသုတသနပြု၍ ဆွေးနွေး အဖြေရှာထားခြင်းမရှိသည့် ဒေသခံတိုင်းရင်းသားရေးရာ ကိစ္စရပ်များရှိနေခဲ့ကြသည်။ အထူးသဖြင့် ၎င်းတို့ကို "ပရဲ ကယော" များအဖြစ် ပူးတွဲခေါ်ဝေါ်သင့်သည် သို့မဟုတ် သီးခြားစီရည်ညွှန်းပြောဆိုသင့်သည် ဟူသည့်မေးခွန်းနှင့် များစွာဆက်စပ်လျက်ရှိသည် ("ကရင်နီအဆက်အနွယ် တိုင်းရင်းသားမျိုးနွယ်စုများ" စာကွက်ကိုကြည့်ပါ)။

ယခုတစ်ကြိမ်တွင်လည်း ဤကွာခြားချက်များ၏ နောက်ခံသမိုင်းကြောင်းက ဒေသတွင်းယဉ်ကျေးမှုများနှင့် ဒေသိယဘာသာစကားများ ဆင့်ကဲတိုးတက်ပြောင်းလဲ လာပုံကို ပို၍ထဲထဲဝင်ဝင် ထင်ဟပ်ပြခဲ့ပြန်သည်။ ကရင်နီ ဒေသကို ဖြတ်၍စီးဆင်းသွားသည့် ထူးမြစ်အနောက်ခြမ်း နေ ရပ်ရွာအသိုက်အဝန်းများသည် အစဉ်အလာအားဖြင့် "ပရဲ" ဟု ပို၍သိထားကြသည့် အနောက်ဖက်ခြမ်းမှ ကရင် တိုင်းရင်းသားတို့နှင့် လူမှုစီးပွားရေးအရ ပို၍နီးစပ်သည့် ဆက်ဆံရေးမျိုးရှိခဲ့ကြသည်။ အခြားတစ်ဖက်၌ ဖရူဆိုမြို့ နယ်၏ အရှေ့ဖက်ခြမ်းဒေသနေလူထုများကို "ကယော"



သစ်တောအတွင်း အဖွဲ့လိုက်အမဲလိုက်ထွက်နေကြသည့် ယင်းတလဲအမျိုးသားများ(KT)

တိုင်းရင်းသားများအဖြစ် ပို၍သိထားကြသည်။[၁၀၀] ဤကဲ့သို့ သောကွာခြားချက်များ ရှိနေရသည့်အထဲ ကယောအများစုသည် နှစ်ခြင်းခရစ်ယာန်နှင့် ကက်သလစ်ဘာသာဝင် နှစ်မျိုးစလုံးရှိနေသည့် ပရဲတို့နှင့်မတူဘဲ ကက်သလစ်ဘာသာဝင်များ ဖြစ်နေကြပြန်သည်။ ပရဲကယောကော်မတီဝင် ဒီးဒီ၏ ပြောဆိုချက်အရ ဤကွာခြားချက်များသည် "မြန်မာ့နည်းမြန်မာ့ဟန် ဆိုရှစ်လစ်လမ်းစဉ်"ခေတ်အတွင်း ပို၍ သိသိသာသာ ကြီးမားလာခဲ့သည်ဟု သိရှိရသည်။

> "၁၉၆၀ ခုနှစ်နှောင်းပိုင်းအထိ ကျနော်တို့ကို 'ပရဲ' တွေလို့ပဲ ခေါ်ခဲ့ကြတယ်။ ဒါပေမယ့် ဦးနေဝင်းအာဏာသိမ်းပြီးနောက်ပိုင်း နိုင်ငံရေးအခြေအနေကြောင့် ဒီထဲကတစ်ချို့အုပ်စုတွေကို 'ကယော' လို့ပြောင်းခေါ်ခဲ့ကြတယ်။ ဘယ်လိုပြောပြောတစ်ချို့ အထူးသဖြင့် ဝေးလံခေါင်ဖျားတဲ့ အရပ်ဒေသကလူတွေက နောက်ကျကျန်ရစ်ခဲ့ပြီး ပစ်ပယ်ခံလိုက်ရပြီလို့တွေးထင်သွားခဲ့ကြတယ်။ ကရင်တွေက ကျနော်တို့ကို 'ဘွေး' လို့ ခေါ်ကြတယ်။ မျိုးနွယ်စုတစ်ခုထဲဆိုပေမယ့် အခေါ်အဝေါ်ကွာခြားမှုကြောင့် ဒီမှာကျတော့ 'ပရဲ' တွေဖြစ်သွားခဲ့တယ်။"[၁၀၁]

ဤသို့ကွာခြားမှုများ ရှိနေခဲ့သော်လည်း တိုင်းရင်းသားအခွင့်အရေးနှင့် အမျိုးသားရေးစရိုက်လက္ခဏာများနှင့် ပတ်သက်သည့် လတ်တလောဆွေးနွေးပြောဆိုချက်များသည် နယ်ခံလူထုလူတန်းစားများအတွက် သိသာထင်ရှားသည့် အပြောင်းအလဲများကို ဆောင်ကျဉ်းလာခဲ့သည်။ ယမန်နှစ်က ပြုလုပ်ခဲ့သည့် ညီလာခံအတွင်း မျိုးနွယ်အမည်များကို သီးခြားစီခွဲ၍ အသုံးပြုမှုကို အဆုံးသတ်ကာစည်းလုံးညီညွတ်မှု ခိုင်မာအားကောင်းလာစေရန် မြှင့်တင်ပေးမည့် တိုင်းရင်းသားမျိုးနွယ်စု၏ တရားဝင်အမည်တစ်ခုအဖြစ် "ပရဲကယော" ကိုသာ အနာဂတ်၌ အသုံးပြုသွားကြမည်ဟုသဘောတူခဲ့ကြသည်။ပရဲကယောကော်မတီအဖွဲ့ဝင် ဒီးဒီက "အရင်တုန်းက အစည်းအဝေးတွေက ရိုးရာယဉ်ကျေးမှုအပေါ်မှာပဲ အခြေခံပြီးတော့ အသင်းတော်ခေါင်းဆောင်တွေကပဲ လွှမ်းမိုးနေရာယူခဲ့တယ်။ လွန်ခဲ့တဲ့ ၂-၃ နှစ်ဝန်းကျင်မှာ ဒီလိုစိတ်ကူးမျိုးတွေကို ကျနော်တို့အကြားဆွေးနွေးပြောဆိုတာ မျိုးမရှိခဲ့ဖူးဘူး။ အခုတော့ 'ပရဲကယော' ဆိုတဲ့နာမည်ကို ဂုဏ်ယူစွာနဲ့ လူတွေစပြီး အသုံးပြုလာကြပြီ" ဟု ပြောဆိုသွားခဲ့သည်။[၁၀၂] သို့သော်လည်းနယ်ခံ စောင့်ကြည့်လေ့လာရေးသမားများအားလုံးသေချာပေါက်ကျိန်းသေခဲ့ကြသည်တော့မဟုတ်ပေ။ CSO ကိုယ်စားလှယ်တစ်ဦးက နောက်ကွယ်၌ "ကယောမျိုးနွယ်စုဖက်က ပရဲတွေကို စည်းရုံးပြင်ဆင်ပြီး 'ပရဲကယော' ဆိုတဲ့ နာမည်သစ်ကို ဖန်တီးခဲ့ပေမယ့် ပရဲတိုင်း သဘောတူခဲ့ကြတာမဟုတ်ပါဘူး" ဟု မှတ်ချက်ပေးသွားခဲ့သည်။[၁၀၃] ဤအချက်က ကယားပြည်နယ်နှင့် အိမ်နီးချင်းဒေသများ၌မှီတင်းနေ ထိုင်လျက်ရှိသည့် မတူကွဲပြားသည့် မျိုးနွယ်စုများအကြား တိုင်းရင်းသားဖြစ်ခြင်းနှင့် အမျိုးသားရေးစရိုက်လက္ခဏာအပေါ် ခံယူမှုပုံစံ အမျိုးမျိုးကွဲလွဲလျက်ရှိသည်ဟူသည့် ကျယ်ပြန့်သည့်အမြင်ကို ထင်ဟပ်လျက်ရှိသည်။

နောက်ဆုံးအဖြစ် ဖရူဆိုမြို့နယ်အတွင်း ကယားပြည်နယ်ရှိ ကရင်နီမျိုးနွယ်စုခွဲတစ်ခုဖြစ်သည့် ကော်ယော်တို့၏ "မနူမနော (ကော်ယော်) အမျိုးသားညီလာခံ" ကို ၂၀၁၇ ခုနှစ် မေလ၌ ခေါ်ယူကျင်းပခဲ့ကြသည်။ အလားတူပင်ယခုတစ်ကြိမ်တွင်လည်း သပွတ်အူကဲ့သို့ ရှုပ်ထွေးပွေလီလှသည့် သမိုင်းစဉ်လာ အမည်မှည့်ခေါ်မှုနှင့် အမြင်သဘောထားအမျိုးမျိုးက တိုင်းရင်းသားဖြစ်ခြင်းနှင့် အမျိုးသားရေးစရိုက်လက္ခဏာဆိုင်ရာ စိန်ခေါ်မှုပေါင်းစုံကိုပေါ်ပေါက်လာစေခဲ့ပြန်သည်။ ကော်ယော်တို့အနေဖြင့် ဤပြဿနာကြီးကို လက်ငင်းဖြေရှင်းနိုင်စေရန် ကြိုးပမ်းလာရာဝယ် ၎င်းတို့၏ ကိုယ်စားပြုမှုသည် မည်သည့်နေရာမှ စ၍မှားယွင်းလွဲချော်သွားခဲ့သနည်း ဟူသည့် အချက်အပေါ် ရှင်းလင်းအကြောင်းပြသည့် အမြင်သဘောထားအမျိုးမျိုး ကွဲလွဲလျက်ရှိသည်။

နယ်ခံများ၏ သုံးသပ်ယူဆချက်အရ အခြေအနေသည် ဦးနေဝင်း၏ "မြန်မာ့နည်းမြန်မာ့ဟန် ဆိုရှယ်လစ်လမ်းစဉ်" ခေတ်၌ ကောက်ယူခဲ့သည့် သန်းခေါင်စာရင်းအတွင်း ဗမာစကားပြောသည့် စစ်တမ်းကောက်ယူသူများက ကော်ယော်တို့ကို "မနူမနော" တိုင်းရင်းသားများဖြစ်သည်ဟု မှားယွင်းစာရင်းသွင်းခဲ့ရာမှ နောက်ပိုင်းတရားဝင်ဖြစ်သွားခဲ့သည်ဟု သိရှိရသည်။ ဒေသတွင်း ဘာသာစကားများနှင့် ရင်းနှီးကျွမ်းဝင်မှုမရှိဘဲ ဒေသိယဘာသာစကားများနှင့် အသံထွက်ကို ဗမာစာဖြင့် ရေးသွင်းမှတ်တမ်းတင်ရာ၌ အမှားအယွင်းဖြစ်သွားခဲ့သည်ဟူသည့် အယူအဆ

တစ်ခုလည်းရှိနေခဲ့သည်။ ရလဒ်အနေဖြင့် ကော်ယော်တိုင်းရင်းသားများ နာမည်အလွဲမှည့်ခေါ်ခံခဲ့ရပြီး ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်ဆိုင်ရာသန်းခေါင်စာရင်း၌လည်း ထပ်မံလွဲမှားဖော်ပြထားခဲ့သည်။[၁၀၄] ထို့ကြောင့် ကော်ယောအမျိုးသားညီလာခံ၏ အဓိကရည်ရွယ်ချက်သည် ၎င်းတို့၏ တိုင်းရင်းသားအမည်ကို လျော်ကန်သင့်မြတ်စွာ မှန်မှန်ကန်ကန် အသိအမှတ်ပြုမှုရရှိစေမည့် ဘုံသဘောတူညီချက်ရရှိအောင် ဆွေးနွေးအဖြေရှာသွားရန် ဦးတည်ခဲ့ခြင်းဖြစ်သည်။ ငြိမ်းဖောင်ဒေးရှင်းမှ ခူးပလုရယ်၏ ပြောဆိုချက်အရ "အစိုးရဖက်က သူတို့ကို မနုမနောလို့ ခေါ်နေကြတယ်။ ဒါက မြန်မာနိုင်ငံမှာ အစိုးရဖက်က တရားဝင်အသိအမှတ်ပြုထားတဲ့ တိုင်းရင်းသားမျိုးနွယ်စု ၁၃၅ ထဲမှာ တစ်ခုအပါအဝင်ဖြစ်နေတယ်။ သူတို့လူမျိုးနာမည်ကို သူတို့ဘာသာဆုံးဖြတ်ပြီးတော့ ကော်ယော်လို့ ပြောင်းခဲ့ကြတယ်" ဟု သိရှိခဲ့ရသည်။[၁၀၅]

ဤအရွေ့ကို ဆက်လက်ဖော်ဆောင်လာသည်နှင့် အမျှ လာမည့်နှစ်များအတွင်း ကရင်နီယဉ်ကျေးမှုနှင့် အမျိုးသားရေး စရိုက်လက္ခဏာအပေါ် ဆွေးနွေးပြောဆိုမှုများနှင့် အားပေးမြှင့်တင်မှုများ မြင့်တက်လာတော့မည့်ပုံပေါ်လာသည်။ ဆယ်စုနှစ်ပေါင်းများစွာ ဥပေက္ခာပြု ဖယ်ကြဉ်ခံခဲ့ရပြီးနောက် အမှီလိုက်နိုင်ရန် များစွာရှန်းကန်ရဦးမည်ဟူသည့် အမြင်သဘောထားများ တွင်ကျယ်ပျံ့နှံ့လျက်ရှိသည်။ ရပ်ရွာနှင့် နိုင်ငံရေးခေါင်းဆောင်များက ဤအချက်ကိုအသုံးပြု၍ ကရင်နီလူထုများအကြား စိတ်ဝမ်းကွဲလာစေရန် လှုံ့ဆော်ခြင်းနှင့် ကရင်နီလူထု၏ ကိုယ်စားပြုမှုကို ချိုးနှိမ်အားနည်းသွားစေရန် အထူးသဖြင့် ပြင်ပအကျိုးစီးပွားနှင့် အပြင်လူများ၏ အသုံးချခံအကြောင်းပြချက်တစ်ရပ် ဖြစ်မသွားရန်လိုအပ်သည်ဟု ရှုမြင်ကြသည်။ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်ဆိုင်ရာသန်းခေါင်စာရင်းကြောင့် မလိုအပ်ဘဲဖြစ်ပေါ်လာခဲ့သည့် အကွဲအပြဲများကြောင့် အနာဂတ်၌ ဖော်ဆောင်လာမည့် တိုင်းရင်းသားဖြစ်ခြင်းနှင့် အမျိုးသားရေးစရိုက်လက္ခဏာဆိုင်ရာ စီမံကိန်းများ၌ ဖြောင့်မတ်မှန်ကန်မှုနှင့် အပြန်အလှန်နားလည်မှု ယခုထက်ပို၍ များစွာမြင့်မားနေရန် လိုအပ်ပါလိမ့်မည်။ ကရင်နီပြည်နယ်ဆိုင်ရာကိစ္စရပ်နှင့်ပတ်သက်သည့် မေးခွန်းအပေါ် ပညာရှင်တစ်ဦးဖြစ်သူတက်ဒါယူကီကူဘိုက "လူထုတွေရဲ့ တစ်စိတ်တစ်ဝမ်းတည်း အပါအဝင်ဖြစ်တယ် ဆိုတဲ့ခံစားချက်နဲ့ အမျိုးသားရေးစရိုက်လက္ခဏာတွေဟာ "တိုင်းရင်းသားမျိုးနွယ်စုများ" ဆိုတဲ့ အစိုးရရဲ့ တရားသေသတ်မှတ်ချက်ထက်စာလျှင် စရိုက်လက္ခဏာအမျိုးမျိုးနဲ့ အလွယ်တကူပုံသွင်းလို့ရတဲ့ အနေအထားဆီကို ပြန်သွားဖို့လိုအပ်တယ်" ဟု ပြောဆိုသွားခဲ့သည်။[၁၀၆]



ကယားအမျိုးသမီးများ(MS)

## ကယန်းဒေသနှင့် အမျိုးသားရေးစရိုက်လက္ခဏာ

မျိုးနွယ်စုခွဲ အများအပြားပါဝင်သည့် ကယန်းတိုင်းရင်းသားများသည် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည့် ရှမ်း၊ ကယားနှင့် ကရင်ပြည်နယ် နယ်နိမိတ်စည်းများတစ်လျှောက်နှင့် နေပြည်တော်ပြည်ထောင်စုနယ်မြေ (ယခင်က မန္တလေးတိုင်းဒေသကြီးရှိ) တို့၌ ပြန့်ကျဲနေထိုင်ကြသည်။ ဤကဲ့သို့ ရေမြေအနေအထားက အမျိုးသားရေးစရိုက်လက္ခဏာနှင့် အခွင့်အရေးများကို သတ်မှတ်ဆုံးဖြတ်ရာ၌ သမိုင်းနောက်ခံနှင့် နိုင်ငံရေးအရ ကွဲပြားနေပြီးဖြစ်သည့် ကွာဟမှုအပေါ် နောက်ထပ်ခြားနားမှုတစ်ခု ထပ်ပိုးပေးလိုက်သလိုဖြစ်နေသည်။ ကယန်းအမျိုးသားရေးဝါဒသည် ကယားပြည်နယ်မြို့တော်လွိုင်ကော်၏ မြောက်ဖက်အရပ်၌ရှိနေသည့် ရှမ်းပြည်နယ်ခွဲ မုန်းပိုင် (မိုးဗြဲ )ဒေသကို ဗဟိုပြု၍ အားကောင်းလာခဲ့ခြင်းဖြစ်သည်။[၁၀၇] မုန်းပိုင်ဒေသကို သမိုင်းအစဉ်အဆက် ရှမ်းပြည်နယ်များ၌ ထည့်သွင်းခဲ့ခြင်းသည် အုပ်ချုပ်သူစော်ဘွားများက ရှမ်းတိုင်းရင်းသားများဖြစ်နေသောကြောင့်ဖြစ်သည်။ သို့ရာတွင် တိုင်းရင်းသားမျိုးနွယ်စုအရကြည့်ပါက မုန်းပိုင်ပြည်နယ်ခွဲသည် ကရင်နီပြည်နယ်များနှင့် ပို၍ထဲထဲဝင်ဝင် ဆက်နွယ်လျက်ရှိသည်။ ကရင်နီပြည်နှင့် ပေါင်းစည်းပိုင်ခွင့် အခွင့်အရေးကို ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအတွင်း အပ်နှင်းပေးထားသည်။ ထို့အပြင် ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအတွင်း "ကရင်နီ" နှင့် "ရှမ်း" ပြည်နယ်တို့ကို ၁၀ နှစ်အကြာ၌ ပြည်ထောင်စုမှ ခွဲထွက်လိုက ခွဲထွက်နိုင်သည့်အခွင့်အရေးရှိသည်ဟုလည်း ပြဋ္ဌာန်းပေးထားသည် (အခန်း ၂ ကိုကြည့်ပါ)။

၁၉၄၈ ခုနှစ်၌ လွတ်လပ်ရေးရခဲ့ပြီးနောက်ပိုင်း ကယန်းတိုင်းရင်းသားများသည် ကရင်အဆက်အနွယ်မျိုးနွယ်စုများဖြစ်ကြသည့် ကရင်နီ၊ ပအိုဝ်းနှင့် ပင်မကရင် (ပိုးနှင့် စကောအများစု) တို့နှင့်အတူ ထွန်းကားလာခဲ့သည့် တိုင်းရင်းသားအခြေပြု အမျိုးသားရေးလှုပ်ရှားမှု (၄) ခု၌ တစ်ခုအပါအဝင်ဖြစ်လာခဲ့သည်။ ၁၉၅၂–၅၄ ခုနှစ်အတွင်း ရှမ်းပြည်နယ်ကို စစ်အုပ်ချုပ်ရေးကြေညာခဲ့ပြီးနောက်ပိုင်း တပ်မတော်၏ ကွပ်ကဲရေးဖွဲ့စည်းတည်ဆောက်ပုံအရ မုန်းပိုင်ဒေသကို "ကယားပြည်နယ်" ၏ အစိတ်အပိုင်းတစ်ခုအဖြစ် စတင်သတ်မှတ်သဘောထားလာခဲ့ခြင်းဖြစ်သည်။ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ကယားပြည်နယ်နှစ်ခုစလုံးသည် တပ်မတော်၏ တောင်ကြီးမြို့၌ ဌာနချုပ်ထားရှိသည့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ကွပ်ကဲမှုအောက် ရောက်ရှိသွားခဲ့သည်။

လွတ်လပ်ရေးမရမီ အစောပိုင်းကာလများ၌ နယ်ခံကယန်းတိုင်းရင်းသားများ၏ တော်လှန်ပုန်ကန်မှုနှင့်ပတ်သက်သည့် အစီရင်ခံစာများစွာရှိခဲ့သည်။ ၁၆၉၂ ခုနှစ်တွင် ရှမ်းပြည်နယ်မုန်းပိုင်ဒေသ၏ သမိုင်းမှတ်တမ်း၌ ရှမ်းစော်ဘွားအသတ်ခံခဲ့ရသည့် နယ်ခံများ၏ ထကြွပုန်ကန်မှုကို မှတ်တမ်းတင်ထားပြီး နောက်ပိုင်းဆယ်စုနှစ်အနည်းငယ်ခန့်အထိ လွတ်လပ်သည့်ဒေသတစ်ခုအဖြစ် ဆက်လက်ရပ်တည်ခဲ့ကြောင်း ဖော်ပြထားသည်။ ၁၉၃၆–၃၈ ခုနှစ်များ၌ ကယန်းလူထုသည် မုန်းပိုင်ကိုအုပ်ချုပ်မင်းလုပ်လျက်ရှိသည့် ရှမ်းအာဏာပိုင်ကိုဖြုတ်ချခဲ့သော်လည်း ဗြိတိသျှတို့၏ အကူအညီမဆိုစလောက်သာ ရရှိခဲ့သည်။[၁၀၈]

ကိုလိုနီခေတ်လွန်ကာလ ၁၉၆၄ ခုနှစ်တွင် ကယန်းအမျိုးသားရေးလှုပ်ရှားမှု၏ ပထမဦးဆုံးအကြိမ်လက်နက်ကိုင်တော်လှန်မှု ပေါ်ပေါက်လာခဲ့သည်။ ယင်းနှစ်မှာပင် ဖယ်ခုံဒေသ တောင်သူအရေးအခင်းအပြီး၌ ကယန်းပြည်သစ်ပါတီကို ဖွဲ့စည်းတည်ထောင်ခဲ့သည် ("ကရင်နီလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ" စာကွက်ကို ကြည့်ရှုပါ)။ ထိုအချိန်မှစ၍ KNLP သည် ကယန်းအမျိုးသားရေးလှုပ်ရှားမှုများကို ထဲထဲဝင်ဝင်ပါဝင်ဆောင်ရွက်လာခဲ့သည်။ ကယား–ကယန်း ထုံးဖွဲ့ဆက်စပ်မှုကို အသိအမှတ်ပြုသည့်အနေဖြင့် တပ်မတော်ဖက်မှ KNLP နှင့် ၁၉၉၀ ခုနှစ်အစောပိုင်း အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အရ ခွဲထွက်သွားခဲ့သည့်

ကယန်းအမျိုးသား ကာကွယ်ရေးတပ်တို့အတွက် “ကယားပြည်နယ်အထူးဒေသများ” ချီးမြှင့်သတ်မှတ်ပေးခဲ့သည် (“ကရင်နီပဋိပက္ခပြလမ်းပြမြေပုံ” ကိုကြည့်ပါ)။ ဤသတ်မှတ်ချက်များသည် ကယားပြည်နယ်ဖက်ခြမ်း နယ်နိမိတ်အတွင်း အမည်ခံမျှသာဖြစ်ခဲ့သည်။ သို့သော်လည်း တပ်မတော်သည် KNLP နှင့် KNG တို့ကို လွိုင်ကော်မြို့၌ ရုံးခန်းများဖွင့်လှစ်၍ ကယားပြည်နယ်အတွင်း လှုပ်ရှားခွင့်ပြုထားခဲ့သည်။ ဖယ်ခုံနှင့် မိုးဗြဲဒေသတို့သည် နိုင်ငံရေးနှင့် စီးပွားရေးအရ ရေမြေချင်းနီးစပ်လျက်ရှိသည့် လွိုင်ကော်မြို့နှင့် အမြဲတမ်းလိုလို ပို၍ထဲထဲဝင်ဝင်ဆက်စပ်နေခဲ့သည်။

လွန်ခဲ့သည့် ဆယ်စုနှစ်သုံးခုအတွင်း ကယန်းလူထု၏ နိုင်ငံရေးရပိုင်ခွင့်ကို အားပေးမြှင့်တင်မည့် အခြားကယန်း အခြေပြုပါတီများလည်း အလျှိုလျှိုပေါ်ထွက်လာခဲ့သည်။ ကယန်းအမျိုးသားများ စည်းလုံးညီညွတ်ရေး ဒီမိုကရေ စီအဖွဲ့သည် ၁၉၉၀ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွင်း ကယားနှင့် ရှမ်းပြည်နယ်တို့၌ ကိုယ်စားလှယ်နေရာ တစ်ခုစီ အနိုင်ရရှိခဲ့ကြသည်။ နောက်ပိုင်း ၂၀၁၀ ခုနှစ် အထွေထွေရွေးကောက်ပွဲ၌ ကယန်းအမျိုးသားပါတီသည် ရှမ်းပြည်နယ်၌ ကိုယ်စားလှယ်နေရာ (၂) ခု အနိုင်ရရှိခဲ့သည်။ ထိုနှစ်များအတွင်း ကယားပြည်နယ်ရှိ ကယန်းလူထုအများအပြားသည် KNPP နှင့် KNPLF တို့အပါအဝင် ကရင်နီအမျိုးသားရေးလှုပ်ရှားမှုများနှင့်အတူ လက်တွဲဆောင်ရွက်ခဲ့ကြသည်။ KNP သည်လည်း လွှတ်တော်တွင်းရွေးကောက်ပွဲများ၌ နယ်ခံတိုင်းရင်းသားပါတီများ ပိုမိုပါဝင်လာအောင် အားပေးမြှင့်တင်သွားရန် ကြိုးပမ်းသည့်အနေဖြင့် ကရင်နီအဖွဲ့အစည်းများနှင့် ပေါင်းစည်းဆောင်ရွက်လာခဲ့သည် (အခန်း ၆ ကိုကြည့်ပါ)။

ကယန်းခေါင်းဆောင်များအကြား၌ ယေဘုယျအားဖြင့် ကယားပြည်နယ်နှင့် ပေါင်းစည်းသွားနိုင်ခြေရှိပြီးပိုမိုကျယ်ပြန့်သည့် ကယန်း “ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ” ဒေသတစ်ခုကို တည်ဆောက်သွားမည့် ရည်မှန်းချက်ပန်းတိုင်ချင်းတူညီကြသည်ဟု ဆိုနိုင်ပါသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအတွင်း ရှမ်းပြည်နယ်နေ ကယန်းလူထုလူတန်းစားများအတွက် “တိုင်းရင်းသားရေးရာ” ဝန်ကြီးနေရာတစ်ခုကို သီးသန့်ပြဋ္ဌာန်းပေးထားသည်။ သို့သော်လည်း ရှမ်းပြည်နယ် သို့မဟုတ် နိုင်ငံတွင်းရှိ အခြားနယ်မြေဒေသများ၌ မှီတင်းနေထိုင်လျက်ရှိကြသည့် ကယန်းတိုင်းရင်းသားပြည်သူများကို ကိုယ်စားပြုရန် လုံလောက်မှုမရှိဟု ထင်မြင်ယူဆထားကြသည်။ သို့ဖြစ်၍ အားလုံးကို ကျယ်ကျယ်ပြန့်ပြန့် လွှမ်းခြုံကိုယ်စားပြုမှုရရှိလာစေရန် ရင်ဆိုင်ကျော်လွှားသွားရမည့် စိန်ခေါ်မှုအများအပြား ရှေ့တွင်စောင့်ကြိုနေဆဲဖြစ်သည်။

ကယားပြည်နယ်နှင့် ကယန်းတို့၏ အနာဂတ်ဆက်ဆံရေးကို မှန်းမျှော်ကြည့်ပါက လူထုခေါင်းဆောင်များအကြား အဓိကထား ဆွေးနွေးအဖြေရှာသွားရမည့် ကိစ္စရပ်သည် “ကရင်နီ” ဟူသည့် အသုံးအနှုန်းကို အဓိပ္ပာယ်ဖွင့်ဆိုသတ်မှတ်ခြင်းနှင့် ကယန်းလူထုများအနေဖြင့် ဒေသတစ်ခု သို့မဟုတ် လူမျိုးတစ်ခုအဖြစ် ဤအသုံးအနှုန်းအောက် အကျုံးဝင်သည်ဟု ခံစားရခြင်းရှိမရှိ အလေးအနက်ထား စဉ်းစားသွားရမည်ဖြစ်သည်။ နေထိုင်သည့် နယ်မြေဒေသအလိုက် ကယန်းလူထုများအကြား အမြင်သဘောထား အမျိုးမျိုးကွဲလျက်ရှိသည်။ ကယားပြည်နယ်အတွင်းရှိ ကယန်းလူထုများသည် ဤကိစ္စရပ်အပေါ် ယနေ့အချိန်ထိ အလေးအနက်ထား ဆွေးနွေးအဖြေရှာသွားရမည့် နိုင်ငံရေးကိစ္စတစ်ခုအဖြစ် ရှုမြင်ထားခြင်းမရှိခဲ့ပေ။ နယ်ခံကယန်းလူထုလူတန်းစားများကို ယေဘုယျအားဖြင့် ကယားနှင့် ကယောတို့ကဲ့သို့ပင် ကရင်နီနိုင်ငံရေးလောကနှင့် လူ့အဖွဲ့အစည်းအတွင်းအပါအဝင်ဖြစ်သည့် မျိုးနွယ်စုခွဲတစ်ခုအဖြစ်သာ သတ်မှတ်သဘောထားကြသည်။ ရှမ်းနှင့် ကရင်ပြည်နယ်နယ်နိမိတ်အစပ်များ၌ နေထိုင်လျက်ရှိသူများ၏ အမြင်သဘောထားများသည် ပို၍တိကျပြတ်သားပြီး အချို့ဌာနေပြည်သူများသည် နာမည်သစ် သို့မဟုတ် အုပ်ချုပ်ရေးစနစ်သစ်အောက် ခိုလှုံဝင်ရောက်လာရန် တွန့်ဆုတ်နေကြဆဲဖြစ်သည်။

ရှမ်းပြည်နယ်နေ ကယန်းတိုင်းရင်းသားများအကြား လူထုဆန္ဒခံယူပွဲကျင်းပ၍ ဆုံးဖြတ်သွားရန် KNP ဖက်က အကြံပြုထားသည့် နည်းလမ်းတစ်ခုရှိခဲ့သည်။[၁၀၉] KNGY ကိုယ်စားလှယ်တစ်ဦးကလည်း လူထုဆန္ဒခံယူပွဲ ကျင်းပနိုင်ပါက များစွာအထောက်အကူရစေမည်ဖြစ်ကြောင်း "ဒါနဲ့ပတ်သက်ပြီး စိတ်ကူးတွေက အမျိုးမျိုးဖြစ်နေကြတယ်။ ရွေးချယ်ရခက်နေကြတယ်။ ကရင်နီပြည်လို့ ခေါ်ဆိုခဲ့ရင် ကျနော်တို့ဖက်က ဘယ်လိုပါဝင်သွားနိုင်မလဲ။ ကယန်းလူထုအတွက် နေရာတစ်ခုရအောင် ဘယ်လိုလုပ်နိုင်မလဲ" ဟု ထောက်ခံဆွေးနွေးသွားခဲ့သည်။[၁၁၀]

KNLP သည်လည်း "ကယားပြည်နယ်" သို့မဟုတ် "ကရင်နီပြည်နယ်" ဟူသည့် အမည်နှစ်ခုအနက် တစ်ခုကိုရွေးချယ်ဆုံးဖြတ်ရာ၌ အဓိပ္ပာယ်ဖွင့်ဆိုချက်ပေါ်မူတည်၍ ကယန်းတို့ကို ကယားတို့၏ "လက်အောက်ခံလူမျိုး" တစ်ခုအဖြစ် သဘောထားလာနိုင်သည့် ကိစ္စရပ်အပေါ် များစွာစိုးရိမ်မကင်း ရှိနေကြသည်။ KNLP တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးစောလွင်က ကရင်နီပြည်ရှိ "မျိုးနွယ်စုကိုးခု" စလုံးကို "လက်ရည်တစ်ပြင်တည်းတန်းတူညီမျှ" သဘောထားခြင်းသည်သာလျှင် အဓိကသော့ချက်အခရာဖြစ်သည်ဟု သုံးသပ်ပြောဆိုသွားခဲ့သည်။[၁၁၁] ထိုအချိန်က ကယန်းလူထုများသည် "နိုင်ငံရေးနယ်ပယ်ကနေ ကယန်းလူထုကို ခွဲခြားဖယ်ထုတ်ပြီး အားနည်းသွားအောင်လုပ်ဖို့ ကယားလူမျိုးကြီးဝါဒ" ကို စစ်အာဏာပိုင်များက အားပေးအားမြှောက်ပြုလာမည်ကို များစွာစိုးရိမ်ပူပန်ခဲ့ကြသည်။[၁၁၂]

ကယားပြည်နယ်အတွင်းရှိ အရပ်ဖက်လူ့အဖွဲ့အစည်း အဖွဲ့ဝင်ကယန်းအများအပြားသည် "ကရင်နီ" အောက်တွင် ဆက်လက်ပါဝင်လိုသည့် ဆန္ဒရှိနေကြသည်။ သို့သော်လည်း ကျေးလက်ဒေသများ၌ ကြုံတွေ့နေကြရသည့် ကိစ္စရပ်များအပေါ် နားလည်သဘောပေါက်မှု နည်းပါးနေဆဲဖြစ်သည်ကို ၎င်းတို့အနေဖြင့် ကောင်းစွာသိမြင်နားလည်ထားပြီးဖြစ်သည်။ ကယန်းအမျိုးသမီးအစည်းအရုံး အဖွဲ့ဝင်တစ်ဦးက "ကယန်းရွာတွေဆီကိုသွားလာတဲ့အခါမှာ ကရင်နီဆိုတာဘာမှန်း သူတို့မသိကြဘူးဖြစ်နေတယ်။ ကျမတို့ရဲ့ လူ့အဖွဲ့အစည်းထဲက ရပ်ရွာခေါင်းဆောင် အနည်းအကျဉ်းထဲမှာကို ကရင်နီဆိုတာဘာလဲဆိုတာကို ဂဃနဏနားမလည်ကြဘူး။ ဒါကြောင့် ကယန်းနဲ့ ကရင်နီအကြား ဆက်နွယ်ပတ်သက်မှုက ဘယ်လောက်အရေးကြီးသလဲဆိုတာကို သူတို့နားလည်လက်ခံလာအောင် များများအမြင်ဖွင့်ပေးဖို့ လိုအပ်နေတယ်" ဟု ပြောဆိုသွားခဲ့သည်။[၁၁၃]

လက်ရှိအမြင်သဘောထားအတိုင်းအတာကို ငြိမ်းဖောင်ဒေးရှင်းမှ ခူးပလုရယ်က ဤသို့ခြုံငုံသုံးသပ်သွားခဲ့သည်။ "နိုင်ငံရေးအကျိုးစီးပွားကိုကြည့်ပြီး အစိုးရနဲ့ တစ်ချို့ကယားတွေက ကယားပြည်နယ်ဆိုတဲ့ နာမည်ကိုဆက်ပြီး ထိန်းသိမ်းထားချင်နေကြတယ်။ ဒါပေမယ့် လူထုအများစုကတော့ ကရင်နီပြည်နယ်လို့ ပြောင်းချင်နေကြတယ်။ ဒီနာမည်က အားလုံးကို ပိုပြီးလွှမ်းခြုံမှုရှိနေတယ်။ ဒါပေမယ့် ကျနော်တို့ဖက်က သမိုင်းနောက်ခံနဲ့ အဓိပ္ပာယ်ကို အရင်ဆုံးနားလည်ဖို့လိုအပ်တယ်။ မဟုတ်ရင် ပြဿနာတွေ ပိုများလာလိမ့်မယ်။ ကယန်းခေါင်းဆောင်တွေအနေနဲ့ ကရင်နီဆိုတဲ့ စကားလုံးကို လက်ခံကြပါတယ်။ ဒါပေမယ့် တိုင်းရင်းသားလူမျိုးနာမည်မဟုတ်တဲ့ ပြည်နယ်နာမည်မျိုးဖြစ်သင့်တယ်ဆိုတဲ့ သဘောထားဖက်ကို ပိုပြီးအလေးသာနေတယ်လို့ သုံးသပ်ယူဆရပါတယ်။"[၁၁၄]

လတ်တလောနှစ်များအတွင်း ကယန်းမျိုးနွယ်စုများအကြား အမည်ပေးမှုပုံစံများနှင့် ယဉ်ကျေးမှုအရ ဆက်စပ်မှုများအပေါ် ပြောဆိုဆွေးနွေးမှုများလည်း များစွာမြင့်တက်လာခဲ့သည်။ HCKNU ၏ သုံးသပ်ပြောဆိုချက်အရ ယနေ့ခေတ် ကယန်းတိုင်းရင်းသားလူမျိုးအကြား လထာ၊ ကခေါင်း၊ ကင်နှင့် ကဒေါ ("ကရင်နီအဆက်အနွယ် တိုင်းရင်းသားမျိုးနွယ်စုများ" စာကွက်ကိုကြည့်ပါ) ဟူသည့် အဓိကအုပ်စုကြီးလေးခုရှိနေပြီး ယင်း

အမျိုးသားရေးစရိုက် လက္ခဏာများကို ၂၀၁၇ ခုနှစ်အတွင်း ကျင်းပခဲ့သည့် ဒုတိယအကြိမ်မြောက် ကယန်း အမျိုးသားညီလာခံ၌ တစ်ညီတစ်ညွတ်တည်း သတ်မှတ်အတည်ပြုခဲ့ကြပြီးဖြစ်သည်။[၁၁၅] နောက်ထပ်စိုးရိမ် ပူပန်ရသည့် ကိစ္စရပ်တစ်ခုမှာ ကယန်းတိုင်းရင်းသားများကို မကြာခဏဆိုသလို အပြင်လူများက လေ့လာမှု မရှိဘဲ တစ်ဖက်သတ်ခေါ်ဝေါ်သည့် ဥပမာ "ပဒေါင်" ကဲ့သို့သော အသုံးအနှုန်းများဖြင့် ပို၍လူသိများကြသည့် ကိစ္စရပ်ဖြစ်သည်။ အပြင်လူများအတွက် နယ်မြေဒေသပွင့်လင်းလာခဲ့သည့် လတ်တလောနှစ်များ၌ ထိုကဲ့သို့ သောအခေါ်အဝေါ်များပို၍တွင်ကျယ်လာခဲ့ပြီးတောင်ပေါ်ရွာအချို့ရှိအမျိုးသမီးများအကြားရိုးရာအရလည်ပင်း ၌ကြေးကွင်းဝတ်ဆင်သည့် ဓလေ့ပေါ်အခြေခံ၍ ကယန်းလူထုကို မကြာခဏဆိုသလို "လည်ပင်းရှည်" လူမျိုး များအဖြစ် ပြောဆိုပုံဖော်လာကြသည်။ ၎င်းတို့၏ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့များအပေါ် ဂုဏ်ယူကြသည် မှန်သော်လည်း အပြင်လူများ၏ ထိုကဲ့သို့သော ခိုင်းနှိုင်းပြောဆိုမှုများက ကယန်းခေါင်းဆောင်များ လိုချင်နေ ကြသည့် တစ်စိတ်တစ်ဝမ်းတည်း ကိုယ်စားပြုမှုနှင့် များစွာအလှမ်းဝေးနေဆဲဖြစ်သည်။[၁၁၆]



ဖရူဆိုမြို့နယ်မှ လယ်သမားကြီးတစ်ဦး (TK)

## အခန်း ၈။ ဖွံ့ဖြိုးရေးဦးတည်ချက်များနှင့် အကျပ်အတည်းများ

### အပစ်အခတ်ရပ်စဲရေးနှင့် စီးပွားရေးအလှည့်အပြောင်း

မြန်မာနိုင်ငံအတွင်းရှိ အခြားတိုင်းရင်းသားဒေသများနည်းတူ ကယားပြည်နယ်သည်လည်း သယံဇာတအရင်းအမြစ်ကြွယ်ဝသည့် ဒေသတစ်ခုဖြစ်သည်။ ယင်းတို့၌ အဖိုးတန်သတ္တုများ ဖြစ်ကြသည့် ရွှေ၊ ခဲမဖြူနှင့် အဖြိုက်နက်တို့ အပါအဝင် ယခင်က သဘာဝအတိုင်း ပေါက်နေခဲ့ကြသည့် ကျွန်းသစ်တောကြီးများအပြင် ရေအားလျှပ်စစ်အလားအလာ အလွန်ကောင်းမွန်သည့် မြစ်ပေါင်းများစွာလည်း ပြည်နယ်တွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသည်။ အချို့သော သယံဇာတများသည် လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားခဲ့သည့် နှစ်များအတွင်း အဖွဲ့အစည်းအသီးသီး၏ အပြိုင်အဆိုင်ထုတ်ယူသုံးစွဲမှုကြောင့် ကုန်ခမ်းသွားခဲ့ပြီဖြစ်သည်။ ထို့အပြင် ထိုင်းသစ်ထုတ်လုပ်ရေးကုမ္ပဏီများကလည်း မယ်ဟောင်ဆောင်ခရိုင်နှင့် ကပ်လျက်ရှိနေသည့် နယ်စပ်တစ်လျှောက် နယ်မြေဧရိယာအများအပြားကို အပြောင်ရှင်းပစ်ခဲ့သည်။[၁]

ထို့အချိန်က လူထုလူတန်းစားအများစုသည် များစွာဆင်းရဲနွမ်းပါးကြပြီး တစ်ပိုင်တစ်နိုင်တောင်သူများအဖြစ် စိုက်ပျိုးစားသောက်ခဲ့ကြရသည်။ ၎င်းတို့သည်များစွာအလားအလာကောင်းခဲ့သည့် သယံဇာတအရင်းအမြစ်ထုတ်ယူသုံးစွဲမှုမှ မဖြစ်စလောက်အကျိုးအမြတ်များကိုသာခံစားခွင့်ရရှိခဲ့ကြသည်။ သို့သော်လည်း အဆိုပါထုတ်ယူသုံးစွဲမှုများ၏ နောက်ဆက်တွဲဆိုးကျိုးသက်ရောက်မှုများကို အများဆုံးထိခိုက်နစ်နာခဲ့ရသူများဖြစ်ကြသည်။ ယင်းတို့၌ မြေယာလုယူခံရခြင်း၊ နေရပ်စွန့်ခွာစစ်ဘေးတိမ်းရှောင်ကြရခြင်း၊ သစ်တောသယံဇာတများကို ရယူအသုံးပြုပိုင်ခွင့် ဆုံးရှုံးခဲ့ရခြင်းနှင့် သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုဒဏ်တို့ပါဝင်ခဲ့သည်။ သယံဇာတအရင်းအမြစ်များကို ရေရှည်တည်တံ့ခိုင်မြဲမှုမရှိသည့်ပုံစံဖြင့် ထုတ်ယူသုံးစွဲခဲ့ကြပြီး အပြင်လူများနှင့် ဒေသတွင်း အခွင့်ထူးခံလူတန်းစားများသာ အများဆုံးအကျိုးအမြတ်ရရှိခဲ့ကြသည်။ နောက်ဆက်တွဲရလဒ်အဖြစ် စီးပွားရေးအရ ဖယ်

ကြဉ်ခံရခြင်းသည် ကရင်နီနိုင်ငံရေးဇာတ်ခုံပေါ်ရှိနာကျည်းနစ်နာချက်များကို နှစ်ရှည်လများ လိုက်စားလာခဲ့သည့် အကြောင်းရင်းတစ်ခုဖြစ်လာခဲ့သည်။

ကရင်နီအမျိုးသား တိုးတက်ရေးပါတီ၏ ၂၀၁၂ ခုနှစ်အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်က ဆယ်စုနှစ်ပေါင်းများစွာအတွင်း ပထမဦးဆုံးအကြိမ်အဖြစ် ကယားပြည်နယ်အတွင်းသို့အသစ်ဟုဆိုနိုင်သည့် "ဖွံ့ဖြိုးတိုးတက်ရေး" စီမံကိန်းများဟု ရောက်ရှိလာစေရန် လမ်းဖွင့်ပေးခဲ့သည်။ ထို့ကြောင့် ကယားပြည်နယ်၏ ဖွံ့ဖြိုးရေးသဘောသဘာဝသည် လက်ရှိအချိန်၌ ထင်သာမြင်သာအရှိဆုံး အပစ်အခတ်ရပ်စဲရေး လက္ခဏာရပ်တစ်ခု ဖြစ်လာသည့်အပြင် နိုင်ငံရေးအဖြေနှင့် ငြိမ်းချမ်းရေး အခြေခံအုတ်မြစ်များကို ကျားကန်ပေးမည့် ညွှန်းကိန်းများပါ ဖြစ်လာခဲ့သည်။ သို့သော်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အကျိုးရလဒ်များနှင့် လားရာဦးတည်ချက်သည် ယခုအချိန်ထိရှင်းလင်းပြတ်သားမှု မရှိသေးပေ။ အခြေခံအဆောက်အအုံ၊ ခရီးသွားလုပ်ငန်းနှင့် ဖွံ့ဖြိုးရေးအထောက် အပံ့များပို၍ခရီးရောက်လာခဲ့သည် မှန်သော်လည်း စိန်ခေါ်မှုမရှိဘဲ ရှောရှောရှူရှူ ရလာခဲ့သည်တော့ မဟုတ်ပေ။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်များမှ ပြင်ပရေပေါ်ဆီ အခွင့်ထူးခံအကျိုးစီးပွားများကသာ အများဆုံး အကျိုးခံစားခွင့်ရရှိနေကြသည်ဟူသည့် အမြင်သဘောထားများ တွင်ကျယ်ပျံ့နှံ့လျက်ရှိသည်။

ကယားပြည်နယ်နှင့် အခြားတိုင်းရင်းသားဒေသများရှိ အပစ်အခတ်ရပ်စဲရေး သမိုင်းနောက်ကြောင်းရာဇဝင်များက ဤအမြင်သဘောထားကို ပို၍အားကောင်းလာစေခဲ့သည်။ ငြိမ်းချမ်းရေးသဘောတူစာချုပ်များကို မကြာခဏဆိုသလို စစ်အစိုးရအရာရှိများ၊ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပြင်ပကုမ္ပဏီများက "သာမန်လူထုလူတန်းစားများ" ကို ထိုးကျော်၍ စီးပွားရေးအရ အပေးအယူပြုလုပ်ခြင်းဖြစ်သည်ဟု ပြောဆိုမှုများရှိနေသည်။[၂] ဤကဲ့သို့သော စိုးရိမ်ပူပန်မှုများသည် ယခင်စစ်အစိုးရလက်ထက်က ချမှတ်ခဲ့သည့် ဗဟိုချုပ်ကိုင်မှုတင်းကျပ်ရေးအခြေခံမူများနှင့် အလေ့အကျင့်များကို ဆက်လက်အမွေဆက်ခံထားသည့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကြောင့် ပို၍ပြင်းထန်လာခဲ့သည်။ ပုဒ်မ ၃၇ ၌ ပြည်ထောင်စု (ဗဟို) အစိုးရသည် နိုင်ငံတော်ရှိ မြေအားလုံးနှင့် မြေပေါ် မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတအရင်းအမြစ်များ အားလုံး၏ "ပင်ရင်းပိုင်ရှင်" ဖြစ်သည်ဟု ပြဋ္ဌာန်းဖော်ပြထားသည်။[၃]

ထို့ကြောင့် လူထုအများအပြားသည် "ဖွံ့ဖြိုးရေး" ပုံစံအားလုံးအပေါ် သံသယကြီးလာခဲ့ခြင်း ဖြစ်သည်။ ၎င်းတို့၏ တွန့်ဆုတ်မှုသည် ဖွံ့ဖြိုးရေးမှန်သမျှ အခြားသူများ၏ စီးပွားရေးအကျိုးအမြတ်နှင့် အတူတူပင်ဖြစ်သည်ဟူသည့်စိုးရိမ်ပူပန်မှုပေါ် အခြေပြုထားခြင်းဖြစ်သည်။ ထို့အပြင် နိုင်ငံရေးအဖြေမရမီ ဖော်ဆောင်သည့် အကြီးစားနှင့် အထိန်းအကွပ်မဲ့ ဖွံ့ဖြိုးရေးစီမံကိန်းများသည် စစ်မှန်သည့် ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲရေးအတွက် မည်သည့်အပေးအယူမျှပြုလုပ်စရာမလိုဘဲ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်မှ အကျိုးအမြတ်များအားလုံးကို ဗဟိုအစိုးရအား သိမ်းကျုံးရရှိသွားစေမည့်အရေးကိုလည်း စိုးရိမ်ပူပန်လျက်ရှိသည်။ မြန်မာ့သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အလုပ်အဖွဲ့သည် မကြာသေးမီက "လက်ရှိဗဟိုအစိုးရက သယံဇာတအရင်းအမြစ်တွေကနေရလာတဲ့ ဘဏ္ဍာငွေတွေ၊ ပိုင်ဆိုင်မှုတွေနဲ့ စီမံခန့်ခွဲမှုတွေအပေါ် ဗဟိုကချည်း ချုပ်ကိုင်ထားတဲ့ ကိစ္စရပ်အပေါ် ဘယ်လိုအပြောင်းအလဲ လုပ်သွားမယ်ဆိုတာကို အဆိုပြုထားတာမရှိဘဲ ငြိမ်းချမ်းရေးပဲ ရထားပြီးသလိုမျိုးဆက်ပြီးအကောင်အထည်ဖော်နေတယ်" ဟု သတိပေးပြောဆိုခဲ့သည်။[၄]

အခြားတစ်ဖက်တွင်လည်း ဗဟိုအစိုးရသည် ကယားပြည်နယ်အတွင်းမှ သယံဇာတအရင်းအမြစ်များကို အလျင်အမြန်ထုတ်ယူသုံးစွဲလိုသော်လည်း နယ်ခံလူထုလူတန်းစားများအတွက် အကျိုးအမြတ်များကို ပြန်လည်ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် တွန့်ဆုတ်လျက်ရှိသည်ဟူသည့် အမြင်သဘောထားများလည်း အားကောင်းလာနေသည်။ မကြာခဏဆိုသလို ကိုးကားပြောဆိုလေ့ရှိသည့် လောပိတရေအားလျှပ်စစ်သည် အကောင်းဆုံးသာဓကတစ်ခုဖြစ်သည်။ လောပိတသည် မြို့တော်နေပြည်တော်၊ ရန်ကုန်နှင့် မြန်မာနိုင်ငံအလယ်ပိုင်း မြို့ကြီးအတော်များများအတွက် လျှပ်စစ်စွမ်းအင် ထောက်ပံ့ပေးလျက်ရှိသည့် အကြီးဆုံးအရင်းအမြစ်တစ်ခုဖြစ်သည်။[၅] သို့သော်လည်း လောပိတဓာတ်အားပေးစက်ရုံပတ်ဝန်းကျင်ရှိ ကျေးရွာများအပြင် ကယားပြည်နယ်အတွင်းရှိ ကျေးရွာအများအပြားသည်



ရှားတောမြို့နယ် လမ်းမတစ်နေရာ၌ တွေ့ခဲ့ရသည့် ကုန်တင်ကားတစ်စီး (TK)

ဆယ်စုနှစ်ပေါင်းများစွာ လျှပ်စစ်မီးမရှိသည့် အမှောင်ထဲတွင်နေထိုင်ခဲ့ကြရသည်။ ဤကိစ္စရပ်အပေါ် နှစ်ရှည်လများ စောဒကတက် အငြင်းပွားလာခဲ့ကြပြီးဖြစ်သည် ("လောပိတပဟေဋ္ဌိ" စာကွက်ကိုကြည့်ပါ)။

သယံဇာတ အရင်းအမြစ်ဆိုင်ရာ ကိစ္စရပ်သည် ကယားပြည်နယ်၏ စီးပွားရေးထက်ပင် ပို၍နက်ရှိုင်းလေးနက်သည်။ ၎င်းတို့သည် ဒေသတွင်း ယဉ်ကျေးမှုနှင့် အမျိုးသားရေးစရိုက်လက္ခဏာတို့၏ အဆင်တန်ဆာများနှင့် ပို၍ အလားသဏ္ဍာန်တူသည်။ နယ်ခံလူထုလူတန်းစားများနှင့် သယံဇာတအရင်းအမြစ်များအကြား ထဲထဲဝင်ဝင်စည်းနှောင်ထားသည့် မြန်မာနိုင်ငံကဲ့သို့ပင် အိမ်နီးချင်းနိုင်ငံများ၌လည်း အလားတူစိုးရိမ်ပူပန်မှုများကို တွေ့ရှိနေရသည်။ တရုတ်နှင့် ထိုင်းနိုင်ငံတို့နှင့် မျှဝေသုံးစွဲလျက်ရှိသည့် သံလွင်မြစ်ပေါ်တည်ဆောက်သွားမည့်အဆိုပြုရေကာတာစီမံကိန်းများကို ဆန့်ကျင်သည့်အနေဖြင့် နယ်ခံသုတေသီတစ်ဦးက ၂၀၀၅ခုနှစ်၌ "တစ်ချို့ယဉ်ကျေးမှုတွေမှာလူတွေနဲ့မြေကြီးခွဲလို့မရအောင် ဆက်စပ်နေကြတယ်။ အရင်းအမြစ်တစ်ခု သက်သက်ထက်ပိုပြီး တောင်တန်းတွေ၊ လွင်ပြင်တွေ၊ မြစ်ချောင်းအင်းအိုင်တွေနဲ့ တိရစ္ဆာန်တွေအားလုံးကသူတို့ရဲ့ အစိတ်အပိုင်း အင်္ဂါရပ်တွေလို ဖြစ်နေတယ်" ဟု ရေးသားဖော်ပြခဲ့သည်။[၆] စီးပွားရေးအကျိုးအမြတ်အတွက် သယံဇာတအရင်းအမြစ်များကို ထုတ်ယူသုံးစွဲခြင်းနှင့် လုယူဖျက်ဆီးမှုများသည် စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကိုသာ ဆောင်ကျဉ်းလာခဲ့သည် မဟုတ်ပေ။ လူမှုရေး၊ နိုင်ငံရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ နောက်ဆက်တွဲ ဂယက်ရိုက်ခတ်မှုများပါ ဒွန်တွဲလိုက်ပါလာလေ့ရှိသည်။ စာရေးသူထောက်ပြခဲ့သကဲ့သို့ပင် "ယဉ်ကျေးမှုအရ စည်းနှောင်ထုံးဖွဲ့ထားတာကို ဖျက်ဆီးခံလိုက်ရတာက ရပ်ရွာတွေအပေါ် မျိုးဆက်ပေါင်းများစွာ ဂယက်ရိုက်ခတ်မှုရှိစေတဲ့အတွက် ဒီလိုစည်းနှောင်ထားမှုကို အပြင်လူတွေ အတင်းအကျပ်ဖြိုဖျက်လိုက်တဲ့အခါမှာ ထိခိုက်ပျက်စီးမှုတွေက အဆပေါင်းများစွာ ပိုပြီးပြင်းထန်လာခဲ့တယ်" ဟု ဆိုနိုင်ပါသည်။[၇] ဤသတိပေးသံချောင်းခေါက်သံများက ယနေ့ကရင်နီလူထုများကြုံတွေ့ခံစားနေကြရသည့် ပူပင်သောကနှင့် ထိခိုက်နိုင်ခြေမြင့်မားမှုကို ထင်ဟပ်နေဆဲဖြစ်သည်။

ဤသို့စိုးရိမ်ပူပန်မှုများ ရှိနေလင့်ကစား နယ်ခံတစ်သီးပုဂ္ဂလများနှင့် အဖွဲ့အစည်းအချို့သည် မြန်မာ


နိုင်ငံ၏ စီးပွားရေးအစီအစဉ်များသည် ယခုတစ်ကြိမ်၌ ကွဲပြားလိမ့်မည်ဟု ထင်မြင်ယူဆနေကြသည်။ ၎င်းတို့က ယခင် ဦးသိန်းစိန်အစိုးရလက်ထက် (၂၀၁၁-၂၀၁၆) ၌ဖော်ဆောင်ခဲ့သည့် အပစ်အခတ်ရပ်စဲရေးလုပ်ငန်းများသည် 'နဝတ-နအဖ' အစိုးရလက်ထက် (၁၉၈၉-၂၀၁၁) ၌ ဖော်ဆောင်ခဲ့သည့် ပထမအကျော့ အပစ်အခတ်ရပ်စဲရေးလုပ်ငန်းများနှင့် လုံးဝကွဲထွက်နေသည့် အခင်းအကျင်းမျိုးဖြင့် သဘောတူလက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်ဟု ပြောဆိုထောက်ပြခဲ့သည်။မိတ်ဖက်ဆောင်ရွက်မှုညွှန်းကိန်းတစ်ခုအဖြစ် ဦးသိန်းစိန်လက်ထက် အပစ်အခတ်ရပ်စဲရေးလုပ်ငန်းများသည် ပိုမိုကျယ်ပြန့်သည့် တစ်နိုင်ငံလုံးအတိုင်းအတာနိုင်ငံရေး၊ စီးပွားရေးနှင့် ငြိမ်းချမ်းရေး အသွင်ကူးပြောင်းရေး၏ အစိတ်အပိုင်းတစ်ခုအဖြစ် ပြည်တွင်းနှင့်ပြည်ပစင်္ကြန်နှစ်ခုစလုံး၌ ဖော်ဆောင်သွားခဲ့သည်ကို တွေ့ရှိရသည်။

ဤရည်မှန်းချက်ပန်းတိုင်များကို ကျားကန်ထောက်မပေးရန် KNPP နှင့် အစိုးရတို့ ၂၀၁၂ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည့် ပြည်ထောင်စုအဆင့် သဘောတူညီချက် "၁၄ ချက်" အတွင်း သီးခြားသဘောတူညီချက်များကိုပါရေးသားဖော်ပြထားသည်။ ယင်းတို့၌ "အကြီးစားစီမံကိန်းအစီအစဉ်များ ပွင့်လင်းမြင်သာမှုရှိအောင် ဆောင်ရွက်သွားရန်" နှင့် နှစ်ဖက်စလုံး "သတင်းအချက်အလက်များကို အများပြည်သူသိရှိအောင် ထုတ်ပြန်ပေး၍ နယ်ခံလူထုလူတန်းစားများနှင့် ရပ်ရွာအခြေပြု အဖွဲ့အစည်းများ သတင်းအချက်အလက် ရှာဖွေစုဆောင်းမှုကို ခွင့်ပြုပေးသွားရန်" ကတိကဝတ်ပြုမှု ပါဝင်ခဲ့သည်။[၈] ဤကတိကဝတ်များကို အစိုးရနှင့် KNPP တို့နှစ်ဖက်စလုံး "ဒေသဖွံ့ဖြိုးရေးအတွက် ပေါင်းစည်းဆောင်ရွက်သွားကြမည်" ဖြစ်ကြောင်း အတည်ပြုသည့် ၂၀၁၃ ခုနှစ် ဇွန်လတွင်း ထပ်မံချုပ်ဆိုခဲ့သည့် ပြည်ထောင်စုအဆင့် "သဘောတူညီချက် ၈ ချက်" တွင်လည်း ထပ်လောင်းဖော်ပြသဘောတူခဲ့ကြသည်။[၉] နယ်ခံလူထုများပူးပေါင်းပါဝင်မှုရှိကြောင်း သေချာစေရန် နှစ်ဖက်စလုံးက "နောင်အနာဂတ်တွင် အကောင်အထည်ဖော်သွားမည့် စီမံကိန်းသစ်များအပေါ် လူထုနှင့် လူမှုအခြေပြုအဖွဲ့အစည်းများကိုစောင့်ကြည့်အကဲခတ်ခွင့်ပြုသွားကြမည်" ဟုကတိကဝတ်ပြုခဲ့ကြသည်။[၁၀] ထို့အပြင် ၎င်းတို့၏ အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်ကို "တာဝန်ယူမှုတာဝန်ခံမှုရှိရှိ ပွင့်လင်းမြင်သာစွာ ဖော်ဆောင်သွားမည်" ဖြစ်သလိုနယ်ခံလူထုလူ တန်းစားများ "ဆုံးရှုံးနစ်နာမှု" မရှိရလေအောင်အာမခံသွားမည်ဟုလည်း နှစ်ဖက်စလုံးသဘောတူခဲ့ကြသည်။[၁၁]

ခြောက်နှစ်ကြာပြီးနောက် ဖွံ့ဖြိုးရေးစီမံကိန်းများနှင့်အတူ လိုက်ပါလာခဲ့သည့် စိုးရိမ်ပူပန်ရမှုများသည် နောက်ပိုင်း ရင်းနှီးပြီးသားရလဒ်များကိုသာ ဖြစ်ပွားလာစေခဲ့သည်။ ကယားပြည်နယ်တွင်း အပစ်အခတ်ရပ်စဲရေးသည် ယခုတစ်ကြိမ်တွင်လည်း ရေရှည်တည်တံ့ခိုင်မြဲမှုမရှိသည့် သယံဇာတအရင်းအမြစ် ထုတ်ယူသုံးစွဲမှုနှင့် ရင်းနှီးမြှုပ်နှံမှုနှင့်ဆက်စပ်၍ ဖြစ်ပွားလာသည့် မြေယာလုယူသိမ်းဆည်းမှုများကိုသာ ဆောင်ကျဉ်းလာခဲ့သည်ဟု နယ်ခံလူထုများစောဒကတတက်ခဲ့ကြသည်။ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးသွားမည်ဟူသည့် ကတိကဝတ်ကို မေ့လျော့သွားကြသလိုနယ်ခံလူထု၏ အသံများသည်လည်း ဘေးရောက်သွားခဲ့ရပြန်သည်။ ယနေ့အချိန်ထိ ကရင်နီအဖွဲ့အစည်းများသည် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်၌ သော်လည်းကောင်း ၂၁ရာစု ပင်လုံညီလာခံ၌သော်လည်းကောင်း အရေးပါသည့် အစိတ်အပိုင်းများအဖြစ် ပါဝင်လာခြင်းမရှိသေးပေ။

မျက်မှောက်ခေတ်မြန်မာနိုင်ငံအတွင်း ဤအခြေခံမှုများကို လေးလေးစားစား လိုက်နာအကောင်အထည်ဖော်မှုရှိမရှိဟူသည့် ကိစ္စရပ်သည် ကရင်နီလူထုများအကြားခေတ်သစ်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အောင်မြင်မှုကိုတိုင်းတာအကဲဖြတ်သည့် မှတ်ကျောက်တစ်ခုဖြစ်လာခဲ့သည်။ ပွင့်လင်းမြင်သာမှု၊ ဗဟိုချုပ်ကိုင်မှုဖြေလျှော့ခြင်းနှင့်နယ်ခံလူထုလူတန်းစားများနှင့် အရပ်ဖက်အဖွဲ့အစည်းများကို ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များ၌ ပါဝင်ဆောင်ရွက်စေခြင်းတို့သည် ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု ထိရောက်အောင်မြင်ရေးအတွက် မရှိမဖြစ်လိုအပ်သည့် အရာများဖြစ်သည်။[၁၂] ယခုအချိန်၌ ဘက်ပေါင်းစုံမှ အဖွဲ့အစည်းများကို စောင့်ကြည့်ထောက်လှမ်းနေကြပြီဖြစ်သည်။ "ဗဟိုအစိုးရကကျနော်တို့ရဲ့ သယံဇာတအရင်းအမြစ်တွေအားလုံးကို ရောင်းစားပြီးသားဖြစ်နေတော့ ဘာအတွက် တွေ့ဆုံဆွေးနွေးမှုလုပ်ငန်းစဉ်ထဲဝင်ပါနေဦးမှာလဲ" ဟုမြန်မာနိုင်ငံမြစ်ချောင်းများဆိုင်ရာကွန်ရက် (BRN) မှ မိအချိုင်းမေးခွန်းထုတ်ခဲ့သည်။[၁၃]

## ကရင်နီသယံဇာတအရင်းအမြစ်ပြမြေပုံ




Source: This map is based on information from KCSN, KEAN, UNODC and TNI Research.
This map is illustrative only and meant to give a general indication of natural extraction in Kayah State only.

စစ်မှန်သည့် နိုင်ငံရေးခံယူချက်များကို အသိအမှတ်ပြုခြင်းထက် မကြာခဏဆိုသလို ဖွံ့ဖြိုးရေးကို လက်နက်ကိုင်ပဋိပက္ခ၏ အဖြေအဖြစ် ရှေ့တန်းတင်လွန်းသည့် အဓိကအကျဆုံး အားနည်းချက်ကို ဦးစွာကိုင်တွယ်ဖြေရှင်းရန် လိုအပ်နေဆဲဖြစ်သည်။[14] နယ်ခံလူထုများ ကြုံတွေ့ခံစားနေရသည့်အကျပ်အတည်းကို သတ္တုတူးဖော်မှုစောင့်ကြည့်ရေးမိုလိုအမျိုးသမီးကွန်ရက်၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာစည်းရုံးလှုပ်ရှားမှုတာဝန်ခံ အားမူထူးက ဤသို့ ခြုံငုံသုံးသပ်သွားခဲ့သည်။

> "ကျမတို့ပြည်နယ်ရဲ့ ပြဿနာက နိုင်ငံရေးပြဿနာနဲ့တိုင်းရင်းသားပဋိပက္ခပါ။ကျမတို့အနေနဲ့ဒီပြဿနာကိုအရင်ဆုံး ဖြေရှင်းပြီးမှ ဒုတိယအနေနဲ့ ဖွံ့ဖြိုးရေးစီမံကိန်းတွေကို လက်ခံနိုင်မယ်။ ဒါပေမယ့် အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးပြီးနောက်ပိုင်း နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုမရှိဘဲဖွံ့ဖြိုးရေးစီမံကိန်းတွေအရင်ဆုံးရောက်လာတာက ပြဿနာတွေ ပိုများလာစေနိုင်ပါတယ်။ ဥပမာ စစ်အစိုးရက ရေကာတာတွေအများကြီး ဆောက်ခဲ့ပေမယ့် နယ်ခံလူထုကို အကျိုးပြုဖို့မသုံးဘဲ လျှပ်စစ်မီးရောင်းစားနေကြတယ်။ တကယ်လို့ အာဏာသာ ခွဲဝေရရှိခဲ့မယ်ဆိုရင် နယ်ခံလူထုတွေအနေနဲ့ ကိုယ့်သယံဇာတအရင်းအမြစ်တွေကို ကိုယ်တိုင်စီမံခန့်ခွဲပိုင်ခွင့်ရလာမယ်။ဒါပေမယ့်လက်ရှိစီမံကိန်းတွေအားလုံးကဗဟိုနဲ့ပဲ ချိတ်ဆက်ထားတဲ့အတွက် နယ်ခံလူထုလူတန်းစားတွေ ဘာအကျိုးမှ ခံစားခွင့်မရဘူးဖြစ်နေတယ်။"[15]

## သစ်ထုတ်လုပ်ငန်း

သစ်ထုတ်လုပ်ငန်းသည် KNPP ၏ ၂၀၁၂ ခုနှစ် အပစ်အခတ် ရပ်စဲရေးနောက်ပိုင်း ထပ်မံမြင့်တက်လာခဲ့သည့်ထင်သာမြင်သာ အရှိဆုံး သယံဇာတအရင်းအမြစ်ထုတ်ယူမှုလုပ်ငန်း ဥပမာတစ်ခုဖြစ်လာခဲ့သည်။ ကရင်နီပြည်လူငယ်များသမဂ္ဂအဖွဲ့ဝင် ကျော်ထင်အောင် ပုံဖော်ပြောဆိုခဲ့သကဲ့သို့ပင် ဤမလိုလားအပ်သည့် နောက်ဆက်တွဲရလဒ်သည် အပစ်အခတ်ရပ်စဲရေး၏ အပေးအယူတစ်ခုအဖြစ် ထင်ရှားလျက်ရှိသည်။ "သုံးနှစ်လောက် သေနတ်သံတိတ်သွားတာကတော့ ကောင်းပါတယ်။ ဒါပေမယ့် အခုကျတော့ သူတို့တွေ လွတ်လွတ်လပ်လပ် သစ်တောတွေကိုအပြောင်ရှင်း ခုတ်ယူလို့ရသွားပြီ။"[16] လက်ရှိကယားပြည်နယ်အတွင်း၌ Sure Trading ကုမ္ပဏီလီမိတက်၊ အရှေ့သံလွင်နှင့် တမောထျှာဟူသည့် အကြီးဆုံးသစ်ထုတ်လုပ်ရေးကုမ္ပဏီသုံးခုရှိနေသည်။[17] အရှေ့သံလွင်ကုမ္ပဏီကို ကရင်နီပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦးမှ ပိုင်ဆိုင်ထားပြီး တမောထျှာ (တက်နေဝန်း) ကို KNPP မှပိုင်ဆိုင်ထားခြင်းဖြစ်သည်။[18] ဤလုပ်ငန်းများသည်လက်နက်ကိုင်အဖွဲ့အစည်းနှစ်ခု၏ အကြီးဆုံးပင်မ ဝင်ငွေအရင်းအမြစ်များဖြစ်ကြသည်။ KNPP သည် တမောထျှာကုမ္ပဏီကိုအပစ်အခတ်ရပ်စဲခဲ့သည့် ၂၀၁၂ ခုနှစ် နောက်ပိုင်းတွင် တည်ထောင်ခဲ့ခြင်းဖြစ်သည်။ လုံခြုံရေးအရ ယခင်ကထက် ပို၍လက်လှမ်းမီ ပွင့်လင်းလာခြင်းကြောင့် ကယားပြည်နယ်အတွင်းရှိ သစ်တန်ချိန်ပေါင်းများစွာ ခုတ်လှဲဖယ်ရှားခံခဲ့ရသလို အသစ်ထုတ်ယူမှုများ မြင့်တက်လာခဲ့သည်။ KNPLF နှင့် KNPP နှစ်ဖွဲ့စလုံးသည် ၎င်းတို့၏ လှုပ်ရှားနယ်မြေများအတွင်းအသေးစားသစ်ထုတ်လုပ်ရေးကုမ္ပဏီများကို ကန်ထရိုက်ပေးခြင်း သို့မဟုတ် ခွင့်ပြုမိန့်ပေးခြင်းတို့ကိုလည်း ထိန်းချုပ်ထားနိုင်ကြသည်။

အစောပိုင်း ဆယ်စုနှစ်များအတွင်း လက်နက်ကိုင်အဖွဲ့အစည်းများသည် နယ်စပ်ကိုဖြတ်၍ ထိုင်းနိုင်ငံသို့ သစ်များကို အထောက်အထားမဲ့ တင်ပို့ခဲ့ကြသည်။ ၁၉၉၀ ခုနှစ်အစောပိုင်းမှစ၍ ဤလုပ်ငန်းသည် စစ်အစိုးရ၊ ထိုင်းကုမ္ပဏီများနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအားလုံး ပါဝင်လျက်ရှိသည့် အကြီးစားကုန်သွယ်မှုပုံစံသို့ ပြောင်းလဲသွားခဲ့သည်။ နဝတ/နအဖအစိုးရလက်ထက်၌ စီးပွားရေးလုပ်ငန်းများပြန်လည်နှေးကွေးကျဆင်းသွားခဲ့သည်။[19] သို့သော်လည်း KNPP ၏ ၂၀၁၂ ခုနှစ် အပစ်အခတ်ရပ်စဲရေးနောက်ပိုင်း ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့် သစ်အလုံးလိုက်တင်ပို့မှုများ ပြန်လည်စတင်လာခဲ့သဖြင့် အစိုးရအတွက် အကျိုးအမြတ်ခွဲတမ်းရရှိမှု ပိုမိုကြီးမားလာခဲ့သည်။[20] ယခင်က ခုတ်လှဲထားပြီးသားသစ်များကိုသာ ကယားပြည်နယ်ပြင်ပသို့ တရားဝင်သယ်ယူပို့ဆောင်ခွင့်ပြုထားသည် မှန်သော်လည်း ဤအမိန့်ညွှန်ကြားချက်ကို မသိကျိုးကျွန်ပြုခဲ့ကြသည်ကများသည်ဟုဆိုနိုင်ပါသည်။ ကယားပြည် လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးလှုပ်ရှားဆောင်ရွက်မှု

ကွန်ရက် (KEAN) မှ စောအယ်ဆေးက "အပစ်အခတ်ရပ်လိုက်ပြီးနောက်ပိုင်း အရင်ကထက်ပိုပြီး လွတ်လွတ်လပ်လပ် သစ်ထုတ်လို့ရလာတယ်။ ဒါက အနာဂတ်မျိုးဆက်တွေအတွက်တော့ မကောင်းဘူးပေါ့။ အစကတော့ အရင်တုန်းက ခုတ်လှဲထားပြီးသား သစ်လုံးတွေကိုပဲယူဖို့ သတ်မှတ်ထားပေမယ့် သူတို့က သစ်လုံးအသစ်တွေကိုပါ ခုတ်လှဲမီးမြိုက်ပြီးတော့ ယူသွားကြတယ်။ ပိုက်ဆံနဲ့ ဘာမဆို လုပ်လို့ရသလိုဖြစ်နေတယ်" ဟု မှတ်ချက်ပေးခဲ့သည်။[၂၁]

ဤကုန်သွယ်မှု အတိုင်းအတာကို ဖော်ပြလျက်ရှိသည့်ညွှန်းကိန်းတစ်ခုအဖြစ်မြန်မာ့သစ်လုပ်ငန်းမှကယားပြည်နယ်အတွက် ၂၀၁၆ ခုနှစ်၌ ကျွန်းသစ်တန်ချိန်ပေါင်း ၅၀၀၀ နှင့် အခြားသစ်မာတန်ချိန်ပေါင်း ၆၀၀၀ ထုတ်ယူရန် တရားဝင်လျာထားခဲ့သည်။[၂၂] သို့သော်လည်း ဤကိန်းဂဏန်းများအတွင်း တရားဝင်ခိုးထုတ်သည့် သစ်များအကျုံးဝင်ခြင်း မရှိသေးပေ။ ကယားပြည်နယ်ပြင်ပ စီးပွားရေးလုပ်ငန်းများကလည်း သစ်ထုတ်လုပ်ရေး အခွင့်အလမ်းသစ်မှ အကျိုးအမြတ်များရရှိခဲ့ပြီး ယခင်က တရားဥပဒေပြင်ပ၌ ရှိနေခဲ့သည့် စီးပွားရေးအလေ့အထများ၏ အပစ်အခတ်ရပ်စဲရေးအလွန်၌ တရားဥပဒေဘောင်အတွင်း ရောက်ရှိလာသည့် အခင်းအကျင်းမှ အကျိုးခံစားခွင့်များရရှိခဲ့ကြသည်ဟု သုံးသပ်ရသည်။ "စစ်အုပ်ချုပ်ရေးအောက်မှာတရုတ်ကုမ္ပဏီတွေက ဒေသခံတွေတောင်မသိလိုက်ဘဲ သယံဇာတအရင်းအမြစ်တွေကို မနားမနေ ခေါင်းပုံဖြတ်အမြတ်ထုတ်သွားခဲ့ကြတယ်" ဟု မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်းမှ ခွန်းမြင့်နိုင် ပြောဆိုရှင်းပြသွားခဲ့သည်။ "တရုတ်လုပ်ငန်းတွေက တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေပိုင်တဲ့ ကုမ္ပဏီတွေမှာလည်း ရင်းနှီးမြှုပ်နှံထားကြတယ်။ အခုတော့ အရင်ကလို ဥပဒေဘောင်အပြင်က မဟုတ်တော့ဘဲ တရားဝင်လုပ်လာကြပြီဆိုပေမယ့် အကျင့်ပျက်ခြစားမှုတွေတော့ ရှိနေတုန်းပဲ။"[၂၃]

လက်ရှိအချိန်ထိ အမှန်တကယ် ထုတ်ယူလျက်ရှိသည့် သစ်လုံးတန်ချိန်ပမာဏ အတိအကျကို ခြေရာခံနိုင်ရန်များစွာခဲယဉ်းနေဆဲဖြစ်သည်။ KNPP နှင့် NLD အစိုးရနှစ်ရပ်စလုံးသည် သစ်ထုတ်လုပ်ရေးကြောင့် ဖြစ်ပေါ်လာမည့်သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုကိုအသိအမှတ်ပြု၍ သစ်လုပ်ငန်းကို ကန့်သတ်ထိန်းချုပ်နိုင်စေရန် ဤနှစ်များအတွင်း ကြိုးပမ်းအားထုတ်လာခဲ့သည်။ KNPP ၏ ၂၀၁၅ ခုနှစ် သဘောထားထုတ်ပြန်ချက်အတွင်း သစ်ထုတ်လုပ်မှုကို အဆုံးသတ်သွားမည်ဟု ကြေညာထားသည်။ ထို့အတူ NLD အစိုးရသည်လည်း နောက်ပိုင်း ၂၀၁၆ခုနှစ် မေလမှစ၍ ၂၀၁၇ ခုနှစ်မတ်လအထိ တစ်နိုင်ငံလုံးအတိုင်း



ဖားဆောင်းမြို့နယ် လမ်းတစ်လျှောက်ရှိ သစ်လုံးများ (TK)

အတာသစ်ထုတ်လုပ်မှုကို တားမြစ်ပိတ်ပင်သည့် အမိန့်တစ်ရပ်ကို ထုတ်ပြန်လာခဲ့သည်။[၂၄] ဤအမိန့်သည် ဦးသိန်းစိန်အစိုးရ၏ သစ်အလုံးလိုက်တင်ပို့မှုကို တားမြစ်ခဲ့သည့် ၂၀၁၄ ပို့ကုန်ကန့်သတ်ချက်၏ နောက်ဆက်တွဲ အမိန့်ညွှန်ကြားချက်ဖြစ်သည်။[၂၅] အချို့ဒေသများ၌ ဤအမိန့်ညွှန်ကြားချက်သည် သစ်ထုတ်ယူမှုအပေါ် ဒေသအဆင့် သက်ရောက်မှုအချို့ရှိစေခဲ့သလို သစ်ကားမောင်းသူများနှင့် သစ်ကွင်းအလုပ်သမားများ၏အလုပ်အကိုင်များကိုလည်း ရိုက်ခတ်မှုရှိလာခဲ့သည်။ တစ်ချိန်တည်းလိုလို၌ ထိုင်းအာဏာပိုင်များကလည်း ဤနှစ်များအတွင်း အရောင်းအဝယ်ပြုလုပ်ခဲ့သည့် သစ်တန်ချိန် လျော့ကျသွားခဲ့သည်ဟု ဝန်ခံပြောဆိုခဲ့သည်။ ထိုသို့ကျဆင်းသွားခဲ့ခြင်းသည် အစိုးရ၏ ပိတ်ပင်တားမြစ်မှုကြောင့်သာမက နှစ်ဖက်နယ်စပ်မျဉ်းတစ်လျှောက် နှစ်ပေါင်းများစွာ သစ်အလွန်အကျွံထုတ်ယူခဲ့ခြင်းသည်လည်း တစ်စိတ်တစ်ပိုင်းအပါအဝင်ဖြစ်သည်။[၂၆]

မည်သို့ဆိုစေ ၂၀၁၆ ပိတ်ပင်မှုမတိုင်မီက ဖုတ်ပူမီးတိုက်အလောတကြီး ကြိုတင်ရောင်းချထားမှုများကြောင့် သဘာဝပတ်ဝန်းကျင်အပေါ် မည်သည့်ကောင်းကျိုးမျှ သိသိသာသာသက်ရောက်လာခဲ့ခြင်းမရှိပေ။ တားမြစ်ချက်ကိုလည်း နောက်ပိုင်းတစ်နှစ်မပြည့်ခင်မှာပင် ပြန်လည်ရုပ်သိမ်းခဲ့သည်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဦးခင်မောင်ရီက ၂၀၁၆-၁၇ ခုနှစ်အတွင်း တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် တရားမဝင်သစ်တန်ချိန်ပေါင်း ၅၀၀၀၀ ကျော် ဖမ်းဆီးရမိခဲ့သည်ဟုဖွင့်ဟပြောဆိုသွားခဲ့သည်။ ဤအချက်အားဖြင့် သစ်ထုတ်လုပ်မှုကို ပိတ်ပင်ထားသည့် ကာလအတွင်း သစ်လုပ်ငန်းများအုံလိုက်ကျင်းလိုက် ဆက်လက်လည်ပတ်နေခဲ့သည်ဟုသုံးသပ်နိုင်ပါသည်။[၂၇] ထို့နောက် ၂၀၁၈ ခုနှစ်အရောက်တွင်အစိုးရအနေဖြင့် ၂၀၁၇- ၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း သစ်ထုတ်လုပ်မှုကို ၄၀% ထိ လျှော့ချသွားမည်ဖြစ်ကြောင်းနှင့် ပုဂ္ဂလိကကုမ္ပဏီများကို သစ်ဆက်လက်ခုတ်လှဲခွင့်မပြုတော့ကြောင်း ကြေညာမောင်းခတ်ခဲ့သည်။[၂၈] သို့သော်လည်း ယခင်အတိတ်သမိုင်းအဆက်ဆက် ဖြစ်ပွားလာခဲ့သည့် အတွေ့အကြုံများအရ ရပ်ရွာခေါင်းဆောင်များသည် မည်သည့်အင်အားစု၏ သဘောထားထုတ်ပြန်ချက်များနှင့် တရားဝင်ကိန်းဂဏန်း အချက်အလက်များကိုမျှ အယုံအကြည်မရှိတော့ပေ။ မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်းမှ ခွန်းမြင့်နိုင်က "သဘောထားထုတ်ပြန်ချက်က သဘောထားတစ်ခုသက်သက်ထက် ဘာမှမပိုပါဘူး" ဟု ပြောဆိုသွားခဲ့သည်။[၂၉] KNPP ၏ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်ခူဧေးရယ်က "သစ်ထုတ်တာကိုပိတ်ပင်တားဆီးလိုက်တဲ့ ၂၀၁၅ ခုနှစ်သဘောထားကြေညာချက်ကို ထုတ်ပြန်လိုက်တာနဲ့ ကယားပြည်နယ်အစိုးရက 'နည်းနည်းလျှော့ဖို့' ကျနော်တို့ကိုတောင်းဆိုလာခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ဖက်မှာ ကုမ္ပဏီတွေနဲ့ကြိုလက်မှတ်ထိုးထားတာတွေရှိနေပြီးသစ်လုံးအားလုံးကိုလည်း တောထဲကမထုတ်ရသေးဘူးလို့ အကြောင်းပြလာခဲ့တယ်။ သူတို့တွေက အရင်အစိုးရနဲ့ သဘောတူထားတဲ့စာချုပ်တွေအရ သစ်လုံးတွေကို ထုတ်ယူနေကြတာပါ" ဟု ပြောဆိုသွားခဲ့သည်။[၃၀]

အပူတပြင်း အရေးယူဆောင်ရွက်မှုများမရှိပါက အနာဂတ်ကယားပြည်နယ်တွင်း သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ၏ အနာဂတ်အလားအလာ မှေးမှိန်လင့်ချက်မဲ့သွားပါလိမ့်မည်။ KNPP ငြိမ်းချမ်းရေးသဘောတူညီချက်လက်မှတ်ရေးထိုးပြီး (၆) နှစ်အကြာ၌ လက်တစ်ဆုပ်စာရေပေါ်ဆီ လူတန်းစားများ၏ အကျိုးစီးပွားများအတွက် ရေရှည်တည်တံ့ခိုင်မြဲမှုမရှိသည့်ပုံစံဖြင့် ထုတ်ယူသုံးစွဲမှုအလေ့အထများ ဆက်လက်တည်ရှိနေဆဲဖြစ်သည်။ အဓိကအားဖြင့် နှစ်ရှည်လများ အမြစ်တွယ်လာခဲ့သည့် အကျင့်ပျက်ခြစားမှုနှင့် ညံ့ဖျင်းသည့် အုပ်ချုပ်စီမံရေးလုပ်ငန်းများကြောင့်ဆက်လက် သက်ဆိုးရှည်နေခဲ့ခြင်းဖြစ်သည်။[၃၁] ရှားတောမြို့နယ် အမျိုးသားလွှတ်တော်၏ NLD အမတ် ဦးအောင်ကျော်စိုးကလည်း ဤလုပ်ငန်းတစ်ခုလုံးကို စည်းကြပ်အုပ်ချုပ်သည့်ဥပဒေနှင့် ပွင့်လင်းမြင်သာမှုကင်းမဲ့သည့်ကိစ္စရပ်အပေါ် ထောက်ပြပြောဆိုသွားခဲ့သည်။ "ဘယ်သူကဘယ်ကုမ္ပဏီကိုထောက်ခံပေးထားခဲ့သလဲဆိုတာကို ကျနော်တို့ အတိအကျမသိဘူး။ တစ်ချို့က အစိုးရနဲ့ ဆက်စပ်နေပြီးတော့ တစ်ချို့ကျ လက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ဆက်စပ်နေသလို ဒီနှစ်ခုကြားမှာ တရားမဝင်ခိုးထုတ်နေကြတာလည်း အများကြီးရှိနေတယ်။"[၃၂]

လုပ်ငန်းနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်များချမှတ်ရာ၌ ယခုထက်ပို၍ ပွင့်လင်းမြင်သာမှုရှိစေရန် တောင်းဆိုသည့်အနေဖြင့် ကရင်နီအရပ်ဖက်လူ့အဖွဲ့အစည်းများက "နယ်ခံလူထုတွေ ဘာအကျိုးမှ မခံစားရဘဲ အနာဂတ်အတွက် စိတ်မကောင်းဖြစ်နေကြရတယ်" ဟုတုန့်ပြန်သွားခဲ့သည်။[၃၃] ကရင်နီလူမှုဖူလုံရေးနှင့် ဖွံ့ဖြိုးရေး

ကော်မတီမှ ဗညားခွန်အောင်က စီးပွားရေးသမားများ၏ ဤကဲ့သို့သော ခေါင်းပုံဖြတ်အမြတ်ထုတ်မှု အတိုင်းအတာကိုဖြေရှင်းရာ၌ "လူမှုရေးနဲ့ သဘာဝပတ်ဝန်းကျင်ကို အန္တရာယ်ဖြစ်စေတဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို" အဆုံးသတ်ခြင်းကသာ တစ်ခုတည်းသောအဖြေဖြစ်သည်ဟု ပြောဆိုသွားခဲ့သည်။[၂၄]

လက်ရှိအချိန်ထိ အကျင့်ပျက်ခြစားမှုနှင့် လက်နက်အင်အားတောင့်တင်းရေး နည်းဗျူဟာများ ဆက်လက်တွင်ကျယ်နေဆဲဖြစ်သည်။ ဤခါးသီးဖွယ်ရာ အမှန်တရားသည် လွိုင်ကော်မြို့အနီးရှိ KNPP ၏ စစ်ဆေးရေးဂိတ်ရှိ အစောင့်စစ်သားသုံးဦးနှင့် အရပ်သားတစ်ဦးကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ၌ တပ်မတော်မှ မတရားဖမ်းဆီးသတ်ဖြတ်လိုက်ပြီး နောက်ပိုင်းမှသာ နိုင်ငံတကာ၏ အာရုံစိုက်မှုရရှိခဲ့သည်။ Amnesty International ၏ ထုတ်ပြန်ချက်အရ ဤကဲ့သို့ ဖြောင့်ကျကျ ရန်လိုတိုက်ခိုက်မှုသည် တရားမဝင်သစ်ခုတ်ယူသယ်ဆောင်လာသည့်တပ်မတော်ကားတန်းကို ရပ်တန့်စစ်ဆေးခဲ့ရာမှ ပေါ်ပေါက်လာခြင်းဖြစ်သည်ဟု သိရှိခဲ့ရသည်။[၂၅] ငြိမ်းချမ်းရေးတည်ဆောက်မှုကာလဖြစ်နေရမည့်အစား စိတ်မကောင်းစွာဖြင့် ကယားပြည်နယ်အတွင်း သစ်နှင့် အခြားသယံဇာတအရင်းအမြစ်စစ်ပွဲများ ဆက်လက်ဖြစ်ပွားနေခဲ့သည်။[၂၆]

## ရေကာတာများ

ရေကာတာများသည် ကယားပြည်နယ်နေ လူထုလူတန်းစားများအတွက် တိုက်ပွဲခေါ်သံကဲ့သို့ဖြစ်နေသည်။ KNPP အပစ်အခတ်ရပ်စဲပြီးနောက် သံလွင်မြစ်၊ ပွန်ချောင်းနှင့်သဘက်မြစ်များပေါ် တည်ဆောက်သွားရန် အဆိုပြုထားသည့်ရေကာတာများသည် အရပ်ဖက်လူ့အဖွဲ့အစည်းများအတွက်စည်းရုံးဆန့်ကျင်ရမည့်ကိစ္စရပ်တစ်ခုဖြစ်လာခဲ့သည်။ အပစ်အခတ်ရပ်စဲရေးက နာမည်ဆိုးဖြင့်ကျော်ကြား၍ အများလက်မခံနိုင်သည့် စီမံကိန်းများ ဆက်လက်ဖော်ဆောင်လာမည်ကို စိုးရိမ်ပူပန်နေကြသည်။ ကရင်နီတို့ ရေကာတာများအပေါ် အကဲဆတ်မှုများသည် လူမှုရေးကသောင်းကနင်းဖြစ်မှုနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုသက်သက်ထက် များစွာကျော်လွန်ကျယ်ပြန့်သည့် စိုးရိမ်ပူပန်များဖြစ်သည်။ ဤကိစ္စရပ်သည် နှစ်ပေါင်းများစွာ နာတာရှည်ဖြစ်နေသည့် နိုင်ငံရေးပြဿနာတစ်ခုဖြစ်ပြီး ဒေသခံအရပ်ဖက် လူ့အဖွဲ့အစည်းများ၏ စည်းရုံးအရေးဆိုမှုနှင့် ဆန့်ကျင်ဆန္ဒပြမှုများက ခေတ်သစ်ဒီမိုကရေစီမျက်နှာစာကို အကဲစမ်းလျက်ရှိသည်။

အထူးသဖြင့် ၁၉၆ မီဂါဝပ်ရှိသည့် လောပိတ (ဘီလူးချောင်းဟုလည်း သိကြသည့်) ရေအားလျှပ်စစ်စက်ရုံကြောင့် ရရှိခဲ့သည့် နာကျည်းနစ်နာချက်များ လွန်စွာနက်ရှိုင်းနေဆဲဖြစ်သည်။ လွိုင်ကော်မြို့အရှေ့တောင်ဖက်ဒေသ၌ဂျပန်တို့၏အကူအညီဖြင့် ၁၉၆၀ ပြည့်နှစ်အတွင်း တည်ဆောက်ပြီးစီးခဲ့ခြင်းဖြစ်သည်။ ဤရေကာတာဆောက်လုပ်ရေးကြောင့် ခန့်မှန်းခြေအားဖြင့် လူဦးရေ ၁၇၄၀ ဦးရှိသည့် ကျေးရွာပေါင်း ၁၁၄ ရွာသည် မည်သည့်လျော်ကြေးမျှ မရရှိဘဲ ရွှေ့ပြောင်းပေးခဲ့ရသည်။[၂၇] ထို့အပြင် ကျန်အများအပြားကိုလည်း ဓာတ်အားစက်ရုံသို့ ရေပို့လွှတ်မည့် မိုးဗြဲရေကာတာ တည်ဆောက်ပြီးစီးသည့်နောက်ပိုင်း ရေလွှမ်းဒေသဖြစ်သည်ဟုဆိုကာ အတင်းအကျပ် ရွှေ့ပြောင်းစေခဲ့သည်။ ဤဓာတ်အားပေးစက်ရုံကြောင့် နယ်မြေတွင်းလုံခြုံရေးယူပေးမည့်တပ်ရင်းတပ်ဖွဲ့များနှင့် မြေမြှုပ်မိုင်းများတိုးပွားလာခဲ့ပြန်သည်။ သို့သော်လည်း ယနေ့အချိန်ထိ ခံရအခက်ဆုံး နာကျည်းချက်မှာ တည်ဆောက်ရေးလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာသည့် ကသောင်းကနင်းဖြစ်မှုဒဏ်ကို အများဆုံးခါးစည်းခံခဲ့ကြရသော်လည်း ထွက်ရှိလာသည့် လျှပ်စစ်ဓာတ်အားအများစုကို နယ်ခံလူထုလူတန်းစားများအတွက် ပြန်လည်ဖြန့်ဖြူးခဲ့ခြင်း အလျဉ်းမရှိသည့် ကိစ္စရပ်ပင်ဖြစ်သည် ("လောပိတပဟေဠိ – ခင်ဗျားတို့လျှပ်စစ်မီးရဖို့ ကျွန်ုပ်တို့ ဘဝတွေကို ချနင်းရက်ကြတယ်" စာကွက်ကိုကြည့်ပါ)။

ဤစိုးရိမ်ပူပန်မှုများကို ထည့်သွင်းစဉ်းစားပေးသည့် အနေဖြင့် KNPP ၏ အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်အတွင်း အနာဂတ်ကယားပြည်နယ်၌ အကောင်အထည်ဖော်သွားမည့် အကြီးစားစီမံကိန်းများကို အရပ်ဖက်လူ့အဖွဲ့အစည်းများအား စောင့်ကြည့်လေ့လာခွင့်ပြုရမည်ဟုဖော်ပြထားသည်။ယင်းတို့၌တရုတ်ကုမ္ပဏီတစ်ခုဖြစ်သည့် ဒါ့တန်း (Datang) မှ ကွင်းဆင်းလေ့လာလျက်ရှိသည့်သံလွင်မြစ်ပေါ်တည်ဆောက်သွားမည့်မီဂါဝပ်၆၀၀– ၄၀၀၀ ရှိသည့် ရွာသစ်ရေကာတာစီမံကိန်းလည်း တစ်ခုအပါအဝင်ဖြစ်ခဲ့သည်။ ကရင်နီအရပ်ဖက် လူ့အဖွဲ့အစည်း

ကိုယ်စားလှယ်များက အစိုးရသည် ကရင်နီအရပ်ဖက်လူမှုအဖွဲ့အစည်းများကွန်ရက်ကို ရေကာတာစီမံကိန်းနယ်မြေအတွင်း ဝင်ရောက်လေ့လာခွင့်မပြုသဖြင့် အပစ်အခတ်ရပ်စဲရေးစာချုပ်ပါ ဤသဘောတူညီချက်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည်ဟု ပြောဆိုစွပ်စွဲသွားခဲ့သည်။[၃၈] လက်ရှိအချိန်၌ စီမံကိန်းကို ရပ်နားထားပြီးဖြစ်သည်ဟု ထုတ်ပြန်ခဲ့ကြသည်။ သို့သော်လည်း စီမံကိန်းနယ်မြေတွင်း ဝင်ရောက်လေ့လာခွင့်မပြုထားသလို အစိုးရဖက်ကသတင်းအချက်အလက်ထုတ်ပြန်မှု နည်းပါးလွန်းသဖြင့် အမှန်တကယ် ရပ်နားထားပြီးဖြစ်သည်ဟု အတိအကျ ပြောဆိုနိုင်ရန် ခဲယဉ်းနေဆဲဖြစ်သည်။

ထို့အပြင် ပွန်ချောင်းပေါ် တည်ဆောက်သွားရန် အဆိုပြုထားသည့် မီဂါဝပ် ၁၃၀ ရှိသည့် ရေကာတာနှင့် သဘက်မြစ်ပေါ် တည်ဆောက်သွားမည့် မီဝါဝပ် ၁၁၀ ရှိသည့် ရေကာတာစီမံကိန်းများနှင့် ပတ်သက်သည့် သတင်းအချက်အလက်ရရှိနိုင်မှု ပို၍ပင်နည်းပါးနေဆဲဖြစ်သည်။ ပွန်ချောင်းပေါ်တည်ဆောက်သွားမည့်ရေကာတာအတွက် ၂၀၁၅ ခုနှစ် အောက်တိုဘာလ၌ မြန်မာနိုင်ငံလျှပ်စစ်စွမ်းအင်ဝန်ကြီးဌာနနှင့် H.T.C.T Energy Investment Co.Ltd (မြန်မာ) နှင့် Trust Energy Invesentment Pte.Ltd (စင်ကာပူ) တို့အကြား နည်းလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးသွားခဲ့သည်ဟု KSCN မှ ထုတ်ပြန်သွားခဲ့သည်။[၃၉]

နောက်ပိုင်း ဖေဖော်ဝါရီလအတွင်း ဘော်လခဲမြို့နယ်မြောက်ဖက်၁၀ကီလိုမီတာအကွာပွန်ချောင်းတစ်လျှောက်ရှိစောလွန်းကျေးရွာအုပ်စုအတွင်း ကုမ္ပဏီကိုယ်စားလှယ်များစစ်တမ်းစတင်ကောက်ယူနေပြီဟူသည့် သတင်းများပေါ်ထွက်လာခဲ့သည်။ သို့သော်လည်း ရွာသစ်ရေကာတာစီမံကိန်းကဲ့သို့ပင် “စစ်တမ်းကို နယ်ခံလူထုလူတန်းစားများနှင့် ဆွေးနွေးတိုင်ပင်မှုမရှိဘဲ ဖော်ဆောင်လျက်ရှိပြီး စီမံကိန်းနှင့် ပတ်သက်၍ ပွင့်လင်းမြင်သာမှုကင်းမဲ့လျက်ရှိသည်ဟု” KSCN မှ သုံးသပ်မှတ်ချက်ပြုခဲ့ပြီး အချို့ရွာသူရွာသားများက စစ်တမ်းသည် “တံတားဆောက်လုပ်ရေး” အတွက်ဖြစ်သည်ဟု ပြောဆိုလျက်ရှိသည်။[၄၀] ဤကဲ့သို့သောအပြုအမူသည် “ကရင်နီပြည်၌ ဖော်ဆောင်သွားမည့် အကြီးစားစီမံကိန်းများအားလုံးကို ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုရှိရှိ ဖော်ဆောင်သွားရမည်ဟု အတိအလင်းဖော်ပြထားသည့် ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်ကို တိုက်ရိုက်ချိုးဖောက်ရာရောက်နေသည်” ဟု KNPP ဖက်က ထုတ်ပြန်ပြောဆိုသွားခဲ့သည်။[၄၁] ထို့ကြောင့် KNPP သည် “စစ်တမ်းအဖွဲ့ကို ပိတ်ဆို့တားဆီး၍ စီမံကိန်းနယ်မြေမှ ထွက်ခွာသွားကြရန် ပြောဆိုခဲ့သည်။”[၄၂] KNPP သည် ရေကာတာဆောက်လုပ်ရေး လုပ်ငန်းများအပေါ် စဉ်ဆက်မပြတ် ဆန့်ကျင်ကန့်ကွက်လာခဲ့ပြီး ၎င်းတို့၏ အဆိုပါရပ်တည်ချက်ကြောင့် နယ်ခံလူထုလူတန်းစားများ၏ လေးစားအသိအမှတ်ပြုမှုများ မြင့်တက်လာခဲ့သည်။

ကရင်နီလူထုများအကြား ရေကာတာများ၏ နောက်ဆက်တွဲဆိုးကျိုးအပေါ် စိုးရိမ်ကြောင့်ကျမှုများသည် ၂၀၁၃– ၂၀၁၄ ခုနှစ်အတွင်း ရှမ်းနှင့်နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည့်ဒေသရှိ ရပ်ရွာလူထုပေါင်း ၈၀၀၀ ကျော်ကို အထက်ပေါင်းလောင်းရေကာတာ တည်ဆောက်ရေးလုပ်ငန်းအတွက် ၎င်းတို့၏ နေအိမ်များမှ ဝေးရာအရပ်သို့ ရွှေ့ပြောင်းနေရာချခဲ့မှုကြောင့် ပို၍ကြီးမားလာခဲ့သည်။[၄၃] ရလဒ်အဖြစ် ကယန်း၊ ပအိုဝ်း၊ ရှမ်းနှင့် ဗမာပြည်သူများ အများဆုံး ထိခိုက်နစ်နာခဲ့ကြရသည်။ နယ်ခံလူထုလူတန်းစားများအပေါ် ခြိမ်းခြောက်မှုအန္တရာယ်များသည် ပုံဆွဲစားပွဲပေါ် သက်သက်သာမဟုတ်တော့ဘဲ မြေပြင်နှင့် လွန်စွာနီးကပ်လာခဲ့ပြီဖြစ်သည်။

ဤစီမံကိန်းများအပေါ် စိုးရိမ်ပူပန်မှုများက ကရင်နီအရပ်ဖက်လူ့အဖွဲ့အစည်း (၁၇) ဖွဲ့ကို ၂၀၁၆ ခုနှစ် ကမ္ဘာ့မြစ်ချောင်းများ အထိမ်းအမှတ်နေ့၌ ပူးတွဲသဘောထားကြေညာချက် ထုတ်ပြန်ရသည်အထိ အထိတ်တလန့်ဖြစ်လာခဲ့သည်။ ၎င်းတို့သည် ရေကာတာစီမံကိန်းများ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ပေါ် ဆိုးဆိုးရွားရွားအကျိုးသက်ရောက်မှု၊ ကရင်နီတို့၏ သမိုင်းစဉ်လာ မြို့တော်ဘောလခဲမြို့နယ်၏ယဉ်ကျေးမှုနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ပျက်စီးပျောက်ကွယ်သွားမည့် အလားအလာနှင့် ရေကာတာများ၏လုံခြုံရေးကို အကြောင်းပြု၍ စစ်ဘောင်ချဲ့လာပြီး ယင်းနှင့်အတူ လူ့အခွင့်အရေးချိုးဖောက်မှုများ ဒွန်တွဲလိုက်ပါလာလိမ့်မည်ဟု ဝေဖန်ထောက်ပြခဲ့ကြသည်။[၄၄] ထို့အပြင် ကရင်နီကွန်ရက်သည် ဇီဝမျိုးစုံမျိုးကွဲစုံလင်သည့် ဂေဟစနစ်များနှင့် သစ်တောများသာမက နယ်ခံလူထုလူတန်းစားများ မှီခိုရှင်သန်လျက်ရှိသည့် လယ်ယာမြေနှင့် သားငါးတိရိစ္ဆာန်များပါ ပြန်ပြင်မရအောင် ထိခိုက်ပျက်စီးသွားလိမ့်မည်ဟုလည်း ထောက်ပြပြောဆိုသွားခဲ့သည်။

## လောပိတပဟောင်ဒို – ခင်ဗျားတို့ လျှပ်စစ်မီးရဖို့ ကျုပ်တို့ဘဝတွေကို ချနင်းရက်ကြတယ်။

“ကယားပြည်နယ်သူပြည်နယ်သားတွေအနေနဲ့ ကိုယ့်ရဲ့ သယံဇာတအရင်းအမြစ်တွေကို ခေါင်းပုံဖြတ် အမြတ်ထုတ်ခံနေရတယ်လို့ ရှုမြင်နေကြတယ်။ အရင်တုန်းကဆိုရင် ဒေသခံတွေဟာ လောပိတရေအားလျှပ်စစ် စက်ရုံတည်ဆောက်မှုကိုသာမက လျှပ်စစ်ဓာတ်အားပို့လွှတ်ဖို့ ပဋိပက္ခနယ်မြေတွေကို ဖြတ်ပြီးသွယ်တန်းထား တဲ့မီးကြိုးတွေရဲ့ လုံခြုံရေးကိုပါ ကာကွယ်စောင့်ရှောက်ပေးခဲ့ရတယ်။ ဒါပေမယ့် လျှပ်စစ်မီးတွေက မြို့တော်ဆီ ကိုပဲရောက်သွားခဲ့တယ်။ ဒါတွေက လူတွေကို မခံမရပ်နိုင်ဖြစ်လာပြီး တော်လှန်ပုန်ကန်ချင်လာအောင် လက်နက် ကိုင်တော်လှန်ရေးအင်အားစုတွေ ပေါ်ပေါက်လာအောင် ဝိုင်းဝန်းကူညီပေးဖို့ ဖိအားပေးသလိုဖြစ်လာခဲ့တယ်။ ကျနော့အသက် (၆) နှစ်လောက်တုန်းက ကျနော်ကိုယ်တိုင်လည်း ဒီဓာတ်တိုင်တွေကို လုံခြုံရေးယူပေးခဲ့ရပါ တယ်။ ဒါတွေကို လုပ်ပေးခဲ့ပေမယ့်လည်း တစ်ခါတစ်လေကျ တပ်မတော်သားတွေရဲ့ လူမဆန်အောင် ရိုက်နှက် နှိပ်စက်ပြီး ဆဲဆိုကြိမ်းမောင်းတာတွေ ကျနော်တို့အပေါ် သူတို့ရဲ့ အမုန်းအာဃာတတွေကို လာပြီးပုံချတာမျိုး တွေကိုလည်း ခဏခဏခံခဲ့ရတယ်။ အစိုးရဖက်က ဓာတ်တိုင်တွေကို ခြံစည်းရိုးလာခတ်သွားကြပြီးတာနဲ့ ကျနော် တို့က မနီးမဝေးမှာ တဲကလေးထိုးပြီး ဒီဓာတ်တိုင်တွေကို နေ့ရောညပါ လုံခြုံရေးယူ စောင့်ကြည့်ပေးခဲ့ရတာပါ။ စစ်သားတွေ ရောက်လာပြီဆိုရင် သူတို့အတွက် နေစရာပြင်ဆင်ပေးရသလို အိမ်သာတွေပါ တူးပေးခဲ့ကြရ တယ်။ ပြီးတာနဲ့ သူတို့ဖက်က ကြက်/ဝက်တိရိစ္ဆာန်တွေ တောင်းလာခဲ့ပြီဟေ့ဆိုရင်လည်း သူတို့စားဖို့သောက်ဖို့ အတွက်ဘယ်နည်းနဲ့ဖြစ်ဖြစ်ရအောင်ရှာပေးခဲ့ရတယ်။ တစ်ချို့စစ်သားတွေရဲ့ကြိမ်းမောင်းဆဲဆိုပြီးကန်ကျောက် တာတွေကိုလည်း ကြိတ်မှိတ်သည်းခံခဲ့ရတယ်။ ဒီဓာတ်တိုင်တွေက လွိုင်ကော်ကနေ တောင်ငူကိုသွယ်တန်း ထားတဲ့ ဓာတ်အားလိုင်းတစ်လျှောက် ရှိနေခဲ့ကြတာပါ။ ဒီဓာတ်တိုင်တွေက ပဋိပက္ခနယ်မြေထဲ ရှိနေခဲ့ကြတာ ပါ။ မြန်မာပြည်အလယ်ပိုင်းကလူတွေ လျှပ်စစ်မီးရရှိဖို့ ဒီမှာကျနော်တို့ရဲ့ အသက်တွေကို ရင်းခဲ့ကြရတာပါ။ ဒါပေမယ့် ကျနော်တို့အတွက်တော့ ဘာလျှပ်စစ်မီးမှ မရခဲ့ကြပါဘူး။”

**ရင်းမြစ်** – ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့၌ ဒေသတွင်း NGO ကိုယ်စားလှယ်တစ်ဦးနှင့် တွေ့ဆုံမေးမြန်းမှု

ဤလားရာအခင်းအကျင်းကို ရပ်တန့်ရန်အတွက် ကရင်နီ CSO များက “ရေကာတာ စီမံကိန်းအပါအဝင် နယ်ခံလူထုလူတန်းစားတွေအပေါ် ဆိုးကျိုးသက်ရောက် လာမယ့် အကြီးစားဖွံ့ဖြိုးရေး စီမံကိန်းအားလုံးကို ဖက် ဒရယ်ဒီမိုကရေစီစနစ်အောက်မှာ တိုင်းရင်းသားတွေရဲ့ ကိုယ့် ကြမ္မာကိုယ်ဖန်တီးခွင့်ကို အာမခံချက်ပေးထားပြီး တိုင်း ရင်းသားပဋိပက္ခကို နိုင်ငံရေးအရ ဆွေးနွေးအဖြေရှာနိုင် တဲ့အချိန်ထိ ဆိုင်းငံ့ထားဖို့” တိုက်တွန်းတောင်းဆိုခဲ့ကြ သည်။[၄၅] KCSN ၏ခိုရယ်က “နေပြည်တော်ကလူတွေအတွက် ကျနော်တို့ရဲ့ သမိုင်းစဉ်လာမြို့တော်ဖြစ်တဲ့ ဘော်လခဲမြို့ အပေါ်ဖက်မှာ ရောမကွန်ကရစ်နံရံကြီးဆောက်ဖို့ ရာစုနှစ် ပေါင်းများစွာ ကျနော်တို့ကို ကျွေးမွေးစောင့်ရှောက်လာခဲ့ တဲ့မြစ်ကြီးကို ပိတ်ဆို့ကာဆီးဖို့ဆိုတာ သိပ်ကိုအငြင်းပွား စရာဖြစ်နေပါတယ်။ ဒီစီမံကိန်းက ငြိမ်းချမ်းရေးလုပ်ငန်း စဉ်အတွက်လည်း ချိန်ကိုက်ဗုံးတစ်လုံးလိုပါပဲ” ဟု သတိ ပေးပြောဆိုသွားခဲ့သည်။[၄၆]

၂၀၁၈ ခုနှစ်အတွင်း ရေကာတာဆောက်လုပ်ရေး နှင့်ပတ်သက်၍ ကယားပြည်နယ်အတွင်း စိုးရိမ်ပူပန်မှုများ ဆက်လက်ကြီးထွားလာခဲ့သည်။ မတ်လအတွင်း ဖားဆောင်း မြို့နယ် ဗာဟေးထှာကျေးရွာ ဆန္ဒပြပွဲ၌ BRN နှင့် ရွာသူ ရွာသား ၃၀၀ ကျော်သည် “ပဋိပက္ခဇုံအတွင်း” ရေကာတာ များတည်ဆောက်မှုကို ဆန့်ကျင်ကန့်ကွက်ကြောင်း ထပ် လောင်းပြောဆိုသွားခဲ့သည်။[၄၇] သံလွင်မြစ်နှင့်ရေဝတီမြစ် တို့အပါအဝင် အဓိကမြစ်မကြီးများပေါ် အကြီးစားရေကာ တာတည်ဆောက်မှုများ မပြုလုပ်သင့်ကြောင်း ကမ္ဘာ့ဘဏ် နှင့် နိုင်ငံတကာငွေကြေး ပေါင်းစည်းဆောင်ရွက်ရေးအဖွဲ့ (IFC) တို့၏ တိုက်တွန်းအကြံပြုချက်ကို မကြာသေးမီက

ရန်ကုန်မြို့၌ စီစဉ်ကျင်းပသွားခဲ့သည့် အကျိုးပတ်သက် ပါဝင်သူများ တွေ့ဆုံဆွေးနွေးပွဲ၌ ကြိုဆိုထောက်ခံခဲ့ကြသည်။သို့သော်လည်း ဆန္ဒပြကန့်ကွက်ကြသူများသည် IFC ၏မြစ်မကြီးများထက်စာလျှင် ပွန်ချောင်းကဲ့သို့သော မြစ်လက်တက်များ၌ရေကာတာများကိုအစားထိုးတည်ဆောက်သွားသင့်သည်ဟူသည့် အကြံပြုချက်ကို လက်မခံနိုင်ဖြစ်ခဲ့ကြသည်။ "မြစ်ဝှမ်းဒေသ ဂေဟစနစ်တွေ ရှင်သန်အားကောင်းဖို့နဲ့ မရေမတွက်နိုင်တဲ့ တိုင်းရင်းသားပြည်သူတွေရဲ့အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေ အစွန့်ရှည်တည်တံ့အောင် ထိန်းသိမ်းတဲ့နေရာမှာ မြစ်လက်တက်တွေရဲ့ အခန်းကဏ္ဍလည်း အရမ်းအရေးကြီးတယ်" ဟု BRN မှ မိအချိုင်း ပြောဆိုသွားခဲ့သည်။ "ဒီဖွံ့ဖြိုးရေးက ကျမတို့အတွက်မဟုတ်ပါဘူး။ နှစ်ရှည်လများ တိုက်ပွဲဒဏ်တွေနဲ့ ပဋိပက္ခဒေသတွေမှာ လိုက်ဆောက်နေတဲ့ ရေကာတာ တွေကြောင့် ကျမတို့ အများကြီးထိခိုက်နစ်နာနေကြရတုန်းပဲ။ ငြိမ်းချမ်းရေးအကြောင်း ဆွေးနွေးကြတဲ့အခါမှာ လူတွေက NCA အကြောင်းပဲ ပြောနေကြပေမယ့် ကျမတို့ရဲ့ ဒေသအများအပြားမှာ အခုချိန်ထိ အေးအေးချမ်းချမ်း လုပ်ကိုင်စားသောက်လို့ မရသေးဘူး။"[၄၈]

## သတ္တုတူးဖော်ရေး

ကယားပြည်နယ်တွင်းအပစ်အခတ်ရပ်စဲရေးရေခံမြေခံ၏ နောက်ထပ်အချက်အခြာ ဇဟိုချက်တစ်ခုသည် သတ္တုတူးဖော်ရေးလုပ်ငန်း ဖြစ်လာခဲ့သည်။ သတ္တုအမျိုးအစားပေါင်းများစွာကို တူးဖော်ထုတ်လုပ်လျက်ရှိသည့် ဖရူဆို၊ လွိုင်ကော်၊ မယ်စဲ့မြို့နယ်များနှင့် ရှာသစ်မြို့နယ်ခွဲတို့အပါအဝင် ကယားပြည်နယ်အနှံ့ သတ္တုတွင်းပေါင်းများစွာလည်းပတ်လျက်ရှိသည်။ နယ်ခံသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများ၏ ပြောဆိုချက်အရ လက်နက်ကိုင်အဖွဲ့အစည်းများ အားလုံးနှင့်အတူ တရုတ်နှင့် ဂျပန်စီးပွားရေးလုပ်ငန်းများသည် အနည်းနှင့်အများဆိုသလို သတ္တုတူးဖော်ရေးလုပ်ငန်း၌ ပါဝင်ပတ်သက်နေကြသည်ဟု သိရှိခဲ့ရသည်။[၄၉] ကရင်နီလက်နက်ကိုင် အဖွဲ့အစည်းတိုင်းလိုလိုသည် အနည်းဆုံးသတ္တုတူးဖော်ရေး ကုမ္ပဏီတစ်ခုကို ပိုင်ဆိုင်ထားကြသော်လည်း ဈေးကွက်တစ်ခုလုံးကိုမူ တပ်မတော်ကသာ အပြည့်အဝထိန်းချုပ်ထားခဲ့သည်။ ကယားပြည်နယ်၌ အထင်ကရအရှိဆုံးနယ်မြေသည် တပ်မတော်ကပါ အတိုင်းအတာတစ်ခုအထိ စိုးမိုးထားသည့် မော်ချီးဒေသဖြစ်သည်။ ဒေသတွင်း ပထမဦးဆုံးအကြိမ် အကြီးစားတူးဖော်မှုကို ဗြိတိသျှတို့၏ ကိုလိုနီအုပ်ချုပ်ရေးစနစ်အောက်၌ စတင်ခဲ့ခြင်းဖြစ်ပြီး ထိုအချိန်ကကမ္ဘာပေါ်၌ ခဲမဖြူ (ဝါ) ခဲနှင့် အဖြိုက်နက်ထုတ်လုပ်မှုအတွက် အကြီးဆုံးရင်းမြစ်တစ်ခုဖြစ်ခဲ့သည်။ ယနေ့ခေတ်ဒေသတွင်းလုပ်ငန်းသည် အသေးစားသတ္တုတူးဖော်ရေးနှင့် အကြီးစားတူးဖော်ရေးလုပ်ငန်းများဖြင့် ရောပြွမ်းလျက်ရှိသည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်း ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်လာခဲ့သည့် လက်နက်ကိုင်ပဋိပက္ခအတွင်း မော်ချီးသတ္တုတွင်း တူးဖော်ရေးလုပ်ငန်းများ လည်ပတ်နိုင်ရန် များစွာခဲယဉ်းသွားခဲ့သည်။ သို့သော်လည်း ခွဲထွက်အဖွဲ့တစ်ခုဖြစ်သည့် ကရင်နီအမျိုးသားစည်းလုံးညီညွတ်ရေးတပ်ဖွဲ့ (KNSO) အပစ်အခတ်ရပ်စဲခဲ့သည့် နောက်ပိုင်းတူးဖော်ရေးလုပ်ငန်းများ သိသိသာသာပြန်၍ အရှိန်ရလာခဲ့သည်။ နယ်ခံသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးသမားတစ်ဦးဖြစ်သည့် အားမူထူးက "အပစ်ရပ်ပြီးတာနဲ့ သတ္တုတူးဖော်ရေးလုပ်ငန်းတွေ တိုးချဲ့ဖော်ဆောင်လာခဲ့သလိုတရားမဝင် 'မှောင်ခိုဈေးကွက်' တွေမှာ အရောင်းအဝယ်လုပ်တာတွေ အရမ်းများလာခဲ့တယ်" ဟု မှတ်ချက်ပေးခဲ့သည်။[၅၀]

ဤအချက်က မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှရွှေ့ပြောင်းအလုပ်သမားများကို ယေဘုယျအားဖြင့် ကယားပြည်နယ်တွင်း တပ်မတော်၏ ထိန်းချုပ်မှုအောက်ရှိကယားပြည်နယ် သတ္တုတူးဖော်ရေးကုမ္ပဏီ (KMPC) ပိုင်ဆိုင်ထားသည့် သတ္တုတွင်းများ၌ လာရောက်အလုပ်လုပ်ကိုင်ကြရန် ဖိတ်ခေါ်သလိုဖြစ်လာခဲ့သည်။ ထိုအချိန်ကာလများအတွင်း နယ်ခံလူထုများ အထူးသဖြင့်ကရင်အများစုသည် တောင်ယာလုပ်ငန်းမှ သတ္တုတူးဖော်ရေးလုပ်ငန်းများကို ပြောင်းလဲလုပ်ကိုင်ခဲ့ကြသည်။ ၎င်းတို့အနေဖြင့် ကျင်းကောင်းကောင်းတစ်ခုရှိရုံဖြင့် လူနှစ်ဦး သို့မဟုတ် သုံးဦးခန့်၏ တစ်လစာဝင်ငွေနှင့် ညီမျှသည့် ၁၀ သိန်းခန့် ဝင်ငွေရှာဖွေနိုင်သည့် အလားအလာကြောင့် စိတ်ယိုင်သွားခဲ့ခြင်းဖြစ်သည်။[၅၁] ဖောက်ခွဲရေးပစ္စည်းများ၊ ကိရိယာတန်ဆာပလာများ၊ ရေနှင့် ကျင်းနေရာများကို ဝယ်ယူ၍ သယ်ယူပို့ဆောင်ရသည့် စရိတ်စကများအားလုံး ပေးချေပြီး

သည့်တိုင် အသားတင်အမြတ်အစွန်း ရရှိနေကြဆဲဖြစ်သည်။

သို့သော်လည်း အောက်ခြေမြေပြင်ရှိ ရပ်ရွာအခြေပြုအဖွဲ့အစည်းများက ဤကဲ့သို့သော အစီအစဉ်များမှရရှိသည့် အမြတ်အစွန်း မဆိုစလောက်သာရှိသည်ဟု လက်ခံထားကြသည်။သတ္တုတူးဖော်မှုကြောင့်ဆိုးဆိုးရွားရွားတိမ်ကောပျက်စီးသွားခဲ့ရသည့် ချောင်းအမည်ကိုယူထားသည့် သတ္တုတူးဖော်မှုစောင့်ကြည့်ရေး မိုလိုအမျိုးသမီးကွန်ရက်၏ ၂၀၁၂ ခုနှစ် အစီရင်ခံစာ၌ ခေါင်းပုံဖြတ်အမြတ်ထုတ်မှုကြီးမားလှသည့် လုပ်ငန်းသဘောသဘာဝကို ဤသို့ရှင်းလင်းတင်ပြထားသည်။

> “ကယားပြည်နယ်အစိုးရကိုယ်တိုင်မသိတဲ့အတွက် ဒီမိုင်းတွင်းတွေကနေ ဝင်ငွေဘယ်လောက်ရနေသလဲ ဆိုတာကို ကယားပြည်နယ် လူထုအနေနဲ့ ဘယ်လိုမှမသိနိုင်တော့ဘူး။ ဆိုတော့ မော်ချီးသတ္တုတွင်းတွေကို ဗဟိုအစိုးရကပဲ လက်ဝါးကြီးအုပ်ထားမှန်း အရမ်းသိသာတယ်။ ခဲမဖြူ (ဝါ) ခဲသတ္တုတွင်းတွေက အကျိုးအမြတ်တွေကို ကုမ္ပဏီတွေကပဲ အားလုံးနီးပါး ရယူနေကြတယ်။ ခဲမဖြူ (ဝါ) ခဲမိုင်းတွင်းပိုင်ရှင်တွေအနေနဲ့ ခဲမဖြူ (ဝါ) ခဲတွေကို တရားမဝင်ဈေးကွက်ထဲ မှောင်ခိုရောင်းချမှပဲ အကျိုးအမြတ်ရနိုင်တော့တယ်။ အစိုးရစစ်တပ်နဲ့ KNSO ပေါင်းပြီး မော်ချီးကနေ လွိုင်ကော်သွားတဲ့လမ်းမှာ စစ်ဆေးရေးဂိတ်တွေ အများကြီးဖွင့်ထားပြီးတော့ ကုန်စည်သယ်ယူပို့ဆောင်မှုအပေါ် တရားဝင်နည်းနဲ့ရော တရားမဝင်နည်းနဲ့ရော အခွန်ကောက်နေကြတယ်။”[၅၂]

သတ္တုတူးဖော်မှုစောင့်ကြည့်ရေး မိုလိုအမျိုးသမီးကွန်ရက်၏ အစီရင်ခံစာအတွင်း သတ္တုတွင်းအလုပ်သမားများတွေ့ကြုံခံစားနေရသည့် အရဲစွန့်ရမှုအန္တရာယ်များကိုလည်း ရှင်းလင်းဖော်ပြထားသည်။ ၎င်းတို့သည် အချိန်မရွေး ကျင်းပြိုကျသွားနိုင်ခြေရှိသည့် အနေအထားမျိုး၌ လုပ်ကိုင်ဆောင်ရွက်ကြရပြီး ကျန်းမာရေးပြဿနာများနှင့် အရက်နှင့် မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့်ဖြစ်ပေါ်လာသည့် လူမှုရေးပြဿနာများကိုပါ ကြုံတွေ့ခံစားနေကြရသည်။

၂၀၁၂ ခုနှစ် KNPP အပစ်ရပ်သွားသည့်နောက် ပိုင်းကယားပြည်နယ်တွင်း သတ္တုတူးဖော်ရေးကို စိတ်ဝင်စားလာသည့် ကုမ္ပဏီများနှင့် ရွှေ့ပြောင်းအလုပ်သမားများ ပို၍များပြားလာခဲ့သည်။ KNPP ၏ ကယားဌာနေကုမ္ပဏီသည် ပြည်နယ်နှင့် ပြည်ထောင်စုအစိုးရတို့ထံမှ သတ္တုတူးဖော်ခွင့်ပါမစ်ရရှိခဲ့သည်။ ထို့အပြင် အခြားကုမ္ပဏီများကို ချပေးခဲ့သည့် အစိုးရ၏ လုပ်ကိုင်ခွင့်ပါမစ်အချို့ကိုပါတားဆီးပိတ်ပင်နိုင်ခဲ့သည်။[၅၃] သို့သော်လည်း လုပ်ငန်းကိုတရားဝင်စည်းကြပ်ထိန်းကျောင်းမှုပြုရန် လောက်လောက်လားလား အရေးယူဆောင်ရွက်မှုမရှိခဲ့ပေ။ ထို့ကြောင့် သတ္တုမိုင်းတွင်းများသည် အနီးပတ်ဝန်းကျင်ဒေသများကိုပါ တိုးချဲ့ဝါးမြိုသွားခဲ့သည်။ “ပဋိပက္ခဇုံတွေမှာ သတ္တုတူးဖော်ရေးလုပ်တာက စစ်တပ်ရဲ့ ထိုးစစ်ဆင်တိုက်ခိုက်မှုပုံစံအသစ်ဖြစ်တယ်”ဟု သတ္တုတူးဖော်မှုစောင့်ကြည့်ရေး မိုလိုအမျိုးသမီးကွန်ရက်က သတိပေးပြောဆိုသွားခဲ့သည်။[၅၄]

ခြောက်နှစ်အကြာ၌ ကုမ္ပဏီများ၏ ပိုင်ဆိုင်မှုနှင့် သတ္တုတူးဖော်ရေးလုပ်ငန်း ဖွဲ့စည်းတည်ဆောက်ပုံသည် တပ်မတော် တပ်ရင်းမှူးများ၊ နိုင်ငံရေးသမားများ၊ ကရင်နီလက်နက်ကိုင် အဖွဲ့အစည်းများနှင့် သြဇာလွှမ်းမိုးမှုအားကြီးသည့် စီးပွားရေးဆိုင်ရာ အကျိုးစီးပွားများအကြား အခွင့်ထူးခံ အပေးအယူကဲ့သို့ဖြစ်လာသည့် အပစ်အခတ်ရပ်စဲရေးပုံရိပ်ကြီး ပို၍ပီပြင်ရုပ်လုံးပေါ်လာခဲ့သည်။ နယ်ခံရပ်ရွာဖွံ့ဖြိုးရေးလုပ်အားရှင်များက တပ်မတော်နှင့် လက်နက်ကိုင်ခေါင်းဆောင်များအကြား “စစ်နယ်ရှင်ချင်း” လွှန်ဆွဲအားပြိုင်မှုသည် စစ်ရေးနယ်ပယ်မှ စီးပွားရေးနယ်ပယ်သို့ပြောင်းလဲသွားခဲ့သည်ဟု ဝေဖန်ပြောဆိုသွားခဲ့သည်။ ထင်သာမြင်သာအရှိဆုံးသာဓကတစ်ခုအဖြစ် KNSOခေါင်းဆောင်အများအပြားသည် မော်ချီးဒေသအခြေစိုက် နယ်မြေခံတပ်ရင်းမှူးများနှင့် အလွန်နီးစပ်သည့် ဆက်ဆံရေးမျိုးကို ဆက်လက်ထိန်းသိမ်းထားကြဆဲဖြစ်သည်။ လက်နက်ကိုင်အဖွဲ့များဖြစ်ကြသည့် KNPP၊ KNPLF၊ ကရင်နီအမျိုးသားငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ(KNPDP) နှင့် ကရင်နီအမျိုးသား ဒီမိုကရက်တစ်ပါတီ (KNDP) တို့သည်တရုတ်ကုမ္ပဏီများနှင့် လက်တွဲအလုပ်လုပ်ရနိုင်ခြေရှိသည့် လုပ်ငန်းခွင့်ပြုချက်ရရှိရန် အပြိုင်လျှောက်ထားကြရာ၌ မျက်နှာသာပေးဆက်ဆံမှုရရှိရန် မျှော်လင့်၍ ဤကဲ့သို့သော ဆက်ဆံရေးမျိုးကို ဆက်လက်ထိန်းသိမ်းထားကြခြင်းဖြစ်သည်။[၅၅] လက်ရှိအချိန်၌ အဖွဲ့အသီးသီးသည်




ကရင်နီအမျိုးသားစည်းလုံးညီညွတ်ရေးတပ်ဖွဲ့ (KNSO) ၏ မော်ချီးဖိုင်းတွင်း စစ်ဆေးရေးဂိတ်တစ်ခု (FBR)

အတိုင်းအတာတစ်ခုအထိ ဆက်လက်အာဏာချိန်ခွင်လျှာ ညှိနိုင်ပြီး အနည်းဆုံးငွေးတို့ဖက်ခြမ်းမှ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် များကို ဆက်ထိန်းထားနိုင်လောက်သည့် အမြတ်အစွန်းများကို ရရှိထားကြပြီဖြစ်သည်။ ဤဒေသတွင်း ကုမ္ပဏီများအနက် အကြီးစားလုပ်ကွက်များကို ယခင်ကဖားဆောင်းမြို့နယ် တပ်ရင်းမှူးဖြစ်ခဲ့သလို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ အမတ်ဟောင်းဖြစ်သည့် ဦးရဲထွန်းတင်အပါအဝင် KNSO နှင့် KNPLF ခေါင်းဆောင်များ ပိုင်ဆိုင်ထားကြခြင်းဖြစ်သည်။ KNPP သည်လည်း အကျိုးစီးပွား ပါဝင်ပတ်သက်လျက်ရှိသည် (“မော်ချီးဒေသ သတ္တုတူးဖော်ရေး – အပစ်အခတ်ရပ်စဲရေးလောကယ်” စာကွက်ကိုကြည့်ပါ)။

သတ္တုတူးဖော်ရေး လုပ်ငန်းတစ်ခုလုံး၏ စီမံအုပ်ချုပ်ရေး ကိစ္စအဝဝကို ဦးရဲထွန်းတင်၏ စီမံခန့်ခွဲမှုအောက်ရှိ KMPC မှ ထိန်းချုပ်ထားပြီး သတ္တုတူးဖော်ရေးကဏ္ဍတစ်ခုလုံးကို ကြီးကြပ်ထိန်းကျောင်းထားသည်။ KMPC ကို တပ်မတော်၏ လက်ဝယ်ခံအဖွဲ့အစည်းတစ်ခုဖြစ်သည့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်က ပိုင်ဆိုင်သည်။ ဦးပိုင်ရရှိလာသည့် အကျိုးအမြတ်များကို နာမည်အသစ်ပြောင်းထားသည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအောက်ရှိ အမှတ် (၂) စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသို့ အချိုးကျပြန်လည်ခွဲဝေပေးလျက်ရှိသည်။ စိတ်ကြိုက်လည်ပတ်ဆောင်ရွက်နိုင်သည့် KNSO ကုမ္ပဏီများမှလွဲ၍ အခြားကုမ္ပဏီများသည် KMPC ချပေးသည့် လုပ်ကွက်များတွင်သာ တူးဖော်ခွင့်ရှိကြသည်။ ထုတ်ကုန်များအားလုံးကို KMPC တောင်ပေါ် ကျေးရွာရုံးသို့သာ သတ်မှတ်နှုန်းထားအတိုင်း လာရောက်ရောင်းချရမည်ဟူသည့် သဘောတူညီချက်ဖြင့် ကျင်းအရွှေ့အပြောင်း၊ ခဲယမ်းများ၊ စနက်တံများကိုပါ ရောင်းချပေးလျက်ရှိသည်။ KMPC နှင့် တပ်မတော်တို့အကြား ပိုင်ဆိုင်မှုချင်းပေါင်းစည်းထားကြောင်းပြဆိုလျက်ရှိသည့် အထောက်အထားတစ်ရပ်အဖြစ် လွိုင်ကော်မြို့ရှိ တပ်မတော်ဒေသစစ်ဆင်ရေးကွပ်ကဲရေးရုံး၌ သတ္တုရောင်းရငွေများကို သွားရောက်ထုတ်ယူနိုင်သည်ဟု သိရှိရသည်။ လက်တွေ့၌ နိုင်ငံခြားတင်ပို့မည့် ထုတ်လုပ်မှုအများစုသည် ဒေသတွင်းစစ်ဆေး

ရေးဂိတ်ပေါင်းစုံကို ဖြတ်သန်းသယ်ဆောင်လာသည့် တစ်ဦးချင်းရောင်းချမှု အများဆုံးဖြစ်သည်။ ထို့နောက် ခဲမဖြူနှင့် အဖြိုက်နက်အများစုကို ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဆက်လက်သယ်ဆောင်ရောင်းချခြင်းဖြစ်သည်။

သတ္တုမိုင်းလုပ်ငန်းများသည် နယ်ခံလူထုလူတန်းစားများအတွက် အရဲစွန့်ရမှုအန္တရာယ်ပေါင်းစုံကို ဆက်လက်ဆောင်ကျဉ်းလာနေဆဲ ဖြစ်သည်။ ၂၀၁၅ ခုနှစ် အောက်တိုဘာလအတွင်း KMPC အပိုင် မော်ချီးမိုင်းတွင်း တစ်ခု၌ ကျင်းပြိုကျမှုကြောင့် အနည်းဆုံး ၂၈ ဦးသေဆုံး၍ ၅၀၀ ကျော် နေရပ်စွန့်ခွာခဲ့ကြရသည်။[၅၆] ဤကျင်းပြိုမှုအပြီး၌ မိုင်းလုပ်ငန်းများ ခေတ္တခဏမျှ လည်ပတ်မှုတန့်သွားခဲ့သလို သတ္တုလုပ်ငန်းကြောင့် နောက်ပိုင်းဆက်လက်ဖြစ်ပွားလာမည့် ဘေးအန္တရာယ်ဆိုးများနှင့် ပတ်သက်၍ ဘာသာရေးခေါင်းဆောင်များကလည်း စိုးရိမ်တကြီးသတိပေးပြောဆိုမှုများ ပြုလုပ်ခဲ့ကြသည်။ သို့သော်လည်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးသမားတစ်ဦးဖြစ်သည့် အားမူထူးက “နယ်ခံလူထုလူတန်းစားတွေ အနေနဲ့ မိုင်းတွင်းပိတ်သွားပြီး သူတို့လုပ်ကိုင်စားသောက်ရအခက်အခဲဖြစ်လာမှာကို စိုးရိမ်တဲ့အတွက် ဆက်မတူးကြပါနဲ့တော့လို့ပြောဖို့ တွန့်ဆုတ်နေကြတယ်။ မိုင်းလုပ်ငန်းက ဒေသခံတွေရဲ့ အဓိကဝင်ငွေရင်းမြစ်တစ်ခုဖြစ်နေတဲ့အတွက် သူတို့ကိုပိုက်ဆံပေးနေတဲ့ အလုပ်ကဘယ်လောက် အန္တရာယ်များသလဲဆိုတာကို ရှင်းပြပြောဆိုရ အရမ်းခက်ပါတယ်” ဟု ပြောဆိုရှင်းပြခဲ့သည်။[၅၇]

အစိုးရဖက်က နှစ်အနည်းငယ်မျှ တစ်ဆို့နေခဲ့ပြီးနောက် ၂၀၁၈ ခုနှစ် မတ်လအရောက်တွင် သတ္တုတွင်း ဥပဒေပြင်ဆင်ချက်များကိုစတင်အသက်သွင်းလာခဲ့သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆက်လက်ဖိတ်ခေါ်အားပေးနေဆဲဖြစ်သော်လည်း ဤပြင်ဆင်ချက်များအရ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အစိုးရများသည် “အသေးစားနှင့် အလတ်စား” မိုင်းတွင်းများကို စီမံခန့်ခွဲရသည့် ဆုံးဖြတ်ချက်ချမှတ်မှုဖြစ်စဉ်၌အတိုင်းအတာတစ်ခုအထိပြောရေးဆိုခွင့်ရရှိလာခဲ့သည်။[၅၈] သို့သော်လည်း ပဋိပက္ခရေခံမြေခံကြောင့် ကယားပြည်နယ်အတွင်းရှိ သတ္တုလုပ်ငန်းအလေ့အထများ အချိန်ခဏအတွင်း အနှစ်သာရရှိရှိပြုပြင်ပြောင်းလဲလာမည်ဟု မျှော်လင့်စောင့်စားသူ အနည်းအကျဉ်းသာရှိခဲ့သည်။ ဤအချက်ကိုကြည့်မည်ဆိုပါက သတ္တုတွင်းလုပ်ငန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာ ပြုပြင်ပြောင်းလဲမှုပြုလုပ်သွားရန် လိုအပ်နေကြောင်းပြဆိုလျက်ရှိသည်။ သတ္တုတွင်းကဏ္ဍကို လေ့လာဆန်းစစ်ထားသည့် မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (MCRB) ၏ လတ်တလော သုံးသပ်ချက်အတွင်း အတိတ်ပြဿနာများကို ကိုင်တွယ်ဖြေရှင်း၍ တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်နိုင်ရန်အတွက် “အခြေခံကျကျပြန်လည် စဉ်းစားသုံးသပ်မှုပြုလုပ်ရန်” လိုအပ်လျက်ရှိသည်ဟု ထောက်ပြပြောဆိုသွားခဲ့သည်။[၅၉]

ယင်းကာလများအတွင်း သတ္တုတူးဖော်မှုစောင့်ကြည့်ရေး မိုလိုအမျိုးသမီးကွန်ရက်နှင့် ကရင်နီအရပ်ဖက်လူမှုအဖွဲ့အစည်း ကွန်ရက်တို့သည် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုရှိလာပြီး အားလုံးပါဝင်မှုရှိသည့် ငြိမ်းချမ်းရေးဖြေရှင်းချက်ရရှိလာသည့်အချိန်ထိ သတ္တုတူးဖော်ရေးလုပ်ငန်းများကိုဆိုင်းငံ့ထားရန် တောက်လျှောက်စည်းရုံးတောင်းဆိုနေခဲ့သည်။ “စစ်မှန်တဲ့ ငြိမ်းချမ်းရေးသဘောတူညီချက်မရခင်အစိုးရနဲ့ ကုမ္ပဏီတွေရဲ့ သတ္တုတူးဖော်ရေးလုပ်ငန်းကို ဆက်ပြီးတိုးချဲ့အကောင်အထည်ဖော်နေတာက လက်နက်ကိုင်ပဋိပက္ခအသစ်တွေ ပေါ်ပေါက်လာပြီး နယ်ခံလူထုတွေဆက်ပြီးထိခိုက်နစ်နာရအောင် မီးထိုးပေးသလိုဖြစ်နေတယ်” ဟု မိုလိုအမျိုးသမီးကွန်ရက်မှ သတိပေး ပြောဆိုသွားခဲ့သည်။[၆၀]

## အခြေခံအဆောက်အအုံ

အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းသည် ယနေ့အချိန်ထိ ကယားပြည်နယ်တွင်း အငြင်းပွားမှုအနည်းဆုံး စီးပွားရေးအသွင်ကူးပြောင်းမှုနှင့် အပစ်အခတ်ရပ်စဲရေး အကျိုးရလဒ်အဖြစ် ဆက်ရှိနေဆဲပင်ဖြစ်သည်။ လမ်းတံတားနှင့် လျှပ်စစ်မီးအထောက်အပံ့သည် ဦးသိန်းစိန်နှင့် NLD အစိုးရနှစ်ရပ်စလုံး၏ အဓိကကျသည့် ဖွံ့ဖြိုးရေးမူဝါဒ ကျောရိုးတစ်ခုအဖြစ် တည်တံ့နေဆဲဖြစ်သည်။ ဤကဏ္ဍများသည် ဖွံ့ဖြိုးတိုးတက်ရန် နှစ်ရှည်လများစွာ ဆိုးဆိုးရွားရွားလိုအပ်နေခဲ့သည့် နယ်ပယ်များဖြစ်ကြသည်။ လက်တွေ့အားဖြင့်လည်း လွန်ခဲ့သည့်ငါးနှစ်တာကာလအတွင်း ပြည်နယ်အနှံ့တိုးပွားလာသည့် ရပ်ရွာ

## "မော်ချီးဒေသ သတ္တုတူးဖော်ရေး – အပစ်အခတ်ရပ်စဲရေးလောကငယ်"

မော်ချီးဒေသတွင်း သတ္တုတူးဖော်လျက်ရှိသည့် အကြီးဆုံးလုပ်ငန်းအချို့၏ ပိုင်ဆိုင်မှုကို ခြေရာခံကြည့်ရှုပါက ကယားပြည်နယ်တွင်း "အပစ်အခတ်ရပ်စဲရေး အရင်းရှင်စနစ်" မည်မျှ အမြစ်တွယ်နေပြီဖြစ်ကြောင်း ထင်ထင်ရှားရှား တွေ့ရပါလိမ့်မည်။ ကုမ္ပဏီပေါင်းများစွာရှိနေကြသော်လည်း ၎င်းတို့နှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို လက်လှမ်းမီနိုင်ခြေ အလွန်နည်းပါးလျက်ရှိသည်။ မည်သို့ဆိုစေ အောက်တွင်ဖော်ပြထားသည့် ကုမ္ပဏီ (၅) ခုကို USDP အမတ်ဟောင်းနှင့် အငြိမ်းစားတပ်ရင်းမှူးတစ်ဦး၊ KNSO ခေါင်းဆောင် (၂) ဦး၊ KNPLF ခေါင်းဆောင်တစ်ဦးနှင့် KNPP တို့အသီးသီး ပိုင်ဆိုင်ထားခြင်းက မော်ချီးဒေသတွင်း ရင်းနှီးမြှုပ်နှံရေးနှင့်ပတ်သက်သည့် အကျိုးစီးပွားနယ်ပယ်ကို ထင်ဟပ်ပြလျက်ရှိသည်။ ဤအခြင်းအကျင်းသည် ၂၀၁၂ ခုနှစ်ကတည်းက ကယားပြည်နယ်တွင်း အပစ်အခတ်ရပ်စဲရေး၏ ထင်သာမြင်သာအရှိဆုံးနှင့် အထင်ရှားဆုံးမျက်နှာစာများဖြစ်လာခဲ့သည်။ ဤအချက်က ၎င်းတို့၏ သယံဇာတအရင်းအမြစ်များနှင့် ကင်းကွာသွားခြင်းမရှိအောင် ဆုပ်ကိုင်ထားနိုင်ရန်နှင့် စီးပွားရေးအမြတ်ထုတ်မှု အသွင်ပြောင်းလဲလာသည့် စစ်တပ်၏ခေါင်းပုံဖြတ်မှုကို ရှောင်လွှဲနိုင်စေရန် ကြိုးပမ်းအားထုတ်ရာ၌ ကရင်နီပြည်သူများ တွေ့ကြုံရင်ဆိုင်နေရသည့် စိန်ခေါ်မှုအတိုင်းအတာမည်မျှကြီးမားကြောင်း မီးမောင်းထိုးပြလျက်ရှိသည်။

***ရဲထွဋ်ကျော်သတ္တုတူးဖော်ရေး ကုမ္ပဏီ*** ကို ၂၀၀၉ ခုနှစ်အထိ မော်ချီးဒေသ တပ်မတော်တပ်ရင်းမှူးတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် ရဲထွဋ်တင်က ပိုင်ဆိုင်ထားသည်။ ၎င်းသည် ၂၀၁၀–၂၀၁၅ ခုနှစ်အတွင်း USDP ပါတီ၏ ဖားဆောင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (အောက်လွှတ်တော်) တစ်ဦးဖြစ်ခဲ့သည်။ လွှတ်တော်သက်တမ်းအတွင်း ၎င်းသည် "နိုင်ငံသူနိုင်ငံသားများ၏ အခြေခံမူလအခွင့်အရေး၊ ဒီမိုကရေစီအခွင့်အရေးနှင့်လူ့အခွင့်အရေးကော်မတီ" အဖွဲ့ဝင်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ခြင်းဖြစ်သည်။

***ကယားငွေကြယ်ကုမ္ပဏီ*** ကို KNSO ၏ ဒုဥက္ကဋ္ဌတယ်နယ်က ပိုင်ဆိုင်လျက်ရှိသည်။ KNSO သည် အပစ်အခတ်ရပ်စဲခဲ့သည့် ၂၀၀၂ ခုနှစ်မှစ၍ မော်ချီးဒေသ၌ လှုပ်ရှားသက်ဝင်လာခဲ့ခြင်းဖြစ်သည်။ တယ်နယ်သည် ယခင်ကလွိုင်ကော်အခြေစိုက် ဒေသတွင်းစစ်တိုင်းမှူးတစ်ဦးဖြစ်ခဲ့သလို USDP ၏ လက်ရှိဖားဆောင်းမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်နေသည့် ဦးဝင်းမြင့်နှင့် အလွန်နီးစပ်သည့် ဆက်ဆံရေးရှိခဲ့သည်။

***လာမူးခိုကုမ္ပဏီ*** ကို KNSO ဥက္ကဋ္ဌဦးရစ်ချတ်က ပိုင်ဆိုင်ထားသည်။ ဦးရစ်ချတ်သည် ဒုဥက္ကဋ္ဌတယ်နယ်ထက်စာလျှင် KNPP နှင့် ပိုမိုကောင်းမွန်သည့် ဆက်ဆံရေးမျိုးရှိသည် သိရှိရသည်။

***မော်ဆာကီကုမ္ပဏီ*** ကို ၂၀၀၉ ခုနှစ်၌ နယ်ခြားစောင့်တပ်အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့သည့် KNPLF ၏ တပ်ရင်းမှူးဦးထွန်းကျော်က စီမံခန့်ခွဲလျက်ရှိသည်။ မော်ဆာကီသည် KNPLF ၏ ထိန်းချုပ်မှုအောက်ရှိ ကျေးရွာတစ်ခု၏အမည်ဖြစ်သည်။ ဦးထွန်းကျော်သည် လွိုင်ကော်မြို့ပေါ်ရှိ ဟိုတယ်တစ်လုံးအပါအဝင် ကုမ္ပဏီအမြောက်အများပိုင်ဆိုင်ထားသူဖြစ်သည်။ မော်ဆာကီကုမ္ပဏီသည် နာမည်ကြီးရုပ်ရှင်မင်းသားလွင်မိုးနှင့် နောက်ပိုင်း မော်ဆာကီကုမ္ပဏီကို ၇၀% အထိ ပိုင်ဆိုင်သွားခဲ့သည့် ဩစတြေးလျအခြေစိုက် Eumeralla Resources လုပ်ငန်းတို့နှင့် ဆက်စပ်မှုကြောင့် နာမည်ကျော်လာခဲ့သည်။ ကုမ္ပဏီ၏ ထုတ်ပြန်ချက်အရ "အဆိုပြုထားသည့် ငှားရမ်းမှုသဘောတူညီချက်သည် အဓိကအားဖြင့် မြန်မာနိုင်ငံ၏ ခဲမဖြူနှင့် အဖြိုက်နက်ထုတ်လုပ်သည့် ဒေသအတွက် ပြုလုပ်ထားခြင်းဖြစ်သည်။ ကယားပြည်နယ်သည် သမိုင်းကြောင်းအရ အာရှဒေသတစ်လွှား အလွန်အရေးပါသည့်

အဖြိုက်နက်ရင်းမြစ်တစ်ခုအဖြစ် နာမည်ကျော်ခဲ့ပြီး ယခင်ဗြိတိသျှလက်ထက် အကြီးဆုံး ခဲမဖြူနှင့် အဖြိုက်နက်သတ္တုတွင်းဖြစ်ခဲ့သည့် ဘော်လခဲမြို့နယ် 'မော်ချီးသတ္တုတွင်း' တည်ရှိရာဒေသဖြစ်သည်။ EUM သည် သမိုင်းအထောက်အထားများနှင့် ပထဝီမြေကြီးမြေပုံအရ ဤလုပ်ပိုင်ခွင့်သည် အကြီးဆုံး ခဲမဖြူနှင့် အဖြိုက်နက်ရှာဖွေတွေ့ရှိမှုတစ်ခုဖြစ်လာနိုင်သည်ဟု ယုံကြည်ခဲ့ကြောင်း" သိရှိရသည်။[၆၁] ကုမ္ပဏီသည် ၂၀၁၃ ခုနှစ် ဇူလိုင်လအတွင်း ကယားနှင့် ကရင်ပြည်နယ်တစ်လွှားရှိ ကီလိုမီတာ ၄၀၀ ပတ်လည်အကျယ်အဝန်းရှိသည့် နယ်မြေတစ်ခုလုံးကို စူးစမ်းရှာဖွေသွားမည့် လုပ်ပိုင်ခွင့်လိုင်စင်ရရှိရန် လျှောက်ထားလာခဲ့သည်။ ကယားပြည်နယ်အစိုးရ၏ ခွင့်ပြုချက်ရရှိခဲ့သော်လည်း သယံဇာတအရင်းအမြစ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ပြည်ထောင်စုအဆင့် ခွင့်ပြုချက်ရရှိရန် အကြိမ်ကြိမ်နှောင့်နှေးကြန့်ကြာခဲ့ရပြီးနောက်ပိုင်း ၂၀၁၇ ခုနှစ်ဧပြီလ၌ Eumeralla Resources လုပ်ငန်းနှုတ်ထွက်သွားပြီဟူသည့် သတင်းများပေါ်ထွက်လာခဲ့သည်။[၆၂]

***ကယားဌာနေကုမ္ပဏီ*** ကို တစ်သီးပုဂ္ဂလထက်စာလျှင် အဖွဲ့အစည်းတစ်ရပ်လုံးအတွက် လိုအပ်လျက်ရှိသည့်ရန်ပုံငွေကို ဖြည့်ဆည်းထောက်ပံ့သွားရန် ရည်ရွယ်သည်ဟူသည့် ပြောဆိုချက်ဖြင့် KNPP ကော်မတီတစ်ခုအောက်တွင် ပိုင်ဆိုင်မှုကိုထားရှိပြီး လည်ပတ်ဆောင်ရွက်လျက်ရှိသည်။ KNPP သည် အပစ်အခတ်ရပ်စဲခဲ့သည့် ၂၀၁၂ ခုနှစ်မှစ၍ မော်ချီးဒေသ၌ စတင်လုပ်ငန်းလည်ပတ်လာခဲ့ပြီး ယခင်က အရပ်ဖက်ကရင်နီအမြဲစိမ်းအဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်ခဲ့သည့် ဒန်နီယယ်ရယ်က စီမံခန့်ခွဲလျက်ရှိသည်။

အသိုက်အဝန်းများအတွက် သွားရေးလာရေးလွယ်ကူချောမွေ့လာခြင်းနှင့် ဆက်သွယ်ရေး၊ ဈေးကွက်လက်လှမ်းမီရေးနှင့်ဝန်ဆောင်မှုများသိသိသာသာတိုးတက်ကောင်းမွန်လာခဲ့သည်မှာ မျက်မြင်ကိုယ်တွေ့ဖြစ်သည်။

မည်သို့ဆိုစေ အစိုးရ၏ စီမံချက်များ၊ မူဝါဒအကောင်အထည်ဖော်မှုနှင့် နိုင်ငံသားအခွင့်အရေး ဆုံးရှုံးမှုများအပေါ် စိုးရိမ်ပူပန်မှုများ ဆက်ရှိနေဆဲပင်ဖြစ်သည်။ အခြေခံအဆောက်အအုံတစ်ခုတည်း တိုးတက်ကောင်းမွန်လာရုံဖြင့် ကယားပြည်နယ်နှင့် ကရင်နီလူထု၏ နိုင်ငံရေးအရဖယ်ကြဉ်ခံထားရသည့်ကိစ္စ အလိုအလျောက် ပြေလည်သွားနိုင်မည်မဟုတ်ပါ။ လူထုအများအပြားအတွက် "အရမ်းနောက်ကျနေပြီး နည်းလွန်းလှသည်" ဟုဆိုရမလို ဖြစ်နေသည်။ ဆယ်စုနှစ်ပေါင်းများစွာ "တမင်ရည်ရွယ်၍ ဖွံ့ဖြိုးမှုနှေးကွေးစေခဲ့သည်"ဟုရှုမြင်လက်ခံထားကြသည့်နာကျည်းနစ်နာမှုကိုစိတ်ရင်းစေတနာကောင်းသက်သက်ဖြင့်ကုစားပေးနိုင်မည်မဟုတ်ပါ။ဒီမော့ဆိုနေသည့်လမ်းညွှန်တစ်ဦးက "သူတို့လာရင် လျှပ်စစ်မီးရသွားပြီမို့ ပျော်ကြရဲ့လားဆိုပြီး လာမေးကြပါလိမ့်မယ်။ ကျနော်တို့ ပျော်ရွှင်ကျေနပ်ကြရဲ့လားဆိုရင် မဟုတ်ဘူးလို့ဖြေရမယ်။ အရင်ကလောက် ဒေါ်သမထွက်တော့တာပဲရှိတယ်။ လောပိတမှာ ရေအားလျှပ်စစ်စက်ရုံကြီးလည်ပတ်လာတာနှစ်ပေါင်း(၅၀)ကျော်သွားပြီဆိုပေမယ့်ကျနော်တို့လျှပ်စစ်မီးရတာ၂နှစ်လောက်ပဲရှိသေးတယ်" ဟု ၎င်းခံစားရသည့်အတိုင်း ပြောဆိုသွားခဲ့သည်။[၆၃]

KNPPသည်လည်း၎င်းတို့၏ထိန်းချုပ်မှုအောက်ရှိ နယ်မြေဒေသများအပေါ် အစိုးရ၏ တိုးချဲ့နယ်မြေစိုးမိုးမှုရယူလာသည့် ကိစ္စရပ်များ အထူးသဖြင့် တပ်မတော် အဝင်အထွက်လွယ်ကူသွားစေမည့် လမ်းတံတားများဆောက်လုပ်လာမှုအပေါ် အလွန်အကဲဆတ်လျက်ရှိသည်။ အခွန့်ရှည်တည်တံ့သည့် ငြိမ်းချမ်းရေးသဘောတူညီချက်မရရှိမခြင်း လုံခြုံရေးအရ စိုးရိမ်ပူပန်မှုများ ဆက်ရှိနေဦးမည်ဖြစ်သည်။ လက်ရှိအချိန်ထိ KNPP သည် အထူးသဖြင့် ရှားတောနှင့် ရွာသစ်ချိတ်ဆက်လမ်းကဲ့သို့သော မဟာဗျူဟာကျသည့် နယ်မြေဒေသများသို့ ဖြန့်ကျက်လာသည့် လမ်းဖောက်လုပ်ရေးလုပ်ငန်းအချို့ကို ပိတ်ပင်တားမြစ်ထားဆဲဖြစ်သည်။ သို့သော်လည်း အခြားတစ်ဖက်၌ ဂျပန်အကူအညီဖြင့် တောင်ငူ-မော်ချီး-လွိုင်ကော်လမ်း အဆင့်မြှင့်တင်ရေးလုပ်ငန်းအပါအဝင်အခြားအစီအစဉ်အများအပြား

ကို ဆက်လက်ဖော်ဆောင်ခွင့်ပြုထားခဲ့သည်။ KNPP အရာရှိများက အစိုးရ၏ လျှပ်စစ်မီးနှင့် လမ်းတံတားဆောက်လုပ်ရေး အဆိုပြုချက်များကို ယေဘုယျအားဖြင့် တုန့်ပြန်သည့်အနေဖြင့် “ကျနော်တို့က ဒေသတစ်ခုလုံးကိုလွှမ်းခြုံပေးတာမျိုးလိုချင်တယ်” ဟု ဆိုခဲ့သော်လည်း အစိုးရ၏ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်စွမ်းအပေါ် အယုံအကြည်တန်လျက်ရှိသည်။[၆၄]

မြောက်ပိုင်းလွိုင်ကော်မှ တောင်ပိုင်းထိုင်းနယ်စပ်ဒေသရှိ မယ်စဲ့မြို့သို့ ပြည်နယ်ကိုဖြတ် သွားလာရသည့် ကြာချိန် အလွန်တိုတောင်းသွားခဲ့သည်။ ဤကဲ့သို့ ခရီးကြာချိန်တိုတောင်းသွားခဲ့ခြင်းသည် လမ်းအဆင့်မြှင့်တင်ခြင်းနှင့် ၂၀၁၅ ခုနှစ် ဇူလိုင်လ၌ ဖွင့်ပွဲပြုလုပ်သွားခဲ့သည့် ဖားဆောင်းမြို့နယ်တွင်း သံလွင်မြစ်ကူးတံတားတည်ဆောက်ပြီးစီးခဲ့ခြင်းတို့ကြောင့်ဖြစ်သည်။ ယခုပုံစံအတိုင်း ငြိမ်းချမ်းရေးသာ ဆက်လက်ဖြစ်ထွန်းနေပါက နှစ်ရှည်လများ လူမှုရေးနှင့် စီးပွားရေးအရ ကင်းကွာနေခဲ့ကြသည့် လူ့အသိုက်အဝန်းများ အတူတကွ ပြန်လည်ပေါင်းစည်းသွားမည့် အလားအလာရှိလာနိုင်သည်။ ဤကဲ့သို့သော ဆက်သွယ်ပြောဆိုမှုများက ဒေသန္တရအခြေပြု ကျွမ်းကျင်မှုစွမ်းရည်များနှင့် စွန့်ဦးတီထွင်လုပ်ငန်းများ အရှိန်အဟုန်ရလာစေရန် များစွာ အထောက်အကူပြုနိုင်သည်။ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ရှားတောမြို့နယ်အတွင်း ဒုတိယမြောက် သံလွင်မြစ်ကူးတံတားတစ်စင်း ထပ်မံတည်ဆောက်သွားရန်ဆန္ဒရှိနေပြီး မကြာသေးမီက အစိုးရ၊ တပ်မတော်နှင့် KNPP တို့အကြား ဤကိစ္စရပ်နှင့်စပ်လျဉ်း၍ စေ့စပ်ညှိနှိုင်းမှုများ စတင်ပေါ်ပေါက်လာခဲ့သည်။

သို့သော်လည်း စီမံကိန်းများကို ရွေးချယ်ဆုံးဖြတ်၍အကောင်အထည်ဖော်သည့်အစိုးရ၏လုပ်ငန်းစဉ်အပေါ် အငြင်းပွားစရာ ဖြစ်လာခဲ့ပြန်သည်။ ထို့ကြောင့် ပွင့်လင်းမြင်သာမှု သို့မဟုတ် မြေယာအငြင်းပွားမှုများကို ပေါ်ပေါက်လာစေသည့် အရဲစွန့်ရမှုအန္တရာယ်များကို ကိုင်တွယ်ဖြေရှင်းမှုနှင့်စပ်လျဉ်း၍ တိုးတက်မှု အလွန်နှေးကွေးသွား




အဆင့်မြှင့်တင်လျက်ရှိသည့် လွိုင်ကော်–တောင်ငူကားလမ်းမတစ်နေရာ (TK)



ဗားဒေါင်းမြို့နယ်၏ သံလွင်မြစ်ကူးတံတားအသစ် (TK)

ခဲ့သည်။ အချို့သောအခင်းအကျင်း၌ လက်နက်ကိုင်အဖွဲ့အစည်းများ အကျိုးအမြတ်ရယူနိုင်ခဲ့ကြသည်။ ဥပမာအားဖြင့် KNPDP ပိုင် ကုမ္ပဏီလုပ်ငန်းသည် နယ်မြေဒေသအချို့ကိုအပြောင်ရှင်း၍သစ်ထုတ်ယူနိုင်ရန်အတွက်ဆောက်လုပ်ရေး သဘောတူစာချုပ်များကို အသုံးပြုခဲ့သည်ဟု စွပ်စွဲပြောဆိုခံခဲ့ရသည်။ ထိုအချိန်ပတ်ဝန်းကျင်က ပြင်ပလုပ်အားစုများကို ခေါ်သွင်းလာခဲ့ပြီး လုပ်ပိုင်ခွင့်ရရှိခဲ့ကြသည့် ပြင်ပကုမ္ပဏီများသည် အပစ်အခတ်ရပ်စဲရေးမှ အကျိုးအမြတ်များရယူ၍ လူ့အဖွဲ့အစည်းအတွင်းမှနယ်ခံရပ်ရွာလူထုများကိုနောက်ကျကျန်ရစ်စေခဲ့သည့်အပြောင်းအလဲမျိုးကို ဖိအားပေး ယူဆောင်လာခဲ့သည်ဟူသည့် စောဒကတက်ပြောဆိုမှု အများအပြားပေါ် ထွက်လာခဲ့သည်။ KSWDC မှ ဂေးနေဖောက အောက်ပါအတိုင်း သုံးသပ်ပြောဆိုသွားခဲ့သည်။

"လောပိတအပါအဝင် ဘောလခဲမြို့နယ်တွေမှာ အစိုးရစစ်တပ်နဲ့အတူဗမာတွေအများကြီးသူတို့ရဲ့မိသားစုတွေနဲ့အတူ ရောက်လာခဲ့ကြတယ်။ တရုတ်တွေလည်း အများကြီးရောက်လာပြီး မြို့ပေါ်က အိမ်တော်တော်များများသူတို့ဟာ ဖြစ်ကုန်တယ်။ တစ်ချို့ရွှေပြောင်းအလုပ်သမားတွေလည်း လမ်းတံတားဆောက်လုပ်ရေးလိုမျိုး စီမံကိန်းတွေနဲ့အတူ ရောက်လာခဲ့ကြတယ်။ ဒါပေမယ့် စီမံကိန်းပြီးသွားခဲ့ရင်တောင် ဒီဗမာတွေက ပြန်မသွားကြတော့ဘူး။ မြန်မာနိုင်ငံအလယ်ပိုင်းထက်စာရင် ဒီကလုပ်အားခတွေက အများကြီးပိုမြင့်နေတယ်။ ကုမ္ပဏီတွေကလည်းအပြင်က အလုပ်သမားတွေကိုပဲ ခေါ်လာကြတယ်။"[၆၅]

ဤကဲ့သို့ ရှင်းလင်းပြတ်သားမှုနှင့် လူထုဆွေးနွေးတိုင်ပင်မှုများ ကင်းမဲ့နေသည့်အခြေအနေက နယ်ခံလူထုလူတန်းစားများကို ခြိမ်းခြောက်ဖိအားပေးလျက်ရှိပြီး အပစ်အခတ်ရပ်စဲရေး ပြန်လည်ပျက်ပြယ်သွားနိုင်သည့် အရဲစွန့်ရမှုအန္တရာယ်များကို ပိုမိုကြီးမားလာစေလျက်ရှိသည်။ လွန်ခဲ့သည့် ခြောက်နှစ်တာကာလအတွင်း ဤကဲ့သို့သော အရေးကိစ္စများကမြန်မာနိုင်ငံ၏အရှေ့မြောက်ဒေသများကို(အခန်း ၃ ကိုကြည့်ပါ) လက်နက်ကိုင်ပဋိပက္ခဆီသို့နောက်ကြောင်းပြန်လှည့်သွားစေရန် မီးထိုးပေးခဲ့သည်။ ကယားပြည်နယ်တွင်းအခြေအနေ၏ အငြင်းပွားမှုဗဟိုချက်သည် လွိုင်ကော်မြို့နယ်အတွင်းရှိ ပါကျယ်တောင်သုံးလုံး ဘိလပ်မြေစက်ရုံမှ စတင်ခဲ့သည်ဟု ဆိုနိုင်ပါသည်။ KNPP နှင့် နယ်ခံ CSOs များ အတူတကွလက်တွဲ၍ အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်ကို ကျော်လွန်ဖောက်ဖျက်လျက်ရှိသည့် ဤစီမံကိန်းကို ဝိုင်းဝန်းဆန့်ကျင် ကန့်ကွက်ခဲ့ကြသည်။ ၂၀၁၁ ခုနှစ် နိုဝင်ဘာလအတွင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ Square Power Group (SPG) ကုမ္ပဏီ

လီမိတက်ကို တန် ၄၀၀၀ ဘီလပ်မြေစက်ရုံလုပ်ပိုင်ခွင့် ချပေးခဲ့သည်။ ဤကုမ္ပဏီသည် ၂၀၀၈ ခုနှစ်အတွင်း သတ္တုတူးဖော်ရေးဝန်ကြီးဌာနထံမှ ဒေသတွင်း ထုံးကျောက်ထုတ်လုပ်ရေး လုပ်ငန်းလိုင်စင်ကို ဦးစွာရရှိခဲ့ခြင်းဖြစ်သည်။ KNPLF တပ်မှူးဦးထွန်းကျော်ပိုင် နယ်ခံကုမ္ပဏီတစ်ခုဖြစ်သည့် ရွှေကန္တရဝတီနှင့် ဖက်စပ်လုပ်ကိုင်ရင်း KNPP ၏ ၂၀၁၂ ခုနှစ် အပစ်အခတ်ရပ်စဲရေးနောက်ပိုင်း ဤစီမံကိန်းများကို လုပ်ပိုင်ခွင့်ရရှိလာအောင် ဆက်လက်ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း KNPP လွိုင်ကော်ဆက်ဆံရေးရုံး တာဝန်ခံခူညေးရယ်က ဤကဲ့သို့ရှင်းပြပြောဆိုသွားခဲ့သည်။

"KNPP နဲ့ အစိုးရကြား သဘောတူညီချက်အရ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုကနေတစ်ဆင့် နှစ်ဖက်အင်အားစုတွေ ငြိမ်းချမ်းရေးသဘောတူညီချက်တစ်ခုခု မရသေးခင်မှာ ဒီလိုအကြီးစားစီမံကိန်းတွေကို ဆိုင်းငံ့ထားရမှာဖြစ်တယ်။ သဘောတူစာချုပ်ထဲမှာပါတဲ့ နောက်ထပ်အချက်တစ်ချက်ကဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို အကောင်အထည်မဖော်ခင်ကျနော်တို့နဲ့ အရင်ဆုံးစေ့စပ်ညှိနှိုင်းရမယ်လို့ ပြောထားပြီးဖြစ်တယ်။"[၆၆]

ပို၍ အလားအလာကောင်းသည့် ပြောင်းလဲမှုလက္ခဏာရပ်တစ်ခုအဖြစ် ကယားပြည်နယ်အစိုးရအရာရှိကြီးများသည် မကြာသေးမီက စီမံကိန်းများ ပွင့်လင်းမြင်သာမှုရှိရေးနှင့်စပ်လျဉ်း၍ KNPP နှင့် နယ်ခံ CSOs တွေ့ဆုံဆွေးနွေးမှု ပြုလုပ်သွားခဲ့သည်။ ကန္တရဝတီတိုင်းမ်၏ ထုတ်ပြန်ချက်အရ ဝန်ကြီးချုပ်မှ "လူထုအမြင်သဘောထားကို ပြန်မေးမြန်းစုံစမ်းပြီး စီမံကိန်းအချက်အလက်တွေကို လူထုသိအောင် ချပြသွားမှာပါ။ လူထုအားလုံးသဘောတူ ခွင့်ပြုတဲ့အခါမှ ဆောက်လုပ်တာတွေ ပြန်လုပ်သွားမယ်" ဟု ပြောဆိုသွားခဲ့ကြောင်း သိရှိရသည်။[၆၇] စက်ရုံကို ကာကွယ်ပြောဆိုသည့်အနေဖြင့် ယခုစီမံကိန်းသည် ကယားပြည်နယ်နှင့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကိုများစွာအထောက်အကူပြုလိမ့်မည်ဟု Square Power Group ၏ လုပ်ငန်းညွှန်ကြားရေးမှူးမှ တုန့်ပြန်ပြောဆိုသွားခဲ့သည်။ ထို့အပြင် ၎င်းသည် "လူထုအားလုံး ကျေနပ်သဘောတူတဲ့အချိန်ရောက်မှ ကျနော်တို့လုပ်ငန်း ဆက်လက်ဖော်ဆောင်ဖို့ပြည်နယ်အစိုးရဖက်က ခွင့်ပြုသွားမှာပါ" ဟုလည်း ထပ်လောင်းပြောဆိုသွားခဲ့သည်။[၆၈]

ဤကဲ့သို့ ကတိအမျိုးမျိုး ပေးထားသည့်ကြားက ကုမ္ပဏီသည် စက်ရုံတည်ဆောက်သွားမည့် မြေနေရာ ၉၆ ဧကနှင့် ကျောက်မိုင်းအတွက် မြေနေရာ ၂၉၂ ဧကကို နေရာချထားပြီးဖြစ်နေသည်။ စီမံကိန်းအတွက် လမ်းကြောင်းရှင်းသည့်အနေဖြင့် ရွှေ့ပြောင်းနေရာချရန်အမိန့်ပေးခံခဲ့ရသည့် တောင်သူများအတွက် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ၌ လျော်ကြေးများ ပေးအပ်ခဲ့ကြောင်း သတင်းများပေါ်ထွက်လာခဲ့သည်။ သို့သော်လည်း မည်သည့်လုပ်ငန်းစဉ်မျိုးဖြင့် တွက်ချက်လျော်ကြေးပေးသွားခဲ့ကြောင်း ရှင်းလင်းသဲကွဲမှုမရှိခဲ့ပေ။ ထို့ကြောင့် ဒေသအခြေစိုက် နိုင်ငံရေးအင်အားစုများနှင့် CSOs များစုပေါင်း၍ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သက်ရောက်ထိခိုက်မှု အလားအလာများကို အပြည့်အဝ လေ့လာဆန်းစစ်မှုပြုလုပ်ရန် SPG အနေဖြင့် ပျက်ကွက်ခဲ့သည်ဟူသည့် အချက်ပေါ်အခြေခံ၍ စက်ရုံတည်ဆောက်မှုကို ဆန့်ကျင်ကန့်ကွက်ကြောင်း ထပ်လောင်းပြောဆိုထားသည့်သဘောထားကြေညာချက်တစ်စောင် ထပ်မံထုတ်ပြန်သွားခဲ့သည်။[၆၉]

နောက်ပိုင်း၌ ဘီလပ်မြေစက်ရုံကိစ္စသည် မျက်မှောက်ခေတ် ကယားပြည်နယ်အတွင်း အများပြည်သူ၏ အမြင်သဘောထားအတွက် အရေးကြီးသည့် မှတ်တိုင်တစ်ခုဖြစ်လာခဲ့သည်။ KNPP၊ နိုင်ငံရေးပါတီများနှင့် CSOs များလက်တွဲ၍ အစိုးရကို မျက်နှာချင်းဆိုင် လူသိရှင်ကြားဆန့်ကျင်ကန့်ကွက်၍ ၎င်းတို့၏အသံကို နားထောင်ကာ ပြန်လည်ဆန်းစစ်မှုပြုလုပ်ရေးဆီသို့ ဦးတည်သွားစေခဲ့သည့်အရွေ့သည် လူထုတွေ့ဆုံဆွေးနွေးရေးနှင့် စေ့စပ်ညှိနှိုင်းရေးနယ်ပယ် ပို၍ကျယ်ပြန့်လာပြီဟု သက်သေပြလျက်ရှိသည်။ ဤအလားအလာသည် ရှေ့အနာဂတ်အတွက် အရေးပါသည့် ခြေလှမ်းတစ်ရပ်ဖြစ်လာခဲ့သည်။ မည်သည့်အခါကမျှ နယ်ခံလူထုကိုချပြအသိပေးခြင်း သို့မဟုတ် တရားဝင်လုပ်ငန်းစဉ်များနှင့်အညီ အတည်ပြုခွင့်ပြုချက်ပေးခြင်း အလျဉ်းမရှိခဲ့သည့် ယခင်အစိုးရအဆက်ဆက်လက်ထက်က နိုင်ငံအဝှမ်းချပေးထားသည့် အခြားစီမံကိန်းများလည်း အများအပြားရှိနေကြသည်။ လူထုကို ချပြဆွေးနွေးရမည့်အစား မတရားမြေသိမ်းခြင်း၊ နေရပ်စွန့်ခွာတိမ်းရှောင်ရစေခြင်းနှင့် အခြားနောက်ဆက်တွဲဆိုးကျိုးများကသာ တွင်တွင်ကျယ်ကျယ်ဖြစ်ပွားသွားခဲ့သည်။

မည်သို့ဆိုစေ လွန်ခဲ့သည့် (၂) နှစ်အတွင်း NLD ခေါင်းဆောင်ပိုင်းသည် အများပြည်သူ၏ ဘဝများအပေါ်

ရိုက်ခတ်မှုရှိလာမည့် ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကိုအရပ်ဖက်လူ့အဖွဲ့အစည်းများနှင့် ၎င်းတို့ကိုယ်တိုင် တိုက်ရိုက်ဆွေးနွေးပြောဆိုရန် အလွန်စိတ်ဝင်စားမှု နည်းသည်ဟူသည့် အမြင်သဘောထားများ ကြီးထွားလာခဲ့သည်။ ရွေးကောက်ပွဲ အနိုင်ရပြီးနောက်ပိုင်း အစိုးရသည် ၎င်းတို့ကိုယ်ကိုလူထုလူတန်းစားများ၏ တရားဝင်ကိုယ်စားလှယ်အဖြစ်ရှုမြင်ထားပြီး အရပ်ဖက်လူ့အဖွဲ့အစည်းများနှင့် လက်တွဲဆောင်ရွက်ရန်မလိုဟု လက်ခံယူဆခဲ့ကြပုံပေါ်သည်။ ရေအားလျှပ်စစ်၊ သစ်နှင့် သတ္တုတူးဖော်ရေးလုပ်ငန်းများကဲ့သို့ပင် အစီအစဉ်ရေးဆွဲချမှတ်မှုပုံစံကို ပြုပြင်ပြောင်းလဲ၍ နယ်ခံလူထုလူတန်းစားများနှင့် တွေ့ဆုံဆွေးနွေးမှုများ လက်တွေ့ရုပ်လုံးပေါ်လာမည်လောဟူသည့်မေးခွန်းဆက်လက်ကျန်ရှိနေဆဲပင်ဖြစ်သည်။

## ဘိန်းစိုက်ပျိုးမှု

မြန်မာနိုင်ငံတွင်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှုသည် ဆင်းရဲနွမ်းပါးမှုနှင့် လက်နက်ကိုင်ပဋိပက္ခများနှင့် အခိုင်အမာဆက်နွယ်ပတ်သက်လျက်ရှိသည်။ ဆယ်စုနှစ်ပေါင်းများစွာအာဖဂန်နစ္စတန်ပြီးလျှင်ကမ္ဘာပေါ်၌ဘိန်းစိုက်ပျိုးမှု ဒုတိယအများဆုံး နိုင်ငံတစ်ခုဖြစ်ခဲ့သည်။ ၂၀၀၀ ခုနှစ် နှစ်လယ်ပိုင်းအထိ ရှမ်းပြည်နယ်မြောက်ပိုင်းဒေသရှိ ‘ဝ’ နှင့် ကိုးကန့်ဒေသများ၌ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု အများဆုံးဖြစ်ခဲ့သည်။ နောက်ပိုင်း၌ အဓိကစိုက်းပျိုးထုတ်လုပ်မှုသည်ရှမ်းပြည်နယ် တောင်ပိုင်းဒေသများသို့ ရွှေ့ပြောင်းသွားခဲ့သည်။ မိမိတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဆက်လက်ထိန်းသိမ်းနိုင်ရန် ကယန်းတောင်သူအများအပြား ဘိန်းစိုက်ပျိုးလာခဲ့သည့် ဖယ်ခုံမြို့နယ်သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ လတ်တလောနှစ်များအတွင်း ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများကင်းမဲ့နေခြင်းသည်လည်းကယားပြည်နယ်တွင်းဘိန်းစိုက်ပျိုးထုတ်လုပ်မှု ကျယ်ပြန့်လာစေခဲ့သည့် အကြောင်းရင်းတစ်ခုဖြစ်ခဲ့သည်။

အစဉ်အလာအရကယားပြည်နယ်အတွင်း၌ဘိန်းခင်းအများအပြား မရှိခဲ့ဖူးပေ။ သို့သော်လည်း နယ်ခံကျွမ်းကျင်သူများက ဒေသခံတောင်သူများအတွက် အလွန်စိတ်ဖိစီးခဲ့ရသည့် ၁၉၉၇ ခုနှစ် မိုးခေါင်ရေရှားမှုအဖြစ်အပျက်နောက်ပိုင်း ဘိန်းစိုက်ပျိုးမှု သိသိသာသာမြင့်တက်လာခဲ့သည်ဟု သုံးသပ်ပြောဆိုခဲ့ကြသည်။ မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်းမှ ခွန်းမြင့်နိုင်က အောက်ပါအတိုင်း ရှင်းပြပြောဆိုသွားခဲ့သည်။

> “မိုးခေါင်ရေရှားဖြစ်တော့ တောင်သူတွေက သူတို့ပိုင်တဲ့ပစ္စည်းတွေနဲ့ တိရိစ္ဆာန်တွေကို ထုခွဲရောင်းချခဲ့ရသလို အလုပ်ရှာဖို့ ထိုင်းဖက်ကို ထွက်သွားကြတဲ့တောင်သူတွေလည်းရှိတယ်။ တစ်ချို့တောင်သူတွေကျတော့ လုပ်ကိုင်စားသောက်နိုင်ဖို့ ရှမ်းပြည်နယ်ဖက်က ဘိန်းခင်းတွေမှာ နေ့စားအလုပ်သမားတွေအဖြစ်သွားအလုပ်လုပ်ခဲ့ကြတယ်။ ဒီမိုးခေါင်ရေရှားမှုက သူတို့ရဲ့ အသက်မွေးဝမ်းကျောင်းတဲ့ပုံစံကိုပြောင်းလဲသွားစေခဲ့တယ်။ ဘိန်းခင်းတွေဆီရောက်သွားခဲ့ကြတဲ့ တောင်သူတွေက ဘိန်းဘယ်လိုစိုက်ပျိုးရသလဲဆိုတာကို လေ့လာသင်ယူခဲ့ကြပြီး ရွာပြန်ရောက်တဲ့အခါ တစ်ခြားသူတွေကိုပါ ထပ်သင်ပေးခဲ့ကြတယ်။ တစ်ပြိုင်ထဲမှာပဲ ဒီစီးပွားရေးလုပ်ငန်းထဲရင်းနှီးမြှုပ်နှံသူတွေကလည်း သူတို့နဲ့အတူ လိုက်လာခဲ့ပြီးတော့ ဘိန်းစိုက်မယ့်သူတွေကို ဆိုင်းငံ့ချေးငွေတွေ ထုတ်ပေးခဲ့ကြတယ်။”[၇၀]

ထိုအချိန်မှစ၍ ကယားပြည်နယ်အတွင်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှုများ ဆက်တိုက်မြင့်တက်လာခဲ့သည်မှန်သော်လည်း ပမာဏအားဖြင့် အတော်အတန်နည်းပါးသည့်ဟက်တာ၅၀၀ဝန်းကျင်ခန့်သာရှိခဲ့သည်။ဤပမာဏကတစ်နိုင်ငံလုံးအတိုင်းအတာ စိုက်ပျိုးထုတ်လုပ်မှု၏ ၁၀% ခန့်သာရှိခဲ့သည်။[၇၁] ကယားပြည်နယ်တွင်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှုသည် လွိုင်ကော်၊ ဒီမော့ဆိုနှင့် ဖရူဆိုမြို့နယ်များ၌ အများဆုံးဖြစ်သည်။ “ဒီနယ်မြေတွေက နှစ်ပေါင်း ၃၀-၄၀ လောက်ကတည်းက ဘိန်းစိုက်လာခဲ့ကြတဲ့ ဖယ်ခုံမြို့နယ်နဲ့ နီးစပ်တဲ့ဒေသတွေဖြစ်တယ်” ဟု ခွန်းမြင့်နိုင်က ဆက်လက်ပြောဆိုသွားခဲ့သည်။[၇၂]

ကယားပြည်နယ်တွင်း ဘိန်းစိုက်ပျိုးထုတ်လုပ်လျက်ရှိသည့် ရပ်ရွာအသိုက်အဝန်းများက ၎င်းတို့အနေဖြင့် အစာရေစာပြတ်လပ်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်သည့် ဝင်ငွေရသီးနှံအဖြစ် ဘိန်းစိုက်ကြခြင်းဖြစ်သလို ၎င်းတို့၏ ဒေသများ၌ အခြားသီးနှံများစိုက်ပျိုးရန် အလွန်

ခဲယဉ်းသောကြောင့်ဖြစ်သည်ဟု ပြောဆိုရှင်းပြသွားခဲ့သည်။ “ကျနော်တို့ ဘိန်းစိုက်တယ်ဆိုတာ အသက်ရှင်ရပ်တည်နိုင်ဖို့ဖြစ်သလို ကျနော်တို့ရဲ့ အဓိကဝင်ငွေအရင်းအမြစ်တစ်ခုလည်းဖြစ်တယ်” ဟု သက်ဆိုင်ရာဖိုရမ်တစ်ခု၌ ကယားဘိန်းစိုက်တောင်သူတစ်ဦး ပြောဆိုသွားခဲ့သည်။ “ဘိန်းစိုက်တာကလွဲပြီး လုံလောက်တဲ့ ဝင်ငွေရနိုင်တဲ့ တစ်ခြားအလုပ်အကိုင်ဘာမှမရှိပါဘူး။ကျနော်တို့ရဲ့ရေမြေ အနေအထားနဲ့ ရာသီဥတုကြောင့် တစ်ခြားသီးနှံတွေ စိုက်ပျိုးလို့မရပါဘူး။”[၇၃] အခြား ကယားဘိန်းစိုက်တောင်သူတစ်ဦးကလည်း “ဝမ်းပျက်ဝမ်းလျှောလိုမျိုး ကျန်းမာရေးပြဿနာတွေကို ကုသဖို့အတွက် ဘိန်းကိုအသုံးပြုလေ့ရှိတယ်။နောက်ပြီးတော့တိရိစ္ဆာန်တွေကျန်းမာဝဖြိုးဖို့လည်း အသုံးပြုကြပါတယ်။ နောက်ပြီးတော့ ကျွဲ၊ နွား၊ ဝက်နဲ့ ကြက်တွေ ဖျားနာမှုမရှိအောင် ကာကွယ်ဖို့လည်း သုံးကြပါတယ်။ မုဆိုးတွေကတော့ သားရဲတိရိစ္ဆာန်ကြီးတွေရန်က နေကာကွယ်ဖို့အတွက် ဆောင်ထားတတ်ကြတယ်။ တစ်ခါတစ်လေကျတော့ ပိုးကောင်တို့ မြွေတို့အကိုက်ခံရရင် အဆိပ်ဖြေဆေးအနေနဲ့လည်း အသုံးပြုကြပါတယ်” ဟု ဘိန်း၏ အခြားသုံးစွဲမှုပုံစံများကို ပြောဆိုရှင်းပြသွားခဲ့သည်။[၇၄]

ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC) သည်လည်း ဘိန်းစိုက်ပျိုးမှုသည် နေထိုင်လုပ်ကိုင်စားသောက်ရ ခက်ခဲလွန်းခြင်း၊ ရောဂါဘယ၊ မိသားစုကြွေးပြီနှင့် အခြားသီးနှံများအတွက် ဈေးကွက်လက်လှမ်းမီနိုင်မှု နည်းပါးလွန်းခြင်းကဲ့သို့သော အခြားအကြောင်းတရားများနှင့် ဆက်စပ်လျက်ရှိသည့် အချက်ကို အသိအမှတ်ပြု လက်ခံထားသည်။[၇၅] ကုလသမဂ္ဂအဖွဲ့အစည်း၏ ပြောဆိုချက်အရ ဘိန်းစိုက်သည့် ကျေးရွာများ၌ အများအားဖြင့် အခြားနည်းဖြင့် ဝင်ငွေရနိုင်သည့် ရွေးချယ်စရာနည်းပါးလှသလို ဘိန်းစိုက်ပျိုးမှုမရှိသည့် ကျေးရွာများထက်စာလျှင် ပြင်ပမှ စိုက်ပျိုးရေးအထောက်အပံ့ရရှိမှုပို၍နည်းပါးသည်ဟု သိရှိခဲ့ရသည်။ အမှန်တကယ်၌လည်း ဘိန်းစိုက်တောင်သူအများအပြားသည် “မိမိတို့၏ အခြေခံလိုအပ်ချက်များကိုဘိန်းမှရရှိသည့်ဝင်ငွေများဖြင့်သာလျှင် အများဆုံးဖြေရှင်းနေရခြင်းဖြစ်သည်။”[၇၆] ဤသုံးသပ်ချက်နှင့်ပတ်သက်၍ မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်းမှ ခွန်းမြင့်နိုင်ကလည်း “ဘိန်းစိုက်တောင်သူတွေရဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေက အခြေအနေအတော်ဆိုးနေပါတယ်။ ဘိန်းစိုက်နေတာတောင်မှ လူတန်းစေ့နေနိုင်ဖို့ အရမ်းခက်နေတုန်းပဲ။ တစ်ချို့ဆိုရင် အကြွေးတောင်ပိုများလာပြီ။ တောင်သူတွေဟာ ကျန်းမာရေးနဲ့ ပညာရေးသာမက အစစအရာရာမှာ ချို့တဲ့နေကြတယ်။ နိုင်ငံရေးနဲ့ စီးပွားရေးနယ်ပယ်ကလူတွေက သူတို့ကိုယ်ကျိုးစီးပွားအတွက်တောင်သူတွေကို အလွဲသုံးစားလုပ်နေကြတယ်” ဟု အတည်ပြု ပြောဆိုသွားခဲ့သည်။[၇၇]

မြန်မာနိုင်ငံ၌ အလွန်တင်းကျပ်သည့် မူးယစ်ဆေးဝါးဥပဒေများကို ပြဋ္ဌာန်းထားရှိသဖြင့် ဘိန်းစိုက်ပျိုးနေကြောင်း သိရှိသွားပါက ထောင်ဒဏ် (၁၀) နှစ်အထိ ချမှတ်ခံရနိုင်ပါသည်။[၇၈] ကယားပြည်နယ်အတွင်း ဘိန်းစိုက်ပျိုးသဖြင့် အဖမ်းခံရသည့် တောင်သူနည်းပါးသည်မှန်သော်လည်း အစိုးရသည် ဘိန်းခင်းတိုက်ဖျက်ရေးလုပ်ငန်းများကို ဖိဖိစီးစီးဖော်ဆောင်လျက်ရှိပြီး တစ်ချို့နေရာများ၌ ရွာသူရွာသားများထံမှ ခြိမ်းခြောက်ငွေတောင်းရန် ထိုဥပဒေများကို အသုံးချလျက်ရှိသည်။ နယ်ခံကယားတောင်သူတစ်ဦးက “တောင်သူတွေကို ဘိန်းမစိုက်ကြဖို့နဲ့ စိုက်ပျိုးထားတဲ့ဘိန်းခင်းတွေကို မြေလှန်ဖျက်ဆီးသွားမယ်ဆိုတဲ့ ညွှန်ကြားစာတွေထုတ်ပြီး ခြိမ်းခြောက်ခဲ့ကြတယ်။ တစ်ချို့ကိုကျတော့ ဘိန်းမစိုက်ပါဘူးဆိုတဲ့ သဘောတူညီချက်မှာ ခံဝန်လက်မှတ်ထိုးခိုင်းကြတယ်။ ဒါပေမယ့် ဒီစည်းကမ်းချက်တွေကို အများအားဖြင့် မကျင့်သုံးကြဘဲ တောင်သူတွေကို လာဘ်ပေးဖို့နဲ့ တရားမဝင် အခွန်တွေပေးဖို့ဘဲ တောင်းကြတာများတယ်” ဟု ရှင်းပြသွားခဲ့သည်။[၇၉]

KNPP အနေဖြင့်လည်း မူးယစ်ဆေးဝါးကုန်ကူးသူများကို ထိထိရောက်ရောက် အရေးယူလျက်ရှိသည်ဟု ပြောဆိုထားသည်။ ဒီမော့ဆိုမြို့နယ်ရှိ မူးယစ်ဆေးရောင်းချသူ အများအပြားကို KNPP မှ ဖမ်းဆီးထိန်းသိမ်းလိုက်ပြီး နောက်ပိုင်း ပြည်နယ်အစိုးရနှင့် သဘောထားကွဲလွဲသွားခဲ့သည်။ “သူတို့ဖက်က ဒီကိစ္စမှာ ဝင်မပါကြဖို့နဲ့ သူတို့ကို အသိပေးပြီး သက်သေအထောက်အထားတွေ လွှဲပြောင်းပေးဖို့ပဲပြောလာခဲ့တယ်”ဟု KNPPပြောရေးဆိုခွင့်ရပုဂ္ဂိုလ် ခူညေးရယ်က ပြောဆိုသွားခဲ့သည်။ “ဒါပေမယ့် ကျနော်တို့ဖက်ကပြောတဲ့အတိုင်းလုပ်တယ်ထားဦးသူတို့ဖက်ကလိမ်တာတွေနဲ့နားလည်မှုတွေလွဲအောင်လုပ်လာတာမျိုးတွေရှိလာနိုင်တာကိုကျနော်တို့ဖက်ကစိတ်ပူတာပါ။မူးယစ်ဆေးဝါးပြဿနာတွေ လျော့ကျသွားအောင် အစိုးရနဲ့ ပူးပေါင်း

ဆောင်ရွက်ဖို့ဆိုတာ ကျနော်တို့အတွက် အရမ်းခက်ပါတယ်။ သူတို့က ကျနော်တို့ကို အမြင်ဖွင့်ပညာပေးတာလောက်ဘဲ လုပ်စေချင်နေကြတယ်။”[၉၀]

တိုးတက်ပြောင်းလဲလာအောင် ပြုလုပ်ရန်ခက်ခဲရသည့်အထဲ မူးယစ်ဆေးဝါးနှင့် လက်နက်ကိုင်ပဋိပက္ခအကြား ဆက်စပ်လျက်ရှိသည့် အချိတ်အဆက်များက အခြေအနေကို ပိုမိုရှုပ်ထွေးသွားစေသည်။ မြန်မာနိုင်ငံ၏ အခြားဒေသများကဲ့သို့ပင် ကယားပြည်နယ်အတွင်းရှိအချို့သောလက်နက်ကိုင် အဖွဲ့အစည်းများသည် မူးယစ်ဆေးဝါး အရောင်းအဝယ်၌ ပါဝင်ပတ်သက်လျက်ရှိသည်။ မြန်မာနိုင်ငံဘိန်းစိုက်တောင်သူများညီလာခံ၏ ၂၀၁၆ ခုနှစ် သဘောထားထုတ်ပြန်ချက်အတွင်း ဤကိစ္စရပ်ကို အလေးပေး၍ထိထိမိမိ သုံးသပ်တင်ပြထားသည်။ “ကျနော်တို့ဖက်ကလက်နက်ကိုင်အဖွဲ့အစည်းတွေ၊ အစိုးရအရာရှိတွေနဲ့ မြန်မာ့တပ်မတော်တို့ကို ဘိန်းခွန်တွေပေးရတယ်။ တစ်ချို့ လက်နက်ကိုင်အဖွဲ့အစည်းတွေက မူးယစ်ဆေးဝါးရောင်းဝယ်ရေးမှာ ပါဝင်ပတ်သက်နေကြတယ်။ ဒီအချိန်ကပြည်သူ့စစ်တပ်ဖွဲ့တွေရဲ့ ‘ရွှေခေတ်’ လို့ ပြောရမလိုဖြစ်နေတယ်။ သူတို့တွေအနေနဲ့ မူးယစ်ဆေးဝါးတွေကို ထုတ်လုပ်ရောင်းချဖို့အတွက် တပ်မတော်ဆီကနေ လုပ်ပိုင်ခွင့်ရထားကြတယ်။ မူးယစ်ဆေးရောင်းသူ အတော်များများမှာ လက်နက်တွေရှိနေပြီး လက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့လည်း အချိတ်အဆက်ရှိကြတယ်။”[၉၁]

ဒေသတွင်း မူးယစ်ဆေးဝါးပြဿနာများကို ကိုင်တွယ်ဖြေရှင်းသွားမည့် ရေ့လုပ်ငန်းစဉ်များသည်လည်း ရေရာ ပြတ်သားရှင်းလင်းမှုမရှိပေ။ တစ်နိုင်ငံလုံးအတိုင်းအတာငြိမ်းချမ်းရေးသည်လည်း အလှမ်းဝေးနေဆဲပင်ဖြစ်သည်။ နိုင်ငံတွင်းရှိ အခြားဒေသများ၏ အတိတ်ကာလ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များကြောင့် မူးယစ်ဆေးဝါးထုတ်လုပ်မှုများ အလိုအလျောက်ကျဆင်းသွားခြင်းမျိုး မရှိခဲ့ဖူးပေ။[၉၂] ဘိန်းစိုက်ပျိုးလျက်ရှိသည့် ရပ်ရွာလူထုများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးမည့် ဖွံ့ဖြိုးရေးအစီအစဉ်များ ချမှတ်ဖော်ဆောင်မှုမရှိသလောက်ရှားလျက်ရှိသည်။ သို့သော်လည်း ကယားပြည်နယ်တောင်သူများသည် ဆယ်စုနှစ်ပေါင်းများစွာခွဲခြားဘေးဖယ်ခံခဲ့ရပြီး လက်နက်ကိုင်ပဋိပက္ခဒဏ် အလူးအလဲခံစားခဲ့ရပြီးနောက် နယ်ခံလူထုလူတန်းစားများ၏ တန်းတူရပိုင်ခွင့် အခွင့်အရေးကို အမှန်တကယ်အာမခံပေးနိုင်မည့် စစ်မှန်သည့် ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုဟူသည့် ၎င်းတို့လိုအပ်နေသည့်အရာကို သေချာပေါက်သိရှိထားကြပြီးဖြစ်သည်။ မြန်မာနိုင်ငံ ဘိန်းစိုက်တောင်သူများက အောက်ပါအတိုင်း သတိပေးပြောဆိုသွားခဲ့သည်။

“ကျနော်တို့အတွက် ငြိမ်းချမ်းရေးက အရမ်းအရေးကြီးတယ်။ ကျနော်တို့ အတော်များများက ပဋိပက္ခဒဏ်သင့် နယ်မြေဒေသတွေမှာ နေထိုင်ကြတာပါ။ ဒီဒေသမှာ တစ်ခြားသီးနှံတွေ စိုက်ပျိုးနိုင်ဖို့ အရမ်းခက်ပါတယ်။ ကျနော်တို့ဒေသက ဖွံ့ဖြိုးမှုအရမ်းနောက်ကျနေခဲ့ပြီး အစိုးရရဲ့ လူထုဝန်ဆောင်မှုလုပ်ငန်းတွေ မရောက်လာနိုင်တဲ့ ဒေသတွေဖြစ်နေပါတယ်။ ကျနော်တို့ကို တစ်ခြားနိုင်ငံသားတွေလိုပဲ တစ်ပြေးညီ တန်းတူသဘောထားစေချင်ပါတယ်။ တန်းတူညီမျှမှုမရှိသမျှ ကာလပတ်လုံး ဒီနိုင်ငံမှာ ငြိမ်းချမ်းရေးဆိုတာ ရှိလာနိုင်မှာ မဟုတ်ပါဘူး။ အလားတူပဲ ငြိမ်းချမ်းရေးမရှိဘဲနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဆိုတာ ရှိမလာနိုင်ပါဘူး။”[၉၃]

## ခရီးသွားလုပ်ငန်း

နိုင်ငံခြားသားများအတွက် ဆယ်စုနှစ်ပေါင်းများစွာကန့်သတ်ထားခဲ့သည့် နယ်မြေဒေသသည် KNPP ၏ ၂၀၁၂ ခုနှစ် အပစ်အခတ်ရပ်စဲရေးနောက်ပိုင်း ကယားပြည်နယ်တွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာနိုင်သည့် အလားအလာကို ဖွင့်လှစ်ပေးခဲ့သည်။ လွိုင်ကော်မြို့ရှိ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဦးစီးဌာန၏ ထုတ်ပြန်ချက်အရ ၂၀၁၇ ခုနှစ်အတွင်း ပြည်တွင်းခရီးသွားဧည့်သည် ၃၀၀၀၀ ကျော်နှင့် နိုင်ငံခြားသားခရီးသွားဧည့်သည်ပေါင်း ၉၀၀၀ ကျော် ဝင်ရောက်လာခဲ့ကြောင်း သိရှိခဲ့ရသည်။[၉၄] အခြေခံအဆောက်အအုံ၊ စွမ်းဆောင်ရည်နှင့် လက်လှမ်းမီနိုင်မှုဆိုင်ရာ စိန်ခေါ်မှုများနှင့် မြေမြှုပ်မိုင်းများ ပြန့်ကျဲတည်ရှိနေမှုက ဒေသအတော်များများအတွက် များစွာအခက်အခဲဖြစ်နေဆဲဖြစ်သည်။ အပြင်လူများနှင့်ပတ်သက်၍ ချိတုံချတုံဖြစ်နေကြသော်လည်း နယ်ခံလူထုလူတန်းစားများအနေဖြင့် ရရှိလာနိုင်သည့် အကျိုးကျေးဇူးများကို ကောင်းစွာသိမြင်ထားကြ

ပြီးဖြစ်သည်။ "ခရီးသွားလုပ်ငန်း ပွင့်လင်းလာပြီ" ဟု နိုင်ငံတကာအဖွဲ့အစည်းတစ်ခု၌ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသူတစ်ဦး ပြောဆိုသွားခဲ့သည်။ "တာဝန်ယူမှုရှိတဲ့ ခရီးသွားလုပ်ငန်းဖြစ်ဖို့ အများကြီးလိုသေးတယ်။ ကျနော်တို့ရဲ့ လူမှုရေးဆိုင်ရာစံတန်ဖိုးထားမှုတွေပြောင်းလဲသွားတာမျိုး မလိုချင်ဘူး။"[၈၅] လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်း ဟိုတယ်များနှင့် စားသောက်ဆိုင်လုပ်ငန်းများသို့ ရင်းနှီးမြှုပ်နှံမှုအသစ်များ ရောက်ရှိလာခဲ့သည်။ သို့သော်လည်း မြန်မာမင်းသားလွင်မိုး တည်ဆောက်ခဲ့သည့် အဆင့်မြင့် Kayah Resort အပါအဝင် ခရီးသွားလုပ်ငန်းမှ နယ်ခံလူထုလူတန်းစားများ အကျိုးအမြတ်ရရှိမှု အလွန်နည်းပါးလျက်ရှိသည်။

ခရီးသွားလုပ်ငန်းနှင့် ကုန်သွယ်ရေး ဖွံ့ဖြိုးတိုးတက်လာသည့်နည်းတူ ထိုင်းနိုင်ငံ၏ မယ်ဟောင်ဆောင်ဒေသနှင့် လွိုင်ကော်အကြား တရားဝင်ချိတ်ဆက်ဆောင်ရွက်မှုများလည်း မြင့်တက်လာခဲ့သည်။ ဒေသနှစ်ခုသည် ၂၀၁၇ ခုနှစ် မတ်လ ၉ ရက်နေ့အရောက်တွင် စိုက်ပျိုးရေးနှင့် နှစ်နိုင်ငံကြား ကုန်သွယ်မှုမြှင့်တက်လာရေးအတွက် ပူးပေါင်းဆောင်ရွက်သွားကြရန် သဘောတူခဲ့သည့် နားလည်မှုစာချွန်လွှာ ရေးထိုးခဲ့ပြီးနောက်ပိုင်း ညီအစ်မမြို့များဖြစ်လာခဲ့သည်။[၈၆] ကရင်နီစစ်ဘေးဒုက္ခသည်စခန်းများနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှတစ်ဆင့် နှစ်ဖက်လူထုအကြား နှစ်ပေါင်းများစွာကတည်းက အပြန်အလှန်ကူးလူးဆက်ဆံနေခဲ့ကြသည်မှန်သော်လည်း ဤသဘောတူညီချက်က နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးစင်မြင့်အသစ်ပေါ်သို့ တွန်းတင်ပေးခဲ့သည်ဟု ဆိုနိုင်ပါသည်။

နှစ်ဖက်အစိုးရများသည် "နယ်စပ်ကုန်သွယ်ရေးစခန်း" တစ်ခုအဖြစ် အမှတ် ၁၃ နယ်စပ်ဝင်ပေါက်ကို ချက်ခြင်းလိုလိုဖွင့်လှစ်ခဲ့ပြီးအလျင်အမြန်အရှိန်မြှင့်ဖော်ဆောင်သွားရန် စိတ်အားထက်သန်နေခဲ့ကြသည်။[၈၇] ကယားပြည်နယ်ကို အလွယ်တကူဖြတ်သန်းသွားလာ၍ ထိုင်းမြို့လေး



ခရီးသွားဧည့်သည်များအတွက် အထူးတည်ထောင်ထားသည့် ကျေးရွာ၌ ဂစ်တာတီးနေသည့် ကယန်းအမျိုးသမီးတစ်ဦး(TK)

တစ်မြို့ဖြစ်သည့် မယ်ဟောင်ဆောင်နှင့် နီးကပ်မှုကြောင့် ရွေးချယ်ခဲ့သည့် နေရာတစ်ခုဖြစ်သည်။ ရှားတောမြို့နယ်ရှိ နယ်စပ်ဝင်ပေါက်အမှတ် ၉ နှင့် ၁၀ သည် မယ်ဟောင်ဆောင်မြို့နှင့် အနီးဆုံးဖြစ်သော်လည်း အခြေခံအဆောက်အအုံများ အလွန်အားနည်းသလို KNPP အတွက် ဗျူဟာကျ၍ အကဲဆတ်သည့် ဒေသတစ်ခုဖြစ်နေဆဲဖြစ်သည်။ အခြားတစ်ဖက်၌ KNPLF အပစ်ရပ်ခဲ့သည့် ၁၉၉၄ ခုနှစ်နောက်ပိုင်း မယ်စဲ့မြို့နယ်တွင်းရှိ နယ်စပ်ချိတ်ဆက်လမ်းများကို အဆင့်မြှင့်တင်မှုများ ဆက်တိုက်လုပ်လာခဲ့သည်။ ဖားဆောင်းမြို့နယ်တွင်း အသစ်တည်ဆောက်လိုက်သည့် သံလွင်မြစ်ကူးတံတားသစ်ကလည်း လွိုင်ကော်သို့လာသည့် မြောက်ဖက်ပိုင်းလမ်းများနှင့် အလျင်အမြန်ချိတ်ဆက်မိစေခဲ့သဖြင့် နယ်စပ်ဝင်ပေါက်အမှတ် ၁၃ သည် နှစ်ဖက်ချိတ်ဆက်ရေးအတွက် အကောင်းဆုံးတည်နေရာတစ်ခုဖြစ်လာခဲ့ခြင်းဖြစ်သည်။ KNPP အနေဖြင့်လည်း တည်နေရာရွေးချယ်မှုနှင့် ပတ်သက်၍ ၂၀၁၂ အပစ်အခတ်ရပ်စဲရေးစေ့စပ်ညှိနှိုင်းမှုအတွင်း လက်ခံသဘောတူခဲ့သည်ဟု သတင်းများထွက်ပေါ်ခဲ့သည်။ နောက်ပိုင်း KNPP ၏ ကယားဌာနေကုမ္ပဏီသည် လမ်းအဆင့်မြှင့်တင်မှုနှင့် အကောက်ခွန်စစ်ဆေးရေးဌာနများကိုတစ်စိတ်တစ်ပိုင်းပါဝင်တည်ဆောက်ခဲ့သည်။ မည်သို့ဆိုစေ KNPLF နယ်ခြားစောင့်တပ်၏ ထိန်းချုပ်မှုအောက်ရှိ နယ်စပ်ဝင်ပေါက်အမှတ် ၁၄ သည် ထိုအချိန်ထိ နှစ်နိုင်ငံကူးလူးသွားလာမှု အများဆုံးနယ်စပ်ဝင်ပေါက်တစ်ခုအဖြစ် ဆက်ရှိနေခဲ့သည်။ နယ်စပ်စခန်းဖွင့်ရန် ၎င်းအပိုင်တည်နေရာကို ရွေးချယ်ခဲ့ခြင်းမရှိသည့်အပေါ် KNPLFအနေဖြင့် မခံမရပ်နိုင်ဖြစ်နေပြီး ဆက်လက်စည်းရုံးအရေးဆိုမှုများ ပြုလုပ်နေခဲ့သည်။ ထို့အပြင် နယ်စပ်ဝင်ပေါက်အမှတ် ၁၄ သည် ခရိုင်မြို့ လေးဖြစ်သည့် မယ်ဟောင်ဆောင်မြို့ထက်စာလျှင် မြောက်ပိုင်းထိုင်းမြို့တော်ချင်းမိုင်နှင့် ပို၍တိုက်ရိုက်လမ်းပေါက်သည့် နေရာတစ်ခုလည်းဖြစ်သည်။

ကိုလိုနီခေတ်ကာလ၌မယ်ဟောင်ဆောင်ခရိုင်နှင့် ကယားပြည်နယ်တို့ကို နှစ်ဖက်နိုင်ငံများ၏ ဝေးလံခေါင်ဖျားသည့် နယ်စပ်ကင်းစခန်းများအဖြစ်သာ သဘောထားခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်၍လည်း နှစ်ဖက်ဒေသအုပ်ချုပ်ရေးအရာရှိများသည် ပို၍ကြွယ်ဝချမ်းသာသည့် ထိစပ်ပြည်နယ်များနှင့် ယှဉ်ပြိုင်သွားရန် ခရီးသွားလုပ်ငန်းနှင့် ကုန်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုမှ အကျိုးအမြတ်များကို မျှော်ကိုးနေကြခြင်းဖြစ်သည်။ KNPP နှင့် အခြားတိုင်းရင်းသားအခြေပြု အင်အားစုများကလည်း ယေဘုယျအားဖြင့် ဤအမြင်သဘောထားကို လက်ခံသဘောတူကြသည်။ လက်ရှိအချိန်၌ ထိုင်းအစိုးရသည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် ကြိုးပမ်းနေကြဆဲဖြစ်သော်လည်း လမ်းအဆင့်မြှင့်တင်မှုနှင့် အဆောက်အအုံများကို ၂၀၁၈ ခုနှစ်အတွင်း အပြီးသတ်နိုင်ရန် မျှော်လင့်ထားကြသဖြင့် ပို၍အလျင်အမြန် တိုးတက်ပြောင်းလဲလာမည့် အခင်းအကျင်းတစ်ခု မကြာမီ ပွင့်လာနိုင်ခြေရှိနေသည်။ ပို၍ထင်သာမြင်သာရှိသည့် ရွှေ့ပြေးနိမိတ်လက္ခဏာရပ်တစ်ခုအဖြစ် ယခုနှစ်ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ကျရောက်သည့် ကယားပြည်နယ်နေ့တွင် ထိုင်းနိုင်ငံဖက်မှ ခရီးသွားယာဉ်တန်းများဖြတ်ကျော်နိုင်စေရန် နယ်စပ်ဂိတ်ကို ယာယီဖွင့်လှစ်ပေးခဲ့သည်။[၈၈] ထိုင်းအရာရှိများက မယ်ဟောင်ဆောင်နှင့် ချင်းမိုင်မြို့များကို ကယားပြည်နယ်နှင့် ချိတ်ဆက်သွားမည့် ခရီးသွားလုပ်ငန်းအလားအလာသည် ကုန်သွယ်ရေးထက်စာလျှင် ပို၍အကျိုးအမြတ်များလိမ့်မည်ဟု ယူဆထားကြသည်။ ထို့ကြောင့် ၎င်းတို့သည် ထိုင်းနှင့် မြန်မာနိုင်ငံသားများအကြားသာ ကူးလူးဆက်ဆံခြင်းမဟုတ်ဘဲ တတိယနိုင်ငံသားများအတွက်ပါ နယ်စပ်တံခါးဖွင့်ပေးရန် ဆန္ဒရှိနေကြသည်။ သို့သော်လည်း မြန်မာအစိုးရဖက်မှ အနည်းဆုံးရေတိုကာလတစ်ခုအထိ ထိုသို့ဖွင့်ပေးသွားရန် တွန့်ဆုတ်လျက်ရှိပြီး နယ်စပ်ကုန်သွယ်ရေးဇုံအဖြစ်သာ ဆက်လက်ထားရှိလိုကြသည်။[၈၉] ကယားပြည်နယ်တွင်း နယ်စပ်စခန်းများ၏ လက်ရှိကုန်သွယ်မှုသည် မြန်မာနိုင်ငံဖက်ခြမ်းမှ ကျွဲ/ နွားတင်ပို့မှုနှင့် ထိုင်းဖက်မှ စားသောက်ကုန်များတင်သွင်းမှုကို ပို၍အသားပေးလျက်ရှိသည်။[၉၀] သို့သော်လည်း ကူးလူးဆက်ဆံမှုများ တိုးတက်အားကောင်းလာသည်နှင့်အမျှ ဒေသတွင်းခေါင်းဆောင်အချို့က နယ်စပ်ကုန်သွယ်ရေး ဖွင့်ပေးလိုက်ခြင်းသည် မြန်မာတောင်သူများကို အမှန်တကယ်အထောက်အကူပြုလာမည်လောသို့မဟုတ် ပို၍နွေးကွေးကျန်ရစ်စေမည်လောဟု မေးခွန်းထုတ်လာခဲ့သည်။ "ပြောင်းနဲ့ စပါးဈေးကွက်ထဲ မြန်မာတောင်သူတွေ အမှန်တကယ် ဝင်ပြိုင်နိုင်မှာလား" ဟု ကယန်းအမျိုးသားပါတီဥက္ကဋ္ဌ ခွန်းဘီထူးက မေးခွန်းထုတ်ခဲ့သည်။[၉၁]

ခရီးသွားလုပ်ငန်း၏ အကျိုးရလဒ်သည် လူမှုစီးပွားရေး အရွေ့ပေါ် များစွာမူတည်လာနိုင်ခြေရှိသည်။ ထိုင်းအရာရှိ များက ဝေးလံခေါင်ဖျားသည့် ၎င်းတို့တိုင်းပြည်၏ နယ်စွန် နယ်ဖျားများ ခရီးသွားလုပ်ငန်းမှ အကျိုးအမြတ်ရရှိသလို ကယားပြည်နယ်၌လည်း အလားတူဖြစ်လိမ့်မည်ဟု ရှုမြင် ကြသည်။ “အစီအစဉ် သေချာဆွဲနိုင်မယ်ဆိုရင် အားလုံး အကျိုးအမြတ်ရနိုင်ပါတယ်” ဟု သံတမန်တစ်ဦးဖြစ်သူ Jatuchatra Chommai က ပြောဆိုသွားခဲ့သည်။[၆၂] လွန်ခဲ့ သည့်ဆယ်စုနှစ်သုံးခုအတွင်းထိုင်းနိုင်ငံမြောက်ပိုင်း၌နိုင်ငံ ခြားခရီးသွားဧည့်သည့်များအတွက် ဆွဲဆောင်မှုအရှိဆုံး ဟုဆိုနိုင်ခဲ့သည့် ခရီးပန်းတိုင်တစ်ခုသည် ကယန်းမျိုးနွယ် စုဝင် “လည်ပင်းရှည်” အမျိုးသမီးများဖြစ်ခဲ့သည်။ ၎င်းတို့ သည် ခရီးသွားလုပ်ငန်းအတွက် စစ်ဘေးဒုက္ခသည်စခန်း များမှ သော်လည်းကောင်း ကယားပြည်နယ်မှ နယ်စပ်ကို ဖြတ်၍သော်လည်းကောင်း ရောက်ရှိလာခဲ့ကြသူများဖြစ် သည် (အခန်း ၇ ပါ “ကယန်းဒေသနှင့် အမျိုးသားရေးစရိုက် လက္ခဏာ” စာကွက်ကိုကြည့်ပါ)။ ခရီးသွားဧည့်သည် အနည်းအကျဉ်းခန့်သည်သာ အိမ်နီးချင်းနိုင်ငံသို့ ရောက်ရှိ လာခဲ့သည့်ဤအမျိုးသမီးများ၏ဇစ်မြစ်နှင့်လက်နက်ကိုင် ပဋိပက္ခနှင့် နေရပ်စွန့်ခွာစစ်ဘေးတိမ်းရှောင်ခဲ့ရသည့် အခြေ အနေမှန်ကို သိရှိခဲ့ကြသည်။ အချို့အမျိုးသမီးများသည် လူကုန်ကူးခံခဲ့ရသူများဖြစ်သည်။[၆၃]

လက်ရှိအချိန်၌ နယ်ခံလူထုလူတန်းစားများ ခရီးသွားလုပ်ငန်းမှ အကျိုးအမြတ်များရရှိလာအောင် ပံ့ပိုး ကူညီသွားရန်ကယားပြည်နယ်အတွင်းကြိုးပမ်းအားထုတ် မှုအချို့ရှိနေပြီဖြစ်သည်။ နိုင်ငံတကာကုန်သွယ်ရေးစင်တာ မှဖော်ဆောင်လျက်ရှိသည့် ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းအစီအစဉ်သည် နယ်ခံလူထုလူတန်းစားများအား လေး လေးစားစားဖြင့် အားပေးမြှင့်တင်ပေးသည့် ခရီးသွားလုပ်ငန်းမျိုးဖြင့် ဒေသခံများ အသက်မွေးဝမ်းကျောင်းပြုနိုင်စေ မည့်အစီအစဉ်များကို ၎င်းတို့နှင့်အတူ ဝိုင်းဝန်းရေးဆွဲပြင် ဆင်သွားရန် ကြိုးပမ်းလျက်ရှိသည်။ ထိုသို့ပြုလုပ်နိုင်ရန် အတွက် ဒေသတွင်းဓလေ့ထုံးတမ်းများ၊ အစားအစာများ နှင့် ရိုးရာလက်မှုအတတ်ပညာများကို ဆင်ယင်ကျင်းပရန် ရပ်ရွာလူထုကိုယ်တိုင် ဦးဆောင်ဦးရွက်ပြုရသည့် စီမံကိန်း များကို ကွန်ရက်သဖွယ်ချိတ်ဆက်သွားနိုင်ရန် စင်တာမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ဦးတည်ပစ်မှတ်ထား သည့် စီမံကိန်းနယ်မြေများအတွင်း လည်ပင်းကြေးကွင်း ဝတ်ဆင်မှုကို အသုံးပြု၍ ခရီးသွားလုပ်ငန်းမြှင့်တင်မှုမပြု လုပ်ရန် ကမ္ဘာအနှံ့ ကန့်ကွက်ရှုံ့ချထားသော်လည်း ရိုးရာ အရကြေးကွင်းများကို ဆက်လက်ဝတ်ဆင်နေကြဆဲဖြစ် သည့် အမျိုးသမီးအချို့နေထိုင်လျက်ရှိသည့် ဒီမော့ဆို မြို့နယ် ပန်ပက်ကျေးရွာအုပ်စုရှိ ကယန်းကျေးရွာများပါ ဝင်လျက်ရှိသည်။

ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်း စီမံကိန်းအချို့ အတော်အသင့်အောင်မြင်လာခဲ့ပြီးနောက် ဒေသတွင်းခရီး သွားလုပ်ငန်း တိုးတက်ပြောင်းလဲလာခဲ့ပြီး ပါဝင်လျက်ရှိ သည့် ဒေသခံများအတွက် ဝင်ငွေများရရှိလာစေခဲ့သည်။ သို့သော်လည်း ပါဝင်သူအားလုံး ရောင့်ရဲကျေနပ်ခဲ့ကြခြင်း မရှိသဖြင့် ရပ်ရွာအသိုက်အဝန်းများအကြား သဘောထား ကွဲလွဲမှုသတင်းများ ပေါ်ထွက်လာခဲ့သည်။ ဤအချက်က နယ်ခံလူထုတစ်ရပ်လုံးကို “လွှမ်းခြုံဝင်ငွေရရှိစေရန်” အား ပေးအားမြှောက်ပြုသည့် နည်းလမ်းများဖွံ့ဖြိုးလာရန် လို အပ်လျက်ရှိကြောင်းပြဆိုလျက်ရှိသည်။ ပန်ပက်ကျေးရွာ အုပ်စုသို့အသွားလမ်း၌KNPLFနယ်ခြားစောင့်တပ်တပ်မှူး ထွန်းကျော်၏ စားသောက်ဆိုင်အသစ် ဖွင့်လှစ်မှုက စီးပွား ရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် အခွင့်ထူးခံရေပေါ်ဆီများ အကျိုး အမြတ်ရယူမှုကို ရှောင်လွှဲနိုင်ရန် ခဲယဉ်းကြောင်း မီးမောင်း ထိုးပြလျက်ရှိသည်။ ခရီးသွားများ တိုးပွားလာသည်နှင့် အမျှ ခရီးသွားလုပ်ငန်းအတွင်း ကယန်းအမျိုးသမီးများကို လိုအပ်သလိုပုံဖော်အသုံးချနေမှုအပေါ် မနှစ်မြို့သည့်သဘော ထားများ ဒေသတွင်း၌ ကြီးထွားလာခဲ့သည်။ ကယန်းလူထု ခေါင်းဆောင်တစ်ဦးဖြစ်သည့် မူဂလိုရီယာက “ထိုင်းနိုင်ငံ တွင်းက လေဆိပ်တွေမှာ ကယန်းလူမျိုးတွေရဲ့ ဓာတ်ပုံတွေ ကိုပြသထားတဲ့ပုံစံက ကျမတို့ကို တိရိစ္ဆာန်ရုံထဲကလူတွေ ကိုသဘောထားသလို ဖြစ်နေတယ်။ ဒါမျိုးတွေက ကျမတို့ ကယန်းတွေအတွက် အရမ်းကို နာကျင်ခံစားရခက်လွန်း ပါတယ်” ဟု သုံးသပ်ပြောဆိုသွားခဲ့သည်။[၆၄]

အနာဂတ်ကယားပြည်နယ်အတွက်ခရီးသွားလုပ်ငန်းသည် အရေးပါသည့် လုပ်ငန်းနယ်ပယ်တစ်ခုဖြစ်လာ မည့်အလားအလာရှိနေသည်။ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ ၏ လမ်းဆုံလမ်းခွပေါ်ရောက်နေသည့် ကယားဒေသသည် အလားအလာကောင်းများ၊ စိတ်ဝင်စားဖွယ်ရာများနှင့် အလှအပများဖြင့် ပြည့်နှက်လျက်ရှိသည်။ သို့သော်လည်း ထိန်းမနိုင်သိမ်းမရဖြစ်နေသည့် ကမ္ဘာအရပ်ရပ်ရှိ ခရီးသွား

လုပ်ငန်းများက မိမိတို့၏ အိမ်ယာပေါ် ယခင်ကထက် ပို၍ ဖယ်ကြဉ်ခံရမှုများ ကြုံတွေ့ခံစားရခြင်းမရှိစေရန် ခရီးသွား လုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုမှ ဒေသခံလူထုများ အကျိုး ကျေးဇူးခံစားခွင့်ရရှိရန် အလွန်အရေးကြီးကြောင်း ပြဆို လျက်ရှိသည်။ ၂၀၀၂ ခုနှစ် Cape Town ခရီးသွားလုပ်ငန်း ကဏ္ဍ တာဝန်ယူမှုရှိရေး ကြေညာစာတမ်း၌ သတိပေး ထားသကဲ့သို့ပင် တာဝန်ယူမှုရှိသည့် ခရီးသွားလုပ်ငန်းများ သည် "စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင် ဆိုင်ရာဆိုးကျိုးသက်ရောက်မှုများ" ကို လျှော့ချ၍ "ဒေသခံ များအတွက်စီးပွားရေးအကျိုးခံစားခွင့်များ" ဖော်ထုတ်ပေး အပ်ရန်၊ "၎င်းတို့၏ ဘဝများကို ထိခိုက်လာစေမည့် ဆုံး ဖြတ်ချက်များ ချမှတ်ရာ၌" နယ်ခံလူထုလူတန်းစားများကို ပါဝင်ခွင့်ပြုရန်နှင့် "သဘာဝတရားနှင့် ယဉ်ကျေးမှုအမွေ အနှစ် ထိန်းသိမ်းရေးလုပ်ငန်း" များကို အားပေးကူညီသွား ရန် လိုအပ်လျက်ရှိသည်။[၉၅]



ရှားတောမြို့နယ်ရှိ ကုန်းမြင့်တောင်ယာစိုက်ခင်းတစ်ခု(TK)

## နိုင်ငံတကာဖွံ့ဖြိုးရေးအကူအညီများ

ကရင်နီတိုင်းရင်းသားများအတွက် KNPP အပစ် အခတ်ရပ်စဲရေး၏ အရေးပါသည့် နောက်ထပ်အင်္ဂါရပ် တစ်ခုမှာ ကယားပြည်နယ်အတွင်း နိုင်ငံတကာဖွံ့ဖြိုးရေး စီမံကိန်းများ တစ်ရှိန်ထိုးတိုးတက်ပွားများလာခဲ့ခြင်းဖြစ် သည်။ "အပစ်မရပ်ခင်တုန်းကဆိုရင် ဖွံ့ဖြိုးရေးဝန်ထမ်း တွေအပေါ်ကန့်သတ်ချုပ်ချယ်တာတွေအရမ်းများခဲ့တယ်။ နိုင်ငံတကာ NGOs တွေကို လွိုင်ကော်မြို့အနီးဝန်းကျင်မှာ ပဲလုပ်ကိုင်ခွင့်ပြုခဲ့တယ်" ဟု လွိုင်ကော်ရှိ ကရုဏာလူမှု စည်းလုံးညီညွတ်ရေးအသင်းမှ ဘုန်းတော်ကြီးအယ်ဘီနို ပြောဆိုသွားခဲ့သည်။ "ဒါပေမယ့် အခုတော့ သူတို့အနေနဲ့ နေရာတကာနီးပါး သွားလာလုပ်ကိုင်နေကြပြီ။"[၉၆]

လွန်ခဲ့သည့် ခြောက်နှစ်အတွင်း စစ်ဘေးဒုက္ခ သည်စခန်းများ၌ ကူညီထောက်ပံ့လျက်ရှိသည့် အဖွဲ့ အစည်းများမှ ဖယ်ခွာ၍ အစိုးရထိန်းချုပ်နယ်မြေအတွင်း လုပ်ကိုင်လျက်ရှိသည့် ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့ အစည်းများအတွက်ရန်ပုံငွေများသိသိသာသာတိုးပွားလာ ခဲ့သည်။ Myanmar Information Management Unit ၏ စာရင်းများအရ လက်ရှိအချိန်၌ ကယားပြည်နယ်အတွင်း အစိုးရမဟုတ်သည့် နိုင်ငံတကာ အရပ်ဖက်အဖွဲ့အစည်း ပေါင်း ၂၅ ခု၊ ပြည်တွင်း NGOs ၁၂ ခု၊ ကုလသမဂ္ဂ သို့မဟုတ် နိုင်ငံတကာအဖွဲ့အစည်း ၇ ခု၊ ကြက်ခြေနီ အဖွဲ့အစည်း ၃ ခု၊ အလှူရှင်အဖွဲ့အစည်း ၄ ခုနှင့် နယ်စပ် အခြေစိုက်အဖွဲ့အစည်းပေါင်း ၁၂ ခုဖြင့် စုစုပေါင်းအဖွဲ့ အစည်း ၆၃ ဖွဲ့ လည်ပတ်လျက်ရှိကြောင်း သိရှိရသည်။[၉၇] ယင်းတို့၌ ကျန်းမာရေးစီမံကိန်း အမျိုးအစားပေါင်း ၃၁ ခု ဖြင့် စီမံကိန်းအများဆုံးကဏ္ဍဖြစ်လာသည့် ကျန်းမာရေး နယ်ပယ်၌ လုပ်ကိုင်ဆောင်ရွက်နေသည့် အဖွဲ့အစည်း ပေါင်း ၂၁ ခုလည်း အပါအဝင်ဖြစ်သည်။

အောက်ခြေမြေပြင်၌ ယေဘုယျအားဖြင့် နိုင်ငံ တကာအဖွဲ့အစည်းများ ဝင်ရောက်လာမှုကို ကျေးဇူးတင် လက်ခံကြိုဆိုခဲ့ကြသည်။ ကရင်နီလူထုများအကြား လူမှု ရေးနှင့် စီးပွားရေးလိုအပ်ချက်များ အလွန်ကြီးမားနေဆဲ ဖြစ်သလို နိုင်ငံတကာအသိသက်သေများ ရှိနေခြင်းက ဆိုးရွားပြင်းထန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်

မတရားအုပ်ချုပ်မှုများမှ အနည်းနှင့်အများဆိုသလို အကာအကွယ်ရစေသည်ဟုလည်း ယူဆနိုင်ပါသည်။

သို့သော်လည်း INGOs များ ရုတ်တရက်စုပြုံဝင်ရောက်လာခြင်းနှင့်အတူ ဆက်စပ်နောက်ဆက်တွဲ ဆိုးကျိုးများလည်း ဒွန်တွဲပါလာခဲ့သည်။ အခြားပြည်နယ်နှင့်တိုင်းများကဲ့သို့ပင် နယ်ခံအဖွဲ့အစည်းများက နိုင်ငံတကာအဖွဲ့အစည်းများသည် ၎င်းတို့နှင့် သင့်တင့်မျှတစွာ ညှိနှိုင်းဆောင်ရွက်မှုမရှိသလို နယ်ခံများ၏ ဦးစားပေးလိုအပ်ချက်များထက်စာလျှင် ၎င်းတို့၏ ကိုယ်ပိုင်ဦးစားပေးများနှင့် အညီသာ ဆောင်ရွက်သွားလေ့ရှိပြီး တစ်ခါတစ်ရံ၌ ပံ့ပိုးကူညီရမည့်အစား ပြည်တွင်း NGOs များ၏ စွမ်းဆောင်ရည်ကိုချိနဲ့အားနည်းသွားစေလျက်ရှိသည်ဟု စောဒကတက်ပြောဆိုမှုများ ပေါ်ထွက်လာခဲ့သည်။ “အခုဝင်လာတဲ့ INGOs တွေအရမ်းများနေပြီ” ဟု ကေ့ထျိုးဘိုးအဖွဲ့ဝင်တစ်ဦးက ပြောဆိုခဲ့သည်။ “ဒါပေမယ့် တစ်ချို့အဖွဲ့တွေက ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးကို စိတ်မဝင်စားကြပါဘူး။ သူတို့အဖွဲ့ ရေရှည်ရပ်တည်နိုင်ရေးကိုပဲ အာရုံစိုက်ကြတယ်။”[၉၈] ဒေသခံ CSOs ကိုယ်စားလှယ်များက နိုင်ငံတကာအဖွဲ့အစည်း အချင်းချင်းကြား၌လည်း ညှိနှိုင်းဆောင်ရွက်မှုမရှိကြသဖြင့် လုပ်ကိုင်ဆောင်ရွက်သည့် နယ်ပယ်ကဏ္ဍများ ထပ်ကုန်သည်ဟု ပြောဆိုခဲ့သည်။

နယ်ခံ CSOs၊ နိုင်ငံရေးပါတီများနှင့် KNPP ကိုယ်စားလှယ်များက ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ အရေးအကြီးဆုံးအချက်သည် နယ်ခံလူထုကို အမြင်ဖွင့်ပညာပေးခြင်းနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးဖြစ်သည်ဟု လက်ခံယူဆထားကြသည်။ ကယားပြည်နယ်သို့ ရောက်ရှိလာကြသည့် နိုင်ငံတကာဖွံ့ဖြိုးရေးအဖွဲ့အစည်းများနှင့် NGOs များသည် နိုင်ငံရေးအခင်းအကျင်းနှင့် နယ်ခံအဖွဲ့အစည်းများ အကောင်အထည်ဖော်နေပြီးဖြစ်သည့် ရှိပြီးသားလုပ်ငန်းများကို လိုက်လျောညီထွေပြုလုပ်မှုမရှိဘဲ စာအုပ်ကြီးအတိုင်းချမှတ်ထား



ဒီမော့ဆိုဖြို့နယ်၏ ရေခံမြေခံအနေအထား (OR)

သည့် အစီအစဉ်ဘောင်အတွင်းမှသာ အကောင်အထည် ဖော်သွားလေ့ရှိသည်ဟူသည့် အမြင်သဘောထားများပျံ့နှံ့ အားကောင်းလာလျက်ရှိသည်။ ဤနည်းအားဖြင့် ၎င်းတို့ သည် ကိုယ့်အားကိုယ်ကိုးမှုကို ချိနဲ့အားနည်းသွားစေသည့် အရဲစွန့်ရမှုအန္တရာယ်များကို ဖိတ်ခေါ်လာခဲ့ကြသည်။ ကရင်နီအမြဲစိမ်းအဖွဲ့၏ အားမှုထူးက “နိုင်ငံတကာအဖွဲ့ အစည်းတွေက သူများလုပ်ထားပြီးသားအလုပ်တွေကို အသိ အမှတ်မပြုတတ်ကြဘူး။ ကရင်နီပြည်က သေးတဲ့အတွက် မှန်ကန်တဲ့နည်းလမ်းနဲ့ ချဉ်းကပ်ဆောင်ရွက်သွားဖို့လို တယ်။ သူတို့ကို နေ့တွက်စရိတ်တွေ ထုတ်ပေးပြီးတော့ မှီခိုချင်စိတ်တွေကြီးလာအောင် လိုက်မွေးပေးနေတာမျိုး မလုပ်စေချင်ဘူး” ဟု ထောက်ပြပြောဆိုသွားခဲ့သည်။[၉၉]

စီမံကိန်းများ၏ အရည်အသွေးအပြင် ကရင်နီလူမှု အဖွဲ့အစည်းများနှင့် နိုင်ငံရေးသမားများသည် နယ်မြေ ဒေသလွှမ်းခြုံမှုနှင့် မူဝါဒရေးရာ နယ်ပယ်နှစ်ခုစလုံး၌ ဗဟို ချုပ်ကိုင်မှုတင်းကျပ်သည့် အစိုးရအစီအစဉ်အတိုင်း လိုက် ပါအကောင်အထည်ဖော်သည့် အရဲစွန့်ရမှုအန္တရာယ်များ ပေါ်ပေါက်လာမည်ကိုလည်း စိုးရိမ်ပူပန် နေကြသည်။ ကယားပြည်နယ် ဒီမိုကရေတစ်ပါတီမှ စိုင်းနိုင်နိုင်ထွေးက “နိုင်ငံတကာဖွံ့ဖြိုးရေးစီမံကိန်းတွေကို နေပြည်တော်က နေထိန်းချုပ်ထားတဲ့အတွက် နယ်ခံလူထုနဲ့ ကိုက်ညီသင့် လျော်မှုမရှိဘူးဖြစ်နေတယ်။ ကျနော်တို့အနေနဲ့ ဒီမိုကရေစီ ဆန်တဲ့ ဆုံးဖြတ်ချက်ချမှတ်မှုဖြစ်လာအောင် ပံ့ပိုးကူညီ ပေးနိုင်မယ့် နိုင်ငံရေးအဖွဲ့အစည်းတွေကို တည်ဆောက် သွားဖို့လိုပါတယ်”ဟု ပြောဆိုသွားခဲ့သည်။[၁၀၀] KCSN က လည်း နိုင်ငံတကာကျောထောက်နောက်ခံပြုထားသည့် ပြန်လည်နေရာချထားရေးအစီအစဉ်များသည် နေရပ်ပြန် လူထုများကို တပ်မတော်၏ ထိန်းချုပ်မှုအောက်ရှိ နယ်မြေ များ၌ ချထားပေးခြင်းအားဖြင့် လုံခြုံရေးအရ အရဲစွန့်ရမှု အန္တရာယ်ပို၍ကြီးမားသွားစေနိုင်သဖြင့် စိုးရိမ်မကင်းဖြစ်မိ သည်ဟု ထုတ်ဖော်ပြောဆိုသွားခဲ့သည်။[၁၀၁]


တစ်ချိန်တည်းလိုလို၌ ကယန်းအဖွဲ့အစည်းများ သည်လည်း INGOs များသည် အစိုးရသတ်မှတ်ထားသည့် ပြည်နယ်နယ်နိမိတ်စည်းများကို ထပ်လောင်းအသိအမှတ် ပြု၍ ၎င်းတို့၏ ကယားပြည်နယ်စီမံကိန်းများ၌ တရားဝင် နယ်နိမိတ်အပြင်ဖက်ရှိ ကယန်းလူထုများ နေထိုင်လျက် ရှိသည့်ဒေသများကိုထည့်သွင်းလေ့မရှိသည့်အပေါ်များစွာ စိတ်ပျက်နေကြသည်။ အပစ်အခတ်ရပ်စဲထားသည့် ကယန်း ပြည်သစ်ပါတီမှ ဦးစောလွင်က “INGOs တွေအများကြီး ရောက်လာကြပေမယ့် ကယန်းဒေသကို ထည့်မစဉ်းစား ပေးကြပါဘူး။ သူတို့အနေနဲ့ နည်းလမ်းသစ်တစ်ခုခုရှာ ကြည့်သင့်တယ်။ အခုကျတော့ INGOs တွေက အလယ်ပိုင်း ဒေသတွေကိုပဲ သွားနေကြတာများတယ်” ဟု ပြောဆိုခဲ့ သည်။[၁၀၂] ကယန်းမျိုးဆက်သစ်လူငယ်အဖွဲ့မှ ခွန်စိုးက အကယ်၍သာ ၎င်းတို့အနေဖြင့် “နယ်ခံ CSOs များနှင့် ချိတ်ဆက်မှု”ပြုလုပ်ခဲ့လျှင်ယခုထက်ပိုသည့်အပြန်အလှန် ဆောင်ရွက်မှုများရှိလာနိုင်ကြောင်း သံသယမရှိဟု ပြော ဆိုခဲ့သည်။[၁၀၃]

ဖွံ့ဖြိုးရေးအစီအစဉ်များသည် ဒေသခံများ စစ်မှန် သည့် နိုင်ငံရေးအဖြေရရှိပိုင်ဆိုင်ရေးနှင့် တိုးတက်ဖြစ်ထွန်း ရေးကို ချိနဲ့အားနည်းသွားစေနိုင်သည်ဟု ကရင်နီခေါင်း ဆောင်များအကြား ထင်မြင်ယူဆလျက်ရှိသည့် အမြင် သဘောထားများနှင့် ပတ်သက်သည့်စိန်ခေါ်မှုများ လျော့ ပါးသက်သာစေရန် အားထုတ်ကြိုးပမ်းမှု မရှိသလောက် နည်းပါးနေဆဲဖြစ်သည်။ မည်သို့ဆိုစေ ကယားပြည်နယ် အတွင်းရှိ ဖွံ့ဖြိုးရေးအကူအညီနှင့်ပတ်သက်သည့် အကျဉ်း အကျပ်သည် ဤဒေသ၌သာထူး၍ ဖြစ်ပွားနေခဲ့ခြင်းမဟုတ် ပေ။ လတ်တလောနှစ်များအတွင်း ကမ္ဘာတစ်လွှား၌ နိုင်ငံ တကာဖွံ့ဖြိုးရေး အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့လုပ် ကိုင်ဆောင်ရွက်လျက်ရှိသည့် နိုင်ငံ၏ဒေသအခင်းအကျင်း ကိုနားလည်သဘောပေါက်ရန် လိုအပ်လျက်ရှိကြောင်း ကျယ်ကျယ်ပြန့်ပြန့် အသိအမှတ်ပြုလာနေကြပြီဖြစ်သည်။ အထူးသဖြင့် ပဋိပက္ခဖြစ်ပွားလျက်ရှိသည့် ပတ်ဝန်းကျင် မျိုး၌ အနာကို ကုစားပေးရမည့်အစား လူ့အဖွဲ့အစည်း နှင့် နိုင်ငံရေးသဘောထားအကွဲအပြဲ ပိုမိုနက်ရှိုင်းသွား စေရန် တစ်ဖက်ဖက်သို့ဘက်လိုက် ယိမ်းယိုင်မှုရှိကောင်းရှိ လာနိုင်သည့် အစီအစဉ်များကို ချမှတ်ဖော်ဆောင်မှုမပြု မိစေရန် မဖြစ်မနေနားလည်သိရှိအောင် ဆန်းစစ်လေ့လာ ထားရမည့် ကိစ္စတစ်ခုဖြစ်သည်။[၁၀၄] ဖွံ့ဖြိုးရေးအကူအညီ သက်သက်ဖြင့် ပဋိပက္ခကို ပြေလည်သွားစေနိုင်မည်မဟုတ် ပါ။ အမှန်တကယ်တမ်း၌ ပဋိပက္ခကြောင့် အကွဲကွဲအပြဲပြဲ ဖြစ်နေသည့် နိုင်ငံအများအပြား၌ “ဖွံ့ဖြိုးရေးအကူအညီ တော့ချမ်းသာပြီး လူတွေဆင်းရဲနေတယ်”ဟူသည့် ဝိရောဓိ မျိုးနှင့် အစိုးရကို ပြုပြင်ပြောင်းလဲရမည့်အစား ဗဟိုချုပ် ကိုင်မှုကို ပိုမိုကျယ်ပြန့်တင်းကျပ်လာစေသည့် ရလဒ်မျိုး ကိုပေါ်ပေါက်လာစေနိုင်ပါသည်။

ဤအချက်များကြောင့် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ပဋိပက္ခဒဏ်ကြောင့် အကွဲကွဲအပြဲပြဲနေကြသည့်နိုင်ငံများ၌ "ကိုယ့်ကြောင့်ဘေးမဖြစ်စေရေး" နှင့် "ပဋိပက္ခအရေး နိုးကြားသတိရှိရေး" အခြေခံမူများကို အားပေးမြှင့်တင်၍ မဖြစ်မနေလိုက်နာဆောင်ရွက်ရန် အလွန်အရေးကြီးသည်။[၁၀၅] ဖွံ့ဖြိုးရေးလုပ်ငန်းများသည် ငြိမ်းချမ်းရေးအစီအစဉ်များကို ချိနဲ့အားနည်းသွားစေပြီး အချင်းချင်းကြားပြိုင်ဆိုင်မှုများကိုဖြစ်ပေါ်လာစေခြင်းထက် လူအများကိုပိုမိုစည်းလုံးလာစေပြီး တွေ့ဆုံဆွေးနွေးသည့်ဓလေ့များအားကောင်းလာအောင် ပံ့ပိုးဆောင်ရွက်ပေးရန် မဖြစ်မနေလိုအပ်သည်။[၁၀၆] တစ်ချိန်တည်းလိုလို၌ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးအစီအစဉ်များသည် နယ်ခံအဖွဲ့အစည်းများ ထူထောင်ထားရှိသည့် အုပ်ချုပ်စီမံရေးယန္တရားများနှင့် ဝန်ဆောင်မှုလုပ်ငန်းများကိုထည့်သွင်းစဉ်းစားမှုပြုရန် အလွန်အရေးကြီးသည်။ ၎င်းတို့အနေဖြင့် နိုင်ငံရေးနှင့် လူမှုစီးပွားရေးအခင်းအကျင်းများအရ ဆန့်ကျင်ဖက်ဦးစားပေးမျိုးရှိနေနိုင်သည့် ဗဟိုအစိုးရတစ်ဦးတည်း အားကောင်းလာအောင်အလေးပေးအာရုံစိုက်၍ပံ့ပိုးကူညီမှုမပြုသင့်ပေ။[၁၀၇] လက်တွေ့၌ ဗဟိုအစိုးရ၏ အတိတ်နှင့် လက်ရှိလုပ်ကိုင်ဆောင်ရွက်မှုပုံစံများသည် မတူကွဲပြားလျက်ရှိသည့် နိုင်ငံတွင်း နယ်မြေဒေသအသီးသီး၌ ဖြစ်ပေါ်လျက်ရှိသည့် ဆင်းရဲနွမ်းပါးမှုနှင့် အခြေခံလူထုဝန်ဆောင်မှုလုပ်ငန်းများကင်းမဲ့မှုကို ပိုမိုဆိုးရွားသွားစေသည့် မောင်းနှင်အားများ၏ အင်္ဂါရပ်အစိတ်အပိုင်းများပင် ဖြစ်နေနိုင်ပါသည်။

ဤကဲ့သို့သော အကွဲအပြဲ သို့မဟုတ် ပဋိပက္ခဖြစ်နေသည့် အခင်းအကျင်းမျိုး၌ နိုင်ငံတကာအဖွဲ့အစည်းအများအပြားသည် လူသားဆန်ခြင်း၊ သမာသမတ်ကျခြင်း၊ ဘက်လိုက်မှုကင်းခြင်းနှင့် လွတ်လပ်၍အနှောင်အဖွဲ့ကင်းခြင်းဟူသည့် လူသားချင်းစာနာထောက်ထားရေး အခြေခံမူ (၄) ရပ်ကို အားပေးမြှင့်တင်ရန် ကြိုးပမ်းလေ့ရှိသည်။[၁၀၈] ဤချဉ်းကပ်ဆောင်ရွက်မှုများကို သူခိုးပြေးမှထိုးကွင်းထိုးသလို သို့မဟုတ် အပြောသက်သက်သာမဟုတ်ဘဲ မစတင်မီလုပ်ငန်းစဉ်များကိုရေးဆွဲပြင်ဆင်ခြင်းနှင့်အကောင်အထည်ဖော်ခြင်းအဆင့်ကတည်းက ပင်မဗဟိုချက်နေရာထား၍ထည့်သွင်းစဉ်းစားသွားရန်အလွန်အရေးကြီးသည်။ ဤပုံစံဖြင့် စတင်ချဉ်းကပ်ဆောင်ရွက်မှု မပြုနိုင်စရာအကြောင်းရင်း မရှိသလောက်ရှားပါသည်။ ကိုင်တွယ်ဖြေရှင်းမှုမပြုခဲ့ပါက နိုင်ငံတကာဖွံ့ဖြိုးရေး အဖွဲ့အစည်းများနှင့်ပတ်သက်၍ နယ်ခံလူထုများအကြား နောက်ပိုင်းဝေဖန်ပြောဆိုမှုများကို ပြောင်းလဲပစ်ရန် ပို၍ခဲယဉ်းလာသည့် ရလဒ်မျိုးဖြင့် အဆုံးသတ်သွားရပါလိမ့်မည်။

လာမည့်နှစ်များအတွင်း နိုင်ငံတကာအကူအညီပေးရေးနှင့် ဖွံ့ဖြိုးရေးအစီအစဉ်များသည် ကယားပြည်နယ်တွင်းရှိ အလိုအပ်ဆုံးသောသူများနှင့် ထိခိုက်နိုင်ခြေမြင့်မားလျက်ရှိသူများကို လွှမ်းခြုံကာမိစေရန်နှင့် အမြဲတမ်းလိုလို နိုင်ငံရေး၌ အရင်းခံနေလေ့ရှိသည့် အကျပ်အတည်းဖျန်ဖြေရေးလုပ်ငန်းများကို အားပေးကူညီမှုပြုရန် သေရေးရှင်ရေးသဖွယ် အရေးကြီးသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရခဲ့ပြီး ပြည်တွင်းစစ်စတင်ဖြစ်ပွားလာခဲ့သည့် ၁၉၄၈ ခုနှစ်ကတည်းက မပြီးနိုင်တော့သည့် ပဋိပက္ခသံသရာကိုဖြတ်ရန် လိုအပ်သည်ထက်ပို၍ပင် ကြာမြင့်နေခဲ့ပြီဖြစ်သည်။



လွယ်ကော်မြို့ရှိ မြင်ကွင်းတစ်ခု (OR)

## အခန်း (၉) နိဂုံးချုပ်သုံးသပ်ချက်များ

ယနေ့ကယားပြည်နယ်သည် အလွန်အရေးကြီးသည့် လမ်းဆုံလမ်းခွ၌ ရောက်ရှိနေပြီဖြစ်သည်။ KNPP နှင့်ဦးသိန်းစိန်အစိုးရအကြား အပစ်အခတ်ရပ်စဲရေး သဘောတူလက်မှတ်ရေးထိုးခဲ့သည့် ၂၀၁၂ ခုနှစ်ကတည်းက ဒေသတစ်ခုလုံးနှင့် လူထုတစ်ရပ်လုံးသည် ၁၉၄၈ ခုနှစ်၌ဗြိတိသျှတို့ထံမှ တိုင်းပြည်လွတ်လပ်ရေးရခဲ့ပြီးနောက်ပိုင်း နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနှင့် ငြိမ်းချမ်းရေးအတွက် အရှည်ကြာဆုံး မျှော်လင့်ချက်များကို ပိုင်ဆိုင်လာခဲ့ကြသည်။ ဆယ်စုနှစ်ပေါင်းများစွာ အချင်းချင်းသွေးကွဲ၍ ပဋိပက္ခသံသရာ၌ ကျင်လည်နေခဲ့ရပြီးနောက် ယခုအရွေ့သည် ကြိုဆိုသင့်သည့် အသက်ရှူပေါက်တစ်ခုပင် ဖြစ်ချေတော့သည်။ ဆယ်စုနှစ်ပေါင်းများစွာအကြာ၌ ဘုံအကျိုးစီးပွားအတွက်အတူလုပ်ကိုင်ဆောင်ရွက်ကြခြင်းဖြင့်ပိုမိုကောင်းမွန်သည့် အနာဂတ်ကို ထုဆစ်ပုံဖော်နိုင်ရန် ရပ်ရွာလူထုများ ပထမဦးဆုံးအကြိမ်ရရှိလာခဲ့သည့် အခွင့်အရေးဖြစ်သည်။

သို့သော်လည်း စိန်ခေါ်မှုပေါင်းများစွာ စောင့်ကြိုနေဆဲဖြစ်သည်။ မဖြစ်မနေ ကိုင်တွယ်ဖြေရှင်းရန် လိုအပ်လျက်ရှိသည့် နယ်ခံလူထုများအကြား ဆင်းရဲတွင်းနက်၍ ဖယ်ကြဉ်ခံခဲ့ရသည့် အတိုင်းအတာကို လျှော့တွက်မှုမပြုရန်အလွန်အရေးကြီးသည်။ နိုင်ငံတွင်း လက်နက်ကိုင်ပဋိပက္ခနှင့် ပြည်နယ်ကျရှုံးမှု အခွန့်ရှည်စေရန် တစ်လျှောက်လုံးမီးထိုးပေးခဲ့သည့် အမျိုးသားနိုင်ငံရေးဇာတ်ခုံ၊ စီးပွားရေးဆိုင်ရာ အရေးကိစ္စများနှင့် ပြည်သူ့ဘဝတွင်း တစ်ဖက်စောင်းနင်းဖြစ်ခဲ့ရသည့် ကိုယ်စားပြုမှုမညီမျှခြင်းကိုကိုင်တွယ်ဖြေရှင်းပေးမည့် အနှစ်သာရပြည့်ဝလေးနက်သည့် လုပ်ငန်းစဉ်များ ချမှတ်ဖော်ဆောင်ရန် လိုအပ်နေဆဲပင်ဖြစ်သည်။

သံသယရှိစရာမလိုလောက်သည့် အလားအလာကောင်းများနှင့် ပြည့်နှက်နေသည့် ကယားပြည်နယ်သည် နိုင်ငံရေးကြောင့်သာ မဟုတ်ခဲ့လျှင် အာရှဒေသ၏ အဆင်းရဲဆုံးနိုင်ငံတစ်ခု၏ အဆင်းရဲဆုံး နယ်မြေဒေသတစ်ခုအဖြစ် ဇာတ်သိမ်းသွားစရာအကြောင်းမရှိခဲ့ပေ။ ခွဲခြားဆက်ဆံမှု၊ ရွှေ့ပြောင်းနေရာချထားမှု၊ စစ်ဘောင်ချဲ့မှု၊ သယံဇာတအရင်းအမြစ် ခေါင်းပုံဖြတ်မှုနှင့် ဥပေက္ခာပြုမှုတို့အားလုံး

သည်ဆယ်စုနှစ်များစွာ ဖြစ်ပွားလာခဲ့သည့် လက်နက်ကိုင် ပဋိပက္ခ၊ နိုင်ငံရေးအရတစ်ဆို့မှုနှင့် ကိုယ်စားပြုမှုကင်းမဲ့သည့် အစိုးရအဆက်ဆက်လက်ထက်၌ နက်နက်ရှိုင်းရှိုင်း အပြန်အလှန် ချိတ်ဆက်ပတ်သက်လာခဲ့သည်။ ရလဒ်အနေဖြင့် နယ်ခံလူထုလူတန်းစား အများအပြားကို ၎င်းတို့၏ကိုယ်ပိုင်မြေပေါ်၌ ဒုတိယတန်းစားနိုင်ငံသားများကဲ့သို့ ခံစားသွားစေခဲ့သည့် ကင်းကွာအဆက်ပြတ်မှုနှင့် အကျိုးခံစားခွင့်ကင်းမဲ့သည့် ရေခံမြေခံမျိုး ပေါ်ပေါက်လာစေခဲ့သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရခဲ့သည့် ၁၉၄၈ ခုနှစ်၌ ပြုထားခဲ့ကြသည့် ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့်နှင့် တန်းတူညီမျှရှိစေမည့် ပြည်ထောင်စုကတိကဝတ်များကို မေ့လျော့ထားခဲ့သည်မှာ အတော်ကြာခဲ့ပြီဟု ယူဆရသည်။

နှစ်ရှည်လများ လိုအပ်နေခဲ့သည့် အပြောင်းအလဲဖြစ်ထွန်းလာအောင် ပံ့ပိုးကူညီပေးနိုင်မည့် လမ်းပြမြေပုံများနှင့် ဘေးဆီးရန်ကာများအတွက် အကြံပြုချက်အများအပြားပြုလုပ်နိုင်ပါသည်။ ယင်းတို့၌ ကရင်နီလူထုများနှင့် ၎င်းတို့၏ အကျိုးစီးပွားများကို အမှန်တကယ်ကိုယ်စားပြု၍ အားလုံးပါဝင်မှုရှိသည့် အစိုးရစနစ်တစ်ရပ်ဖွဲ့စည်းတည်ထောင်ခြင်း၊ လူထုများ၏ အသက်ရှင်ရပ်တည်ပိုင်ခွင့်အခွင့်အရေး၊ မြေဆိုင်ရာ လူ့အခွင့်အရေး၊ ကျန်းမာရေးအခွင့်အရေးနှင့် ပညာရေးအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးရန် အာမခံခြင်း၊ တပ်မတော်အပါအဝင် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တပ်ဖွဲ့များနှင့် စစ်ရေးလှုပ်ရှားမှုများ ကင်းစင်အောင် ကျယ်ပြန့်ပြည့်စုံသည့် အစီအစဉ်များချမှတ်ဆောင်ရွက်ခြင်း၊ ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တိုင်းရင်းသားများ၏ အမျိုးသားရေးလက္ခဏာနှင့် “ကရင်နီပြည်” ဟူသည့် မူလအမည်ကို ပြန်လည်အသက်သွင်းရန် လိုအပ်ခြင်းရှိမရှိနှင့် ကယန်းလူထု၏ ကိုယ်စားပြုမှုဆိုင်ရာ ကိစ္စရပ်များကို ထည့်သွင်းစဉ်းစားရန် လိုအပ်ခြင်းရှိမရှိ ဟူသည့် မေးခွန်းများကို အားလုံးပါဝင်မှုရှိသည့်ပုံစံဖြင့် ဆွေးနွေးအဖြေရှာခြင်း၊ ၎င်းတို့၏ ဘဝများအပေါ် ရိုက်ခတ်မှုရှိလာမည့် စီးပွားရေးစီမံကိန်းများနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်များချမှတ်ရာ၌ နယ်ခံလူထုလူတန်းစားများကို ပါဝင်ဆွေးနွေးအရေးဆိုခွင့်ပြုခြင်း၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု သဘောတူညီချက်များမရရှိမီ သတ္တုတူးဖော်ခြင်း၊ သစ်ထုတ်လုပ်ခြင်း၊ ရေအားလျှပ်စစ်ထုတ်ယူခြင်းနှင့် အခြားနှောက်ယှက်ဖျက်ဆီးတတ်သည့် စီးပွားရေးလုပ်ငန်းများ သို့မဟုတ် ဖွံ့ဖြိုးရေးစီမံချက်များအားလုံးကို ဆိုင်းငံ့ထားခြင်း၊ နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ပဋိပက္ခအရေးနိုးကြားသတိရှိ၍ “ကိုယ့်ကြောင့်ဘေးမဖြစ်စေရေး” ဟူသည့် နိုင်ငံတကာလူသားချင်းစာနာထောက်ထားရေး အခြေခံမူများကို လိုက်နာဆောင်ရွက်စေခြင်း၊ စစ်ဘေးဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာစစ်ဘေးတိမ်းရှောင်ခဲ့ရသူများကို ၎င်းတို့၏ လွတ်လပ်သည့်သဘောဆန္ဒနှင့်အညီ ဘေးကင်းလုံခြုံ၍ ဂုဏ်သိက္ခာရှိရှိ နေရပ်ပြန်နိုင်အောင် ပံ့ပိုးကူညီပေးခြင်းတို့ပါဝင်နိုင်သည်။ ငြိမ်းချမ်းရေးနှင့် ကရင်နီလူထုလူတန်းစားကိုယ်စားလှယ်များကိုဆုံးဖြတ်ချက်ချမှတ်ရာ၌ ပါဝင်ဆောင်ရွက်စေခြင်းတို့သည် ယုံကြည်မှုတည်ဆောက်ရေးနှင့် အခြေခံကျကျပြုပြင်ပြောင်းလဲရေး အောင်မြင်မှုရှိရန် အလွန်အရေးကြီးသည့် ဒေါက်တိုင်များဖြစ်ကြသည်။

၁၉၆၂ ခုနှစ်နောက်ပိုင်း ဆက်ခံခဲ့သည့် စစ်အစိုးရအဆက်ဆက်အောက်၌ ဤကိစ္စရပ်အများအပြားကို ဆွေးနွေးခြင်း သို့မဟုတ် အသိအမှတ်ပြု၍ပင်မရအောင် ပိတ်ပင်ထားခဲ့ကြသည်။ သို့သော်လည်း လွန်ခဲ့သည့် ခြောက်နှစ်တာကာလအတွင်း တိုးတက်ပွင့်လင်းသည့် အပြောင်းအလဲများနှင့် ပတ်သက်၍ သုံးနှုန်းပြောဆိုမှုများ ယေဘုယျအားဖြင့် မြင့်တက်လာခဲ့သည်။ ကယားပြည်နယ်အတွင်း ဒီမိုကရေစီထုံးနည်းစံကျ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများရပ်လုံးပေါ်လာခဲ့ပြီး KNPP အပစ်အခတ်ရပ်စဲခဲ့သည့်နောက်ပိုင်း ပြောဆိုဆွေးနွေးမှုများ ပို၍အားကောင်းလာခဲ့သည်။ လက်ရှိတစ်ဆို့မှုအတွင်း ပါဝင်လျက်ရှိသည့် အဖွဲ့အစည်းများဖြစ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ တပ်မတော်၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီနှင့် အခြားတိုင်းရင်းသား အင်အားစုအသီးသီး၏ ခေါင်းဆောင်များအားလုံးက ၎င်းတို့သည် နိုင်ငံတွင်းကြုံတွေ့နေရသည့် နိုင်ငံရေးဆိုင်ရာ စိန်ခေါ်မှုများအတွက် “ဖက်ဒရယ်” ဖြေရှင်းရေးနည်းလမ်းများ ရှာဖွေဖော်ထုတ်သွားရန် သံဓိဋ္ဌာန်ချထားသည်ဟု ပြောဆိုခဲ့ကြသည်။ ၁၉၄၈ ခုနှစ်အတွင်း လက်နက်ကိုင်ပဋိပက္ခ စတင်ဖြစ်ပွားခဲ့ချိန်မှစ၍ ယခုကဲ့သို့ပန်းတိုင်ချင်းထပ်တူကျမှုသည် မကြုံစဖူးထူးကဲသည့် အရာတစ်ခုဖြစ်သည်။ ဤအခြေခံမူများပေါ် အခြေခံ၍ အင်အားစုအသီးသီးမှ အမှန်တကယ်စိတ်ရင်းဆန္ဒရှိပြီး သံဓိဋ္ဌာန်ခိုင်မာပါက တရားမျှတသည့် ဆုံးဖြတ်ချက်များပေါ်ထွက်နိုင်သည်ဟု ယေဘုယျအားဖြင့် သဘောတူကြသည်။

အခြားနယ်စပ်ဒေသများနည်းတူ ကရင်နီလူထု အတွက် အခက်အခဲဖြစ်နေရသည့် ကိစ္စရပ်တစ်ခုမှာ ကယား ပြည်နယ်တွင်း နိုင်ငံရေးတစ်ဆို့မှုကို နိုင်ငံအဝှမ်း ဆက် လက်ကြုံတွေ့နေရသည့် အကျပ်အတည်းမှ ခွဲခြားဖယ် ထုတ်၍မရခြင်းပင်ဖြစ်သည်။ ၂၀၁၆ ခုနှစ်၌ NLD အစိုးရ ဖြစ်လာခဲ့သော်လည်း အားလုံးပါဝင်မှုရှိသည့် နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှုများ ပေါ်ပေါက်လာခဲ့ခြင်း မရှိသေးသလို ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးသည်လည်း စားပွဲပေါ် သို့ရောက်ရှိလာခြင်း မရှိသေးပေ။ သမ္မတဦးသိန်းစိန်၏ တစ်နိုင်ငံလုံးအတိုင်းအတာအပစ်အခတ်ရပ်စဲရေးသဘော တူစာချုပ်အားဖြင့်သော်လည်းကောင်း နိုင်ငံတော်အတိုင် ပင်ခံ ဒေါ်အောင်ဆန်းစုကြည်၏ ၂၁ ရာစုပင် လုံညီလာခံ အားဖြင့်သော်လည်းကောင်း ငြိမ်းချမ်းရေးနှင့် နိုင်ငံရေး ပြုပြင်ပြောင်းလဲရေးအတွက်တစ်ဆစ်ချိုးအချိုးအကွေ့မျိုး ဆောင်ကျဉ်းလာနိုင်ခဲ့ခြင်းမရှိသေးပေ။

လောလောဆယ်၌ ကယားပြည်နယ်သည် နိုင်ငံ အဝှမ်း ဆက်လက်ဖြစ်ပွားလျက်ရှိသည့် တိုင်းရင်းသား ပဋိပက္ခနှင့် နိုင်ငံရေးတစ်ဆို့မှု၏ ရှေ့မတိုးတာနောက် မဆုတ်သာ အီလေးဆွဲနေသည့် အမြွှာဖြစ်စဉ်ကို ထင်ဟပ် နေသည့် သာဓကတစ်ခုအဖြစ် ဆက်ရှိနေခဲ့သည်။ ကယား ပြည်နယ်သည် နိုင်ငံ၏ အသေးဆုံးပြည်နယ်တစ်ခုဖြစ် နေသော်လည်း သမိုင်းအစဉ်အလာအရ သီးခြားလွတ်လပ် သည့်နယ်မြေတစ်ခုဖြစ်ခဲ့သည်ဟု ဆိုနိုင်သည့်ဒေသတစ်ခု ဖြစ်သည်။ သို့သော်လည်း ဒေသအတွင်း၌ ရင်ဆိုင်ကြုံ တွေ့နေရသည့် လူမှုနိုင်ငံရေးဆိုင်ရာ စိန်ခေါ်မှုများနှင့်ပတ် သက်၍ ကျန်ဒေသများနှင့် သိသိသာသာကွာခြားမှုနည်း ပါးသည်ဟုဆိုရမည်ဖြစ်သည်။

မျှော်လင့်ချက် လုံးဝကင်းမဲ့နေသည့် အခြေအနေ မျိုးတော့ မဟုတ်ပေ။ လတ်တလောနှစ်များအတွင်း နိုင်ငံ ရေးဖြေလျှော့မှုများ၊ KNPP အပစ်အခတ်ရပ်စဲလိုက်ခြင်း၊ အရပ်ဖက်လူ့အဖွဲ့အစည်းများ ပြန်လည်နိုးထအသက်ဝင် လာခြင်းနှင့် လူထုအသိုက်အဝန်းများအကြား အပြန် အလှန်ဆွေးနွေးဖလှယ်မှုများအားလုံးက ပြည်တွင်းငြိမ်း ချမ်းရေးနှင့် ပြုပြင်ပြောင်းလဲရေးအတွက် အခင်းအကျင်း သစ်များကို ဆောင်ကျဉ်းပေးနိုင်မည့် အလားအလာကောင်း များကို ဖန်တီးပေးလျက်ရှိသည်။ ဤအခွင့်အလမ်းများကို ကရင်နီလူထုများ နှစ်ရှည်လများ မျှော်လင့်တောင့်တလာ ခဲ့ရခြင်းဖြစ်သည်။ မကြာသေးမီကာလ ၂၀၁၆ ဩဂုတ်လ ၌စတင်ခဲ့သည့် ၂၁ ရာစုပင်လုံညီလာခံကနဦးကာလများ ၌မျှော်လင့်ချက်များ အထွဋ်အထိပ်ရောက်ရှိသွားခဲ့သည်။ သို့သော်လည်း အမြင့်ဆုံး၏ အခြားတစ်ဖက်၌ အကျပိုင်း သာလျှင် စောင့်ကြိုနေခဲ့ပြန်သည်။ နောက်ပိုင်း နိုင်ငံအဝှမ်း သောင်မတင်ရေမကျ လိပ်ခဲတည်းလည်း အရိပ်အငွေ့များ ဖုံးလွှမ်းသွားခဲ့သည်။ ယင်းတို့၌ ဆက်လက်စစ်ဘောင်ချဲ့ နေမှု၊ ငြိမ်းချမ်းရေးစေ့စပ်ဆွေးနွေးပွဲများ တစ်ဆို့ကြန့်ကြာ နေမှု၊ ကချင်၊ ရခိုင်နှင့် ရှမ်းပြည်နယ်များ၌ လက်နက်ကိုင် တိုက်ပွဲများ ပိုမိုပြင်းထန်လာမှု၊ ငြိမ်းချမ်းစွာစီတန်းစုဝေး ပိုင်ခွင့်နှင့် မီဒီယာလွတ်လပ်ခွင့်များကို တိုး၍ကန့်သတ် ချုပ်ချယ်လာမှုနှင့် သယံဇာတအရင်းအမြစ် ခေါင်းပုံဖြတ် အမြတ်ထုတ်မှုများ တစ်ရှိန်ထိုးမြင့်တက်လာမှုတို့ကြောင့် ယခုတစ်ကြိမ်တွင်လည်း နယ်ခံလူထုများကိုနောက်ကောက် ချခံလိုက်ရပြီဟူသည့်ခံစားချက်မျိုး ရရှိသွားစေခဲ့ပြန်သည်။

အထူးသဖြင့် ဗုဒ္ဓဘာသာဝင်များနှင့် မွတ်စလင် များအကြား တင်းမာမှုများ မြင့်တက်လာခြင်းနှင့် ရခိုင် ပြည်နယ်မြောက်ပိုင်း၌ တပ်မတော်၏ စစ်ရေးအရ မမျှမတ တစ်ဖက်စောင်းနင်း ဖြိုခွဲနှိမ်နင်းခြင်းနှင့် အကြမ်းဖက်ခြင်း၊ နောက်ဆက်တွဲအဖြစ် ဘင်္ဂလားဒေ့ရှ်သို့ ရိုဟင်ဂျာဒုက္ခ သည်များ အလုံးအရင်းကျွံဝင်သွားစေခြင်းတို့က မြန်မာ နိုင်ငံ၏ နိုင်ငံရေးဦးတည်ချက်အပေါ် နိုင်ငံတကာ၏ အမြင် သဘောထားနှင့် ယုံကြည်စိတ်ချမှုကို အထိတ်တလန့် ဂယက်ရိုက်ခတ်သွားစေခဲ့သည်။ ၂၀၁၈ ခုနှစ်တွင်လည်း ထိုးစစ်ဆင်တိုက်ခိုက်မှုများဖြင့် ပွဲထွက်လာခဲ့ပြန်သည့် တပ်မတော်ကြောင့် ကချင်ပြည်နယ်တွင်း လက်နက်ကိုင် တိုက်ပွဲများ ပြန်လည်ပြင်းထန်လာသည့်အပေါ် အလားတူ စိုးရိမ်ပူပန်မှုများ ပေါ်ပေါက်လာခဲ့သည်။ ထို့အပြင် ကယား ပြည်နယ်နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည့် ကရင်နှင့် ရှမ်းပြည်နယ်တွင်း အပစ်အခတ်ရပ်စဲရေးသဘောတူညီ ချက်များ၏ တည်တံ့ခိုင်မြဲမှုအပေါ်တွင်လည်း များစွာစိုးရိမ် မကင်းဖြစ်လာခဲ့ကြသည်။

၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲမစတင်မီ အကြိုကာလထိ နယ်စပ်ဒေသအပစ်အခတ်ရပ်စဲရေး ဆွေး နွေးပွဲများသည် လက်ရှိ NLD အစိုးရ၏ NCA နှင့် ၂၁ ရာစုပင်လုံညီလာခံအတိုင်းသာ မရေမရာဖြင့် ဆက်လက် စခန်းသွားနေဦးမည်ဟု မျှော်လင့်ရသည်။ သို့သော်လည်း

ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်လာခဲ့သည့် လက်နက်ကိုင်ပဋိပက္ခနှင့် မအောင်မြင်ခဲ့သည့် နိုင်ငံရေးအရွေ့များက လူထု၏ မကျေနပ်ချက်များကိုသာလျှင် ပို၍ကြီးထွားလာစေလျက်ရှိသည်။

